စတုဘုမ္မိကမဂ္ဂင်

သာသနာဝင်ဒေသမိုင်း

လယ်တီဦးလှပိုင် ရေးသည်

ရန်ကုန်မြို့
ဝဏ္ဏကျော်ထင်·ဒေါ်မမစောအောင်
ထုတ်ဝေ ဖြန့်ချိသည်

ဓမ္မဒါန

စတုဘုမ္မိကမဂ္ဂင်

သာသနာ့ဝင်သမိုင်း

လယ်တီ-ဦးလှပိုင်

ရေးသားပြုစုသည်

—

ဓမ္မဒါန စေတနာရှင်

ဒေါ်မမစောအောင် (ဝဏ္ဏကျော်ထင်)

အမှတ် ၁၀၃ (ဒီ)၊ ဝင်ဒါမီယာလမ်း၊ ရန်ကုန်မြို့

ကျော်ဝင်းဆွေပုံနှိပ်တိုက်

၁၃၊ ၉၀ - လမ်း၊ ကန်တော်ကလေးစာတိုက်၊ ရန်ကုန်မြို့။

ပဉ္စမအကြိမ် ပုံနှိပ်ခြင်း
သာသနာ ၂၅၁၉ - ခုနှစ်
ကောဇာ ၁၃၃၇ - ခုနှစ်
ခရစ် ၁၉၇၆ - ခု၊ နိုဝင်ဘာလ
အုပ်ရေ ၁၅၀၀

Printed in the Socialist Republic of the Uuion of Burma
by the Kyawwinswe Printing Press, Rangoon.
မှတ်ပုံတင် ကင်းလျှက်ချင် အမှတ် (၀၃၃၈၅)
စာသဘေရေး ဆိုင်ရာ ပုံနှိပ်ထုတ်ဝေ အမှတ် (၀၀၂၀)

မူပိုင်ရှင်
ဒေါ်တင်မိ နှင့် သမီး မခင်မြင့်

စဉ် - ၂

လာဒ် - ၂၂

ထုတ်ဝေသူ—ဒေါ်မမစောအောင်
အမှတ် ၁၀၃ (ဒီ)၊ ဝင်ဒါမီယာလမ်း၊
ရန်ကုန်မြို့။

ပုံနှိပ်သူ—ဒေါ်မြရီ
ကျော်ဝင်းဆွေ ပုံနှိပ်တိုက် (၀၁၄၁၃)
၁၃၊ ၉ဂ - လမ်း၊ ရန်ကုန်မြို့။

အဖုံးရိုက်—ကာ့လာမောင်ဝင်း
ရန်ကုန်မြို့။

ကျေးဇူးတော်ရှင်
မဟာသတိပဋ္ဌာန်ကိုက်းကြီး၏ ဦးစီးနာယက
ရွှေမင်းဝံ ငှက်တွင်း ဆရာတော်ဘုရားကြီး

ကျေးဇူးတော်ရှင်

ကွမ်းခြံကုန်းဆရာတော်ဘုရားကြီး

ကျေးဇူးတော်ရှင်
နံ့ယောဆရာတော် အရှင်ဇာဂရ

ဒေါ်မမစောအောင်
(ဝဏ္ဏကျော်ထင်)

သာသနာ့ဝင် သမိုင်း ကျမ်းပြုဆရာ
လယ်တီ ဦးလှပိုင်

ဤစာအုပ်ကို

ဉာဏ်သွား ထက်ချွန်၊
ပညာဝန်ကို၊
ယုတ် လွန် မြှောက်လင့်၊
လျှော်အောင် ချင့်၍၊
မသင့်လည်း ပြင်၊
သင့်လည်း ဆင်လေ့........။

[ကျီးသဲလေးထပ်ဆရာတော်၏
မဟာသာရပျို့–၅]

ဆိုသူ့တာဝန်

ကျမ်းဂန် မညို၊
တတ်သိယောင်မူ၊
ချို ရှင် လူ တို့၊
အယူ မကျ၊
လက်ာမျှ ဟု၊
ဒေါသ ရှိ ဟန်၊
နှုတ်ရိုင်း သန်၏၊
ဉာဏ် မနပ်နူး၊
စုန်း မကြူးနှင့်၊
နှုတ်ကျူး နှုတ်လွန်၊
ဆိုသူ့ဝန်တည့်........။

(မယ[illegible])

မာတိကာ

သမိုင်းနိဒါန်း ဂ

ဓမ္မဒါန စေတနာရှင် ဒေါ်မမစောအောင်၏ အမှာစကား — ဌ

ဦးတည်ချက်မင်္ဂလာ ၁

(က) ပဌမပိုင်း

၁ ကုန်းဘောင်ခေတ်ဦး သာသနာ ၅

၂ သာသနာ့ဂုဏ်ရောင် ၁၁

၃ သာသနာ့အာဇာနည်၏ ဘဝမှန်ဦး ၁၄

၄ မောင်မြသီး နှင့် အသိုက်အဝန်း ၁၈

၅ မြန်န္တာကန်တော်ကြီးမှာ ... ၂၁

၆ ခလေးအရွယ် မောင်မြသီး ၂၃

၇ လူရည်ချွန် မောင်မြသီး ၂၄

၈ ကျောင်းသားလေး မောင်မြသီး ၂၆

၉ သစ်ဆင်းလမှာ ရှောက်ရွာမိုး ၂၈

၁၀ ရှင်ပဏ္ဍိဝနှင့် သာသနာ့အမြုတေ ၂၉

၁၁ မင်းခယောကျ်ား ကမ်းနားသစ်ပင် ၃၂

၁၂ ရဟန်းတော် ဦးပဏ္ဍိဝ ၃၄

၁၃ မန္တလေးခေတ် သာသနာ့ဂုဏ်ရည် ၃၄

၁၄ စကားအရာ သင်္ဂဇာ ၃၉

၁၅ နန်းတွင်းအရေးတော်ပုံ ၄၁

၁၆ မင်းတုန်းမင်း၏ သောကမီး ၄၄
၁၇ ဦးပဏ္ဍဝ၏ ပညာစွမ်းရည် ၄၆
၁၈ ပညာဒီပ ကဝိဓဇ ဒိသာပါမောက္ခ တိပိဋကာလင်္ကာရ ၄၇
၁၉ ဦးပဏ္ဍဝ နှင့် ခေတ်ဆရာကြီးဦးပို ၅၁
၂၀ ပရမတ်တရား မှောက်မှားလေရော့လား ၅၆
၂၁ မင်းဝံတောင်တန်း ချောင်ခမ်းသွယ်သွယ် ၅၈
၂၂ မင်းဝံတောင်တန်း ၅၉
၂၃ ငှက်တွင်းချောင် နှင့် ဆရာအစဉ်အဆက် ၆၃
၂၄ ဇမ္ဗူထိန်လင်းချောင် တွင်ပြန်ခြင်း ၆၄

(ခ) ဒုတိယပိုင်း

၁ မင်းပြောင်းမင်းလွဲခေတ်
အောက်ပြည်အောက်ရွာ သာသနာပြုခန်း ၆၉
၂ သာယာတင့်ဆုံး ကွမ်းခြံကုန်း ၇၁
၃ လယ်ပေါ်ကိုကျောင်း၏ လှိုင်းဂယက် ၇၂
၄ ဂိုဏ်းသီးခြားဖြစ်လာခြင်း ၇၄
၅ ပါရမီ စံကျောင်းတိုက် တည်ခြင်း ၇၄
၆ နယ်လှည့် သာသနာပြုခြင်း ၇၆
၇ ရှိခိုးမှုနည်းသစ်ထွင် ၇၈
၈ ဒွါရဦးစီးပုဂ္ဂိုလ် ၈၀
၉ စေတုဘုမ္မိက ဂိုဏ်းဝင်ပုဂ္ဂိုလ်ကျော်များ ၈၁
၁၀ မြို့သထုံမှ ဘဝအောင်ပန်း ၈၂
၁၁ ဆရာတော်၏ ကျမ်းစာအုပ်များ ၈၅
၁၂ ကောက်နုတ်ချတ်အချို့ ၈၇
၁၃ နေလျှင် ၆-ချက် ၉၁
၁၄ သေလျှင် ၆-ချက် ၉၁
၁၅ ဒုလ္လဘ ၈-ပါး ၉၂

၁၆ ဗျုဋ္ဌိသဒ္ဒါကျမ်း ၉၃

၁၇ အရိုးအိုးစေတီ တည်ထိုက်သလော ၉၅

၁၈ ကမ္ဘာကျွန်းလည်း ဥဒါန်းမကြေ ၉၇

၁၉ ဒုတိယ ခေတ် စတုဘုမ္မိက သာသနာ ၉၇

၂၀ ကွမ်းခြံကုန်းဆရာတော် ဦးဇောတာဘိဓဇ ၁၀၁

၂၁ ဇေယျာရွှေမြေတည့် ဖွားရပ်ပေ ၁၀၃

၂၂ တိတ်ထူး နိမိတ်ထူး ၁၀၆

၂၃ ပညာစုံလင်လာသောအခါ ၁၀၈

၂၄ တပည့်ကျော်တွေ ၁၀၉

၂၅ ဓမ္မကထိကဆရာကြီး ဦးစိုးဂေါင် ၁၁၀

၂၆ သံယုတ်ငါးကျမ်းပြန် ဦးနန္ဒမာလာ ၁၁၄

၂၇ တော်ကမယ် ဦးသုမန ၁၁၅

(ဂ) တတိယပိုင်း

၁ စတုဘုမ္မိက သာသနာ ဆန်းသစ်လာခြင်း ၁၁၉

၂ ရန်ကုန်မြို့ ၅၃ - လမ်းထိပ်တွင် ၁၂၁

၃ နံယောဆရာတော် ၁၂၃

၄ နံယောဆရာတော်၏ ဘဝခရီးအစ ၁၂၆

၅ ရိုးရာလယ်သမားကြီးများ ၁၂၈

၆ နံယောဆရာတော်၏ မိဘများ ၁၃၁

၇ ဆရာတော်ဦးဝဏ္ဏသာမိထံ အပ်နှံခြင်း ၁၃၂

၈ နံယောရွာဘုရားကြီးတိုက် ၁၃၃

၉ ပဥ္စင်းကျော် ဦးဇာဂရ ၁၃၄

၁၀ နံယောဆရာတော် အမည်တွင်ခြင်း ၁၃၈

၁၁ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားချိန် ၁၃၉

၁၂ ရေကန်အသင့် ကြာအသင့် ၁၄၁
၁၃ ပါရမီရှင် နှင့် သမ္မာရှင် ၁၄၂
၁၄ သာသနာ အညာဆန်လေပြီ ၁၄၅
၁၅ စေတုဘုမ္မိက မဂ္ဂင်ရိပ်သာဖွင့်ပွဲကြီး ၁၄၅
၁၆ မန္တလေး ဗဟိုဌာနချုပ်ထားပြီ ၁၄၇
၁၇ ပြင်ပြီ ပြောင်းပြီ အကောင်းရှာပြီ ၁၄၉
၁၈ နေပြည်တော် နှင့် ကာယဂတာသတိ ၁၅၁
၁၉ ပြက္ခဒိန်မှဟောနည်းပြက္ခဒိန်သို့ ၁၅၂
၂၀ ပညာနှင့် တင်သည့်အထွဋ် ၁၅၃
၂၁ ပြတ်သားသော တရားကွက်များ ၁၅၄
၂၂ ဧတ်မှီသာသနာပြုနည်း ၁၅၆
၂၃ စေတုဘုမ္မိကဌာနခွဲများ ၁၅၈
၂၄ ပူဇာဝ ပူဇနေယျနဂုဏ် ၁၆၀
၂၅ တိုး၍သာလာသော ဝေဒနာ ၁၆၃
၂၆ ဒေပြင်မှန်၍ အကျင့်တော်သန်လှ၏ ၁၆၅
၂၇ ဆရာတော်၏ ဘဝနိဂုံး ၁၆၉

(ဃ) စေတုတ္ထပိုင်း

၁ ဂိုဏ်းသံဃာ စည်းကမ်းချက်များ ၁၇၃
၂ နံ့ယောဆရာတော်၏ ဩဝါဒများ ၁၈၀
၃ ဂိုဏ်း၏ ကျင့်ဝတ်ပဋိပတ် နှင့် ကျင့်ဆောင်နည်း ဂရုမေ့သီလခံယူနည်း စသည်များ ၁၈၅
၄ နံ့ယောဆရာတော် တီထွင်ဟောကြားခဲ့သော သတိပဋ္ဌာန်ပွားနည်း ရှုနည်းနှင့် ဝတ္ထုသာဓကများ ၁၉၆
၅ ၃၂ - ကောဋ္ဌာသ၏ အဓိပ္ပာယ်ဖွင့်အနက် ... ၂၀၂

မာတိကာ

၆ သင်္ကာယဒိဋ္ဌိ ပယ်သတ်ပုံနည်းလမ်းများ ၂၀၆

၇ အကုသိုလ်ကြွေး ဖြတ်တောက်ပုံများ ၂၁၀

၈ အိမ်ထောင်ရှင်နှစ်ဦး ၂၁၅

၉ နှုတ်ကရွတ် စိတ်ကမြင်၍ ဉာဏ်စဉ်ကူးတတ်ပုံအချက်များ ၂၁၇

၁၀ ကရဏီယ သရုပ် ၁၅ ပါးအကျယ် ၂၂၂

၁၁ တောင်သူလယ်သမား ၂၂၅

၁၂ တံငါသည်တဦး ၂၃၂

၁၃ ရဟန်း ၆၀ ရှုပွားသော တရား ၂၃၅

၁၄ ယောဂီ ရှစ်ပါး ဟောနည်းတရား ၂၃၉

၁၅ သမိုင်းနိဂုံး နှင့် သမိုင်းပြီး သက္ကရာဇ်မှတ်တမ်း ၂၆၃

သမိုင်းနိဒါန်း

ဤသမိုင်းစာအုပ် ဖြစ်ပေါ်လာရန် နံယောဆရာတော်ဘုရား၏ ညီတော် ဦးဝိစိတ္တအား နံယော ဆရာတော်ဘုရား၏ တပည့်ဒါယကာအဖြစ် နှစ်ပေါင်းများစွာ ကိုးကွယ်လာခဲ့သော ရန်ကုန်မြို့ ဦးဝိစာရလမ်း အမှတ်-၂၀၀ (အေ) နေ ဝဏ္ဏကျော်ထင် ဒေါ်မမစောအောင်၏ လျှောက်ထားချက်အရ မန္တလေးမြို့ ကင်းဝန်မင်းကြီးတိုက် တိုက်အုပ်ကိုယ်တော် ဦးသူရိယ၏ အကူအညီ တောင်းခံသည့်အတိုင်း ဦးသူရိယ ကိုယ်တော်က တာဝန်ယူ၍ အမိန့်ရှိသည်ကို မလွန်ဆန်နိုင်သည့်အတွက် ဤသမိုင်းစာအုပ် ပြုစုရေးသားရန် တာဝန်ယူ ဝန်ခံလိုက်ရခြင်း ဖြစ်ပါသည်။

စင်စစ်အားဖြင့် ဤဂိုဏ်းနှင့် အဆက်အစပ်မရှိခဲ့သည့်အလျောက် ဂိုဏ်းနှင့်ဆက်စပ်နေသော သမိုင်းတစ်စောင်တဖွဲ့ ပြုစုရေးသားရန် မရည်ရွယ်မိပါ၊ ရေးရန်မှာလည်း လွယ်ကူသောအလုပ် မဟုတ်ပါပေ။

သို့သော်— မန္တလေးမြို့ ကင်းဝန်မင်းကြီးကျောင်းတိုက် တိုက်အုပ်ဆရာတော် 'ဦးသူရိယ' နှင့် နံယော ဆရာတော်ဘုရား၏ ညီတော်ရင်း ဖြစ်သူ မန္တလေးမြို့ စတုဘုမ္မိက မဂ္ဂင်ရိပ်သာ၏ ဦးစီးနာယကဆရာတော် 'ဦးဝိစိတ္တ' တို့၏ အမိန့်ကို မလွန်နိုင်သဖြင့် ဤသမိုင်းကို ပြုစုရေးသားရခြင်း ဖြစ်ပါသည်။

သာသနာတော်၌ ဂိုဏ်းတသီးတခြား တည်ထောင်နိုင်စွမ်းသော ငှက်တွင်းဆရာတော် နှင့် ဂိုဏ်းဝင်များ, ထိုဂိုဏ်းမှ ကိုယ်ပိုင် တွေ့ခေါ်ကြံဆချက်များကိုတော့ သိတတ်သည့်အရွယ်ကပင် အမှတ်မထင် သတိပြုမိပါသည်။

ဤအချက်နှင့်ပတ်သက်၍ သာသနာတွင် ထင်ရှားသော ဆရာတော်ကြီးတပါးက —

'ဗုဒ္ဓဘာသာ သာသနာတော်တွင် ဂိုဏ်းတသီးတခြားတည်ထောင်၍ ဂိုဏ်း၏ ဦးစီးခေါင်းဆောင် ဖြစ်နိုင်ရန်မှာ သာမန်ဘုန်းကံ, သာမန်ပါရမီ, သာမန်စွမ်းရည်သတ္တိနှင့် မဖြစ်နိုင်ကြောင်း'

တချိန်တုံးက မိန့်ကြားတော်မူခဲ့ဘူးပါသည်။

No. B

အမှန်ဆိုရလျှင် ထိုဂိုဏ်းနှင့် ဆက်စပ်တွေးခေါ်ကြံဆချက်ကိုမူ မည်သို့မျှ ဆန်းစစ် ဝေဖန်နိုင်စေရန် ဤစာရေးသူ၌ အခွင့်အရေးမရှိပါ၊ အခွင့်အရေး ရှိစေကာမူ ဝေဖန်သုံးသပ်နေဘို့ရာလည်း တာဝန်မရှိ ဟု ယူဆပါသည်။

ဂိုဏ်းဝင်ပုဂ္ဂိုလ်များ နှင့် ဂိုဏ်းနှင့် စပ်နွယ်သော သမိုင်းကြောင်းများကို ဖော်ဆုတ်သုတေသနပြုရန်သာ လိုအပ်ဖွယ်ရှိပါသည်။

'အကြောင်းအရာ တခုခုကို သမိုင်းဝင် သုတေသန ပြုခြင်းမှာ ပျော်စရာကောင်း၍ စိတ်ဝင်စားဖွယ်ရှိကြောင်း'

စာပေပညာရှင်တဦး ပြောသလို ပျော်စရာ ကောင်းရုံမက စိတ်ဝင်စားခြင်းဖြစ်ရသော်လည်း ရံဖန်ရံခါ အခက်အခဲ အနည်းအများတော့ တွေ့ရတတ်ပါသည်။

ဤဂိုဏ်းဦးစီး ပဌမ ငှက်တွင်း ဆရာတော်ကြီးကား ပုဂ္ဂိုလ်ထူး တပါးဖြစ်သည်ကို ဝန်ခံကြရပေလိမ့်မည်၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကို သိထားရမည် အသိအမှတ်ပြုရန် လိုအပ်လာပါသည်။

သထုံခေတ်မှ စခဲ့သော သာသနာ့ဝင် ပုဂ္ဂိုလ်ကျော် ဆရာတော်များကို မင်းတိုင်ပင်အမတ် မဟာဓမ္မသင်္ကြံ၏ သာသနာလင်္ကာရစာတမ်း, အတွင်းဝန် ပိဋကတော်အုပ် ဦးရန်၏ ပိဋကသမိုင်း နှင့် မင်းလှသိရိသီဟသူ၏ ဆရာတော်များဦးရေ စာရင်းတို့အရ အချို့အဝက် အထိုက်အလျောက် သိရပါသည်၊ ထိုခေတ်က ကြွင်းကျန်ရစ်၍ အမည်နာမကိုမျှ မသိရသော ဆရာတော်များလည်း ရှိပါသေးသည်၊ ကြွင်းကျန်ရစ်နေသော ဆရာတော်များ၏ အကြောင်းအရာတို့ကို နှောင်းလူတို့ မသိနိုင်ခြင်းမှာ သာသနာတော်၏ ဟာကွက်ကြီးအဖြစ် တည်ရှိနေသဖြင့် လွန်စွာဝမ်းနည်းဖွယ် ကောင်းလှပါသည်။

ယင်းကဲ့သို့ သာသနာ့ဝင်အတွက် ဟာကွက်မျိုး မရှိရလေအောင် သုတေသနပြုသည့်အခါ သမိုင်းပါအချက်များကို လေ့လာရပါသည်။

ငှက်တွင်းဆရာတော် ကိုယ်တိုင်ရေး သတိပဋ္ဌာနမဂ္ဂင်ဒီပနီကျမ်းတွင် စာကြောင်းရေ ၇၀ ခန့်ရှိ ထေရုပ္ပတ္တိ နှင့် ၁၉၆၈ ခု ဇန်နဝါရီလထုတ် ငွေတာရီမဂ္ဂဇင်း၌ စာရေးဆရာဦးလှကြိုင် (ပါရဂူ) ရေးခဲ့သော ငှက်တွင်းဆရာတော် ဆောင်းပါးတို့က ဤသမိုင်းအတွက် ရောင်ခြည်ဦး သန်းသည်နှင့် တူပါသည်။

မှုံမှားမှား အရုဏ်ဦး၏ လင်းရောင်ခြည်ကြောင့် ကျယ်ပြန့်နက်ရှိုင်းသော ရှုထောင့်များအတွက် မြင်ကွင်းလည်း ကျယ်လာပါသည်။

ထို့ပြင် ဆရာတော်နှင့်စပ်နွယ်ရာ ရှေ့မှီနောက်မှီပုဂ္ဂိုလ်များ ဆရာတော် ကျက်စားခဲ့ရာ မြို့ရွာများသို့ သွားရောက်၍ ဆရာတော်၏ တပည့်ဟောင်းကြီး များနှင့် တွေ့ဆုံ စုဆောင်းသည့်နည်းဖြင့် ဤ 'စတုဘုမ္မိကမဂ္ဂင် သာသနာဝင် သမိုင်းကျမ်း' ကို ကြိုးပမ်းပြုစုခြင်း ဖြစ်ပါသည်။

အထူးသဖြင့် ပဌမ ငှက်တွင်းဆရာတော်ကိုယ်တိုင် ရှင့်ဘောင်သို့ ရောက် အောင် ချီးမြှောက်ခြင်းခံရသော အသက် ၈၂ နှစ်အရွယ် (ယခုအသက် ထင်ရှားရှိ) ခင်ဦးမြို့နယ် မူးသာရွာ 'မသေရှင်ဆေးတိုက်' ရှင် ဆရာကြီး ဦးမန်းညွန့်အား စုဆောင်း ရရှိသမျှ အချက်အလက်များကို တင်ပြပါသည်။ သုံးနှစ်သုံးမိုးကြာညောင်းစွာ အချိန်ယူရေးခဲ့ရာ 'ကြာလေကောင်းလေ' မဆိုနိုင်စေကာမူ သမိုင်းပါ အကြောင်းအရာများ တိကျမှန်ကန်မှုကိုတော့ ကောန်ရရှိမည်ဟု ဆိုနိုင်လောက်ပါသည်။

ဤစာအုပ်ကို 'စတုဘုမ္မိကမဂ္ဂင် သာသနာဝင်သမိုင်း' ဟူ၍ကမ္ပည်းထိုးပါ သော်လည်း ပဌမ ငှက်တွင်း ဆရာတော် ဦးစွာ တည်ထောင်လာခဲ့သဖြင့် 'ငှက်တွင်းဂိုဏ်း' ဟူ၍ရင်း ဆရာတော်ကြီး သီတင်းသုံးရာ စစ်ကိုင်းရွှေမင်းဝံ တောင်ကို အစွဲပြုသဖြင့် 'ရွှေမင်းဝံ သတိပဋ္ဌာန်ဂိုဏ်း' ဟူ၍ရင်း ခေါ်ဆို ကြပါသည်၊ နောက်ပိုင်း နံ့ယော ဆရာတော်လက်ထက် စတုဘုမ္မိကမဂ္ဂင် တရားကို အခြေခံထားလျက် ဟောကြားလာခဲ့သည့် အတွက် 'စတုဘုမ္မိက မဂ္ဂင်ဂိုဏ်း' အဖြစ် လူသိများလာခြင်း ဖြစ်ပါသည်။

ပဌမ ငှက်တွင်း ဆရာတော် အမှူးပြုသော ဂိုဏ်းဝင်ပုဂ္ဂိုလ်တို့၏ တခုစီ တခုစီသော အတ္ထုပ္ပတ္တိကို စုစည်းလိုက်သည့် အခါ 'စတုဘုမ္မိက မဂ္ဂင် သာ သနာဝင်သမိုင်း' အဆင့်သို့ ရောက်ရှိနေပြီ ဖြစ်ရကား လမ်းရိုးဟောင်းတွင် ဆင့်ကာထွင် လိုက်သဖြင့် အလွယ်တကူ ဖတ်ရှုလေ့လာခွင့် ရရှိနိုင်ပါသည်။

ခေတ် ရေစီးကြောင်း ဒီရေ အတက်အကျအတိုင်း ရင်ဘောင်တန်းလျက် တည်တန့်စွာ လှော်ခတ်အောင်မြင်လာခဲ့သည်များကို အပိုင်းကဏ္ဍ ၄-ပိုင်း ခွဲခြားသတ်မှတ်၍ ဖော်ပြထားပါသည်။

ပဌမပိုင်းတွင် ငှက်တွင်း ဆရာတော်ကြီး၏ ဘဝခရီးကို ဘကြီးတော် မင်းတရားမှ သီပေါမင်းလက်ထက်တိုင် ခေတ်သမိုင်းကြောင်းလာ ရာဇဝင် အကွက်များ သင့်လျော်သလို ထည့်သွင်းထားပါသည်။

(၅) သမိုင်း နိဒါန်း

သမိုင်း သုတေသီတို့သည် ခရီးသွားရာ အခန့်သင့် ရှေးအိုးကြီး ကောက်ရသည့်အလား ဤသမိုင်း ဖတ်ရှုရင်း ရာဇဝင်ဆိုင်ရာ ဗဟုသုတ များကိုလည်း တွေ့ရှိနိုင်ကြမည် ဖြစ်ပါသည်၊ ရာဇဝင် သမိုင်းကြောင်း နောက်ခံထား ခြင်းဖြင့် အကြောင်းအရာ ရသ သဘောထက် သုတသဘောက နေရာယူ လွန်းရာကျမည်ဟု မဆိုထိုက်ပါ။

ရသ သဘော ချို့တဲ့ အားနည်း နေပါသော်လည်း သုတပေးရာ ဗဟုသုတဖြစ်စေရာ၌ စုံလင်သင့်သမျှ စုံလင်အောင် ဖော်ပြ ဆွဲဆောင် ထားပါသည်၊ သာသနာ၀င် သမိုင်းပါ အဆက် အနွယ်များကိုလည်း အတန်ငယ် ဖော်ပြထားပါသည်။

ဒုတိယ နှင့် တတိယပိုင်းတို့၌ ဂိုဏ်းဝင် အချို့ပုဂ္ဂိုလ်တို့၏ တွေးခေါ် ဟောပြောချက် ခံယူကြံဆချက်များ လွန်ကဲစွာ အစွန်းသို့ ရောက်သွားသည့် အတွက် လှိုင်းဂယက်ကြီးနေသော ထိုခေတ် ရေစီးကြောင်း အပေါ်တွင် စုန်ဆန်မျောပါလျက် ဒီရေအကျနှင့် ကြုံတွေ့ရပုံကိုလည်း ဖော်ပြထားပါသည်၊ ဂိုဏ်းစောင့် နံ့ယော ဆရာတော်လက်ထက်မှာမူ ဒီရေ တက်နေသည့် ရေစီးကြောင်း အပေါ်၌ သာတောင့်သာယာ စုန်ဆန် လှော်ခတ်ယင်းဖြင့် မိမိတို့လိုရာ ပန်းတိုင်သို့ အလွယ်တကူ လှမ်းတက်နိုင်ပုံကိုပါ တင်ပြထား ပါသည်။

စတုတ္ထပိုင်း၌ကား စတုဘုမ္မိက ဂိုဏ်းဝင်တို့ လိုက်နာကြရမည့် စည်းကမ်းချက်များ ကျင့်ဆောင်ပွားများ အားထုတ်ကြရမည့် လုပ်ငန်းစဉ်များ နှင့် နံ့ယောဆရာတော် တည်တွင်ဟောကြား ပွားများတော်မူခဲ့သော ဟောနည်း ပြကွက်တရားအစဉ်များအရှိအတိုင်း ထည့်သွင်းလိုက်ပါသည်၊ဤသို့ထည့်သွင်း ထားသဖြင့် ဂိုဏ်းဝင်ပုဂ္ဂိုလ်တို့ အတွက် သွက်လက်ပေါ့ပါးမည် ဖြစ်သလောက် ဂိုဏ်းဝင် မဟုတ်သူတို့ အဘို့မှာမူ ဇကန် လေးနေမည် ဖြစ်ပါသည်။

ငှက်တွင်း ဆရာတော် တည်ထောင်ခဲ့သော ဂိုဏ်းဝင် ပုဂ္ဂိုလ်များ နှင့် ဂိုဏ်း၏ နက်ရှိုင်းကျယ်ဝန်းသော အချက်များကို ဖော်ပြနေလျှင် အဆုံး မထင် ပင်လယ်ပြင်၌ ထောက်မှီရာမမြင်သော ကူးသန်း သွားလာသူ ကဲ့သို့ ဖြစ်နေပါလိမ့်မည်။

ပဥ္စမ ငှက်တွင်းဆရာတော်, ထိုဂိုဏ်းဝင်ပုဂ္ဂိုလ်များ, ထိုဂိုဏ်း၏ တည်ထွင် ကြံဆချက် လိုက်ကွက်ကို ဖြည့်စွက်ထားသော ဤသမိုင်းသည် သမိုင်းသုတေသီတို့

အာဂျီးများလျက် ဗဟုသုတ တိုးပွားစေမည့် သမိုင်း တစောင် တဖွဲ့ တည်ရှိနေမည်ဆိုပါက ဤသမိုင်းရေးသူအဖို့ သမိုင်းပေး တာဝန်တရပ် ကြေပွန်လောက်ပါပြီဟု လက်ပန်းပေါက်ခတ် ဝမ်းမြောက်ရွှင်မြူးစွာ ဥဒါန်းကျူးရင့်မိပါသတည်း။

လယ်တီ - ဦးလှပိုင်
(၄ - ၁ - ၇၃)
လွတ်လပ်ရေး နေ့မြတ်။

၁၃၃၄ - ခုနှစ်
ပြာသိုလဆန်း ၁ - ရက်
ကြာသပတေးနေ့။

မန္တလေး စေတနာရှင် ဒေါ်မမစောအောင်၏

အမှာစကား

ဤသမိုင်းစာစောင်ကို ဝဏ္ဏကျော်ထင် ဒေါ်မမစောအောင်လှူဒါန်းခြင်း ပြုရန် အကြံဉာဏ်ဖြစ်ပေါ်လာသည်ကို နောင်မှတ်သားခြင်း ရှိကြရန် နည်းနည်း ဖော်ပြလိုပါသည်။

နံယော ဆရာတော် ဘုရားကြီး၌ ၁၀ နိဂုံးချုပ်ရသော ရောဂါဆိုးဝေဒနာဆိုး ကပ်ရောက်သည့် အချိန်အခါတွင် ဒေါ်မမစောအောင်၌ တိုက်ကျောင်း ဇရပ် တဆောင် ရိပ်သာ၌ ဆောက်လုပ်ပြီး၍ တရားပွဲများအားထုတ်၍ မန္တလေးမြို့၌ရှိနေသည်၊ ဆရာတော် ဘုရားကြီးက ဆရာဝန်ကြီးထံ ပြသလိုသည်ဟု မိန့်ကြားချက်အရ သွားရောက်ပြသည့်အခါ ရောဂါဝေဒနာ၏ အကြောင်းကို သိရှိခဲ့ရသည်။

ဒေါ်မမစောအောင်က 'အရှင်ဘုရား ဆန္ဒရှိရာ ကုသပါ၊ နိုင်ငံခြားဆေးဝါးဖြင့် ကုသလိုပါသလား၊ နိုင်ငံခြားဆေးဝါးဖြင့် ကုသ၍ ဆရာဝန်များဖြင့် ကုသလိုပါက ရန်ကုန်, မန္တလေးမြို့များ၌ ကုသခြင်းမပြုဘဲ ဤရောဂါမှာ ကင်ဆာရောဂါဖြစ်သည့်အတွက် လန်ဒန်မြို့သို့ သွားရောက်၍ ကုသလိုပါသလား၊ အကယ်၍ လန်ဒန်မြို့သို့ သွားရောက်ကုသလိုပါက တပည့်တော်ကိုယ်တိုင် လိုက်ပါစောင့်ရှောက်ပါမည် ' ဟုလျှောက်ထားခြင်း ပြုပါသည်၊ သို့တည်းမဟုတ် ' မန္တလေးမြို့၌ မြန်မာသမားတော် အကျော်အမော်များဖြင့် ကုသလိုပါသလား အမိန့်ရှိပါရန် ' လျှောက်ထားရာ နှစ်ရက်ခန့် စဉ်းစားပြီး ကျောင်းအမ ဒေါ်မမစောအောင် လျှောက်ထားချက်အရ လန်ဒန်မြို့သို့ သွားရောက်ကုသခြင်း မပြုလို၊မိမိရောဂါကို မိမိသိဘိသကဲ့သို့သွား၍ငွေကုန်ကြေးကျဘဲရှိချေမည်၊ လက်ခံတော်မမူ၊ မြန်မာဆေးဝါးဖြင့်ကုသလိုကြောင်း အမိန့်ရှိ၍ မြန်မာ သမားတော်ကြီး ဦးအုံးရွှေနှင့် ကုသရန် ပင့်ဆောင်ကုသရပါသည်၊ ဒေါ်မမစောအောင်မှာလည်း ခေတ္တ ရန်ကုန်မြို့သို့ပြန်၍ မန္တလေး၌ ဝါဆိုရန် အစီအစဉ်များပြုလုပ်ပြီး ဝါဆိုမှီပြန်ရောက်၍ ဆရာတော်ဘုရားအား ၅ - လတိုင်တိုင် ပြုစုလုပ်ကျွေးသမှု ပါရမီဒါနကို ပြုခွင့် ရရှိခဲ့ပါသည်။

ဝါတွင်း လေးလတွင် ရောဂါမှာ သက်သာသည်ဟု မဆိုသာ၊ သို့သော် သာမန်ရောဂါသည်များကဲ့သို့မဟုတ်၊ သာမန်ရောဂါသည်များမှာ ပေါက်ကွဲ၍ အပြင်းအထန်ခံရသည်ကို ဆရာတော်ဘုရားမှာ သက်သက်သာသာနှင့် ပြန်လည် ကောင်းလာဘိသကဲ့သို့ ဖြစ်ရသည်၊ သီတင်း ဝါလ ကျွတ်၍ ဆောင်းတွင်းသို့ ရောက်ရှိလာသည့်အခါ အောက်မြို့ အောက်ရွာသို့ ခရီးစုန်ဆင်း၍ သာသနာပြု လုပ်ငန်းကို လုပ်မြဲလုပ်ကိုင်ဘို့ရာ ဆုံးဖြတ်ပြီး ကြွလှမ်းတော်မူလေသည်၊ ဒေါ်မမစောအောင်သည်း ရန်ကုန်မြို့သို့ ပြန်ရောက်ရှိပြီး ဆရာတော်ဘုရားမှာ ရောဂါကတဘက် ဆရာတော်ဘုရား၏ အစဉ်ဒွန် သာသနာပြု လုပ်ငန်းက တဘက် ဆောင်ရွက်မြဲ ဆောင်ရွက်လျက်ရှိသည်၊ အားနည်းစ ပြုလာလေပြီ။

ဆရာဝန်များဖြင့် အားဆေးများ အကြောသို့ ထည့်သွင်းရပြီး ဤကဲ့သို့ နယုန်လသို့ ဆိုက်ရောက်လေပြီ၊ ရန်ကုန်မြို့ ဥတုရာသီနှင့် ဆရာတော်ဘုရား မကိုက်ညီဖြစ်သည့်အတွက် ဆရာဝန်က မန္တလေးရာသီနှင့် တည့်မှတ်ရှိသည့် အတွက် လျှောက်ထားရာ ရက်အနည်းငယ် အတွင်း မန္တလေးသို့ ကြွရောက်တော်မူသည်၊ မန္တလေးသို့ ရောက်ရှိပြီး ရောဂါ ပြင်းထန် လာသည့်အတွက် ဒေါ်မမစောအောင်အား စကားပြောတယ်လီဖုံးဖြင့် အမြန်လိုက်လာရန် မှာထားချက် အတိုင်း ဒေါ်မမစောအောင် ချက်ခြင်း လိုက်လာရသည်၊ ဆရာဝန် ဦးသိန်းအောင်ဖြင့် ကုသ၍ တွေ့သည်။

ဆရာဝန် ဦးသိန်းအောင်နှင့် တွေ့ဆုံသည့်အခါ ဆရာတော်ဘုရား၏ရောဂါကို ဒေါ်မမစောအောင် သိရှိသည့်အတိုင်း ပျောက်ကင်းဘို့ရာ ကုသလိုပါသလား၊ ရောဂါ သက်သာရာ သက်သာကြောင်းကို ကုသလိုပါသလား မေးသည်၊ ဒေါ်မမစောအောင်က ဆရာဝန်သိသည့်အတိုင်း ကျမလည်း သိရှိပါသည်၊ ဆရာတော်ဘုရား သက်သာရာ သက်သာကြောင်းကို ကုသပေးပါဟု တောင်းပန်သည့်အတိုင်း ဆေးဝါးများ မှာထားတော့သည်၊ ဒေါ်မမစောအောင် ရန်ကုန်သို့ ပြန်ရောက်ပြီး မှာထားသည့် ဆေးဝါးများကို ဝယ်ယူ၍ အကြိမ်ကြိမ် ပေးပို့ပါသည်။

ဆရာတော်ဘုရားအတွက် ဆေးဝါးဝယ်ယူရသည်ကို နည်းနည်း ဖော်ပြချက်ပြုလိုသည်မှာ ဘယ်လိုခက်ခဲစွာ ဝယ်ယူရသည့်ဆေး ဖြစ်စေကာမူ လွယ်လွယ်နှင့် မရမရှိ၊ အားလုံးရသည်သာ ရှိပါသည်၊ ရန်ကုန်မြို့၌ မရသည့်ဆေးကို လန်ဒန်မြို့သို့ မှာယူကုသခဲ့ပါသည်၊ နောက် တကြိမ်စကားပြောတယ်လီဖုံး

ဖြင့် ထပ်၍ ဒေါ်မမစောအောင်ကို ခေါ်ယူသည်၊ ချက်ခြင်းဘဲ လိုက်လာ၍ ဆရာဝန်နှင့် ဆုံတွေ့သည့်အခါ ရက်ပိုင်းမျှသာ ကျန်ရှိချက်ကို သိရသည်။

ဒေါ်မမစောအောင်မှာ သွေးတိုးရောဂါရှိသူဖြစ်၍ စိတ်ထိခိုက်ပြီး သွေးများစွာ တိုးတက်လာ၍ ဆရာဝန်က ချက်ခြင်း ပြန်လွှတ်သည်၊ ဒေါ်မမစောအောင် ပြန်လာပြီး ခုနစ်ရက် ၂ ပါတ်တွင်း ပျံလွန်တော်မူသည်၊ ဒေါ်မမစောအောင်မှာ သွေးမလျော့ ပိုသည်ထက်ပို၍ ဆရာဝန်များက သွားခွင့်မပြု၊ ဆရာတော်ဘုရား အလောင်းကိုလည်း မဖူးရ၊ စျာပနကိုလည်း မတွေ့မမြင်ရ၊ ပျံလွန်တော်မူ၍ လေးလကြာသောအခါမှသာ ရောဂါသက်သာ၍မန္တလေးသို့ သွားခွင့်ရပြီး ဆရာတော်ဘုရား၏ အလောင်းကို မှန်ခေါင်းထဲ၌ ဖူးမြော်၍ အုတ်ဂူကို ကန်တော့ရသည်။

ဒေါ်မမစောအောင်မှာ ယူကြုံးမရ ဖြစ်ပြီး ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား သက်တော်ထင်ရှားရှိစဉ်က ဤမျှ ပြုစု စောင့်ရှောက် လိုက်ရသည်ကို ကျေနပ်ခြင်းမရှိ၊ ဆရာတော် ဘုရားကြီး ပျံလွန်တော်မူပြီး နှစ်ပေါင်းများစွာ အခွန့်ရှည်ကြာစွာ မှတ်သားနိုင်လောက်အောင် ဤသမိုင်းစာစောင်ကို စတုဘုမ္မိက ဂိုဏ်းကို ပဌမ စတင် တည်ထောင်သွားသည့် ငှက်တွင်းဆရာတော် ဘုရားကြီး လက်ထက်မှ အစပြု၍ ဒုတိယ ကွမ်းခြံကုန်းဆရာတော်၊ တတိယ နံ့ယောဆရာတော်ဘုရားကြီး၏ လက်ထက်တိုင်အောင် ပြုစုရေးသားပါရန် ဆရာတော်ဘုရား၏ ညီတော် ဦးဝိစိတ္တ ကိုယ်တော်ထံ အကြောင်းမျိုးစုံဖြင့် လျှောက်ထား၍ အပ်နှံခဲ့ပါသည်။

ဒေါ်မမစောအောင် (ဝဏ္ဏကျော်ထင်)
ဝင်ဒါမီယာလမ်း၊ ရန်ကုန်မြို့။

ဦးတည်ချက်မင်္ဂလာ

ဇိနာဝတိ မာရာရိ ဇိနော ဒယာလယော၊
ဇိနုတ္တ ဓမ္မော စ ဇိနေန သက္ကရော။
ဇိနော ရသော နန္တ ဇိနပ္ပသံသိတော၊
ဇိနာ ဒယော တေ ရိဇိတေ နမာမဟံ။

(ဝံသဋ္ဌဂါထာကြီး)

ဒယာလယော၊ မဟာကရုဏာ ဉာဏ်တော်၏ တည်ရာ ဖြစ်တော်မူသော။ ဇိနော၊ ငါးပါး မာရ်ယုတ် ရန်ခလုတ်ကို ချေဖြုတ်သုတ်သင် အောင်မြင်တော်မူပြီးသော ရှင်တော်မြတ်ဘုရားသည်။ မာရာရိ (မာရ+အရိ)၊ ကိလေသာ မာရ်နှင့် တကွသော ဘေးရန်အပေါင်းကို။ ဇိနာဝတိ၊ ပါရမီစက် ဉာဏ်သန်လျက်ဖြင့် တိုက်ဖျက် အောင်မြင်တော်မူခဲ့ပြီ။

ဇိနေန၊ ငါးပါးသော မာရ်ယုတ်ကို သုတ်သင် အောင်မြင်တော်မူပြီးသော ဘုရားရှင်သည်။ ဇိနုတ္တ ဓမ္မောစ၊ ဘုံသုံးဆယ့်တစ်မှ စင်စစ်အားဖြင့် လွတ်မြောက်နိုင်သော ဥတ္တရိမနုဿဓမ္မ တည်းဟူသော တရားတော်မြတ်ကိုလည်း။ သက္ကရော၊ ကောင်းစွာ ပူဇော်မှုကို ပြုတော်မူအပ်ပြီ။

ဇိနော ရသော၊ ဘုရားမြတ်စွာ ကဲ့သို့ ကိလေသာထု အမှောင်စုကို အောင်ဆုယူပြီးတော်မူသော ရင်နှစ်သည်းချာ သံဃ ရတနာကိုလည်း။ အနန္တ ဇိနပ္ပသံသိတော၊ ပိုင်းခြားမရှိ ငါ့တပည့်တို့ ငါ၏ အသွင် အောင်မြင်ချိမ့်သဲ ဆင့်ယင်နွဲ၍ ချီးဝှံ့ရင့်ကျူးတော်မူလေပြီ။

အရိဇိတေ၊ ကိလေသာရန်တို့ကို တော်လှန် ဆေးလျှော်တော် မူပြီးကုန်သော။ တေ ဇိနာ ဒယော၊ တွင်းပဘေးဒဏ် ရန်မာရ်ခပ်သိမ်းတို့ကို ငြိမ်းအေးစေတော်မူကုန်သော ထိုဘုရား ရဟန္တာ အစရှိကုန်သော သူတော်

ကောင်းတို့ကို။ အဟံ၊ 'သမိုင်းရေးဆရာ' ဝေါဟာသမုတ် အကျွန်ုပ်သည်။ နမော်မိ၊ ဦးနှိမ်မာန်လျှိုး ခဝင်ကျိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။

မှတ်ချက်။ ။ဤဂါထာကြီးကား 'ဝဒန္တိ ဝံသဋ္ဌမိဒံ ဇတာဇရာ' ဟူသော ဆန်းသုတ်နှင့်အညီ ဇဂိုဏ်း, တဂိုဏ်း, ဇဂိုဏ်း, ရဂိုဏ်း တို့ဖြင့် ဖွဲ့စီသီကုံးအပ်သော 'ဝံသဋ္ဌဂါထာ' ပေတည်း။

အမျိုးအနွယ်စောင့် ဇဂတီဆန်း အချပ်တရာ ပဒုမ္မာပွင့်ကဲ့သို့၊ တြွင်း နဝင်း စတုရပါဒ် ရှိသော ဂါထာ ဖြစ်၍ မဂ္ဂင်ရှစ်ချက် အင်္ဂါလက် အင်းစောက်ချ မင်္ဂလာသိဒ္ဓိ ဂုဏ်နှင့်လည်း ပြည့်စုံလေသည်၊ ဦးတည်ခံယူချက်ဖြင့် ပဏာမ မှုအပ်မည့် ဖွယ်ရာ–မင်္ဂလာ ပြုခြင်း ဟူ၍လည်း ဆိုနိုင်ပါသည်။

'ဇိ-ဇယေ' ဓာတ်ကမ်းလာ အရ အလွန်သုတိသာ၍ မင်္ဂလာရှိသော 'ဇိ' အက္ခရာတို့ကို ရှစ်ခါတိတိ ငွတ်ဖတ်ပဇော် လိုက်ခြင်းဖြင့် ဤသမိုင်း ပြုစုသူ နှင့် ဤ သမိုင်းကျမ်းစာကို ဆုံးခန်းတိုင် ကြည့်ရှု လေ့လာကြသော စာဖတ်သူတို့၏ စိတ်နှလုံး၌ ကိန်းဝပ်တည်ရှိနေသော ကိလေသာ အမှောင်ထုကို ဆေးလျှော်လောင်မြိုက်စေပြီးလျှင် 'အောင်ပွဲတော်ကြီး' ခံယူကြရမည့်အဖြစ်ကို 'အဝိနာဘာဝနည်း' ဖြင့် သိသာလှသည်။

ဤဂါထာသည် အလင်္ကာကျမ်းလာ ဩစိတြ ဂုဏ်မြောက်အောင် လုံလောက်စွာ ဖွဲ့ဆိုထားရုံမက ဗျာကရုဏ်းသဒ္ဒါကျမ်းလာ နိရုတ္တိပဋိသမ္ဘိဒါ ဉာဏ်အရာ သို့လည်း သက်ဝင်လျက် ရှိသည်။

ပဌမပိုင်း

စတုဘုမ္မိကမဂ္ဂင်
သာသနာဝင်သမိုင်း

—

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကုန်းဘောင်ခေတ်ဦး သာသနာ

စတုဘုမ္မိကမဂ္ဂင် ဂိုဏ်းကြီးကို ရှေးဦးစွာ တည်ထောင်တော် မူခဲ့သော ပုဂ္ဂိုလ်မှာ စစ်ကိုင်း မင်းဝံတောင် ငှက်တွင်းချောင် ဆရာတော် ဦးပဏ္ဏဝ ဖြစ်သည်။

ဆရာတော်ကြီး၏ ဖွားမြင်ရာ ဇာတိ သို့မဟုတ် ချက်မြှုပ်ရာ ဒေသကို ဖေါ်ပြရလျှင် ရွှေဘိုမြို့ ဖြစ်သည်။

ရွှေဘိုမြို့သည် ယခင်က အမည်အမျိုးမျိုးဖြင့် ထင်ရှားခဲ့၍ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျလက်ထက် အခါ၌ မြို့တည်, နန်းတည် စိုးစံခဲ့ဘူးသော မြို့တော် (နေပြည်တော်) လည်း ဖြစ်သည်။

သက္ကရာဇ် ၄၅၄ - ခုနှစ် ပုဂံ အလောင်းစည်သူမင်းတရားသည် တိုင်းခန်းလှည့်လည်တော်မူစဉ်က 'ငပို' မည်သော မုဆိုးအား နယ်မြေ အပိုင်းအခြား ပေးလျက် ဘောင်ဝန်တိုက်အရပ်တွင် နေစေသည်။

မုဆိုး 'ငပို' ဆိုသူက ဦးစွာတည်ခဲ့၍ 'မုဆိုးပိုမြို့' ဟူ၍လည်း တွင်လေသည်။

မုဆိုးပိုမြို့ အရှေ့ဘက်တွင် အလောင်းစည်သူ တည်ခဲ့သော ကုန်းဘောင်မြို့ရိုး တောင်မြောက်ရှိသည်ကို အစွဲပြု၍လည်း 'ကုန်းဘောင်မြို့' (ကုန်းဘောင်

ပြည်) ဟူ၍ ခေါ်ကြပြန်သည်၊ အလောင်းမင်းတရားကြီးမှ မန္တလေး ရတနာပုံ ဒုတိယနန်းစံ သီပေါမင်းလက်ထက်တိုင် ထီးဖြူဆောင်း ၁၁-ဆက်သော မင်းအပေါင်းတို့ကို 'ကုန်းဘောင်ဆက်' ဟူ၍ အဆိုရှိလေသည်။

အလောင်းမင်းတရားသည် ၁၁၁၄ ခုနှစ် ကဆုန်လမှ၍ မင်းအဖြစ်ခံယူပြီးလျှင် မှန် ဧသော ရန်အပေါင်းတို့အား တိုက်ခိုက်၍ အောင်မြင်ခြင်းကို အစွဲပြုလျက် 'ရန်ကြီးအောင်' ဟူ၍လည်း ထင်ရှားခဲ့ပြန်သည်။

မုဆိုးပိုမြို့ကို ပတ်ဝိုက်ပြီးလျှင် တာ လေးရာ့ခုနစ်ဆယ် (၄၇၀) ရှိသော ထန်းလုံးတပ်ကို တည်၍ အနီးအဝေး ၆၄-ရပ် ကျေးရွာအုပ်စုတို့ကို တပ်တွင်းသို့ ထည့်သွင်းပြီးလျှင် မြို့တော် အရှေ့ရပ် စသည်တို့မှ ရပ်ကွက်ခေါင်း အကြီးအကဲများ ခန့်ထား သူကောင်းပြုလေသည်၊ တာ၀န်း တထောင့်ခြောက်ရာ (၁၆၀၀) ပတ်လည်တွင် မြို့တော်နှင့် နန်းတော် တည်သည့်အခါတွင် 'ရတနာသိခ်' ဟူ၍ ကမ္ပည်းမော်ကွန်း ရေးထိုးခြင်းကြောင့်လည်း 'ရတနာသိခ်' ဟု ခေါ်ဆိုကြပြန်သည်။

'ရတနာသိခ်'[၁] ဟူသော အမည်မှာ ရတနာတို့၏ စုဝေးရာ တိုင်း နိုင်ငံ အသီးသီး၏ အထွတ်ဦးစွန်းသဖွယ် ရှိသောမြို့ ဟူ၍ အဓိပ္ပါယ်ရှိသည်။

အချို့က ရတနာသိဃ် ဟူ၍ ရေးသား ခေါ်ဆိုကြသည်၊ သိဃ် ပုဒ်၏ အဓိပ္ပါယ်မှာ ရတနာတို့ စုဝေးရာ ပြည်ထောင်အသီးသီးမှ ဓာတ်မွေတော်များ စမ္ပာယ်ကြမ္မူးရာ တနည်း– ရဟန်းရှင်လူ ပြည်သူတို့ စုဝေးရာ ခရီးလမ်းကြောင်း ဆုံရပ်ဖြစ်သည်၊ 'မဂ္ဂသိဃ်ာဋ္ဌက' ဆိုသော ပါဠိစကား (ခရီးလမ်းဆုံရာအရပ်) ကဲ့သို့ ဖြစ်သည်။

ထိုမှတပါး မုဆိုးပို ဟူသော အမည်ကိုပင် သုတိသာ၍ အခေါ်အဝေါ် လွယ်ကူစေရန် ရွှေဘို ဟူ၍ ခေါ်ကြလေသည်။

ကုန်းဘောင်ခေတ်ကို တည်ထောင်လာသော အလောင်းမင်းတရား ဦးအောင်ဇေယျ၏ မျိုးရိုးကိုလည်း သိဘို့ရာလိုအပ်ပေဦးမည်။

၁။ ရတနာသိခ် ဟု ဆိုခြင်းကို မင်းတိုင်ပင် အမတ် ပညာရှိ မဟာဓမ္မသင်္ကြံ ဆရာကြီးက မနှစ်သက်ပါ၊ ရတနာသိခဟူ၍သာ ငီးနှင့် ရှိသည်ဟု ဆုံးဖြတ်ထားသည်။

(ရွှေနန်းသုံး ဝေါဟာရအဘိဓာန်မှ ကောက်နုတ်ချက်)

ဦးအောင်ဇေယျသည် ကမ္ဘာဦးအခါ မဟာသမ္မတမှ သက်ဆင်းလာသည်၊ သူ၏ဘေးလောင်းတော် ဘိုးလောင်းတော်တို့မှာ သရေခေတ္တရာ, ပုဂံ, မြင်စိုင်း, စစ်ကိုင်း, ပင်းယ နှင့် အင်းဝတိုင် ရွှေနန်းစံများဖြစ်သည်။

သက္ကရာဇ် ၉၅၉-ခုနှစ် အင်းဝနေပြည်တော် ဒုတိယအကြိမ်တည် ညောင်ရမ်းမင်းလက်ထက် ဦးအောင်ဇေယျ၏ ဘိုးတော်မှာ မင်းစစ်နိုင် ဖြစ်သည်၊ မင်းစစ်နိုင်အား မုဆိုးပို နှင့် စည်သာမြို့ကို အပိုင်စားစေလေသည်။

သို့သော် မင်းစစ်နိုင်နှင့် ဘွားတော် စောခင်ဖြိုးတို့သည် နောက်ဆုံးအင်းဝဆက် မင်းမျိုးမင်းနွယ်မှ သက်ဆင်းလာကြသူများ ဖြစ်သည်။

ဘိုးတော် ဘွားတော်တို့၏သားမှာ မင်းညိုစံဖြစ်၍ မင်းညိုစံသည် စည်ပုတ္တရာရွာစား ရွှေကာတထောင်မှူး ဖြစ်၏၊ မင်းသီရိရန္တဇ၏ သမီးတော် မင်းစောဦး ဟူ၍ရှိရာ မင်းညိုစံနှင့် မင်းစောဦးတို့ စုံဘက်ကြရာတွင် သားတော် ၅ ဦးနှင့် သမီးတော် ၃ ဦး ပေါင်း ၈ ဦး ဖွားမြင်လေသည်၊ 'မင်းအောင်ဇေယျ'မှာ သားတော်လတ် ဖြစ်သည်။

ဦးအောင်ဇေယျသည် မြန်မာနိုင်ငံတော်ကြီး ပြိုကွဲပျက်စီးလျက်နေရာ ဘိုးတော် မင်းစစ်နိုင်အား အပိုင်စားခြင်း ခံရသော မုဆိုးပို (ရွှေဘို) မြို့ကို ဗဟိုပြုလျက် မဏိပူရ, အာသံ, ယိုးဒယား စသော တိုင်းနိုင်ငံများနှင့် ရာမညတိုင်း တလိုင်းသုံးရပ် စသော အထက်အောက် မြန်မာပြည် တဝှမ်းလုံးကို လက်ရုံးစွမ်းဖြင့် စည်းရုံးတိုက်သိမ်း၍ အောင်မြင်ခဲ့လေသည်။

ထိုအချိန်က စာဆိုတော်ပညာရှိစိန္တကျော်သူကလည်း—

'ဒသပွင့်လျာ၊ ကျိပ်ရင့်မာတွင်၊ ခံဗျာဒိတ်ရ၊
မှန်ကေတည့်၊ သီခရတနာ၊ မြို့တော်သာကို၊
မဟာသမ္မတ၊ မင်းတမျှလျှင်၊ အစတည်ထောင်၊
နန်းပွဲဆောင်သည်၊ကုန်းဘောင်ပြည်ကြီးရှင်တည့်လေ........။
အာဟိန္ဒကျီး၊ ပွင့်နီးနီး။ ။'

စသည့် လူးတားကို ဖွဲ့ဆိုခဲ့လေသည်။

၎င်းလူးတားတွင် အာဟိန္ဒကျီးဟူ၍ ပါရှိလေသည်၊ အာဟိန္ဒကျီးကား ဦးအောင်ဇေယျအား ရည်ရွယ်ဆိုခြင်းဖြစ်သည်။

ရှင်တော်မြတ်ဘုရားသည် ပလလည်းတောဌ် ဝါဆိုတော်မူစဉ် အာဟိန္န မည်သောကျီးသည် ဘုရားရှင်အား မိမိနှုတ်သီးဖြင့် စပါးနှံများကို သယ်ယူ လှူဒါန်းဘူးသည်၊ ထိုအခါ ဘုရားရှင်သည်—

'စပါးနှံ လှူသောကုသိုလ်အဟုန်ကြောင့် နောင်ငါဘုရား၏ သာ သနာတော်အတွင်း အလောင်းမင်းဖြစ်၍ သာသနာ တော်ကိုလည်း ချီးမြှင့်လတ္တံ့'

စသည့်သိုက်ကျမ်းထွက် ဗျာဒိတ် စကားရှိသည်။

ထို့ပြင် ပလိပ်ရွာစား ဦးဖျော်၏ချောင်းကိုလည်း ရှုပါဦး....။

'အာဟိန္နကျီး၊ ဘိုးတော်ကြီးအား၊
ဘုန်းမီးမြတ်စိတ်၊ ဗျာဒိတ်ရင့်ကျူး၊
မြွက်ဘူးသည်နှင့်၊ အချိန်သင့်၍၊
ပွင့်လုနီးလျှင်၊ ဆဲဆဲတွင်၌'

စသည် ဆိုထားလေသည်။

မျိုးရိုးအားဖြင့် ရဲသွေးရဲမာန် ရဲဓာတ်ခံရှိသော ဦးအောင်ဇေယျသည် ငန်အပေါင်းတို့ကို အောင်မြင်ပြီးသောအခါ မြို့သစ်နန်းသစ်တည်ရန် ရဟန်း ပုဏ္ဏား မှူးမတ်ပညာရှိတို့အား အခါတော်ရွေးချယ်စေလေသည်၊ မြို့တော်ပို့ မြို့တော်တည် အခါပေးရာ၌ မုံရွေးဇာတိ ပညာရှိ ဦးမြတ်သာနေလည်း ပါဝင်ပေသည်။

သို့ဖြင့် 'ဥသြအော်မည် ကုန်းဘောင်တည်' ဆိုသည့် ရာဇဝင် ဆောင်ပုဒ် အတိုင်း ရွှေဘိုမြို့တော်ကို သက္ကရာဇ် ၁၁၁၅ ခုနှစ် ပထမ ဝါဆို လပြည့် ကျော် ၆ ရက် ကြာသပတေးနေ့သို့ အဝင် ညဥ့်သုံးချက်တီးကျော် ပြုဗ္ဗာ ဖရပိုဒ်နက္ခတ်မွန်းတည့်အချိန်၌ စတည်သည်ဟု ဆိုပါသည်။

ဇေရစ်ဆရာတော်၏ မှတ်တမ်းအရမှာလည်း—

'အားအစွမ်းနှင့် ပြည့်စုံသော ပိတ်တောစား (ယခု ဝက်လက်မြို့ နယ်မှာရှိသည်) အောင်မြတ်ကျော်၊ နတ်ဘီလူးနှင့်တူသော ခင်ဦး

စား လက်ျာပုံချီ ချေစ်ညို၊ အုန်ဖို တောင်စား (မုံရွာ မြို့နယ်မှာ ရှိသည်) ဂုဏ္ဏာအိမ်၊ ကွေ့မင်းစသည်တို့ကိုင်း ထောင်သောင်းမက သော မွန်စစ်သည်တို့ကိုင်း အောင်မြင်ပြီးမှ ၁၁၁၅-ခု ပထမ ဝါဆိုလပြည့်ကျော် ၆-ရက် ကြာသပတေးနေ့တွင် တာ- ၁၆၀၀ တံခါး ၄၀ နှင့် တကွ ကြီးကျယ်သော မြို့နန်းကို တည်ထောင်၍ သာသနဒါယကာ ခံတော်မူသည်။ '

စသည်တို့ဖြစ်သည်။

မြို့တော်တည်သည့်အခါ အနောက်ဘက်မှ သလ္လာဝတီ, အရှေ့ဘက်မှ ရာဝတီ, အလယ်မှာမူးမြစ်များ ဝန်းရံစေသည်၊ မြန်မာနိုင်ငံအား လက်နက် နိုင်ငံအဖြစ် သတ်မှတ်လျက် အောက်ပါ ၇ - ဌာနကိုလည်း တချိန်တည်း တပြိုင်တည်း ပန္နက်ချစေသည်။

ယင်း (၇) ဌာနမှာ—

၁ - တာဝန်းနှစ်ထောင်ရှိသော မြို့တော်

၂ - ငါးဆယ့်လေးဆောင်ရှိသော ရွှေနန်းတော်

၃ - ကျုံးတော်

၄ - ဖွားမြင်ရာတွင် တည်သော ရွှေချက်သိုစေတီတော်

၅ - နတ်ကွန်းတော်

၆ - ဗဟိုစည်စင်တော်

၇ - ၉၉ - ချောင်းပေါင်း၍ စီးဝင်ရာ မဟာနန္ဒာ ကန်တော်ကြီး များဖြစ်သည်။

မြို့တော်ကို 'ရတနာသိခ ' ဟူ၍ မော်ကွန်းကမ္ဘည်း ရေးထိုးလေသည်။

'ခြားသီး သလ္လာ၊ ရွှေရောနှင့်၊
သီတာ မူးလယ်၊ မြန်တိုင်းကျယ်ကို၊
ဆန်းကြယ် ဉာဏ်ရှု၊ လက်နက်ပြု၍၊
ငါးခု စွန်းဆောင်၊ ဆယ်ရာထောင်တွင်၊
မြန်ဘောင်ဦးစွန်း၊ ကျုံးမြို့နန်းနှင့်၊

နတ်ကွန်းဗဟို၊ ရွှေချက်သိုက၊
ရေညို မြဟန်၊ နန္ဒာကန်ကို၊
လျှင်တန်မရှည်၊ ဘိုးတော်တည်သည်။ ။
အောင်စည်တည့်ရိုက်ကြွေး— သိကြားထွေး'

(ပလိပ်စားချင်း)

ဤရွှေဘိုမြို့သည် ဇမ္ဗူဒီပနိုင်ငံမှ ကပိလ၀တ်မြို့တော်နှင့် တူသည်ဟု အဆိုရှိသည်၊ အဘယ့်ကြောင့်ပါနည်း၊ ကပိလ၀တ်ပြည်သည် အောင်မြေအရပ်ဖြစ်သောကြောင့်တည်း၊ ရွှေဘိုမြို့တော်မှာလည်း ဇယဘူမိ ခေါ် အောင် မြေတော်အရပ်ဟု ဆိုစမှတ်ပြုကြသည်။

အောင်မြေအရပ်ဟူသည် အစာအမှတ်နှင့် အစဉ်တစိုက် သားသမင်တို့ကိုလိုက်သော ကျွဲသတ္တ၀ါတို့သော်လည်း ဤအောင်မြေအရပ်သို့ ရောက်လာပါလျှင် မလိုက်တော့ဘဲ တန့်ရပ်ဆုတ်နစ်ရစေသည်။

ထို့ကြောင့် အောင်မြေအရပ်ဟု ဆိုစမှတ်ရှိသော ဒေသ၌ မင်းတုန်းမင်းတရားကြီး နန်းတက်သောအခါ သာသနာ့မြေ အဖြစ်ဖြင့် မဟာသိမ်တော်သမုတ်ခဲ့သည်ဟု အဆိုရှိလေသည်။

သာသနာ့မြေအဖြစ် သမုတ်ခြင်းမပြုခဲ့မီက ၁၁၉၇ ခုနှစ် သာယာ၀တီမင်းသားသည် နောင်တော် (ဘကြီးတော်) မင်းအား ထောင်ထားခြားနားရန် ဤအောင်မြေ ရွှေဘိုအရပ်သို့ ချီတက်၍ ဗိုလ်၀င်ခံဘူးသည်။

အင်္ဂလိပ် - မြန်မာ အရေးတော်ဖြစ်ဆဲ ၁၂၁၄ - ခုနှစ် ပုဂံမင်းလက်ထက် နန်းစံ ၆ - နှစ်အကြာ မင်းတုန်းမင်းနှင့် ကနောင်မင်းသားတို့မှာ နောင်တော် ပုဂံမင်းက ခေးပြတိုက်မှုနှင့် စပ်လျဉ်း၍ အပြစ်ရှာသဖြင့် ရွှေဘိုမြို့သို့ အောင်မြေနင်း ထွက်ခွာပြီးလျှင် အမရပူရမြို့တော်ကို တိုက်သိမ်းယူကြသည်။

စင်စစ်ဆိုရလျှင် သက်ဦးဆံပိုင်ခေတ်တွင် ထီးနန်းအမွေအနှစ် ဆက်ခံခွင့်စံနစ်ဆိုးကြောင့် မင်းညီမင်းသားတို့မှာ အချင်းချင်း တော်လှန်ခဲ့ကြခြင်းဖြစ်သည်။

သာသနာ့ဂုဏ်ရောင်

အလောင်းမင်းတရားကြီး တည်ခဲ့သော ကုန်းဘောင်ခေတ်ဦးတွင် သာသနာတော် တိုးတက်ခဲ့လေသည်။

အလောင်းမင်းတရားကြီးသည် မြို့သစ် နန်းသစ်တည်ပြီးနောက် ရွှေချက်သိုစေတီတော်နှင့် မရွေးမနှောင်းမှာပင် ရွှေတန်ဆာဘုရား, ရွှေပေါက်ကျုံးဘုရား နှင့် ရွှေစည်းခုံ စသော စေတီတော်များကိုလည်း တည်ထားကိုးကွယ်ခဲ့သည်။

စစ်ကိုင်းမြို့တည် နောင်တော်ကြီးမင်းလက်ထက် မဲဇာသစ်တောသို့ အပို့ခံရစဉ်က ပညာရှိ လက်ဝဲသုန္ဒရအမတ်၏ နာမည်ကြီး 'မဲဇာတောင်ခြေ' ဧ၌ ပိုဒ်စုံရတုကို သတိရမိပါသေးသည်။

'အောင်မြေကျော့ကျော့၊ ကုန်းမော့မော့နှင့်၊
ဘိုးတော်ဘုရား၊ ဘွားတော်ကောင်းမှု၊ တည်ထားပြုသည့်၊

ဇမ္ဗူ့ဆီမီး၊ ခြောက်ရောင်ညီးမျှ၊
ဂူကြီးသခင်၊ ရွှေလင်းပင်နှင့်၊
ရွှေခြသေ့်မွေ့၊ စ၍ရေသော်၊
ရွှေစေတီကြီး၊ အသီးသီးတည့်'

အောင်မြေရပ်၏ ဦးစွန်းသဖွယ် တင့်တယ်ကြော့ရရော့ ခပ်မော့မော့ဖြစ်သော မုဆိုးကုန်းရိုး ကုန်းဘောင်၏ ထိပ်ဘွဲ့အပြင်၌ အလောင်းမင်းတရားကြီး၏ ခမည်းတော် နောင်တော်ကြီးမင်း၏ ဘိုးတော် သီရိမဟာဓမ္မရာဇာဘွဲ့ခံ မင်းညိုစံမည်သော မြင်းမှူးမင်းသားကြီးနှင့် ဘွားတော်တို့၏ ကောင်းမှုကုသိုလ်တော် ဇမ္ဗူ့ဆီမီး, ရွှေဂူကြီး, ရွှေလင်းပင်, ရွှေခြသေ့်စသော အဆူဆူသော ဘုရားများလည်း ရှိပါသေးသည်။

လက်ဝဲသုန္ဒရသည် အမြင့်မင်း၏ အိမ်တော်၌ အကြီးတော်ချုပ်အဖြစ် အမှုထမ်းနေရာ အသက်အရွယ် ၃၃ နှစ်မျှသာ ရှိရှာသေးသဖြင့် ရာထူးမှလျှော့ချခြင်း, ရတနာသိခ နေပြည်တော်မှ ဝေးကွာလှသော မဲဇာတောသို့ အပို့ခံရခြင်း, ရာဇဝတ်တော်သင့်၍ သားမယားများနှင့် ကွဲကွာနေရခြင်း စသော ၎င်း၏ခံစားချက်များကို ရင်တွင်းမှ အန်ထုတ်လိုက်ခြင်း ဖြစ်သည်။

ဘိုးတော် ဘုရားတော်တို့၏ ကုသိုလ်တော် စေတီကြီးများကို စိတ်၌ရည် မှန်းတမ်းညွှတ်၍ လှမ်းဆွတ်ကြေကွဲမျှမကသေးပါ၊ ထိုအချိန်က ရတနာသိခ နေပြည်တော်ကြီး အာကာသကောင်းကင် ဟန်တား ပိတ်ဆီးသည့်အလား မွမ်းမံအပ်သော ရွှေရောင် ရတနာရောင် အမျိုးမျိုးတို့က ရစ်သန်းလျက် လျှပ်စစ်နွယ်ရောင်တန်းကြီးများလို့ ရှိနေသော ရွှေနန်းရွှေဘုံ အားလုံးတို့ကို လည်း သူ၏စိတ် သူ၏အာရုံ စူးစိုက်ပြီး ကိုက်ရိုက် မြင်ချင်ဖူးချင်လှပါ၏။

သို့သော် လက်ဝဲ သုန္ဒရ၏ စိတ်ထဲ၌ ကား 'သည်တွင် ရွှေမြို့ ဘည်သို့ စေတီ သည်ဆီရွှေနန်း' ဟူ၍သော ရည်မှန်းမြော်တနေကြောင်း စသည်ကိုဖေါ် ပြထားသော အနှစ် ၂၀၀ ကျော်က အတိတ်၏ အရိပ် သဖွယ် ရှုခင်း ကားချပ်ကြီးဖြင့်သာ ကျေနပ်ကြရမည်ဖြစ်၏။

မြို့ထော်၏ အာယု အရပ်၌ ၁၁၁၉ ခုနှစ်က 'မော်စော မြင်သာ' (မြို့တော်စေတီ) တော်တဆူ ဆက်လက် တည်တော်မူသည်၊ ယင်းစေတီ အနီးတွင် မိဖုရားခေါင်က စံကျောင်းတော်နှင့် အတူ အာရာမ် ကျောင်း ဆောင်များကိုရင်း မိဖုရားတဦးက မှန်စီသုံးထပ်ကျောင်းနှင့် အာရမ်ကျောင်း ဆောင်များကိုရင်း တည်ဆောက် လှူခဲ့ကြသည်၊ နန်းမြို့တော် အရှေ့မျက်နှာ ဣန္ဒာတံခါး (ကျုံးနဖူး) အရပ်တွင် အလောင်းမင်းတရားကြီး ကုသိုလ် တော် စံကျောင်းတော် ဆောက်လုပ်ပြီးလျှင် 'ပရမဒိပ သာသနာလင်္ကာရ ရာဇဂုရု' ဘွဲ့တံဆိပ်တော်ဖြင့် ပထမ စရစ်ဆရာတော်ကြီးအား တင်လှူတော် မူသည်။

မိဖုရားခေါင်ကြီး၏ စံကျောင်းတော်၌ 'အတုလ ယသ မဟာဓမ္မ ရာဇဂုရု' သာသနာ့ပိုင် ဆရာတော်ကြီးအား တင်လှူတော်မူသည်၊ သားတော် ကြီး ဘယင်း (ဒီပဲရင်း) မင်းသားကလည်း ပြာသာဒ် သုံးဆောင်နှင့် မဟာ ဘုံသာ ကျောင်းတော်, သားတော်လတ် (မြေဒူး) မင်းသားက ဘုံစံတုလွှတ်ကျောင်းတော်, သားတော်ငယ် အမြင့် မင်းသားက ဘုံလေး ဆင့်ရှိကျောင်းတော်, သမီးတော်အကြီး ကန္နိမင်းသမီးက တုလွတ်ဘုံသာ ကျောင်းတော်, သမီးတော်ငယ် မင်းခင်း မင်းသမီးက သုဒ္ဓါဝါသဘုံစံ ကျောင်းတော်။

ဤသို့ စသည်ဖြင့် သားတော် သမီးတော် များကလည်း ကျောင်းတော် ဆောက်လုပ်၍ အသီးသီး လှူဒါန်းတော် မူခဲ့သည်၊ ကုန်းဘောင် ခေတ်ဦး သာသနာတွင် ဤ ကျောင်းတော်ကြီး များမှာ အထူး ထင်ရှားခဲ့သော ကျောင်းတော်ကြီးများ ဖြစ်သည်။

'တိုင်းရေပြည်ရေးကုန်စေဦး၊ သာသနာရေးမှာ နောက်မှ စိစစ်ဆွေးနွေးလျက် တရားမှန်ဖြစ်စေရမည်' ဟူ၍ အလောင်းမင်းတရားကြီး၏ ဆန္ဒတော်ရှိသည်။

ကုန်းဘောင်ခေတ်ဦးက သာသနာပိုင်ဆရာတော် အတုလယသထေရ်နှင့် ပထမ စရစ်ဆရာတော်တို့မှာ လွန်စွာ ဩဇာကြီးမားတော်မူကြသည်၊ ထိုဆရာတော်ကြီး များနှင့် ခေတ်ပြိုင် ထင်ရှားသည့် ပုဂ္ဂိုလ်မှာ အယူတော်မင်္ဂလာဖြစ်သည်၊ နာမည် မောင်ဦး၊ ဇာတိ စစ်ကိုင်းမြို့နယ် ဒိပဲရင်းခွဲရွာသား၊ ကြီးသောအခါ စစ်ကိုင်းမြို့ အုစီခံရပ် (မြဝတီရပ်) ၌ နေသည်၊ အယူတော် မင်္ဂလာ မောင်ဦးနှင့် သာသနာပိုင် အတုလဆရာတော်တို့လည်း အချင်းချင်း အပြန်အလှန် စာချီးကြသည်။

အယူတော် မင်္ဂလာ မောင်ဦးသည် သာသနာပိုင် အတုလယသ ဆရာတော်အား 'အတုလ ဆရာတော်၊ ယခုမှ တခါပေါ်၊ တစုက မနာပျော်' ဟုဆိုပြီးလျှင် တံ့ဂိုဏ်း ရုံဂိုဏ်းပြဿနာနှင့် စပ်၍ အတုလ ဆရာတော်နှင့် ဆန့်ကျင်သောဂိုဏ်းသားတစုက အတုလ၏ ဩဇာ မနာခံယူ လိုကြောင်း ရည်ရွယ်ထားခြင်းဖြစ်သည်။

ဂိုဏ်းကွဲခြင်းသည် စင်စစ် သီဟိုဠ်မင်း လက်ထက်အခါများက ဖြစ်သည်၊ သာသနာနှစ် ၂၁၀ ခု ဝဋ္ဋဂါမဏိမင်း လက်ထက်က ဆိုလျှင် သမိုင်းကြောင်းအရ ငြင်းနိုင်ဖွယ်မရှိ၊ ထိုမင်း လက်ထက် အဘယ ဝါသီဂိုဏ်း၊ ဇေတဝနဝါသီဂိုဏ်း နှင့် မဟာဝိဟာရဝါသီဂိုဏ်း စသည်တို့ ဖြစ်သည်။

ယင်းဂိုဏ်းကြီး သုံးဂိုဏ်းအနက် မဟာဝိဟာရ ဝါသီဂိုဏ်းသည် မြန်မာနိုင်ငံသို့ကူးစက်ရောက်ရှိလာသည်ဟု ဆိုနိုင်မည်၊ ပုဂံ အနော်ရထာမင်းလက်ထက် အရှင် အရဟံ ရဟန္တာ၏ ကျေးဇူးကြောင့် ရှင်ယောင်အရည်းရဟန်းများ အားနည်းခဲ့လေသည်၊ ပင်းယတစီးရှင် သီဟသူမင်း လက်ထက်၌လည်း ယင်းပုဂံခေတ်မှ ဂိုဏ်းကွဲများ ကူးစက်လာပြန်သည်၊ စကား ခုံနစ်ကျောင်းဂိုဏ်း ပွဲကျောင်းဂိုဏ်း ဂါမဝါသီဂိုဏ်း စသည်တို့ဖြစ်သည်၊ အင်းဝ ပထမ မင်းခေါင်မင်း လက်ထက်မှာလက်ဇွေ့သတ်ဂိုဏ်း ဟူ၍ ပေါ်ခဲ့ ဘူးသည်၊ ဆင်များရှင် (ဘုရင့်နောင်) မှ အနောက်ဘက်လွန်မင်း လက်ထက်များ၌ အရညဝါသီဂိုဏ်းများ အားကြီးလာပြန်လေသည်။

သာလွန်မင်းတရားလက်ထက် အဝတ်အရုံနှင့် စပ်၍ ပိုမိုဂိုဏ်းကွဲပြန်လေသည်၊ နောက်ဆုံး ဟံသာဝတီမင်း လက်ထက် မှာကား တုံ့ရွာနေ ရှင်ဂုဏာ

လက်ာရမထေရ် ဦးစီးသော တုံဂိုဏ်း, သက်န်းရုံစေရသည့် ရုံဂိုဏ်းတို့ ပြင်းထန်စွာ ကွဲပြားခဲ့ရာ အလောင်းမင်းတရား ဦးအောင်ဇေယျ လက်ထက်အထိ ဆက်လက်၍ ကွဲပြားမြဲ ကွဲပြားနေလေသည်။

အလောင်းမင်းသည် အတင် (တုံ) ဂိုဏ်း ဦးစီး ဥသျှစ် ကျေးရွာဇာတိ အရှင် ယသ ဆရာတော်အား 'အတုလယသ မဟာဓမ္မ ရာဇဂုရု' ဘွဲ့တံဆိပ်တော် အပ်နှင်း၍ သာသနာပြု သာသနာပိုင် ခန့်ထားတော် မူသည့်ပြင် ဒုကုဋ်တင် တဂိုဏ်းတည်းဖြစ်စေရန် ဆောင်ရွက် ခဲ့သော်လည်း ပလိုင်းရွာဇာတိ အရှင်သုဇာတစသော အရုံဂိုဏ်းဝင် သံဃာများ ဆန့်ကျင်လျက် ရှိသဖြင့် အောင်မြင်ငြိမ်းအေးမှု မရရှိခဲ့ပါပေ။

သားတော်ကြီး တပယင်း (ဒီပဲရင်း) နှင့် မြေဒူးမင်း လက်ထက်များ၌လည်း အတုလယသ သာသနာပိုင်ဆရာတော်၏ ဩဇာရိပ် မကင်းနိုင်သဖြင့် တုံဂိုဏ်း ရုံဂိုဏ်း ပြဿနာ ကွဲမြဲ ကွဲလျက် ရှိသည်၊ ဘိုးတော် (ဗဒုံ) မင်းလက်ထက် အတုလယသ သာသနာပိုင် ဆရာတော်၏ အတင်ဂိုဏ်း (တုံဂိုဏ်း)မှာ အရေးနိမ့်လေသည်၊ အတုလ ဘက်သား တုံဂိုဏ်း သံဃာများကို လူဝတ်လဲစေသည်၊ ခမည်းတော် ကိုးကွယ်တော်မူခဲ့သော သာသနာပိုင် အတုလဆရာတော်အား လူဝတ်လဲစေခြင်းသည် ဘိုးတော်၏ အမှားကြီး တရပ်အပါအဝင်ဖြစ်၏ ဟု အဆိုရှိသည်။

သာသနာ့အာဇာနည်၏ ဘဝမုခ်ဦး

ကုန်းဘောင် မင်းဆက်များတွင် မိမိတို့ဆန္ဒတော်အလျောက် မြို့သစ်တည်၍ နန်းစံကြရိုး အစဉ်အလာ ရှိသည်။

နောင်တော်ကြီးမင်းသည် ၁၁၂၂ ခုနှစ် ရွှေဘိုမှ စစ်ကိုင်းကို 'ဇေယျာပူရ' သမုတ်လျက် နန်းစံသည်၊ ဆင်ဖြူရှင် (မြေဒူး) မင်းသည် ၁၁၂၅ ခုနှစ် အင်းဝကို တတိယအကြိမ် မြို့တည်နန်းတည်လေသည်။

ဘိုးတော် (ဗဒုံ) မင်းသည် အင်းဝမှ ၁၁၄၄ ခုနှစ် အမရပူရမြို့တည်၍ နန်းစံသည်၊ ဘကြီးတော်မင်းသည် ၁၁၈၁ ခုနှစ် ဘိုးတော်အရိုက်အရာခံပြီးလျှင် ၁၁၈၅ ခုနှစ် အင်းဝကို စတုတ္ထအကြိမ် မြို့တည် နန်းတည်လေသည်၊ သာယာဝတီမင်းသည် ၁၁၉၉ ခုနှစ် ရွှေဘိုမှ အမရပူရသို့ ပြောင်းရွှေ့နန်းစံခဲ့ပြန်သည်၊ မင်းတုန်းမင်းသည်လည်း မန္တလေးရတနာပုံ မြို့တည် နန်းတည် ရိုးစံလေသည်။

ဤသို့အားဖြင့် ကုန်းဘောင်မင်းဆက်တို့သည် ဌာန ရွှေ့ပြောင်း လျက် မြို့သစ် နန်းသစ် တည်ထောင်၍ အသီးသီး စိုးစံခဲ့ကြရာ ရတနာပူရ အင်း၀ စတုတ္ထ မြို့တည် နန်းတည်ခဲ့သော မင်းမှာကား စစ်ကိုင်းမင်း ဟူ၍ရင်း ပုဂံမင်းနှင့် မင်းတုန်းမင်းတို့၏ ဘကြီးတော်ဖြစ်၍ ဘကြီးတော်မင်းဟူ၍ရင်း ခေါ်ကြလေသည်။

ဘကြီးတော် မင်းသည် မိဖုရားခေါင်ကြီး နန်းမတော် (မယ်နု) နှင့် အတူ အင်း၀မြို့တော်တွင် စိုးစံတော်မူရာ နန်းဆက် ၁၃ နှစ် တာကြာ၍ သက္ကရာဇ်အားဖြင့် ၁၁၉၃ ခုနှစ်သို့ ရောက်လေပြီ။

ဘကြီးတော်မင်းလက်ထက် ရွှေဘိုမြို့သည် ဘုရင်ခံမြို့စား မျှသာ နေထိုင် အုပ်ချုပ်ရသော အချိန်လည်းဖြစ်သည်၊ မဟာဇေယျဗိုလ်အား မြို့ဝန် (မြို့စား) အဖြစ် ထားလျက် အုပ်ချုပ်စေသည်။

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ ရှေးဦးစွာတည်ခဲ့သော ရွှေဘိုမြို့ သည် ပညာရှိ သာသနာ့အာဇာနည် ပုဂ္ဂိုလ်ကျော် ဖြစ်လာမည့် ငှက်တွင်း လောင်းလျာဆရာတော်၏ ဖွားမြင်ရာဇာတိနှင့် ချက်မြှုပ်ရာ ဒေသဖြစ်လေ သည်။

ထူးခြားမည့် ပုဂ္ဂိုလ်တိုင်းမှာ ဖွားရာဇာတိနှင့် မျိုးရိုးအစဉ်အဆက်များ ကိုလည်း သိထိုက်ပေသည်၊ ပညာရှိသွေးပါသည့် မျိုးကောင်း ရိုးကောင်း အစဉ်အလာသိရခြင်းမှာ အထူးလိုအပ်သော အချက်ပင် ဖြစ်သည်။

ယခုသမိုင်းတွင် သီးခြား စတုဘုမ္မိက ဂိုဏ်းကို ဦးစွာ တည်ထောင်တော် မူခဲ့သော ပုဂ္ဂိုလ်၏ မျိုးရိုးကား လွန်စွာ ကြီးကျယ်လှပေသည်၊ ဘခင်၏ ဘိုးဘယောက်မှာ စာပေလောကတွင် မှတ်တိုင်ကြီးအဖြစ် မော်ကွန်းတင်ခြင်း ခံရသော စာဆိုတော်ပညာရှိ မြ၀တီဝန်ကြီး ဦးစ ဖြစ်လေသည်။

ဝန်ကြီးဦးစတွင် သမီးကြီးနှင့် သားနှစ်ယောက်ရှိသည်ဟု ဆိုကြသည်၊ သမီးကြီး ရှိကြောင်းကို—

> 'အမရဝတီ (မြဝတီ)၊ ခွန်ဆီစိုးပိုင် မြို့ခရိုင်နှင့်၊ ကျော်လှိုင်ရည် သွား၊ မတ်ခေါင်ဖျား၏၊ သည်းခြား ရင်နှစ်၊ သမီးချစ်လျှင်'

စသည့် ပေစာထုပ်ချည်သည့် အဝတ် ကြိုးပြားပေါ်၌ ထိုးရက်ကမ္ပည်းတင် ထားသော ဆုတောင်းလင်္ကာ အရ သိသာနိုင်သည်။

ဦးစ၏ သား ဆိုသည်မှာ ငှက်တွင်းလောင်းလျာ ဆရာတော်၏ ဘခင် ဖြစ်၍ ဘုရင်မင်းမြတ်တို့ ချီးမြှင့်သနားခြင်းခံရသော မင်္ဂလာ ဥယျာဉ်တော်ကို အုပ်ချုပ်အမှုတော် ထမ်းရသူ ဖြစ်သည်၊ အမည်အားဖြင့် မောင်မောင်လေး ဟု တွင်လေသည်။

မင်္ဂလာ ဥယျာဉ်တော်အုပ် မောင်မောင်လေး[၁] သည် သီပေါမင်းပါတော်မူပြီးနောက် အင်္ဂလိပ်လက်ထက်တွင် မန္တလေးသို့ ပြောင်းရွှေ့နေသည် ဟု အဆိုတရပ်ရှိ၏။

မိခင်ဘက်မှ ဘိုးတော်တယောက်မှာ ကျောက်တလုံးကင်းနှင့် မင်းကွန်းကင်းနှစ်ရပ်တို့ကို စီမံအုပ်ချုပ် ရသော ကင်းဝန် ဦးကြွယ်ဝ ဖြစ်သည်၊ ကင်းဝန်မင်း ဦးကြွယ်ဝသည်လည်း ငှက်တွင်းလောင်းလျာ ဆရာတော်၏ ဘိုးတယောက်ပင်ဖြစ်၏။

ဦးကြွယ်ဝတွင် သမီးကြီး ဒေါ်ခင်ငြိမ်း နှင့် သားငယ် ဦးချမ်းသာဟူ၍ သမီးတယောက် သားတယောက်ရှိလေရာ ဒေါ်ခင်ငြိမ်းမှာ ငှက်တွင်းလောင်းလျာဆရာတော်၏ မိခင် ဖြစ်သည်၊ သားဖြစ်သူ ဦးချမ်းသာမှာ သစ်တောအုပ်ကြီးအဖြစ် ဘုရင့်အမှုတော် ထမ်းလေသည်။

မြန်မာမင်းများ လက်ထက်အခါက အနီးကင်း, ကင်းတို, အဝေးကင်း, ကင်းရှည် နှင့် ကြည်း· ရေ ကင်းများထား၍ အုပ်ချုပ်တတ်ကြသည်၊ အသက် အိုးအိမ်စည်းစိမ်တို့ကို ခိုးသားဓါးပြ သူပုန်စသော ဘေးရန်တို့မှ ကင်းဝေးကြစေရန် တင်ကြိုလုံခြုံရေးအတွက် နေရာချထားခြင်းကို ကင်းဟူ၍ ခေါ်ဆိုရသည်။

ရန်သူ စသော အန္တရာယ် များကို လုံခြုံရန် ထားသည့် နည်းတူ အခွန်အကောက်ဆိုင်ရာကိုပါ တာဝန်ယူ ဆောင်ရွက်ကြ ရလေသည်။

၁။ ၁၂၄၅ ခုနှစ်ခန့်ဆီက မန္တလေးမြို့ မလွန်ဈေးအရပ်တွင် မြဝတီဝန်ကြီး ဦးစ၏သား မောင်မောင်လေး (မြဝတီ မောင်လေး) သည် မြဝတီပုံနှိပ်တိုက် တည်ထောင်ဖွင့်လှစ်ခဲ့ဘူးကြောင်း မှတ်သားရပါသည်၊ စလေဆရာကြီး ဦးပုည ရေးခဲ့သော ပဒုမပြဇာတ်ကိုလည်း ၁၂၄၆ ခုနှစ်က ဒုတိယအကြိမ် ၎င်းမြဝတီ ပုံနှိပ်တိုက်မှ ရိုက်နှိပ်ဟုတ်ဝေခဲ့ဘူးကြောင်း သိရပါသည်။

(စတုရင်္ဂဗလ မြန်မာ ပညာရှိမင်း ဦးဘော၏ အတ္ထုပ္ပတ္တိစာတမ်း)

ရွှေမြို့တော်နှင့် အနီးကပ်ဆုံးကင်းများကို အမှုတော်ထမ်းဆောင်ကြရာ၌ ဘုရင်မင်းမြတ်တို့ အထူးယုံကြည် စိတ်ချရသူများကိုသာ ထားရှိ စေသည့် အစဉ်အလာလည်း ရှိလေသည်။

ဘုရင်မင်းမြတ်က ဦးကြွယ်ဝအား အထူးယုံကြည်စိတ်ချရသော လူယုံတော်တယောက်အဖြစ်ဖြင့် နေပြည်တော်နှင့် အလွန်နီးကပ်သော ကျောက်တလုံးကင်းနှင့် မင်းကွန်း ကင်းများ နေရာ၌ အုပ်ချုပ်ကွပ်ကဲရခြင်းဖြစ်သည်။

နေပြည်တော်နှင့် အလွန် ခရီးဝေးလျက် နိုင်ငံတော်၏ အစွန်အဖျားနယ်ခြား ဒေသများတွင် ကြည်း-ရေ ကင်းရှည် သို့မဟုတ် ကင်းဖျားတို့ကိုလည်း ချထားသည့် အစဉ်အလာရှိသည်။

ငှက်တွင်း ဆရာတော် လောင်းလျာ၏ အဘိုးဖြစ်သူ ကင်းဝန် ဦးကြွယ်ဝသည် သာယာဝတီ (ရွှေဘို) မင်း နန်းမတက်မီကပင် ဘုရင်မင်း အဆက်ဆက် ကိုးစားယုံကြည်ရသည့် အမှုတော်ထမ်း သူရဲကောင်းဖြစ်သည်၊ သို့သော် သာယာဝတီ (ရွှေဘို) မင်းသည် နောင်တော် ဘကြီးတော်အား နန်းချ၍ ထီးနန်းစိုးစံသောအခါ ကင်းဝန် ဦးကြွယ်ဝအား (စလင်းစား) မောင်အို၊ နန်းမတော် (မယ်နု) တို့နှင့် ကြံရာပါသည်ဟု စွပ်စွဲပြီးလျှင် ဘမ်းဆီး၍ ထောင်သွင်း အကျဉ်း ချထားလေသည်၊ ယင်းနှင့် တဆက်တည်း မြဝတီဝန်ကြီး ဦးစသည်း ဘမ်းဆီး အကျဉ်း ချထားရာ၌ ပါဝင်ခဲ့လေသည်။

များမကြာမီမှာပင် စလင်းစား မောင်အိုနှင့် အတူ ကင်းဝန် ငကြွယ်ဝ၊ အတွင်းဝန် ငပေါ်ရောက်၊ လယ်ဝန် ငရေးတို့အား တိုင်းပြည် မငြိမ် မသက် လုပ်ဆောင်ကြသဖြင့် ရွှေဘိုမင်းက ရက်စက်စွာ သတ်ပစ်လေသည်။

မိဖုရားခေါင်ကြီး (နန်းမတော်မယ်နု) ကိုမူ ရေချ၍ သတ်လေသည်။ ယင်းတို့တွင် မြဝတီဝန်ကြီး ဦးစမှာ အသက်ဘေးမှ လွတ်ကင်းချမ်းသာရာ ရရှိလေသည်၊ ဦးစ အသက်ဘေးမှ လွတ်ကင်း ချမ်းသာရခြင်းမှာ အမျက်ဖြေရတုနှင့် သာယာဝတီ (ရွှေဘို) မင်း ဘုန်းတော်ဘွဲ့ ပတ်ပျိုးသီချင်းများကို ဆက်သ သဖြင့် အသက်ချမ်းသာရသည်ဟု အဆိုရှိလေသည်။

သစ်တောအုပ်ကြီး ဦးချမ်းသာမှာ ငှက်တွင်း ဆရာတော် မယ်တော်၏ မောင်အရင်းဖြစ်၍ ဦးချမ်းသာ ငယ်ရွယ်စဉ်အခါကပင် စကားအရာ၌ လိမ်မာတတ်ကျွမ်းသူလည်း ဖြစ်သည်၊ စကားကပ်ကိုးငြင်းခုံ ပြောဆိုရာတွင်

နှစ်ယောက်မရှိဟု အစဉ်အလာ ပြောကြ၏၊ ငြင်းခုံပြောဆိုသည့် နေရာ တိုင်းမှာပင် ပြိုင်ဘက်ကင်းသဖြင့် 'တတ်လိုက်တဲ့ စကားကဖြင့် ဇကား စောင်းစားကျနေတာဘဲ' ဟူ၍ပင် ဆိုစမှတ်ရှိလေသည်။

မောင်မြသီး နှင့် အသိုက်အဝန်း

လူသားတို့တွင် အဆက်အနွယ် မျိုးရိုး အစဉ် အလာကို အထူး သတိပြု သင့်သည်၊ ပုဂ္ဂိုလ်ကျော်တိုင်းမှာ မျိုးရိုးအနွယ်အဆက်များသို့အစဉ်လိုက်တတ် သဖြင့် 'ဘမျိုးဘိုးတူ' ဟု ဆိုကြသည်။

လယ်မြေကောင်းများ၌ စိုက်ပျိုးလိုက်သော မျိုးစေ့ကောင်းများ၏ ပင်စည်ခက်မသန်မာလန်းဆန်းစေ၍လည်း 'ငှက်ပျောပင် စိုက် မိလိုက်ဘပါ' ဟူ၍ ဆိုရိုးစကားရှိခဲ့သည်။

ငှက်တွင်း ဆရာတော် လောင်းလျာ၏ မျိုးရိုးအနွယ်ကို ရှုထောင့် အမျိုးမျိုးဖြင့်လည်း ကြည့်နိုင်သည်၊ ဘိုးဘွား မိဘတို့ အရည်အသွေးဖြင့် လည်း အကဲဖြတ်နိုင်သည်၊ ဘက်စုံ အရည်အသွေး ရှိသည့် မျိုးကောင်း ရိုးကောင်း အနွယ်ပင်မဟုတ်ပါလော။

ဘိုးဘွားမိဘနှင့် ဦးကြီးဦးလေးတို့၏ အသိုက်အဝန်းများ ဝိုင်းရံလျက် ကြီးထွားရသည့် ပုဂ္ဂိုလ်ဟု ဆိုနိုင်ပါသည်။

ဘကြီးတော်မင်း လက်ထက်တော် အချိန်အခါဖြစ်တော့ တိုင်းပြည်က လည်း သာယာရှုမော၍ ဝပြောစည်ပင်လှ၏၊ ငှက်တွင်းဆရာတော်လောင်း လျာ၏ ဘိုးတော် သွားတော်များကလည်း လျှမ်းလျှမ်းတောက် ဝန်ကြီး မှူးကြီးများဖြစ်၏၊ ငှက်တွင်း ဆရာတော်လောင်းလျာ၏ ဘခင် မောင်မောင် လေးနှင့် မိခင် ခင်ခင်ငြိမ်းတို့ လက်ထပ် စုံဘက်သည့် အချိန် အခါကား မည်မျှ သာတောင့် သာယာ ရှင်လန်းပျော်ရွှင်ကြမည်ကို မြော်မှန်းကြည့်ရန် ပင် ဖြစ်သည်။

မောင်မောင်လေး နှင့် ခင်ခင်ငြိမ်းတို့ အိမ်ထောင်သက် ကြာမြင့်သော အခါ သားသမီးရတနာများ တိုးပွား လာလေသည်၊ သားကြီး မောင်မြကြီး အမကြီး ခင်နှင်းဦးတို့နှင့် ငှက်တွင်းလောင်းလျာ အငယ်ဆုံးသားရတနာ မောင်မြသီးဟူ၍ သားနှစ်ယောက် သမီးတယောက်ဖြစ်သည်။

မောင်မြသီး၏ အကို မောင်မြကြီးမှာ အသက် ကြီးလာသော အခါ ဘုရင့်အမှုတော်ထမ်း ကင်းဘက်ဆိုင်ရာ ကင်းစာရေးကြီးဖြစ်သည်။

အမခင်နှင်းဦး မှာ မှန်နန်းတော် မိဖုရား၏ လက်ပါးစေ အပျိုတော်အဖြစ် ခစားရသည်၊ နောင်အခါ မှန်နန်းတော် မိဖုရား၏ လက်ပါးစေ အပျို တော်မှ ထွက်ခွာခဲ့ပြီးလျှင် အင်းဝ, အမရပူရမြို့တော်များနှင့် မဝေးလှ သော အကောက်တော်ရွာမှ သစ်တောအုပ်ကြီး ဦးအုပ်ဆိုသူနှင့် အိမ် ထောင်ပြုခဲ့လေသည်။

ဦးအုပ် - ဒေါ်ခင်နှင်းဦးတို့ နေရာ အကောက်တော်ရွာ ဆိုသည်ကား သပြေတန်းခံတပ် အနီး၌ ရှိလေသည်။

အင်္ဂလိပ် အစိုးရလက်ထက် သပြေတန်းခံတပ်မှ ဧရာဝတီ မြစ်မကြီးကို ဖြတ်ကျော်လျက် အနောက်ဘက် စစ်ကိုင်း ထူပါရုံ စေတီအနီး တကောင်း အရပ်အထိ ၁၉၂၄ - ခုနှစ်က တံတားကြီး ဖောက်လုပ်ရန် စီစဉ်နေသဖြင့် အကောက်တော်ရွာ ပျောက်ကွယ်ရ လေသည်၊ အကောက်တော်ရွာသာ ပျောက်ရသည်မဟုတ်၊ ယင်းရွာနှင့်အတူ ခဝါတော်ရွာ, သက္ကဒါန်ရွာ (ယခု သက္ကယ်တော်ရွာ), သပြေတန်းရွာ စသည့် ရွာတို့မှာ ရွှေကြက်ယက်ဘုရား အနီးတဝိုက်သို့ ပြောင်းရွှေ့ ပေးကြရလေသည်၊ ယင်း ကျေးရွာများမှာ ယခုအခါ ရွှေကြက်ယက်တိုက်နယ် ကျေးရွာပေါင်း ၂၁ တွင် ပါဝင်လျက် ရှိလေပြီ။

အကောက်တော်ရွာ ဦးအုပ်နှင့် ဒေါ်ခင်နှင်းဦးတို့မှ သားတယောက် ထွန်းကားပြန်ရာ အမည်မှာ ဦးအိုင်ဖြစ်သည်၊ ဒေါ်ခင်နှင်းဦးသည် မိမိခင်ပွန်း သစ်တောအုပ်ကြီး ကွယ်လွန်၍ သီလရှင် ဝတ်လေသည်၊ သီလရှင်ဘဝ၌ ဘွားနှင်းဦးဟူ၍ ခေါ်ကြသည်။

ဦးအိုင်သည် မိဘများဖြစ်ကြသော ဦး အုပ် နှင့် ဘွားနှင်းဦးတို့ခေါင်းချရာ ရွှေကြက်ယက်ဘုရားအနီး ဉယျာဉ်ခြံမှာပင် ၁၃၀၉ - ခုနှစ်က ကွယ်လွန်ခဲ့ လေပြီ၊ ဦးအိုင်တွင် သမီး ဒေါ်ခ ထွန်းကားရာ အကောက်တော်ရွာ ဦးထွေးနှင့် အကြောင်းပါ၍ သားတယောက် ထွန်းကား လေသည်၊ အမည်မှာ ဦးလှမောင် ဖြစ်၏။

ဦးလှမောင်သည် ငှက်တွင်းဆရာတော်၏ မြစ်တော်၍ ဘိုးဘွား မိဘတို့ ခေါင်းချခဲ့ရာ ယင်း ဉယျာဉ်ခြံမြေ၌မှာပင် ဆက်လက်နေထိုင်လျက် ယခု အခါ ရွှေကြက်ယက်ဘုရား ဂေါပကလူကြီးတဦး ဖြစ်လေသည်၊ ဤသို့ ဖော်ပြရခြင်းသည် ငှက်တွင်းဆရာတော်၏ မျိုးရိုး အဆက်အနွယ်များ ရှိနေ သေးကြောင်း ထင်ရှားသိကြရန်ဖြစ်သည်။

ဦးမောင်မောင်လေး နှင့် ဒေါ်ခင်ငြိမ်းတို့တွင် သားကြီး မောင်မြကြီး၊ သမီးလတ် ခင်နှင်းဦး (ဘွားခင်နှင်းဦး) တို့အပြင် သားထွေး မောင်မြသီး ဟု သားသမီးသုံးယောက် ရှိလေရာ မောင်မြသီးကား နောင်အခါ ငှက်တွင်း ဆရာတော်ဟု ကျော်ကြားလျက် ဤစတုဘုမ္မိကမင်္ဂလ ဂိုဏ်းကြီးကို ဦးစွာ တည်ထောင်မည့် ပုဂ္ဂိုလ်ပေတည်း။

မိခင် ဒေါ်ခင်ငြိမ်းသည် မောင်မြသီးကို ဘွားမြင်သည့်အခါ အသက် အားဖြင့် ၄၀ ကျော်လေပြီ။

သာသနာတော်နှစ် ၂၃၇၅ ခု ကောဇာသက္ကရာဇ် ၁၁၉၃ ခု.နှစ် ပထမ ဝါဆိုလဆန်း ၇ ရက် ကြာသပတေးနေ့ ၃ ချက်တီးကျော် ၁၁ ဘွား အချိန်တွင် မောင်မြသီး လူ့ဘဝမုခ်ဦးသို့ ရောက်လာသည့်အချိန် ဖြစ်သည်။

မိန်းမတို့မည်သည် များသောအားဖြင့် အသက် ၄၀ ကျော်လျှင် ဓမ္မတာ သွေးဆုံးပြီဟု ဆေးကျမ်းများ၌ ဖေါ်ပြထားသည်၊ မောင်မြသီး၏ မိခင် ဒေါ်ခင်ငြိမ်းသည် သားထွေးရတနာ မောင်မြသီးအား ဖွားသန့်စင်သည့် အခါက အသက်မှာ ၄၂ နှစ်ကျော်လေပြီ၊ ၄၀ ကျော်မှ ဖွားလာသည့် သားတို့သည် —

ခွန်အားသော်လည်း ကောင်းတတ်၏၊
ဉာဏ်ပညာသော်လည်း ထက်မြက်တတ်၏၊
အနာကင်း၍ ကျန်းမာခြင်းသော်လည်း ရှိတတ်၏၊

ဟု အဆိုရှိသည်။

'ယောကျ်ားဝါဆို မိန်းမပြာသို' ဟူသော ရှေးစာဆိုနှင့်လည်း ညီသည်၊ အာသဠ္ဟီနက္ခတ်နှင့် စန်းယှဉ်သည်၊ ပုန်းညက်ပန်းလည်း ပွင့်ရာလ ဖြစ်သည်၊ ဓမ္မစက္ကဒေသနာတော် ဟောကျူးရာ ဝါဆိုလ၌ ဖွားမြင်ပါလျှင် ထူးခြား သော 'ပုရိသာဇည' ပုဂ္ဂိုလ်ထူး ဖြစ်တတ်သည်။

မောင်မြသီး ဖွားခါနီး နေ့တနေ့၌ မိခင်ဒေါ်ခင်ငြိမ်းသည် နေ့လည် အချိန် အိပ်စက်နေရင်း ထူးခြားသော နိမိတ်များကိုလည်း မြင်မက်လေသည်။

'ကြန်အင်လက္ခဏာနှင့်ပြည့်စုံ၍ ဖြူဖွေးသည့် ဆင်ဖြူတော်
ရတနာတစီးကို မိမိ ရင်ခွင်ထက်၌ ပွေ့ပိုက် ထားရသည်'

ဟူ၍ရင်း၊

'နေ့လ နှစ်စင်းပေါ်သို့ တက်၍ ရွှေရှု ကြလာတော့သော ဘုရားရှင်ကို ဖူးတွေ့ရသည်'

ဟု၍ ရှင်း မြင်မက် သည်၊ ထိုစကား မှတ်သားထိုက်လှ၏၊ ဘုန်းကံရှင်များသည် မိခင်ဝမ်းအတွင်း၌ပင် ဖြစ်စေ ဖွားမြင်ပြီးဖြစ်စေ ထူးခြားသော တိတ်နိမိတ်များ ပြဘက်မြဲရှိလေသည်။

'ဒင်္ဂုညာ၊ သမ္ဘာရနှင့်၊ ပြည့်ဝပုတ္တာ၊ ဖွားမြင်လာမူ၊ ... ဘမိ၊ စည်းစိမ်ရှိလျက်၊ သိရှိထွေထွေ၊ ကျက်သရေကား၊ တက်ခ... ဝေဆာ...၊ မှန်မလွဲတည့်။'

မြနန္ဒာ ကန်တော်ကြီးမှာ

ရွှေဘို မြို့သစ်နန်းသစ် တည်ဦးစကပင် ၇-၅ာန အပါအ... မဟာ နန္ဒာကန်တော်ကြီးရှိသည်၊ မူးချောင်းငယ်တို့မှ ရေအလျဉ်တို့သည် မိမိတို့ စီးလိုရာသို့ မစီးဆင်းစေရ၊ အလောင်းမင်းတရားကြီး၏ တုဘက် ကင်းသည့် ဘုန်းသမ္ဘာတော်အမိန့်ဖြင့် စွဲမှတ်လျှင် ရေအလျဉ်များ တသုံးတခဲ တစုတည်း စီးဝင်လာရသည်။

ချောင်းကြဉ်လို့မရ ဝံ့ပြုလို့မရ အခွန်ဘဏ္ဍာတော် တိုးပွားပြီးအောင် အန္ဓအပြား အပြည့်အဝ အလျှံစပယ် ဤကန်တော်ကြီးသို့ တိုက်ရိုက်စီးဝင် ရသည်၊ ပလိပ်စား ချောင်း၌လည်း —

'မူးလည်းလိုရာ၊ မစီးသာဟု၊ အာဏာဘက်ရှဲ၊ မိန့်တော်စွဲက၊ အခဲ အကျည်၊ ရေအယဉ်တို၊ ချောင်းကြဉ်မဝံ့၊ ခွန်ထွက်ဖွံ့အောင်၊ အန္ဓပြည့်ဝ၊ စီးဝင်ရသား'

ဆိုသည့်အတိုင်း ကြီးကျယ်လှသော ဤမဟာနန္ဒာ ကန်တော်ကြီးတွင် ရှုမညီးဖွယ်သော ကော်ကနု၊ ပဒုမ္မာ၊ ကြာခေါင်းလောင်း၊ ကြာပဏ္ဍရိက် စသည့် ကြာမျိုးစုံတို့မှာ ပွင့်ငုံကြွားကြွား ကားရရား ရှိကြ၏၊ အချို့ကြာ တို့မှာဆိုလျှင် –

'မြနှစ်ရိုးဆို၊ ပန်းကြာညိုလည်း၊ နေကို မငဲ့၊ ပွင့်လင်း အံ့ဟု၊ ပျံ့ပျံ့နံ့မျိုး၊ ရေပေါ်မိုး၍၊ ဖြိုးဖြိုးဝတ်ဆံ၊ ကြွေကြွေ ရံလျက်၊ ရိုးတံ သွယ်သွယ်၊ သီကုံးချယ်'

သကဲ့သို့လည်း ရှိ၏။

No. 3

'ငှက်တို့သော်လည်း၊ သံငေါ် တသီး၊ သံကြီး တဆွေ၊ သံခြေ ညှင်းညှင်း၊ သံပြင်း သံကျော်၊ တူစုံ ပျော်လျက်၊ မူးမော် စုံလက်၊ လည်ချင်းယှက်၍၊ ယူယက်သည်သို့၊ လူကဲ့သို့လျှင်၊ တချို့ ခံ့တု၊ တချို့တုံလည်း၊ ငုံကာထားလျက်' နေကြ၏။

'ကြိုးကြာ စက္ကဝက်၊ လည်ချင်းယှက်၍၊ နွယ်ဆက်ခေါ်ထူး၊ ပူးတုခွာတု၊ နေဇာလှုံလျက်' ငှက်သဘင်ခံကြသည်မှာ ပျော်ရွှင်ဖွယ် ရှိလှပေ၏။

'စာက စည်းအုပ်၊ ကျီး လက်ခုပ်နှင့်၊ စည်ပုပ် မည်သာ၊ ဆက်ရက်မှာလည်း၊ မြည်အာသံညှင်း၊ တီးလင်းကွင်းနှင့်၊ ငြင်း ကား ငှက်တော်၊ လှော်လှော် ရင်အောင်၊ ဖောင်ကားဝံ့ဖို၊ ဝံလို အဲထူး၊ နှဲကျူးဥဩ၊ ရွှေဖော်နှော၍၊ တရောထိုးဟန်၊ တိရစ္ဆာန်တို့၊ သဏ္ဌာန်ရင့်ညောင်း၊ ဥဒေါင်းဖိုမ၊ ကသည် မောင်နှံ၊ ငှက်ပေါင်းသံကို၊ တရံဆွတ်မျှ၊ ကြားကာလ လျှင်....'

(နဝဒေးကြီးရတု)

စာသူငယ်က စည်းကိုင်သည်၊ ကျီးက လက်ခုပ်တီးသည်၊ ငှက်တော်က ငြင်းတီးသည်၊ ငှက်ဝံလိုက အဲထူး၏၊ ဥဩက နှဲမှုတ်၊ ဥဒေါင်း ဖိုမတို့က စုံတွဲကကြသည်။

ငှက်ပေါင်းစုံမြူး၍ ငှက်သဘင် ခံကြလျက် တီးဝိုင်းကြီးဖွဲ့ကာ တီးမှုတ် ကခုန်နေကြ၏။

ဤသို့လျှင် မဟာနန္ဒာ ကန်တော်ကြီးဝယ် ကြည်နူးဖွယ် အစုံအလင်ဖြင့် ငှက်သဘင်ခံနေကြသည့် ဝါဆိုလမြတ် အခါလည်း ဖြစ်ပါ၏၊ ထိုလတွင် ငှက်အများ သားဖောက်ကြသည်ဟု အဆိုရှိပါ၏။

ယင်းသို့ မကြုံစဖူး တဖုံထူးခြား၍ ငှက်အများ ရွှင်မြူးနေကြခြင်းမှာ စင်စစ်အားဖြင့် ငှက်တွင်းဆရာတော်လောင်းလျာ မောင်မြသီးအား ထိုနှစ် ထိုအချိန်အခါက ကျေးငှက်တိရစ္ဆာန်တို့ကပင် ခရီးဦးကြိုဆို တေးဆိုကြသကဲ့သို့ ထင်မှတ်နိုင်ပါသည်။

ငယ်စဉ်ကလေးအရွယ် မောင်မြသီး

မောင်မြသီး တလသားအရွယ်သို့ ရောက်သောအခါ ဗိဋ္ဌမင်္ဂလာ အဖြစ် ဖြင့် ကင်ပွန်းတပ်ကြလေသည်၊ ဗိဋ္ဌမင်္ဂလာဟူသည် ရတနာသုံးပါးနှင့် တကွ ပါရမီ, မင်္ဂလာ, လောကုတ္တရာ, စတုဘုမ္မိက တည်းဟူသော မဟာသတိပဋ္ဌာန် တရားများ တန်းဆာဆင်ခြင်းပင် ဖြစ်သည်။

သူ၏ အဘိုးဖြစ်သူ မြဝတီဝန်ကြီး ဦးစကမူ ဖျင်ဖြူကို နန္ဒင်းဆိုးစေပြီး လျှင် အရဟတ္တဓဇအဖြစ် အမှတ်ပြုသည်၊ ဤသို့ပြုခြင်းမှာ—

'ယောကျ်ားဖြစ်လျှင် လက်ျာပုခုံးထက်၌တင်၍ မိန်းမ ဖြစ်လျှင် နဖူးပြင် ဦးခေါင်းထက်၌ တင်ရလေသည်၊ လက်ျာ ဘက်လက်ဝါးပြင်ကို ဆွဲကြည့်ခြင်းဖြင့် အမှတ်အသားဖြစ် သော လက္ခဏာ အရေးအကြောင်းများကို သိရသည်'

ဟူ၍ အဘိုးက မြင်သည်။

သောဠသ ပရိက္ခရာ[၁]မှတ် ဖြစ်သော လက္ခဏာအရေးများ သုံးသပ်လျက် သချ်ာသရုပ် ပရိက္ခရာ ထီး ဘိနပ် ချုပ်၍ ရဟန်းလုပ်ဘူးသည့် လူငယ်တည်း ဟူ၍ အသိအမှတ် ပြုကြသည်။

ထိုအချိန်က ရွှေဘိုမြို့တွင် ခုံကတော်ကြီး ဒေါ်မယ်ထီဟု ရှိသည်၊ ဒေါ်မယ်ထီသည် အသက်ကြီးလာရုံမက မိမိခင်ပွန်း ခုံမင်းကြီး အနိစ္စရောက် သဖြင့် သီလရှင် ဝတ်နေလေသည်။

သီလရှင် ဒေါ်မယ်ထီသည် ကျောင်း ဇရပ် ရေတွင်း ရေကန်အမ ဒေါ် ခင်ငြိမ်း၏ သားရတနာ မောင်မြသီးအား ယုယပြုစု၍ နေလေ၏။

မိခင် ဒေါ်ခင်ငြိမ်းနှင့် သီလရှင် ဒေါ်မယ်သီတို့က မောင်မြသီးအား အစဉ် ပြုစုစောင့်ရှောက်လာရာ ၆-လအရွယ် ရှိလေပြီ။

နို့စို့အရွယ် ကလေးသူငယ်တို့မှာ များသောအားဖြင့် ငိုတတ်ကြ၏၊ မောင်မြသီးသည် ငိုတတ်သော အရွယ်ကပင် ငိုခြင်းမရှိ ရယ်ခြင်းလည်းမရှိ၊ ကလေးငယ် အရွယ်ကပင် ကလေးတို့ သဘောကို ဦးစွာတော်လှန်ခဲ့သည်၊

၁။ ပရိက္ခရာ ၁၆-ပါးသရုပ်ကို ဆရာတော် ရေးခဲ့သော 'မဟာသတိ ပဋ္ဌာန မဂ္ဂင်ဒီပနီကျမ်း' စာမျက်နှာ ၁၁၂-တွင် ကြည့်ပါ။

ကလေးနှင့်မလိုက်အောင် ရင့်ကျက်သော ဉာဏ်ရှိသည်ဟု အစဉ်အလာ မှတ်သားချက်ရှိသည်။

မောင်မြသီး အသက်အရွယ် ၇ - လ ရှိသောအခါ မိခင်နှင့် သီလရှင် ဒေါ်ဘွားထီတို့သည် မောင်မြသီးအား ပွေ့ချီလျက် ခြေညောင်း လက်ဆန့် သဘောဖြင့် မဟာနန္ဒာကန်ထော်သို့ စီးဆင်းနေသော မူးချောင်းရေကို ပျော်ရွှင်စွာ ရေချိုးပေးလေသည်။

မောင်မြသီးသည် မိခင်နှင့်အတူ မူးချောင်းတွင် ရေချိုးပေးနေစဉ် မိခင် လက်မှ လွတ်၍ ရေအလယ် လှေယံပမာ ရေအယဉ်၌ မျောပါသွားလေ သည်။

မျောပါနေသော သူငယ် မောင်မြသီးအား မိခင်နှင့် သီလရှင် ဘွားထီ အံ့အားသင့် ထိတ်လန့်စွာဖြင့် ဆယ်ယူကြရလေသည်။

ယင်းသို့ ဖြစ်ပျက်သော အကြောင်းအရာကို အိမ်သို့ပြန်ရောက်ကြ၍ အစုံ အလင် သိကြသော ဘိုးဘွားတို့က—

'ဤသူငယ် ကြီးလာသောအခါ လူ့ဘောင်နေလျှင် လူမင်း — ရဟန်း၀တ်နှင့်နေလျှင် ရဟန်းမင်း စင်စစ် မုချ ဖြစ်ရမည်'

ဟု ဟောကိန်းထုတ်၍ မင်္ဂလာရှိသော နိမိတ်များကို ပြောကြားနေကြ လေသည်။

လူရည်ချွန် မောင်မြသီး

ပုဗ္ဗာစရိယာ မည်ထိုက်စွာ မာတာပီတ မိနှင့်ဘ,'ဟု ဆိုရိုးစကား အစဉ်ရှိပါသော်လည်း အမှန်အားဖြင့် မောင်မြသီးမှာ သီလရှင် ဘွားထီ၏ လက်တွင်း၌သာ ကြီးလာရသည်၊ ဘွားထီ ၀မ်းနှင့်လွယ်၍ မမွေးရသည် တမယ်ဖြစ်ပါ၏၊ မောင်မြသီးအား ပြုစု ယုယရာ၌ မိခင်ထက် သာဖွယ် ရှိသည်၊ သူ့မိခင်အောက် မယုတ်လျော့၊ ဒေါ်မယ်ထီသည် မောင်မြသီး အား မပီတပီအရွယ်ကပင်—

'အာဒိ ပထမ၊ နမော စ၍၊ သို့ချ-သို့သင်၊ သို့ငင်-သို့ဆင့်၊ သို့ပင့်-သို့ရစ်၊ ပြေပြစ် စေရာ၊ အက္ခရာကို၊ သိသာစေချင်'

လှသည့် သဘောဖြင့် ရေးဦးစွာ နမောဗုဒ္ဓါယ စ၍ သင်ပေးသည်၊ အက္ခရာများကိုလည်း အဆိုခိုင်းသည်။

ရေးချရမည့် အက္ခရာ, မောက်ချရမည့်အက္ခရာကို ခွဲခြားပြသည်၊ လုံးကြီး တင်ရပုံ နှင့် သေးသေးတင်ရပုံကိုလည်း သင်သည်၊ တချောင်းငင်နှင့် နှစ်ချောင်းငင်ရပုံကိုလည်း ဆွဲပြသည်၊ အပင့် အရစ်ကိုလည်း ပြသည်၊ ကကြီး ခကွေး စသော အက္ခရာ စာလုံးများ ပြိုင်ပြိုင်ပြင်ပြင် ထင်ရှားသိသာအောင် ရေးပြသည်။

'ဖတ်ရွတ်လျှင်လည်း၊ သို့ပင် · သို့ဖတ်၊ သို့မှတ် · သို့ဆို၊ သို့ကို · သို့ရေး၊ သံလေး · သံဖြတ်၊ သံလွတ် · သံငေါ်၊ နာပျော် နာသာ၊ နားတန်းဆာကို၊ သိသာလျှင်အောင်၊ မီးတံဆောင်ကို၊ လောင်လတ်သော့ကား၊ တောင်ထိပ်ဖျားဝယ်၊ စိုက်ထားမိုးတွင်၊ တန်ခွန်တင်သို့–' ၁

ရွတ်နည်း ဖတ်နည်းကို သင်ပြသည်၊ ဤအသံကား သံလေး · ဤအသံကား သံပေါ့ · ဤအသံကား သံနု · ဤအသံကား သံရင့် စသည်ဖြင့်လည်း ခွဲခြားပြသည်၊ မည်သည့်အသံကို မည်သို့ရွတ်ဖတ်ရမည်ဟု သင်ပြပြီးလျှင် ဖတ်သောအခါ တောင်ထိပ်၌ စိုက်ထူထားသော အလံကို အဝေးကပင် ထင်စွာ မြင်ရသကဲ့သို့ရင်း တောင်ပေါ်၌ ထွန်းညှိထားသော မီးရှူးတန်ဆောင်ကို အဝေးကပင် ထင်စွာ မြင်ရသကဲ့သို့ရင်း ကြားရသူ၏ နားသောတ၌ ထင်ရှား ပြတ်သားစွာ သိမြင်လာအောင် ရွတ်ဖတ်ပါဟူ၍လည်း ဆို၏။

'လက်ဖြင့် နားတွင်း၊ ဆုပ်၍သွင်းသို့၊ မတင်းမလျော့၊ မပေါ့ မလေး၊ လူရည်သွေးသည်၊ စာရေးတတ်၍၊ စာဖတ်သူထက် ထူးစေသော....'

ဆိုသည့် မာတော၀ါဒ ဆုံးမစာနှင့်လည်း ညီစေသည်။

ဤသို့ နမောဗုဒ္ဓါယမှ အစပြု၍ စာသင်ရာ၌ ကျောက်တံ ခဲတံကိုင်ပုံနှင့် လက်အနေအထားကိုလည်း–

၁။ ပုဏ္ဏောဝါဒ ဆုံးမစာ ပိုဒ်များကို ' ' ဖြင့် ပြထားသည်။

သို့မှာ သို့ရေး၊ နှုတ်သံလေးနှင့်၊ ညီထွေး သည့်နှယ်၊ လက်သူကြွယ်နှင့်၊ လက်လယ်ကိုကား၊ ဤသို့ ထားမှ၊ လက်မှ သိုသိပ်၊ လက်ညှိုးပိတ်၍၊ နှိပ်ကာလည်း ကြွ၊ မ,ကာလည်း ရေး၊ နှုတ်သံလေးနှင့်၊ အေးအေးသံရှင်၊ လက်ထားသင်သည်။ ။ဤတွင် အာဒိ အစတည်း....'

မောင်မြသီးအား မိဘနှင့် ဘွားထီတို့က စကား ပီကာစ အရွယ်ကပင် အိမ်မှာ သင်ကြားပေးလေရာ သူငယ်တို့ တတ်သင့်သော အခြေခံ ပညာရပ်များ တတ်မြောက်ပြီး ဖြစ်သည်။

ဘိုး ဘွား မိဘများ လက်ထက်အခါကပင် အစဉ် ကိုးကွယ်ကြသည့် ဆရာတော် ရှိသည်၊ ယင်းဆရာတော်ကား ရွှေဘိုမြို့ ခေတ်ဦးအချိန်က ထင်ရှားသော စရစ်ကျောင်းတိုက်ကြီးမှ အဆက်အနွယ် ဆရာတော် ဖြစ်သည်။

ရွှေဘိုခေတ်ဦး သာသနာတွင် အလွန်တင်ရှားခဲ့သော ပထမ စရစ်ဆရာတော်၏ တပည့် အရှင်ကောဏ္ဍညာဘိဇ မထေရ် ဖြစ်သည်။

ပိဋက သုံးပုံနှင့်တကွ နက္ခတ် ဗေဒင် ဆေးကျမ်း ဓာတ်ကျမ်း စသည်တို့ကို ပြောင်မြောက်စွာ တတ်ကျွမ်းတော်မူသည့် ဆရာတော်တပါးလည်း ဖြစ်သည် ဟု သိရပေသည်။

ထိုဆရာတော် အရှင်ကောဏ္ဍညာဘိဇ အထံတော်သို့ မိဘ ဘိုးဘွားတို့က မောင်မြသီးအား ပညာသင်ကြားရန် အပ်နှံကြသည်။

ကျောင်းသားလေး မောင်မြသီး

မောင်မြသီး ကျောင်းအပ်ချိန်မှာ အရွယ်အားဖြင့် ၆ - နှစ်သားမျှသာ ရှိပါသေးသည်၊ မောင်မြသီး ကျောင်းမရောက်မီ ညအချိန်တွင်—

'အမွှေးအတောင်လှပသော ကျေးသား တကောင်သည် ဆရာတော်အထံသို့ လာရောက်၍ ထူးဆန်းဘော စကားကို သင်ယူလေ၏'

ဟူ၍ ဆရာတော် အရှင် ကောဏ္ဍညာဘိဇ အိမ်မက် မြင်လေသည်၊ ဆရာတော်သည် မြင်မက်သော အိပ်မက်အတိုင်း ကျောင်းသား မောင်မြသီး ကျောင်းသို့ အပ်နှံခြင်းဖြင့် မောင်မြသီးပင် ကေန် ဖြစ်ရမည်ဟု ယုံကြည်လေသည်။

သို့ဖြစ်၍ ကျောင်းရောက်စ အချိန်ကပင် မောင်မြသီးကို စာပေသင်ကြားရာ၌ အခြား ကျောင်းသားများထက် ပို၍ သင်ပေးလေသည်။

'ကျောင်းမှာ မြဲနေ၊ စာပေ သင်သင်၊ သို့လျင် - သို့ဖတ်၊ သို့မှတ် – သို့ရေး၊ သို့မေး - သို့ဖြေ၊ သို့နေ သို့ထိုင်၊ သို့တိုင် - သို့ကြွ၊ သို့ကွ - သို့ကုန်း၊ သို့သုံး - သို့စွဲ၊ သို့လဲ - သို့ဝါး၊ သို့စား – သို့သောက်၊ သို့လျှောက် - သို့ဆို၊ သို့ကို - သို့ကျင့်၊ သို့နှင့် - သို့ရှိုး၊ သို့ရှိခိုးဟု ...'

စသော ပုဗ္ဗောဝါဒ ဆုံးမစာနှင့်အညီ ကျောင်းရောက်၍ မကြာမီကပင် စာပေကို သင်ပြလျှတ် အဖတ် အရွတ်, အရေး အသား, ဂဏန်းသင်္ချာ စသည့် ပညာများကိုသာမက အနေအထိုင် အသွားအလာ အပြောအဆို အစားအသောက် အလျှောက်အဆို အကျင့်စာရိတ္တနှင့် ပြုမူရမည့် အချက်အလက်များကိုပါ သင်ကြားပေးလေသည်။

'ကျမ်းဟောင်း ဖွေဖော်၊ ပညာတော်ဖြင့်၊ သည်သော်-သည်နှင့်၊ သည်မှာ သင့်ဟု၊ သည်ဖြင့် - သည်ပြု၊ သည်ကျင့်ထုကို၊ သည်ဟု မှတ်မှတ်၊ သည်ဘို့ ညွှတ်လျက်၊ သည်မြတ်သည်မွန်၊ သည်လျှင် မှန်၏၊ သည်ရန် မင်းကို၊ သည်တွင်းလိုဟု၊ စိတ်ကို စိတ်ချင်း....'

စသည့် သုဝဏ္ဏသျှမ် သစ္စာခန်း ပျို့လာ အတိုင်း စာပေပညာကို သင်ကြားပေးရုံမျှမက အကျိုးရှိမည့် အကျင့်ကို သည်သို့ ပြုကျင့်၊ သည်သို့ဆို၊ သည်သို့ အမှန်ပြော၊ စိတ်ချင်းမျှ၍ ငါကဲ့သို့ အတုလိုက်၍ ပြုလုပ်ရမည်စသည့် ဩဝါဒကိုလည်း သင်ယူ နာကြားရသည်။

မောင်မြသီးသည် အိမ်မှာနေစဉ်ကပင် မိဘတို့က တချို့ သီလရှင်ဒေါ်မယ်ထိကတဖုံ သင်ကြား ညွှန်ပြခဲ့သည့် သူငယ် ဖြစ်၍ ဆရာတော်အရှင်ကောဏ္ဍညာဘိဓဇ သင်ပြသည်ကို အလွယ်တကူ သင်ယူနိုင်သည်။

ညဏ်ကောင်းသူတို့မှာ ' များများလည်းသင်၏ မြန်မြန်လည်းတတ်၏ 'ဆိုသောကျမ်းလာစကားနှင့် အညီ မောင်မြသီး၏ ' နှလုံးအိမ်တည်းဟူသော ရတနာသိင်္ဂီရွှေခွက်၌ ခြင်္သေ့ဆီနှင့် တူသော အက္ခရာ စာလုံးလေးများ အစဉ်ကိန်းအောင်းစံပျော်လျက် ' နေသည်။

တလနှင့် သင်ယူရမည်ကို တပတ်အတွင်း တဘ်မြောက်သည်၊ သို့နှင့် တနှစ်ကြာလျှင် သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဇာတ်ကြီးဆယ်ဘွဲ့၊ နက္ခတ်၊ ဗေဒင်၊ ဆေးကျမ်း၊ ဓာတ်ကျမ်းများ အဓိပ္ပာယ်နှင့်တကွ နားလည် တတ်ကျွမ်းပြီး ဖြစ်သည်။

သစ်ဆင်းလမှာ ရှောက်ရှာမိုး

တော်သလင်း လသည် ဖျောက်ဆိပ် မွန်းလွဲချိန် ဖြစ်သည်၊ ထိုလ၌ ကန်ဆင်းမိုး ရွာရိုးအစဉ်အလာ ရှိသည်၊ မိုးများစွာ သွန်းချရာလမှာ တော်လင်းလ။

တောဂနိုင် စုံမြိုင်အတွင်းမှ အလေ့ပါ သစ်တုံးများ မျောဆင်းကျရာလ၊ သို့ဖြစ်၍ ဤလကို 'သစ်ဆင်းလ' ဟူ၍လည်း ဝေါဟာရရှိသည်။

မိုးများစွာ ရွာသွန်းသော ဤလ၌—

> 'မိုးလိုက် မိုးခါ၊ မလွန်ရာဘဲ၊ ကြတ္တိကာကြယ်၊ ကြက်သူငယ်တို့၊ မိုးလယ် အချက်၊ အာရုံတက်၌၊ ထိန်လက် ရိုးရဲ၊ မွန်းမလွဲမီ၊ မျိုးကြဲကောက်ကြီး....'

စသည့် (မာဃဒေဝ) လင်္ကာအရ ရွှေဘိုမြို့ ပတ်ဝန်းကျင် တဝိုက်တွင် ထွန်ယက် ပျိုးကြဲခြင်း၊ ကောက်ကြီးစပါး မုရင်းစပါး စိုက်ပျိုးခြင်းများ ပြုရာအချိန် ဖြစ်သည်။

မောင်မြသီး နေသော စရစ်ကျောင်းတိုက်တွင် ပိဋကသုံးပုံနှင့် တကွ ဂန္ထန္တရပေ ပုရပိုက်ကျမ်းစာ များစွာ ရှိသည်၊ ထိုကျမ်းစာများ ထားရာ အဆောင်တခုမှာ ကျောင်းမကြီးနှင့် ဆက်သွယ်ဆောက်ထားသည်။

မိုးလရာသီအလျောက် နေ့လည်အချိန်တွင် ရှောင်တခင် 'ရှောက်ရှာမိုး' ရွာသည်၊ ရှောက်ရွာမိုးမှာ ကောင်းကင်တိမ်တိုက်ထု ရှိနေရာ၌ ရွာမြဲဖြစ်သည်။

စရစ်ကျောင်းတိုက်ကြီးတွင် ရဟန်း သာမဏေ ကျောင်းသား သူငယ်များနှင့် စာသင်ရင်း မောင်မြသီး အိပ်ပျော်လေသည်၊ စရစ် ဆရာတော်လည်း ပေစာကိုင်၍ စာကြည့်သည့် အချိန်မှာပင် ကျိန်းစက် လေသည်၊ တော်သလင်း ရှောက်ရွာမိုးသည် ထိုအခိုက် ရွှေဘိုမြို့ပတ်ဝန်းကျင်၌ သည်းထန်စွာရွာချလေသည်၊ ကျိန်းစက်တော်မူသည့် စရစ်ဆရာတော်မှာ တိုအတွင်း ပိဋက ဓမ္မက္ခန္ဓာများ မိုးရေစွတ်နေသည် ဟု အိပ်မက် မက်လေသည်။

ဆရာတော် အိပ်မက် မက်ပြီး ရုတ်ခြည်းနိုးတော်မူသည်၊ ဆရာတော်သည် ကျယ်ဝန်းသော ကျောင်းတွင် ပိဋကတ်တော် ပေစာပုရပိုက်အဆူများ ထားရာအဆောင်သို့ ကြွ၍ ကြည့်တော် မူသည်၊ ပိဋကတ်တော် အဆောင်မှာ မိုးရေတစက်မျှမရှိ အနှံ့အပြားကြည့်သော်လည်း ပိဋကတ်တော် တဆောင်လုံး မိုးရေ စွတ်စိုနေခြင်း မရှိ။

မိမိနေရာ အခန်းဆောင်သို့ ပြန်ကြွပေသည်၊ စန္ဒဆောင်နှင့် ဇေတဝန်ဆောင်နှစ်ခုကြား၌ ရေလျှောက် ရှိသည်၊ ဆရာတော် ထိုရေလျှောက်အောက်သို့ ရောက်တော်မူရာ မောင်မြသီး အိပ်ပျော်နေသည်ကို တွေ့ရသည်။

ရေလျှောက်အောက်မှ ကျသော မိုးရေများမှာ အိပ်ပျော်နေရှာသော မောင်မြသီး ခန္ဓာကိုယ်တခြမ်း စွတ်စိုနေသည်၊ ဆရာတော် စိတ်မကျေနပ်သဖြင့် တပည့်ရဟန်းတို့အား ပိဋကတ်တော်အဆောင်မိုးရေစိုမစိုအကြည့်ခိုင်းပြန်သည် ပိဋကတ်ဆောင်တခုလုံး မိုးရေစိုခြင်း မရှိ။

ပိဋကဓမ္မက္ခန္ဓာ မိုးရေစိုနေသည် ဟူ၍ မြင်မက်သော အိမ်မက်သည် ဤကျောင်းသား မောင်မြသီးအဖို့ အိမ်မက်ပေတကား ဟူ၍ အတတ် ဆုံးဖြတ်လေသည်၊ ဤသူငယ်ကား ကေန်ဒိဋ္ဌ ထူးချွန်မည် ကြီးပွားမည် ဟူ၍လည်း နိမိတ်ဖတ်လိုက်ပေသည်။

ဆရာတော် အိပ်မက်အရ မြော်မှန်းကြည့်လျှင် ဤသူငယ်ကား တရားတည်းဟူသော မိုးရေမိုးပေါက်များ သွန်းဖျန်းပေစွမ်းနိုင်မည့် လက္ခဏာဟု ဆိုရပေမည်။

မိုးတကြိမ်ရွာသွန်းလျှင် မိုးရေပေါက်များစွာ မရေတွက်နိုင်ပါ၊ တရားရေအေး အပ်မြိုက်ဆေးလည်း မိုးရေပေါက်များပင် မဟုတ်ပါလား။

မိုးရေတို့သဘောမှာ အပူဓာတ်ကို ငြိမ်းအေး စေနိုင်၏၊ တရားတည်းဟူသော မိုးရေဖြင့် အပူဓာတ် ကိန်းကြသူတို့အား ငြိမ်းချမ်း၍ ရွှင်လန်းစေနိုင်မည် မဟုတ်ပါလား။

အရှင်ပဏ္ဍဝ နှင့် သာသနာ့အမြုတေ

ခုနှစ်၊ လ၊ ရက်တို့သည်........

ထာဝစဉ် ပြေးသွားနေသော စက်ယန္တရားကြီးနှင့် တူပါသည်၊ အချိန်

အခါဟု ဆိုအပ်သော ထိုစက်ယန္တရားကြီးအပေါ်၌ လူသားတိုင်း ထာဝစဉ် လိုက်ပါ၍ ပြေးလွှား နေရသည်။

သက္ကရာဇ် ၁၁၉၉ ခုနှစ်သို့ရောက်ခဲ့လေပြီ၊ ကျောင်းသား မောင်မြသီး ၉ နှစ်သားအရွယ်ရှိလေပြီ၊ ထိုနှစ်က သာယာဝတီမင်းသည် နောင်တော် ဘကြီးတော် မင်းအား ပုန်ကန်ခြားနား၍ မင်းအဖြစ်ခံယူသည်၊ အမရပူရ နေပြည်တော် ထီးနန်းစိုးပိုင်လေသည်၊ သာယာဝတီမင်းမှာ အသက် ၅၅ နှစ် အရွယ် ရှိလေပြီ၊ မိဘုရား မမြလေးမှာ ထိုအချိန်က အသက် ၂၇ နှစ်အရွယ်ရှိရှာပါသေးသည်၊ သာယာဝတီမင်း သက်ရွယ်ကြီးကာမှ နန်းစံခဲ့ရပေမဲ့ တိုင်းပြည် အေးချမ်းခြင်းမရှိပါ၊ နန်းတွင်းရေးလည်း ဆူပူလှုပ်ရှားနေသည်၊ သာယာဝတီမင်းကား ရက်စက်သည်၊ ကြမ်းကြုတ် ခက်ထန်သည်။

ထိုမင်းလက်ထက်မှာပင် စကြာမင်းလေး ဟု ဂုဏ်မွေးခဲ့သော ညောင်ရမ်းကိုယ်တော်နှင့် ချစ်လှသော အနောက်နန်းမတော် (မမြလေး)တို့ကို အပြစ်ရှာ၍ ရက်စက်စွာ ကွပ်မျက်လေသည်။

မမြလေးနှင့် ခေတ်ပြိုင်စာဆိုတော်ကြီးများတွင် ထင်ရှားသော မြဝတီဝန်ကြီးဟောင်း ဦးစအား ထောင်သွင်း အကျဉ်းချထားရာ ၂ နှစ်နှင့် ၇ လကြာလေပြီ၊ ဦးစလည်း အသက် ၇၁ နှစ်ရှိခဲ့လေပြီ၊ မမြလေးနှင့် တခေတ်တည်း ခေတ်ပြိုင်စာဆိုတော်ကြီးတို့ကို အိမ်ရှေ့အတွင်းဝန် ဦးသင်က အမှတ်တရ စာဆို ခဲ့ဘူးသည်မှာ—

> 'ပဒေသရာဇာ ဘွဲ့ကြိုး၊ ငအောင်ဖြိုး သာချင်း၊ ငမင်းလေးချိုး၊ ငတိုး ရကန်၊ ငစံသူ မှာစာ၊ ငကြာ လွမ်းချင်း တယော့၊ မိခွေ ဆိုအဲ၊ ခမဲ (မည်း) တော် သီဂီ၊ မြဝတီ သံဆန်း၊ ငလန်း ဆေးလက်ာ။

စသည်တို့ဖြစ်သည်။

ခမည်းတော်ဖြစ်သော မမြလေး၏ သီဂီဇာတ်ဝတ္ထုတော်နှင့် စပ်လျဉ်း၍ ရေးခဲ့ဟန် တူပါသည်။

သာယာဝတီမင်း လက်ထက် မောင်မြသီး၏ ဘိုးဘွားမိဘများမှာ ခေတ်ဆိုး အခါဆိုး အချိန်ဟု ဆိုရမည်၊ မောင်မြသီး၏ ဘိုးတယောက် ဖြစ်သော ကင်းဝန် ဦးကြွယ်ဝလည်း ဘဝနိဂုံးချုပ်ခဲ့ပြီ၊ ပညာထူးချွန်

သော အဘိုး ဦးစလည်း ဝန်ကြီး အဆောင်အယောင်နှင့် မြို့စားအဖြစ်မှ နုတ်သိမ်းခြင်းခံရသည်၊ ဘခင် ဦးမောင်မောင်လေးမှာ မင်္ဂလာဥယျာဉ်မှူး မဟုတ်ရှာတော့။

ထို့ကြောင့် မောင်မြသီး လူလား မြောက်၍ အရွယ်ရောက်သောအခါ ပတ်ဝန်းကျင်၏ ခေတ်ဆိုး ဝိပ္ပတ္တိစက် လည်ခဲ့ခြင်းဖြင့် လောကဓံ၏ မုန်တိုင်းဒဏ် ခံနေရှာရသည်။

သာယာဝတီ (ရွှေဘို)မင်းသည် အမရပူရ မြို့တော်မှာပင် နန်းစံနေရာ ၆ နှစ်ကြာလေပြီ။

သက္ကရာဇ် ၁၂၀၅ ခုနှစ် မောင်မြသီး အသက် ၁၃ နှစ်အရွယ်ရောက် သောအခါ ဘိုးဘွား မိဘများက ဗုဒ္ဓဘာသာ မြန်မာတို့ထုံးတမ်းစဉ်လာ နှင့် အညီ ရှင်ပြုပေးလေသည်၊ ရှင်အဖြစ် ချီးမြှင့်ပေးခြင်းမှာ ပဗ္ဗဇ္ဇာဘိ သေကမင်္ဂလာ ဟု ခေါ်လေသည်၊ ဥပဇ္ဈာယ်အဖြစ် စရစ်ဆရာတော် အရှင် ကောဏ္ဍညာဘိဓဇ၊ မောင်မြသီး၏ ဘွဲ့မှာတော့ ရှင်ပဏ္ဍဝ။

မိဘဘိုးဘွားတို့မှာ တိမ်မြှုပ်ကင်းစင်သော ကောင်းကင်အထက်သို့ ဘိုး လမင်းကြီး တက်လာဘိ သကဲ့သို့ သာသနာ့ဘောင်၌ မြင့်မြတ်သော သာသနာ့ အမွေအနှစ်ကို ခံယူလိုက်ကြလေပြီ။

မိခင်၏မောင် စကားတောင်းစားဆိုရသည့် ဦးချမ်းသာက ရှင်ပြုမင်္ဂလာ ပြုရာ၌—

> 'မိကားလက်ျာ၊ ဘကားလက်ဝဲ၊ ဆရာကား ဦးခေါင်း- ဆိုလျက် မဂ္ဂင်ချည်အထိမ်းအမှတ်ရှေ့နောက်ဝဲယာ စလွယ် လေးသွယ် ဝတ်ဆင်၍ ပေးသည်။'

တူရင်းသာမဏေ ဖြစ်သည့် ရှင်ပဏ္ဍဝအားလည်း အောက်ပါ အတိုင်း ညွှန်ကြား ဆုံးမလေသည်။

> 'ရောင်ကလေးနှင့် သင်သောသူလည်း ရောင်ပေပေသော သိတတ်ပါ၏၊ ခေါင်းတုံးလုပ်၍ သင်သော သူလည်း လုံးချာချာ သိတတ်ပါ၏၊ တဗြဲလုပ်၍ သင်သောသူလည်း အလွဲကိုသာ သိတတ်ပါ၏။'

ထို့ပြင် ဆက်လက်၍လည်း—

'စာမတတ်၍ စာကိုသင်၊စာကိုမြင်မှ မိုက်မှန်းသိ၊အတတ်မျိုးစုံမှ ကုန်လုံပါ၏၊ သုတကိုရှာ ပမာ သူဖုန်းစား၊ ရှုးချင်မူ၍ကပ်၊ သွပ်ချင်မူ၍ ချောင်း၊ ဆရာကောင်းကို ရှာ'

ဟူ၍ ဆိုပါသတဲ့ ... ။

မင်းခယောကျ်ား ကမ်းနားသစ်ပင်

မင်းခစား ယောကျ်ားတို့သည် မြစ်ကမ်းစဉ် ပေါက်၍နေသော သစ်ပင်များနှင့်တူ၍ နေ့ပို့မည် ညပို့မည် မသိကြရ၊ 'မင်းခယောကျ်ား ကမ်းနားသစ်ပင်' နှင့် နှိုင်းဆိုခဲ့ကြလေသည်၊ မင်းတို့ မျက်စောင်း မှာလည်း အကြောင်းမရွေးပါ၊ ဝန်ကြီးဟောင်းဦးစ အဖို့ဆိုလျှင် သာယာဝတီမင်းက ဝန်ကြီး အဆောင်အယောင်နှင့် မွှိစားအရာမှနုတ်၍ မြင်းတင် အခွန်ဝန်အဖြစ် သနားတော်မူခြင်းကိုပင် သာယာဝတီမင်းအား ကျေးဇူး တင်ရမည်ဖြစ်သည်။

ဝန်ကြီးဟောင်းဦးစသည် မိမိ မြေး ကိုရင်ပဏ္ဍဝ အရွယ်နှင့် မလိုက်၊ 'ဘက်စုံပညာတတ် စာတော် ကိုရင် ဖြစ်နေ၍ ကျေနပ်လေသည်၊ သားသမီးအချစ် မြေးမှာတော့အနှစ် ပီတိလည်း ဖြစ်နေသည်။

ဘိုးဘွား မိဘတို့မှာ မိမိတို့ရင်သွေးများ ပညာဘက်စုံတတ်လျှင် မင်းမှုထမ်းဖြစ်လိုကြသည်၊ ရာကြီး မှူးကြီး ဝန်ကြီး ဖြစ်လိုကြသည်၊ အဆောင်အယောင်နှင့် တပြောင်ပြောင်တင့်စေလိုသည်၊ဤကား လူသားတို့၏ ဓမ္မတာကြီးပင်တည်း။

သို့ရာတွင် မင်းခယောကျ်ားတို့သည် ကမ်းနားသစ်ပင် အသွင်ကို လက်တွေ့ကြုံကြရပြီးဖြစ်၍ ရဟန်း ပြုလိုက ရဟန်းဘဝအရှိးထုပ်စေလိုကြသည်၊ ရဟန်းဝတ်၍ နေပါကလည်း မိမိတို့နှင့် အတူမနေရ ဘဝခြား သကဲ့သို့ ရှင်ကွဲ ခွဲရမည့် အရေးကို တွေးမိပြန်လျှင် ရဟန်း မဖြစ်လိုကြ၊ အပြန်အလှန်ဒွန်တွဲ၍ လွန်ဆွဲနေရှာကြသည့် ဘိုးဘွားမိဘများ။

သာယာဝတီမင်း နန်းလျှောခဲ့ရာ သားတော်ကြီး ပုဂံ မင်းသားက အရိုက်အရာခံယူပြန်သည်၊ ပုဂံမင်း နန်းတက်သည့်နှစ် ၁၂၀၈ - ခုဖြစ်သည်၊ အမရပူရမြို့တော် စတုတ္ထနန်းစံဖြစ်သည်၊ ထိုအခါ ဝန်ကြီးဟောင်း ဦးစ

အသက် ၈၀ ပြည့်လာလေပြီ၊ ပုဂံမင်းနန်းသိမ်းပွဲအပြီး ဦးစအားမြင်းမူရွာ (ယခု မြို့ဖြစ်နေပြီ)ကို အပိုင်စား သနားလေသည်။

> 'ယခု ရွှေလက်ထက်တော် မြင်းမူရွာစား မဟာသိရိဇေယျသူရ ၈၃ နှစ်အရွယ်တွင် ဂေ့ါနန်းတော် ရှေ့အိမ်မှာ ချမ်းသာစွာ သားသမီး မြေးမြစ်တို့နှင့် အတူ ဒါန သီလ ဘာဝနာတို့ကို အားထုတ်၍ နေရကြောင်း။'

၁၂၁၁ - ခု ပုဂံမင်းလက်ထက်ဦးစ ကိုယ်တိုင်ရေး ဂီတသမိုင်း နိဒါန်းတွင် ဖေါ်ပြထားလေသည်။

သာမဏေ ရှင်ပဏ္ဍိဝသည်—

> 'ရုပ်ဝါရှုအီ၊ မကြီးမီက၊ ဘယ်ဆီမချွတ်၊ ကြွင်းမလတ်အောင်၊ အတတ်ပညာ၊ သင်အပ်စွာ၏'

ဆိုသည့်အတိုင်း အသက်အရွယ်နုပျိုချိန်၌ ပညာရေးကို ဦးစားပေး သင်ယူနေလေသည်၊ ပညာရှာမှီးချိန် ပြည်ရေး ပြည်ရာ ရှုပ်ထွေးတော်လည်း သူဂရုမစိုက် အချိန်ရှိခိုက် ပညာကိုသာ လုံ့လစိုက်သည်။

၁၂၁၄ - ခုနှစ် ပုဂံမင်းလက်ထက် အင်္ဂလိပ်နှင့် မြန်မာတို့ စစ်ရေးဆိုမှု ရှိနေချိန် အမရပူရ မြို့တော်တွင် ခေါ်ပြတိုက်မှု တခုဖြစ်ပွားလေသည်။

ယင်းအမှုနှင့်စပ်လျဉ်း၍ ပုဂံမင်းက ညီတော်များဖြစ်သော မင်းတုန်းနှင့် ကနောင်မင်းသားတို့အား အပြစ်ရှာလေတော့သည်။

နောင်တော် ညီတော်တို့သည် အိမ်တော်ပါအမှုထမ်းတို့နှင့်အတူ ရွှေဘိုမြို့သို့ ထွက်ခွာ အောင်မြေနင်းကြလေသည်၊ ရွှေဘိုကိုအောင်မြေ နင်းပြီးလျှင် အမရပူရမြို့တော်ကို တိုက်သိမ်းသည်၊ မင်းတုန်းမှာ ရွှေဘိုမှာပင် ဗိုလ်ဝင်ခံ၍ စံလေသည်၊ ကနောင်မင်းသားအား အိမ်ရှေ့နန်းပြီး ထီးမွေ နန်းရံ အဖြစ်ထားသည်၊ ဒီပဲယင်း, တောင်တွင်း, ပဋ္ဌာသ ါးမြို့နှင့် စလေမြို့များကို အပိုင်စားပေးသည်၊ အိမ်ရှေ့ဖြစ်လာသော ကနောင် မင်းသားမှာ အသက် ၃၄ နှစ်ရှိ၍ မမြလေး၏ သမီး အသက် ၂၀ ရှိ လှိုင်ထိပ်ခေါင်တင်နှင့် လက်ထပ် ပေးလေသည်။

မင်းတုန်းမင်းသည် ပုဂံမင်းနန်းချ၍ အောင်မြင်ပြီးသော်လည်း ရွှေဘို၌ သာနန်းစံခဲ့ရာ ၉ လနှင့် ၁၀ ရက်ကြာလေပြီ၊ မင်းတုန်းမင်း ရွှေဘို၌နေစဉ် သာမဏေ ရှင်ပဏ္ဍိဝသည် အသက် ၂၀ ပြည့်ချိန်နှင့် ကြုံကြိုက်နေလေသည်။

ရဟန်းတော် ဦးပဏ္ဍဝ

၁၂၁၄ ခုနှစ် ဝါဆိုလဆန်း ၁၄ ရက်တွင် စံရစ် ကျောင်းတိုက် ခဏ္ဍသိမ်၌ ဆရာတော် အရှင်ဦးကောဏ္ဍညာဘိဇအား ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်သို့ ချီးမြှင့်ကြသည်၊ ပစ္စည်းလေးပါးအဖြစ် ထောက်ပံ့ကြသော ရဟန်းဒါယကာများမှာ မိဘနှစ်ပါးပင်ဖြစ်သည်၊ ရှင်ပဏ္ဍဝမှ ရဟန်းတော် ဦးပဏ္ဍဝ ဖြစ်လာခဲ့ပေပြီ။

ဦးပဏ္ဍဝ ရဟန်း တဝါအရ ၁၂၁၅ ခုနှစ် ဘိုးတော်ဝန်ကြီးဟောင်း ဦစလည်း အသက် ၈၇ နှစ် ရှိရှာပါပြီ၊ ဦးစသည် မိမိ၏ မြေးရဟန်း တော် ဦးပဏ္ဍဝ တောက်ပြောင်မည့် အရေးကိုလည်း မမှီလိုက်ရှာ၊ မင်းတုန်း မင်းက စစ 'အမှုထမ်း နိုင်ပါဦးမလား' ဟူသည့်လို အင်ဆန္ဒ ကိုလည်း မလိုက်လျော နိုင်တော့ပြီ။

> 'ထိုနှစ် (၁၂၁၅ - ခုနှစ်) မှာပင် ၁၁၂၀ - ခုဖွား၊ မြဝတီမြို့စား ဝန်ကြီးဟောင်း မင်းမဟာသူရ၊ ဝတ်မြေဝန် ပိဋကတိုက်စိုး မဟာသကြိန်တို့ သေလွန်သည်ကို ကောင်း မွန်စွာ သင်္ဂြိုဟ်တော်မူသည်....'
>
> (ကုန်းဘောင်ဆက် မဟာရာဇဝင်တော်)

အရ ရွှေဘိုမြို့ သူဇာ တခါးရပ်တွင် နေစဉ် ကွယ်လွန်ရှာလေသည်၊ မင်း ၈ - ဆက်တိုင် အမှုတော်ထမ်းခဲ့သည့် စာဆိုတော်ကြီး ဖြစ်ပါလေသည်။

\+ \+ \+

မန္တလေးခေတ် သာသနာ့ ဂုဏ်ရည်

> 'ညီအာနန်ကို၊ ဘုန်းသန် ဘဂဝန်၊ ရွှေလက် ညွှန်၍၊ နောင်ဖန် နာဂတ်၊ ဤတောင်မြတ်၌၊ နတ်ကလျာမယ်၊ ဤ သူငယ်ကား၊ ကြီးကျယ်ခန်းဝါ၊ ဤမြေခြာထက်၊ ရတနာ ပုံ၊ နေရုံနိုင်းတု၊ ပြည်ကြီးပြု၍၊ ကိန်းစု သာသနာ၊ သန်ျှာ ခန့်တွက်၊ ငါးထောင်ဝက်၌၊ မြေမျက်နှာလုံး၊ ကျုံးအံ့ သကား....'
>
> (မင်္ဂလာချောင်းလင်္ကာ)

ဘုရားရှင်သည် ညီတော်အာနန္ဒာနှင့် အတူ ဤ မန္တလေး တောင်ထိပ်သို့ ကြွရောက်တော်မူဘူးကြောင်း ရှေးဟောင်း သိုက်ကျမ်း၌ ဆိုလေသည်။

မင်းတုန်းမင်းသည် ဘဂဟောင်းမှ မန္တလေးတောင်၌ စန္ဒမုခီ နတ်ဘီလူးမ ဖြစ်ဘူးသည်၊ နတ်ဘီလူးမ ဘ၀တွင် ဘုရားရှင်အား လှန်ကဲသော သဒ္ဒါဖြင့် ဒါနဥပပါရမီထိုက်သော မိမိသားမြတ်ကို လှီးဖြတ်၍ လှူသည်၊ ထိုအခါ ဘုရားက—

'သင်သည် ငါဘုရား၏ သာသနာတော် တ၀က်ရောက်သောအခါ ဤအရပ်၌ မြို့ကြီးတည်၍ မင်းဖြစ်အံ့'

'ငါဘုရား၏ သာသနာတော်ကိုလည်း အနုဂ္ဂဟနှစ်ပါးဖြင့် ချီးမြှင့် ထောက်ပံ့လတံ့'

ဟူသော ဗျာဒိတ်တော်ကို မြွက်ကြားတော်မူသည်၊ ဤအကြောင်းများကို သိသော ကင်း၀န်မင်းကြီးသည်—

'စန္ဒမုခီ၊ နတ်ပြည်အဘယ်၊ ဆင်းနိကာယ်အား၊ ဤ၀ယ်နေခင်လာ၊ ကေသရာလျှင်၊ ရတနာပုံပြည်၊ တည်အံ့မချွတ်'

'စန္ဒမုခီ၊ နတ်နာရီလျှင်၊ ပါရမီခံ၊ သံလတ်သောအား၊ မြတ်ဘုရားကို၊ ပတ္တမြားစက်၀န်း၊ ငွေယုန်နန်းသို့၊ ရှန်းရှန်းထွားမွတ်၊ ရင်သားမြတ်ကို၊ ကြည်ညွတ်ဆုယူ၊ ချွေ၍လှူသော်၊ ဘုန်းလူမြတ်စွာ၊ မပြစ်သာဘဲ၊ သာသနာအရှည်၊ နေခင်ထွန်းမည်ကို၊ ရည်ရွယ်မျှော်တင်း၊ ဗျာဒိတ်နှင်းသည်၊ တောင်မင်း မြဆိုင်တခဲ့တည်း'

ဟူ၍ ယင်းမင်္ဂလာချောင်း၌ စပ်ဆိုခဲ့သည်။

မန္တလေး အရပ်၌ သာသနာ့ ဂုဏ်ရည် ထွန်းလင်း တောက်ပ မည်ကို အင်း၀ခေတ် ညောင်ရမ်းဆက်မင်း လက်ထက် အချိန်များကပင် ကျော်စောခဲ့သည်။

အင်း၀ခေတ် နတ်စက်ရောင် ဆရာတော်ကလည်း—

'ဤမန္တလေးအရပ်၌ သာသနာ တည်လမည်၊ အင်္ဂါနှံ မင်း လက်ထက် ပြောင်းလမည်၊ အ၀ပြည်၌ သာသနာ

တော် ၂၄၀၀ ရောက်အောင် တည်လမ့်၊ အဝမြို့မှ
မန္တလေး ရွှေတောင်သို့ ဆန်၍ မြို့နန်း တည်လမည်'

စသည်ဖြင့်လည်း မန္တလေးမြို့ နန်းမတည်မီ နှစ် ၁၀၀ ကျော်ကပင် တင်ကြို၍ ကောလာဟလ ဖြစ်နေလေသည်။

'အသက်ကယ်တဲ့ ရှည်စေလို၊
မြနန္ဒာ ရေညိုသန်းတယ်၊
မန်းတောင်ရိပ်ခို'

အမှတ်မထင် အမရပူရ ရွှေမြို့တော် တဝိုက်တွင် အထက်ပါ တဘောင်စကား ဖြစ်ပေါ်လာပေသည်၊ ယင်းတဘောင်ကား ချိုအေးသာယာသည်၊ အေးမြသည်၊ လေးနက်သော အဓိပ္ပာယ်ဆောင်သည်။

မင်းတုန်းမင်းသည် အမရပူရ ရွှေမြို့တော်၌ စိုးစံခိုက် တဘောင်ကို ရွှေနားတော်ဆင်ရလျှင် ယခင်ကပင် မန္တလေးစက်ရိပ် ခိုလှုံလိုသော ဆန္ဒ လှုပ်ရှားနိုးဆွပေးသည်နှင့် တူ၏၊ ထို့ကြောင့် ၁၂၁၈ - ခုနှစ် မန္တလေးမြို့ နန်းတည်ရန် သတ်မှတ်သော နေရာများကို သန့်ရှင်းစေလေသည်။

'မြို့ ကျုံး စေတီ၊ သိဓိ လျှံမောင်း၊ သိမ်ကျောင်း
သုဓမ္မာ၊ ရွှေစာ အမြတ်၊ ပိဋကတ်တိုက်၊ သမိုက် မြဲမြန်၊
ခုနစ်ဌာနကို၊ ဆော်ဖန်အောင်စည်၊ တပြိုင်တည်က၊ အပြည်
ပြည်ထောင်၊ မင်းကုန်အောင်တို့၊ ရန်မှောင်မဝံ့၊ မာန်
စောင်ညွှတ်လျှက်၊ ကြောက်ရွံ့ သက်လျှာ၊ ဆက်ပဏ္ဏာနှင့်၊
စကြာဦးခိုက်၊ ဘူးလာဆိုက်ရှင့်....'

(မင်္ဂလာချေင်း)

မန္တလေးမြို့တည် နန်းတည် မင်္ဂလာချေင်းနှင့်အညီ ၁ - မြို့, ၂ - ကျုံး, ၃ - လောကမာရဇိန် စေတီတော်, ၄ - သိမ်၊ ၅ - သုဓမ္မာဇရပ်, ၆ - အတုလဝေယန်ကျောင်းတော်နှင့် ၇ - ပိဋကတိုက်တော်ကြီးများကို တပြိုင်နက် တည်လေသည်၊ ယင်း ၇ - ဌာနတို့မှာ ၁၂၂၄ - ခုနှစ်မှ အားလုံး ပြီးလေသည်။

မန္တလေး ရတနာပုံမြို့တော်နှင့်အတူ ၇ - ဌာန အားလုံးကို ၁၂၂၁ ခုနှစ်က စတင်၍ တည်ခဲ့လေရာ ယင်း ၇ - ဌာနတို့ တည်ခဲ့ကြောင်း

အမှတ်အသားမှာ 'အင်းကြီးကြာအုံ ရာဘနာပုံ' ဟူ၍ရင်း 'အုတ်ကျစ် ကျော်အေး မန္တလေး' ဟူ၍ရင်း မှတ်တမ်းတင်ခဲ့ကြသည်။

မန္တလေးမြို့တော်၏ ရွှေကြိုးသတ် နယ်နိမိတ်ကိုလည်း ပိုင်းခြားခဲ့၏၊ ရွှေမြို့တော် လေးပြင် လေးရပ်ရှိ ရပ်ကွက်များကိုလည်း သတ်မှတ်သည်၊ ရပ်ကွက်ပေါင်းမှာ ၅၄ - ရပ်ကွက် ရှိသည်။

ထိုအချိန်က သာသနာ့၀န်ထမ်း ရဟန်း သာမဏေတို့မှာ တသောင်း တထောင် ခုနစ်ရာ့ ခြောက်ဆဲ့ခြောက်ပါး အရေအတွက် ရှိသည်ဟု ဆိုကြသည်။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ ပရမတ္ထဒီပနီ မည်သော 'ဋီကာမေဉ်' ပါဠိကျမ်းကြီး နိဒါန်း၌ 'ဉာဏ်တွန်သံဃာ မန်းမြို့ မြတီသံဃာ' ဆိုသော မှတ်တမ်းစကားကို ပဋိလောမနည်း ကောက်ယူပြီးလျှင် သံဃာတော်ပေါင်း ခြောက်သောင်းခြောက်ထောင် ခုနစ်ရာ တဆယ်တစ် (၆၆၇၁၁)- အဖြစ် ရေတွက်ထားလေသည်။

> 'ထို ခြောက်သောင်းကျော် မျှလောက်သော သံဃာတော်တို့ဖြင့် မန္တလေးမြို့တော်ကြီးသည် ကမ္ဘာမြေအပြင်ဝယ် အလွန် ထင်ရှားကျော်စောခြင်းသို့ ရောက်၏လေ၏'

> 'ရွှေအဆင်းရှိသော ဟင်္သာအပေါင်းတို့ ပျော်နေရာ စိတ္တကူဋ် တောင်ခြေတွင်ရှိသောဟင်္သာကန်ကြီးကဲ့သို့မန္တလေး ရွှေမြို့တော်ကြီးသည် ရဟန်းတော်တို့၏ သင်္ကန်းရောင်တို့ဖြင့် တပြောင်ပြောင် တဝင်းဝင်း ထွန်းလင်းတောက်ပ၍နေ၏'

စသည်ဖြင့် ယင်းဋီကာမေဉ်ပါဠိကျမ်း၏ နိဒါန်းတွင် ဖော်ပြထားလေသည်၊ အမှန်အားဖြင့် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ ဋီကာမေဉ်ကျမ်း နိဒါန်းလာစကားမှာ အမရပူရမြို့တော်ရှိ သံဃာများကိုပါ ရေတွက်ထားဟန်ရှိပါသည်။

မန္တလေးမြို့ပေါ်၌ မင်းတုန်းနှင့် သီပေါမင်းတို့လက်ထက်များက ဘုရား ပုထိုးစေတီမျိုး အနည်းငယ်မျှသာ တည်တော်မူကြ၏၊ ကျောင်းတိုက် တော်ကြီးများမှာကား လေးပြင်လေးရပ်၌ များစွာ တည်ဆောက်တော် မူကြသည်။

ပုဂံခေတ်ကပင် မန္တလေးအရပ်၌ သာသနာတော် ပြန့်နှံ့ သက်ဆင်းလာသည်နှင့်အမျှ ကျောင်းတိုက်ကြီးများ အထူး များပြားစွာ ရှိနေပြန်ပေသည်။

၁၂၄၃ - ခုနှစ် သီပေါမင်းလက်ထက် ရွှေမြို့တော် လေးပြင်လေးရပ်ရှိ ကျောင်းတိုက်ကြီးများ စာရင်း ကောက်ယူဘူးလေသည်၊ ယင်းစာရင်းအရ ကျောင်းတိုက်ကြီးပေါင်း ၁၅၄ ,ကျောင်းပေါင်း ၁၂၅၇ - ကျောင်းမျှ ရှိသည် ဟု မှတ်တမ်းအရ သိရပေသည်။

အမရပူရမြို့မှ ကျောင်းတိုက်ကြီး, ၄၄ - တိုက်၊ ကျောင်းပေါင်း ၁၅၉ - ကျောင်းတို့နှင့်ပေါင်းလျှင်၊ မန္တလေး , အမရပူရမြို့များမှ ကျောင်းတိုက်ကြီးပေါင်း ၁၉၈, ကျောင်းပေါင်း ၁၄၀၆ - ရှိသည် ဟု ဆိုကြပါသေးသည်၊ အမရပူရခေတ်ကပင် ရှိနေသော ဒက္ခိဏာရာမ, အသောကာရာမ, ရွှေရေးဆောင်, ဘုံကျော်, ညောင်ကန်, ဆီးဘနီ စသော ကျောင်းတိုက်ကြီးများလည်း ပါဝင်လေသည်။

မန္တလေးခေတ် မြို့ကွက်ချပေးရာဌာနများတွင် မန္တလေးရွှေမြို့တော် အနောက်ပြင် ရွှေတချောင်းမြောင်း၏ ဝဲယာများ၌ ပြည်ဘိုက်, ငါးကျမ်းတိုက်, ဒုတ်လှမ်းတိုက် စသော ကျောင်းတိုက်ကြီးပေါင်း ၂၇ - တိုက်ရှိရာ သင်္ဂဇာကျောင်းတိုက်သည်လည်း ယင်း ၂၇ - တိုက်အနက် ကျောင်းတိုက်ကြီးတခု အပါအဝင် ဖြစ်လေသည်။

သင်္ဂဇာ ကျောင်းတိုက်

မန္တလေး ရွှေမြို့တော် အနောက်ပြင် (ယခု ဒေးဝန်းအနောက်ပိုင်း) ၌ ပုဂံခေတ် မင်းယဉ်စောဆရာ သံဃရာဇာထေရ် စတည်နေသည်ကို အစွဲပြု၍ လျက် သင်္ဂဇာ ဟု တွင်သော သင်္ဂဇာချောင်းဟူ၍ ရှိ၏။

ထို သင်္ဂဇာချောင်းကမ်းထိပ်၌ တည်ရှိသော ကျောင်းကို သင်္ဂဇာကျောင်းတိုက်ဟု တွင်လေသည်။

မင်းတုန်းမင်းသည် ယင်းသင်္ဂဇာကျောင်းတိုက်ကို ဆောက်လုပ်ပြီးလျှင် ဆရာတော် ဦးအဂ္ဂဓမ္မအား ပင့်ဆောင် ကိုးကွယ်တော်မူ၍ ' အဂ္ဂဓမ္မာလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု ' ဘွဲ့တံဆိပ်တော်ကိုလည်း လှူလေသည်။

သင်္ဂဇာ ကျောင်းတိုက် တင်လှူခြင်း ခံတော်မူသည်မှစ၍ ဆရာတော် ဦးအဂ္ဂဓမ္မအား 'သင်္ဂဇာဆရာတော်'ဟု ထင်ပေါ်ကျော်ကြားခဲ့လေသည်။

ဆရာတော် ဦးအဂ္ဂဓမ္မသည် ပုဂံမင်းလက်ထက်ကပင် ထင်ရှားခဲ့သည့် ဆရာတော် ဖြစ်သည်။

သုံအင်းသာသနာပိုင်ဆရာတော်, ထီးလင်းဆရာတော် နှင့် သီလုံးဆရာတော်များမှ အဆက်အနွယ်တပါး ဖြစ်သည်၊ ပင်းတုန်းမင်းတရား လက်ထက်တွင် -

သာသနာရေး သာသနာမှုခင်းများကို စီစစ် ဆုံးဖြတ်တော်မူကြရသော သုဓမ္မာ သာသနာပြုဆရာတော် ၈ ပါး အဖွဲ့တွင် တပါးအပါအဝင် ဖြစ်သည်။

သုဓမ္မာသာသနာပြု ဆရာတော် ၈ ပါးတို့မှာ (၁) ပြည်ဆရာတော် (၂) မတ္တရာဆရာတော် (၃) မောင်းထောင်ဆရာတော် (၄) သာက်ဝန်းဆရာတော် (၅) စလင်းဆရာတော် (၆) စံကျောင်းဆရာတော် (၇) ပုခန်းဆရာတော် နှင့် (၈) သင်္ဂဇာဆရာတော်တို့ ဖြစ်ကြသည်၊ သာသနာပိုင်ဆရာတော်မှာ မောင်းထောင် ဦးဉေယျ ဖြစ်၍ မှုခင်းကိစ္စများကို သာသနာပိုင်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူသည်။

မန္တလေးတောင်ခြေ သုဓမ္မာသဘင်တွင် မှုခင်းနှင့် ဆိုင်ရာတို့ကို ဆင့်ခေါ်လျက် ဆုံးဖြတ်ရာ၌ လုထွေဆရာတော်သည် ယင်းသုဓမ္မာသာသနာပြုအဖွဲ့တွင် အတွင်းရေးမှူး ဖြစ်လေသည်။

စကားအရာ သင်္ဂဇာ

သင်္ဂဇာဆရာတော်ကား စကားအရာ၌ ဝိစိတြဝါစက ဂုဏ်နှင့်လည်း ပြည့်စုံတော်မူသဖြင့် 'စကားအရာ သင်္ဂဇာ' ဟူ၍ပင် ဥဒါန်းရှိသေသည်၊ ဥပမာ, ဥမ္မေယျ နိုင်းခိုင်းဟောကြားရာ၌ နှစ်ပါးမရှိသလောက် ကျော်စောလှပေသည်၊ ထို့ကြောင့် 'ဥမ္မာသင်ခေါ် သင်္ဂဇာဆရာတော်' ဟူ၍ အဆိုရှိလေသည်။

သင်္ဂဇာဆရာတော်အား ပိဋကစစ်ပွဲသဘင် စစ်မြေပြင်၌ ရဲရင့်တော်မူသည် ဖြစ်၍လည်း 'သင်္ဂါမေ ဇာယတိ ပဝတ္တတီတိ သင်္ဂဇာ' ဟူသော အနွတ္ထအမည်သညာနှင့်လည်း လိုက်ဘက်တော်မူသည်။

သက္ကရာဇ် ၁၁၇၇ - ခုနှစ် နယုန်လဆန်း ၁၄ - ရက် တနင်္ဂနွေနေ့ ဖွားမြင်၍ ဇာတိမှာ တလုပ်မြို့နယ် (ယခု မြောင်မြို့) ချောင်းဆုံရွာ ဖြစ်သည်။

မင်းတုန်းမင်း လက်ထက်အခါက သုဓမ္မာသာသနာပြုအဖွဲ့သာ ရှိသေးသည်၊ သုဓမ္မာအဖွဲ့က ရွှေကျင်ဆရာတော်အား သာသနာရေးရာနှင့် စပ်လျဉ်း၍ ဆင့်ခေါ်ကြသည်၊ ရွှေကျင်ဆရာတော်မကြွလာ၊ မင်းလုလင်များစေလွှတ်၍ ဆင့်ခေါ်ပြန်သည်၊ မကြွလာ၊ ရွှေကျင်ဆရာတော်သည် သုဓမ္မာသဘင်သို့ မကြွရောက်တော့ဘဲ အောက်ပြည်နိုင်ငံသို့ ကြွရန် စီစဉ်လေသည်။

ရွှေကျင်ဆရာတော်၏ အစီအစဉ်ကို မင်းတုန်းမင်းသိသဖြင့် မကြွရောက်ရန် လျှောက်ထားလေသည်၊ သုဓမ္မာသာသနာပြု ဆရာတော်များကိုလည်း ရွှေကျင် ဆရာတော်အား ဂဏဝိမုတ်ပေးရန် လျှောက်လေသည်။

သာယာဝတီမင်း လက်ထက်က သာသနာပိုင် ဆရာတော် ဦးဥေယျသည် ၁၂၂၇ ခုနှစ်တွင် ပျံလွန်တော်မူသည်၊ မင်းတုန်းမင်းသည် ထိုနှစ်မှစ၍ သာသနာပိုင် ဆက်လက်၍ခန့်အပ်ခြင်း မပြုတော့ချေ၊ သာသနာပိုင်ကိုယ်စား အဖြစ် သုဓမ္မာ သာသနာပြုအဖွဲ့ဝင် ၈ - ပါးတို့ကသာ သာသနာရေး မှုခင်းများကို ဆောင်ရွက်တော်မူကြရသည်၊ ဂဏဝိမုတ် ဖြစ်သော ရွှေကျင်ဂိုဏ်းလည်း မင်းတုန်းလက်ထက်မှာ ပေါ်လာခဲ့သည်၊ 'အင်ကြင်းခက်ကြိုင်း ရွှေကျင်ဂိုဏ်း' ဆိုသည့် သာသနာ့ မှတ်တမ်းအရ သက္ကရာဇ် ၁၂၂၂ ခုနှစ် ရွှေကျင်ဂိုဏ်းဟူ၍ ဂဏဝိမုတ် ဖြစ်လာပေသည်။

၁၂၄၀ ခု သီပေါမင်း နန်းတက်သောအခါ တောင်တော်ဆရာတော် ဦးမာလာအား သုဓမ္မာဂိုဏ်းဆိုင်ရာ သာသနာပိုင်၊ ရွှေကျင် ဆရာတော် ဦးဇာဂရအား ရွှေကျင် ဂိုဏ်းဆိုင်ရာ သာသနာပိုင် အဖြစ် ခန့်အပ်ခဲ့သည် ဟု အဆိုရှိသည်။

ဆရာစဉ်ဆက် ဆင်းသက် လာရာ သင်္ဂဇာ ဆရာတော်မှာ သဲအင်း သာသနာပိုင်၏ တပည့်အဖြစ်နှင့် ဆိုလျှင် သုဓမ္မာနွယ်လေသည်၊ ရွှေဘိုမြို့ အနောက်လက် သီလုံး ရွာလျှင် ဖွားရာဇာတိ သီလုံးဆရာတော် ဦးစန္ဒိမာ၏ တပည့်ဖြစ်ခဲ့၍လည်း ရွှေကျင်ဂိုဏ်းနှင့် ဆက်နွယ်ပြန်သည်။

သီလုံး ဆရာတော် ကျင့်ကြံ အားထုတ်ရသည့် သာသနာ့အမွေ နည်းနိဿယများကိုလည်း လက်ပွန်းတသီး အချိုးကျ ရခဲ့သည့် ဆရာတော်ဖြစ်သည်။

ဆရာအစဉ် အနွယ်အဆက်မှ ဆင်းသက်လာသည့် သင်္ဂဇာ ဆရာတော်တွင် တပည့်ကြီးများလည်း များစွာထွန်းကားခဲ့သည်ဟု ဆိုကြသည်၊ ၎င်းတို့ အနက်တွင်း ဆရာတော် ဦးပဏ္ဍိဝ, သင်္ဂဇာ ဦးဓမ္မစာရိန္ဒ, ဝဇီရာရာမ ဦးပညာသာမိ, ကြက်တောင့် ဦးဇဝန စသည် တို့မှာ သင်္ဂဇာ၏ ညာလက်ရုံး ကြီးများဖြစ်၏။

သင်္ဂဇာဆရာတော်ထံတွင် ရောက်နေသော ဦးပဏ္ဍိဝသည် ပညာများကို ဆက်လက် အားထုတ်နေခဲ့ရာ သိက္ခာတော် ၅ ဝါ ရရှိခဲ့လေပြီ၊ သင်္ဂဇာတိုက်တွင် ၅ နှစ် ၅ မိုးနေပြီး သင်ယူအားထုတ်ရန်ရှိသည့် သက္ကတ ပြာကရိုက်ဘာသာစသော ဘာသာ အမျိုးအမျိုးကိုင်း ဗေဒင် နက္ခတ် ဆေးကျမ်း ဓာတ်ကျမ်း စသည်တို့ကိုင်း သင်ယူ ခြင်းဖြင့် သင်္ဂဇာ ဆရာတော် အားကိုးလေးကသော တပည့်တပါး ဖြစ်လေသည်။

ထို့ကြောင့် သိက္ခာ ၅ ဝါအရ သင်္ဂဇာတိုက်တွင် ပထမစာတော်ချ အဖြစ် မြှောက်စားခြင်း ခံရလေသည်၊ ဦးပဏ္ဍိဝသည် ရဟန်း ၅ ဝါအရမှာပင် သင်္ဂဇာ ဆရာတော်၏ အဖွင့်အကျယ်ကို ပြန်လည် အသစ်ရေးသားလျက် 'မင်္ဂလသုတ္တန္တသာသနာဝိသောဓနီ' ကျမ်းအမည်တပ်၍ ဦးစွာကျမ်းပြု ဆရာတော်အဖြစ် ခံယူခဲ့လေသည်။

သင်္ဂဇာ ဆရာတော်ထံမှ ဝိနည်းဖြတ်ထုံး ရေးနည်း ဝိပဿနာကျင့်နည်း စာပေကြံနည်း စသော နိဿယည်းများ ကိုလည်း ဆရာနည်းကျ လက်ထပ်ရသည်အထိ နည်းခံတပည့်ကြီး ဖြစ်သည်။

ဓမ္မက္ခန္ဓာ၊ အင်္ဂါ ကိုးမည်၊ ရင်နို့ရည်ကို၊ ချမ်းကြည်မျှ
လောက်၊ ဝကြောင်း သောက်လျက်။

စသည်ဖြင့်လည်း ဆရာတော်ကြီး ရေးသားခဲ့သော သာသနသုဒ္ဓိ ကျမ်း၌ ဖော်ပြထားလေသည်။

နန်းတွင်း အရေးတော်ပုံ

အိမ်နိမ့်စံမင်းသားဘဝက မင်းတုန်းမြို့ကို အပိုင် စားရ သောကြောင့် မင်းတုန်းမင်း- ပဥ္စမ သင်္ဂါယနာ တင်ခြင်း စသည်တို့ကို ထောက်၍ ပဥ္စမ

သင်္ဂါယနာတင် ဘဝရှင်မင်း ဟူ၍ ကုန်းဘောင်ဆက်တွင် ထင်ရှားတော်မူသည့် မင်းတုန်းမင်းသည် ဇေကောင်း သရေခေတ္တရာ ပုဂံ ပင်းယ အင်းဝ စစ်ကိုင်း စသော မြို့တည် နန်းတည် မြန်မာဘုရင်မင်းများထက် လွန်ကဲ မြင့်မြတ်သော မင်းဖြစ်လေသည်ဟု ဆိုကြသည်။

အာဏာစက် ပညာစက်နှင့်လည်း ပြည့်စုံ၍ ဘုန်းသမ္ဘာတော် ကြီးမား လှပေ၏၊ ထိုမင်းတုန်း လက်ထက် အခါက တိုင်းကားပြည်ရွာ သာယာ အေးချမ်းသည်၊ ကြောင်လက်မှာ ကြွက်ကပ်၍ ကျားပါးစပ် ဆိတ်ဝင် ဆို သကဲ့သို့ ရှိသည်၊ မုဒိန်းတန္တ ခိုးသား ဓားပြတို့လည်း ငြိမ်သက်သည်။

သို့ဖြစ်၍ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးအား ဦးစားပေးချီးမြောက် ထောက်ပံ့နိုင်လေသည်၊ ရွှေကြိုးသတ်မှတ်ရာ ရွှေမြို့တော်ရှိ ကျောင်းတိုက်ကြီး များကို သင်ပုတ်ဝတ် ဆွမ်းဝတ် စသော ပစ္စည်း လေးပါး များလည်း လစဉ် လှူဒါန်းနိုင်လေသည်။

ထိုခေတ်က ကျောင်းတိုက်ကြီးများ၌ သံဃာတော်များမှာ တထောင် ကျော်ခန့်ရှိကြသော ကျောင်းတိုက်ကြီးများလည်း များစွာ ရှိသေသည်။

သာသနာရေးဘက်၌ ထောက်ပံ့သော အလှူတော်ငွေ စာရင်းမှာ ဒင်္ဂါး ကျပ် နှစ်ကုဋေ ခြောက်သန်းကျော် ပမာဏ အတိုင်း အရှည် ရှိကြောင်း ရာဇဝင်၌ ဖော်ပြထားလေသည်။

မင်းတုန်း မင်းတရားကြီးတွင် နန်းရ မိဖုရားကြီး ၄ - ပါး, အဆောင်ရ မိဖုရားကြီး ၄ - ပါးတို့အပြင် ထင်ရှားသော မြို့စား ရွာစား မိဖုရား ၄၅ - ပါးမျှ ရှိသည်ဟု - ဆိုကြ၏၊ မထင်ရှားသော ကိုယ်လုပ်တော် မိဖုရားငယ် များမှာ ၅၉ - ပါးဖြစ်၍ အားလုံး မိဖုရားပေါင်း ၁၀၄ - ပါးမျှ ရှိခဲ့ ကြောင်း နန်းတွင်းမှတ်တမ်းများ၌ ဖော်ပြလေသည်။

မိဖုရား များပြားသည်နှင့်အမျှ သားတော် ၈၆ - ပါး, သမီးတော် ၅၀ - ပါးတို့ ထွန်းကားခဲ့သည်၊ သားတော်များတွင် ငယ်ရွယ်စဉ် ၂၀-မျှ လွန်ခဲ့၍ ၅၀ - ပါး ကျန်လေသည်၊ သမီးတော်များလည်း ငယ်ရွယ်စဉ်က လွန်ခဲ့သဖြင့် ၃၀ - ကျော် ကျန်သည်ဟူ၍ ယင်းမှတ်တမ်း၌ ဆိုလေသည်။

သားတော်များသည် ‘ အကိုနန်းစံ ညီနန်းရံ ’ ဆိုသော အစဉ်အလာကို ဖြိုဖျက်လိုကြသည်၊ ထီးမွေနန်းမွေ လုယူ လုပ်ကြံလိုကြသည်၊ မင်းတုန်းမင်း၏ ညီတော် ကနောင်မင်းသားကြီးအား အိမ်ရှေ့အရာ အပ်နှင်းခြင်းကို

သားတော် အချို့က မျက်မွေးစူးနေကြသည်၊ သားတော်များသာ ထီးမွေ နန်းမွေ ဆက်ခံရထိုက်သည်ဟု ဆန္ဒ ရှိကြလေသည်။

ယင်းသို့ ဖြစ်ရာတွင် ပထမ တောင်ရွှေရေးဆောင် မိဖုရားမှ ဖွားမြင်သော မြင်ကွန်းမြို့စားနှင့် မြင်းခုံတိုင်မြို့စား မင်းသား ညီနောင်တို့မှာ ဘထွေးတော်အား အိမ်ရှေ့ထားခြင်းကို လုံး၀ ကျေနပ်မှု မရှိကြသော မင်းသားများ ဖြစ်သည်။

သက္ကရာဇ် ၁၂၂၈ - ခုနှစ် ၀ါဆိုလဆန်း ၈ - ရက်နေ့၌ မင်းတုန်းမင်း၏ သားတော်များဖြစ်သောမြင်ကွန်း, မြင်းခုံတိုင် မင်းသားတို့က စလေဆရာကြီး ဦးပုညအား ခေါ်မိုး ခေါ်ယူပြီးလျှင် ဗေဒင်ကိန်းခန်းမေး၍ အခါတောင်း ကြလေသည်၊ ဦးပုညက မင်းသားတို့၏ စန်းလဂ် ဇာတာများကို စစ်ဆေး ကြည့်ရှုရာ၌ ယနေ့မှစ၍ ၇ - ရက်အတွင်း မင်းဖြစ်မင်းဒဏ်သင့်နိုင်ကြောင်း ထောင်တန်းကျတတ်ကြောင်း စသည်များ ဟောလေသည်။

မင်းသားတို့ကလည်း 'သေမြေကြီး - ရှင်ရွှေထီး' သဘောပိုက်၍ ခမည်း တော်နှင့် ဘထွေးတော်တို့အား လုပ်ကြံရန် ဆုံးဖြတ်ကြလေသည်။

ဦးပုညက ယနေ့နံနက် တချက်တီးကျော် ငါးမောင်းအချိန်မှ နှစ်ချက် တီးချိန်အတွင်း လုပ်ကြံရန် အချိန်သင့်မြတ်၍ သပြေပန်းများကိုလည်း ဆောင်ရန် အခါပေးလေသည်။

မင်းသားများသည် ဘဲကြီး, ဖြူကြီး, ငပိုက်ကြီး, ဇော်ဂျီဗိုလ် စသော လူပေါင်း ၅၀ - ကျော် စုပြီး နန်းတွင်း ပုန်ကန်ကြလေသည်။

ထိုအခိုက် မင်းတုန်းမင်းကြီးသည် နန်းမြေဘုံသာစံနန်းတွင် စံနေလေ သည်၊ အိမ်ရှေ့ ကနောင်မင်းမှာ ယင်းနန်းဆောင် လွှတ်တော်အနီး ဗိုလ် ရှုံခံရင်း တိုင်းရေး, ပြည်ရေး, သဿမေဓ အခွန်တော် အရေးများကို စီစဉ် စစ်ဆေးနေချိန် ဖြစ်သည်။

မြင်ကွန်း, မြင်းခုံတိုင် မင်းသားညီနောင်တို့က ပရိယာယ် ဆင်ကြသည် မှာ - 'ကယ်တော်မူပါ' ဟု မြင်းခုံတိုင်က ရှေ့က အော်၍ ပြေးပြီး မြင်ကွန်းက နောက်မှ ဓားလွှတ်ကိုင် လိုက်လေသည်၊ မြင်းခုံတိုင်သည် အိမ် ရှေ့မင်း ရှိရာသို့ ဦးတည်ပြေးလာလေသည်။

အိမ်ရှေ့ ကနောင်မင်းက မြင်ကွန်းက မြင်းခုံတိုင်အား တကယ်ပင် သတ်ရန် လိုက်သည်ဟု ထင်လေသည်၊ အိမ်ရှေ့မင်းက လက်နက်မပါဘဲ

မြင်ကွန်းကို တားဆီးရန် ထွက်အလာ ဘိနပ်တော်သား ဦးကုရင်က ‘ ရန်သူတော်ပါဘုရား ’ ဟု ဟစ်အော်လေသည်။

အိမ်ရှေ့မင်းသည် ထိုအခါမှ တူတော်များက မိမိအား ရန်မူလာကြကြောင်း သိရလေသည်၊ ဓားတော်ယူရန် ဝင်းကုန်းပတ် အကျော်လိုက်မြင်ကွန်းစား၏ ဓားချက်ထိ၍ နတ်ရွာစံရရှာသည်။

ဘိနပ်တော်သား ဦးကုရင်သည် အိမ်ရှေ့တပ်သားများ ရှိရာသို့ ပြေး၍ အကြောင်းကြားလေသည်၊ အိမ်ရှေ့တပ်အမှုထမ်း ၅၀၀ ·တို့မှာ အိမ်ရှေ့မင်းထံ လိုက်ကြလေသည်။

ငပိုက်ကြီးနှင့် ငဖြူသီးတို့ ခမည်းတော် မင်းတုန်းမင်းအား လုပ်ကြံရန်တာဝန်ယူကြလေသည်၊ သို့သော် အောင်မြင်ခြင်း မရှိကြပေ၊ နန်းတွင်းဆူပူလှုပ်ရှားသွားလေသည်၊ အမှုထမ်းစစ်သည်တော်များက မြင်ကွန်း,မြင်းခုံတိုင်နှင့် အပေါင်းပါ သူပုန်တို့ကို တိုက်ခိုက် နှိမ်နင်းကြလေသည်၊ သစ်တပ်အရှေ့မြောက်မှုပတ်၍ လွှတ်တော်နန်းရင်ပြင်တွင် ဓားချင်းခုတ်သံ ဆူညံလျက် နေလေသည်။

မြင်ကွန်း, မြင်းခုံတိုင်နှင့် အပေါင်းပါတို့ အားချင်း မမျှရကား နန်းယင်ပြင် လွှတ်တော်မှ ထွက်ပြေးကြရလေသည်၊ မြစ်ဆိပ် ရေနန်းစကြာသင်္ဘောတော် အမှုထမ်းများကို ဓားမိုး၍ အောက်မြန်မာပြည်သို့ တိမ်းရှောင်ကြရေးအတွက် သင်္ဘောကို မောင်းနှင်စေလေသည်။

နန်းတွင်းအရေးတော်တွင် အိမ်ရှေ့မင်း၊ မလွန်မင်းသား၊ ပြင်စည်မင်းသားများနှင့် မှူးမတ်အချို့တို့ လုပ်ကြံ သတ်ဖြတ်ခြင်း ခံရလေသည်၊ အိမ်ရှေ့စံ ကနောင်မင်းမှာ သက်တော် ၄၇ · အိမ်ရှေ့စံ ၁၃ · နှစ် ၁၆ ရက်တွင် ကံကုန်တော်မူသည်၊ အိမ်ရှေ့မိဖုရား လှိုင်ထိပ်ခေါင်တင်မှာ သက်တော် ၃၃ – နှစ်သာ ရှိသေးသည်။

မင်းတုန်းမင်း၏ သေ၁ကမီး

ထိုအခါက နန်းတော်ယင်ပြင်၌ သွေးချင်းချင်းနီရဲသည့် အချိန်အခါဖြစ်သည်၊ မင်းညီ မင်းသားများနှင့် ဘုရင့်အမှုတော်ထမ်းတို့ သွေးအိုင်ထဲလဲကျရာအချိန် ဖြစ်သည်၊ မြင်ကွန်းတို့ ကြံရာပါများကိုလည်း ဘမ်းဆီးကွပ်မျက်ပစ်လေသည်။

စလေဆရာ ဦးပုညလည်း မင်းသားတို့အား အခါပေးခြင်းနှင့် စပ်၍ ဘမ်းဆီး ချုပ်နှောင်ရာမှ မြို့ဝန် ဦးသာအိုးက ကွက်မျက်လိုက်လေသည်၊ ဦးပုညအသက် ၅၅ - နှစ်အရွယ် ကွယ်လွန်ရရှာလေသည်။

ဤသို့ နန်းတွင်း လုပ်ကြံ တော်လှန်၍ ပုန်ကန်မှု အကျိုးဆက်ကြောင့် မင်းတုန်းမင်းကြီး နှင့် မိဖုရားကြီးများ စိတ်မချမ်းမြေ့ ရှိကြရလေသည်၊ စိတ်နှလုံးလည်း ပူဆွေးကြရှာသည်၊ သောကမီး မငြိမ်းသတ်နိုင် ဖြစ်နေကြလေသည်။

မင်းတရားကြီးသည် စိတ်နှလုံးတော် ပူဆွေး နောက်ကျုတော်မူသည့်အတွက် ရာဇဂုရုဘွဲ့ ရ,မရ ဆရာတော်များကို နန်းတော် ဇေတဝန်ဆောင်သို့ ပင့်၍ ဆွမ်းကျွေးခြင်းများ ပြုတော်မူလေသည်၊ စိတ်သောက အပူမီး ငြိမ်းအေးရန် 'အေးတရားဘော်' များကိုလည်း နာတော်မူ လိုပါကြောင်း လျှောက်လေသည်။

မင်းတုန်းမင်းကြီး နှင့် မိဖုရားများ၏ အပူမီး အေးစေလိုသောဆန္ဒဖြင့် တရားဟောရန် အေးယပ်တောင်ကို ဆရာတော်များထံသို့ ဆက်ကပ်လေသည်။

အေးတရားတော် ဟောကြားရန် ဆက်ကပ်သည့် အေးယပ်တောင်မှာ ဆရာတော်ကြီးများ အဆင့်ဆင့် လက်ကမ်းတော်မူကြသည်၊ ဗန်းမော်ဆရာတော်မှ ရွှေကျင်ဆရာတော်, ထိုမှတဆင့် ဘုရားကြီးဆရာတော်, တောင်တော်ဆရာတော်, လှထွေဆရာတော် စသည်မှတဆင့် သင်္ဂဇာဆရာတော်ထံသို့ အေးယပ်တောင် လက်ကမ်းလာလေသည်၊ ဤသို့ဖြင့် ၇ ရက်တိုင်တိုင် အေးယပ်တောင် ဆက်ကပ်ခြင်းဖြင့် အေးတရားတော်ကို နာယူရသော မင်းတရားကြီး၏ စိတ်နှလုံးတော် ကြည်လင်ရွှင်ပျတော်မူခြင်း မရှိ နောက်ကျုမြဲ နောက်ကျုလျက်သာ နေရှာလေသည်။

ယင်းသို့ ရာဇဂုရုဘွဲ့တံဆိပ်တော် ရ, မရ ဆရာတော်ကြီးများကို ပင့်ဆောင်၍ ဆွမ်းကျွေးပြီးလျှင် အေးတရားတော် နာယူပါသော်လည်း မင်းတရားကြီး စိတ်နှလုံးတော် ငြိမ်းအေးခြင်းမရှိသေးသဖြင့် ဆက်လက်၍ အေးယပ်တောင်ကို ဆရာတော်အသီးသီးထံသို့ ဆက်ကပ်ပြန်လေသည်။

ဦးပဏ္ဍဝ၏ ပညာစွမ်းရည်

နန်းတွင်း အရေးတော် ဖြစ်ပွားပြီးနောက် မင်းတုန်း မင်းတရားနှင့် မိဖုရား, သားတော်, သမီးတော်များ၏ သောကအပူမီးတို့ကို ဆရာတော် အသီးသီးတို့ တလှည့်စီ ဟောကြား၍ ဖြေဖျောက်တော်မူကြပါ၏၊ ငြိမ်းအေး ရွှင်လန်းမှုတို့မှာ မရရှာကြပါ၊ တရား၏အရသာကို အံဝင်ဂွင်ကျ မဖြစ်ကြ သေးပါ၊ 'စကားအရာ သင်္ဂဇာ' ဆိုသည့် နာမည်ထူးဖြင့် ဝိစိတြဝါစက (ဆန်းကြယ်စွာ) ဟောကြား ပြောနိုင်စွမ်း ရှိသဖြင့် နိုင်ငံတော်အဝှမ်း ထင်ပေါ် ကျော်စောတော်မူသော သင်္ဂဇာဆရာတော်ကြီးအား နန်းတွင်း အရေး ပြေအေးငြိမ်းချမ်းမှုအတွက် ဟောပြောဆုံးမရန် တာဝန်လွှဲခြင်း ခံရပြန်လေသည်။

သင်္ဂဇာဆရာတော်သည် မိမိအား တာဝန်ပေးအပ်ချက်အရ တပည့်ရင်း ဖြစ်သူ သင်္ဂဇာတိုက် စာချဘုန်းကြီး ဦးပဏ္ဍဝအား ခေါ်ယူဆွေးနွေးလေ သည်။

'မောင်ပဏ္ဍဝ - ငါနှင့်အတူ မင်းတရားကြီးအထံသို့ သွားရောက်ပြီး တရား ဟောရလိမ့်မယ်၊ ပြင်ဆင်ထားပါ'

'မှန်လှပါ - မင်းတရားကြီးအထံ တပည့်တော်လိုက်၍ တရားဟောရပါ လျှင် တပည့်တော်၏ သုံးသပ် လေ့လာချက်အတိုင်း ဟောလိုပါတယ်'

'မင်းအနေနဲ့ ဟောရမည့်တရားက ဘုရားရှင်၏ အဆုံးအမထဲကဘဲ မဟုတ် လား'

'ဘုရားအယူနဲ့ အကိုက်ညီဆုံးဖြစ်တဲ့တရားများ ဖြစ်ပါတယ်ဘုရား'

'အိမ်း - ဒီလိုဆိုလျှင် မင်းက ဘယ်လိုတရားကိုများ ဟောမှာလဲ'

'တပည့်တော်ဟောလိုတဲ့တရားက ပထမအပါဒါန်တရားများနှင့် ဒုတိယ အပါဒါန်တရားများ ဖြစ်ကြောင်းပါဘုရား၊ ပထမအပါဒါန်တရားဆိုတာက ဒုစရိုက် ၁၀ - ပါးနှင့် အဓမ္မိကဒါနတရား ၁၀ - ပါး ဖြစ်ကြောင်းပါ၊ ဒု တိယအပါဒါန်က ပုညကြိယာအပြား ၃၀ (ကံ - ၃၀ လည်းခေါ်သည်) တို့ ဖြစ်ကြောင်းပါ'

ထိုအခါ သင်္ဂဇာဆရာတော်ကြီးက အမိန့်ရှိသည်မှာ 'အိမ်း - မောင် ပဏ္ဍဝဟောကြားမည့် အပါဒါန်တရား နှစ်ပါးတွင် ပထမအပါဒါန်ကို လက်ခံနိုင်ဘွယ် ရှိသည်၊ ဒုတိယအပါဒါန်တရားတွေကိုတော့ ကြားရသူတိုင်း လက်ခံနိုင်လိမ့်မယ် မထင်ပေဘူး'

[မှတ်ချက်။ ။ ဦးပဏ္ဍဝဟောကြားပြသသည့် အပါဒါန်တရားများကို ငုက်တွင်းဆရာတော်ကြီး ဖြစ်လာသည့်အခါ ရေးသားပြုစုသော ကျမ်းစာအုပ် အသီးသီးတွင် အကျယ်တဝင့်ပါရှိပြီး ဖြစ်ပါသည်။]

သင်္ဂဇာ ဆရာတော်ကြီးသည် မိမိ တပည့် ဦးပဏ္ဍဝ အား နန်းတွင်း တရားပွဲတွင် ဟောကြားရန် တာဝန်ပေးအပ်မည်ဖြစ်ရာ ဦးပဏ္ဍဝ၏ ခံယူချက်တရားများကို မင်းတရားကြီး နှင့် မင်းပရိသတ်တို့ လက်ခံကြိုက်ညီမည် မဟုတ်သဖြင့် သင်္ဂဇာဆရာတော်ကြီးသည်ပင် နန်းတွင်းသို့ ကြွရောက်လျက် ဟောမြဲဟောနေပေ၏။

နန်းတွင်းမှ ပြန်ကြွလာသော သင်္ဂဇာဆရာတော်သည် သင်္ဂဇာတိုက် အတွင်းမှ ဦးပဏ္ဍဝ သက်နန်းပရိက္ခာပြင်လျက် နေသည်ကို တွေ့ရလေသည်။

ထိုအခါ ဆရာတော်ကြီးက —

'မောင်ပဏ္ဍဝ - မင်းဘာလုပ်တာလဲ' မေးတော်မူသည်။

'အနောက်ဘက် မင်းဝံတောင်ဆရာတော် ဦးကောဏ္ဍညထံ ပြောင်းရွှေ့ဘို့ရာ ပြင်ဆင်နေပါကြောင်း' လျှောက်ထားလေသည်။

'မောင်ပဏ္ဍဝ - မင်းဝံတောင် မောင်ကောဏ္ဍညထံမှာ မသွားနဲ့အုံး၊ နန်းတွင်းလိုက်ပြီး တရားဟောရလိမ့်မယ်'

'မှန်ပါ.... တပည့်တော် တရားဟောရမည်ဆိုလျှင် ဘုရားသားတော် ပီသစွာ ဘုရားစကားကိုသာ ဟောပါမယ်' ဟု ဝန်ခံလိုက်သေသည်။ '

ပညာဒီပ ကဝိဇေ ဒိသာပါမောက္ခ တိပိဋကာလင်္ကာရ

ထိုနေ့ကား နန်းတော်သို့ကြွလာရာ၌ လေးပြင်လေးရပ်မှ ဆရာတော်ကြီးများနှင့် သံဃာတော်များ ပါလေသည်။

လွန်ခဲ့သောရက်များမှ ဆရာတော်အသီးသီးတို့သည် အေးတရားတော်ကို ဟောကြားတော်မူကြသော်လည်း မင်းတရားကြီးအဖို့ ပူဆွေးတသနေသော သောကမီးကို ငြိမ်းအေးခြင်းငှာ မရရှာ၊ အေးယပ်တောင်ကို သင်္ဂဇာဆရာတော် အထံသို့ မင်းတရားကြီး ကိုယ်တိုင် ဆက်ကပ်လိုက်လေသည်၊ မင်းတရားကြီး၏ အပူမီးကို မိမိသင်္ဂဇာ ကိုယ်တိုင် ဟောပါသော်

လည်း ပြေငြိမ်းမည် ဟု ထင်တော်မမူရကား ယနေ့တွင် မိမိနှင့်အဘူ ပါလာသော တပည့် ဦးပဏ္ဍဝ ဟောကြားလျှင်မင်းတရားကြီး ကျေနပ် သဘောတော်ကျမည် ဟု ယူဆလေသည်။

ထို့ကြောင့် အေးယပ်တောင်ကို တပည့် ဦးပဏ္ဍဝအား ပေးအပ်လိုက် လေသည်။

ထိုအချိန်က ဦးပဏ္ဍဝသည် သိက္ခာ ၁၅-၁၆ သာရှိပေသေးသည်၊ မင်းယင် ပြင်၌ရှိသော ဆရာတော်ကြီးများမှာ အကျော်အမော် တိုက်ဦးစီး ထိပ်သီး တံဆိပ်တော်ရချည်း ဖြစ်သည်၊ မင်းတရားကြီး နှင့် မင်း မိဖုရား မှူးမတ်များ သည်း စုံညီလှသည်၊ ဆရာတော် သံဃာတော်များလည်း စုံညီသည်။

ဆရာတော်များနှင့် မင်းပရိသတ်တို့ ရှေ့မှောက်၌ ဦးပဏ္ဍဝသည် အေး ယပ်တောင် လက်ခံယူပြီးလျှင် အခတောင် ၃၁ - မြင့်သော ဓမ္မာသနပလ္လင် တော်ထက်သို့ တက်ရောက်၍ ‘အေးတရား’ ကို ဟောကြားတော်မူလေ သည်။

စုံညီသည့် မင်းပရိသတ် သံဃာတော် ပရိသတ်တို့ ရှေ့မှောက်တွင် ဦးပဏ္ဍဝသည် ရဲရင့် ပြတ်သားစွာ (သီဟနာဒ) တရားများကို ဟော ကြားလေသည်။

ဦးပဏ္ဍဝဟောကြားသည့်အချက်မှာ —

‘အနုပ္ပါဒေါ နိဗ္ဗာနံ ဥပ္ပါဒေါ သင်္ခတံ’

တေဘုမ္မက လောကီအပါဒါန် တရားယူသမျှ ဆင်းရဲတတ်၍ အပူ သောကကို အားပေးနိုင်ကြောင်း၊ ပါရမီ မင်္ဂလာစတုဘုမ္မိကမဂ္ဂင် တရား ကသာ အပူငြိမ်းအေးစေနိုင်ကြောင်း စသော အချက်များပင် ဖြစ်လေသည်။

ဦးပဏ္ဍဝ တရားဟောပလ္လင်ထက်မှ ဆင်းကြွလေသည်။

ဆရာတော်ကြီးများက —

‘မောင်ပဏ္ဍဝ ဟောတဲ့တရားတွေက မှန်ကန်လွန်း နေတယ်၊ မှန်ကန် လွန်းလို့ ခုခေတ် (ဒါနယုဂ, သီလယုဂ ခေတ်မျိုး) လို အချိန်မှာ လိုက်နာ နိုင်ကြမယ် မဟုတ်ပေဘူး’

‘မှန်ပါ့ - ဝိမုတ္တိယုဂ ခေတ်မျိုးနဲ့ တွေ့ကြုံပါလိမ့်မယ်၊ ထိုအခါမှ ဝိမုတ္တိရသ၊ အားလုံးအမှန် ဒုက္ခ ပရ နှပ်သော အကျိုးအတွက် ဆောင်ရွက် ပါ့မယ် ဘုရား’

[ဦးပဏ္ဍဝ၏ ဟောကြားချက် များကို အကျယ် ဖေါ်ပြရန် မလိုပါ၊ ၄က်တွင်း ဆရာတော်အဖြစ် ထင်ရှား လာပြီးနောက် ဆရာတော်၏ ကျမ်းစာများ ကို ကြည့်ရှု လေ့လာနိုင်ပါသည်။]

မင်းတုန်း မင်းတရားကြီးနှင့် တကွ မင်းပရိသတ်တို့၏ သောက အပူ ငြိမ်းအေးကြ၏၊ နေ့စဉ် အပူမီး တောက်လောင်ခြင်းမှလည်း ကင်းဝေးကြ လေသည်။

ထိုအချိန်မှစ၍ မင်းတရားကြီးနှင့် မင်း မိဖုရား, မှူးမတ် များက ဦးပဏ္ဍဝ အပေါ်၌ ကြည်ညိုကြလေသည်၊ မင်းတရားကြီး ကြည်ညိုတော် မူသည့် အလျောက် ဦးပဏ္ဍဝအား ဆက်လက်၍ တရား တောတော်မူစေသည်၊ ဦးပဏ္ဍဝကလည်း နန်းတော်သို့ ကြွ၍ ကြွ၍ တရားဟောလေသည်။

ရက်ကြာမြင့်စွာ ဦးပဏ္ဍဝ၏တရားကို နာကြားရသော မင်းတရားကြီးနှင့် တကွ မင်းပရိသတ်တို့အားလုံး ဆရာတော် ဦးပဏ္ဍဝ၏ ဟောနည်းပြကွက်များ ဖြစ်သည့် 'ဒွတ္တိံသာကာရ' ကမ္မဋ္ဌာန်းကိုလည်း ကျနစွာ သင်ကြားနာယူကြ လေသည်။

မင်းတရားကြီးသည် ဦးပဏ္ဍဝအား ကြည်ညိုခြင်း သဒ္ဓါတရား တနေ့ တခြား တိုးပွားလျက် ပစ္စည်း ၄ ပါး ဒါယကာအဖြစ်လည်း ခံယူလေသည်။

မင်းတရားကြီး၏ သားတော် သမီးတော်များ အနက် အကြီးဆုံး သမီးတော် ထိပ်စုကြီး မင်းသမီးကလည်း ဦးပဏ္ဍဝ၏ ပစ္စည်း လေးပါး ဒါယိကာမအဖြစ် ခံယူလေသည်။

မင်းတရားကြီးသည် ဦးပဏ္ဍဝအား လွန်စွာ ကြည်ညိုတော် မူလှသဖြင့် '**ပညာဒိပ ကဝိဇေ ဒိသာပါမောက္ခ တိပိဋကာလင်္ကာရ**' ဟူသော ကြီးကျယ် လှသော ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်သည်ဟု အစဉ်အလာစကားရှိလေသည်။

[မှတ်ချက်။ ။ယင်းတံဆိပ်တော်ကို ဆက်ကပ်သည်နှင့် စပ်၍ ကွမ်းခြံ ကုန်းမြို့ မင်္ဂလာပါရမီစံကျောင်းတိုက် တိုက်အုပ်နာယက စာချဆရာတော် 'အရှင်ဦးအာသဘ' က အောက်ပါအတိုင်း ဂါထာစီကုံးလျက် မှတ်တမ်း တင်ထားခဲ့ လေသည်။]

ပညာဒီပံ ကဝိဓဇံ၊
ဒီသာပါမောက္ခ လဒ္ဓုနံ။
တိပိဋကာ လင်္ကာရံ စ၊
လဒ္ဓံ ရာဇေန ပူဇိတံ။ ။

ရာဇေန၊ မန္တလေး ရတနာပုံ မြို့တည် နန်းတည် ပဌမ သင်္ဂါယနာတင် ဘုရင် မင်းတုန်းမင်းတရားကြီးသည်။ ပူဇိတံ၊ ဂုဏော နှင့် ဂုဏ် လိုက်ဘက် စုံအောင် ယုံကြည်လေးမြတ် လှူဒါန်းပူဇော်အပ်သော။

ပညာဒီပံ၊ ဆီမီးတန်ဆောင် ပညာရောင်ဖြင့် ထွန်းပြောင် နေလ တူတကွသို့ 'ပညာဒီပ' ဂုဏ်ဖြင့်ထု အပ်သော။

ကဝိဓဇံ၊ ကြောင်းကျိုးသိမြင် ပညာရှင် ကဝိအမွန်တို့ထက် ကာန်ခွန် တူမျှ ထင်ရှားသ၍ 'ကဝိဓဇ' ဂုဏ်ထူးလည်း ရှိပေထသော။

ဒီသာပါမောက္ခံ၊ လေးကျွန်းမျက်နှာ ရပ်ဒိသာ၏ မဟာ အာစရိယ တင်မြှောက်ရ၍ 'ဒီသာပါမောက္ခ' ဂုဏ်ဖြင့်လည်း မှတ်အပ်သော။

တိပိဋကာလင်္ကာရံ၊ ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ် နှံ့စပ်ကျွမ်းကျင် တန်ဆာဆင်လတ် 'တိပိဋကာလင်္ကာရ' ဂုဏ်သကတ်နှင့်လည်း ပြည့်စုံထသော။

လဒ္ဓုနံ၊ '**ပညာဒီပ ကဝိဓဇ ဒီသာပါမောက္ခ တိပိဋကာလင်္ကာရ**' ဟူသော ဘွဲ့တံဆိပ်တော်ကို။ လဒ္ဓံ၊ ပုဂ္ဂလဝိသိဋ် ဗျူပွင့်ဟိတ်ကြောင့် အထွတ်အထိပ် ရရှိတော်မူအပ်လေသတည်း။

မြန်မာမင်း အဆက်ဆက်တွင် ပညာတတ် ဆရာတော်ကြီး များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်ရာ၌ '**မဟာဓမ္မရာဇာဓိရာဇဂုရု**' ဘွဲ့တံဆိပ်တော် များကိုသာ အကြီးမြင့်ဆုံး ဆက်ကပ် လေ့ရှိသည်။

ဆရာတော် ဦးပဏ္ဍဝအား ဆက်ကပ်လိုက်ဘည့် ဘွဲ့တံဆိပ်မျိုးမှာ လွန်စွာ ရှားပါးလှသော ဘွဲ့တံဆိပ်မျိုး ဖြစ်သည်။

ပုဂံခေတ် ကျစွာမင်းဆရာ ဦးကျည်ပွေ့ ဆရာတော်အား '**ဒိသာပါမောက္ခ တိပိဋကာလင်္ကာရ**' ဘွဲ့တံဆိပ်လှူဘူးကြောင်း ရာဇဝင်များ၌ ဖော်ပြထား လေသည်။

မြန်မာမင်းများနောက်ဆုံး သီပေါမင်းလက်တက် ဘွဲ့တံဆိပ်ဆက်ကပ်ရာ၌ ငါးဆင့် ခွဲခြား၍ ဆက်ကပ်လှူဘူးကြောင်းကိုလည်း ရာဇဝင်၌ ဆိုထား လေ သည်။

ယခု ငှက်တွင်းဆရာတော် ဖြစ်လာမည့် ဦးပဏ္ဏ၀ အလှူခံ ရရှိသော ဘွဲ့တံဆိပ်မျိုး ရာဇဝင်မှတ်တမ်းများ၌ ထိုဘွဲ့မျိုးနှင့်စပ်၍ ဧကောဆက်မျှမပါ၊ ထူးခြားသောအချက် ဖြစ်နေပေသည်။

ထိုဘွဲ့တံဆိပ်မျိုး မရှိဘဲ မင်းတုန်းမင်းက ဆက်ကပ် လှူဒါန်းလေဟန် ဆရာတော်ကြီးက လည်ဆယ်လုပ်ကြမည်လည်း မဟုတ်ပါပေ။

မင်းတုန်းမင်း၏ သမီးတော် အကြီး စစ်ကိုင်း ရွှေမင်းပံတောင် ငှက်တ[illegible]း တောကျောင်း ဒါယိကာမ ထိပ်စုကြီး မင်းသမီးသည် အိန္ဒိယနိုင်ငံမှ ဒးပြန်တွင် ငှက်တွင်းဆရာတော်ဟု ထင်ရှားလာမည့် ဦးပဏ္ဏ၀အား ၁၂၅၄ ခုနှစ်က စေတုဘုမ္မိက မဂ္ဂင် မဟာသတိပဋ္ဌာန် ကျင့်စဉ်တရားများကို နာယူ မှတ်သား လိုပါကြောင်း လျှောက်ထားရာတွင်—

'ပညာဒီပ ကဝိဓဇ ဒိသာပါမောက္ခ တိပိဋကာလင်္ကာရ' ဂုဏ် ကျေးဇူး အထူး ရှိပေသောဆရာတော်ဘုရား။

စသည်တို့ကို ထောက်လျှင် တိကျမှု ရှိနိုင်လေသည်၊ အကြောင်းမှာ– မင်းတုန်းမင်း၏ သမီးတော် ထိပ်စုမင်းကြီးပင်းသမီးသည် အေးတရား [illegible] ပြီးနောက် ဦးပဏ္ဏ၀အား ယင်း ဘွဲ့တံဆိပ်တော် လှူစဉ်က သိမှိလိုက်၍ ထိုကဲ့သို့ လျှောက်ထားသည်ဟု ဆိုနိုင်လေသည်။

ဦးပဏ္ဏ၀ နှင့် ခေါတ်ဆရာကြီး ဦးပို

ခေါတ်ဆရာကြီး ဦးပိုခေတ်ကား– မင်းတုန်းမင်း လက်ထက်က ဖြစ် လေသည်၊ မင်းတုန်းမင်းလက်ထက်တွင် နန်းတွင်း၌ ဆေးရုံများ တည်ဆောက် ခဲ့သည်၊ ဆေးရုံများတွင် ခေါတ်ဆရာကြီး ဦးပိုနှင့်အတူ မြန်မာ သမား တော်ကြီး ၁၀ ဦးမျှ အမှုထမ်းရကြောင်း အဆိုရှိသည်၊ ယင်းသမား တော်ကြီး ၁၀ ဦးလုံးပင် 'ဘိသက္ကရာဇာ' ဘွဲ့ရချည်းဖြစ်သည်၊ ခေါတ်ဆရာ ကြီး ဦးပိုနှင့်အတူ အမှုထမ်းရသော သမားတော်ကြီး ၁၀ ဦးတို့မှာ —

၁။ ထိပ်စုကြီး မင်းသမီးက ငှက်တွင်းဆရာတော်အား လျှောက်ထားသည့် စာများကို အကျယ်ကြည့်လိုလျှင် ဆရာတော် ကိုယ်တိုင်ရေး 'သာသန သုဒ္ဓိကျမ်း' စာမျက်နှာ (၁၉၆) မှ (၂၃၂) အထိ ကြည့်နိုင်ပါသည်။

No. 6

၁ - သမားတော်ကြီး ဦးဘဲ
၂ - ဦးစံ၀င်း
၃ - ဦးနှောင်း
၄ - ဦးစာ
၅ - ဦးနက်
၆ - ဦးမှိုင်း
၇ - ဦးမိတ်
၈ - ဦးတူ
၉ - ဦးခဲ—နှင့်
၁၀ - သမားတော်ကြီး ဦးပေါ—

တို့ ဖြစ်သည်။

ထို သမားတော်ကြီး ၁၀ ဦးတို့တွင် ဦးမှိုင်းသည် မီးယပ်နာကုသရာ၌ တူးချွန်လေသည်၊ သမားတော်ကြီး ဦးခဲသည် ကလေးရောဂါ သူငယ်နာ ဘက်၌ 'ဇီ၀က' ဟုပင် ထင်ရှားကြောင်း သိရပေသည်။

ဓါတ်ဆရာကြီး ဦးပိုသည် နန်းတွင်းသမားတော်တို့တွင် အချုပ်အခြာ ဖြစ်၍ သမားတော်ချုပ် ဖြစ်ကြောင်းကို ဆရာကြီးဦးပို၏ပညာ အဆက်အနွယ် ဖြစ်သော 'လောကဓါတ်သုတေသနဆေးကျမ်းပြု' ဆရာဦးစံတင်၏ မှတ်တမ်း၌ တွေ့ရလေသည်။

အဆိုပါ နန်းတွင်း 'ဘိသက္ကရာဇာ' ဘွဲ့ရ သမားတော်ကြီးတို့သည် 'အာယုဗ္ဗေဒ' ဆေးကျမ်းများကိုလည်း တတ်ကျွမ်းလှကြောင်း အဆိုရှိ လေသည်။

ဓာတ်ဆရာကြီးဦးပိုမှာ ပုဂံမင်းလက်ထက်ကပင် သမားတော်ချုပ် ဖြစ် လာသည်ဟူ၍လည်း ဆိုကြသည်၊ ထိုမင်းလက်ထက်က 'ပရမတ်ဆရာပိုကြီး' အမည်ဖြင့် သူကောင်းပြုခြင်းခံရ၏၊ ရတနာပုံလက်ထက်အခါ၌ 'တိကိစ္ဆက အရာတွင်' ဓါတ်ဆရာကြီးဦးပို ဟု အလွန်ထင်ရှားလေသည်။

ဆင်ဖြူရှင် (မြေဒူး) မင်း လက်ထက် သာသနာပိုင် တောင်တွင်းဆရာ တော် ခင်ကြီးပျော်သည် ဆေးကျမ်းများကို သက္ကတမှ မြန်မာဘာသာသို့ ပြန်ဆိုခဲ့သည်၊ ဘိုးတော် (ဗဒုံ) မင်း လက်ထက် မောင်းထောင်သာသနာ

ပိုင် အရှင်ဉာဏာဘိဝံသ ဆရာတော်သည်လည်း ဆေးကျမ်းများကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့သည်။

နိုင်ငံခြားဆေးကျမ်းများကို ဓါတ်ဆရာကြီးဦးပိုအမှူးပြုသော နန်းတွင်း သမားတော်အဖွဲ့မှ သုတေသနလုပ်၍ ဆက်လက် ဘာသာပြန်ဆိုလေသည်။

အိန္ဒိယဆေးပညာ အာယုဗ္ဗေဒမှ မြစ်ဖျားခံလာသည့် ဆေးကျမ်းများ ဖြစ်သည်ဟု ဆိုရပေမည်။

အာယုဗ္ဗေဒဆေးပညာရပ်မှ ထိုးဖေါက်၍ မြန်မာ့လူနေမှုစရိုက်နှင့် ကိုက်ညီသည့်ဆေးပညာတရပ် တီထွင်ဆန်းသစ်လာသည်မှာ ဓါတ်ဆရာကြီးဦးပိုပင် ဖြစ်လေသည်၊ ဦးပိုသည် အဘိဓမ္မာသဘာဝကျကျဖြင့် ယင်းအာယုဗ္ဗေဒဆေးပညာကို ဖန်တီး၍ကုသလေသည်၊ ဓါတ်ဗိန္ဓောအခြေကိုလည်း ခံလေသည်။

အထူးသဖြင့် ဓါတ်ကိုအခြေခံတည်ဆောက်သည့် ဗိသုကာကြီးမှာ ဦးပိုပင် ဖြစ်သည်၊ ထို့ကြောင့် ဓါတ်ဆရာကြီး ဦးပို ဟူ၍ မင်းတုန်းမင်း လက်ထက်က နှစ်ယောက်မရှိ ထင်ရှားလေသည်။

ဦးပိုသည် အသားမဲ့သူတို့ ဖြူအောင်, ဝသူကို ပိန်အောင်, ပိန်သူကို ဝအောင် ဓါတ်ပညာဖြင့် ပြုပြင်စွမ်း ကုသစွမ်းရှိသည်၊ ဓမ္မတာလာနေသဖြင့် နန်းတွင်းပွဲ မကြည့်နိုင်သည့် နန်းတွင်းသူအား ရုတ်ခြည်း ပွဲကြည့်နိုင်ရန် ဓမ္မတာကို ရပ်စဲနိုင်သည်။

ဦးပို၏ဇာတိမှာ ဘုတလင်မြို့နယ် မြို့ပေါ်ရွာ ဖြစ်သည်၊ မြို့ပေါ်ရွာတွင် ယခုတိုင် ဦးပို၏အဆက်အနွယ်များ ရှိသေးသည်။

ဦးပို၏ဇာတိ ဘုတလင်မြို့နယ် မြို့ပေါ်ရွာ အရှေ့တွင် ရွှေမော်ဓောစေတီတော်တဆူ တည်ခဲ့ပြီး ဘုရားဒါယကာကြီးလည်း ဖြစ်သည်။

ဆရာကြီးကိုယ်တိုင်ရေးခဲ့သော ဆေးကျမ်းများမှာ သဗ္ဗပကိဏ္ဏကဓာတုကျမ်း၊ ၁၂၂၇- ခုနှစ်က မော်လမြိုင်မြို့ရှိတပည့်များ တောင်းပန်၍ ရေးခဲ့သော ဓမ္မဓာတုကျမ်း နှင့် အာယုပါလဓါတ်ကျမ်း တို့ကိုလည်း ပြုစုစီရင်လေသည်၊ ထိုကျမ်းများသာမက အခြား ပုံနှိပ်စက်တင်ခြင်း မပြုသေးသော ဓာတ်ကျမ်းများလည်း ရှိသေးကြောင်း သိရလေသည်။

ဓါတ်ဆရာကြီး ဦးပိုသည် ပရမတ်ဘက်၌သာ ကျွမ်းကျင်သည် မဟုတ်သေး၊ ဖာ႗ယုဗ္ဗေဒ ဆေးကျမ်းပေါင်း မြောက်မြားစွာတို့ကိုလည်း တတ်ကျွမ်းလှပေသည်။

ဆရာကြီးဦးပိုတွင် သား ရဟန်းတော်ဦးစန္ဒ နှင့် ဆရာတုတ် ဟူ၍ နှစ်ဦးရှိလေသည်၊ သားဖြစ်သူဆရာတုတ်သည် ပလိပ်ရောဂါ ကျောက်ရောဂါဘက်၌ အလွန်တတ်ကျွမ်းလှသဖြင့် 'ပလိပ်မင်းသား ကျောက်မင်းသား' ဟူ၍ပင် ခေါ်ရမလောက်ဖြစ်သည်။

ဦးပိုသည် အသက်ကြီးလာသည့်အခါ အမရပူရမြို့သို့ ပြောင်းရွှေ့နေခဲ့လေသည်၊ မင်းတုန်းမင်း မန္တလေး ပြောင်းရွှေ့ မြို့တည်နန်းတည်၍ ဦးပိုလည်း မန္တလေးသို့ ပြောင်းရွှေ့ရောက်လာသည်။

ဦးပို၏နေအိမ်မှာ မန္တလေး အနောက်ပြင် သမီးတော်ဈေးအနီးတွင် ရှိသည် ဟု သိရသည်။

ဦးပိုကား ဉာဏ်ထက်၏၊ မဟုတ်မခံ ရှိ၏၊ စွဲမြဲယူဆချက်လည်း ပြင်းထန်လှ၏၊ ဦးပိုတွင် ပရမတ္ထအရိယာ အစစ်အမှန်သံဃာ ခုခေတ်တွင် မရှိတော့ ဟု ယူဆသည်။

ဥတ္တိ စတုတ္ထကမ္မဝါစာ၌ တည်သော သမုတိသံဃာ ဟူသည် သံဃာစစ်မဟုတ်၍ ရတနာနှစ်ပါးသာရှိသည်၊ သံဃာရတနာ မရှိ၊ ဤသို့ အယူသီးလေသည်၊ အယူသီးသလောက် ပြန့်နှံ့အောင်လည်း ဖြန့်၍နေလေသည်။

သာသနာတော် ဟူသည် အရေအတွက်အားဖြင့် ပိုင်းခြားသတ်မှတ်ချက် မရှိဟု ဆိုသည်၊ သာသနာတော်အနှစ်ငါးထောင်အဖြစ် အဋ္ဌကထာ၌ ဖွင့်ကြသည်၊ ပါဠိတော်၌ မရှိချေ၊ အဋ္ဌကထာကျမ်းပြုပုဂ္ဂိုလ် အရှင်ဗုဒ္ဓဃောသ ဖွင့်ခဲ့သည့်အတိုင်း အနှစ်ငါးထောင် သာသနာရှိနေသည် ဟု ယူဆခြင်းမှာ စင်စစ် ယုံကြည်ဘွယ်မဖြစ်နိုင် ဟု ဆိုလေသည်။

ဦးပိုသည်ကျမ်းတဘ်ပုဂ္ဂိုလ် ဖြစ်သည်ကား မှန်၏၊ သို့သော် သူ့ယူဆချက်များမှာ အစွန်းရောက်နေပြီ။

၁၁၂၅ - ခုနှစ် ဆင်ဖြူရှင် (မြေဒူးမင်း) လက်ထက် ဇောတိဆိုသူဦးစိးသည့် ဇောတိဝါဒဂိုဏ်း ပေါ်ခဲ့ဘူးသည်၊ ဇောတိဝါဒဂိုဏ်း၏ အယူအဆများမှာ—

'လူသေလျှင် ပဋိသန္ဓေတဖန်မနေ ဆုံးကွယ်ခြင်းသာ ရှိသည်၊ ဘုရားရုပ်ပွား ဆင်းတုတော်များနှင့် သံဃာတော်များကို ကိုးကွယ်နေခြင်းဖြင့် အကျိုးမရှိ' စသောအချက်များ ဖြစ်လေသည်။

သက်ဦးဆံပိုင်ခေတ်က ထိုဝါဒမျိုးပေါ်လာခြင်းမှာ အံ့သြဘွယ်ကောင်းသည်၊ ထိုအချိန်မှစ၍ ယင်းအယူများ တဖြည်းဖြည်း ပြန့်လာလေသည်၊ နောက်ဆုံး မင်းတုန်းမင်းလက်ထက် ရောက်လာသည်၊ ဇောတိဝါဒဂိုဏ်းဝင် ပေါ်ခဲ့သည် မန္တလေးခေတ်ဆီက ဂိုဏ်းဦးစီး ဟု ဆိုသည်။

၁၂၃၁ ခုနှစ်ဆီက ယင်းဂိုဏ်းဝင်များမှာ ငသိုင်း ငမိတ် စသည်တို့ဖြစ်သည်၊ သူတို့သည် ရွှေမြို့တော်အနောက်ပြင် မလွန်ဈေးရပ်ကွက်များ၌ နေကြသည်ဟု ဆိုသည်။

'တပည့်တော်တို့သည် ယနေ့ကိုအစပြု၍ မြတ်စွာဘုရားသခင် သာသနာတော်မြတ် ညှိုးနွမ်းယုတ်လျော့ရာအကြောင်း မကောင်းသော အမှုအကျင့်ဖြစ်သော မတီးမရာ မိစ္ဆာဝါဒကို သူတို့၏အလေ့ ဟု စကားများကို အခြားသူတို့ပြောဟောဆုံးမရာ မလိုက်မနာယူပါ၊ မိမိတို့ကိုလည်း မပြော မဆို မမှုကျင့်ပါ၊ ချုပ်ဆိုဝန်ခံပါသည်ဘုရား' စသော ဝန်ခံချုပ်ဆိုချက်များကို သုဓမ္မာသဘင်တွင် မင်္ဂလာရာမ, စလင်း, သက်ပန်း, လှထွေ, ပုခန်း, တပရင်း စသော ဆရာတော်ကြီးများရှေ့မှောက်၌ ကတိဝန်ခံပြုကြရကြောင်းနှင့် သူတို့အားလုံး အယူမှန်ဘက်သို့ သက်ဝင်ကြတော့ကြောင်းများ နန်းတွင်းပရပိုက်တဆူတွင် ဖော်ပြထားလေသည်။

ဇောတိဝါဒဂိုဏ်း၏ အငွေ့အသက်များမှာ ဦးပိုနှင့်လည်း ဆက်နွယ်လေသည်။

ဇောတိဝါဒ၏အကျိုးဆက်ကြောင့် ဓာတ်ဆရာဦးပိုနှင့် ငသိုင်း, ငမိတ် စသည်တို့အား ကူးစက်ပြန့်ပွားလာခြင်း ဟု ဆိုနိုင်လောက်သည်၊ ထိုစဉ်အခါက ငှက်တွင်းဆရာတော်လောင်းလျာ ဦးပဏ္ဍဝသည် သင်္ဂဇာကျောင်းတိုက်မှာပင် ပထမ စာတော်ချ ဖြစ်၍ မင်းတုန်းမင်းလှူသောဘွဲ့တံဆိပ်လည်းရရှိလေပြီ။

ဆရာတော်ဦးပဏ္ဍဝသည် ရွှေမြို့တော် အနောက်ပြင် သမီးတော်ဈေးအနီး၌နေသော ဓါတ်ဆရာကြီးဦးပိုနှင့် ဆရာဒကာဖြစ်နေသည်၊ ရင်းလည်း ရင်းနှီးသည်၊ ကျမ်းထွက်ကျမ်းလာ စကားကိုလည်း အချင်းချင်း ဖလှယ်ကြသည်၊

ဆွေးနွေးကြသည်၊ အချို့ခံယူချက် တူညီကြသော်လည်း အချို့ ဦးပဏ္ဍိတက ဦးပို၏ယူဆချက်များကို လက်ခံခြင်းမရှိနိုင် ဖြစ်သည်။

ကျမ်းဂန်၏ အာဘောဂ အချို့မှာ ကွဲလွဲသလောက် အချို့ ယူဆချက်ချင်း တူညီသည်လည်း ရှိ၏။

ရတနာနှစ်ပါးသာ ရှိရမည် ဟူသော ဦးပို၏ခံယူချက်မှာ တက်တက်စင်လွဲမှားနေကြောင်း ဦးပဏ္ဍိတသိ၏၊ သိ၍လည်း ဒကာရင်းဦးပိုအား အယူအဆပြောင်းစေရန် ကျမ်းဂန်အကိုး သာဓကများဖြင့် ထောက်ပြ၍ ဆွေးနွေး၏။

ပရမတ်တရား မှောက်မှားလေရော့လား

အမှန်အားဖြင့် ဦးပိုမှာ ပရမတ် ၊ ပညတ် ခွဲခြားမှုအသိဉာဏ်အား နည်းပါးသည် ဟု ဆိုရမည်။

'ပရမတ်မှောက်မှား၊ အပါယ်လား'
'ပရမတ်ပျောက်ကျား၊ နေရင်းစား'
'ပရမတ်မြောက်မြား၊ နိဗ္ဗာန်သွား' ၁

၎င်းအချက်ကို ဦးပိုနားမ၀င်၊ ဦးပိုသည် ရောင်း၀ယ်ကူးသန်းကောင်းတုံးမှာ အရင်းပျောက်နေသော ကုန်သည်တဦးနှင့်တူသည်၊ ပရမတ်အယူ၌ မှန်ကန်မှုမလိုလားတော့ဘဲ ပရမတ်တရား မှောက်မှားသွားရှာလေသည် ဟု ဦးပဏ္ဍိတက ဟော၏၊ ဆွေးလည်း ဆွေးနွေး၏၊ သို့ပါသော်လည်း ဦးပိုကား နကမွတ်။

ဦးပိုကား သူ့ရဲကောင်းပုဂ္ဂိုလ်ပေတည်း။

ယနေ့အခါ သံဃာ ဒွေစစ်အမှန်မရှိ ဆိုနေသော စကားကိုပြင်ရန် မင်းတုန်းမင်းကြီးက အမိန့်တော်ထုတ်ပါ၏၊ ဦးပို မလိုက်နာ။

'ဘုရားအယူတော်နှင့်သေရလျှင် မြတ်သည်'

'သက်လျှင်သေရဲသည်၊ မိမိအယူကိုတော့ မည်သည့်နည်းမျှမစွန့်လွှတ်' ဟူ၍ ပြောကိုတင်းမာလျက်ပင် ရှိသည်၊ မင်းတရားကြီးက ထိုစဉ်က ကင်းစဉ်

၁။ ၎င်းဆိုမ်ကိုးအနီပွာယ်ကို အကျယ်ဖွင့်ပြထားသည့် ဆရာတော်ကြီး ကိုယ်တိုင်ရေး 'သ[illegible]ဋ္ဌာနမဂ္ဂင် ဒီပနီကျမ်း' နှင့် 'မဟာသတိပဋ္ဌာန်နိဿယကျမ်း' များတွင် ကြည့်ရှုနိုင်ပါသည်။

ဝန်ထောက် (နောက် ကင်းဝန်မင်းကြီး) ဦးကောင်းအား စစ်ဆေးစေသည်၊ ကင်းစဥ်ဝန်ထောက် ဦးကောင်း စစ်ဆေးနေသော်လည်း ဦးပိုမှာ အယူမစွန့်။

လွှတ်တော်အရာရှိ တဦးဖြစ်သော ကင်းစဥ်ဝန်ထောက် ဦးကောင်းအား မရိုသေသည့် အမူအရာဖြင့် 'မင်းတို့' ဟူသော အသုံးအနှုန်းကိုပင် သုံးနှုန်း ပြောဆိုနေလေသည်။

ကင်းစဥ်ဝန်ထောက် ဦးကောင်းသည် ဦးပို၏ မရိုမသေသုံးစွဲပြောဆိုနေခြင်းကို ကျေနပ်မှုမရှိပေ၊ အာဏာ သားတို့အား အမိန့်ပေးလေသည်၊ အာဏာသားတို့က ဦးပိုအား အရှည်လေးတောင် အချင်း ထိပ်၀ တလက်မခန့်ရှိသော ကြိမ်ဖြင့် ဦးပို၏ လည်မျိုကို အချက်ပေါင်းများစွာ ရိုက်နှက်ကြလေသည်။

ဦးပိုမှာ အာဏာသားတို့ ရိုက်နှက်သော ဒဏ်များဖြင့်ပင် လွှတ်တော်ရှေ့၌ ကွယ်လွန် ရရှာလေသည်။

သံဃာတော်များကို မရိုမသေ စော်ကားလျှင် အခြားလူတို့လည်း ဦးပို အလားတူ ထိတ်လန့်ကြောက်ရွံ့စေရန်လည်း စီစဥ်လေသည်။

ဓာတ်ဆရာကြီး ဦးပို၏ ရုပ်အလောင်းကို မန္တလေးမြို့ အနောက်ပြင် ပုဏ္ဏားကျွန်း သင်းချိုင်း၌ တောင်အရပ်သို့ မျက်နှာမူလျက် လက်ဝါးကပ်စင်တွင် ကားတင်လျက် သံတကျင် အထိုးခံအဖြစ် ထားရှိလေသည်။

ပုဏ္ဏားကုန်း သင်းချိုင်းမှာယခုတိုင်ရှိ၍ ယင်း၏ အနောက်ချေကြည်တံခါး လမ်းမြောက်ဘက်၌ ဦးပို အလောင်းကို ထား၍ ယင်းသို့ ပြုလုပ် သည်ဟု ဆိုလေသည်၊ ဦးပို၏ဘက်သား တပည့်များတို့လည်း ဘေးဆိုး အရေးယူခြင်း ခံရလေသည်။

ဦးပိုသည် သာဓမ္မာ ဆရာတော်များ ရှေ့မှောက်တွင် သူ၏ အယူများယွင်း နေပါကြောင်း ဝန်ခံချုပ်ဆိုလျှင် သံတကျင်ထိုး ခံရသည် အထိ မဖြစ်နိုင် အသက်ချမ်းသာရာ ရနိုင်ပေမည်၊ ဦးပို အသတ် ခံရသည့်နှစ် ဆိုလျှင် ၁၂၃၁ ခုနှစ် ပတ်ဝန်းကျင် ဖြစ်ဖွယ်ရာ ရှိသည်၊ သူရဲကောင်းကြီး ဦးပိုသည် မင်းတရားကြီး၏ သေဆုကို ရဝံ့စွာ ခံယူသွားလေပြီ။

မင်းဝံတောင်တန်း ချောင်ခမ်းအသွယ်သွယ်

သက္ကရာဇ် ၁၂၂၉ ခုနှစ် တန်ဆောင်မုန်းလ။

ထိုလတွင် မင်းဝံတောင်တန်းသည် စိမ်းလန်းစိုပြေလျက် ရှိသည်၊ သက်တော် ၃၆ နှစ် သိက္ခာ ၁၆ ဝါရှိသော စာချဆရာတော် ဦးပဏ္ဍဝသည် မန္တလေးရွှေမြို့တော် သင်္ဂဇာကျောင်းတိုက်တွင် ပရိယတ် စာပေတာဝန်ကို ထမ်းဆောင်လျက် ရှိလေသည်။

စာချဆရာတော် ဦးပဏ္ဍဝသည် နိက္ခမစေတ ရင့်သန်လာသည့်အတိုင်း တောတောင်သို့ ခိုဝင်လိုသော ဆန္ဒ ဖြစ်ပေါ် နေလေသည်၊ မန္တလေး အနောက်ဘက်ရှိ စစ်ကိုင်းမင်းဝံတောင်တန်းသို့ သွားရောက် ခိုလှုံလျက် ဝိပဿနာလုပ်ငန်းများကို အားထုတ်လိုသော စိတ်လည်း ပြင်းပြနေလေသည်။

သို့ဖြင့် စာချခြင်း စသော ပလိဗောဓများကို စွန့်လွှတ်၍ အပေါမမှီး တကိုယ်တည်း တောထွက် လိုသဖြင့် မိမိ ဆရာတဆူ ဖြစ်တော် မူသော သင်္ဂဇာ ဆရာတော်ကြီးအား တောထွက်ရန် ခွင့်ပန်လျှောက်ထားလေသည်။

ခွင့်ရသည်နှင့်တပြိုင်နက် ဦးပဏ္ဍဝသည် ပရိက္ခရာ ၈- ပါးကို ယူဆောင်လျက် မန္တလေးမြို့တော် အနောက်ဘက် မင်းဝံ တောင်တန်းသို့ ထွက်ခွာကြွတော်မူလေသည်။

ဦးပဏ္ဍဝ ကိုယ်တွင် ထက်ကြပ် ပါနိုင်ရုံလောက်သော သင်္ကန်းသုံးထည်, သင်တုန်းငယ် နှင့် အပ်, ရေစစ်, သပိတ်။

တောတောင် စခန်းများတွင် ရှူမြှောင် ရှိသည်၊ ဥမင်လိုဏ် ရှိပါသည်၊ ဝါးသစ်ပင်များ ရှိသည်၊ ဦးပဏ္ဍဝအဖို့ ယင်းတို့မှာ ကျောင်းသခ်မ်း များ ဖြစ်သည်၊ ဝါးတပင် သစ်တပင် ဥမင်လိုဏ်များမှာ ဦးပဏ္ဍဝ ကျောင်းအမှတ် အဖြစ် သီတင်းသုံး၍ ယောဂီကျင့်ထုံးများကို နှလုံးမူထားသည်။

ဦးပဏ္ဍဝမှာ—

'ခြောင့်ကိုသင်ဖြူး၊ ဆူးကို မေ့ ရာ၊ မြေမှာစံတား၊ ကျားကို သခ် ငုတ်၊ စုန်း ဘုတ် တစ္ဆေ၊ ပေါ်မိတ်ဆွေ'

ဆိုသကဲ့သို့ နေရန်အားပြုသည်၊ ငှက်တို့သည် မိမိတို့ အစတောင်၊ ခြေ၊ လက်၊ နှုတ်သီးသာလျှင် ဝန်ရှိလေသည်၊ သူတို့မှာ အတွယ်အတာမရှိ မိမိအလိုရှိရာ တောတောင်များသို့ လွတ်လပ်စွာပျံသန်း နိုင်ကြသည်။

'ဝမ်းဘဲ ဟသ်ာ၊ ကြိုးကြာကစ၊ ငှက်တို့မျှတို့၊ မိုးဝကောင်းကင်၊
လဟာပြင်၌၊ ပိတ်ပင်မရှိ၊ သွားကုန်ဘိသို့'

ဟူသော စာကို သဘောကျ နေလေသည်။

သံယောဇဉ်ငြိ တွယ်တာခြင်းမှ လုံးဝ လွတ်ကင်းသည့် သဘောဖြင့်—

'လူသံမနီး၊ တကိုယ်ထီးဖြင့်၊ ချောက်ကြီးကမ်းပြင်၊ သေရှင်မခန့်၊
စွန့်ကြစမြဲ'

ဆိုသည့်အတိုင်း အသက်ကို စွန့်လျက် တကိုယ်ထီးတည်း မင်းဝံတောင် ဥမင်လိုဏ်ခေါင်းတခု၌ နေလေသည်၊ မင်းဝံတောင်ကား ဗျာဒိတ်ညွှန်းတောင် ဖြစ်ပါသည်။

မင်းဝံတောင်တန်း

ဝံသူတော်သည် မြတ်စွာဘုရား ကြွတော်မူရာ အမြိုက်အရသာနှင့် ပြည့်စုံတော်မူသော သစ်သီးကို လှူသည်။

ဘုရားသခင်မြတ်က ထိုဝံသူတော်အား 'နောင်အခါ ငါဘုရား သာသနာပြုမည့်မင်း ဖြစ်သည်၊ မင်းဖြစ်လျှင် သံလျက်ခုံကျွန်း မြို့တည်၍ ကြီးစွာသော စည်းခုံတည်လိမ့်မည်' ဟူ၍ ဗျာဒိတ်တော် ကြားတော်မူသည်။

ယင်းဗျာဒိတ်အရ ဝံသူတော်မှာ အင်းဝမြို့ စည်းခုံဒါယကာ ဖြစ်လာသည်၊ ယခင်က ဝံသူတော်နေရာအရပ်ကို မင်းဝံတောင်ဟု အဆိုရှိလေသည်။

အတိတ် တဘောင်နှင့်

ဦးပဏ္ဍဝသည် မင်းဝံတောင်သို့ မရောက်မီ အချိန်က—

'မမလေးရယ်တဲ့ ပန်စရာ၊
ရွှေမင်းဝံ တောင်ပေါ်ရိုးဆီက၊
ပန်းချီးခဲ့ပါ။

ပန်းမာလာ၊
အညှာမှာ မြရည်လူးတယ်၊
ပန်ဝံ့ပါဘူး'

ဟူသော ငှက်တွင်းဆရာတော်ကြီး ဖြစ်ပေါ်လာမည့် အတိတ် တဘောင်ဟု ဆိုနိုင်လေသည့်။

ရွှေမင်းဝံတောင်တန်းတွင် ပန်းပွင့်များချိုး၍ ခူး၍ ပန်ဆင်လိုသော်လည်း ပန်းအညှာ မြရည်လူးနေသည်၊ ပန်းကိုတော့ ပန်ဝံ့ပါဘူးဟု အဓိပ္ပာယ် ဖြစ်၏။

ပန်းအညှာ မြရည်သွေးကဲ့သို့ အနှစ်အရသာ ရှိသော အာဇီဝဋ္ဌမက စတုဘုမ္မိကမဂ္ဂင် တည်းဟူသော ပန်းကို လူတိုင်း ပန်ဆင်ရန် မဝံ့ကြ ဟူ၍လည်း ဆိုရပေလိမ့်မည်။

ထို့ပြင်— 'ပန်ပါတဲ့—ပန်ပါ၊
ရွှေမင်းဝံ တောင်တော်ရိုးဆီက၊
ပန်းချိုးခဲ့ပါ။
အပွင့်ကဝါ၊
အညှာမှာ ရွှေရည်လူး၊
ပန်ဝံ့ပါဘူး'

ဟူ၍လည်း ငှက်တွင်းဆရာတော်၏အဖို့ ဖြစ်ပေါ်လာသည်၊ ယင်း၏အဓိပ္ပာယ်ကို အထက်ပါအတိုင်း ဖွင့်ဆိုကြရပေမည်။

တခုသော မင်းဝံတောင်တန်း၏ ခါးပန်းတွင် ပဇင်းထိုးငှက်များ အပျော်ကျူး၍ ဘာသာဘာဝအလျောက် တွင်းတူးကြလေသည်။

ဦးပဏ္ဍဝသည် ပဇင်းထိုးငှက်များ တွင်းတူးထားရာ တွင်းဟောင်း၌ ဂူပြုလုပ်လေသည်၊ ငှက်များတူး၍ ထွင်းထားသည့် လိုဏ်ဂူတွင် ဦးပဏ္ဍဝ နေလေသည်၊ တောင်တန်းတောင်ကျေ့ လူမတွေ့ရာ ဌာနလည်း ဖြစ်ပေသည်၊ ဆိတ်ငြိမ်လှ၏၊ သာယာအေးချမ်းလှ၏၊ ထို ငှက်တွင်းသည့် နေရာကိုပင် ကျောင်းအဖြစ် သီတင်းသုံးလျက် တရားအားထုတ်နေလေသည်။

ဦးပဏ္ဍဝ အားထုတ်သော တရားမှာ သတိပဋ္ဌာန်ပါဠိတော်လာ အရ ဖြစ်သည်၊ သတိကို အခိုင်အမာချုပ်ကိုင်သည်၊ သတိဖြင့် ဒွတ္တိံသာကာရ

(၃၂ · ကောင္ဍသ) ကမ္မဋ္ဌာန်း အာရုံများကို သိမ်းကျုံးယူသည်၊ ပညာဖြင့် (ဖြစ် · ပျက်) ဖြစ်နေရခြင်း, ပျက်နေရခြင်းများကို ဆင်ခြင်သုံးသပ်သည်။

သတိပဋ္ဌာန်ပါဠိတော် အရ ကိုယ်တိုင်ကျင့်၍ ကိုယ်တိုင် သိလာသည်၊ ဦးပဏ္ဍဝအဖို့–

ဆင်ကြီးဝမ်းသို့ ဝင်ခဲ့ပြီ၊
ဆင်ငယ်ဝမ်းသို့ ဝင်ခဲ့ပြီ၊
ဟင်းစော်နံလို့ အံခဲ့ရပြီ။

သတိပဋ္ဌာန် ကျင့်နည်းများကို ရှေးဦးစွာ ဖော်ထုတ်နိုင်သည် ဖြစ်၍လည်း **'သတိပဋ္ဌာန်အစ ငှက်တွင်းက'** ဟု ဆိုစမှတ် ရှိခဲ့လေသည်။

ထိုအချိန်မှစ၍ ဌာနဖြစ်သော ငှက်ထွင်းချောင် အမည်ကို ဌာနီ၌ တင်စား၍ ပဏ္ဍဝ မည်သော မထေရ်ကိုပင် ' ငှက်ထွင်းဆရာတော် ' ဟူ၍ ခေါ်ကြလေသည်။

' ငှက်ထွင်း ' အမည်ပျောက်၍ **' ငှက်တွင်း '** ဟု ဖြစ်လာပေသည်။

ကျွန်ုပ်တို့ ကျေးဇူးတော်ရှင် လယ်တီ ဆရာတော်ဘုရားကြီးအား ဌာနဖြစ်သော လယ်တီကျောင်းတိုက်၏ အမည်ဖြင့် လယ်တီဆရာတော်, ရွှေကျင်ဆရာတော်ကြီး ဦးဇာဂရအား ဌာနရွှေကျင်ရွာ၏ အမည်ဖြင့် ရွှေကျင်ဆရာတော် –

ဘိုးတော် မင်းတရားလက်ထက် ဉာဏာဘိဝံသ မည်သော သာသနာပိုင်ဆရာတော်အား ဖွားရာဇာတိ မောင်းထောင်ရွာအမည်ဖြင့် မောင်းထောင်ဆရာတော် စသည့် အမည်တော်များကဲ့သို့ ဖြစ်သည်။

ဦးပဏ္ဍဝသည် ရွှေမင်းဝံ ငှက်တွင်းချောင်၌ သီတင်းသုံးရာ ၃ · နှစ်ကြာလေပြီ၊ နန္ဒိယသူကြွယ်၏ ကုသိုလ်အဟုန်ကြောင့် တာဝတိံသာ၌ နတ်ဗိမာန်ကြီး အလိုလိုပေါ်ပေါက်လာသကဲ့သို့ ဦးပဏ္ဍဝအားလည်း ကျောင်းဗိမာန်ကြီးများ ပေါ်ပေါက်လာရသည်။

မင်းတုန်းမင်း၏မိဖုရား ကြေးမြှင့်မြို့စား နှင့် မင်းတုန်း မင်းတရားကြီး၏ သမီးတော် ထိပ်စုကြီး မင်းသမီးတို့မှာ ငှက်တွင်းချောင် ကျောင်းအမကြီးများ ဖြစ်သည်။

ကြေးမြှင့်မိဖုရားမှာ ရေနံချောင်းမြို့စား ဝန်ကြီး သတိုး မင်းကြီး မဟာ မင်းလှမင်းခေါင်ကျော်၏သမီး ဖြစ်သည်။

ရေနံချောင်းဝန်ကြီးတွင် ဒေါ်သီလှ နှင့် ဒေါ်ချို ဟူ၍ ဝန်ကတော် များရှိရာ ဒေါ်ချိုမှ ဖွားသော ကြေးမြှင့်မြို့စား မိဖုရားတည်း၊ သူ၏နာမည် ရင်းမှာ မမငေ၊ သူ၏မောင်ရင်းမှာ မောင်ကလေး၊ မြေနန်းဝန် မောင် ကလေး ဟု ထင်ရှားသည်။

ဆရာတော်ဦးပဏ္ဍဝမှာ ရွှေမင်းဝံတောင် ငှက်တွင်းချောင်တွင် ၁၅ - နှစ် ကြာမျှ သီတင် သုံးခဲ့လေသည်။

(၁) လောကီကိုမုန်း - ထေရ်ဘုန်း ခွာရှောင်၊
မင်းဝံ တောင်စောင်း - ခိုအောင်းရည်ဆောင်။
ငှက်ယယ်ထွင်းထား - တွင်းများ ဂူမြောင်၊
ပျော်စံပိုက်- သမိုက် '**ငှက်ထွင်းချောင်**'။

(၂) မင်းဝံ တောင်ကြား - ဆဲ့ငါးနှစ်ကြာ၊
ကျောင်းတော် နှစ်ရပ် - လှည့်ပတ် စံကာ။
ကြေးမြှင့်မြို့စား - တည်ထား ဝိဟာ၊
ထိပ်စုကြီး - ပင့်ပြီး လှူဒါန်းရာ။

ဆရာတော်သည် မင်းဝံတောင်တွင် ၁၅ - နှစ်ကြာသောအခါ စစ်ကိုင်း တောင်သို့ ရွှေ့ပြောင်းပြန်လေသည်၊ စစ်ကိုင်းတောင်တွင် အဘယာရာမ ပြန့်ကြီးချောင် ဟု ချောင်သစ် တည်လေသည်၊ ယင်းပြန့်ကြီးချောင်တွင် ပုဂံ ခေတ် ကျစွာမင်းတည်ခဲ့ရာ လိုဏ်ဂူကြီးတခု ရှိလေသည်၊ ယခုတိုင်မပျက်စီး သေး။

'ကြက်တောကို လူမသိ၊
ကြည့်တောကိုလဲ လူမသိ၊
ကျင့်တောမှ လူသိသည်၊
စကားနောက် တရားပါ၊
ဘုရားသာ မှတ်ပါတော့လေး'

ဟူသော ဆောင်ပုဒ်ကို ဆရာတော်ကြီး တရားဟောလေရာ ဌာနတိုင်းတွင် ရေးဆွဲလျက် ယင်း၏အဓိပ္ပာယ်ကို ဖွင့်ပြဟောကြားတော်မူသည်။

ဘင်းခန်း, လယ်တီ, ငှက်တွင်း စသော ဆရာတော်ကြီးများသည် ပဋိပတ္တိသာသနာတော် တိုးတက်ပြန့်ပွားရန် ဘုန်းတော်ကြီးသင်များကြသည့် မထေရ်ကျော်ကြီးများ ဖြစ်သည်။

စတုဘုမ္မိကမဂ္ဂင် ပဟာသတိပဋ္ဌာန် ကျင့်စဉ်များကို မဟာဂန္ဓာရုံ ပထမ ဇေတဝန်ဆရာတော်ကြီးများနှင့် ခေတ်ပြိုင်ဖြစ်လေသည်။

'ဝိပဿနာအစ-အင်းခန်းက' ဆိုသည့်ဆောင်ပုဒ်အတိုင်း ထေးလေးကျောင်း ဆရာတော် (အင်းခန်း) ၏ 'ဂမ္ဘီရဂမ္ဘီရ မဟာနိဗ္ဗုတ' မည်သော ဝိပဿနာကျမ်းကြီး ပေါ်ထွက်ပြီး နောက်ပိုင်း၌ ဒီပနီကျမ်းပေါင်းများစွာ တို့ကို စီရင်ရေးသားတော်မူခဲ့သော လယ်တီ ဆရာတော်ကြီး ခေတ်တွင် ဝိပဿနာလုပ်ငန်းနှင့် ပဋိပတ္တိသာသနာသည် အရှိန်ပြင်းစွာ ပေါ်ထွက်လာ သည် ဟု ဆိုရပေမည်။

\+ \+ \+

ငှက်တွင်းချောင် နှင့် ဆရာ အစဉ်အဆက်

ငှက်တွင်းချောင် တည်ရှိရာ မင်းဝံတောင်သည် မန္တလေးမြို့တော်၏ အနောက်၌ တည်ရှိလေသည်၊ ရေဝတီကမ်းနဖူးမှဆိုလျှင် တမိုင် နှင့် လေး ဖာလုံခန့် ကွာဝေးလေသည်။

ရှေးယခင်က မင်းဝံတောင်သည် လူသူပေါက်ရောက်ခဲလှသော တောင် တန်းဖြစ်၏၊ ထို မင်းဝံတောင်၏ လျှိုမြောင်အတိရှိသော ငှက်တွင်းချောင်၌ ပထမဦးဆုံး တောရအဖြစ် ဆောက်တည်၍ တရားအားထုတ်သည့်ဆရာတော် မှာ သင်္ဂဇာ ဆရာတော်ကြီးဖြစ်သည်၊ သင်္ဂဇာ ဆရာတော်ကြီးသည် ယင်း ငှက်တွင်းချောင်တွင် သုံးနှစ်နီးပါးမျှ သီတင်းသုံးတော်မူဘူးသည် ဟု သိရ၏။

ထို့နောက် သင်္ဂဇာ ဆရာတော်၏ တပည့် ဦးကောဏ္ဍည မထေရ်လည်း ထိုငှက်တွင်းချောင်၌ပင် သီတင်းသုံးခဲ့ဘူးသည်။

သင်္ဂဇာ ဆရာတော်ကြီး၏ 'ဟဒယံ စက္ခုဝ ဒက္ခိဏ' ဆိုသောအတိုင်း ညာမျက်လုံး, ညာလက်ရုံး, စိတ်နှလုံးတော် နှင့် တူလှသော ငှက်တွင်းဂိုဏ်း ဦးစီးအဖြစ် သီးခြားပေါ်ပေါက်လာသော ဤဆရာတော်ဦးပဏ္ဍဝံသ ငှက် တွင်းချောင်၌ ဆက်လက်၍ သီတင်းသုံးပြန်သောသည်။

ထို့ကြောင့် သာသနသုဒ္ဓိကျမ်းဦး နိဒါန်း၌....

'ဇေယျာပူရ, စစ်ကိုင်းကြီး, ရွှေမင်းဝံငှက်တွင်းတောရ · တတိယ ဆရာ ပညာဒီပ ကဝိဇေ ဒိသာပါမောက္ခ တိပိဋကာလင်္ကာရ ဂုဏ်ထူး ရတော်မူသော ငှက်တွင်း ဆရာတော်သည် မဂ်ဖိုလ်နိဗ္ဗာန်ကို ခိုမှီး လိုသော အခါ စာရကုလပုတ္တ ဓမ္မမာမက အမျိုးကောင်းသား, အမျိုး ကောင်း သမီးတို့၏အကျိုးငှာ ရည်သန်တော်မူက လွန်မင်းစွာ ဝိရိယ ရှိတော်မူသည့်အလျောက် နောက်ထပ်၍ တဖန် ရေးသားစီရင်အပ် သော သာသနသုဒ္ဓိကျမ်း—'

စသည်တို့ကို ရေးထားလေသည်၊ ယင်းစကားကိုထောက်လျက် ဆရာတော် ဦးပဏ္ဍိဝသည် တတိယမြောက် ငှက်တွင်းဆရာတော် ဖြစ်ကြောင်း သိနိုင်လေ သည်။

ဤဆရာတော်သက်ထက်တွင် ဒါန, သီလ, နိက္ခမ စသော ပါရမီမင်္ဂလာ လောကုတ္တရာ စတုဘုမ္မိက ကုသိုလ်ပွားတို့ကို နာကြားရသော ပုဂ္ဂိုလ်တိုင်း မကြားစဘူး ထူးဆန်းလျက်ရှိလေသည်၊ ထို့ကြောင့် ယင်းဟောနည်းပြကွက် အချက်အလက်များကိုပင် 'ပါရမီကို မသိနှင့်၊ စတုဘုမ္မိကကို မလှမ်းနှင့်၊ မစမ်းနှင့်' ဟူ၍ပင် ဖြစ်ပေါ်လာခဲ့ပေသည်။

ဆရာတော် ဦးပဏ္ဍိဝနောက်တွင် ကွမ်းခြံကုန်းဆရာတော် ဦးဇောတာဘိ ဓဇ အရှင်မြတ် ဆက်လက်၍ သီတင်းသုံးခဲ့ပြန်သည်။

ဇမ္ဗူထိန်လင်းချောင် တွင်ပြန်ခြင်း

တတိယ ငှက်တွင်း ဆရာတော်ဦးပဏ္ဍိဝ နှင့် စတုတ္ထ ဦးဇောတတို့ နောက် ပိုင်းတွင် ချမ်းသာကြီးဆရာတော် ဟု သာသန လောကတွင် အလွန်ထင်ရှား သော ချမ်းသာကြီးဦးပဏ္ဍိဝသည်လည်း ယင်းငှက်ထွင်းချောင်သို့ ကြွရောက် လျက် သီတင်းသုံးဘူးလေသည်။

ဤဆရာတော်မှာ တတိယ ငှက်တွင်း ဆရာတော်နှင့်လည်း ဘွဲ့တူ ဖြစ် သည်၊ ချမ်းသာကြီးဆရာတော် ဦးပဏ္ဍိဝသည် -

'ရွှေသွားနောက်လိုက်၊ သိုက်မြိုက်မလို၊ ကြံ့ချိုပမာ၊ တချောင်း
သာတည့်၊ ရှောင်ခွာ ပေါ်နည်း၊ တကိုယ်တည်းဖြင့်၊ တောတည်း
ဝင်ခို၊ ချမ်းသာပို၏'

ဆိုသော တောထွက်ခန်းလင်္ကာအရ သက်တော် ၅၂-နှစ် သိက္ခာ ၃၂-တွင် အဖော်မမှီး တကိုယ်တည်းပင် ယင်းငှက်တွင်ချောင်သို့ ကြွရောက်တော်မူ၍ တရား အားထုတ်ခဲ့ဘူးသည်၊ ဆရာတော် ဦးပဏ္ဍဝ ငှက်တွင်း ချောင်သို့ အရောက် သက္ကရာဇ် ၁၂၆၆-ခုနှစ်တွင် ကြေးမြင့်မိဖုရားက တဖန် ကျောင်း ဆောက်လှူဒါန်းပြန်သည်၊ ဆရာတော် ဦးပဏ္ဍဝလက်ထက် ငှက်တွင်းချောင် ကို 'ဇမ္ဗူထိန်လင်းချောင်'ဟု အမည်သစ် မှည့်ခေါ်ပါသော်လည်း မူလ ငှက်တွင်းချောင် ဟူ၍ပင် တွင်ခဲ့လေသည်၊ ငှက်တွင်း နှင့် ချမ်းသာကြီး ဆရာ တော်တို့မှာ အလွန် ရင်းနှီး ချစ်ကြည်တော်မူကြကြောင်းကိုလည်း သိရှိရ၏၊ ယင်း ဆရာတော်ကြီး နှစ်ပါးနှင့်အတူ အင်္ဂလန်ဘုရင်မကြီးတို့ အတူယှဉ်တွဲ၍ ဓာတ်ပုံရိုက်ကူးခဲ့ရာ ယင်းဓာတ်ပုံကို ပြန်လည်အသစ်ကူးရန် ဟောင်းနွမ်းလျက် ရှိသဖြင့် ဤသမိုင်းတွင် ဖော်ပြနိုင်ခြင်း မပြုနိုင်တော့ပါ။

ချမ်းသာကြီးဆရာတော် ဦးပဏ္ဍဝသည် ရွှေဘိုခရိုင် ဒီပဲရင်းမြို့နယ် ပေါင်း တောင်ကူကျေးရွာ ဇာတိဖြစ်၏၊ အဘ မင်းတေဇရဲသူ ဘွဲ့ခံ စာရေးတော်ကြီး နှင့် အမိ ဒေါ်ရွက်ဖြူတို့မှ ၁၂၁၄ ခုနှစ် ဝါဆိုလပြည့်ကျော် ၈-ရက် ကြာသ ပတေးနေ့တွင် ဖွားမြင်တော်မူသည်။

ငယ်မည် မောင်လူပို ဖြစ်သည်၊ ငယ်ရွယ်စဉ်အခါက ၎င်းရွာ ဘုံသာ ကျောင်းတိုက် ဂိုဏ်းထောက်ဆရာတော်ကြီးအထံ ပညာသင်ကြားခဲ့သည်၊ မောင်လူပိုသည် ရုပ်ဆင်းအင်္ဂါနှင့်ပြည့်စုံပေသည်၊ ငယ်ဆရာထော်အထံမှာ ရှင်ဖြစ်သည်၊ ဘွဲ့တော် ရှင်ပဏ္ဍဝ၊ ရှင်အဖြစ်နှင့် ရတနာပုံစံကျောင်းဆရာတော် ကြီးအထံသို့ ပညာဆက်လက်သင်ယူရန် ရောက်လာသည်၊ စံကျောင်းဆရာ တော်က ကိုရင်ပဏ္ဍဝအား ရုပ်ဆင်းအင်္ဂါပြည့်စုံ၍ သဘောကျလေရကား ရှင်လိင်ပြန်စေပြီးလျှင် နန်းတော်သို့ကြွတိုင်း ခေါ်လေသည်။

မင်းတရားကြီးသည် ရှင်လိင်ပြန်မောင်လူပိုကို တွေ့မြင်၍ ပညာရှင်တဦးဖြစ် ပေါ်လာမည်ကို အတတ်သိလေသည်၊ နာမည်ကိုလည်း မောင်ဗိုလ်ကြီး ဟု ပြင်၍ မှည့်ခေါ်လေသည်၊ မင်းတရားကြီးက ရှင့်ဒကာလည်း ခံယူလေ၏၊ ရှင်ပဏ္ဍဝ အသက် ၁၉-နှစ်အရွယ် သမ္မောစာပွဲသဘင် ဝင်ရောက်ပြန်ဆိုစေ ရာ ပထမရှင်ကျော်အဖြစ် ထင်ရှားခဲ့၏၊ အသက် ၂၀-တွင် ဒုတိယအဆင့်

ရဟန်းလောင်း ရှင်ကျော်အဖြစ် ပြန်လေသည်၊ ၁၂၃၀-ခု ဝါဆိုလဆန်း ၁၅-ရက်နေ့တွင် စကြဲ့ာဒေဝီမိဖုရားကြီးက စံကျောင်းတော်ဆရာတော်ကြီးအား ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ် ချီးမြှောက်ပေးလေသည်။

ဦးပဏ္ဍဝသည် စံကျောင်းတိုက်တွင် သိက္ခာ ၈-ဝါအရ ပထမစာတော်ချအဖြစ် ထင်ရှားခဲ့သည်၊ သီပေါမင်းလက်ထက် မင်းဆရာအဖြစ် တံဆိပ်တော်ကပ်လှူမည့်ဆဲဆဲ ပါတော်မူသဖြင့် မင်းပေးတံဆိပ်နှင့် လွဲခဲ့ရ၏။

၁၂၅၉ - ခု မန္တလေး အနောက်ပြင် ချမ်းသာကြီးတိုက် သေဌေးမင်းဦးဆယ်-ဒေါ်အုပ်တို့ ဆောက်လုပ်သော အလယ်ကျောင်းတော်ကြီးကို အလှူခံ၍စာချရာ စာလိုက်သံဃာ ၁၀၀၀ ကျော်ရှိသည် ဟု အစဉ်အလာမှတ်သားချက်များရ သိရ၏၊ ဆရာတော်ကြီးသည် အိန္ဒိယပြည်, သီဟိုဠ်ကျွန်း (ယခုသီရိလင်္ကာ) သို့လည်း ကြွရောက်ဘူး၏၊ အလင်္ကာတွေ့ဒီပနီ စသော ကျမ်းပေါင်းများစွာကို ပြုစုရေးသားတော်မူသည်၊ သက်တော် ၆၇ သိက္ခာ ၄၇ ဝါအရ ၁၂၈၈-ခု အင်္ဂလိပ် အစိုးရလက်ထက် 'ပဏ္ဍဝါဘိ သိရိသဒ္ဓမ္မဓဇ အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ် ဆက်ကပ်ခြင်းခံယူရ၏၊ သက်တော် ၈၆ သိက္ခာတော် ၆၆ ဝါ ၁၂၉၉ ခုနှစ် ပျံလွန်တော်မူကြောင်းသိရ၏။

ဒုတိယပိုင်း

မင်းပြောင်းမင်းလွဲခေတ်

အောက်ပြေအောက်ရွာ သာသနာပြုခန်း

သက္ကရာဇ် ၁၂၄၇ ခုနှစ်ကား မြန်မာဘုရင်မင်းစံနှစ်များ ချုပ်ငြိမ်းသည့် နှစ်ပေတည်း၊

မြန်မာဘုရင်စံနှစ်၏ နောက်ဆုံးဘုရင်မှာ သီပေါမင်းဖြစ်သည်၊ သီပေါမင်းကို နယ်ချဲ့အင်္ဂလိပ်လူမျိုးတို့က မလိမ့်တပတ်လုပ်၍ ဘမ်းဆီးသွားကြလေသည်၊ မြန်မာတို့ ထီးနန်းသည်လည်း ထိုအချိန်မှစ၍ ပြတ်စဲခဲ့လေသည်။

ကိုယ့်မင်းကိုယ့်ချင်းနှင့်နေခဲ့သော မြန်မာလူမျိုးတို့မှာ နယ်ချဲ့တို့၏ လက်အောက်ခံဖြစ်ကြရပေပြီ၊ မြန်မာတို့အချုပ်အချာအာဏာလည်း ကိုးကွယ်ပါး လက်အောက်သို့ ကျရောက်လျက် လွတ်လပ်ခြင်းမရှိတော့။

သီပေါမင်း ပါတော်မူသည့်အခါ အချုပ်တန်းဆရာဖေသည် မျက်ဝါး ထင်ထင် တွေ့မြင်သိမှိုလိုက်သည်၊ မင်းတုန်းမင်း နှင့် သီပေါမင်းတို့လက်ထက်က လေသာဆောင်တွင် အဆောင်မြဲအဖြစ် အမှုတော်ထမ်းရသူဖြစ်သည်။

သီပေါမင်းလက်ထက် အုပ်ချုပ်သော လူတန်းစားတို့၏ အားနည်းချက်နှင့် စည်းကမ်းစောင့်ထိန်းမှု ဟာကွက် ပျော့ကွက်များကို တွေးမိလေသည်။

> 'မြတ်ကောဇာ လှစ်ဆိုပြုရမှာဖြင့်၊
> သတ်ဇော့ဒွါ ကော်ကိုချခါမှ၊
> ခေတ်ညိုလှ မြန်မာပြေ။
> (အို ....) ဟာစ်ငိုစရာ့ အခါပေ'

ဟူ၍ ဆရာဖေ၏နှလုံးသားမှ ထွက်လာသည့်စကားဖြစ်သည် မဟုတ်လော။

၁၂၂၀ –ခုနှစ် ဖွားလာသည့် သီပေါမင်းသားကို သီပေါမြို့ အပိုင်စားရသဖြင့် သီပေါမင်း ဟု ခေါ်ကြသည်၊ မယ်တော်မှာ လောင်းရှည်မိဖုရားဖြစ်သည်။

> 'မေးဖြေသရဏွာယ်၊ ငါးနိကာယ်ကို၊ ပွဲလယ် ပြီးပြင်၊ သုံးကြိမ်စင်
> တည့်၊ ယင်၍ ပြီးဆဲ၊ သံမစဲလျှင် '

စသော ချင်းအတိုင်း သီပေါမင်းသားသည် သုဓမ္မာသဘင်တွင် သုံးကြိမ်တိုင် စာမေးပွဲ ပြန်ဆိုအောင်မြင်လေသည်၊ ၁၂၃၉ ခုနှစ်တွင် သာမဏေမှ လူထွက် လဲစေပြီး တိုင်းရေး ပြည်ရေးများကို စီစဉ် ဆောင်ရွက်ရလေသည်။

၁၂၄၀ - ပြည့် တော်သလင်းလတွင် အိမ်ရှေ့နန်းလျာ ဖြစ်သည့် ခမည်းတော် (မင်းတုန်း) မင်းတရားကြီးမှာ ထိုနှစ် ၁၂၄၀ - သီတင်းကျွတ်လဆန်း ၆ - ရက် အင်္ဂါနေ့တွင် နတ်ရွာစံလေသည်၊ သီပေါမင်းသားသည် ထိုနေ့မှာပင် ခမည်းတော်၏ အရိုက်အရာကို ဆက်ခံလေသည်။

၁၂၄၁ - ခုနှစ် နယုန်လတွင် နန်းသိမ်းပွဲသဘင် ဆင်ယင်လျက် ထီးဆောင်းမင်္ဂလာ မဟာဥကျင်သ ဖွင့်လေသည်၊ ဆင်ဖြူရှင်မိဖုရား၏ သမီးတော်လတ် (စုဖုရားလတ်) အား မိဖုရားခေါင်းကြီး တင်မြှောက်၍ ဘိသိက်ခံယူလေသည်။

သီပေါမင်းသည် နန်းသက် ၇ - နှစ်နှင့် လပိုင်းမှာပင် နယ်ချဲ့တို့က ကြက်ငယ်ကို ကြက်မကြီး လှည့်ဖျားခေါ်ယူသကဲ့သို့ ရတနာဂီရိသို့ ပါတော်မူရသည်။

ထိုအချိန်က သူ့ကျွန်မခံလိုသော မျိုးချစ်မြန်မာ သူရဲကောင်းများမှာ နယ်ချဲ့အား ပြန်လည်ခုခံ ခြားနားကြသည်၊ မြို့တိုင်းမှာပင် အာဇာနည်မြန်မာ သူရဲကောင်းများ ထွက်ပေါ်လာသည်၊ မျိုးချစ်စိတ် ရှိကြသော မြန်မာလူမျိုးတို့မှာ သူ့ကျွန်မခံလိုကြ။

လပေါင်းများစွာ ငြိမ်းဝပ် အေးချမ်းခြင်း မရှိသေးသည့် အချိန်တွင် ငှက်တွင်းဆရာတော် ဦးပဏ္ဍဝမှာ သက်တော် (၅၄) နှစ် သိက္ခာ (၃၄) ဝါရ၍ မထေရ်ကြီးတပါး ဖြစ်နေလေပြီ၊ သီပေါမင်း ပါတော်မူပြီးနောက် တိုင်းပြည် ငြိမ်သက်ခြင်း မရှိသေးသည့် ၁၂၄၈ - ခုနှစ် ဝါဆို လဆန်း (၈) ရက်နေ့တွင် ဆရာတော် ဦးပဏ္ဍဝသည် နောက်ပါတပည့် သံဃာ လူကပ္ပိယများဖြင့် အောက်ပြည် အောက်ရွာသို့ စုန်တော်မူသည်။

ဆရာတော် ကြွရောက်လာသည့်လမ်းမှာ ကုန်းလမ်းခရီး မဟုတ်ပါပေ၊ ကျွန်းသားကြီးကို ထွင်း၍ ပြုလုပ်သော လှေကြီးဖြင့် ရေလမ်းခရီး စုန်လေသည်၊ စစ်ကိုင်း မင်းဝံတောင်တန်း ရေဝတီမြစ်စဉ် လှေဖြင့် စုန်ခဲ့ရာ လှေပေါ်မှာပင် ဝါဆိုရလေသည်။

လှေပေါ်တွင် ဝါကပ်ရင်းဖြင့် အောက်ပြည် ကွမ်းခြံကုန်းမြို့သို့ တော်သလင်းလပြည့်ကျော် (၈) ရက်နေ့တွင် ရောက်သည်ဟု အဆိုရှိလေသည်၊ ဆရာတော် ဦးပဏ္ဍဝသည် ရေလမ်းတွင် လှေဖြင့်စုန်ရင်း ရပ်နားရာအရပ် မြို့ရွာဒေသတွင်လည်း တရားဟောလေသည်၊ ရပ်နားရာ လှေဆိပ်များတွင် ကုန်းပေါ်သို့ တက်ရောက်ဆွမ်းခံသည်။

ဌ်း သို့ဖြင့် တရွာ၀င် တရွာထွက် တမြို့၀င် တမြို့ထွက်ပြီးလျှင် ရေလမ်းခရီးစဉ်အတိုင်း အောက်ပြည်အောက်ရွာသို့ ကြွတော်မူခြင်း ဖြစ်လေသည်။

'အညာသားကြီး ပက်လက်မျော၊ အောက်မှာ တရားဟော'

ဟူ၍၎င်း။

'အောက်ပြည်ကိုစုံ-ငြိမ်းပုံကို ပြောလိုက်ပါ၊ သထုံပြန်ခံနိုး
မှ၊ မိသက်နှင့်မိကြီး၊ ကျောင်းတော် ဆောက်အပြီး'

ဟူ၍၎င်း—တဘောင်များ တင်ကြို ပေါ်လာသည်ဟု အဆိုရှိ၏။

ယင်းတဘောင်၏ အဓိပ္ပာယ် ဆိုလိုရင်းမှာ အထက်ပြည်တွင် ၄က်တွင်း ဆရာတော်ကြီးသည် မိမိ ကျင့်ကြံအားထုတ်၍ ရရှိလာသော အသိဉာဏ်ပညာ ဟောနည်း ပြကွက်များကို စတင်၍ ဟောကြားခြင်းမပြုဘဲ အောက်ပိုင်း မြို့ရွာများသို့ ကြွရောက်၍ တရားများကို တီထွင်၍ဟောတော်မူသည်၊ လှေနှင့်စုန်၍ အောက်ပြည်အောက်ရွာသို့ ကြွလေသည်၊ နောက်ဆုံး သထုံမြို့တွင် ဒေါ်သက်နှင့် ဒေါ်ကြီးဆိုသူတို့ ဆောက်လုပ်လှူဒါန်းသော ကျောင်းတော်၌ပင် ပျံလွန်တော်မူရရှာသည် ဟု မှတ်တမ်းများရှိခဲ့လေသည်။

\+ \+ \+

သာယာ တင့်ဆုံး ကွမ်းခြံကုန်း

ကွမ်းခြံကုန်းမြို့တွင် သင်္ဂဇာ ဆရာတော်ကြီး၏ တပည့်တဦး ရှိနှင့်လေသည်၊ ဘွဲ့တော်မှာ ဦးဥက္ကဋ္ဌ၊ ဆရာတော် ဦးဥက္ကဋ္ဌသည် ကွမ်းခြံကုန်းမြို့ လယ်ပေါ်ကျောင်းတိုက်တွင် သီတင်းသုံးလေသည်၊ လယ်ပေါ်ကျောင်းတိုက်မှာ ကွမ်းခြံကုန်းမြို့၏ အရှေ့ပိုင်း အရပ်၌ တည်ရှိလေသည်။

လယ်ပေါ်ကျောင်း ဘုန်းကြီး ဦးဥက္ကဋ္ဌသည် မိမိဆရာဖြစ်သော သင်္ဂဇာဆရာတော်အား စာပေပရိယတ် တတ်ကျွမ်း၍ ပဋိပတ်လုပ်ငန်း ဦးစီးတည်ထောင်နိုင်သော ဘုန်းကြီးတပါး ရွေးချယ်စေလွှတ်ပေးရန် လျှောက်ထားတောင်းဆိုဘူးခဲ့သည်။

ထိုအခါ သင်္ဂဇာဆရာတော်ကြီး၏ စေလွှတ်ချက်အရ ရောက်လာသော ဦးပဏ္ဍ၀အား လယ်ပေါ်ဘုန်းကြီး ဦးဥက္ကဋ္ဌကလည်း ၀မ်းမြောက်စွာ ကြိုဆိုခဲ့ကြောင်း အစဉ်အလာစကား ရှိ၏။

ဦးပဏ္ဍ၀သည် လယ်ပေါ်ကျောင်းမှာပင် နေလျက် စာပေကျမ်းဂန်ကို လည်း ပို့ချသည်၊ တရားဟောခြင်းဖြင့်လည်း သာသနာ ပြုနေလေသည်၊ ဦးပဏ္ဍ၀ယူဆသော တရားများကိုလည်း ရှင်းလင်း ထုတ်ဖော်နေလေသည်၊ ပရိယတ္တိ ဗဟုသုတ ကြွယ်၀ပြည့်စုံသော ဆရာတော် ဦးပဏ္ဍ၀၏ စာပေ ပို့ချမှု၊ တရားဟောပြောမှုများကြောင့် ကွမ်းခြံကုန်းမြို့နှင့် ပတ်၀န်းကျင် တွင် ဦးပဏ္ဍ၀၏ ဂုဏ်သတင်းမှာ ပြန့်သင်းနေလေပြီ၊ လယ်ပေါ်ဂိုဏ်း သံဃာ အုပ်စုကလည်း ကျေနပ်တော်မူကြပြီး လူဒါယကာများလည်း သဒ္ဓါ တိုးပွားလျက် ဦးပဏ္ဍ၀၏ စွမ်းရည်များကို သိမြင် တွေ့လာသည်၊ လယ်ပေါ်ဂိုဏ်း ကြီးပွားရန် စေ၀င့်ရှောက်အုပ်ချုပ်နိုင်မည့် ပုဂ္ဂိုလ်ဟု ယူဆ အားကိုးလာလေသည်။

ထို့ကြောင့် ဦးပဏ္ဍ၀ ကွမ်းခြံကုန်းသို့ ကြွရာ နောက်တနှစ် ၁၂၄၉ ခုနှစ် မှာပင် လယ်ပေါ်ဂိုဏ်း ဦးစီးရန် အဆိုပြုလေသည်၊ လယ်ပေါ်ဂိုဏ်း၏ ကျယ် ပြန့်သည်မှာ ကွမ်းခြံကုန်းတောင်ပိုင်း မြောက်ပိုင်းနှင့် မုတ်ကျွန်း ဒေသများ ဖြစ်သည်၊ ကျောင်းပေါင်း (၃၀၀) ခန့်လည်း ရှိသည်။

ကွမ်းခြံကုန်းပတ်၀န်းကျင် မုတ်ကျွန်းအပါအ၀င်ကျောင်းပေါင်း ၃၀၀ ခန့်တို့ကို ထိန်းသိမ်းဦးစီး၍ သာသနာပြုရန် ဦးပဏ္ဍ၀အား လွှဲအပ်လေတော့ သည်။

လယ်ပေါ်ဂိုဏ်းနှင့် သံဃာအစုံအညီ၏ ဆန္ဒလည်း တူညီလေသည်၊ ဦးပဏ္ဍ၀အား လယ်ပေါ်ဂိုဏ်း၏ ဦးစီး- ဂဏာစရိယ ဂဏပါမောက္ခ အဖြစ် တင်မြှောက်ကြသည်၊ ထိုအခါမှစ၍ ဆရာတော်ဦးပဏ္ဍ၀သည် လယ် ပေါ်ဂိုဏ်း ဦးစီး ဖြစ်တော်မူခဲ့လေသည်။

လယ်ပေါ်ဂိုဏ်း၏ လှိုင်းဂယက်

မူလရှိနေသော လယ်ပေါ်ဆရာတော် ဦးဥက္ကဋ္ဌသည် ၁၂၅၀ ပြည့်နှစ် တွင် ပျံလွန်တော်မူ၍ ဂိုဏ်း၀င် သံဃာများက အန္တိမစျာပန ခမ်းနား တင့် တယ်စွာ ပြုလုပ်ကျင်းပကြသည်၊ စျာပန တာ၀န်ကိစ္စများပြီးလျှင် လယ်ပေါ် ဂိုဏ်း၀င် သံဃာများ အစုံအညီ စည်းဝေးကြပြန်သည်၊ ယင်း အစည်း အဝေး၌ ၄ှက်တွင်းဆရာတော် ဦးပဏ္ဍ၀က—

'ဘုရား အဆူဆူ သယမ္ဘူတို့ စင်ကြယ်သော သာသနာ စည်ပင်ထွန်းကားရေးအတွက် အနာသဝါ အာ..ငှမ္မကသိလကို သရဏဂုဏ်နှစ်မျိုးနှင့် သီလပေးရန်'

ဆန္ဒပြု၍ တိုက်တွန်းတော်မူလေသည်။

တဖန်တုံ—

'အစဉ်အလာအားဖြင့် ပြုလုပ်ခဲ့ကြသော ဘုန်းကြီးပျံများ နှစ်ရှည် လရှည်ထားခြင်း ငွေကြေးအကုန်အကျခံ၍ သင်္ဂြိုဟ်ခြင်း ရဟန်းခံ ရှင်ပြု အလှူအတန်းများ ပွဲလမ်းသဘင် ထည့်သွင်း ပြုလုပ်ခြင်း စသော သာသနာရေး၌ ပကာသနသက်သည့် ပြုလုပ်ခြင်းမျိုးကို တော်လှန်ပစ်ရန်'

ဆန္ဒပြုတိုက်တွန်းပြန်လေသည်၊ မိမိတို့ လယ်ပေါ်ဂိုဏ်း အဖွဲ့ဝင် သံဃာများ မိမိတို့ပိုင်ဆိုင်သည့် ကျောင်း အာရာမ်အတွင်း မိမိတို့ ဩဇာလွှမ်းမိုးရာဒေသများ၌ ခွင့်မပြုထိုက်ကြောင်းကိုလည်း အဆိုတင်လေသည်။

ဆရာတော်ဦးပဏ္ဍဝမှာ ဘာသာရေး၌ ပကာသနလွှမ်းမိုးခြင်းကို မျက်မွေးစူးဟန်ရှိ၏၊ တုပခမ်းနားစွာကျင်းပခြင်းကိုလည်း ကြည့်လိုမြင်လိုတွေ့လိုစိတ် ရှိဟန်လည်းမတူ၊ သာသနာရေး သက်သက်ထက် ပကာသနအရေးက အလေးသာနေခြင်းကို ပြုပြင်လိုဟန် ရှိတော်မူ၏။

သို့သော် သတ္တဝါတို့ စရိုက်ခြင်းက မတူညီကြပါ၊ ဆရာတော် ဦးပဏ္ဍဝ၏ ယူဆချက် ဟောပြော အဆိုပြုချက်တို့ကို အချို့ဂိုဏ်းသံဃာများက ကျေနပ်လက်ခံနိုင်ကြ၏၊ အချို့ကလက်ခံခြင်းမရှိနိုင်၊ လက်မခံနိုင်ခြင်းမှာလည်း မိရိုးဖလာ လမ်းစဉ်မူဟောင်းများအရ အရိုးစွဲနေကြသည့် ပုဂ္ဂိုလ်များ ဖြစ်ကြပေလိမ့်မည်။

ငှက်တွင်း ဆရာတော်ကြီးမှာ လောကုတ္တရာ စတုဘုမ္မိက သတိပဋ္ဌာန် ကျင့်စဉ်မူသစ်ကို တီထွင်လေသည်၊ ရှေးအစဉ်အလာအရ လမ်းစဉ်မူဟောင်းဖြစ်သော သူတော်ကောင်းတို့အကျင့် ပုညကိရိယာ၌သာ အားရကျေနပ်သူများက ဆရာတော်အား ဆန့်ကျင်ကြလေသည်။

ဤသို့အားဖြင့် ရှေးအစဉ်အလာ ကျင့်စဉ် မူဟောင်း ကြိုက်သူများနှင့် အသစ်တီထွင်သော အရိယာကျင့်စဉ်များကို လက်ခံကြသူတို့ အချင်းချင်း သဘောထားအယူအဆမှ စ၍ ကွဲပြားမှု ဖြစ်လာကြသည်ဟု ဆိုနိုင်၏။

ဆရာတော်ကြီး အဖို့မှာအသစ်တီထွင် ဟောပြောမြဲသာ ဟောပြောလျက် နေလေသည်၊ ကျင့်ကြံ အားထုတ်ခဲ့သော လက်တွေ့ဘာရေး၏ သဘော အယူအဆကိုပင် ပြတ်သားရဲတင်းစွာ ဟောပြောနေလေသည်၊ ဆရာတော်၏ ဟောပြော ယူဆချက်အတိုင်း လိုက်နာကြသော ရဟန်းသံဃာ လူပရိသတ် လည်း တနေ့တခြား တိုးပွားလာလေသည်။

ဂိုဏ်းသီးခြား ဖြစ်လာခြင်း

ထိုအချိန်မှစ၍ သာသနာရေး၌ ဆရာတော်ကြီးသည် ကျင့်နည်းဟော နည်း အသွင်ခြားလျက် ဂိုဏ်းသီးခြား ဖြစ်လာပေသည်၊ ရွှေမင်းဝံတောင် ငှက်တွင်းချောင်တွင် သီတင်းသုံးသော ဌာနကို အစွဲပြုလျက် ဆရာတော်ကြီး နှင့် အပေါင်းပါဂိုဏ်း ဝင်တို့အား ငှက်တွင်းဂိုဏ်း ဟူ၍ ခေါ်ကြလေ သည်၊ ရွှေမင်းဝံတောင်၌ သီတင်းသုံးခဲ့ဘူးသဖြင့် ရွှေမင်းဝံဂိုဏ်းဟူ၍လည်း ခေါ်ကြလေသည်၊ ငှက်တွင်းဂိုဏ်းဝင် ပရိသတ် အပေါင်းတို့ ကောင်းစွာ ဆောက်တည်သော အာဇီဝဋ္ဌမကသီလကို အစွဲပြု၍ အာဇီဝဋ္ဌမကဂိုဏ်း ဟူ၍ရင်း—ယင်းဂိုဏ်းသူ ဂိုဏ်းသားတို့ အလေးအနက် ကျင့်မှတ်ရသောသတိ ပဋ္ဌာန်ကို အစွဲပြု၍ သတိပဋ္ဌာန်ဂိုဏ်း ဟူ၍ရင်း ခေါ်ကြ ပြန်လေသည်။

ထို့ပြင် ဂိုဏ်းဝင် ပရိသတ်တို့အား ဟောကြားပြသသော စတုဘုမ္မိက မဂ္ဂင်တရားတော်ကို အကြောင်းပြုလျက် '**စတုဘုမ္မိကမဂ္ဂင်ဂိုဏ်း**' အဖြစ်ဖြင့် ဆရာတော်ကြီး ပျံလွန်တော်မူသည့် နောက်ပိုင်း၌ ထင်ရှားလေသည်၊ အမှန် ဆိုရလျှင် ငှက်တွင်း ဆရာတော်ကြီး မူသစ်တီတွင် ဟောကြားပြသသော အယူအဆတို့ ဖြစ်လေသည်၊ ထိုတရားတို့ကို လိုက်နာ အားထုတ်ကြသူ အပေါင်းတို့မှာ ငှက်တွင်းဂိုဏ်းဝင် ပရိသတ်များပင် ဖြစ်သည်။

ပါရမီ စံကျောင်းတိုက် တည်ခြင်း

သာသနာရေး၌ အားပေးကြသော ကွမ်းခြံကုန်း မြို့သူမြို့သားတို့သည် လယ်ပေါ်ဂိုဏ်းဝင် ပရိသတ်များနှင့် စကားနည်းရန်စဲ ဖြစ်ကြစေရန် စီစဉ် ဆောင်ရွက်ကြ လေသည်၊ ဆရာတော်ကြီးအား ယင်းလယ်ပေါ်ကျောင်း တိုက်မှ ရွှေ့ပြောင်း သီတင်းသုံးလျှင် စကားနည်းရန်စဲဖြစ်လိမ့်မည်ဟူ၍လည်း ယူဆကြသည်။

ထို့ကြောင့် မူလ လယ်ပေါ်ကျောင်းတိုက် နှင့် ချောင်းတခုခြားသော ဥယျာဉ်ခြံမြေကို ကျောင်းအသစ် တည်ဆောက် နိုင်ရန် ကွမ်းခြံကုန်းမြို့မှ

ဒေါ်ကြီးကြီးက လှူဒါန်းလေသည်၊ ယင်း ဥယျာဉ်ခြံမြေမှာ ကွမ်းခြံကုန်းမြို့ အရှေ့ပိုင်းအရပ်၌ ရှိ၍ ၁၀ ကေနှင့် ဒသမ ၂၀ ခန့်ရှိသည်။

[မှတ်ချက်။ ။ဤစတုဘုမ္မိက ငှက်တွင်းဂိုဏ်းတွင် အများအား ဖြင့် ဌာနတိုင်းလိုပင် အမျိုးသမီးတို့က ဦးဆောင်ဖွင့်လှစ်ကြသည်ကို တွေ့ရ၏၊ စတုဘုမ္မိက ငှက်တွင်းဂိုဏ်း ရိပ်သာ ကြီးများကိုကြည့်ပါ။

၁ - ပထမ ငှက်တွင်းချောင် ကျောင်းအမ ကြေးမြှင်မိဖုရား နှင့် ထိပ်စုကြီး မင်းသမီး၊

၂ - ကွမ်းခြံကုန်းမြို့ ပါရမီ စံကျောင်းအမ ဒေါ်ကြီကြီး အမှူး ပြုသောမိသားစု။

၃ - မင်းလှမြို့ စတုဘုမ္မိက ကျောင်းအမ ဒေါ်ငွေသက် နှင့် မိသားစု။

၄ - သထုံမြို့ ဒေါ်သက် နှင့် ဒေါ်ကြီး။

၅ - ရန်ကုန်မြို့ ၅၃ လမ်း စတုဘုမ္မိက ကျောင်းအမ ဒေါ် ငွေသက်။

၆ - မန္တလေးမြို့ စတုဘုမ္မိက ရိပ်သာများ နှင့် ပရိယတ္တိ စာသင် တိုက်များ ကျောင်းအမကြီး ဒေါ်ဦး မယ်ဒေါ်တော်ကြီး ဒေါ်တော်။

၇ - မြင်းမူမြို့ စတုဘုမ္မိက မဂ္ဂင်ရိပ်သာ ကျောင်းအမ ဒေါ်ကြင် လှံ နှင့် ဒေါ်သိန်းညွန့်တို့ မိသားစုများ။

စသည်တို့ဖြစ်၏]

ထိုခြံမြေ၌ ဒေါ်ကြီးကြီးနှင့် မိသားစုတို့က မ,တည်၍ ခြံမြေ လှူရုံမက သိတင်းသုံးရန် ကျောင်းများကိုလည်း ဆောက်လုပ်လေသည်၊ ဆရာတော် ကြီးအား ကြည်ညိုရင်း ရှိကြသော ဦးပန်းညော်နှင့် မိသားစု၊ အမိန့်တော်ရ ဦးဆင်နှင့် မိသားစု၊ ဆေးဆရာကြီး ဦးသင်နှင့် မိသားစု တို့ကလည်း ကျောင်း, သိမ် ဇရပ်, မွေ့ာရုံ, ရေတွင်း, ရေကန် စသော သာသနိက အဆောက်အဦတို့ကို ဆောက်လုပ်၍ အသီးသီး လှူဒါန်းကြလေသည်။

ဆရာတော်သည် နောက်ပါ တပည့်သံဃာ, ကပ္ပိယ, ကျောင်းသားတို့နှင့် အတူ စတုဘုမ္မိက သာသနာပြုနိုင်ရန် လယ်ဒေါ် ကျောင်းတိုက်မှ ပါရမီ စံကျောင်းတော်တိုက်သစ်သို့ သက္ကရာဇ် ၁၂၅၁ - ခုနှစ်က ရွှေ့ပြောင်းသီတင်း သုံးတော် မူလေသည်။

ထိုစဉ်က ဆရာတော်ကြီး၏ တူအရင်း သိက္ခာ ၁၀ ဝါရ ဦးဇောတာဘိဇ ရဟန်းတော်အား မန္တလေးမြို့တော်တွင် ပညာသင်ကြားနေရာမှခေါ်ယူခဲ့ လေသည်။

သာသနာပြုရန် ဆရာတော်ကြီး လက်ခံသောပါရမီစံကျောင်းတိုက်သစ်ကို လည်း တူတော် ဦးဇောတာဘိဇအား စီမံအုပ်ချုပ်ရန် လွှဲအပ်လေသည်၊ ပရိယတ် ပဋိပတ်သာသနာလုပ်ငန်းတို့ကို ဘုရားအလိုတော်ကျ စည်းမျဉ်းသစ် မူသစ်များ ရေးဆွဲစီစဉ်လေသည်၊ ထိုစဉ်က ဦးဇောတာဘိဇ နှင့် အတူ ဦးပါ ဠိ, ဦးကိတ္တိ, ဦးဇာဂရကြီး, ဦးနရိန္ဒ, ဦးပဏ္ဍိတ, ဦးနေယျ, ဦးတိလောက စသော ရဟန်းတော်များ သာမဏေ နှစ်ကျိပ်ကျော်တို့ နှင့် ကျောင်းသား ကပ္ပိယများလည်း ရှိနေလေသည်။

ဦးဇောတာဘိဇသည် ကျောင်းတိုက်ရှိ ရဟန်း သာမဏေတို့အား စာပေ ပို့ချလေသည်၊ ဆရာတော်ကြီး၏ ပဋိပတ်ကျင့်စဉ် မူသစ်လမ်းစဉ် အရ ကျောင်းဒကာတို့ နှင့် ပရိသတ်တို့အား ဟောကြားဆုံးမလျက် နေလေသည်။

နယ်လှည့် သာသနာပြုခြင်း

ငှက်ကွင်း ဆရာတော်ကြီးသည် ပါရမီစံကျောင်းတိုက်တွင် ရံဖန်ရံခါ သီ တင်းသုံးလျက်ရှိလေသည်၊ အထူးသဖြင့် အောက်မြန်မာပြည် အမြို့မြို့အနယ် နယ်သို့ လှည့်လည်ကြွရောက်၍ သာသနာပြုသည့် အချိန်က များလေသည်။

ထိုစဉ်က ဆရာတော်ကြီး၏ ကျေးဇူးဂုဏ်သတင်းကား အောက်မြန်မာပြည် ၌ ပြန့်နှံ့ထင်ရှားလျက်ရှိလေသည်၊ 'ပန်းသတင်းလေညှင်းဆောင်ယူ' ဆိုသကဲ့ သို့ အောက်မြန်မာပြည် အမြို့မြို့အနယ်နယ် ပတ်ဝန်းကျင်အရပ်ဒေသများမှ သူတော်ကောင်းပရိသတ်များမှာ ပျားပန်းခတ်မျှ လှုပ်ရှားလျက် ဆရာတော် ကြီးအား ဝိုင်းအုံကြလေသည်၊ ကြည်ညိုသဒ္ဓါလည်း တိုးပွားကြလေသည်။

ဆရာတော်ကြီး၏ တရားတော်အယူအဆများကို နားလည်ခွင့် တွေးဆ ဆင်ခြင်ခွင့် မရှိကြသေးသော သူတော်ကောင်းတို့မှ စတုဘုမ္မိကကျင့်စဉ်တို့ကို နားလည်ခွင့် တွေးဆဆင်ခြင်ခွင့် ရရှိကြရပေပြီ၊ သံသရာဝဋ်အတွင်းမှ လွတ် ကင်းနိုင်သောလမ်းများ ရှိပါသေးသည် ဟု ကျေနပ်နေကြလေသည်။

ဆရာတော်ကြီးသည် တပည့်ပရိသတ်များ ခြံရံလျက် ကျောင်းအမကြီး ဒေါ်ရွှေစည်အမှူးပြုသောပုဂ္ဂိုလ်များ၏ ပင့်လျှောက်ချက်အရ ဒေးဒရဲမြို့နယ် တော်ကမယ်ရွာသို့ ကြွရောက်၍ အရိယာလမ်းစဉ် မဂ္ဂင်တရားများကို ဟော

ကြားပြသတော်မူသည်၊ထိုရွာကြီးတွင် စတုဘုမ္မိကကျောင်းသစ် ဆောက်လုပ်ခြင်းကို အလှူခံပြီးလျှင် သာသနာပြုလေတော့သည်။

ငှက်တွင်း ဆရာတော်သည် စစ်ကိုင်း မင်းဝံတောင်တန်းတွင် ကေစာရီ တကိုယ်တည်း တရားအားထုတ် ကျင့်သုံးနေထိုင်လျက်သာ ရှိသည်၊ ယောကို ဒကာ ဒကာမများ မိမိခေတ္တနေရာဌာနသို့ ဝင်ထွက်သွားလာပြီး နေကြာ များအား တရားရေအေး တိုက်ကျွေးနေရပါငြားလည်း ဆန္ဒတော် အလို မပြည့်ဘဲရှိ၏၊ တပါးတည်း ကေစာရီကျင့်သုံးလိုသောဆန္ဒ သာလျှင် အဓိက ဖြစ်၏။

သို့ရာတွင် အများစု ဖြစ်သော ငငနေယျ သတ္တဝါ အားလုံးတို့က အကြောင်းပြချက်ခိုင်လုံစွာ အကြိမ်ကြိမ်လျှောက်ထားကြသဖြင့် နှပ်လှည့်၍ သာသနာပြုနေရလေသည်။

ဆရာတော်ကြီး၏ သတိပဋ္ဌာန်တရားတော်ကို လက်ဆုပ်လက်ကိုင် ပြသမှုကြောင့် သတ္တဝါတို့မှာ သုတသိ မဟုတ်ဘဲ ဥဋ္ဌသိ အဖြစ် များပြားလာခဲ့၏။

ဆရာတော်ကြီး မူလသီတင်းသုံးရာ ကွမ်းခြံကုန်းမြို့သာမဟုတ် အောက်မြန်မာပြည် နိုင်ငံအနီးအဝေး မြို့ရွာဒေသများမှလည်း ဆရာတော်အား ပင့်ဆောင်၍ တရားနာယူကြ၏၊ တလကက် တလ တနှစ်ထက် တနှစ် ဆိုသလို တိုးတက်များပြားလာခဲ့၏။

ဆရာတော်ကြီး တရားပွဲများ ကျင်းပရေးအတွက် ယှိုင်းပင်းကြ [illegible] ကုန်၏၊ ဆရာတော်ကြီးအား အမြို့မြို့အနယ်နယ်သို့ ကြွရောက်တော်မူရန် ပင့်လျှောက်ကြ၏။

သာသနာပြုရာ၌ ဘုရားရှင်၏ဩဝါဒအတိုင်း ကျင့်သုံးတော်မူလျက် တမြို့မှတမြို့ , တနယ်မှတနယ် , တရွာမှတရွာ ,တတောင်ကျော်တက် တတောင်ဆင်းလျက် ယာဉ်ဖြင့်တမျိုး ခြေလျင်တဖုံ ကျရာကြုံရာယာဉ်တို့ဖြင့် ပင်ပန်းဆင်းရဲခံကာ ကြွရောက် သာသနာပြုတော်မူခဲ့၏။

ဘုရားရှင်သည် ဝေနေယျသတ္တဝါတို့အား ဒုက္ခဝဋ်တွင်းမှ လွတ်ကင်းရန် အလို့ငှာ တရပ်မှတရပ် တမြို့မှတမြို့သို့ မရပ်မနားသောခရီးဖြင့် ဒေသာစာရီ လှည့်လည်တော်မူ၍ သစ္စာအမြိုက်တရားကို ဟောကြားတော်မူသကဲ့သို့ဖြစ်၏။

ကျိုက်လတ် , မအူပင် , ဖျာပုံ စသော မြို့နယ်များသို့လည်း ဒကာတို့ ပင့်လျှောက်ချက်ကို လက်ခံတော်မူပြီးလျှင် စတုဘုမ္မိက သာသနာပြုလေ၏

ဆရာတော်၏ယူဆချက် ဟောပြောချက်များကို ပြန့်နှံ့သည်ထက် ပြန့်နှံ့စေရန် ကျမ်းစာအုပ်များ ပုံနှိပ်ထုတ်ဝေလေသည်။

ဆရာတော်ကြီး၏ သာသနာလင်္ကာရ ပဋိပတ္တိ ကျမ်းသည် ထိုအချိန် (၁၂၇၂-ခုနှစ်)ကပင် ဦးစွာပေါ်လာပေသည်၊ ကျမ်းစာအုပ်များ အဆက်မပြတ် ထွက်ပေါ်သောအခါ ငှက်ဂိုဏ်းဝါဒ အယူအဆ ပြန့်နှံ့တော့မည် ဟု စိုးရိမ်မကင်းရှိလာသည်နှင့်အမျှ ဆန့်ကျင်ကြသူတို့အား ဆရာတော်ကြီး ကိုယ်တိုင် ချေပခြင်း မပြုသည့်အပြင် တပည့်သံဃာပရိသတ်တို့ကိုလည်း ချေပရန် ခွင့်မပြု။

'မှန်သည့်အလုပ်၊ ဟုတ်သည့်သဘော၊ မတိမ်ကော၊
ကြံသောခေတ်မှာ၊ သာသနာ၊ မှန်စွာတိုးတက်မည်'

ဟူသော ဆောင်ပုဒ်အတိုင်း နေကြစေရန် ဆုံးမ၏။

ဆရာတော်ကြီး၏ ဟောကြားပြသသော တရားများ ပြန့်နှံ့ထင်ရှားလေရာ ရန်ကုန်, အင်းစိန်, ဟံသာဝတီ စသော မြို့ကြီးပြကြီးဒေသများသို့ ဆင့်ပွား ထိုးဖောက်လေပြီ၊ ဆရာတော်ကြီးကိုယ်တိုင် နာမည်ပေးခဲ့သော 'စတုဘုမ္မိကမဂ္ဂင် မဟာသတိပဋ္ဌာန်' ကိုပင် အချို့က ငှက်ဂိုဏ်းဟူ၍၎င်း ရွှေမင်းခံဂိုဏ်း ဟူ၍၎င်း သုံးစွဲခေါ်ဝေါ်လျက်ရှိကြလေသည်။

ရှိခိုးမှု နည်းသစ်တွင်

တနေ့သ၌ ငှက်တွင်းဆရာတော်ကြီးသည် ပုသိမ်ခရိုင် ရေကြည်မြို့သို့ကြွရောက်၍ တရားဟောလေသည်၊ ဆရာတော်ကြီး၏တရားပွဲဆိုလျှင် ပရိသတ်ထောင်ပေါင်း များစွာ ရှိသည်၊ အချို့ကား ဆရာတော်၏ တရားအယူအဆများကိုနှစ်သက်၍ တရားနာယူကြ၏၊ အချို့မှာ ဂိုဏ်းသီးခြားတီထွင်ဟောကြားပြသခြင်းကို စုံစမ်းလေ့လာကြ၏၊ တရားနာပရိသတ်များတွင် ဂိုဏ်းပေါင်းစုံပါဝင်ကြ၏ ဒွါရဂိုဏ်း လက်အောက်ခံ ဒကာ ဒကာမများလည်းပါသည်၊ (သုဓမ္မာ) ကံဂိုဏ်းဝင် ဒကာ ဒကာမများလည်းပါသည်။

ဂိုဏ်းစုံပရိသတ်များ ပါဝင်၍ သီလခံယူ ဆောက်တည်ကြသောအခါ ကိုယ့်နည်းကိုယ့်ဟန်အယူဖြင့်သီလခံယူကြသည်၊ ဒွါရဂိုဏ်းဝင်များက သီလခံယူအံ့သောအခါ ရှိခိုးကန်တော့ကြလျှင် ဒွါရကရိုဏ်းဖြင့် 'ကာယဒွါရ ဝစီဒွါရ မနောဒွါရ' ဟူ၍ ဒွါရကရိုဏ်းခံလျက် ရှိခိုးကန်တော့ကြသည်။

ထိုနည်းအတူ (သုဓမ္မာ) ကံ ဂိုဏ်းဝင် ပရိသတ်တို့ကလည်း 'ကာယကံ ဝစီကံ၊ မနောကံ' ဟူ၍ ကမ္မပုဒ်အရ ကံ ကရိုဏ်းခံလျက် ရှိခိုး ကန်တော့ကြရာ၌ ပြဿနာ ပေါ်ပေါက် နိုင်ဖွယ်မရှိ၊ ထောင်ပေါင်း များစွာသော ပရိသတ်တို့တွင် ကံ နှင့် ဒွါရဂိုဏ်းဝင် ပရိသတ်များ ပါရှိနေသဖြင့် ကံ၊ ဒွါရ ဝါဒီပုဂ္ဂိုလ်တို့သည် မိမိတို့ဂိုဏ်းအယူအဆအတိုင်းသာ ရှိခိုးကန်တော့ကြမည် ဖြစ်သည်၊ ဒွါရ ဂိုဏ်းဝင် ပုဂ္ဂိုလ်များ ကလည်း ကံ ဂိုဏ်းဝင် များကဲ့သို့ 'ကာယကံ' စသည်ဆို၍ ရှိခိုး ကန်တော့ကြမည် မဟုတ်၊ ကံ ဂိုဏ်းဝင်များ ကလည်း ဒွါရ ကဲ့သို့ 'ကာယဒွါရ' စသည်ဆို၍ နောက်လိုက် ရှိခိုးကန်တော့ ကြမည် မဟုတ်ပါ။

ဆရာတော်ကြီးမှာ များစွာအကျပ်အတည်းနှင့် ရင်ဆိုင်တွေ့နေလေသည်၊ သို့သော် ဆရာတော်ကြီးကား သာမန်ပုဂ္ဂိုလ် မဟုတ်ပေ၊ ဤတရားပွဲသို့ သော့်ချီလာသည့် ကံ၊ ဒွါရ နှစ်ဂိုဏ်းလုံး ကျေနပ်နိုင်မည့်ရှိခိုးကန်တော့နည်းကို မူသစ် တီထွင်ရမည်သာ ဖြစ်သည်။

ရှိခိုးကန်တော့ကြရာ၌ ကံ၊ ဒွါရ နှစ်ဂိုဏ်းလုံး ကျေနပ် လက်ခံနိုင်သော နည်းသစ် ထီတွင် ၊လေသည်၊ ထိုနည်းကား— ကံ၊ ဒွါရတို့ ကန်တော့နည်း မဟုတ်ဘဲ 'ကာယပဏာမ၊ ဝစီပဏာမ၊ မနောပဏာမ' ဟူ၍ ပဏာမ က ရိုဏ်းခံလျက် ရှိခိုးကန်တော့ကြရန်ဖြစ်လေသည်၊ ထို့ကြောင့် ဆရာတော်ကြီး တရားပွဲသို့ ထောင်ပေါင်းများစွာသော ပရိသတ်တို့ ရှေးဦးစွာ ရှိခိုးကန်တော့ ကြရသောအခါ ကံ ဂိုဏ်းအကြိုက် ကာယကံ စသည်၊ ဒွါရဂိုဏ်း အကြိုက် ကာယဒွါရ စသည် မဆိုကြစေဘဲ ကာယပဏာမ စသည် ဆိုစေ ခြင်းဖြင့် ပရိသတ်အားလုံး လက်ခံကြေနပ် လိုက်နာကြ၊ ရှိခို ကန်တော့ကြသည်ဟု အစဉ်အလာ စကားတရပ်ရှိလေသည်၊ ကံ ဒွါရ နှစ်ပက္ခလုံး လိုက်နာ ကျင့်သုံး နိုင်သည့် နည်းသစ်တခု တီထွင်လိုက်ခြင်းမှာ ဆရာတော်ကြီး၏ ထူးခြားချက် ဖြစ်သည်၊ ဆရာတော်ကြီး၏ တရားပွဲလည်း ပို၍စည်ကားပြီး ပို၍နှစ်သက်ကြ သူ များခဲ့လေသည်။

ကံ ဂိုဏ်းဝင်များ၏ ကာကကံ၊ ဝစီကံ၊ မနောကံ ကဲ့သို့ ဒွါရဂိုဏ်းဝင်တို့၏ ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရ အဖြစ်ဖြင့် သီးခြား ပေါ်ထွက်လာသည့် နည်းတူ မဟာသတိပဋ္ဌာန် ငှက်တွင်းဂိုဏ်းဝင်များ ရှိခိုးကန်တော့ ကြသော အခါ 'ကာယပဏာမ၊ ဝစီပဏာမ၊ မနောပဏာမ' ဟူသော 'ပဏာမ' ကရိုဏ်းခံလျက် ရှိခိုးကန်တော့နည်း မူသစ်ပေါ်လာပေသည်။

ကံ၊ ဒွါရ က ရိုဏ်းခံ၍ ရှိခိုးကန်တော့နည်း ပေါ်ပေါက် ကဲ့ပြားမှုမှာ ၁၂၁၇ ခုနှစ်က စတင်လာသည်ဟု အဆိုရှိသည်။

ဒွါရဦးစီး ပုဂ္ဂိုလ်

စင်စစ်အားဖြင့် ကံကရိုဏ်းခံလျက် ရှိခိုးကန်တော့နည်းမှာ ယင်းခုနှစ်ထက် စော၍ ရှိခိုးကန်တော့ကြကြောင်း စာဟောင်းပေဟောင်း မှတ်တမ်းများ၌ ဆိုထားလေသည်၊ ဒွါရဖြင့် ရှိခိုးကန်တော့ခြင်းကို အောက်မြန်မာပြည် ဟသ်ာတနယ် အုတ်ဖိုဆရာတော်ကစ၍ တီထွင်သည်ဟု အဆို ရှိလေသည်၊ ထိုဆရာတော်ကြီးကား ဒွါရဂိုဏ်းဦးစီး ပုဂ္ဂိုလ်ကျော်တပါး ဖြစ်သည်၊ ယင်းဆရာတော်၏ အယူဝါဒကို လိုက်နာကျင့်သုံးသူတို့မှာ (ဒွါရဂိုဏ်းဝင်များ) ဖြစ်လာပေသည်၊ ဒွါရနှင့်ဆန့်ကျင်ဘက်အဖြစ် ကံကရိုဏ်းခံ၍ ရှိခိုးကန်တော့ကြသူတို့အား ကံဂိုဏ်း (ကမ္မဝါဒီဂိုဏ်း) ဝင်များဟု အသိအမှတ် ပြုကြလေသည်။

စင်စစ်မှာ ကံ၊ ဒွါရ ဂိုဏ်း နှစ်ပက္ခ ပြားလာခြင်းသည် အုတ်ဖိုဆရာတော်နှင့် ကျီးသဲလေးထပ်ဆရာတော်ကြီးများ တွေ့ဆုံရာမှ ပိုမို၍ ဂိုဏ်းကွဲလေလာသည်ဟု မှတ်သားဘူးသည်။

ထိုအချိန်ကား– အောက်ပြည် အောက်ရွာတို့၌ ဒွါရဂိုဏ်း အတန်ငယ် ကြီးစိုးဘူးသည့် အချိန်ဟု ဆိုရန်ရှိသည်၊ ငှက်တွင်းဆရာတော်၏ ဆရာရင်း တဆူဖြစ်သော သင်္ဂဇာ ဆရာတော်ကြီးသည် ဒွါရဂိုဏ်းဝင်များ လွှမ်းမိုးရာ ကြီးစိုးရာ အောက်ပြည်မြို့နယ် ကျေးရွာ များသို့ လှည့်လည်၍ သာသနာပြုလေသည်။

ဒွါရကြီးစိုးသော နယ်သို့ ကြွရောက်ဘူးရာ သင်္ဂဇာ ဆရာတော် ဆုံးမဟောကြားသော တရားများကို လေးစား နာယူခြင်း မရှိဖြစ်လေသည်၊ ဆရာတော် သီတင်းသုံးရာသို့ အချို့ပုဂ္ဂိုလ်များ လိုက်ပါပြီးလျှင် မနေနိုင်လောက်အောင် ဆန့်ကျင်ဘက် ပြုလုပ်ကြသည်၊ နောက်ဆုံးတွင် သင်္ဂဇာ ဆရာတော်ကြီး မနေနိုင်လောက်သည်အထိ ဖြစ်ဘူးလေသည်။

ထို့ကြောင့် သင်္ဂဇာ ဆရာတော်၏တပည့်ဖြစ်သော ငှက်တွင်း ဦးပဏ္ဍဝက မိမိ၏ဆရာ သင်္ဂဇာဆရာတော်ကြီး မနေသင့်မနေထိုက်သော ဒွါရဂိုဏ်း ကြီးစိုးရာနယ်မြေ၌ အနေလဲ့၍နေမိခြင်းကို–

'သင်္ဂဇာ အနေလွဲ၊
ဖွဲ့နှင့် ဆန်ကွဲ'–

ဟူ၍ စာချီးဘူးလေသည်။

စတုဘုမ္မိကဂိုဏ်းဝင် ပုဂ္ဂိုလ်ကျော်များ

ငှက်တွင်း ဆရာတော် ကြီးသည် အောက်ပြည်၌ သာသနာ ပြုခြင်းဖြင့် ဂိုဏ်းသီးခြား ထွန်းပေါ်လာသည်နှင့် အမျှ အထက်မြန်မာပြည်တွင်လည်း ထင်ရှားလေသည်၊ အထက်မြန်မာပြည်သို့ လှည့်လည် ကြွရောက်၍ တရားဟောခဲ့ရာ ငှက်တွင်းဂိုဏ်း၏ အမည်သတင်းမှာ အထက်အောက် ပျံ့သင်းလျက် ရှိလေသည်။

ထို့ကြောင့်မဟုတ်လော....။

ငှက်တွင်းဆရာတော် အစဉ် မိန့်ဆိုမြဲ စကားကို ငှက်တွင်းဆရာတော် ရှင်ပြုပေးသော တပည့်ရင်း အသက် ၈၀- အရွယ်ရှိ ဦးမန်းညွန့် ပြောဘူးသည်မှာ— 'ငှက်တွင်းဆရာတော် ပျံလွန် ပြီးသည်နောက် သာသနာ 'အညာဆန်မည် ဖြစ်ကြောင်းဖြင့် 'ရွှေညာဆန်တဲ့ ငှက်ကယ် တသက်မယ် သူထွန်း အမြီးနဲ့ တင့်လွန်း, အညာပြည်တခွင်၌ ငှက်တွင်း စတုဘုမ္မိက သာသနာ စည်ပင်ထွန်းကားရစ်မည်ဟူသော သဘောပင် ဖြစ်လေသည်။

အထူးသဖြင့် ရွှေဘိုမြို့နယ်တွင် မဟာသတိပဋ္ဌာန် စတုဘုမ္မိက ငှက်တွင်းဂိုဏ်းဝင်များမှာအားအကောင်းဆုံး ဒေသ ဖြစ်သည်၊ ရွှေဘိုမြို့နယ် ဇီးတောရွာ ပြာသာဒ်ဒကာ စတုဘုမ္မိက မဟာသတိပဋ္ဌာန် တရားဟော ဆရာကြီး ဦးစိုးဂေါင်သည် စတုဘုမ္မိက ငှက်တွင်းဂိုဏ်းတရားဟော ပုဂ္ဂိုလ်များ အနတ်အဟောကောင်းအပြောကောင်း အထင်ရှားဆုံး ပုဂ္ဂိုလ်ကြီး ဖြစ်သည်။

သက္ကရာဇ် ၁၂၅၀ - ပြည့်နှစ်မှ ၁၂၇၀ - ပြည့်နှစ်အထိ နှစ်ပေါင်း ၂၀- ကျော်အတွင်း မြန်မာနိုင်ငံ အထက်အောက်၌ ဤစတုဘုမ္မိက မဂ္ဂင်မဟာသတိပဋ္ဌာန် ငှက်တွင်းဂိုဏ်း၏ သာသနာပြု လုပ်ငန်းသည် ဒီရေတက်သကဲ့သို့ တဟုန်ထိုး ထိုးတက်၍ကြီးစွာအောင်မြင်မှုအဖြစ် မှတ်တမ်းများရှိသည်။

ယင်းသို့ သာသနာပြုရာ နှစ်ပေါင်း ၂၀ - အတွင်း ငှက်တွင်းဆရာတော်၏ ပါရမီကို ဖြည့်စွမ်း ကူညီကြသော သာသနာပြု တပည့်ပုဂ္ဂိုလ်ကျော် မွေကထိတ ရဟန်း, လူပုဂ္ဂိုလ်များလည်း ပေါ်ထွက်လာခဲ့လေသည်။

ထိုအချိန်က မြန်မာနိုင်ငံတွင် ပဋိပတ္တိ ကျင့်စဉ်များကို ဦးတည်ကွဲပြားကြသော ဆရာတော်ကြီးများလည်း ရှိလေသည်၊ သုဓမ္မာ, ရွှေကျင်, ကံ, ဒွါရ စသည်ဖြင့် ဂိုဏ်းနာမည်များလည်း အသီးသီးရှိလေသည်၊ ယင်းသို့ ဂိုဏ်းနာမည် အသီးသီး ရှိကြသော်လည်း ဘုရားရှင်၏ ဝိနည်းသိက္ခာပုဒ်

တော်အရ ကူညီကြရလေသည်၊ဂိုဏ်းအသီးသီး၏ အတွေးအခေါ်၊အယူအဆ ခံယူချက်နှင့် သီလ ဆောက်တည် ကြရာ၌လည်း ကွဲပြား ခြားနားခြင်းမရှိကြရ၊ သဘောချင်း တူညီ ကြရမည်သာ ဖြစ်၏။

သို့သော် ငှက်တွင်း ဆရာတော် ဦးပဏ္ဍိစ တည်ထောင်လိုက်သော ငှက်တွင်း စတုဘုမ္မိက မဂ္ဂင်ဂိုဏ်းတရေးသာ အခြားတွေးခေါ်ခံယူချက် တူညီစေကာမူ သီလခံယူ ဆောက်တည်ကြရာ၌ ခြားနားလေသည်။

သုဓမ္မာ၊ ရွှေကျင်၊ ဒွါရစသည့် ဂိုဏ်းဝင်များ သီလဆောက်တည်ကြရာတွင် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ စသည်တို့ကို အမည်တင်လျက် သီလခံယူဆောက်တည်ကြခြင်း တူညီကြရ၏။

ငှက်တွင်းဂိုဏ်းဝင်တို့ ဆောက်တည်ကြရသော သီလမှာ အာဇီဝဋ္ဌမကသီလဖြစ်၍ ဒုစရိုက် ၁၀- ပါးမပြစ်မှားမိစေရန် ဆောက်တည်ခိုင်းလေသည်၊ ဤကား ငှက်တွင်းဂိုဏ်း၏ ထူးခြားချက်တည်း။

ထိုစဉ်က ဆရာတော်ကြီး၏ တပည့်များတွင် တရားဟောကောင်းကျမ်းတတ်ပုဂ္ဂိုလ်ကျော်များရှိရာတွင် ဘွဲ့တူ ပုဂ္ဂိုလ် သုံးပါးလည်း ပါဝင်သည်။

ဘွဲ့တူပုဂ္ဂိုလ်သုံးပါးမှာ နေကိုင်း သုံးခွမှ ရှမ်း ဦးသုမန၊ ဘိုကလေးမြို့နယ် မြင်ကကုန်းရွာ သံလိုက်ချောင်းကို အမှီပြု၍ သံလိုက်ဦးသုမန နှင့် တော်ကမယ်ရွာမှ တော်ကမယ် ဦးသုမန ဟူ၍ ဖြစ်သည်။

\+ \+ \+

မြို့သထုံမှ ဘဝအောင်ပန်း

သုဝဏ္ဏဘုမ္မိ မည်သော သထုံမြို့သည် ရှင်တော်ဘုရား သာသနာတော် ဦးစွာပွင့်လင်းရာ ဌာန ဖြစ်သည်၊ မြန်မာနိုင်ငံ၏ သာသနာတော် အဆက်အနွယ်မြစ်ဖျား ခံရာလည်းဖြစ်သည်၊ မြန်မာနိုင်ငံတွင် သာသနာပြန့်နှံ့ထွန်းကား၍လာသောကြောင့် ဗုဒ္ဓသာသနာတော် ရှေးဦးစွာ ထွန်းကားလာရာမြို့ဟူ၍လည်း ဆိုနိုင်လေသည်။

ငှက်တွင်း ဆရာတော်ကြီးသည် သက်တော် ၇၉ နှစ် သိက္ခာ ၅၉ ဝါ ရရှိတော်မူသောအခါ ဗုဒ္ဓသာသနာတော် ရှေးဦးစွာ ရောက်ရှိ ပွင့်ထွန်းရာ ဤသထုံမြို့သို့ ကြွရောက်ရန် စီစဉ်လေသည်။

ဆရာတော်ကြီးမှာ သက်ရှယ်တော် ကြီးရင့် အိုမင်း လာသဖြင့် အမြို့မြို့ အနယ်နယ်မှ တရားဟော သာသနာပြု ချီးမြှင့်ရန် ပင့်ဆောင်ကြသော်လည်း သာသနာပြုခြင်းကိစ္စကို ရပ်တန့် အနားယူထားချိန် ဖြစ်လေသည်။

အထက်မြန်မာပြည်မှ တဖန်ကြွရောက်ပြီး ရန်ကုန်မြို့ သရက်တောကျောင်းတိုက် မဟာသတိပဋ္ဌာန် ကျောင်းသစ်၌ ခေတ္တ အပန်းဖြေအနားယူ သီတင်းသုံးနေလေသည်။

ယင်းသို့ သာသနာပြုခြင်း တာ၀န်ရပ်များ ဆိုင်းငံ့ထားချိန် သထုံမြို့မှ ငှက်တွင်း ဒကာများက ဆရာတော်ကြီး သီတင်းသုံးရာ ရန်ကုန်မြို့ သရက်တောကျောင်းတိုက် မဟာသတိပဋ္ဌာန်ကျောင်းသစ်သို့ လာရောက်၍ ပင့်ကြလေသည်၊ သထုံမြို့သို့ ကြွရောက် သာသနာပြုရန် ပင့်လျှောက်ကြလေသည်။

ပင့်လျှောက်ကြသူများမှာ သထုံမြို့ တရုပ်အမျိုးသား ဗုဒ္ဓဘာသာ၀င် ကျောင်းဒကာ ဦးအချို- ဒေါ်အုံး၊ ၎င်းတို့၏သမီး ဒေါ်ကျင်မွေး, ခင်ပွန်း စောယူဟောက်၊ ဖားကပ်ရွာသူကြီး ဦးပန်းအောင် စသူတို့ ဖြစ်၏။

ဆရာတော်ကြီးသည် သထုံမြို့ယင်းပုဂ္ဂိုလ်ကြီးများ ဦးဆောင်ပင့်လျှောက်ချက်ကို လက်ခံတော်မူသည်၊ သထုံသို့ ကြွရောက်သာသနာပြုရာ၌ ကွင်းခြံကုန်းမြို့ ဦးဇောတာဘိဝံ, ရေစကြို ဦးသောမ, ဘောက်ထော် ဦးအရိယဝံသ, ထန်းတပင် ဦးတိဿ, သံယုတ်ဆရာတော် ဦးနန္ဒမာလာ, ဟသ်ာတ အဒါးဦးဝေပုလ္လ, တော်ကမယ် ဦးသုမန စသည့် သာသနာပြု တပည့်ကြီးများ ပါဝင်လေသည်။

ဆရာတော်ကြီး သထုံမြို့သို့ ကြွရောက်သာသနာပြုသည့်နှစ်မှာ ၁၂၇၂-ခု ဝါဆိုလဆန်း (၈)ရက်နေ့ကဖြစ်သည်၊ ဆရာတော်ကြီးသည် တပည့်သံဃာများ ခြံရံလျက် သထုံမြို့ ရွှေစာရံဘုရားဝင်း အတွင်း၌ ဆောက်လုပ်ထားသော ထန်းနှစ်ပင် အုဋ္ဌတိုက် ဝတ်ကျောင်းတွင် သီတင်းသုံး ဝါဆိုလေသည်။

ဆရာတော်ကြီးနှင့် အတူ ဓမ္မကထိက တပည့်များက ဝါတွင်း သုံးလပတ်လုံး စတုဘုမ္မိကမဂ္ဂင် မဟာသတိပဋ္ဌာန် ကျင့်စဉ်များကို ဟောကြားပြသကြလေသည်၊ ဆရာတော်ကြီး သထုံမြို့တွင် သာသနာပြုရာ၌ များစွာအောင်မြင်လေသည်၊ ပရိသတ်များလည်း တနေ့တခြား တိုး၍ တိုး၍သာ နေသည်၊ နာယူကြသူတိုင်း အားရနှစ်သက်ကြလေသည်။

ထိုသို့ ဝါတွင်းသုံးလကာလပတ်လုံး နေ့ညမအား ကျင့်စဉ်တရားတော်များ ပြသဟောကြားခဲ့ရာ သီတင်းကျွတ်လဆန်း ၉ - ရက်နေ့သို့ ရောက်လေပြီ၊ သီတင်းကျွတ်လဆန်း ၁၀ - ရက်နေ့ နံနက် အရုဏ်တက်ချိန် ဆရာတော်ကြီး ဝါဆို သီတင်းသုံးရာ ထန်းနှစ်ပင်အုပ်တိုက် ဝတ်ကျောင်းအတွင်းမှ သပိတ်လုံးပမာဏရှိသည့် ဖြူဝင်းတောက်ပသော ရောင်ခြည်ခဲတတ် အလင်းရောင်သည် ယင်းထန်းနှစ်ပင်အကြားမှ ရွှေစာရံဘုရား ထီးတော်အား သုံးကြိမ် လကျ်ာရစ်ပတ်လျက် ကွယ်ပျောက်ခြင်းကို အထင်းသား အကွင်းသား တွေ့မြင်နိုင်ကြလေသည်။

ဆရာတော်ကြီးအား နေ့စဉ် အရုဏ်တက် ဆွမ်းကပ်လာကြသော ဒကာဒကာမတို့မှာ ထိုအခြင်းအရာများကို ထူးဆန်းစွာ တွေ့မြင် ဖူးကြရသဖြင့် အံ့အားသင့်လျက် ရှိလေသည်။

ဆရာတော်ကြီး သီတင်းသုံးရာ ကျောင်းသို့ သူ့ထက်ငါ လုယက်တိုးဝှေ့သွားရောက်ကြလေသည်၊ ဆရာတော်ကြီး ကျိန်းစက်ရာ အခန်းတွင် သန့်စင်သော ညောင်စောင်း ကုတင်ပေါ်၌ ငြိမ်သက်စွာ ကျိန်းစက် နေခြင်းကို တွေ့မြင်ကြရသည်၊ မလှုပ်မယှက် ငြိမ်သက်နေသော ဆရာတော်ကြီးအား ဖူးတွေ့ကြရသူတိုင်းက အံ့အားသင့်ကြ၏၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံလွန်တော်မူသည့် နည်းတူ ညောင်စောင်း ကုတင်ပေါ်၌ လျောင်းစက်၍ စံပျော်နေလေသည်၊ ဤသမိုင်း၏ ပထမပိုင်းတွင် ဖော်ပြခဲ့ပြီးသော ' အောက်ပြည်ကိုစုန် ငြိမ်းပုံကိုပြောလိုက်ပါ၊ သထုံ ပြန်ခါနီးမှ မိသက်နှင့် မိကြီး ကျောင်းတော်ဆောက်အပြီး ' ဆိုသည့် ရှေ့ပြေးနိမိတ် အတိတ်တဘောင်အရ ငုက်တွင်းဆရာတော်ကြီးသည် သထုံမြို့ ရွှေစာရံကျောင်းဒါမ ဒေါ်သက်နှင့် ဒေါ်ကြီးတို့ ဆောက်လုပ်ထားသော ကျောင်းတော်ကြီး၌ပင် အပြီးအပြတ် ပရိနိဗ္ဗာနခေတ် ဝင်စံတော်မူရပြီ မဟုတ်ပါလား။

လျောင်းစက် ငြိမ်သက်နေသော ခန္ဓာတော် ချုပ်ငြိမ်းလျက် ဘဝအောင်ပန်းကို ဆင်မြန်းတော်မူလေပြီကော။

ခန္ဓာဝန် မချုပ်ငြိမ်းမီ နေ့များက ဆရာတော်ကြီးသည် တပည့်ပရိသတ်တို့အား တရားရေအေး တိုက်ကျွေး နေတော်မူသည်၊ ဆရာတော်ကြီး အဖို့ ဗျာဓိဝေဒနာ မခံစားရ၊ ၉၆ - ပါးသော အနာရောဂါဟူသည် ဆရာတော်ကြီးနှင့် မသက်ဆိုင်သကဲ့သို့ ရှိ၏၊ ခန္ဓာတော် ရုပ်သိမ်း၍ ဘဝအောင်ပန်းကို ဆင်မြန်းတော်မူသည့်နေ့ (ယိုနေ့) မှသာ ထူးဆန်းစွာ ဖူးတွေ့ကြရလေသည်။

အားလုံးသောရဟန်း, လူ ဇပည့် အပေါင်းတို့သည် ဆရာတော်ကြီး၏ ရုပ်အလောင်းတော်မြတ်ကို ပြင်ဆင်ကြသည်၊ ကိလေသာ အာသဝေါကင်း ကွာသည့် ရဟန္တာများကဲ့သို့ ကျနစွာ ပြင်ဆင်ထားသော ဆရာတော်၏ ရုပ်အလောင်းတော်မှာ ပုပ်သိုးခြင်း အနံ့ နံခြင်း မရှိ နဂိုရ်ပကတိ ရုပ် အသွင်သဏ္ဌာန်ဖြင့် လှပဆန်းကြယ်သော မှန်ခေါင်းတော်တွင် ကျိန်းစက် နေသည်နှင့်တူနေသည်။

ဤသို့အားဖြင့် ၆ လ တိုင်တိုင် ထားသော်လည်း အနံ့မထွက်၊ မပုပ် မသိုး၊ ၁၂၇၂ ခုနှစ် ကဆုန် လပြည့်ကျော် ၃ ရက်နေ့မှစ၍ ၅ရက် တိုင်တိုင် ဆရာတော်အား နောက်ဆုံး ပူဇော်သည့် အနေအားဖြင့် အန္တိမစျာပန သာဓုကီဠနဘာင်ကို ဆင်ယင် ကျင်းပ ပူဇော်ကြလေတော့ သည်။

၁၂၇၂ ခုနှစ်မှစ၍ ဆရာတော်၏ ရုပ်အလောင်းတော်ကို ယခုထက် တိုင် ဂူသွင်းထားသည့်အတိုင်း ငှက်တွင်း ဂိုဏ်းဝင်များက အလှည့်ကျစီ စောင့်ရှောက် ထိန်းသိမ်းထားကြရလေသည်။

တေဘုမ္မိက - သဒ္ဒါရမှောင်၊
စတုဘုမ္မိ - မည်ရှိ အတောင်၊
ဖြန့်ကာမိုးလို့ - တန်ခိုး ဂုဏ်ရောင်
ငှက်တွင်းဂိုဏ်း - နယ်တိုင်း ဖွင့်တည်ကောင်။

ဝါဒါးဆယ့်ကိုး - သည်ပိုး ပိုင်နိုင်၊
သာသနာရေး - အားပေး မြိုင်မြိုင်၊
တပည့်ပေါင်းတို့ - ထောင်သောင်း လှိုင်လှိုင်၊
ပြန့်နှံ့ပွား - ထင်ရှား နယ်ခရိုင်။

\+ \+ \+

ဆရာတော်၏ ကျမ်းစာများ

ငှက်တွင်း ဆရာတော်ကြီးသည် အထက်,အောက် မြန်မာနိုင်ငံအတွင်း မြို့နယ် ကျေးရွာများသို့ လှည့်လည်ကြွမြန်း၍ စတုဘုမ္မိက မဟာသတိပဋ္ဌာန် အရိယာလမ်းစဉ်များကို ဟောကြားပြသခဲ့ရုံမျှ မကသေးပါ။

သိက္ခာ ၅ - ဝါမှအစပြု၍ ပျံလွန်တော်မူသည်အထိ အားလပ်ချိန်အ နားယူချိန်များတွင် ကျမ်းပေါင်း ၂၀ - ကျော်တို့ကိုလည်း ရေးသားပြုစု

တော်မူခဲ့ပါသည်၊ အမြို့မြို့အနယ်နယ်မှ မေးလာသော အမေးပုစ္ဆာတို့ကို ဖြေရှင်းခြင်း ထိုထိုပြဿနာ အရပ်ရပ် အဆုံးအဖြတ်စာ၀ါမ်းတိကို ဆုံးဖြတ်၍ ရေးသားခြင်းများလည်း ရှိပါသေးသည်။

ဆရာတော်ကြီး၏ ၂၀ - ကျော်သော ကျမ်းစာ၊ အဆုံးအဖြတ် ၀ိနိစ္ဆယ တို့ကို အချို့ပုံနှိပ်ပြီးဖြစ်၍ အချို့ လက်ရေးမူအတိုင်း ရှိနေသေးသည်ကိုလည်း သိရှိရပါသည်။

ပုံနှိပ်ပြီး နှင့် ပုံနှိပ်ခြင်းမရှိသေးသော ဆရာတော်ကြီး၏ ကျမ်းစာ ၀ိနိစ္ဆယ များကို လက်လှမ်းမှီသလောက် အောက်တွင် ဖော်ပြလိုက်ပါသည်။

၁· မင်္ဂလသုတ္တန္တ သာသန၀ိသောဓနီကျမ်း၊
၂· သာသနသုဒ္ဓိ ဒီပကကျမ်းကြီး၊
၃· သာသနသုဒ္ဓိ ပဋိပတ္တိလင်္ကာရကျမ်း၊
၄· ပရမတ္ထပြုဟာကျမ်း၊
၅· သာသနာလင်္ကာရ မဂ္ဂပကာသနီကျမ်း၊
၆· ရာဇော၀ါဒကျမ်း၊
၇· သာသနပြုဟာကျမ်း၊
၈· ဓမ္မပဒေသတက္ကသိုလ်ကျမ်း၊
၉· ဗျဉ္ဇနီကျမ်း၊
၁၀· မဟာသတိပဋ္ဌာနမဂ္ဂဒီပနီကျမ်း၊
၁၁· ဒိဋ္ဌိ၀ိသောဓန ဥဘတောပက္ခလောက၀ိဒူကျမ်း၊
၁၂· လောကစိန္တာကျမ်း၊
၁၃· မဟာသတိပဋ္ဌာန နိဿယသစ်ကျမ်း၊
၁၄· ဓမ္မစက္ကပ၀တ္တနနိဿယသစ်ကျမ်း၊
၁၅· ပိဋကသုံးပုံဖလဲကျမ်း၊
၁၆· ပဗ္ဗဇ္ဇာဒိ၀ိနယကထာကျမ်း၊
၁၇· သန္ဓိနိဿယသစ်ကျမ်း၊
၁၈· ရတနသုတ် မေတ္တာသုတ် နိဿယသစ်ကျမ်း၊
၁၉· ဒိဋ္ဌိဘေဒ ပကာသနီကျမ်း၊
၂၀· သာသနကော၀ိဒ၀ေရမဏိကျမ်း၊ (ထိုကျမ်းမှာ ပုံနှိပ်ခြင်း မပြုရသေး၊ တွံတေးမြို့မှ အမိန့်တော်ရ ဦးရင် လျှောက်ထားသဖြင့် ရေးသားကြောင်းသိရသည်။)

၂၁ - ဓမ္မပဒ နိဿယသစ်ကျမ်း၊

(၎င်းကျမ်းမှာလည်း နံယော ဆရာတော် ရှိစဉ် အခါက ပုံနှိပ်ရန်စီစဉ်သော်လည်း စာအုပ် မဖြစ်လာသေးကြောင်း သိရ၏၊)

၂၂ အမတပါကာပိဝနကထာ နိဗ္ဗာန်ဝင်ကျမ်း၊

(၎င်းကျမ်းပေမူ ကွမ်းခြံကုန်းမြို့ ပါရမီ စံကျောင်းတိုက်တွင် ရှိသည်)

၂၃ သဂြိုဟ်ဂဏ္ဌိသစ်ကျမ်း (ပုံမနှိပ်ရသေး)

၂၄ ပါဠိ - သက္ကဋအဘိဓာန်ကျမ်းကြီး၊

(၎င်းကျမ်း ရေစကြိုမြို့ ဂုတုတ်ကျောင်းနေ ဆရာတော် တပည့်တပါး သိမ်းဆည်းထားရာ ပုံနှိပ်ရခြင်းမပြုမီ ထိုကျောင်းကို မီးလောင်စဉ် မီးထဲပါသွားကြောင်း သိရသည်၊)

၂၅ - အဆုံးအဖြတ် ဝိနိစ္ဆယ စာတမ်းငယ်များ၊

\+ \+ \+

ကောက်နုတ်ချက်အချို့

ဆရာတော်ကြီးကိုယ်တိုင် ရေးသားပြုစုခဲ့သောကျမ်းများအနက် အချို့မှ ကောက်နုတ်၍ဖော်ပြလိုက်ပါသည်၊ ဆရာတော်ကြီး၏ ကျမ်းစာအုပ်များကို ဝေဖန်လို၍မဟုတ်၊ ဝေဖန်နိုင်စွမ်းသော ဉာဏ်ပညာလည်း ဤသမိုင်း ပြုစုသူ၌ အလျဉ်းမရှိ၊ ဆရာတော်၏ တွေးခေါ်ယူဆချက်များမှာအလွန် နက်ရှိုင်းလှ၍ ဆရာတော်၏ ပါရမီဉာဏ် စွမ်းရည်များကို အကဲဖြတ်နိုင်ရန် တင်ပြလိုခြင်း ဖြစ်ပါသည်။

စာရိတ္တ နှင့် ဝါရိတ္တသိက္ခာပုဒ်များကို ရှင်းပြထားသော မဟာသတိပဋ္ဌာန မဂ္ဂဂ်ဒီပနီကျမ်းတွင်—

'အပါယ်လေးပါးသို့ လားမည်ကို စိုးသောကြောင့် မြတ်စွာဘုရားတားမြစ် ပိတ်ဆို့တော်မူသော ဒုစရိုက် ၁၀ ပါး အပြား ၂၀ ရှိသည့် ကိလေသာတို့ကို ရှောင်ကြဉ် သိမ်းဆည်းရမည့် အချက်နှင့်

စပ်လျှဉ်း၍ … ‘အပါယ်လားဖွယ်၊ ကြေးနှစ်ဆယ်၊ ဘဲ့နှယ်ကြံ၍ ဆပ်မည်မင်း။ ။ဝီရတီသုံးသွယ်၊ ရှောင်ကြဉ်ဖယ်၊ ဤနှယ်ကြံ၍-ဆပ်မည်မင်း’

စသည်ဖြင့် အမေးအဖြေ ပြုအပ်၍ လင်္ကာဖြင့် ရေးသားပြီး မှတ်ချက်ထား ခြင်းများကိုလည်း တွေ့နိုင်ပေသည်။

ထို့ပြင် သဏ္ဌာယ အမှတ်သညာ စွဲလမ်းမှုနှင့် ကာမဂုဏ်အာရုံ ၅ ပါး တို့၏ ကာမာဒီနဝ အပြစ်တို့ကို ထင်မြင်နိုင်စေရန် ရယ်ခြင်းကြီး သုံးပါး လင်္ကာကို ကိုးကားထားလေသည်။

သုံးပါးတသီး၊ ရယ်ခြင်းကြီးကား၊ ဇနီးအိမ့်ရှင်၊ မိမိလင်သည်၊ ချစ်ခင်သောအား၊ သမီးသားကို၊ ပိုက်ဖျားအားရမ်း၊ ချီရှုံ့နမ်းသော်၊ မယ့်ဝမ်းကမွေး၊ သူများသွေးကို၊ အလေးတမြတ်၊ သင့်သားမှတ်လျက်၊ လှည့်ပတ်ဖက်ချီ၊ နမ်းလေပြီဟု၊ မထိမလေး၊ အသွမ်းသွေး၍၊ အဝေးမျက်ကွယ်၊ မယား ရယ်၏။

ငါ့လယ်ငါ့ယာ၊ ငါ့မြေတာဟု၊ ဥစ္စာခင်မင်၊ ဆိုပြန်လျှင်လည်း၊ အရှင်မဲ့ပါ၊ ငါတို့မှာကား၊ ကမ္ဘာမကြေ၊ မချင်းနေ၏၊ ဖောက်သွေယွင်းရှိ၊ သင်တို့ကိုယ်မျှ၊ လိုမပိုင်ပဲ၊ ဖွဲ့သရဲဟူ၊ ကြွန်းဆဲမသော နှယ် မြေကြီးရယ်၏။

ငါ့ဝယ် ငါ့ရွှေ၊ ငါ့ကြေးငွေဟု၊ စိတ်စေကြည်သာ၊ ဆိုပြန်ပါလည်း၊ ကြမ္မာဆော်တိုက်၊ ကောင်းသည့်ခိုက်ကို၊ ညှိဆိုက်မျှသာ၊ တည်းခိုပါ၏၊ ငါးဖြာရန်သူ၊ ယူလည်းတို့ပါ၊ သေမင်း ခွာလည်း၊ သင့်ရာအလျောက်၊ တို့ရောက်သည်ပင်၊ တို့အရှင်လျှင်၊ ဖြစ်ခြင်လွန်းလှ၊ လွန်မင်းစွဟု၊ ဒေါသချုပ်ချယ်၊ ရွှေငွေရယ်သည်၊ သုံးသွယ်ရယ်ဆေး၊ ပျက်သွမ်းသွေး …

ဆရာတော်ကြီးသည် သတိမမူလျှင် ဂူကို မမြင်နိုင်သည့် အကြောင်းနှင့် ငပ်လျှဉ်း၍လည်း ရယ်ဖွယ်ရာ ဖြစ်သည်ဟု ဆိုပြန်လေသည်။

သတိမရှိသူသည် ကဲ့ရဲ့ဖွယ်ရာနှင့်လည်း တွေ့ကြုံတတ်သည်၊ ရယ်ရှင်ဖွယ်ရာလည်း ဖြစ်တတ်သည်။

ဆယ်ပါးရယ်ဖွယ်၊ မှတ်ကြောင်းသွယ်ပိမ့်၊ ဉာဏ်ကျယ်ပါလျက်၊ ပွဲလယ်ချက်ဝယ်၊ နှုတ်ထွက်ယွင်းပါး၊ အဆိုမှားအံ့။

ခစားသူမှာ၊ သူလိုရာသို့၊ လိုက်နာရလျက်၊ မာနကက်အံ့။ ခစား
သူမှာ၊ သူလိုရာသို့၊ လိုက်နာရလျက်၊ မာနတက်အံ့။ လက္ခဏာမဲ့၊
ချို့တဲ့ဥစ္စာ၊ ဆင်းရဲစွာလျက်၊ ကာမဂုဏ်မှု၊ လုံ့လပြုအံ့။ ပြီးထုထပ်
ပွား၊ ဥစ္စာများလျက်၊ မိုက်အားဖုံးလွှမ်း၊ မပေးကမ်းအံ့....။

ငြိမ်းချမ်း သာယာ၊ နေရပါလျက်၊ သူ့မှာမှီနေ၊ ခစား
လေအံ့။

သားရေ လျှော့ပါး၊ အိုးလှည့်ခြားလျက်၊ မြစ်နားကမ်းကို၊
မမှီခိုအံ့။ ရန်ပြုပယ်လှစ်၊ မင်းစဉ်ဖြစ်လျက်၊ မှုငြစ်ဆိုးနွမ်း၊ မူးမတ်
သွမ်းနှင့်၊ ချစ်ကျွမ်းဝင်ဝင်၊ ရေးတိုင်ပင်အံ့။

သန့်စင်နွယ်ဇာတ်၊ မျိုးရိုးမြတ်လျက်၊ အတတ်မသင်၊ နားဝင်
မကျွမ်း၊ လော်လီသွမ်းအံ့။ မနွမ်းဂုဏ်အင်၊ ယောကျ်ားစင်လျက်၊
ချစ်ခင်စိုးပိုင်၊ မယားနိုင်အံ့၊ သုံးဆိုင် ဗေဒင်၊ ကုန်စင်မြောက်မြား၊
ထုံးနွယ်သားသည်၊ ပုဏ္ဏားဖြစ်လျက်၊ ကျင့်ဇာတ်ပျက်အံ့၊ ကန့်ကွက်
ခြားနား၊ သည်ဆယ်ပါးကို အများလူဘွင်၊ ရယ်ဖွယ်ထင်သည်၊
သည့်ပြင်ရယ်ဆေး၊ ကဲ့ရဲ့တွေး....။

ရှိခိုးမှု နှင့် ကန်တော့မှုဆိုင်ရာတို့၌ ဖော်ပြခဲ့ပြီးအတိုင်း ပဏာမ ကရိုဏ်း
ခံလျက် ရှိခိုး ကန်တော့နည်း အသစ် တီထွင်လိုက်သည့် အချက်ကိုလည်း
အောက်ပါအရ သိနိုင်လေသည်။

'ပဋ္ဌပတိဋ္ဌိတ ပဏာမသည် သုတ္တာနု လောမ ပဏာမ, ဝိနယာနု
လောမပဏာမ, အဘိဓမ္မာနုလောမ ပဏာမ ဟူ၍ ပဋ္ဌပတိဋ္ဌိတဝန္ဒနာ
မျိုး ပဏာမ သုံးပါး ရှိသည်။

ထိုသုံးပါးတို့တွင် ဆောင့်ကြောင့်ထိုင်လျက် လက်အုပ်ချီမိုး ရှိပြီး
လျှင် ဒူး,လက်နှစ်ဘက်, နဖူး, ကြမ်းပြင်အထိ ဦးချပဏာမ ဝန္ဒနာ
ပြုခြင်းသည်သုတ္တာနုလောမ ပဏာမ ပဋ္ဌပတိဋ္ဌိတ ရှိခိုးခြင်း မည်၏။'

ထို့ပြင် ဆရာတော်ကြီး၏ တွေးခေါ်ကြံဆချက်လည်း မှတ်သားဖွယ်
ကောင်းပေသည်။

'ခေးသွားကောင်းလျက် ဝါးမျက်ဖျက်' ဟူသောစကား 'ခေးကိုဖျက်
ဝါးမျက်' ဟူသောစကားတို့မှာ အက္ခရာ အဖတ်အရွတ်အားဖြင့်ရှိသော်လည်း

'ခေါး သွားကောင်းလျက် ၀ါးမျက်ဖျက်' ဟု အဓိပ္ပာယ်ယူဆချက် အနက်ဖော်ထားလေသည်၊ 'ခရမား + ရေား = ခေါး' တည်းဟူသော စတုဘုမ္မိကတရား အသွားအလာကောင်းပါလျက် နို့မျက်သည့်သားကဲ့သို့ဖြစ်သည်။

၀ါဆို၀ါကပ် အသက် ၆၀- ၀ါ ၄၀ ပင်ရသော်လည်း စာမသင် စာမကြည့်သော၀ါသာ များ၍ လောကီ, လောကုတ္တရာ တရားနှစ်ပါးတို့ကို ခြားနားစွာမသိတတ်သောပုဂ္ဂိုလ်ကို '၀ါမျက်' သည်ဟု ဖွင့်ဆိုထားသေသည်။

ယင်း '၀ါမျက်သောပုဂ္ဂိုလ်သည် ခရမား + ရေား = ခေါး ဟူသောတရားကို အမှားမှားအချွတ်ချွတ်ဟောလတ္တံ့၊ ထိုသို့ဟောခြင်းသည် လောကုတ္တရာသာသနာမှု တရားတော်ကို ဖျက်ဆီးသည် မည်၏' ဟု အဓိပ္ပာယ် ကောက်သည်။

'မကြုံဘူးပါဘူ့ ၊ ကျွယ်လူး၀ါဆယ်၊ ကိုးကျပ်ထွက်တယ်။
ရက်မယ်လို့ရှယ်၊ ငင်မယ်လို့ကြုံတုံး။
တို့ခင်ဘုန်း တောင်ပေါ်ထက်ဆီက၊ ၀ါမျက်သည့်ထုံး။

ဟူ၍လည်း ဖော်ပြထားလေသည်။

ထိုမှတပါး ငှက်တွင်းဆရာတော်ကြီး အခန်ပြောဆိုသုံးစွဲမြဲ စကားတို့မှာလည်းဆန်းသစ်လှ၏၊ ပိဋကသုံးပုံ ခွဲပုံ ခွဲဝေပုံကို ပေတကောပဒေသ ပေတကာလင်္ကာရ ပေါရာဏစကားတို့နှင့်ညီလျက် -

'ဘုရားပျောက်သော် စိတ်မှာရှာ၊
တရားပျောက်သော် ကိုယ်မှာရှာ၊
သံဃာပျောက်သော် ဒါန၊ သီလ၊ ဘာ၀နာ သုံးခုပေါင်း၍ရှာ'

ဆိုသည့်စကားကိုရင်း။

'ပြည်ကိုမသိ တင်းမရှိ၊ ပြည်ကိုလည်းသိ တင်းလည်းရှိ၊ စားစရာ၊
အမေပါသည်ဆန်တခွဲ၊ သုံးစိတ်နှင့် မလဲ။'

ဆိုသည့်စကားကိုဝ်း အသစ်တီထွင်လေသည်၊ ယင်းစကားအရ သုံးစိတ် ဆိုသည်မှာ ကာမစိတ်, ရူပစိတ်, အရူပစိတ် ဤစိတ်သည် တင်းမပြည့်၊ အမေပါသောဆန်တခွဲ ဆိုသည်မှာ ၈ ပြည်ဖြစ်၍ သုံးစိတ်နှင့်မလဲ ဟု အဓိပ္ပာယ်ရ၏၊ မဂ္ဂင်တရားကိုယ် ၈ - ပါးကို အမေပါရင်းဆန် ဆိုလိုသည်၊ ပရိယတ်ပဋိပတ် နှစ်ဌာနစပ်သော် ၁၆ - ပြည် ဖြစ်၍ တင်းပြည့်သည်' ဟု ဆိုလိုပါသည်၊ ထို့ပြင် ပဟေဠိစကားမျိုးလည်း ဆိုထားပြန်၏။

'ပါရမီဆယ်ပါး၊ အပြားသုံးဆယ်၊ အမေမှန်မှ၊ ဘသားတရား ရှေ့ထား၊ ဘုရားရှေ့တည်၊ ဉာဏ်ချယ်လယ်မှ၊ ဗုဒ္ဓလိုအင်ဆန္ဒ ပြည့်စုံရ၏'

စကားနှင့်တရား၊ ခွဲခြားသိထွေ၊ ဉာဏ်ကဝေ၊ စာပေကိုသင်၊ လိုချင်သူတတ်လာလိမ့်၊ အဓိပ္ပာယ်စမ်းကာမှ ကဏ်းမှန်းသိရသည်၊ အဓိပ္ပာယ်ရှင်းကာမှ ဖျင်းမှန်းသိရသည်၊ အဓိပ္ပာယ်နှိုက်ကာမှ မိုက်မှန်းသိရသည်။'

နေလျှင် ၆- ချက်-သေလျှင် ၆-ချက် ရှောင်တိမ်းမထွက်ပုံကိုလည်း အောက်ပါအတိုင်း ဖော်ပြလိုပါသည်။

နေလျှင် ၆ - ချက်

၁ - အဘိုးမထိုက်သော ကိလေသာ အခွာရခက်သည်။
၂ - မထင်ရှားသော ကြိုးဆယ်စင်း အဖြေရခက်သည်။
၃ - အခိုးမထွက်သော ရာဂမီး ၁၁ - သီး အငြိမ်းရခက်သည်။
၄ - မဝေးသော နိဗ္ဗာန်ခရီး အသွားရခက်သည်။
၅ - အရှင်မရှိသော ဥစ္စာ အရှာရခက်သည်။
၆ - ကိုယ်ဝန်ဆောင် ယောကျ်ား အဖွားရခက်သည်။

သေလျှင် ၆ - ချက်

၁ - အစားအသောက် မည်မျှစားနိုင်သည် ဆိုစေကာမူ အပြီးသတ်ဝတ်၍ သေပါလိမ့်မည်။
၂ - ဥစ္စာပစ္စည်း မည်မျှ ချမ်းသာသည် ဆိုစေကာမူ မွဲ၍ သေပါလိမ့်မည်။
၃ - ဆဒ္ဒန်ဆင် ခွန်အား မည်မျှကောင်းသည် ဆိုစေကာမူ အားကုန်၍ သေပါလိမ့်မည်။
၄ - စကားပြော မည်မျှ ကောင်းသည် ဆိုစေကာမူ အ,၍ သေပါလိမ့်မည်။
၅ - နတ်မမှီ လှုမမျှ လှပသည် ဆိုစေကာမူ အရုပ်ဆိုး၍ သေပါလိမ့်မည်။
၆ - စုံမက် ချစ်ခင်သူ များသည်ဆိုစေကာမူ အမုန်းခံ၍ သေရပါလိမ့်မည်။

ဤသို့ဖြင့် ဆရာတော်ကြီး၏ ထူးဆန်းသော စကားဆန်းများ ကိုလည်း တ်သားထိုက်လှပါသည်။

ဒုလ္လဘ ၈ - ပါး

ဆရာတော်ကြီးသည် ဆန်းသစ်သော နည်းများဖြင့် တိတွင်၍လည်း ရေးသားတတ်သေးသည်၊ ဘုရားရှင် ဟောကြားတော်မူခဲ့သော ဒုလ္လဘမှာ ပါးပါးရှိသည်။

လူအဖြစ်ကို ရခဲခြင်း၊
ဘုရားအဖြစ်ကို ရခဲခြင်း၊
ကံ - ကံ၏အကျိုးကို သက်ဝင်ယုံကြည်ရာ၌ ရခဲခြင်း၊
ရှင် ရဟန်းအဖြစ်ကို ရခဲခြင်းများဖြစ်၍၊

ထို့ထက် လောကုတ္တရာ ကိုးပါးနှင့် စပ်သောတရားများကို ဟောကြား တတ်သော သူတော်ကောင်းတရား ကြားနာရခဲခြင်း ဟူ၍ ရှိလေသည်။

ရနိုင် ဖြစ်နိုင်ခဲသော ယင်း ဒုလ္လဘတရား ငါးပါးတို့သာ မဟုတ်သေး၊ ထိုဒုလ္လဘတရားနှင့် အလားတူ ဒုလ္လဘမျိုးလည်းရှိကြောင်းကို သာသနသုဒ္ဓိ ပဋိပတ္တိလင်္ကာရ ကျမ်း၌ ဖော်ပြထားသည်။

ယင်း ရနိုင်ခဲသော ဒုလ္လဘတရားတို့မှာ - ပေးကမ်းချီးမြှောက် ထောက်ပံ့ တတ်သော အလေ့ရှိသည့် ပုဗ္ဗကာရီပုဂ္ဂိုလ်၊ တလုပ်ပေးဘူး သူ့ကျေးဇူးကို အထူးသိတတ်သော ကတညုတာ ပုဂ္ဂိုလ်နှင့် တပုဒ်ဟောဘူး, တသုတ် ဟောဘူး, တဂါထာ ဟောဘူး, သူ့ကျေးဇူးကို အထူးသဖြင့် တရား၏ ဂုဏ်ကျေးဇူးတို့ကို ပြဆိုတတ်သော ကတဝေဒီ ဤ ပုဂ္ဂိုလ် သုံးမျိုးလည်း ဒုလ္လဘအဖြစ် ထည့်သွင်းထားလေသည်။

ဒုလ္လဘငါးပါးသာ မကသေးပါ၊ ဖော်ပြပါ ပုဂ္ဂိုလ် သုံးမျိုးလည်း ဒုလ္လဘဖြစ်သဖြင့် ဒုလ္လဘ ၈ - မျိုးဖြစ်သင့်ကြောင်းကို ဆိုထားလေသည်။

ဆရာတော်ကြီးသည် မိမိဆရာရင်းတဆူဖြစ်သော သင်္ဂဇာ ဆရာတော်ကြီး ထံမှ ဘင်္ဂလီ၊ နာဂရီ၊ သက္ကဋ စသော ဘာသန္တရ စာပေတို့ကို လေ့လာ သင်ယူခဲ့သည်ဖြစ်၍ ယင်း ဘာသန္တရ စာပေတို့ကိုလည်း ကျမ်းကျင်ပြောင် မြောက်စွာ တတ်ကျွမ်းခဲ့သည်။

ပရမတ္ထဗြူဟာ (ပရမ္ဘတ္ထာဗြူဟာ) ကျမ်းသည် စင်စစ်အားဖြင့် သက္ကတ စာပေတို့မှ ကောင်းနိုးရာ အနှစ်သာရများ ထုတ်ယူလျက် ပါဠိ, မြန်မာ ပြန်ဆိုထားသော ကျမ်းတစောင် ဖြစ်သည်၊ ဆရာတော်၏ ရင့်သန်သော ပါဠိ နိရုတ္တိဉာဏ်ကို အကဲဖြတ်ရန် ဖြစ်သည်။

စာသင်ပေးသော ဆရာတို့အား တပည့်ဖြစ်သူများက ပဏာမ မူရသည့် ဂါထာတပုဒ်ကိုလည်း ဤသမိုင်း၌ ဖော်ပြလိုပါသေးသည်။

'ဣဂ္ဃ၂ ဝန် တိမြိရံ ဒိသျို၊ ဂျာန်ဂျော်နော်၊
ဆလာကော်ရာဇီကွျူရံ ဥမြိလိတံ။
ဂျေနော်ဒသျှမေ၊ ဆီရိဂုရုဗျေ၊
နော်မော်၊ နော်မော်။'

အနက်—၊တိမြိရံ၊ အမိုက်အတိ ဖုံးလွှမ်းသော။ ဝါ— စားခြင်း, အိပ်ခြင်း, မေထုန်မှီဝဲခြင်း သုံးပါးအားဖြင့် ဖုံးလွှမ်းသော။ ဣဂ္ဃ၂ ဝန်၊ မောဟ အဝိဇ္ဇာ တိမ်သလာ လွှမ်းမိုး၍ အကောင်းအဆိုးမျှ မသိနိုင် မမြင်နိုင်သော အကျွန်ုပ်တို့ကို။ ဂျာန်ဂျော်နော်၊ အသိဉာဏ် ပညာ ပေါ်ပါစေခြင်း အကျိုးငှာ။ ဆလာကော်ရာ၊ အသိဉာဏ် ခြောက်ပါးနှင့် တူသော မျက်စဉ်းတံဖြင့်။ ဒိသျို၊ ထုတ်ခြင်းသျှီး ထိုးဖောက်၍။ ဇီကွျူရံ၊ ဒိဗ္ဗစက္ခု ဉာဏ်မျက်စိကို။ ဥမြိလိတံ၊ ပွင့်စေတတ်သော။ ဆီရိဂုရု၊ ကျောက်ထီးအတူ အလေးမူအပ်သော ဆရာဘုရားကို။ ဂျေနော်ဒသျှမေ၊ လက်ဆယ်ချောင်းဖြင့်။ နော်မော်၊ အကျွန်ုပ်သည်။ ဗျေ၊ နေ့တိုင်းနေ့တိုင်း။ နော်မော်၊ ထိခြင်းငါးပါးတို့ဖြင့် ရှိခိုးကန်တော့ပါ၏။

ဗျဥ္ဇိ သဒ္ဒါကျမ်း

ထို့ပြင် ဆရာတော်ရေးသားသော ဗျဥ္ဇိသဒ္ဒါကျမ်းကို ဖတ်ရှု လေ့လာပါလျှင် ဆရာတော်၏ ထူးဆန်းသော အတွေးအခေါ် အယူအဆ များကို အကဲ ဖြတ်နိုင်လောက်ပေသည်။

ထိုကျမ်းကို ၁၂၄၄ ·ခုနှစ်က ပြုစုခဲ့သည်ဟု သိရသည်၊ ထို ဗျဥ္ဇိကျမ်း ပြုစုစီရင်ခြင်း အကြောင်းကို အောက်ပါအတိုင်း စကားခံလေသည်။

' ဗျဥ္ဇိကျမ်း ပြုစုစီရင်ခြင်းသည် စာပေ ပိဋက အမှတ်အသား ဘုရား နှုတ်ခပါဠိ ပါဠိတော် အက္ခရာများကို ဗုဒ္ဓမတည့ အရှင်

ဗုဒ္ဓဃောသ မထေရ်မြတ်တို့က မဇ္ဈိမတိုက် သီဟိုဠ်ကျွန်း (ယခု သီရိ လင်္ကာနိုင်ငံ) မှ ယူဆောင်ကြလေသည်။

ထိုအက္ခရာများကို သင်ကြား ဖတ်ရွတ်ကြရ၏၊ သို့ရာတွင် မူလသရ, ဗျည်းသက်သက်ကို နှုတ်မတက်နိုင်ကြချေ၊ ယင်းသို့ ဖြစ်ခြင်းမှာ မဇ္ဈိမဒေသမှအပ ပစ္စန္တရာဇ်ဟူသမျှကို မလိနညာဏ, အက္ခနဝါစီ, မနောဝဂ် ဒုဗ္ဗဇ္ဇဥာနီ ဟူသော ဤအပြစ် လေးပါးရှိကြောင်း အမရ ကောသ သဒ္ဒမုတ္တာဝလီ စသော အဘိဓာန် ကျမ်းစာအရ လျှာကို မနိုင် ဌာန်ကိုမပိုင် ကရိုဏ်းကို မတည်တံ့နိုင်၍ မူလအက္ခရာ ဝိသောဓနဝိနိစ္ဆယ ပကာသနီ မည်သော အက္ခရာ သဒ္ဒါကျမ်းကို ရေးသားရသည်'

ဟု ဖော်ပြထားလေသည်၊ ကကြီး, ခကွေး စသော အက္ခရာတို့၏ မူလဖြစ် ပေါ်လာပုံ အခြင်းအရာတို့ကိုလည်း အကျယ် ဝေဖန်ထားခြင်းမှာ များစွာ ဗဟုသုတ ရနိုင်လေသည်။

ဗျဉ္ဇနီကျမ်းသည် 'မံသညာဏသန်ါတေဟိ ဒွိဟိစက္ခူဟိ ဗျဉ္ဇနိယတေတိ ဗျဉ္ဇနီ ဟု ဝိဂ္ဂိုဟ်ပြုလျက် မံသစက္ခု, ပညာစက္ခုဟုဆိုအပ်သော ဘင်္ဂလီမျက်စိ ကလာပ် မျက်စိနှစ်ပါးတို့ဖြင့် ကြည့်ရှု၍ ပြဆိုအပ်သောကျမ်းဟု ဆိုလေသည်။

ဆရာတော်ကြီးသည် စာပေ ရေးသား စီရင်ရာ၌ အလွန် စေ့စပ်သလောက် ဟောပြော ကြံဆရာ၌လည်း သေချာလှသည်၊ ဆန်းသစ်သော စကားလုံး များ တီထွင်ရေးသားတတ်သည်၊ ဟောလည်း ဟောတတ်လေသည်၊ ထို့ ကြောင့် ဆရာတော်ကြီး၏ အယူအဆ အတွေးအခေါ်များကို အချို့တို့က လက်ခံနိုင်ခြင်းမရှိဟု သိရလေသည်။

ဆရာတော်ကြီး ပျံလွန်တော်မမူမီ အရပ်ရပ်မှ လျှောက်ထား၍ ဆုံးဖြတ် အပ်သော ဝိနိစ္ဆယစာတမ်းငယ်များလည်း ပုံနှိပ်ခြင်း မရှိခဲ့သေးကြောင်းကို လည်း ထင်ရှားပါသည်။

ဥပမာ—ကြေးမြှင်မိဖုရား တောင်းပန်၍ ရေးသားသော ဥဘတောပက္ခ ဒိဋ္ဌိဝိသောဓနစာတမ်း၊ ကလာပဝိစာရဏ စာတမ်း၊ ကလာပဗျဉ္ဇနီစာတမ်း ဂေါ်တြဘူဝိဝေဒစာတမ်းနှင့် ပရမေသူရာ စာတမ်းများဖြစ်သည်။

ငြ်င်းထက်မင်းသမီး နှင့် ထိပ်စုကြီးမင်းသမီးတို့က တောင်းပန် လျှောက်ထား၍ ရေးသားသော လောကပ်ဗ္ဗာစသော စာတမ်းငယ်ကျမ်းများလည်း ရှိလေသေးသည်။

တွဲတေးမြို့ အမိန့်တော်ရ ဦးရင်မောင် လျှောက်ထား၍ အမိ အဘတို့၏ အရိုးအိုးကို စေတီတည်ထိုက် မတည်ထိုက်အကြောင်း ဆုံးဖြတ်ထားသည့် စာ ၀မ်းကို ကူမ်းခြံကုန်းမြို့ ပါရမီစံကျောင်းတိုက်မှ ရရှိလေသည်၊ ယင်းစာတမ်းကို ပုရပိုက်ဖြင့် အဆင့်ဆင့် ကူးယူထားကြလေသည်၊ ဆရာတော်၏ ယင်းဆုံးဖြတ်ချက်မူကို ဤသမိုင်းတွင်ဖော်ပြသင့်သည် ဟု ယူဆမိပေသည်။

အရိုးအိုးစေတီ တည်ထိုက်သလော

'သတ္တဝါတို့ သေဆုံးကျန်ရှိရစ်သော ရုပ်ကလာပ်ဥတုဇကို လှပတင့်တယ်စွာ ဂူသွင်းခြင်း, အရိုးအိုးတည်ခြင်းမှစ၍ အမှတ်အသားပြုထိုက် မပြုထိုက်၊ ၎င်းအရိုးအိုးအမှတ် စေတီ ပုထိုး, အရိုးအိုးစေတီ တည်ထိုက်မတည်ထိုက်ခြင်း နှစ်ပါးကို တွဲတေးမြို့နေ အမိန့်တော်ရရှေ့နေ မောင်ရင်မောင်ကို ပြေဆိုလိုက်သောလက်ခံစကား။

စေတီထိုက်, မထိုက်ဆိုသောစကားသည် စတုသစ္စ ဝိနိမုတ္တော၊ ဓမ္မောနာမနတ္ထိ ဓမ္မောပဒေသ ပါဠိလာရှိသည်နှင့်အညီ သစ္စာလေးပါး စကားတရားမှလွတ်သော တရားစကားမည်သည် မရှိ၊ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေးသုံးပါးမှလွတ်သော သင်္ခါရဘရားမည်သည် မရှိ ဖြစ်၍ ဘုရားပညတ်တော်မူသော လောကဝဇ္ဇသိက္ခာပုဒ် ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ် နှင့် ယှဉ်သောစကား တရားချိုးဖြစ်သည်။

သာသနာတော်ထမ်း ရဟန်းသာမဏေတို့မှာ အကပ္ပိယဝေါဟာရဖြင့် စေတီပုထိုးတည်ခြင်း, ကျောင်းကန်တန်ဆောင်းဆောက်လုပ်ခြင်း, ရေတွင်းရေကန်တူးခြင်း, ဥယျာဉ်ပန်းမာလ်စိုက်ပျိုးခြင်း, အရောင်းအဝယ် လယ်ယာလုပ်ခြင်းစသည်တို့ကို သမဏ သာရုပ္ပမရှိခြင်းကြောင့် မပြုမလုပ်ကြစေနှင့် ဟု ပညတ်တော်မူခြင်း။

လူသား ဆင်သား မြင်းသား ခွေးသား ကျားသား ကျားသစ်သား ဝံသား အောင်းသား ဥဒိဿကမံသဟင်းမျိုးကို မစားအပ် ဟု ပညတ်ဘော်မူခြင်း၊ ထန်းသီး အုန်းသီး တောင်ပိန္နဲသီးအပျော့, အမာ သခွားအေပ် သခွားကြောင် ၎င်းသီးကြီးကိုပါးကို ဖျော်ရည်လုပ်၍

မသောက်ကောင်း ဤသို့စသည်ဖြင့် ပညတ်တော်မူခြင်း၊ ဘောဇဉ်ငါးပါး ခဲဘွယ်များကို မွန်းလွှဲသောအခါ မစားအပ် ဟု ပညတ်တော်မူခြင်း။

ယာဝကာလိကမှတပါး ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝကကာလိကမှတပါး ယာမကာလိက သတ္တာဟကာလိက ယာဝဇီဝက ကာလိကဝိမုတ်များမှာ မွန်းလွှဲဖြစ်စေ မွန်းမလွှဲသည်ဖြစ်စေ 'သတိပစ္စယေ ဝိကာလေ ကာလိကတ္တယံကပ္ပတိ' အကြောင်းနှစ်ပါးရှိက သုံးဆောင်အပ်၏ဟု ပညတ်တော်မူခြင်း။

အကြောင်းနှစ်ပါးဆိုသည်မှာ သပ္ပစ္စယ အကြောင်း, အပ္ပစ္စယ အကြောင်း, ဂိလာနအကြောင်း မမာမဆာအကြောင်း မာမာဆာဆာ ဝမ်းခေါင်းတင်းလင်းအကြောင်း ဤအကြောင်းနှစ်ပါးကို သိပါလေဟု ဝဇီရဗုဒ္ဓိဋီကာအရှင် ဆုံးဖြတ်တော်မူခြင်းသည် ရဟန်း, သာမဏေတို့နှင့်သာ ဆိုင်၏၊ သိက္ခာမတင် သိမ်မဝင် လူစင်မမြောက် မြားမနောက်ခွေးဖြစ်သော လူပုဂ္ဂိုလ်တို့နှင့်မဆိုင်။

'သိသာသိစေ မမြင်စေနှင့်၊ မူတင်နင်တဘက်ထွက်' ဆိုသောသိက္ခာပုဒ်ပရိဘာသာစကားသည် ဝတ္ထုကာမ, ကိလေသာကာမ မင်းကျင့်တရား ၁၀-ပါး မင်းဘဏ္ဍာဆယ်ဆတက်မျိုးဖြစ်၍ မေဘုန်မှိုဝဲကြသောအခါ၌လည်း သိလျှင်သာသိပစေ မမြင်စေနှင့်၊ စတင်ဆောက်တည်သောအခါ၌လည်း သိလျှင်သာသိပစေ မမြင်စေနှင့်၊ ဤသို့သော စာရိတ္တဝါရိတ္တ အပါဒါန်ကိစ္စများသည် ရဟန်းရှင်လူနှစ်ပါးနှင့်ပင် ဆက်ဆံ၏။

ထို့ကြောင့် စေတီပုထိုး အရိုးအိုး အရိုးကောက် အမျိုးအလျောက် ပြုလုပ်ကြသောစကားများမှာ မပြုထိုက် ပြုထိုက်ယူ၍ ရွေးချယ်စီစစ်စရာမရှိ။

ဥပမာကား — တောင်ငူငါး၌ာနစာအုပ်တွင် မနုဿလူဗိုလ် ကုသိုလ်ကြောင့်ဖြစ် မဖြစ်ဟု သံသယကိစ္စမဖြစ်သင့်သောကိစ္စကို ဟုတ္တိပတ္တိမျက်နှာထိ မျက်နှာထားနှင့် စကားဆိုသကဲ့သို့ ထိုမြို့ပမာ ငါတပည့် ငါတကာတို့ သေချာစွာ စာတိုက်တွင် မပြုထိုက် ပြုထိုက် ဆရာတော်ကို လျှောက်လိုက်သောကိစ္စမှာ ရွေးချယ်စီစစ်စရာ အကြောင်းမရှိ၊ ရွေးချယ်စီစစ်၍လည်း အကျိုးမရှိ၊ အကျိုးရှိသောအရာမှာ....

'မာတာပိတု ဥပဋ္ဌာနံ ပုတ္တဒါရဿသင်္ဂဟော' ဤမင်္ဂလာသုတ်ကို ထောက်သဖြင့် သားသမီးတို့ကျင့်ရာ ဝတ်ငါးပါးရှိသည့်အတိုင်း အဓမ္မိကကာမဒါန အပုညကြိယာသင်္ခါရဝတ္ထု မပါစေဘဲ အမြဲရှောင်ကြဉ်လျက်

ဥစ္စာအင်ခွင်ကိုတိုင်းထွာ၍ လျော်ကန်စွာ သင်္ဂြိုဟ်ချီးမြှောက် ဘောက်ပံ့သင့်ကြောင်းများကို စာပေးမှာကြား အမိန့်ရှိလိုက်သည်။

သဒ္ဒါ ဟနတိ ခန့်ကိုလည်းသတိပြု ဘုံအိမ်မှုကပေ့ဘတ်သည်။'

ကမ္ဘာကျွန်းလည်း ဥဒါန်းမကြေ

ဆရာတော်ကြီးကား ဤသာသနာတော်တွင် ဂိုဏ်းသီးခြား တည်ထောင်နိုင်သည့် ပုဂ္ဂိုလ်ကျော်တပါးလည်း ဖြစ်လေသည်၊ ယင်းပုဂ္ဂိုလ်ကျော်၏ အကြောင်းအရာများကို ထုတ်ဖော်ပြဆိုလျှင် ကုန်ဆုံးဘွယ်ရာလမ်းမမြင်မိပါ၊ ပြည့်စုံနိုင်မည်လည်း မဟုတ်ပါ၊ ပြည့်စုံတန်သလောက် ပြည့်စုံစွာ ဖော်ပြရိုက်ရခြင်းဖြင့် စာဖတ်သူတို့ ကျေနပ်သင့်ပေပြီ။

တဆူသောဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်များကို တဆူသောဘုရားရှင်သည် အာယုကပ်ပတ်လုံး ထုတ်ဖော်ဟောကြားနေသော်လည်း ထိုကျေးဇူးတော်ဂုဏ်တို့မှာ မကုန်ဆုံးနိုင်ဟုပြဆိုသော—

'ဗုဒ္ဓေါပိ ဗုဒ္ဓဿ ဘဏေယျဝဏ္ဏံ'

ဆိုသကဲ့သို့ဖြစ်လေသည်၊ ဆရာတော်ကြီးနှင့်တူသော ပါရမီဉာဏ် ရင့်သန်ကြီးမားတော်မူကြသော ဆရာတော်ကြီးများပင် ကျေးဇူးဂုဏ်သတင်းကို ဘယ်သို့လျှင် ကုန်ဆုံးအောင်ထုတ်ဖော်နိုင်ကြအံ့နည်း။

ဆရာတော်ကြီး၏ ကျေးဇူးဂုဏ်သတင်း ကျော်စောနေခြင်းကား ကမ္ဘာပတ်လုံး တည်မည်သာ ဖြစ်ပါလေသတည်း။

'အရှည်မကြာ၊ ဤခန္ဓာကား၊ တရားအနှစ်၊ ကိုယ်၌ဖြစ်သား ပြန်စစ်နိုင်းလျော်၊ ကျေးဇူးတော်မူ...။

ကျူးကျော်ကုန်ခန်း၊ ကမ္ဘာကျွန်းလည်း ဥဒါန်းမကြေ၊ လူမြေနယ်ရပ်၊ ပဲ့ဘော်ထပ်လိမ့်'။'

(ဓိရှုရမျိ)

\+ \+ \+

ဒုတိယခေတ် စတုဘုမ္မိက သာသနာဝင်

ကျေးဇူးရှင် ငှက်တွင်းဆရာတော်ကြီးသည် စစ်ကိုင်းမင်းဝံတောင်တန်း၌ ၁၅ နှစ်ကြာမျှ တရားအားထုတ် နေခဲ့ရာ ၁၂၅၀ ပြည့်မှ စဘင်လျက် မြို့နယ်အနှံ့အပြား ဒေသစာရီ ကြွရောက် သာသနာပြုလေသည်။

ယင်းသို့ သာသနာပြုခဲ့ရာ ၁၂၅၀-ပြည့်နှစ်မှ စတင်၍ ၁၂၇၀-ပြည့် နှစ်သို့ရောက်သည်အထိ နှစ်ပေါင်း ၂၀ ကာလ အတွင်း၌ စတုဘုမ္မိက သာသနာပြုရာ ပထမ ခေတ်ပိုင်းအဖြစ် သတ်မှတ်ကြလေသည်၊ ဆရာတော်ကြီးလက်ထက်မှာ သတ်မှတ်ထားသော သနာပြု ခေတ်ပိုင်း ကုန်လေပြီဟု ဆိုဖွယ်ရှိလေသည်။

ထိုမှနောက် စတုဘုမ္မိက သာသနာပြုရာ ဒုတိယခေတ်ပိုင်းသို့ ရောက်လေသည်၊ ဆရာတော်ကြီး၏ အန္တိမစျာပန အခမ်းအနား ပြီးဆုံး၍ အစည်းအဝေး ဆက်လက်ပြုလုပ်လျက် ဒုတိယခေတ် ပြန်လည် ဖေါ်ထုတ်ရန် စိုင်းပြင်းကြလေသည်။

ထိုအစည်းအဝေး၌ ဆရာတော်ကြီး၏ တပည့် သံဃာတော် အပေါင်း ၂၀၀ ကျော် တက်ရောက်သည်၊ လူပရိသတ်လည်းစုံညီလေသည်၊ ဆရာတော်ကြီး၏ ညာလက်ရုံး အလား အားထား လောက်သော တပည့် ကြီးများ, မေ့ကထိက ပုဂ္ဂိုလ်ကျော်များလည်း ပါဝင်လေသည်။

ဂိုဏ်းတိုးတက်ပြန့်ပွားရေးနှင့် သာသနာတော် ပွင့်ထွန်း စည်ပင်ရေးအတွက် ဒ. ထူးအားထားလောက်သော တပည့်ကြီး ၃-ပါးရှိ၏၊ ထို ၃-ပါးတို့မှာ ကွမ်းခြံကုန်းမြို့ ဆရာတော် ဦးဇောတာဘိဇ, ရေစကြိုမြို့ ဦးသောမနှင့် ဘောက်ထော် ဦးအရိယဝံသတို့ ဖြစ်သည်။

ယင်း ဆရာတော်ကြီး သုံးပါးတို့ကား– စတုဘုမ္မိက ဂိုဏ်း သံဃာတွင် မဟာထေရ်ကြီးများ ဖြစ်သည်၊ စာပေပိဋကပ ပရိယတ် စသော ဗဟုသုတ ဂုဏ်အင်္ဂါနှင့်လည်း ပြည့်စုံ ကြွယ်ဝတော် မူကြသည်၊ ဤဂိုဏ်း၏ ကျင့်စဉ် လုပ်ငန်းများနှင့် ဟောပြော ပြသနည်းများကိုလည်း ကျွမ်းကျင်ကြသည်၊ ပျံလွန်တော်မူသော ပထမ ငုက်တွင်း ဆရာတော်ကြီး၏ လက်ကျ ကျင့်ကြံနည်းများ ရရှိတော်မူကြသည့် တပည့်ရင်းကြီးများလည်း ဖြစ်သည်။

အနာဂတ် စတုဘုမ္မိက ဂိုဏ်း ကြီးပွား တိုးတက်မှု အတွက် ဂိုဏ်းဦးစီး ရွေးချယ်ကြရမည်ဖြစ်ရာ ဖေါ်ပြခဲ့သော မဟာထေရ်ကြီး သုံးပါး အနက် တပါးပါးကို ဂိုဏ်း ဦးစီး ရွေးချယ် တင်မြှောက် ကြရပေမည်။

စင်စစ်အားဖြင့် ပုဂ္ဂိုလ် တဦးဦး၏ အကျင့် သီလ ရှိသည်, မရှိသည်ကို ထိုပုဂ္ဂိုလ်အား မှီဝဲဆည်းကပ်မှသာလျှင် သိနိုင်ကြရပေလိမ့်မည်၊ စိတ်နှလုံး ဖြူစင်ဖြောင့်မတ်မှု ရှိ, မရှိကိုလည်း စကားနီးနှောပြောဆိုမှ သာလျှင် သိနိုင်

ကြရပေမည်၊ စွမ်းအင်သတ္တိ ရှိ, မရှိကိုလည်း ကြီးလေးသောတာဝန် ကျရောက်လာမှသာလျှင် စွမ်းအင်များကို သိနိုင်ကြပေလိမ့်မည်၊ ပညာဉာဏ်ရည် ပါရမီ ရှိ, မရှိကိုလည်း ဆွေးနွေး မေးမြန်း လေ့လာစုံစမ်းမှသာလျှင် သိနိုင်ကြပေမည် ဖြစ်ကြောင်း အင်္ဂုတ္တရနိကာယ် ပါဠိတော်၌ မြွက်ကြားထားတော်မူခဲ့သည်။

ယင်းကျမ်းလာအတိုင်း ဤဆရာတော်ကြီး သုံးပါးတို့ကား ပရိယတ်အရာ၌ရှင်း ပဋိပတ် အရာ၌ရှင်း တူညီတော်မူကြသော သမာနာစရိယ (ဆရာတူတပည့်) တပည့်ကြီးများလည်း ဖြစ်သည်။

ဤဆရာတော်ကြီး သုံးပါးတို့မှာ အချင်းချင်း အကျင့်သီလ တူမျှစွာ ကြာရှည်လေးမြင့် ပေါင်းသင်းတော်မူခဲ့ကြသည့် အဇ္ဈတ္တကွာယိဒဋ္ဌိမိတ္တသမဂ္ဂ သီတင်းသုံးဖော်များ ဖြစ်တော်မူသည်။

စိတ်နှလုံး ဖြူစင် ဖြောင့်မတ်တော်မူကြခြင်းကိုလည်း အချင်းချင်း သိတော်မူကြသည်၊ စွမ်းအင် သတ္တိ ဂုဏ်ရည်ရှိ,မရှိကိုလည်း ကျရောက်လာသော တာဝန်ကြီးများနှင့် တွေ့ကြုံရင်ဆိုင်တိုင်း အချင်းချင်း သိတော်မူကြသည်၊ ပညာဉာဏ်ရည် ပါရမီစွမ်းအင်ကိုလည်း အချင်းချင်း ဆွေးနွေးကြပြီး ဖြစ်၍ ပုဂ္ဂိုလ်တဦး၏ အကြောင်းအရာများကို ကောင်းစွာ သိတော်မူကြသည်။

> ' သူခ ပွားကြောင်း၊ ကောင်းသည့်တရား၊ သင်ကြားမပျက်၊ အဇ္ဈတ္တကွာယိ၊ ခင်ပွန်းပီလျက်၊ အချီအယ၊ အထိန်းစသည့်၊ သိပ္ပတတ်ပွန်၊ ဆရာမှန်ကို၊ တန်ခွန်တစင်း၊ မှန်ကင်းတဆူ၊ ဆင်ဖြူတစီး ခုံကြီးတည်ပ.... '

စသော ကိုးခန်းပျို့ လာအတိုင်း ဆရာတော်ကြီး သုံးပါးတို့ အချင်းချင်း ဘုရားတဆူကဲ့သို့ ဂူပုထိုးကဲ့သို့ မြတ်နိုးကြည်ညိုတော်မူကြသည်၊ အချင်းချင်း လေးစားတော်မူကြသည်၊ ဆရာတော်ကြီးများ အချင်းချင်း လေးစားတော်မူကြသဖြင့် ဆရာတော်တပါး၏ လိုအင်ဆန္ဒကို ဆရာတော်တပါးက —

' မဝမ်းမကော သူသဘောနှင့် လိုက်လျောညီထွေ ' ကျင့်တော်မူကြသေသည်၊ ထိုသုံးပါးအနက် ကွမ်းခြံကုန်း ဆရာတော်ကား ဂိုဏ်း၏မဟာထေရ် **အကြီး**ဆုံး ဖြစ်သည်၊ ထို့ကြောင့် ကွမ်းခြံကုန်း ဆရာတော်ကြီးအား စတုဘုမ္မိကဂိုဏ်း ဦးစီးဥသျှောင် ခေါင်းဆောင် အဖြစ် (ဂဏာဓိပတိ) တင်**မြှောက်**တော်မူကြခြင်း ဖြစ်သည်။

ဂဏာဓိပတိ ကွမ်းခြံကုန်း ဆရာတော်ကြီးကလည်း ဂိုဏ်း၏ကြီးပွား တိုးတက်ရေးအတွက် မဟာထေရ်ကြီးများ ဖြစ်ကြသော ရေစကြို ဦးသောမ နှင့် ဘောက်ထော် ဦးအရိယဝံသတို့အား မိမိနှင့်အတူ တွဲဘက်၍ အုပ်ချုပ်ရန် အမိန့်ရှိရာ ဂိုဏ်းသံဃာများကလည်း ဆန္ဒပေးတော်မူကြသည်။

ကွမ်းခြံကုန်း ဆရာတော်သည် စည်းဝေးရာ သံဃာ့ လူပရိသတ် အစုံ အညီတွင် ပုံလွှန်တော်မူသော ကျေးဇူးရှင် ဆရာတော်ကြီး၏ ကျေးဇူးဂုဏ် သတင်းများကို အကျယ်တဝင့် ရှင်းလင်း မိန့်ကြားလေသည်၊ အနာဂတ် စတုဘုမ္မိသာသနာ ကျယ်ပြန့်စွာ တည်တန့် မြင့်မားရေး ကိုလည်း ယင်း အစည်းအဝေး၌ မိန့်ကြားလေသည်။

ဤဂိုဏ်း၏ ဒုတိယခေတ် သာသနာပြုရာ ကာလကို ပိုင်းခြားရမည် ဆိုလျှင် ၁၂၇၀ ပြည့်မှ ၁၂၉၀ ပြည့် ကြားကာလ နှစ် ၂၀ ကို သတ်မှတ်ရမည် ဖြစ်သည်။

ဒုတိယ ခေတ်ဦးမှစ၍ ဂိုဏ်းကြီး၏ ဦးစီးခေါင်းဆောင် ဆရာတော်ကြီး မှာ ကွမ်းခြံကုန်းဆရာတော် ဖြစ်ရပေသည်၊ ယင်းဆရာတော်ကြီးနှင့် အတူ အနုနာယကအဖြစ် ရေစကြို နှင့် ဘောက်ထော် ဆရာတော်ကြီးများအပြင် စတုဘုမ္မိက ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ပုဂ္ဂိုလ်ကျော်တို့မှာ သံဃာ လူ ဓမ္မ ကထိကများ ထိုခေတ်က များစွာရှိခဲ့လေသည်။

တော်ကမယ် ဦးသုမန, ပြည် ရှမ်းဦးသုမန, သံလိုက် ဦးသုမန သုံးပါး ပုဂ္ဂိုလ်ကျော် သုံးပါး, သဲယုတ် ငါးကျမ်းပြန် ဦးနန္ဒမာလာ, မော်လမြိုင် ဦးတေဇဝန္တ, ကျိုက်လတ် ဦးဣန္ဒာစရိယ, ကျုံခတွင်း ဦးနာဂိန္ဒ, မစိုးရိမ် ဦးပညာသီဟ, ကြို့ပင်ကောက် ဦးသုဇာတ, ပြည်ဦးသုဇာတ စသည်များ။

လူပိုင်းဆိုင်ရာ ဓမ္မကထိကများအနက် ရွှေဘို ပြာသာဒ် ဒကာကြီး ဦးစိုး ဂေါင် နှင့် မအူပင်မြို့မှ အမိန့်တော်ရကြီး ဦးဘခင်တို့မှာ စတုဘုမ္မိကဂိုဏ်း၏ အထင်ရှားဆုံး ပုဂ္ဂိုလ်ကြီးများဖြစ်သည်။

ယင်းဓမ္မကထိက ပုဂ္ဂိုလ်များတွင် အချို့မှာ ဂိုဏ်းတပါးမှ ဝင်ရောက်၍ ဆရာတော်ကြီး၏ ကျင့်စဉ် စတုဘုမ္မိက မဂ္ဂင် အရိယာလမ်းစဉ် တရားတို့ကို အလွန်ကျေနပ်ခြင်း ရှိကြသဖြင့် တရာတော်ကြီး၏ တပည့် ခံယူလာကြလေ သည်၊ ဤဓမ္မကထိကများသည် လောကီ လောကုတ္တရာ ပညာဗဟုသုတနှင့် ကြွယ်ဝပြည့်စုံကြသည်ဖြစ်၍ ယင်းဂိုဏ်းကြီးပွားရာ ကြီးပွားကြောင်း သာ သနာပြုရာ၌ များစွာတွင်ကျယ်ကြသည်။

'မှန်သည့်အလုပ်၊ ဟုတ်သည့်သဘော၊ မတိမ်ကော၊ ကြုံသော ခေတ်မှာ တိုးတက်လာ' ဆိုသည့် ဂိုဏ်း၏ဆောင်ပုဒ်အတိုင်း အခြား ဂိုဏ်းများက မည်မျှပင် အနှောင့်အယှက် ပြုနေကြသော်လည်း ခန္တီဝါဒီ တရား လက်ကိုင်ထားလျက် ဂိုဏ်းလမ်းစဉ် ယုတ်လျော့ ကျဆင်းစေခြင်း မရှိစေဘဲ ဆက်လက်၍ ဆောင်ရွက်ကြလေသည်။

'ဝဏ္ဏဂန္ဓ၊ ရသမကောင်း၊ ကြာပင်ရင်း၌၊ စင်းလျင်းဝပ်လျား၊
နေလှည့်ငြားလည်း၊ နံ့ရှားတကြိုင်၊ အေးလှိုင်ချိုမြက်၊ ပန်းအရက်ကို၊
နှစ်သက် ဝမ်းမြောက်၊ ငါ့ဖို့ရောက်ဟု၊ မသောက်တတ်အား၊ ငမိုက်
ဖားသို့....'

ဖား ငမိုက်သည် မသိတတ်၍ ပန်းရည်အနှစ်အဆီကို မသောက်သုံးပေ၊ ပျားပိတုံးကောင်တို့မှာ တရုံးရုံး တစီစီနှင့် ဟစ်ကြွေးသံချိုလျက် ပန်းဝတ် ရည်များကို စားသုံးကြသည်၊ ပန်းရက်တောသို့လည်း မမောနိုင် မပန်းနိုင် ပန်းရနံ့စိုင်ကို စုတ်ချီနမ်းရှုတ် စုတ်ယူကြသည်။

ဤဥပမာ အတူ အသိဉာဏ်များ၍ ဗဟုသုတ ကြွယ်ဝ သူများမှာ ဤ စတုဘုမ္မိက ကျင့်စဉ်ကို လိုလိုချင်ချင် ခံမင်အားထုတ်ကြသည်ဟု ဆိုလေ သည်။

ဂိုဏ်း၏ ကျင့်စဉ် နှင့် ဆုံးမသော အချက်များသည် ရနံ့ မျိုးစုံသည့် ရတနာရွှေကြုတ်ကြီးကို သိမ်းဆည်း ထားသည်နှင့် တူသည်ဟု ဆိုပြန်လေ သည်၊ နံ့သာမျိုးစုံ ထည့်သွင်းထားသော ယင်းရတနာရွှေကြုတ်သည် စန္ဒကူး လိုလည်း သင်းသည်၊ နှင်းဆီလိုလည်း မွှေးသည်၊ မုလေး ပန်းလိုလည်း ကြိုင် သည်၊ ဂမုန်းခိုင်လိုလည်း မမုန်းနိုင်အောင် လှိုင်သည်၊ အမွှေးချင်းအပြိုင် အဆိုင်အနိုင်လုယက်ကာ သူ့ထက်ငါ ရနံ့မျိုးစုံမွှေးကြူပျံ့သင်းနေသကဲ့သို့ ဆိုရမည်သာတည်း။

\+ \+ \+

ကွမ်းခြံကုန်းဆရာတော် ဦးဇောတာဘိဝံ

ဤလောက၌ အနွယ်အဆက် မျိုးရိုးအစဉ်လိုက်တတ်သည်က များသည်၊ ဤသမိုင်းပါ ဂိုဏ်းကို ဦးစွာတည်ထောင်ခဲ့သော ငှက်တွင်း ဆရာတော်မှ အနွယ်အဆက် အညွန့်အဖူးများ ယခုတိုင် ကွန့်မြူး ဝေဆာ နေလေပြီ ဖြစ် ကြောင်း ဂိုဏ်း၏ တိုးတက်မှုမှတ်တိုင်က ဖော်ပြနေလေသည်။

ပထမ ဆရာတော်ကြီးကို ထေးက်၍ ကွမ်းခြံကုန်း ဆရာတော်သည် ဤ စတုဘုမ္မိကဂိုဏ်း၏ ဦးစီးဥသျှောင် ခေါင်းဆောင်တပါး ဖြစ်လေသည်။ 'ဒုတိယ ဂိုဏ်းဦးစီးဆရာတော်' ဟူ၍လည်း သတ်မှတ်ကြလေသည်။

ကွမ်းခြံကုန်းဆရာတော်ကား ဘုန်းသမ္ဘာလည်းကြီးသည်၊ ပညာလည်း ထူးချွန်ပြောင်မြောက်သည်၊ 'ဘုန်းနှင့် ပညာ ထက်ချပ်ပါ' တော်မူလာသည်။

ဤ စတုဘုမ္မိကဂိုဏ်းသည် နက်ရှိုင်းသော ရတနာလိုဏ်ဂူနှင့် တူသည် ဟု နှိုင်းဆိုနိုင်လောက်သည်၊ ရတနာဂိုဏ်ဂူနှင့် တူသော ဤဂိုဏ်းကြီးသည် သာမန် ဘုန်းကံရှင်များ ဆက်လက်စောင့်ထိန်းနိုင်စွမ်းရှိကြမည် မထင်မိပေ၊ ရတနာလိုဏ်ဂူနှင့် တူသော ဂိုဏ်းအတွင်း၌ ရဲရဲတောက် အစွမ်း ထက်မြက်သည့်ပုဂ္ဂိုလ်များသာ ဆက်လက် နေထိုင် အုပ်ချုပ်ကွပ်ကဲနိုင်သည်၊ ခြင်္သေ့ မင်းအောင်းရာဂူ၌ သာမန်ခြင်္သေ့ မအောင်းနိုင်သကဲ့သို့ဟု ဆိုရပေမည်။

ဥပမာ-မြန်မာနိုင်ငံသည် ခန္ဓာကိုယ်ကြီးနှင့်တူစေ၍ စတုဘုမ္မိကဂိုဏ်းသည် ခန္ဓာကိုယ်၏ ဦးခေါင်းပိုင်း၌ တည်လေသည်၊ စတုဘုမ္မိက မျက်နှာပြင် ဦးခေါင်းပိုင်း၌ ငှက်တွင်းဆရာတော်ကြီးသည် ပထမဦးစွာ မှန်ကူရှင်တော်တဆူ ဖြစ်၍ ဤကွမ်းခြံကုန်း ဆရာတော်မှာမူ 'ဒုတိယ မှန်ကူရှင်' တဆူ အဖြစ် သတ်မှတ်ရပေလိမ့်မည်။

ဤ ဒုတိယမှန်ကူရှင် ဆရာတော်ကြီး လက်ထက်၌ စတုဘုမ္မိက မဟာ သတိပဋ္ဌာန်ဂိုဏ်း၏ အရှိန်အဝါသည် မြို့တိုင်းပြန့်နှံ့ခဲ့လေသည်၊ စတုဘုမ္မိက မဟာသတိပဋ္ဌာန် ဌာနခွဲများလည်း တိုးတက်လာလေသည်။

ဗုဒ္ဓဘာသာ သာသနာတော် ထွန်းကားစည်ပင်ရာ ဤ မြန်မာ နိုင်ငံသည် ပုဂံခေတ်မှ မန္တလေး ရတနာပုံတိုင်အောင် အစဉ် တိုးတက် ထွန်းကားလာသည်နှင့်အမျှ ပဋိပတ္တိ သာသနာပြု ပုဂ္ဂိုလ်ကျော် ဆရာတော်ကြီးများလည်း အစဉ် ဖြစ်ထွန်း ပေါ်ပေါက်ခဲ့လေသည်၊ သာသနာဆိတ်သုဉ်းခြင်း မရှိသမျှ တိုင်းကျော် ပြည်ကျော် ပုဂ္ဂိုလ်ကျော် ဆရာတော်ကြီးများ ထွန်းကားလာမြဲ ဖြစ်သည်။

'အင်းခန်းလို့ — လယ်တီ၊
လယ်တီတော့ — ငှက်ကျ၊
ငှက်ကို — ကြောင်ခုတ်၊
ကြောင်ကို — မိုးကြိုးပစ်'

ထိုသော သာသနာ့ဥဒါန်း အစဉ်အလာ စကားလည်း ရှိလေသည်၊ ထို့ပြင် သာသနာပြု အကျော်အမော် ဆရာတော်ကြီးများမှာ ဘုမ အင်းခင်းရှေ့ကျောင် ဆရာတော်, လယ်တီဆရာတော်, ငှက်တွင်းဆရာတော် နှင့် ကြောင်ပန်း ဆရာတော်ကြီးများ ဖြစ်တော်မူကြ၏၊ ယင်းကြောင်ပန်း ဆရာတော်ကြီးနောက် မိုးညှင်းဆရာတော် ပေါ်လာပေသည်၊ မိုးညှင်းဆရာတော်ကြီး ပေါ်လာမည့်အခါ၌လျှင်—

'အင်းခန်းလို့ — လယ်တီ၊
ငှက်ကြိုတဲ့ — မိုး။
မိလက္ခု တောင်သူဘဝ၊
ငှက်လိုက်ကြ ပျိုး'

ဟူ၍ ဖြစ်ပေါ်လာပေသည်။

ယော်ချောင်ရှေ့ပြေတည် ဖွားရပ်ပေ

ဤသမိုင်းအလာ ငှက်တွင်း ဆရာတော်ကြီး၏ အဆက်အနွယ် ဒုတိယ ကွမ်းခြံကုန်းဆရာတော်ကား ငှက်တွင်းဆရာတော် ပြုစုတည်ထောင်ခဲ့သော ဤဂိုဏ်းကြီးအား စောင့်ထိန်းတော်မူသည် ဂိုဏ်းဆက် ဆရာတော် ဖြစ်၏။

ကွမ်းခြံကုန်းဆရာတော်၏ ဖြစ်စဉ်အတ္ထုပ္ပတ္တိကို ဖော်ပြရန် လိုအပ်လာပေပြီ၊ သက္ကရာဇ် ၁၂၁၂-ခုနှစ်ကား သာသနာတော်နှစ် ၂၄၀၀ ပြည့်သည့်အချိန်အခါနှင့် ကြုံကြိုက်လေသည်၊ ထိုနှစ်မှာပင် မန္တလေး ရတနာပုံမြို့သစ်နန်းသစ် တည်ခဲ့ရာဖြစ်သည်။

လောက, ဓမ္မ နှစ်ဌာနဘို့၌ ပူပင် ကြောင့်ကြဖွယ် မရှိသလောက် ဖြစ်ရာထိုအခါ၌ ဦးစံဒိုး နှင့် ဒေါ်လုံတို့မှာ စစ်ကိုင်းမြို့တွင် ထင်ရှားသော ပုဂ္ဂိုလ်ကျော်များ ဖြစ်၏၊ မန္တလေး ရတနာပုံ နေပြည်တော် တည်ထောင်ခဲ့သည့်နှစ်ကား မြန်မာလူမျိုးတို့ ဘုန်းတန်ခိုးကြီးထွား၍ မင်္ဂလာ ကြက်သရေအပေါင်းနှင့် ပြည့်စုံသော အချိန်ကောင်း အခါကောင်း ဟူ၍လည်း ဆိုဆိုက်ရာအချိန် ဖြစ်၏၊ ကွမ်းခြံကုန်းဆရာတော် လောင်းလျာ ဖွားမြင်သည့်နှစ်မှာ မန္တလေး ရတနာပုံ မြို့တည်နန်းတည်နှစ်နှင့် တိုက်ဆိုင်နေလေသည်၊ ဦးစံဒိုး နှင့် ဒေါ်လုံတို့ နေထိုင်ရာ စစ်ကိုင်းမြို့မှာ ထိုအချိန်က မြို့ဝန်ထားရှိ အုပ်ချုပ်နေလေသည်၊ မင်းတုန်းလက်ထက်တွင် မြို့ဝန်မှာ 'နေမျိုးလကျ်ာသူရိန်' ဖြစ်သည်။

စစ်ကိုင်းမြို့ကား ဧရာဝတီ မြစ်ကမ်းနဖူးတွင် တည်ရှိလေသည်၊ မြစ်နှင့် တောင်ရံလည်းဖိုင်းနေသည်၊ တောရိပ် တောင်ရိပ် ကျေ၁ခိုင်း ထားသည်၊ စစ်ကိုင်း နှင့် မင်းဝံတောင်တန်းတို့မှာ မြို့အရှေ့မှ ဧရာဝတီမြစ်နှင့် နီးကပ်စွာ တောင်မြောက်တန်းနေလေသည်။

‘ မြရေ ရိပ်ဆိုင်း၊ ငံတောင်ရိပ် ခိုင်းသား၊
စစ်ကိုင်း ရွှေမြို့၊ ပြည်အောင်မျှ.ကို– ’

(နဝရတ်ပျို့)

တောင်၏အတွင်းဘက် နှင့် မြစ်ဘက်သည် သဘာ၀ တောင်ကြားလမ်း များဖြင့်လည်း ဆက်သွယ်ထားလေသည်၊ တောင်တန်းကြီးများကလည်း စစ် ကိုင်းမြို့၏ အရှေ့ဘက်မှ ကာရံထားသော သဘာ၀ ကျောက်မြို့ရိုးသဖွယ် ဖြစ်သည်၊ အရှေ့နှင့် တောင်ဘက်တို့မှ လောက်လေးကိုင်းသဖွယ် မြို့ကိုကွေ့ ဝိုက်ကာ စီးဆင်းနေသော မြစ်မင်းရေကလည်း သဘာ၀ ကျုံးတော်ကြီး အနေအထားဖြင့် ရှုမြင်နိုင်ကြသည်။

ဟံသာ၀တီဆင်ဖြူများရှင် မင်းတရား၏သားတော် ဥက္ကရာဇ်ကို သမီး တော် ခင်ဘုန်းမြတ် နှင့် စုံဘက်ရာတွင် မြင်သည့် သမီးတော်အား ပယ်သူ ငယ်စား ရလေသည်။

ပယ်သူငယ်စားအတွက် ချေင်းဖွဲ့ဆိုရာ၌ ‘ သခင်ကြီး ချေင်း ’ တွင်လေ သည်၊ ယင်းချေင်းတွင် ၎င်းစစ်ကိုင်းမြို့နှင့် ပတ်ဝန်းကျင် ရှုခင်းများကိုလည်း တွေ့ရှိနိုင်လေသည်။

‘ အဝေးအနီး၊ အွံ့ဝှံ့ချီးလျက်၊ ယပ်ဖြီးလာစည်၊ ရှင့်အပြည် ကား၊ တွင်မည်ဇေယျ၊ ပူရစစ်ကိုင်း၊ ကျော်ဝှန်လှိုင်း၏၊ ရစ်ဆိုင်း ရော၊ လကျ်ာပယ်ထွက်၊ အရှေ့ဘက်က၊ ကြက်ယက် နှစ်တောင်၊ မြတ်မောင်နှမ၊ နေလပုံခိုင်း၊ စံတုန္နိုင်း၏။

ရှုတိုင်းပျော်ရာ၊ တောင်မျက်နှာက၊ စီးဖြာ တကြောင်း၊ စကြံ ချောင်းနှင့်၊ ရွှေကျောင်း သင်္ဃာ၊ မဟာစေတီ၊ သရီခေတ်ပုံ၊ ထူပါရုံက၊ ရန်အောင် စသည်၊ ရွှေဝနန်းတော်၊ မြော်သှာဆိုင်းဆိုင်း၊ တထောင်ပြိုင်း၏။

ခက်ကျိုင်းပင်ယှဉ်၊ ဥသျှာဉ်လယ်တာ၊ နောက်ခမ်း၀ါကား၊ ရတနာစေတီယ၊ ထောင်စအောင်ပုံ၊ စည်းခုံစကြံ၊ မင်းဝံတောင်ညို၊ နဂိုရ်ထောက်ဆိုင်း၊ နောက်မှီခိုင်း၏။

နံကိုင်းပုညာ၊ ဖျင်တော်ရာတည့်၊ တောင်သာနှင်နှင်၊ မြောက်ရပ်ခွင်ကား၊ ဥမှင်ရွှေကျောင်း၊ အပေါင်းများလှ၊ အရိယသဏ္ဍာန်၊ အံ့ဘွယ်လွန်၍၊ နိဗ္ဗာန်ဆိပ်ညာ၊ ဆီဘည့်စွာတည့်၊ ကူးသာသည့် တောင်မဟေး ဧးလည်းယင်ယင်ဧး'

စစ်ကိုင်းမြို့သည် မင်းဆက်များ စိုးစံထီးနန်းစိုက်ထူခဲ့ရာ မြို့တော်လည်း ဖြစ်သည်၊ မြို့၀န်အဆက်ဆက် အုပ်ချုပ်ခဲ့ရာလည်းဖြစ်သည်။

ကွမ်းခြံကုန်းဆရာတော် လောင်းလျာ၏ ချက်မြှုပ်ရာဒေသ ဖြစ်သည့် ဤစစ်ကိုင်းကို မင်းတုန်းမင်းလက်ထက်က ဖော်ပြခဲ့သောမြို့၀န် နေမျိုးလကျာသူရိန်အုပ်ချုပ်နေစဉ် ဘုရင်းမင်းမြတ်ကိုယ်တိုင် သူကောင်းပြုခြင်း ခံခဲ့ရသူများ နေထိုင်ရာဖြစ်၍ သူကောင်းရပ် [1] (ယခု တကောင်းရပ်) သည် ဆရာတော်လောင်းလျာ၏ မိဘများ နေထိုင်ကြရာ ရပ်ကွက်ဖြစ်သည်။

ကွမ်းခြံကုန်းဆရာတော် ဟု ထင်ရှားလာမည့် သတို့သားရတနာကို စစ်ကိုင်းမြို့ တကောင်းရပ်နေ ဘခင် ဦးစံဒိုး နှင့် မိခင် ဒေါ်လုံတို့မှ သက္ကရာဇ် ၁၂၂၁ ・ ခုနှစ် နတ်တော်လဆန်း ၅ ・ ရက် အင်္ဂါနေ့၌ မီးရှုးသန့်စင် ဖွားမြင်လေသည်။

သတို့သား၏မိဘမျိုးရိုးတို့မှာ သူကောင်းပြုခြင်းခံရသော မင်းမှုထမ်းများဖြစ်သည်၊ ပထမ ငှက်တွင်းဆရာတော် ဦးပဏ္ဍ၀၏ အဘိုးများဖြစ်သော မြ၀တီ၀န်ကြီးဦးစနှင့်ကင်း၀န်ဦးကြွယ်၀ တို့မှ ဆင်းသက်လာသည့်မျိုးရိုးဖြစ်သည်။

ဘခင်ဦးစံဒိုးသည် ကင်း၀န်ဦးကြွယ်၏သားမှ ဆက်လာ၍ ဦးစံဒိုး၏အဘိုးမှာ ကင်း၀န်ဦးကြွယ်၀ဖြစ်သည်၊ ငှက်တွင်းဆရာတော်ကြီးဦးပဏ္ဍ၀နှင့် ဦးစံဒိုးတို့မှာ ညီအစ်ကို၀မ်းကွဲတော်စပ်ကြသည်၊ ဦးပဏ္ဍ၀က ဦးစံဒိုးထက် အသက်ကြီးသည်၊ ငှက်တွင်းဆရာတော် ဦးပဏ္ဍ၀၏ညီ ဦးစံဒိုး နှင့် ဒေါ်လုံတို့မှ ဤကွမ်းခြံကုန်းဆရာတော်လောင်းလျာမှာ သားဦးရတနာဖြစ်သည်၊ ငှက်တွင်းဆရာတော်ဦးပဏ္ဍ၀နှင့် တူ၀မ်းကွဲတော်သည်။

၁။ ရှမ်းစကားအရ တာကောလ - လူအများ သွားလာရာ ကူးကို့ဆိပ် အရပ်ကိုဆို၏၊ တာကောလ မှ တကောင်းရပ် ဖြစ်လာသည်။

တိတ်ထူး နိမိတ်ထူး

ဆရာတော်ဖွားမြင်၍ လူ့ဘဝတွင် ၇ - ရက်ကြာလျှင် မိဘနှစ်ပါးနှင့် ဆွေမျိုးတို့က ဒိဋ္ဌမင်္ဂလာ ယူကင်ပွန်းတပ်ရန် စီစဉ်လေသည်။

၁၂၂၁ - ခုနှစ် နတ်တော်လဆန်း ၁၂ - ရက် ထိုနေ့ဒိဋ္ဌမင်္ဂလာခံယူ ကင်ပွန်းတပ်ရာ၌ ရွှေကြီးညိုသည် သာယာသောအသံဖြင့် ဦးစံဒိုး-ဒေါ်လုံတို့ နေအိမ်အတွင်း ဝင်ရောက်လျက် ကျူးရင့်နေလေသည်၊ ထိုရွှေကြီးညို အိမ်အတွင်းဝင်၍ ကျူးရင့်နေခြင်းကို မြင်ကြလေသည်။

'အမြင်မှာနိမိတ် အတိတ်မှာတဘောင်' ဆိုသော စကားအရ ထိုသူငယ်လေးသည် အနာဂတ် ကေန်ကြီးပွားရမည့် အတိတ်တဘောင်ဖြင့် နိမိတ်ဆောင်သကဲ့သို့ ယူဆကြလေသည်၊ ရွှေကြီးညိုသာယာလာခြင်းကို အကြောင်းပြု၍ နိမိတ်ယူကြပြီးလျှင် ထို ၇ - ရက်သာရှိသေးသော သတို့သားလေးအား 'မောင်ရွှေကြီး' ဟူ၍ အနွတ္ထသညာ နာမကရဏမင်္ဂလာ မှည့်ခေါ်ကြလေ၏၊ မောင်ရွှေကြီးသည် မိဘနှစ်ပါး ဘိုးဘွား ဆွေမျိုးတို့အလယ်တွင် 'သုခေဓိတ' ကြီးပွားချမ်းသာခြင်းဖြင့် အသက်အရွယ် ၅ - နှစ်သို့ ရောက်လေ၏။

မိဘနှစ်ပါးတို့သည် မောင်ရွှေကြီးအား ဦးကြီးတော် မင်းဝံတောင် ငှက်တွင်းချောင် ဆရာတော်အထံသို့ ပို့ဆောင်အပ်နှံကြရန် စီစဉ်ကြလေသည်။

၁၂၃၆ - ခု နတ်တော်လပြည့်နေ့ကား မောင်ရွှေကြီး ငှက်တွင်းချောင်သို့ ရောက်လာသည့်နေ့ ဖြစ်၏။

ဦးကြီးတော် ငှက်တွင်း ဆရာတော်သည် မိမိ၏တူဖြစ်သူ မောင်ရွှေကြီး ရောက်လာလျှင် ယခင်ကဖွားမြင်သည့်နေ့ကစ၍ ထူးခြားခြင်းတို့ကို ကြားသိသဖြင့် အားရကြည်နူးစွာ လက်ခံသိမ်းပိုက်လေသည်၊ ကြားသိရသည့်အတိုင်း ရှေ့မှောက်သို့ရောက်လာသူ မောင်ရွှေကြီး၏ ဥပဓိရုပ်လက္ခဏာ မြင်ရပြန်လျှင် ပိုမို၍ ဝမ်းသာကြည်နူးလေသည်။

မိမိနှင့်အတူ သာသနာ့ဘောင်တွင်နေစေ၍ ပညာသင်ပေးရလျှင် သာသနာတော်၌ အကျိုးပြုစွမ်းနိုင်မည့် အချက်ကိုလည်း မြင်တော်မူ၏၊ ညီဖြစ်သူ ဦးစံဒိုးနှင့်အတူပါလာသော မောင်ရွှေကြီးအား မိမိနှင့်အတူနေရန်အတွက် ဤချောင်မှာထားခဲ့ဘို့ မိန့်ကြားလေသည်၊ ဘခင်ဦးစံဒိုးမှာ ရင်သွေးရတနာကလေးအား ထားခဲ့ရန် ဝန်မလေးလှသော်လည်း မိခင်ဒေါ်လုံမှာမူ ခွဲထားခဲ့ရန် ဝန်လေးနေရှာလေသည်၊ သို့သော် ဆရာတော်ဦးပဏ္ဍာအား ယော်ရှယ် စဉ်အခါကပင် ပြန်လှန်၍လျှောက်ထားဝံ့ခြင်းမရှိသည့် ယော်ကြောက်အကိုကြီးတပါးဖြစ်၍ မည်သို့မျှ ပြန်လည်လျှောက်ထားခြင်း မပြုဝံ့ရှာဘဲရှိလေ၏။

မောင်ရွှေကျီးသည် မိဘနှစ်ပါးတို့ခွဲခွာထားသည့် ၈ါးနှစ်သားအရွယ်မှစ၍ ငှက်တွင်းချောင်တွင် ဖိုးသူတော်အဖြစ် နေထိုင်ပြီးလျှင် အခြေခံပညာများကို သင်ယူအားထုတ်လေသည်။

ငှက်တွင်းဆရာတော် ဦးပဏ္ဍဝသည် မိမိလို မောင်ရွှေကျီးအား ကြပ်မတ်အရေးတယူ ပညာများ သင်ကြားပေးခဲ့ရာ ၁၃ - နှစ်အရွယ်သို့ ရောက်သည် အထိဖြစ်သည်။

မောင်ရွှေကျီးသည် အသက် ၁၃ - နှစ်အရွယ်သို့ ရောက်လျှင် မိဘနှစ်ပါးတို့က ရှင်ပြုခြင်းသုတမင်္ဂလာ ပြုလုပ်၍ သာသနာ့ဘောင်သို့ သွတ်သွင်း ချီးမြှောက်ကြလေသည်၊ ငှက်တွင်း ဆရာတော်မှာ ဥပဇ္ဈာယ်အဖြစ် ချီးမြှင့်၍ ရှင်သာမဏေဘဝတွင်လည်း ဦးကြီးတော်၏ ခြေရင်းမှာပင် ဆက်လက်၍ ပိဋကအခြေခံ ကျမ်းဂန်အရပ်ရပ်ကို သင်ယူနေလေသည်၊ ဦးကြီးတော်ဦးပဏ္ဍဝလည်း ဘုန်းသမ္ဘာပညာရည် ထွန်းတောက်ကျော်စောမှုကို ရှေးရှုလျက် ဘွဲ့အမည်တော် 'ရှင်ဇောတာဘိဇ' ဟူ၍ မှည့်ခေါ်လေသည်။

သာမဏေ ရှင်ဇောတာဘိဇသည် ပါဠိတော်နှင့်တကွ နိကာယ်ကျမ်းကြီးများ, အဘိဓမ္မာညဝါဆိုရိုးများကိုရင်း ကိုးကြောင်းလင်္ကာ နက္ခတ်ဗေဒင်စသော အတတ်ပညာ နှင့် ကဗျာအဖွဲ့အနွဲ့များကိုရင်း လက်ဘူးလက်ကျ သင်ယူရလေသည်။

သာမဏေဘဝကပင် ရှင်ကျော် သာမဏေတပါး ဖြစ်သည့်အလျောက် ဘုန်းကံတော်မှာလည်း အလွန်ထူးခြားကြီးကျယ်လှပေသည်၊ ကိုရင်ဇောတာဘိဇ အသက် ၂၀ · ပြည့်ကြွယ်ဝသော အချိန်အခါသို့ရောက်လျှင် ရဟန်းဒကာများ သူ့ထက်ငါလုယက်နေကြလေ၏၊ ထို့ကြောင့် ဦးကြီးတော် ဦးပဏ္ဍဝအား ဥပဇ္ဈာယ်ပြုလျက် ပထမအကြိမ် ကြေးမြင် မိဖုရားကရင်း ဒုတိယအကြိမ် မန္တလေးမြို့ မြောက်ဘက် သမင်ခြံရွာမှ ကျောင်းအမကြီး ဒေါ်ဒေါ်နှယ်ကရင်း တတိယအကြိမ် စစ်ကိုင်းမြို့ ခမည်းတော် ဦးစံဒိုး မယ်တော် ဒေါ်လုံတို့ကရင်း မြင့်မြတ်သော ဥပသမ္ပဒမင်္ဂလာ ပြုလုပ်၍ ပဉ္စင်းအဖြစ် သွတ်သွင်းချီးမြှောက်ကြလေသည်။

ပဉ္စင်းသစ် ဦးဇောတာဘိဇသည် ဆရာကောင်း နှင့် ဒကာကောင်းဆင့်ပြီး၍ အခွင့်ကောင်းကြုံသည့် ပုဂ္ဂိုလ်ထူးပါတည်း၊ မုတမင်္ဂလာ ဟု ဆိုရမည့် သိမ်ထပ်ခြင်းမင်္ဂလာ သုံးကြိမ်သုံးခါ ချီးမြှောက်ခံရသော ပုဂ္ဂိုလ်ထူးလည်း ဖြစ်သတည်း။

ဦးဇောတာဘိဝံသသည် ဦးကြီးတော်ရင်း ငှက်တွင်း ဆရာတော်အထံ ရဟန်းသိက္ခာ ၅ ဝါမျှနေ၍ ပညာအရပ်ရပ်ကို တတ်မြောက်ပြီးသည်အထိ ဆက်လက်သင်ယူလေသည်၊ ပဋိပတ်ကျင့်စဉ်များကိုလည်း ဆရာတော်၏ နည်းနိဿယခံယူလျက်နေလေသည်။

ပညာ စုံလင်လာသောအခါ

၁၂၄၆-ခုနှစ်တွင် မန္တလေးနေပြည်တော်သို့ကြွရောက်၍ သင်္ဂဇာကျောင်းတိုက်တွင် နေထိုင်ခဲ့ပြန်လေသည်၊ ဦးဇောတာဘိဝံသသည် သင်္ဂဇာဆရာတော်ကြီး၏ ပညာနိဿယည်းများ နှင့် လေးပြင်လေးရပ်ရှိ ဆရာတော်ကြီးများမှ အဆုံးအဖြတ်နှင့်တကွ ပိဋကကျမ်းစာများကို ၃-နှစ်တိုင် သင်ကြားနေလေသည်။

ဦးကြီးတော်ဦးပဏ္ဏဝံသသည် ၁၂၄၈-ခုနှစ်သို့ရောက်သောအခါ အောက်ပြည် အောက်ရွာသို့ ကြွရောက်၍ သာသနာပြုလေရာ ငှက်တွင်း ချောင်၌ဘုဦးပဉ္စင်း ဦးဇောတာဘိဝံသအား ပြန်လည်ခေါ်ယူ၍ အပ်နှံထားလေသည်၊ ငှက်တွင်းဆရာတော်ကြီးသည် အောက်ပြည်အောက်ရွာ ဒေသများသို့ လှည့်လည်၍ တရားဟောခြင်း ကမ္မဋ္ဌာန်းအကျင့် လမ်းပြညွှန်ကြားခြင်းများ ပြုလုပ်နေ၏၊ ထိုရာတွင် ကွမ်းခြံကုန်းမြို့၌ကား အမြဲသီတင်းသုံးလျက်ရှိလေ၏၊ ကွမ်းခြံကုန်းတွင် ဆရာတော်သီတင်းသုံးရန် ခမ်းနားကြီးကျယ်သော သာသနာ့အဆောက်အဦများ ဆောက်လုပ်၍ ကိုးကွယ်ကြသည်၊ ဆရာတော် ဦးပဏ္ဏဝံသည် ယင်းပါရမီ စံကျောင်းတိုက်တွင် သီတင်းသုံးလျက် တရားဟောခြင်း တပည့်သံဃာများအား စာပေပို့ချခြင်းများပြုလုပ်နေခဲ့ရာ ရဟန်းသံဃာ လူတပည့်ပရိသတ်များ တနေ့တခြား စည်ကားများပြား၍ လာလေသည်။

ပါရမီ စံကျောင်းတိုက်တွင် လက်ထောက်တာညွှဘပါး လိုအပ်နေသဖြင့် အရည်အချင်းပြည့်ဝသော မိမိ၏တူတော် မင်းဝံငှက်တွင်းချောင်နေ ဦးဇောဘာဘိဓဇအား ကွမ်းခြံကုန်း စံကျောင်းတိုက်တွင် နေထိုင်ရန် ခေါ်ယူခဲ့ပြန်သည်၊ ဦးဇောတာဘိဓဇ ကွမ်းခြံကုန်းသို့ရောက်လာသည်မှာ ၁၂၅၀-ပြည့်နှစ်ကဖြစ်သည်။

ထိုနှစ်မှစ၍ ပါရမီ စံကျောင်းတိုက်တွင် ဥပဇ္ဈာယ်ဆရာအဖြစ် နေစဉ်မှာပင် ဆရာတော်ဦးကြီးတော်နှင့်အတူ မြို့နယ်ကျေးရွာများသို့ လှည့်လည်သာသနာပြုရာ၌လည်း လိုက်ပါခဲ့လေသည်။

ဆရာတော်ကြီး၏ တူတပါးဖြစ်ရုံမက ဆရာတော်အစစအရာရာ၌ လွှဲအပ်ရခြင်း, အားကိုးရခြင်းတို့ကြောင့် ဦးဇောတာဘိဓဇအား ဘုရားသခင်၏ ညီတော် အရှင်အာနန္ဒာထေရ်နှင့်တူသည် ဟု ဂိုဏ်းပုဂ္ဂိုလ်များက သတ်မှတ်ကြကြောင်း အဆိုရှိသည်။

ကွမ်းခြံကုန်း ပါရမီ စံကျောင်းတိုက်တွင် အမြဲသီတင်းသုံး၍လည်း ကွမ်းခြံကုန်းဆရာတော် ဟု ခေါ်တွင်လေသည်၊ဆရာတော်မှာ သိက္ခာတော်နှင့်လည်း ပြည့်စုံ၍ ထူးချွန်သောပညာဉာဏ်လည်းရှိသည်၊ တည်ကြည်သော သမာဓိဂုဏ်, ရိုးသားဖြောင့်မတ်သောဂုဏ်ထူးများကြောင့် ကွမ်းခြံကုန်းဆရာတော်အား ဖူးတွေ့ကြသူတိုင်း ကြောက်ရွံ့ရိုသေခြင်း ရှိကြသည်။

ဦးကြီးတော် ငှက်တွင်းဆရာတော်ကြီး ပျံလွန်သည့်နောက်ပိုင်းတွင် စတုဘုမ္မိကမဟာသတိပဋ္ဌာန်ဂိုဏ်းကြီး တိုးတက်စည်ပင်ခြင်းမှာ ကွမ်းခြံကုန်းဆရာတော်၏ စီမံအုပ်ချုပ်မှု ဘုန်းတော်သမ္ဘာတော်ကြီးမားမှု နှင့် ထူးချွန်သောပညာဂုဏ်တို့ကြောင့်ပင် ဖြစ်သည်။

ကွမ်းခြံကုန်း ဆရာတော်ကြီးလက်ထက် ဤဂိုဏ်းကြီး မြို့နယ်တိုင်းတည်ထောင်နိုင်သလောက် ဆရာတော်မွေးထုတ်ပြုစုပေးသော တပည့်သံဃာများလည်း များပြားလှပေသည်။

တပည့်ကျော်တွေ

အထူးသဖြင့် ဆရာတော်၏ တပည့်များတွင် သာသနာတော်၌ နေ့,လကဲ့သို့ထင်ရှား၍ သာသနာပြုပုဂ္ဂိုလ်ကျော် သံဃာတော်များလည်း ထွန်းကားခဲ့ပေသည်။

စတုဘုမ္မိကသာသနာ တတိယခေတ်ပိုင်း (ယခု မျက်မှောက်ခေတ်) တွင် စတုဘုမ္မိကဂိုဏ်း၏ သည်းခြေများသဖွယ် အထူး အားကိုး လောက်သော နံ့ယောဆရာတော် ဦးဇာဂရသည် ကွမ်းခြံကုန်း ဆရာတော်၏ ညာလက်ရုံးတပည့်ကြီးဖြစ်သည်။

ကွမ်းခြံကုန်းဆရာတော်အား ဥပဇ္ဈာယ်ပြု၍ သာသနာတော်၌ အကျင့်သိက္ခာ ပညာဂုဏ်တို့ကြောင့် ထင်ရှားသော မန္တလေးမြို့ ကင်းဝန်မင်းကြီးကျောင်းတိုက် တိုက်အုပ်နာယက ဆရာတော်အကျော် ကျောင်းထိုင်ဦးသူရိယမထေရ်သည်လည်း ဆရာတော်၏ တပည့်ကြီးဖြစ်၍ ညာလက်ရုံးအလားအားကိုးထိုက်လှသည်။

ဆရာတော် ဦးသူရိယသည် ပါဠိတက္ကသိုလ်များ မြန်မာနိုင်ငံတွင် အနှံ့အပြားတည်ထောင်ခဲ့စဉ်က ပါတက္ကသိုလ် ဗဟိုဦးစီးအဖွဲ့တွင် နာယကအဖြစ်၎င်း ဝိနိစ္ဆယဌာန မြို့မဝိနည်းဓိုရ်အဖြစ်၎င်း ကမ္မဋ္ဌာနာစရိယ တရားဟော ဓမ္မကထိကအဖြစ်၎င်း ထင်ရှားတော်မူသည်၊ ဆရာတော်ဦးသူရိယ၏ တပည့်များအနက် ဗုဒ္ဓဝါဒီ အရှင်သုဒဿနသည် သာသနာပြု နိုင်ငံကျော် ဓမ္မကထိကတပါးဖြစ်သည်။

ဆရာတော်ဦးသူရိယမှာ နယ်လှည့်၍ကမ္မဋ္ဌာနာစရိယအဖြစ် သာသနာပြုရုံမက ငယ်ရွယ်စဉ်အခါက ကင်း၀န်မင်းကြီးကျောင်းတိုက်တွင် စာလိုက်သံဃာများစွာရှိခဲ့၍ စာပေပို့ချရာ၌လည်း ထင်ရှားလေသည်။

ထို့ပြင် မန္တလေးမြို့ စကုဘိုက် စာချဆရာတော် ဦးဗောဓေလင်္ကာရ ညီကွမ်းခြံကုန်းမြို့ ပါရမီ စံကျောင်းတိုက်နာယက စာချဆရာတော် ဦးအာသဘတို့မှာ ကွမ်းခြံကုန်းဆရာတော်ကြီး၏ ညာလက်ရုံးတပည့်ကြီးများ ဖြစ်သည်၊ သာသနာတော်၌ ထင်ရှားသော စာချပုဂ္ဂိုလ်ကျော်များလည်း ဖြစ်သည်။

ကွမ်းခြံကုန်းဆရာတော်ကြီးသည် ပရိယတ် ပဋိပတ်သာသနာတော်နှစ်ရပ်ကို လုံ့လကြီးစွာဖြင့် အားထုတ်ဆောင်ရွက်တော်မူခဲ့ရာမှ ' ဘဝ ဘဝ ရရသမျှ မရဏတွင် အဆုံးထင်၏ ' ဟူသည့်စကားအတိုင်း သက္ကရာဇ် ၁၃၀၀ - ပြည့်နှစ် သက်တော် ၇၁ - နှစ် သိက္ခာတော် ၆၁ - ၀ါအရတွင် ကွမ်းခြံကုန်းမြို့ ပါရမီ စံကျောင်းတိုက်မှာပင် ပျံလွန်တော်မူလေသည်။

ဓမ္မကထိကဆရာကြီး ဦးစိုးဂေါင်

စတုဘုမ္မိက သာသနာပြုရာခေတ်တွင် ကွမ်းခြံကုန်း ဆရာတော်ကြီး နှင့် သက္ကရာဇ်ဘဲ့ဖွား လူ-မ္မကထိက တဦး ရှိလေသည်။

ထိုပုဂ္ဂိုလ်ကား ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ဇီးတောရွာ ပြာသာဒ်တကာ ဦးစိုးဂေါင်ဖြစ်သည်၊ ဦးစိုးဂေါင်သည် ကွမ်းခြံကုန်းဆရာတော် စသည်တို့နှင့် အတူ ဤစတုဘုမ္မိကဂိုဏ်း ပြန့်နှံ့တွင်ကျယ်လာအောင် အားထုတ်ခဲ့သောဂိုဏ်းရှေ့ဆောင်ပုဂ္ဂိုလ် ဖြစ်သည်။

ဦးစိုးဂေါင် မွေးသည့်နှစ်မှာ မင်းတုန်းမင်းတရားကြီး ရတနာပုံမန္တလေးမြို့တည် နန်းတည် ခဲ့သည့် နှစ်နှင့် ကြုံလေသည်၊ ဦးစိုးဂေါင်၏ မိဘတို့မှာ ယင်းကျေးရွာတွင် လယ်ပိုင် မြေပိုင်ရှင်များဖြစ်၏၊ ဦးစိုးဂေါင်မွေးရာအရပ်မှာ ဇီးတောရွာနှင့် မဝေးလှသော မူးသာရွာဇာတိ ဖြစ်သည်။

ဦးစိုးဂေါင်အား ၁၂၂၁ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက် ဗုဒ္ဓဟူးနေ့ နံနက်၄ချက်တီး အချိန် ရွှေဘိုခရိုင် ခင်ဦးမြို့နယ် မူးသာရွာကြီးတွင် ဖွားမြင်ခဲ့လေသည်၊ ဦးစိုးဂေါင်သည် အသက် အရွယ် ၂၀- ခန့်တွင် ဇီးတောရွာသူ ဒေါ်ရှမ်းမဆိုသည့် အမျိုးသမီးနှင့် အကြောင်းဆက်၍ အိမ်ထောင်ဘက်ပြုသည်၊ ပထမ အိမ်ထောင်ဘက် ဒေါ်ရှမ်းမမှ သားသမီး ငါးဦး ထွန်းကားခဲ့သည်၊ အစဉ်အတိုင်း ဖော်ပြရလျှင် ဒေါ်ချစ်စ, ဒေါ်ချစ်လှ, ဒေါ်ချစ်ရ, ဦးရှင်'နှင့် ဦးထင်တို့ ဖြစ်သည်၊ သမီးကြီး ဒေါ်ချစ်စ၏ သမီး ဒေါ်ကြည်သည် ရွှေဘိုမြို့ စတုဘုမ္မိက မဂ္ဂင်ရိပ်သာ ကျောင်းအမကြီး ဖြစ်လေသည်၊ ဒေါ်ချစ်စမှာ သားသမီး ၈ ဦး ထွန်းကားခဲ့၏၊ ပထမ အိမ်ထောင် ပျက်စီးရှာသဖြင့် ဒုတိယ အိမ်ထောင်ဘက်ပြုရာ ဒီပဲရင်း မြို့သူ ဒေါ်ချစ်ပို ဖြစ်၏၊ ဦးစိုးဂေါင် ခေါင်းချရာ ဇီးတောရွာတွင် ဒေါ်ချစ်ပို၏ သား ဦးမောင်ကိုမှာ ယခုအခါ ဇီးတော စတုဘုမ္မိက ရိပ်သာ ကျောင်း ဒကာအဖြစ်ခံယူလျက် ယခု သက်တော်ထင်ရှား ရှိတော်မူသော ဇီးတော ဆရာတော်ကြီး ဦးအာသဘအား ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်း နေလေသည်။

ဦးစိုးဂေါင် အသက်အရွယ်ကြီးလာလျှင် အသိဉာဏ် အလိမ္မာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များကိုလည်း ရှာသည်၊ 'တတောသဒ္ဓမ္မသဝနံ အတိဒုလ္လဘံ' ဖြစ်သော တရားထူး တရားမြတ်များကိုလည်း လေ့လာရှာဖွေသည်။

ယင်းသို့ ပုဂ္ဂိုလ်ထူး တရားထူးများကို စူးစမ်း ရှာဖွေရာတွင် မင်းဝံတောင် ငှက်တွင်းချောင် ဆရာတော်အား တွေ့ရှိလေသည်၊ ငှက်တွင်းချောင်၌ တရားအားထုတ်လျက် ရှိသော ဆရာတော်ကြီးကို တွေ့ရှိသည်နှင့် တပြိုင်နက် ထိုချောင်သို့ သွားရောက် လေသည်၊ ဆရာတော်ကြီး အထံသို့ ချဉ်းကပ်သည့် နှစ်မှာ ၁၂၄၅ ခုနှစ် ဖြစ်သည်။

ဦးစိုးဂေါင်သည် ဆရာတော်ကြီး အထံတွင် တပည့်ခံပြီး နေခဲ့ရာ နှစ်ပေါင်း များစွာ ကြာလေသည်၊ ဆရာတော်ကြီးအား အလွန် ကြည်ညိုလှသဖြင့် တပည့်ခံသည့် အချိန်မှစ၍ ပစ္စည်းလေးပါး ဒါယကာ အဖြစ်လည်း လျှောက်ထားသည်၊ ဆရာတော်ကြီးအား ၀တ်ကြီး ၀တ်ငယ် များကိုလည်း အနီးကပ်ဆုံး ပြုစုလေသည်၊ အလွန် ကြည်ညိုလှသဖြင့် ဦးစိုးဂေါင်က မိမိ ဇာတိ ဇီးတောရွာသို့ ဆရာတော်ကြီးအား တ၀ါတွင်း ချီးမြှင့်ကြွရောက်ပါ

မည့်အကြောင်း လျှောက်ထားလေသည်၊ ဦးစိုးဂေါင် လျှောက်ထားချိန်မှာ ဆရာတော်ကြီး ကွမ်းခြံကုန်းမြို့ မင်္ဂလာပါရမီ စံကျောင်းတိုက်တွင် သီတင်း သုံးခိုက်က ဖြစ်၏၊ ဆရာတော်ကြီးက—

'အိမ်း- မင်းတို့ရွာ တဝါတစ်ရီတော့ ချီးမြှောက်ရတာပေါ့ကွယ်၊မင်းကဘဲ အရင်ပြန်နှင့်ပေတော့' ဟု အမိန့်ရှိလိုက်သဖြင့် ဦးစိုးပေါင်သည် ဝါဆိုလအ တွင်း ဆရာတော်ကြွလာမည်ကို ဝမ်းသာအားရစွာ မိမိရွာသို့ ပြန်ပြီးလျှင် နေရာများ စီစဉ်ထားနှင့်လေ၏၊ သို့သော် ဦးစိုးဂေါင် ပင့်လာမည့်ငှက်တွင်း ဆရာတော်ကြီးကို ဇနီးဖြစ်သူက ကြည်ညိုခြင်း မရှိပေ။

ဝါဆိုလဆန်း ၁၀- ရက်နေ့တွင် ငှက်တွင်းဆရာတော်ကြီးသည် ဇီးတော ရွာ ဦးစိုးဂေါင်တိုက်သို့ ကြွရောက်တော်မူလာခဲ့၏၊ ဇနီးဖြစ်သူက ကြည်ညို လေးစားခြင်း မရှိသည်ကို ဆရာတော် ရိပ်မိသိရှိဟန်တူပါ၏။

ဆရာတော်ကြီး ကြွရောက်သည့် အချိန်၌ ဦးစိုးဂေါင် တိုက်အပေါ်ထပ် ဆရာတော်ကြီး သီတင်းသုံးရာနေရာများတွင် မီးမထွန်းဘဲ အလင်းရောင် များဖြင့် တထပ်လုံး လင်းလျက်နေသည်။

နံနက်ကျရောက်သောအခါ ဆရာတော်၏ ထူးဆန်းအံ့ဘွယ်ရာ အလင်း ရောင်များ ဖူးတွေ့မြင်သဖြင့် ဇနီးဖြစ်သူမှာ မကြည်ညိုဘဲ မနေနိုင် ဖြစ်ရ လေသည်၊ ထိုအချိန်မှစ၍ ငှက်တွင်းဆရာတော်ကြီး သီတင်းသုံးရာ ကုတင် ညောင်စောင်း စသော အသုံး အဆောင် ပစ္စည်းများမှာ ယခု ထက်တိုင် ရှိလေသည်၊ မည်သူမျှ ပြုပြင် ပြင်ဆင်ခြင်းမရှိကြ၊ ဆရာတော်ကြီးသည် ဦးစိုး ဂေါင် တိုက်တွင် တဝါတွင်း ဝါဆိုပြီး တရားများ ဟောကြားလေသည်၊ ထို့နောက် အောက်ပြည် အောက်ရွာသို့ ပြန်လည် ကြွတော်မူသည်ဟု အစဉ် အလာစကား မှတ်သားရဘူးသည်။

ဆရာတော်ကြီး၏ ဆုံးမချက် တည်ရှိလာသော ဦးစိုးဂေါင်မှာ ဆည်း ကပ်ခြင်း, ဟောပြောခြင်း မပြုအပ်သော ကဏှသုတ္တ, ဝိဘာဂ ကုသိုလ်, အကုသိုလ်နှင့် မိဿကတရားများကိုလည်း ပယ်စွန့်နိုင်သည်အထိ ရင့်ကျက် သော အသိဉာဏ် ရရှိလေသည်။

ဦးစိုးဂေါင်သည် ဆရာတော်ကြီး အထံမှ နည်းခံရယူလိုက်သော အချက် များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ချီးကျူးဆည်းကပ် မှီဝဲဟောပြောအပ်သော တရားထူး တရားမြတ်များ ဟောနည်း,ပြနည်း,သီလခံယူဆောက်တည်နည်း, ဒါနပြုနည်း, ရှင်သာမဏေရ

ပဗ္ဗဇ္ဇိတ ဒုလ္လဘ တစပဥ္စက ဆံချနည်း, သမထ ရှတ်နည်း ပွားနည်း, သမ္မေ သခါရာ အနိစ္စာ စသော ဝိပဿနာရှုနည်း စသည်များဖြစ်သည်။

ဦးစိုးဂေါင်သည် ၁၂၆၄ ခုနှစ်မှစ၍ ၁၃၀၁ ခုနှစ်တိုင် နှစ်ပေါင်း ၃၈ နှစ်ကြာမျှ ပါရမီမင်္ဂလာ စတုဘုမ္မိက တရားထူး တရားမြတ်များကို အောက်ပါ မြို့နယ်များတွင် လှည့်လည် ဟောကြားခဲ့သော မေ့ကထိက ဖြစ်သည်။

ဦးစိုးဂေါင် လှည့်လည် ကျက်စားရာမြို့များမှာ ဗန်းမော်, မြစ်ကြီးနား, ကသာ, ရွှေဘို,မုံရွာ, မန္တလေး, စစ်ကိုင်း, ကျောက်ဆည်, မြစ်သား,မြင်းခြံ, ညောင်ရွှေ စသည်တို့ ဖြစ်သည်၊ ယင်းမြို့ ခရိုင် ကြီးများ နှင့် ကျေးလက် တောရွာများတွင် 'အာဇီဝဋ္ဌမက မဟာသတိပဋ္ဌာန် ' ဝတ် အသင်းပေါင်း ၄၅ သင်းကျော် ဖွဲ့စည်း တည်ထောင်ခဲ့သည်ဟု သိရသည်။

ဝတ်အသင်းသူ အသင်းသားများ နှင့် ပဋိပတ်ကျင့်စဉ်တို့ကို ဆရာတော် ကြီးနည်းအတိုင်း ရေးသား ပေးရန် ဦးစိုးဂေါင်၏ သာဝကများကတောင်း ပန်ကြလေသည်၊ ထို့ကြောင့် အောက်ပါ ကျမ်းများကို ပြုစု ရေးသားခဲ့ သည်ဟု ဆိုလေသည်။

၁ - မိစ္ဆာပဋိပဒါ တေဘုမ္မိက အပါဒါန်ကျမ်း၊
၂ - သမ္မာပဋိပဒါ စတုဘုမ္မိက သမ္မဒါန်ကျမ်း၊
၃ - သုဘဒ္ဒသတိပဋ္ဌာန် မဂ္ဂင်ရှစ်ပါး အမေးအဖြေကျမ်း၊
၄ - ဓမ္မာနု ဓမ္မပဋိပတ္တိကျမ်း၊
၅ - ဥပါလိသုတ္တန်ကျမ်း၊
၆ - ကမ္မက္ခယ မဂ္ဂင်ရှစ်ပါးကံကျမ်း၊
၇ - ဂိဟိ ပဗ္ဗဇ္ဇိတ ရှုဘွယ်ကျမ်း၊

စသည်တို့ဖြစ်သည်။

ထိုစဉ်က ဦးစိုးဂေါင်၏ လှုံ့ဆော် ဟောပြောချက်ကြောင့် စတုဘုမ္မိက သတိပဋ္ဌာန်ဂိုဏ်းဝင် ပုဂ္ဂိုလ်များလည်း တိုးတက်လာသည်ဟု ဆိုနိုင်သည်။

မန္တလေးမြို့တွင် ထင်ရှားသော ကျောင်း ဒကာကြီး ဦးထင်သည် ဦးစိုးဂေါင်၏ သားဖြစ်ရာ ဦးထင်နှင့် ဒေါ်ဒေါ်စုတို့မှ စတုဘုမ္မိက မဂ္ဂင် သာသနာပြု နဂါးဒေါ်ဦးသည် ကျောင်းဒကာကြီး ဦးထင်၏ သမီးဖြစ်၏၊ နဂါးဒေါ်ဦး (မမဦး) ကား ဘုန်းထူး ကံထူး အမျိုးသမီး ပေတည်း၊

ကျေးဇူးများလှသော ဘုရားအမ, ကျောင်းအမ, ရေတွင်းရေကန်, ဇရပ်တန်ဆောင်း စသော သာသနိက အဆောက်အဦများ၏ အလှူရှင်မကြီး ဖြစ်သည်၊ ကျောင်းအမကြီး ဒေါ်ဦးမှာ ပေး၍လည်းမကုန် လှူတုံလည်း မခန်း အလှူရေစက်နှင့် လက်နှင့် မကွာသော သာသနာပြု ဒါယိကာမကြီး ဖြစ်လေသည်၊ စတုဘုမ္မိကမဂ္ဂင် ရိပ်သာများကိုလည်း မြို့တိုင်း နယ်တိုင်းလိုပင် ဖွင့်လှစ် တည်ထောင်၍ စတုပစ္စယရိပ်သာ အမကြီးလည်း ဖြစ်သည်။

မန္တလေးမြို့ မြောက်ပြင်အရပ်၌ စတုဘုမ္မိကမဂ္ဂင် ရိပ်သာနှင့် တွဲလျက် ပရိယတ္တိစာသင် အုပ်ကျောင်းကြီးများ, ပဋိပတ္တိ ကျောင်းတိုက်ကြီးများမှာ မျက်မှောက်ခေတ်တွင် ထင်ရှားလှသော သာသနာ့ အဆောက်အဦများ ဖြစ်သည်။

ယင်း အဆောက်အဦများကို တန်ဘိုးအားဖြင့် ဖော်ပြရလျှင် သိန်းပေါင်းများစွာ ဖြစ်လေသည်။

ဦးစိုးဂေါင်၏ သားဖြစ်သူ ဦးထင်မှ နဂါးဒေါ်ဦး တယောက်တည်း မဟုတ်ပေ၊ စာပေလောက၌ ရှေ့တန်းခေါင်းဆောင် အမျိုးသမီး စာရေးဆရာမ ဒေါ်အမာလည်း ဦးထင်၏ သမီးတဦး ဖြစ်သည်။

စာရေးဆရာမကြီး ဒေါ်အမာသည် လူထုဒေါ်အမာဟုလည်း ထင်ရှား၍ ဒေါ်အမာ၏ ခင်ပွန်းဖြစ်သူ စာပေခေါင်းဆောင် အမျိုးသား စာရေးဆရာကြီး လူထုဦးလှနှင့် လိုက်ဘက်လှပေသည်၊ လူထုဦးလှ+ဒေါ်အမာ ဇနီးမောင်နှံတို့မှာ 'ဆိုယူညီမျှ၊ လှူဒါန်နှင့်၊ သီလမယိုင်၊ သဒ္ဓါလည်းလှိုင်' ကြသည်၊ မည့်သူးသဒ္ဓါ၊ မကွာသီလ၊ များသုတနှင့်၊ စာဂစွာ၊ ပညာမကွေ၊ အနေတော်သင့်၍ တူညီသော ဇနီးမောင်နှံများလည်း ဖြစ်ကြလေသည်။

နဂါး ဒေါ်ဦး, လူထု ဒေါ်အမာတို့ အပြင် ဒေါ်တင်တင် နှင့် ဒေါ်ကြင်ကြင် စသည့် သားသမီးများလည်း ကျောင်းဒကာ ဦးထင်၏ ရင်သွေးရတနာ သားသမီးများ ဖြစ်ကြ၏။

သံယုတ်ငါးကျမ်းပြန် ဦးနန္ဒမာလာ

ဒုတိယခေတ် စတုဘုမ္မိက သာသနာပြုသည့် အပိုင်းတွင် ထင်ရှားသော ခမ္မကထိက သံဃာများအနက် သံယုတ်ဆရာတော် ဦးနန္ဒမာလာလည်းတပါး အပါအဝင်ဖြစ်၏။

ဦးနန္ဒမာလာသည် အသက် ၁၆ နှစ် အရွယ်က သံယုတ်နိကာယ်ကြီး (ပါဠိတော်) ငါးကျမ်းကို ကျောင်းမှန်းစွာ ပြန်ကို အောင်မြင်ခဲ့လေသည်၊ ထို့ကြောင့် သံယုတ်ငါးကျမ်းပြန် ဆရာတော်ဟု ထင်ရှားလေသည်။

အချို့က ဦးနန္ဒမာလာအား ဦးသံယုတ်ဟူ၍ ခေါ်ကြသည်၊ ဦးသံယုတ်ခေါ် ဦးနန္ဒမာလာသည် ကျေးဇူးရှင် မင်းဝံငှက်တွင်း ဆရာတော်ကြီးထံ၌ နှစ်ပေါင်း ၂၀-ကျော်ကာလတိုင် ပိဋကသုံးပုံ နှင့် တက္က ကျမ်း၏အယူအဆ ခွဲဝေနည်းများကို သင်ကြားခဲ့သောပုဂ္ဂိုလ် ဖြစ်သည်။

ဦးနန္ဒမာလာ၏ ဇာတိမှာ ပုခန်းကြီးမြို့ အနောက်လက် ကုန်းစည်ရွာဖြစ်သည်၊ ပဝတ္တိအခါ ဖျာပုံခရိုင် ကမော့ကြီး ချောင်းဝရွာ၌ စတုဘုမ္မိက ကျောင်းတိုက်ကြီး တည်ထောင်၍ သီတင်းသုံးခဲ့လေသည်။

ဦးနန္ဒမာလာ၏ ပထမအကြိမ် ရဟန်းဒါယိကာမမှာ မန္တလေးမြို့ မကွေးရာ ထိပ်တင်မလေးဖြစ်၍ ဒုတိယ အကြိမ် သိမ်ထပ် ရဟန်း ဒါယကာများမှာ ဟံသာဝတီခရိုင် သုံးခွမြို့နယ် နံ့ယောရွာ ကျောင်း ဒကာ သူဌေး ဦးဆာင်နှင့် သူဌေးကတော် ဒေါ်မမလေးတို့ ဖြစ်သည်ဟု သိရလေသည်။

မကွေးရာ ထိပ်တင်မလေး နှင့် ကျောင်းဒကာ ဦးဆပ် - ဒေါ်မမလေး စသော ဂိုဏ်းဝင်ပုဂ္ဂိုလ်များ၏ တောင်းပန်လျှောက်ထားခြင်းကို ဝန်ခံပြီးလျှင် မင်းဝံငှက်တွင်း ဆရာတော်ကြီး အထံမှ ရအပ်သော နည်းအတိုင်း 'သာသန ဝိသောဓနေဂန္ထိရရှုဖွယ်ကျမ်း' နှင့် အခြား ပဋ္ဌာနတ္တကျင့်စဉ်ကျမ်းများကိုလည်း ရေးသား ပြုစုခဲ့လေသည်။

\+ \+ \+

တော်ကမယ် ဦးသုမန

ဘွဲ့တူ ဦးသုမန ၃-ပါး အနက် တော်ကမယ် ဦးသုမနသည် ဤဂိုဏ်းတွင် ထင်ရှားသော ပုဂ္ဂိုလ်တပါးဖြစ်သည်၊ တော်ကမယ်ရွာမှာ ဒေးဒရဲမြို့နယ် အတွင်းဖြစ်၍ ယင်းရွာ၌ ဦးသုမနသည် ဝိဇယာရာမကျောင်းတိုက်ကြီး ဖွင့်လှစ်တည်ထောင်လျက် စတုဘုမ္မိက သာသနာ ပြုလေသည်။ တော်ကမယ် ဦးသုမန ဟု လူသိများသည်။

ဦးသုမနသည် ဆရာတော်ကြီး၏ အထံမှ သင်ယူလာခဲ့သော ပိဋကပညာရပ်များနှင့်လည်း ပြည့်စုံလေသည်၊ ကျင့်စဉ်နည်းများလည်း ကျွမ်းကျင်စွာ

သင်ပြနိုင်သည်၊ ဦးသုမနရေးသားခဲ့သော ကျမ်းများအနက် ' သိက္ခတ္တယ ဒီပနီ ' ကျမ်းသည် စတုဘုမ္မိက ကျင့်စဉ်များကို အကျယ်ပြန့်ဆုံး ရေးသားထားလေသည်၊ ယင်းကျမ်းကို ၁၂၇၇ - ခုနှစ်က ရေးသား ပုံနှိပ်ခဲ့ကြောင်း သိရသည်၊ ထို့ပြင် ' ဩကာသဒီပနီကျမ်း ' နှင့် အခြားဝိနိစ္ဆယအဆုံးအဖြတ် စာတမ်းများကိုလည်း ပြုစုရေးသားလေသည်။

ဦးသုမန၏ ဇာတိမှာမလှိုင်- ပန်းအိုင် မြောက်လယ်ရွာ ဖြစ်သည်၊ အဘဦးရွှေအင်း အမိဒေါ်ကင်းတို့မှ သက္ကရာဇ် ၁၂၄၄ -ခုနှစ်တွင် ယင်းပန်းအိုင်မှာပင် ဖွားမြင်ခဲ့ကြောင်း သိရသည်။

တော်ကမယ် ဆရာတော်၏ တပည့်ကြီးများမှာ နံ့ယော ဦးဇာဂရ, ဦးဗောဓလင်္ကာရ နှင့် ဦးအာသဘတို့ဖြစ်သည်၊ နံ့ယော ဦးဇာဂရကား နောင်အခါ၌ ဤစတုဘုမ္မိကဂိုဏ်းကြီး၏ တတိယ အကြိမ် ဦးစီး ခေါင်းဆောင် ဖြစ်လာမည့် ဆရာတော်တည်း။

ရေဦးမြို့နယ် ကာဘိုးရွာဇာတိ ဟသ်ာတမြို့နယ် ထောင့်တကာဆရာတော် ဦးဉာဏ, လှည်းကူးမြို့နယ် ကျွန်းကလေး ဆရာတော် ဦးစန္ဒိမာ, နံ့ယော ဆရာတော်၏ တပည့်များဖြစ်သော သီလရှင် ဒေါ်သီလဝတီ၊ ဒေါ်စိန္တာယီ နှင့် ဇရပ်ကုန်းဆရာတော် ဦးဇဝနစသော ပုဂ္ဂိုလ်များလည်း စတုဘုမ္မိကဂိုဏ်း၏ ဓမ္မကထိကများဖြစ်၍ ကျမ်းများလည်း ပြုစုခဲ့ကြသည်။

လူပုဂ္ဂိုလ်များမှ ကျောင်းဒကာ သူဌေး ဦးဆင်, မအူပင် ကျောင်းဒကာဦးဘခင်တို့မှာလည်း ကျမ်းပြုဓမ္မကထိကများဖြစ်သည်၊ မအူပင် ဦးဘခင်ပြုစုခဲ့သော ' အရိယာ သစ္စာဒီပနီ ' ကျမ်းသည် အင်္ဂလိပ်-မြန်မာ တွဲလျက် ရေးသားထားကြောင်း သိရလေသည်။

\+ \+ \+

တစ်ကိုယ်ပိုင်း

စတုဘုမ္မိကသာသနာ ဆန်းသစ်လာခြင်း

သက္ကရာဇ် ၁၂၇၁ - ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် ဤစတုဘုမ္မိကသာသနာ ခေတ်၏ တတိယပိုင်းအနေအားဖြင့် တခေတ်ဆန်းသစ်လာသည် ဟုဆိုရမည်။

ပထမ ငှက်တွင်းဆရာတော်ကြီး တည်ထောင်ခဲ့စဉ်က အခြားဂိုဏ်းများနှင့် သီလခံယူနည်း စသော ဂိုဏ်းဝါဒ မခြေမင်ခြင်းများလည်း ပြေလည်ခဲ့လေ သည်၊ မြန်မာနိုင်ငံအတွင်းမှ ဂိုဏ်းအသီးသီးနှင့်လည်း ဝင်ဆန့်ခဲ့လေသည်၊ စတုဘုမ္မိကမဂ္ဂင် ရိပ်သာများကိုလည်း အထက်၊ အောက် မြန်မာနိုင်ငံအတွင်း၌ တည်ထောင်နိုင်ခဲ့လေသည်။

စတုဘုမ္မိကမဂ္ဂင် သာသနာကား တအံ့တသြ တိုးတက်လာသည်နှင့် အမျ ဂိုဏ်းဝင်သံဃာ၊ လူပရိသတ်တို့လည်း များပြားလာလေသည်။

ဤဂိုဏ်း၏ ပထမ နှင့် ဒုတိယခေတ် ပိုင်းခြားခဲ့သည့် အချိန်ကာလ၌ အတန်ငယ်ညှိုးမှိန်ခဲ့သည်ကို တွေ့ရ၏၊ တတိယခေတ်ပိုင်းမှာသာ အမြို့မြို့ အနယ် နယ်တွင် ရိပ်သာများ တည်ထောင်ပြီးလျှင် သာသနာပြုရာ၌ တဘပ်တအား တိုးပွားလာလေသည်။

စင်စစ်အားဖြင့် ဤစတုဘုမ္မိက ဂိုဏ်းကြီး တိုးတက် စည်ပင်လာခြင်းမှာ ကျေးဇူးရှင် နံ့ယော ဆရာတော်ကြီး လက်ထက်မှာ ပို၍ ကြီးမားသည် ဟု ဆိုသော် ဆိုနိုင်ပါပေသည်၊ အကြောင်းကား နံ့ယော ဆရာတော်ကြီးသည် ဤဂိုဏ်း၏ တတိယခေတ်ပိုင်း၌ ဦးစီးဆောင်ရွက်ခဲ့ရာ အခြားဂိုဏ်းများ နှင့် လည်း ပြေလည်ပြီးလျှင် ကျင့်စဉ်များကို တမူထူးခြား၍ ဟောကြားညွှန်ပြ ခြင်းကြောင့်ဖြစ်သည် ဟု ဆိုနိုင်ပါ၏။

သက္ကရာဇ် ၁၂၇၁ - ခုနှစ်က ဘောက်ထော် ဆရာတော်၏ ဟောပြောချက် အရ ဟံသာဝတီခရိုင် သုံးခွမြို့နယ် နံ့ယောရွာအနီးတွင် နံ့ယောဘုရားကြီး တဆူရှိလေသည်၊ ထိုနံ့ယောဘုရားကြီး၏ ဥပစာဝိုင်းကြီးအတွင်း၌ ပေ ၄၀ ပေ ၅၀ - ရှိ သုံးထပ် အုဋ်တိုက် ကျောင်းကြီးတဆောင် ဆောက်လုပ်၍ စတု ဘုမ္မိက သာသနာပြန့်ပွားရန် သူဌေးဦးဆင် အမှူးပြုသော လူပုဂ္ဂိုလ်များက လှူဒါန်းကြလေသည်၊ စတုဘုမ္မိကသာသနာပြုဓမ္မကထိကပုဂ္ဂိုလ်တပါး သီတင်း သုံးရန်ကိုလည်း ဂိုဏ်းဆရာတော်ကြီးများထံသို့ လျှောက်ထားကြသည်။

ထိုအခါ ဂိုဏ်းဦးစီးဖြစ်သော ကွမ်းခြံကုန်းဆရာတော်ကြီးသည် ဘောက်ထော်ဆရာတော်နှင့်တိုင်ပင်လျက် ဓမ္မကထိကဆရာတော် ဦးသုန္ဒရအား ယင်းဌာနသို့ စေလွှတ်လိုက်လေသည်၊ နံယောဘုရားကြီး ကျောင်းတိုက်အားလုံး ဆောက်လုပ် ပြီးစီးသောအခါ ဂိုဏ်းဦးစီး ကွမ်းခြံကုန်းဆရာတော် ကြွရောက်သီတင်းသုံးလေသည်၊ ထိုစဉ်က ကွမ်းခြံကုန်း ဆရာတော်နှင့် အတူ ရဟန်းသာမဏေ နှစ်ကျိပ်ကျော် လိုက်ပါကြွလာကြ၏၊ မန္တလေးမြို့ ညောင်ကန်တိုက်မှ စာချဆရာတော် ဦးကေတု, ဦးဇဝနတို့လည်း လိုက်ပါကြွလာကြ၏။

နံယောဆရာတော်လောင်းလျာဖြစ်သော ကိုရင်ဇာဂရနှင့် နှမဒေါ်ငယ်မတို့က နံယောရွာအနီးရှိ မိမိတို့ပိုင် ၁၄ - ကေမြေလယ်ယာတို့ကို စတုဘုမ္မိက (ငှက်တွင်းဂိုဏ်း) အား သံဃိက ရေစက်သွန်းချပြီးလျှင် နံယောဘုရားကြီးကျောင်းတိုက်ရှိ သံဃာတို့အား ပစ္စည်းလေးပါး ဖိတ်ကြားလျက် လှူဒါန်းကြလေသည်။

ထိုနှစ်က ယင်းကျောင်းတွင် ဒုလ္လဘရဟန်း ၃၀ - ခံရာ နံယောဆရာတော်ဖြစ်လာမည့် ဦးဇာဂရသည်လည်း အပါအဝင်ဖြစ်ပါ၏၊ ဂိုဏ်းဦးစီး ကွမ်းခြံကုန်းဆရာတော်၏ တာဝန်ပေးချက်အရ ဦးသုန္ဒရ, မန္တလေးမှစာချဦးကေတုတို့ ဆက်လက်သီတင်းသုံးလျက် သံဃာပရိသတ်တို့အား စာပေပို့ချပေးခြင်း လူပရိသတ်တို့အား ပဋိပတ်ကျင့်စဉ်လုပ်ငန်းများ ပြသခြင်းဖြင့် စတုဘုမ္မိကသာသနာ ပြုတော်မူကြသည်။

နံယောဦးဇာဂရ, ဦးဒီပ စသော သံဃာတို့မှာ စာချဆရာတော်များ ဖြစ်သော ဦးသုန္ဒရ နှင့် ဦးကေတုတို့အထံတွင် ပိဋကစာပေများ နှင့် ဘာသန္တရ သက္ကဋ စသော စာပေ, ကဗျာ လင်္ကာ စသော စာပေတို့ကို သင်ကြားလျက်ရှိလေသည်။

ထိုနည်းအတူ မင်းလှမြို့မှ ကျောင်းအမဒေါ်ငွေသက် နှင့် သား မောင်သက်ရှည်တို့ကလည်းစတုဘုမ္မိကဂိုဏ်းကြီး တိုးတက်စေရန် ရည်စူးလျက် ၁၂၀၂ - ခုနှစ်က ရှမ်းဦးသုမန၏ ဟောပြောချက်အရ ကျောင်းတိုက်ကြီး ဆောက်လုပ်လှူဒါန်းလေသည်။

မင်းလှမြို့ မင်းဘုရားကြီးတိုက်ကျောင်း ပြီးလျှင် ကွမ်းခြံကုန်း ဆရာတော်သည် ဦးပညာသီဟ, ရှင်ပဏ္ဍိစ္စ စသော ပဏ္ဍာသမဏများနှင့်အတူ ဝါဆိုလျက် စတုဘုမ္မိကသာသနာ ပြုလေသည်။

၁၂၈၃ · ခုနှစ် နံ့ယောဘုရားကြီးကျောင်းတိုက်တွင် ဦးသုန္ဒရ အခြားသို့ ရွှေ့ပြောင်းဝါဆို၍ တော်ကမယ်ဦးသုမန ဆက်လက် သီတင်းသုံးပြန်လေသည်။

ညောင်ကန်စာချ ဦးကေတုသည် ပြည်မြို့တွင်၎င်း ပြည်မှ ရှမ်းဦးသုမနသည် ရေနံချောင်းမြို့တွင်၎င်း အလှည့်အလည် ရွှေ့ပြောင်းကြရလေသည်၊ ရှမ်းဦးသုမနသည် ရေနံချောင်းမှာပင်လူထွက်၍ လူ့ဘဝဖြင့် တရားဟောဆရာ လုပ်နေလေသည်။

ဘောက်ထော်ဆရာတော် နှင့် အဒါး ဦးဝေပုလ္လတို့မှာဟံသာတမှ ပုသိမ်သို့ ရွှေ့ပြောင်းကြရ၍ ဘောလယ် ဦးပါလိတ, ဦးနန္ဒဝံသတို့လည်း ပစ္ဆာသမဏ အဖြစ် လိုက်ပါကြရလေသည်။

ရန်ကုန်မြို့ ၅၃ · လမ်းထိပ်တွင်

၁၂၈၆ · ခုနှစ်တွင် ရန်ကုန်မြို့အရှေ့ပိုင်း ၅၃ · လမ်းဆိပ် ဘာဘူသူဌေးပိုင် အုဋ်တိုက်ကြီးကို ပရိဘောဂပစ္စည်းများနှင့်အတူ ကျပ် ငါးသောင်း သုံးထောင်ကျော် ပေးဝယ်ယူပြီး 'စတုဘုမ္မိက မဟာသတိပဋ္ဌာန် သာသနာပြုကျောင်းတိုက် 'အဖြစ် တည်ထောင်လေသည်။

ထိုကျောင်းတိုက်ဖြစ်မြောက်ရေးအတွက် မတည်ငွေလှူဒါန်းကြသူများမှာ ခရမ်းမြို့မှ ဒေါ်လုံမ ၅၀၀၀ · ကျပ်, ခရမ်းမြို့ ဒေါ်ရီဒေါ်ရင်တို့က ၅၀၀၀ ကျပ်, နံ့ယောသူဌေး ဦးဆင် · ဒေါ်မမလေးတို့က ကျပ် · ၂၀၀၀၀, မင်းလှမြို့ ဒေါ်ငွေသက်က ကျပ် ၂၀၀၀၀, ကွမ်းခြံကုန်းမြို့ ဦးဘအိုး · ဒေါ်တင့်တို့က ကျပ်၅၀၀၀ · စသည်တို့ ဖြစ်ကြောင်း သိရလေသည်၊ ၎င်းကျောင်းတိုက်ကို ဂဏသံဃိကကျောင်းတိုက်အဖြစ် ရေစက်ချသည်ဟူ၍လည်း ဆိုလေသည်၊ ၎င်း စတုဘုမ္မိက မဟာသတိပဋ္ဌာန်ကျောင်းတိုက်တွင် ကွမ်းခြံကုန်းဆရာတော်သည် စာချဦးကေတုနှင့် နောက်ပါသံဃာနှစ်ကျိပ်ကျော်နှင့်အတူ ၁၂၈၆ ·ခုနှစ်တွင် ဝါဆိုကြသည် ဟု ဆို၏။

ကွမ်းခြံကုန်းဆရာတော်သည် တနှစ်တဝါ သီတင်းသုံးတော်မူပြီးနောက် ဌာနချုပ် ကွမ်းခြံကုန်း ပါရမီစံကျောင်းတိုက်သို့ ပြန်လည်ကြွတော်မူသည်၊ ညောင်ကန်စာချ ဦးကေတုနှင့် ရဟန်းသံဃာများ ဆက်လက် သီတင်းသုံးကြ၏၊ စာချဦးကေတုသည် ယင်းသာသနာပြုရာ စတုဘုမ္မိက ကျောင်းတိုက်တွင်

သုံးနှစ်သုံးမိုး သာသနာ ပြုပြီးလျှင် ပုသိမ် စေတုဘုမ္မိက တိုက်ခွဲသို့ ရွှေ့ပြောင်းတော်မူပြန်ရသည်။

ဦးကေတု မရှိသည့်နောက် ဦးကေတု၏ တပည့် ဦးလက္ခဏသည် ဆက်လက်၍ ၂ - နှစ်ကြာမျှ ဤဌာနတွင် သီတင်းသုံးရလေသည်။

စေတုဘုမ္မိကတိုက်ခွဲ တနေရာ၌ အများဆုံး ၃ - နှစ်ထက်ပို၍ ဆက်လက် သီတင်းသုံးခွင့်မပြုရသော ဂိုဏ်း၏ စည်းမျဉ်းအရ နောက်ဆုံး ဦးလက္ခဏသည် အခြားမြို့သို့ ပြောင်းရွှေ့ရပြန်လေသည်။

ထိုအခါ ကျေးဇူးရှင် ဂိုဏ်းဦးစီး ကွမ်းခြံကုန်း ဆရာတော်၏ အမိန့်အရ နံ့ယောဦးဇာဂရသည် ၁၂၉၂ - ခုနှစ်မှစ၍ နံ့ယောဘုရားကြီးကျောင်း တိုက်မှ ရန်ကုန်မြို့ ၅၃ လမ်းထိပ် ဤစေတုဘုမ္မိက ကျောင်းတိုက်သို့ ပြောင်းရွှေ့ရလေသည်။

ဂိုဏ်းစည်းမျဉ်းအရဆိုလျှင် နံ့ယော ဦးဇာဂရမှာ ဤရိပ်သာခွဲတွင် သုံးနှစ်ထက်ပို၍ မနေရ၊ သို့သော် ရန်ကုန်မြို့ ဤရိပ်သာ တိုက်ခွဲသို့ ပြောင်းရွှေ့နေချိန်မှစ၍ စေတုဘုမ္မိက သာသနာ တိုးတက် စည်ကားလာခြင်း၊ ရဟန်းသံဃာ ဝါကြီးပ်ကျော်ရှိ ခြင်း စသော တိုးတက်မှု များကြောင့် ဒုတိယ စစ်ကြီး ဖြစ်ပွားချိန်အထိ ဆက်လက် သီတင်းသုံး နေရလေသည်။

နံ့ယော ဦးဇာဂရ လက်ထက် ဤတိုက်ခွဲ သာယာ စည်ပင် တိုးတက် လာရုံမက အမြို့မြို့အနယ်နယ်ရှိ စေတုဘုမ္မိက ရိပ်သာ တိုက်ခွဲ များလည်း ပြန့်နှံ့၍ တိုးတက် စည်ပင်လာလေသည်။

နံ့ယောဆရာတော် ဦးဇာဂရသည် ၁၃၀၃ - ခုနှစ် ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်၍ ရန်ကုန်တမြို့လုံး မြို့သူမြို့သားတို့ မနေနိုင်အောင် ဗုံးအကြိမ်ကြိမ် ချသဖြင့် နောက်ဆုံး တပည့်သံဃာ၊ လူ ပရိသတ်များနှင့် အတူ မိမိဇာတိ နံ့ယောဘုရားကြီး ကျောင်းတိုက်သို့ ရွှေ့ပြောင်းနေရပြန်လေသည်၊ နံ့ယောမှ တဖန် ခရမ်းမြို့ စေတုဘုမ္မိက ရိပ်သာခွဲတခု တည်ထောင်လျက် ရွှေ့ပြောင်း နေနှံ့ရာ ဒုတိယ ကမ္ဘာစစ်ကြီး ပြီးသည်အထိ လေးနှစ်ကြာမျှ ဖြစ်သည်ဟု သိရ၏။

နံယောဆရာတော်

၁၃၁၄ - ခုနှစ် ပတ်ဝန်းကျင်က ထင်ပါသည်၊ ထိုအချိန်မှ အစပြု၍ ကျောင်းအမကြီး (ဒေါ်မမဦး) ၏ ကျေးဇူးကြောင့် နံယောဆရာတော်ဘုရားကို ကြည်ညိုဖူးတွေ့ခွင့် ရခဲ့သည်။

နံယောဆရာတော် မန္တလေးသို့ ပြောင်းရွှေ့တော်မူစဉ်က ဤစတုဘုမ္မိကမဂ္ဂင်ရိပ်သာ အဆောက်အဦ အတန်ငယ်သာ ရှိပါသေး၏၊ အများအားဖြင့် ဝါးဖြင့်ပြီးသော ကမ္မဋ္ဌာန်းကျောင်း ငယ်ကလေးများ၊ နံယောဆရာတော် သိတင်းသုံးရာကျောင်း နှင့် တရားဟောရာ ဓမ္မာရုံ အဆောက်အဦမှာမူ နေဖြစ်ဟောဖြစ်ရုံ ရှိ၏၊ တရားအားထုတ်သူများ တရားနာကြားသူများမှာတော့ ထိုကျဉ်းမြောင်းလှသော အဆောက်အဦတွင် ပြည့်ညပ်စည်ကားနေပါပြီ။

စတုဘုမ္မိက မဂ္ဂင်ရိပ်သာ တည်ရှိရာ၏ မြေကွက်မှာကား— စည်မျက်နှာပြင်ကဲ့သို့ညီညာလှ၏၊ သန့်ရှင်းပြေပြစ်လှ၏၊ ပြန့်ပြူးကျယ်ဝန်းလှ၏ ရိပ်သာ၏ အရှေ့ဘက်ရှိ မန္တလေး တောင်တန်းမှ တဖိတ်ဖိတ် တောက်နေသော ရွှေရောင်များ ဖွေးဖွေးဖြူ ဝင်းလက်နေသော စေတီပုထိုးများမှာ ရွှေနန်းတော်ပစ္စင်, ပြအိုး, မြို့ရိုး, ကျုံး တို့ဖြင့် ရှုမဆုံးအောင်ကြည်နူးစေပါ၏။

ကျုံးအတွင်းမှ ကြာမျိုး ငါးပါးကလည်း ကြွားရရားတင့်၍ ဆောင်းလေပြေ ဆော်သွင်း လိုက်သည့်အခါ ကြာငုံဖူးပွင့်တို့ကို သွေးဆောင်လျက် ရနံ့သင်းလှိုင်စေပါ၏၊ ပန်းသစ်ပင် ပျိုးအို တို့ကို မြေမျက်နှာပြင်ဝယ် အလှဆင်စိုက်ပျိုးရန်လည်း ကောင်းလှပါဘိနှင့်၊ စိုက်ပျိုးထားသည့်ပန်းသစ်ပင်တို့မှာ မြေဩဇာအကျိုးကြောင့် တင့်ရှန်းစိမ်းစိုလျက်ရှိ၏၊ သာယာရှုမောဖွယ် ဖြစ်သည့် ထိုမြေမျက်နှာအပြင်၌ စတုဘုမ္မိက မဂ္ဂင် ရိပ်သာ သည်လည်း ထီးထီးမတ်မတ်ကြီး တည်ရှိနေသည်၊အရပ်လေးမျက်နှာမှသူတော်စင်ပရိသတ်တို့ မလာချင့်လာချင်အောင်လည်း ဖိတ်ခေါ်နေသကဲ့သို့ရှိသည်၊ လူအများကို 'ဆွတ်ပလှဲ့ပါဟု ညွှတ်နွဲ့က မြူမြေ့မြေ့၌ လူကိုနော် မခေါ်ဘိသော်လဲ ခေါ်သည့်ယောင်ယောင်ပ' ဆိုသော ကဗျာအဖွဲ့ကဲ့သို့ ခေါ်ဆောင်နေဟန်ရှိ၏၊ ထိုအချိန်မှစ၍ ဤရိပ်သာ တနေ့တခြား အဆောက်အဦ များလာသည်၊ တနေ့တခြား ရဟန်းရှင်လူ ပရိသတ် တိုးလာသည်။

တရားသံ, ရဟန်းသာမဏေတို့၏ စာချစာအံသံ, ကမ္မဋ္ဌာန်း အားထုတ်ကြသောယောဂီပုဂ္ဂိုလ်တို့၏ ဘုရားရှိခိုးသံ, ဆွမ်း ရေချမ်း ပန်း ဆီမီး ကပ်လှူ

ပူဇော်သံ, ခေါင်းလောင်းသံ, ကြေးစည်သံ တို့ဖြင့် ကြည်နူး ပျော်ရွှင်ဖွယ် ကောင်းလှသည်၊ သဒ္ဓါတရား တိုးပွား၍ ရှင်လူအပေါင်းတို့လည်း အကျိုး များလှသည်။

အရိယာနွယ်ဝင် သူတော်စင်ပုဂ္ဂိုလ်တို့၏ နေရာအရပ်ဒေသဖြစ်၍ အလွန် မွေ့လျော်ဖွယ်ကောင်းလေစွ ... ။

မြို့ရွာမှာဖြစ်စေ တောမှာဖြစ်စေ, မြေနိမ့်ရာမှာဖြစ်စေ တောင်ကုန်းမှာ ဖြစ်စေ အကြင်အရပ်ဒေသ၌ အရိယာနွယ်ဝင် သူတော်စင်တို့ နေထိုင်ကြအံ့၊ ထိုနေရာအရပ်ဌာနသည် အလွန်ကြည်နူးဖွယ် မွေ့လျော်ဖွယ် ရှိကြောင်းကို ဘုရားရှင် ဟောကြားတော်မူခဲ့သည် မဟုတ်ပါလား။

နံ့ယော ဆရာတော်ကြီးကား ကြည်ညိုဖွယ် ပါသာဒိကဂုဏ် ရှိတော်မူ ပါ၏၊ ဆရာတော်နှင့် ဖူးတွေ့ကြရမည်ဆိုလျှင် မကြည်ညိုဘဲ မနေနိုင် လေး လေးကြည်ညိုကြခြင်းကို ဆန်းစစ်မူ ဆရာတော်အပေါ်၌ အကျင့်သီလရှိခြင်း, အမြော်အမြင်ပညာရှိခြင်း,တရားတော်၌ တည်ရှိခြင်း, ဟုတ်မှန် တိကျသော စကားကို ပြောဆိုခြင်း, သိက္ခာသုံးပါးကို ဖြည့်ကျင့်ဆည်းပူးခြင်း ဟု ဆို သော ဝမ္မပဒ ကုမ်းလာ ဂုဏ်အင်္ဂါ အရည်အချင်းနှင့် ပြည့်စုံနေသည်ကို တွေ့ရသောကြောင့် ဖြစ်ပေသည်၊ လူအများ ချစ်ခင် ကြည်ညိုဖို့ရာလည်း မလွယ်ကူပါ။

ရှင်တော်မြတ်ဘုရား လက်ထက်တော်အခါက ညီတော် ရှင်အာနန္ဒာအား ပရိသတ်လေးမျိုး ကြည်ညိုကြသည်၊ ညီတော်ရှင်အာနန္ဒာ၏ မျက်နှာတော် ကို ဖူးမြင်ရလျှင် နှစ်သက်ဝမ်းမြောက်ကြသည်၊ တရားတော်ကို ကြားနာကြ ရလျှင်လည်း နှစ်သက် ဝမ်းမြောက် ကြသည်၊ မျက်နှာတော် ဖူးရတိုင်း ဖူး၍ မဝနိုင်၊ တရားတော်ကို ကြားနာရတိုင်းကြားနာ၍မဝနိုင် ဖြစ်ရသကဲ့သို့ နံ့ယောဆရာတော်အား ဆည်းကပ်ကြသူတိုင်း အေးချမ်းသောအရိပ်ကိုခိုလှုံ ရသလိုရှိကြသည်၊ နံ့ယောဆရာတော်၏ မျက်နှာတော်ကို ဖူးမြင်ကြရလျှင် ဖူးမြင်၍ အားမရနိုင် တရားတော်ကို ကြားနာရလျှင် ကြားနာ၍အားမရနိုင် နှစ်သိမ့် ရောင့်ရဲ တင်းမတိမ်နိုင်ချည်း ဖြစ်ကြရသည်။

နံ့ယော ဆရာတော်ကြီး၏ အသားအရေတော်မှာ စိုပြေတင့်ရှန်းတော်မူ သည်ကား မှန်ပါ၏၊ သို့သော် အနည်းငယ် အသားတော်ညိုသည်၊ အသား ညိုသည်ဆိုပါသော်လည်း သပိတ်အဆင်းအရောင်ကဲ့သို့ မဲမှောင်နေခြင်းမဟုတ်၊ အရပ်တော် ခန့်ငြားထယ်ဝါသည်၊ မဟာပုရိသလက္ခဏာ(ပုရိသာဇည) တ

စိတ်တဒေသနှင့် ပြည့်စုံသည်ဟု ဆိုရပါမည်၊ အရပ် အမောင်း အလုံး အရပ်မှာ ညီမျှသော သဏ္ဌာန်ရှိ၏၊ အသံခတ်ခေါ်သော သဒ္ဒနိကာယ်မှာ ပြိုပြင်သန့်ရှင်း၍ နက်ရှိုင်းသော အသံဝါကြီး ဖြစ်သည်၊ ဆရာတော်၏ အိုမင်းရင့်ရော်သော်လည်း နုပျိုခြင်းဟူသော ရူပကာယနှင့် ပြည့်စုံမှု, သတ္တဝါတို့အပေါ်၌ ကြီးမားလှသော မေတ္တာကရုဏာရှိခြင်း ဟူသော နာမကာယနှင့် ပြည့်စုံမှု စသည်တို့၏ အကြောင်းကြောင့်လည်း ကြည်ညိုကြသူ လေးစားချစ်ခင်ကြသူများသည်ဟု ဆိုနိုင်သည်။

ထိုမျှမကသေးပါ၊ ပွတ်သစ်စ ခရုသင်းကဲ့သို့ သန့်ရှင်း စင်ကြယ်သော သီလ, ယင်းသီလသိက္ခာကို စောင့်ထိန်းရာ၌ မြီးဆံကို အသက်လဲ၍ ချစ်သောစာမရီသားကဲ့သို့ အသက်ကိုမငဲ့ကွက်ဘဲ သီလသိက္ခာကို အပျက်မခံ လုံခြုံစွာ စောင့်စည်းတော်မူ၏။

ဘုရားရှင် စက်ဆုပ်ရွံရှာတော်မူသော ဒါယကာတို့သဒ္ဓါကို ဖျက်ဆီးခြင်း ဟူသော ကုလဒူသက အမှုမျိုး, ဝိနည်းတော် နှင့် မလျော်မအပ်သော ရှာမှီးခြင်းဟူသော အနေသန အမှုမျိုးမှလည်း ဝေးစွာ ရှောင်ရှား၏။

လက်ျာတော်ရံ အရှင်သာရိပုတ္တရာသည် နှုတ်ဖြင့် ပြောဆိုခြင်း ဝစီဝိညတ်ဖြင့် ရအပ်သော ဆွမ်း စသော ပစ္စည်းလေးပါးကို အလှူမခံသည့် အလားနှုတ်ကပြောဆိုခြင်းဖြင့် ရအပ်သော ပစ္စည်းလေးပါးကိုလည်း သုံးဆောင်ခြင်းငှာ မပြု။

ကျောင်းအမကြီး ဒေါ်ဦးသည် ဤ နံယောဆရာတော်ကြီးအား ပစ္စည်းလေးပါးဖြင့် အလိုရှိရာ ဖိတ်ကြားထားသော်လည်း မည်သည့်ပစ္စည်းကို အလိုရှိသည်၊ မည်သည့်ပစ္စည်းကို လှူပါဟု နှုတ်ဖြင့် ပြောဆိုအလှူခံသည်ကို ပျံလွန်တော်မူသည့်တိုင်အောင် တကြိမ်တခါမျှ မတွေ့ဘူး မကြားဘူးဟု ဆိုပါသည်။

ဆရာတော်ကြီးသည်ကျောင်းအမကြီး နှင့် အခြား ဆွေမျိုးတော်စပ်သူ, မတော်စပ်သော တပည့် တပန်း ရဟန်း ရှင် လူများက ပစ္စည်း လေးပါး ဒါယကာ မှတ်ယူတော်မူပါ, အလိုရှိရာ တောင်းတော်မူပါဟု ဖိတ်ကြားထားသူများကို နှုတ်ကတောင်းကောင်းပါလျက် မတောင်းသော်လည်း အပြစ်ကင်းပါလျက် နှုတ်ကပြောဆို၍ အလှူမခံ မကောင်းခံကြောင်းလည်း သိရ၏။

နံယောဆရာတော် လက်ထက်၌ ကြီးကျယ်ခမ်းနားသော ဤ စတုဘုမ္မိကာရိပ်သာ အဆောက်အဦတို့မှာ အလိုလို ဘုံဗိမာန်ပေါက်သကဲ့သို့သာ ဖြစ်၏။

ဆရာတော် မည်သည့်အခါမျှ နှုတ်ကပြောဆို၍ ဆောက်လုပ် ပေးပါ စသည်ဖြင့် အလှူမခံဘူး ဖြစ်စေချင်သော လိုချင်သော အခြင်း အရာကို အရိပ် အယောင်မျှ မိန့်တော်မမူခဲ့ဘူး၊ ဤမျှ သီလတော် စင်ကြယ်လှ၏။

သီလစင်ကြယ်ရုံမကသေး၊ သမာဓိအနေနှင့် ဆိုရလျှင် အလွန် ခန့်ခိုင်သော ကျောက်တိုင်ကို လေမုန်တိုင်း ပြင်းထန်စွာ တိုက်ခတ်ပါသော်လည်း ယိုင်လဲခြင်း မရှိ သကဲ့သို့ လောကဓံ တရား ရှစ်ပါးနှင့် တွေ့ဆုံ ရခြင်းဖြင့် ယိမ်းယိုင်တုန်လှုပ်ခြင်း မရှိ၊ တည်တန့်သော သမာဓိရှိကြောင်း သိရ၏။

ဤ စတုဘုမ္မိက ဂုဏ်းနှင့် စပ်သော ယူဆချက်များကို မလိုလျှင် မလိုသလို စုပ်စွဲပြောဆိုကြပါသော်လည်း ဆရာတော်မှာ တစုံတရာ ပြန်လှန် ဖြေကြားခြင်း အငြင်းပွားခြင်း အလျဉ်းရှိတော် မမူ၊ ဆိတ်ဆိတ်သာ နေလေ့ ရှိ၏။

သီလ သမာဓိ ဂုဏ်တို့ဖြင့် ထုံအပ်သည်ထက် ကြီးကျယ်နက်နဲသော ထူးကဲ ထက်မြက်သော ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါ၏၊ပိဋကသုံးပုံ နိကာယ် ငါးရပ်တို့၌ နှံ့စပ် ခြောက်ခြားတော်မူနိုင်၏၊ နှုတ်တက် အရေအမိ များ၍ မှတ်ဉာဏ်ကောင်းကြောင်း, အကြား အမြင် ဗဟုသုတ ကြွယ်ဝကြောင်း စာရေးသူကိုယ်တိုင် ချဉ်းကပ်လျှောက်ထား ဆွေးနွေးခြင်းဖြင့် ထင်ရှားလှပါ၏။

ဤသို့လျှင် သီလ သမာဓိ ပညာ ဂုဏ်တို့ဖြင့် အဘက်ဘက်မှ စုံလှသော ဆရာတော်တပါး ဖြစ်ရကား ဤ ဆရာတော်၏ လက်ထက် အခါ စတုဘုမ္မိက ဂုဏ်း ကြီးပွားခြင်းမှာ အံ့ဖွယ် မရှိတော့ပါ။

\+ \+ \+

နံ့ယော ဆရာတော်၏ ဘ၀ခရီးအစ

တခုသော ရပ်ရွာဒေသ၏ သာယာ ဖွံ့ဖြိုးခြင်းကို အကဲခတ် ကြည့်ရှုကြလျှင် အောက်ပါ အချက်အလက်များကို တွေ့နိုင်သည်၊ လမ်းပန်းဆက်သွယ်မှု ပြေပြစ်ခြင်း, လယ်ယာလုပ်ငန်းကောင်းမွန်ခြင်း, ထိုရပ်ရွာ၏ ပတ်၀န်းကျင် လယ်ကွက်များ ပြန့်ပြူးကျယ်ဝန်းခြင်း နှင့် ချောင်းမြောင်းများ ဖြစ်သည်။

သခွတ်ကုန်းရွာသည် အောက်မြန်မာ နိုင်ငံ ပဲခူးတိုင်းပိုင် ဟံသာ၀တီ ခရိုင် သုံးခွမြို့နယ်တွင် တည်ရှိလေသည်၊ သခွတ်ကုန်းရွာ၏ အရှေ့ဘက်တွင်

ပင်လယ် နှင့် ဧရာဝတီမြစ်မှ ဒီရေအတက်အကျ စီးနေသော မြစ်လက်ပွား ချောင်းငယ်ရှိသည်၊ ရွာ၏မြောက်ဘက်၌လည်း ချောင်းရှိသည်၊ အနောက်နှင့် တောင်ဘက်မှာမူ ရှုမြှော်မဆုံးနိုင်သော လယ်ကွက်ကြီးများ ရှိသည်၊ ယင်း လယ်ကွက်များကို ' ဟံသာဝတီကွင်း ' ဟု ခေါ်ကြသည်၊ ဤနယ်တဝိုက်ကို ရှေးအခါက 'မှော်ဝန်းသုံးခွ ' ဟူ၍ ခေါ်ဆိုကြသည်၊ ယခုမူ ကျောက် တန်းသုံးခွနယ် ဖြစ်နေလေပြီ။

သခွတ်ကုန်းရွာ၏ ပတ်ပတ်လည် တဝိုက်တွင် ချောင်းများ လယ်ယာများ ဝန်းရံထားသဖြင့် ထိုရွာ၏ ဖွံ့ဖြိုးစည်ပင်နေခြင်းကို အထူးဖော်ပြရန်ပင် မလို တော့၊ သခွတ်ကုန်းရွာမှာ အိမ်ခြေ ၁၀၀ ကျော်ခန့် ရှိသော်လည်း စီးပွား ရေး အခြေအနေ ကောင်းသောရွာ ဖြစ်၏၊ စီးပွားရေးအတွက် ကူးသန်း ရောင်းဝယ်မှု၌ လွယ်ကူသည်၊ ထိုရွာနှင့် နယ်ပယ်၏ အဓိက စီးပွားရေး ထွက်ကုန်မှာ ဆန်စပါးဖြစ်၏၊ ရှေးအခါက စပါး တသီးစားစိုက်ပျိုးကြ၏၊ ယခုမူ နှစ်သီးစား သုံးသီးစားအထိ စိုက်ပျိုးနေကြပြီ။

အောက်ပိုင်းဒေသ၌ အများဆုံး မိုးရေချိန် ကြီးသော ဌာနများဖြစ်၍ မိုးကောင်းသည်နှင့်အမျှ စီးပွားရေး အခြေအနေ မနိမ့်ကျကြ။

လူမှုရေး ရှုထောင့်အနေဖြင့် ကြည့်ကလည်း ထိုရွာ၏ ပထဝီ အနေအား ဖြင့် မှော်ဝန်းသုံးခွ (ယခု ကျောက်တန်းသုံးခွ) မြို့များနှင့်ရင်း အလွန် စည်ကားသော နံ့ယောရွာကြီးနှင့်ရင်း ဆက်စပ် နီးကပ်နေသဖြင့် အဆင့် အတန်းမြင့်မားသည်ဟု ဆိုနိုင်၏၊ အခြား ပညာရေး ဘာသာရေး စသော အနေအထားမှာလည်း ဗဟုသုတရှိသူများ အသိဉာဏ်ရှိသူများ နေထိုင်ရာ ကြီးပွားတိုးတက်ရာ ဖြစ်၍ အဆင့်အတန်း မနိမ့်ကျခဲ့ပေ။

အထူးသဖြင့် ဖော်ပြရလျှင် သခွတ်ကုန်းရွာနှင့် နှစ်မိုင်ခန့်ကွာဝေးသော နံ့ယောရွာနှင့် အလွန်နီးကပ်ပြီး လူမှုရေး စီးပွားရေး စသော အဆက် အနွယ် အချင်းချင်း ဖလှယ်နေကြခြင်းကြောင့် ပို၍ အဆင် ပြေနေသည်၊ နံ့ယောရွာတွင် ထင်ရှားသော စေတီတော်ကြီးတဆူ ရှိ၏၊ ထိုစေတီတော်၏ ပွဲတော်ဆိုလျှင် ပတ်ဝန်းကျင် မြို့နယ် ကျေးလက်ရွာများမှ များပန်းခတ် ဝိုင်းအုံလာကြသည်၊ ဘုရားကြီးကား တန်ခိုးတော်ကြီးလှ၏၊ ထိုဘုရားကြီး မှာ နံ့ယောရွာ အနီးတွင် တည်ရှိသဖြင့် နံ့ယောဘုရားကြီးဟု ထင်ရှားခဲ့ လေသည်။

ရွှေးဟောင်းစေတီ (ဘုရားကြီး) တဆူပါပေတည်း၊ ဤဘုရားကြီးတည် စဉ်က နတ်ရော , လူရော ဝိုင်းဝန်း၍ နတ်တရစ် လူတရစ်တည်ခဲ့သည် ဟု ရာဇဝင်၌ အဆိုရှိခဲ့သည်၊ နတ်ရောလူပါ တည်ခဲ့ရာ ဘုရားကြီး၏ ဗျူပွတ်ကို အစွဲပြုလျက် နတ်ရောရွာဖြစ်လာသည် ဟု သမိုင်းသုတေသီတို့က ဆိုလေသည်၊ ကာလရှည်လျားလာသည့်အခါ နတ်ရောရွာမှ ' နံ့ယောရွာ ' ဟု အမည်တွင် လာကြောင်း သိရ၏။

သခွတ်ကုန်းရွာ နှင့် နံ့ယောရွာတို့မှာ လူမှုရေး , စီးပွားရေး စသည်တို့ အချင်းချင်း (အညမည) ဆက်စပ်နေရကား နံ့ယောရွာ သာယာဖွံ့ဖြိုး တိုးတက်သည်နှင့် အမျှ သခွတ်ကုန်းရွာလည်း သာယာ ဖွံ့ဖြိုး တိုးတက်လျက် ရှိသည်။

သခွတ်ကုန်းရွာသည် နံ့ယောရွာ၏ တိုးတက်မှု နိမ့်ကျမှုတို့နှင့် အချင်းချင်း ဆက်နွယ်နေ၍ နံ့ယောရွာ တိုးတက်လျှင် သခွတ်ကုန်းရွာလည်း တိုးတက်လာ ပေသည်။

လူနေမှု စိတ်ဓာတ်ချင်း ဆက်နွယ်မှု စသော အကြောင်းများကြောင့် ' ကြာလည်း ရေဖြင့် လန်းလန်းပွင့်သလိုရေလည်း ကြာဖြင့် ရွှန်းရွှန်းတင့်၍ ' နေပါသည်၊ ထိုနှစ်ရွာကား ' ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ' ဆိုရမည်မဟုတ်ပါ လား။

ရိုးရာ လယ်သမားကြီးများ

အများအားဖြင့် မှော်ဝန်းသုံးခွနယ်ပယ်သည် လယ်ယာဖြင့် အသက်မွေး ဝမ်းကျောင်းကြသော ရိုးရာလယ်သမားများပါတည်း၊ ဝသန်ကာလ မိုးဦး ကျလာပြီဆိုလျှင် တောင်သူ လယ်သမားတို့မှာ လယ်ထွန်စ ပြုကြလေပြီ၊ စပါးသီးနှံ အမျိုးမျိုး စိုက်ပျိုးကြလေပြီ။

> ' ဝသန်ကာလ၊ ရာသီစဝယ်၊ ထွန်ချမင်္ဂလာ၊ တောင်သူမှာလည်း၊ ဘာသာစလေ့၊ ပျော်မွေ့စိုက်ပျိုး၊ ကောက်ပဲမျိုးကို၊ အားကြိုး လုံ့လ၊ ဂုဏ်စွမ်းပြလျက် '
>
> (ရှင်ဥတ္တမကျော်တောလား)

မိုးဦးရာသီအခါ လေဦးများ မြူးတော့သည်၊ မိုးဦးတွင် လေဦးမြူးသည့်အခါ ရေရှူးတွေ မောက်ကြွပြီး အင်းအိုင်ချောင်းများလည်း ရေလျှံနေလေပြီ၊ စိမ့်ရေစမ်းရေလည်း ပေါ်လာပေပြီ၊ ချောင်းအတွင်း အိုင်အတွင်းမှာ မကာရံ ငါးသတ္တဝါတို့သည်လည်း ရေကစား၍ မြူးတူးနေကြပြီ။

'ရေရှူးမောက်၍၊ ထုံးပေါက်အင်းအိုင်၊ ဂနိုင်စိမ့်စမ်း၊ တင်းကြမ်းသုန်သုန်၊ စီးသွယ်ခြုံသည်၊ ယမုန်ဂင်္ဂါ၊ ရေညီလာနှင့်၊ သီတာသဘင်၊ ရှုအင်မခန်း၊ အဆန်းဆန်းလျှင်၊ မကာရံလိပ်ငါး၊ ရွှင်မြူးစားလျက်'

(ရှင်ဥတ္တမကျော် တောလား)

ဝါဆိုကုန်ကျမ်း ပါခေါင်ဆန်းလေက 'ဝါဆိုဝါခေါင် ရေဖောင်' ဆိုသည်နှင့်အညီ ဝါဆိုလ၌ ပုန်းညက်ပန်း ပွင့်စပြုပါပြီ၊ မိုးဦး လေဦးဖြစ်၍ လေပြေကလည်း မြူးသည်၊ရေကလည်း ရှူးလာသည်၊ နေမင်း၏ အလင်း ရှိန်ဝါကလည်း ထုံးပူလာသည်၊ တိမ်သင်တိုင်းတို့ကလည်း အလှိုင်းလှိုင်းထလျက်နေသည်။

လယ်သမားတို့ကလည်း ကုန်းနေအောင် အလုပ်လုပ်ကြရပြီ၊ အဓိကအားဖြင့် လယ်သမားတို့အလုပ်မှာ လယ်ထွန်လုပ်ငန်း ပေါက်တူးပေါက်လုပ်ငန်း ကောက်စိုက် ကောက်ရိတ်လုပ်ငန်းများ ဖြစ်သည်၊ လယ်ကို ခါးကုန်းအောင်ထွန်ယက်ကြရ၏၊ ပေါက်တူးကို ခါးကုန်းအောင်ပေါက်ကြရ၏၊ ကောက်စိုက်ကောက်ရိတ်ကို ခါးကုန်းအောင် စိုက်ကြရ ရိတ်ကြရ၏၊ တနည်းဆိုရလျှင် လယ်သမားတို့၏ အဓိကပစ္စည်းများမှာ ထွန်, ပေါက်တူး တံစဉ်တို့ ဖြစ်ကြရာ ထွန်လည်းကုန်းကုန်း ပေါက်ဘူးလည်းကုန်းကုန်း တံစဉ်လည်းကုန်းကုန်းတို့ဖြင့် ရှုန်းနေကြရသည်။

လယ်ထွန်ရာ ပေါက်တူးပေါက်ရာ ကောက်စိုက်ရာ ကောက်ရိတ်ရာ တို့၌ ကုန်း၍ရုန်းနေရသောဘဝမှာ လယ်သမားဘဝ၊ ထွန် ပေါက်တူး တံစဉ်တို့ဖြင့် တကုန်းကုန်း တကွကွ နေကုန်အောင် ကုန်း၍ကွ၍ လုပ်နေကြရသော လယ်သမားများပေတည်း။

'မိုးမသောက်ခင်က၊ခလောက်ချောင်ဂျင်၊ လုပ်ငန်းငယ်ပြင်သည်၊ ချောင်းရေယဉ် သွင်သွင်စီးပါလို့၊ ကောက်ကြီး စပါးနှံက၊ သန်လှ
တယ်ဧး၊ သို့အရာမူ၊ တို့ရွာအလိုက်၊ ချွေးပြိုက်ပြိုက်တယ်နှင့်

ကောက်စိုက်မှုဟန်၊ သူ့အပြန်ကို ထမင်းခံမြေလုပ်၊ အင်စောင်ထုပ်နှင့်၊ ဆူးပုတ်ရွက်ညို၊ ဆီမခပ်သော်လဲ တလက်ကယ်ချိုလှတယ်၊ မင်းပျိုတို့ ခုချိန်ခါကို၊ စားစရာ ဝါမပြောပါဘု ပေါ်လှတယ်လေး'

ဤလွမ်းချင်းကား လယ်သမားတို့၏ ဘဝသရုပ်ကို ဖော်ပြထားသော လွမ်းချင်းဖြစ်၏၊ ဘကြီးဘော် မင်းလက်ထက် စာဆိုတော် ဦးဆောင်းက ဤသခွတ်ကုန်းရွာနှင့် နံ့ယောရွာတို့အဘွက် လယ်သမားကြီးတို့၏ ရှုခင်းရှုကွက်များကို ပြိုပြင်စွာ သရုပ်ဆောင်ထားလေရော့သလား။

ဤကျေးရွာများမှ လယ်သမားကြီးတို့မှာ လယ်ယာကိုထွန်ယက်ကြသည်၊ မိုးမလင်းမီ ရွာသူရွာသားတို့ အိပ်ရာမှထကြသည်၊ လယ်ယာတောသို့ သွားကြသည်၊ ကျွဲနွားများ ပြင်ဆင်ကြသည်၊ ကျွဲနွားများတွင် တပ်ဆင်ဆွဲထားသော ခလောက်သံ ခြူသံတို့ ဆူညံနေကြသည်။

လယ်တောသို့ တသွင်သွင်စီးနေသော ချောင်းရေ မြောင်းရေဘို့မှာ နရီသံလိုလို နာပျော်ဖွယ်သီဆိုနေကြသည်၊ ရေကို တဝကြီးသောက်ရသော လယ်ကွက်ရှိစပါးပင်တို့မှ စပါးသီးနှံများမှာ အလွန်ရှင်သန်လှသည်၊ စပါးပင်များ ရှင်သန်လာအောင် ပြုစုစိုက်ပျိုးကြသူ လုံမပျိုတို့မှာ မြေကြီးနှင့် လုပ်ထားသော ဟင်းရည်သောက်အင်တုံတွင် ဆီမခပ်ဘဲ ချက်ထားသည့် ဆူးပုတ်ညို ဟင်းလျာကလေးက တမြမြ အလွန်ချိုမြိန်လှသည်၊ အခြား စားသောက်စရာတွေကလည်း များပြားလှပါဘိ၊ ဤကား အဆိုပါလွမ်းချင်း၏ အဓိပ္ပာယ်ဖွင့်များဖြစ်၏။

လယ်သမားတို့မှာစိုက်ပျိုးလုပ်ဆောင်၍ရခဲ့သော စပါးပင်များမှ တနှစ်ဘာဆိုလျှင် ကိုးကြိမ်ဘိုင် လှူရ တန်းရကြသည်၊ လယ်သမားတို့ကို ကိုးကြိမ်ကိုးခါ လှူကြရသော လယ်သမားများ ဟူ၍လည်း ...

မုံရွေးဆရာတော်ကြီးက 'တနှစ်စာလုပ်ရန်ကို ကိုးဖန်လှူ လယ်သမား' ဟု ရာဇဝါဒကျမ်း၌ ဆိုထားခဲ့ခြင်းဖြစ်၏၊ စပါးဖုံးဦး,မုံဆန်းဦး,ရိတ်ဦး,ဆုတ်ဦး,လှိုင်းဦး,နင်းဦး,ခြင်ဦး,ရောင်းဦးနှင့် စားဦးတို့ကိုစပါးစိုက်ပျိုးသောအချိန်မှစ၍ ကိုးကြိမ်ကိုးခါတိုင် လှူနိုင်တန်းနိုင်ကြောင်း ယင်းသို့လှူဒါန်းနိုင်ခြင်းမှာ စပါးစိုက်ပျိုးကြသော လယ်သမားတို့သာဖြစ်ကြောင်း ဆိုလိုပါသည်။

နံ့ယော ဆရာတော်၏ မိဘများ

ရိုးရာ ဓလေ့အားဖြင့် လယ်ယာများ လုပ်ကိုင်၍ အသက်မွေး ဝမ်းကျောင်းနေကြသူတို့မှာ ဦးဘိုးငြိမ်း နှင့် ဒေါ်လေးမယ်တို့ ဖြစ်သည်၊ ဦးဘိုးငြိမ်း နှင့် ဒေါ်လေးမယ်တို့မှာ ဖော်ပြပါ မှော်ဝန်း သုံးခွနယ် သခွတ်ကုန်းကျေးရွာတွင် နေထိုင်ကြလေသည်။

၎င်းတို့ နှစ်ဦးမှာ ရိုးရာ တောင်သူလယ်သမားများ ဖြစ်ကြသော်လည်း ဥစ္စာပစ္စည်း ချို့တဲ့မှု မရှိကြ၊ ဗုဒ္ဓဘာသာ သူတော်စင်များလည်း ဖြစ်ကြသည်၊ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ကြသူများ ဖြစ်သည့်အလျောက် ဘာသာရေး လေးစားကြသည့် အမျိုးကောင်း ရိုးကောင်းတို့ အဆက်အနွယ်တို့ပေတည်း။

ထိုမိဘနှစ်ပါးတို့မှ နံ့ယောဆရာတော် လောင်းလျာကို မြန်မာသက္ကရာဇ် ၁၂၆၂ - ခုနှစ် တပို့တွဲ လပြည့်ကျော် ၃ ရက် အင်္ဂါနေ့ ညဘက်အဝင် ၉ နာရီအချိန်တွင် မီးရှူးသန့်စင်ဘွားမြင်လေသည်၊ ဘွားမြင်သည့် အခါ မြေ လျှင်လှုပ်သည်ဟု အဆိုရှိလေသည်၊ ဤလောက၌ အကျိုးတရား မဖြစ်မီ အကြောင်းတရားဖြစ်သော၊ ဥက္ကာကျခြင်း, မြေလျှင်လှုပ်ခြင်း, လ ပေပ်ဖမ်းခြင်း စသော ပုဗ္ဗနိမိတ်တို့ ဖြစ်ပေါ်လာတတ်သည်။

ယင်းသို့ ဖြစ်ပေါ်လာသော ပုဗ္ဗနိမိတ်ဟူသည် သာမာန် လူတို့ အတွက် မဟုတ်ပါပေ၊ ဘုန်းသမ္ဘာကြီးမားသော မင်း, အမတ်, ရဟန်း, ပုဏ္ဏားတို့ အတွက် ဖြစ်သည်၊ ဤအကြောင်းအရာနှင့် ပတ်သက်၍ ဥပရိပဏ္ဏာသ အဋ္ဌကထာ၌—

> 'ဣမာနိ ပန လောကေ ပုဗ္ဗနိမိတ္တာနိ မဟာပုညာနံ ရာဇရာဇမဟာမတ္တာဒီနံ ယေဝ ဥက္ကာပါတ ဘူမိစာလ စန္ဒဂ္ဂါဟာဒီနိ နိမိတ္တာနိ ပညာယန္တိ န သဗ္ဗေသံ'

ဟူ၍ ဖော်ပြထားလေသည်။

ဒေါ်လေးမယ် မရှိသည့် နောက်တွင် နံ့ယော ဆရာတော် ခမည်းတော် ဦးဘိုးငြိမ်းမှာ ဒေါ်အေးသာ ဆိုသည့် အမျိုးသမီးတဦးနှင့် အိမ်ထောင်သစ် တည်ပြန်သည်။

ဦးဘိုးငြိမ်း ဒေါ်အေးသာတို့မှ အစဉ်အတိုင်း သားသမီးများ ငါးယောက် ထွန်းကားခဲ့သည်၊ အစဉ်အတိုင်း ဖော်ပြရလျှင် ဒေါ်ငယ်မ, ဦးမောင်ကလေး, ဦးဝိစိတ္တ, ဦးဘိုကြီး နှင့် ဒေါ်ထွေးစိန်တို့ ဖြစ်ကြပါသည်၊ နံ့ယောဆရာတော် လောင်းလျာအား မောင်စံရီဟု မှည့်ခေါ်သည်၊ မောင်စံရီလူ့ဘ၀ ရောက်စ အရွယ်မှာပင် မယ်တော် ဒေါ်လေးမယ် အနိစ္စရောက်သည်၊ ဒေါ်အေးသာမှ မွေးသွားသော သားသမီးတို့မှာ အဖေတူ အမေကွဲများဖြစ်၏၊ ယခု မန္တလေး စတုဘုမ္မိက မဂ္ဂင်ရိပ်သာ၌ ဆက်လက် သီတင်းသုံးလျက်ရှိသော ဆရာတော် ဦးဝိစိတ္တသည် နံ့ယောဆရာတော်နှင့် အဖေတူ အမေကွဲ ညီနောင်များဖြစ်ပေသည်။

ဆရာတော် ဦးဝိစိတ္တကား ၁၂၇၁-ခုနှစ် နယုန်လပြည့်ကျော် ၁- ရက် ဗုဒ္ဓဟူးနေ့ည ၉ နာရီအချိန် ဦးဘိုးငြိမ်း-ဒေါ်အေးသာတို့မှ ဘွားမြင်သည့် ပုဂ္ဂိုလ်တပါးဖြစ်သည်။

သာမဏေအဖြစ်ကို နံ့ယောကျောင်းတိုက်တွင် အဒါး ဆရာတော်အား ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့က ပဗ္ဗဇ္ဇမင်္ဂလာပြုကြသည်၊ ရှင်ဝိစိတ္တသည် ရန်ကုန်မြို့ ဗိုလ်တထောင် ရဟန္တာသိမ်တခု၌ ၁၃၀၁-ခု ကဆုန်လဆန်း ၉ ရက်နေ့က မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်ဟု သိရ၏။

နောင်တော်တပါးဖြစ်သော နံ့ယောဆရာတော်နှင့် အတူ လိုက်ပါလျက် ရန်ကုန်မြို့ ၅၃-လမ်း စတုဘုမ္မိက သတိပဋ္ဌာန်တိုက်တွင် နေ၍ ထနိသုံးခဲ့ ဆရာတော် ဦးပညာအား ဥပဇ္ဈာယ် ယူလျက် ရဟန်း ဖြစ်ခြင်းဟုဆရာတော် ဦးဝိစိတ္တ အမိန့်ရှိတော်မူသည်။

ဆရာတော် ဦး၀ဏ္ဏသာမိထံ အပ်နှံကြခြင်း

နံ့ယောဆရာတော်၏ လောင်းလျာ သူငယ်ကလေး မောင်စံရီသည် အစဉ်အတိုင်း ကြီးပြင်းခဲ့၍ အရွယ်သို့ရောက်လျှင် မိဘတို့က သခွတ်ကုန်းရွာသူ ရွာသားတို့ လေ စားအားထားရာ ရွှေကျောင်ဂိုဏ်းနွယ် ဆရာတော် ဦး၀ဏ္ဏ သာမိအထံ၌ ပညာသင်ကြားစေရန် အပ်နှံခြင်း ပြုကြသည်။

ရိုးတံမရင့် မပွင့်နုကွေး ငယ်လွှသော အရွယ်ကပင် ပါရမီရှင်ယောကျ်ား ဖြစ်သည် အလျောက် ဉာဏ်ပညာ ထူးချွန်ရကား— ကျောင်းမအပ်မီက

သင်ပုန်းကြီး မင်္ဂလသုတ် စသော သူငယ်တို့ သင်ခန်းစာ ဒသဝဝကို အိမ်မှာ နေစဉ် နှုတ်တက်ရရှိ အာဂုံရပြီး တတ်မြောက်ပြီး ဖြစ်သည်ဟု အဆိုရှိ၏။

သခွတ်ကုန်းဆရာတော် ဦးဝဏ္ဏသာမိကလည်း ကျောင်းမအပ်မီက စာ အရ များသော သူငယ်ကလေး မောင်စံရီအား လောကနီတိ သုံးမစာ သတ်ပုံသတ်ညွှန်း နတ်နေလာဘ်နေ စက်နေ နဂါးလှည့် ပြဿဒါး ရက်ရာဇာ စသော လူမှုရေး အသုံးဝင်သည့် ပညာရပ်များကို ဆက်လက်သင်ကြားပေး လေသည်။

မောင်စံရီ ၁၂-နှစ်သားအရွယ် ၁၂၇၄-ခုနှစ်တွင် မိဘတို့က ထိုဆရာ တော် ဦးဝဏ္ဏသာမိအား ဥပဇ္ဈာယ်ပြုလျက် ရှင်သာမဏေအဖြစ် ချီးမြှောက် ကြ၏၊ သာမဏေဘဝ၌ သဒ္ဒါဘက်ဆိုင်ရာ သင်္ဂြိုဟ်ဘက်ဆိုင်ရာ ပိဋက အခြေခံ ပညာရပ်ကို • သင်ယူလျက်ရှိ၏၊ ရှင်သာမဏေ၏ ဘွဲ့အမည်ကို 'ရှင်ဇာဂရ' ဟူ၍ မှည့်ခေါ်သည်။

ယင်းသို့ သာမဏေ ရှင်ဇာဂရ အမည်မှည့်ခေါ်ခြင်းမှာ မိခင်အိပ်မက်စဉ် လန့်၍ နိုးခြင်း၊ အသိဉာဏ် ပညာ နိုးကြားစေခြင်း အတိတ် နိမိတ်ကို ထောက်၍၎င်း ရှင်ဇာဂရသည် နိုးကြားထကြွမှု အစဉ်ရှိ၍၎င်း ပညာပေး ရာ၌ အစဉ်လန်းဆန်း၍၎င်း အင်္ဂါသားဖြစ်၍၎င်း ဇာဂရဟူ၍ ဘွဲ့အမည်ပေး တော်မူခြင်းဖြစ်သည်၊ ရှင်ဇာဂရ၏ ကန့်ကူလက်လှည့်ဆရာတော်ကား ဗျုပ္ပတ် နိမိတ် အနွတ္တသညာနှင့် လိုက်ဘက်အောင် ရွေးချယ်ပေးခြင်းမှာ အံ့ဖွယ် ကောင်းလေစွ—။

နံယောရွာ ဘုရားကြီးတိုက်

သာမဏေ ရှင်ဇာဂရသည် သခွတ်ကုန်းရွာ ဆရာတော်၏ ခွင့်ပြုချက် အရ နံယောရွာ စတုဘုမ္မိက ဘုရားကြီးကျောင်းတိုက်သို့ ၁၂၇၆- ခုနှစ်က ရွှေ့ပြောင်းလာခဲ့လေသည်။ နံယော စတုဘုမ္မိက သတိပဋ္ဌာန် ဘုရားကြီး တိုက်ရှိ စာချဆရာတော် အထံ၌ ပညာများကို ဆက်လက် သင်ကြားပြန် သည်။

၁၂၈၂ - ခုနှစ်သို့ ရောက်သောအခါ ထိုကျောင်းတိုက်တွင် ဒုလ္လဘ ရဟန်းခံပွဲကြီး ဖြစ်ပေါ်လာသည်၊ ဒုလ္လဘရဟန်းပေါင်း သုံးကျိပ်အနက် နံယောဆရာတော်လောင်းလျာ ကိုရင်ဇာဂရသည်း ပါဝင်သည်။

နံ့ယောရွာကျောင်းဒကာကြီး သူဌေး ဦးဆင်သည် ဒုလ္လဘရဟန်းသုံးကျိပ်၏ ရဟန်း ဒါယကာဖြစ်၏၊ ရှင်ဇာဂရ၏ ဂုဏ်သတင်းကို မဆွကပင် တင်ကြိုသိရှိနေရာ ရဟန်းဒါယကာများအဖြစ် ခံယူလိုကြ၏၊ သဒ္ဓါတရားလည်း ပြင်းတန်လျက်ရှိကြ၏၊ ထို့ကြောင့် ရှင်ဇာဂရ၏ မိဘတို့အား ခွင့်တောင်းပြီးလျှင် အဆိုပါ ကျောင်းဒကာများ ဖြစ်သော ဦးဆင်နှင့် ဒေါ်ငွေသက် တို့က ပစ္စည်းလေးပါးဖြင့် ချီးမြှောက်ကြပြီး ၁၂၈၂ - ခု ဒုတိယ ဝါဆိုလပြည့်နေ့တွင် နံ့ယောရွာ စတုဘုမ္မိက ကျောင်းတိုက် ခဏ္ဍသိမ်၌ ကွမ်းခြံကုန်း ဆရာတော် ဦးဇောတာဘိဇေကို ဥပဇ္ဈာယ်ပြုလျက် ကာရကသံဃာ စုံညီစွာဖြင့် ပဉ္စင်းအဖြစ်သို့ ချီးမြှင့်တော်မူကြ၏။

ရဟန်းပြုသစ်စ အရှင်ဦးဇာဂရ၏ ဆရာစဉ်ဆက်ကို ဤနေရာ၌ ဖေါ်ပြသင့်၏၊ သာသနာ့ဝန်ထမ်း ရဟန်းတို့၌ ဆရာစဉ် ဆရာဆက်သည် လွန်စွာအရေးကြီးလှသည်၊ လောက မျိုးစေ့ကောင်းမှ အပင် ကြီးပွားနိုင်သလို ဆရာစဉ်ဆက် ကောင်းလာမှ သိဿာနုသိဿ တပည့်ကောင်းများ ပေါ်ထွက်လာနိုင်သည်၊ ဝိနည်းမိုရ် ရွေးလျှင် ' ဒွေ တယော ပရိဝဋ္ဋာ ဥဂ္ဂဟေတဗ္ဗာ ' ဟု ဝိနည်းကျမ်း၌ ပြဆိုသည်နှင့်အညီ အနည်းဆုံး မိမိအထက် ဆရာနှစ်ဆက် သုံးဆက်ကို သင်ယူမှတ်သားထားရမည့်အတိုင်း ဖြစ်သည်။

အရှင် ဦးဇာဂရ၏ ဥပဇ္ဈာယ် ဆရာကား ကွမ်းခြံကုန်း ဆရာတော် ဦးဇောတာဘိဇေ, ၎င်း၏ ဆရာတော် ပထမငှက်တွင်းဆရာတော် ဦးပဏ္ဍဝ, ၎င်း၏ဆရာ သင်္ဂဇာ ဆရာတော် ဦးအဂ္ဂဓမ္မ, ၎င်း၏ဆရာ သီလုံးဆရာတော် ဦးစန္ဒိမာ ဤသို့ အစဉ်အတိုင်း အထက်သို့ ဆက်မည်ဆိုလျှင် သထုံပြည် သာသနာပြု အရှင်သောဏထေရ် နှင့် အရှင် ဥတ္တရထေရ်တို့ ဖြစ်၏၊ ထိုမှ အထက်သို့ ဆက်ပြန်က ဘုရားရှင်လက်ထက် ဝိနည်းမိုရ် တေဒင်္ဂရ အရှင် ဥပါလိတိုင် အစဉ်မပြတ် ဆက်စပ်လျက် နေသည်ကို တွေ့နိုင်ပေသည်။

\+ \+ \+

ပဉ္စင်းကျော် ဦးဇာဂရ

ရဟန်းအဖြစ်သို့ ရောက်ရှိရန်မှာ—

' ဝတ္ထု ဉတ်လာ· ကမ္မဝါ· သီမာ ပရိသတ် '

ဟူသည့် ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ ဝိနယသံခိပ်ကျမ်းနှင့် အညီ ဝတ္ထု၏ ပြည့်စုံရခြင်း, ဉတ်၏ ပြည့်စုံရခြင်း, ကမ္မဝါ၏ ပြည့်စုံရခြင်း, သိမ်၏ ပြည့်စုံရခြင်း, ပရိသတ်၏ ပြည့်စုံရခြင်း ဟူ၍ အင်္ဂါငါးပါး ရှိသည်။

ယင်းအင်္ဂါပါးနှင့် ပြည့်စုံမှသာလျှင် ရဟန်းအဖြစ်ကို ရနိုင်ပါသည်၊ သို့ဖြစ်၍ ပဉ္စင်္ဂဟူသော ပေပါဠာရစကားမှ ပဉ္စင်းဟု မြန်မာပြန်ဆိုသည်၊ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်ရကား ပဉ္စင်းဟု ခေါ်ကြသည်။

ပဉ္စင်းဘ၀မှာပင် အကျော်ဒေးယျ ပုဂ္ဂိုလ်ဖြစ်သဖြင့် ပဉ္စင်းကျော်ဟူ၍ သာသနာ လောက၌ ထင်ရှားလေသည်၊ ပုဂံခေတ် ပဉ္စင်းကျော် သဒ္ဒနီတိ ကျမ်းပြု အရှင်အဂ္ဂဝံသ, ပင်းယခေတ် ပဉ္စင်းကျော် အရှင်တိသာသနဓဇ, အင်း၀ခေတ် ပဉ္စင်းကျော် အရှင် အရိယာဝံသ စသည်တို့ကဲ့သို့ ပဉ္စင်းဘ၀ ကပင် ပိဋကသုံးပုံနှင့် တကွ စာပေကျမ်းဂန် အရပ်ရပ်တို့၌ တတ်မြောက် တော်မူသောကြောင့် ပဉ္စင်းကျော် ဦးဇာဂရဟု ဆိုထိုက်သည် မဟုတ်ပါ လော။

မှန်၏၊ ပဉ္စင်းကျော် ဦးဇာဂရသည် ပဉ္စင်းမဖြစ်မီ သာမဏေ ဘ၀ကပင် ဝိနည်းပိဋကမှတပါး သုတ္တန်, အဘိဓမ္မာ ပိဋကများကို သင်ယူပြီး ဖြစ်ပါ သည်။

ပဉ္စင်းဖြစ်ပြီးမကြာမြင့်မီကာလအတွင်း ဝိနည်းပိဋကတပုံကို အထူးသဖြင့် အားထုတ်သင်ယူလေရာ ရှေးကပင် ပါရမီပညာ ဒဗ္ဗသမ္ဘာရ ဝသီဘာ၀စရိယ ရှိပြီးသောအတိုင်း ရဟန်း တဝါမရခင်ပင် ပိဋကသုံးပုံကို တတ်မြောက်သော တိပိဋကဓရ ဖြစ်နေလေ၏။

ပိဋကသုံးပုံ ကျမ်းကျင် တတ်မြောက်ရာ၌လည်း သာမန်ကာမျှ မဟုတ် နေတ္တိနည်း ဉာယ်ကောက်နည်း ဆန်းအလင်္ကာ စသော နည်းမျိုးတို့ဖြင့် မွှေ နှောက် ခြောက်ခြားနိုင်သော ဉာဏ်စွမ်းလည်း ရှိလေသည်။

နေတ္တိနည်းဟူသည် တခုသောပုဒ်၏ အနက်ကို ဆန်းကြယ်စွာ တန်းဆာ ဆင်ယင်လျက် နည်းအမျိုးမျိုးဖြင့် ဖွင့်ပြနိုင်ခြင်းကို ခေါ်ဆိုသည်။

ပဉ္စင်းကျော်လေး ဦးဇာဂရသည် ပိဋကသုံးပုံကို သာမန် တတ်ယောင် ကား မဟုတ်ဘဲ တခုတခုသော ပုဒ်ကို အနက် အဓိပ္ပာယ် အရာ အထောင် တို့ဖြင့် ဖွင့်ပြနိုင်ပြီး ကျယ်ဝန်း နက်နဲစွာ တတ်မြောက်လေသည်။

ထို့ပြင် ပဉ္စင်းကျော် ဦးဇာဂရသည် ပိဋကသုံးပုံနှင့်တကွ အဋ္ဌကထာ ဋီကာ စသည်တို့ကို တတ်မြောက်တော်မူရုံမျှမက အခြားအခြားသော ဆန်း ကျမ်း, ဗေဒင်ကျမ်း, နီတိကျမ်း, ကဗျာကျမ်းစသည့် ကျမ်းအမျိုးမျိုးတို့ကို လည်း သင်ကြားတတ်မြောက်လေသည်။

ထို့ကြောင့် ဦးဇာဂရ၏ များပြားသော အကြား အမြင် အသိအလိမ္မာ ကြွယ်ဝသဖြင့်လည်း ဗဟုသုတရေ သို့မဟုတ် ဗာဟုစ္စမဂ်လာနှင့် ပြည့်ဝလုံလောက် ဂုဏ်မြောက်သော အရည်အချင်းများကိုလည်း ထင်ရှား သိသာနိုင်ကြပေမည်။

ပညာရှိသောသူ၏ သဘောသည် ဗဟုသုတဖြင့် ရောင့်ရဲခြင်း ကျေနပ်ခြင်း မရှိနိုင်ပေ၊ ဆွမ်းခံသော ရဟန်းတော် တပါးသည် အယုတ် အလတ် အမြတ်ဟူ၍ မရွေးချယ်ဘဲ တွေ့သမျှသော အမျိုးတို့ထံ ကပ်၍ ဆွမ်းရပ်ပါလျှင် ဆွမ်းကို မျှတစွာ ရသကဲ့သို့ ဖြစ်၏။

ပညာရှာမှီးလိုသော ရဟန်းသည်လည်း ထို ဆွမ်းရပ်သော ရဟန်းနှင့် အတူ လိုက်နာ ကျင့်ဆောင်ရမည့် ထုံးကို သတိမူလေသည်။

ပဋ္ဌင်းကျော် ဦးဇာဂရသည် ဆည်းကပ် မှီဝဲထိုက်သော ပညာရှင်ကြီးများထံ ကြိုးနှံခယစွာ ဆည်းကပ်သဖြင့် ပဏ္ဍိတာနဉ္စ သေဝနာ ဟူသော မင်္ဂလာနှင့် ပြည့်စုံလျက် သပ္ပုရိသူပနိဿယ ကျေးဇူးကြီးများကိုလည်း ရရှိတော်မူ၏။

'တနေ့တရက်၊ ခဏသက်မျှ၊ စင်ရှက်နှင်ခြိုက်၊ ပေါင်းရလိုက်မူ၊ ကောင်းမြိုက်သာရ၊ သုခကြံ့ခိုင်၊ မနိုင်ကန်ဘိ၊ အကျိုးရှိ၏'

စသည့် ဝိဓုရပျို့နှင့်အညီ ဦးဇာဂရ အရှင်သည် တဝါမျှ ကာလမှာပင် သီလဝန္တ ဓိတိမန္တ ဗုဒ္ဓိမန္တ ပညာရှိ မဟာထေရ်ကြီးများထံ မှီဝဲဆည်းကပ်လိုက်ရုံမျှဖြင့် နဂိုရ်ကပင် ပါရမီဉာဏ် ထက်သန်ပြီး ဖြစ်သည့်အတိုင်း လျှာသည် ဟင်း၏ အရသာကို မြီးရုံမျှနှင့် ဟင်းအရသာအားလုံးကို သိရသကဲ့သို့ အချိန်အနည်းငယ်မျှနှင့်ပင် မှီဝဲဆည်းကပ်မိသော ပညာရှင် ပုဂ္ဂိုလ်ကျော်တို့၏ ပညာတည်းဟူသော အရသာအားလုံးကို သိနိုင်စွမ်း ရှိလာခဲ့ပေသည်။

'ပထမအရွယ်၊ ငယ်သော်ကတည်း၊ သိပ္ပခေါင်အား၊ တတ်မြောက်များမူ၊ တောသားရန်အောင်၊ ခြင်္သေ့ယောင်သို့၊ မရှောင်မညှာ၊ တင်းတင်းမာ၍၊ ပညာရဲရင့်၊ ပွဲလယ်တင့်လိမ့်'

ဆိုသော ကိုးခန်းပျို့ လာသည့်အတိုင်း မိမိတို့ ကိုယ်ပန္နာ ရှန်းစုံပြည့်ဖြိုးငယ်ရွယ်ချိန်အခါမျိုး၌သာ ပညာဉာဏ်လည်း ထက်မြက်၍ အသက်ငယ်စဉ်အခါ ပညာ ဗဟုသုတကို ရှာခြင်းမပြုမိလေက နောင်တ တဖန် ပြင်းစွာ ပူပန်ရတတ်ကြောင်း ' ဇနသန္ဓ ' ဇာတ်တော်၌ အဆိုရှိသည်။

ယင်းဇာတ်တော်လာကို နှုလုံးပိုက်ပြီးလျှင် ပျို့ရွယ်စဉ် အချိန်ကပင် တတ်သင့် တတ်ထိုက်သော ပညာ ဗဟုသုတကိုလည်း လေ့လာ ရှာမှီး လာသည်။ နံ့ယောဆရာတော်ဖြစ်လာမည့် ရဟန်းတော် ဦးဇာဂရသည်

'ဗုဒ္ဓုပ္ပါဒေါ ဟိ ဒုလ္လဘော၊ တတော ဒုလ္လဘတရာ၊ ပဗ္ဗဇ္ဇာ စ ဥပသမ္ပဒါ စ'

ဟူသော ဝိနည်း အဋ္ဌကထာအရ ဘုရား၏ အဖြစ်သည် (၀၁) ဘုရားပွင့်ပေါ်တော်မူရာ ကာလသည် ရခဲလှ၏။

ထိုဘုရား၏ ပွင့်တော်မူရာ ကာလ ဗုဒ္ဓုပ္ပါဒထက် ရှင်သာမဏေ အဖြစ်သည်ရှင်း ရဟန်းအဖြစ်သည်ရှင်း အလွန်အကျူး အထူးပင်ရခဲသော ဒုလ္လဘတရားကြီးကို ရရှိတော်မူခဲ့သည်။

ရှင်သာမဏေဘဝဟူသည် သုပဗ္ဗဇ္ဇိတ ရှင်ပြု ဖြစ်ပေါ်သာလျှင် ဒုလ္လဘတရ ဖြစ်ရာသည်၊ ရှင်လောင်းဆံချလျှင်လည်း တစပဥ္စကကမ္မဋ္ဌာန်း စွမ်းနိုင်လျှင် ၃၂ - ကောဋ္ဌာသ ကမ္မဋ္ဌာန်းများ ကိုလည်း စီးဖြန်း ပွားများရသည်။

ဝိနည်းပါဠိတော်လာ နိဂ္ဂဟိတန္တနည်း အဋ္ဌကထာလာ မဟာဝရန္တ နည်းတို့ဖြင့် သရဏဂုံပေးဆရာနှင့် သာမဏေလောင်း နှစ်ဦးစုံ ဗျဉ္ဇနဗုဒ္ဓိ ၁၀ - ပါးနှင့်အညီ ဌာန်ကရိုဏ်းကျနမှုလည်းလိုသည်၊ ရှင်သာမဏေများ ဆောက်တည်စေရမည့် ပစ္စဝေက္ခဏာ လိင် ဒဏ် သေခိယ စုဒ္ဒသ ခန္ဓကဝတ်များပါ နားလည်စေရ၏၊ ဤသို့ ဖြစ်သော် သုပဗ္ဗဇ္ဇိတဖြစ်၍ ယင်းသည် သာလျှင် ဗုဒ္ဓုပ္ပာဒ ဒုလ္လဘထက် ရှင်အဖြစ် ရဟန်းအဖြစ် ဘဝသည် ဒုလ္လဘတရဖြစ်၏။

ဦးဇာဂရပဥ္စင်းဖြစ်ပြီးလျှင် ဤနံ့ယော စတုဘုမ္မိက ကျောင်းတိုက်မှာပင် ဆက်လက် နေထိုင်လျက် တော်ကမယ်ဆရာတော် ဦးသုမန ရေစကြို ဆရာတော် ဦးသောမ အဒ္ဒါးဆရာတော် ဦးဝေပုလ္လနှင့် ညောင်ကန် ဆရာတော် ဦးကေတုတို့အထံ၌ သင်ရိုး ပိဋကနှင့်တကွ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ စသော ထိပ်တန်းစာပေများကို သင်ယူလျက်ရှိလေသည်။

ဦးဇာဂရသည် ပွင့်အံ့ငုံအာ ချပ်လွှာကားကား ဝတ်ဆံများမှ ပြန့်ပွားသင်းကြိုင်၍ ရနံ့ လှိုင်စေသည့် ပညာ ရည်များ ပြည့်ဝစုံညီ၍ လာသဖြင့် ၁၂၈၈ - ခုနှစ် ရဟန်းသိက္ခာ ၇ - ဝါအရတွင် ဂိုဏ်းဆရာတော်များ၏ ဆန္ဒအရ ဤကျောင်းတိုက်၌ပင် တိုက်အုပ်စာချအဖြစ် ရွေးချယ်တင်မြှောက်

ခြင်းခံရသည်၊ ထိုအချိန်မှစ၍ ငါးကျိပ်သော ရဟန်း သာမဏေ တို့အား စာပေပို့ချနေ၏။

၁၂၉၃ - ခုနှစ်တွင် ကျောင်း ဒကာများ ဖြစ်သော နံ့ယော ဦးဆင်ဒေါ်ငွေသက်, ဦးကြီးမောင်, ဦးရွှေဇံစသူတို့ပင့်လျှောက်ချက်အရဂုဏ်း ဂိုဏ်း ဦးစီးဆရာတော်တို့၏ အမိန့်အရဂုဏ်း ၁၂ - ၀ါရှိ ဦးဇာဂရသည် ရန်ကုန်မြို့ ၅၃ - လမ်းထိပ်ရှိ စတုဘုမ္မိက သတိပဋ္ဌာန် ကျောင်းတိုက်သို့ နံ့ယော ဘုရားကြီးတိုက်မှ ရွှေ့ပြောင်း၍ သီးတင်းသုံးနေလေသည်။

နံ့ယော ဆရာတော် အမည်တွင်ခြင်း

ဆရာတော် ဦးဇာဂရသည် ရန်ကုန်မြို့သို့ ရွှေ့ပြောင်းသီတင်းသုံးစဉ်အခါ စတုဘုမ္မိက သတိပဋ္ဌာန်ဂိုဏ်းသည် လှိုင်းဒီရေဘက်သကဲ့သို့ အဘက်ဘက်မှ စည်ကား တိုးတက်လာသည်၊ များလှစွာသော ယောဂီ ပုဂ္ဂိုလ်များလည်း ဆရာတော်အထံသို့ ချဉ်းကပ်လျက်ရှိကြသည်၊ စာသင်သား သံဃာပရိသတ်လည်း ငါးကျိပ်ကျော်ရှိသည်၊ ပရိယတ္တိလိုလျှင် ပရိယတ္တိမှပို့ချပေးခြင်း ကျင့်စဉ် ပွားနည်း ငါးရပ် ပဋိပတ္တိ လုပ်ငန်းကိုလည်း တွင်ကျယ်စေခြင်းဖြင့် တက်စုံဘက်စုံ တဟုန်ထိုး ထင်ရှားလာလေသည်။

ဤသမိုင်း ပြုစုသူ၏ ဆရာရင်းတဆူ ဖြစ်သော လယ်တီ ပဏ္ဍိတ ဦးမောင်ကြီးသည် ရန်ကုန်မြို့၌ နေစဉ်အခါ နံ့ယောဆရာတော်ဘုရားနှင့် နေ့စဉ်လို တွေ့ဆုံလျက် ပညာဗဟုသုတ ဆွေးနွေးဖေါ် ဆွေးနွေးဘက် ဖြစ်သည်၊ ဆရာ ဦးမောင်ကြီး ရန်ကုန် ၅၃ - လမ်း၌ နေခဲ့ရာ ဤကျောင်းတိုက်နှင့်လည်း နီးကပ်လျက်ရှိသည်၊ ဆရာတော် ဦးဇာဂရကဂုဏ်း ဆရာဦးမောင်ကြီး (လယ်တီပဏ္ဍိတ) ကဂုဏ်း အချင်းချင်း တဦးနှင့်တဦး လေးစားချစ်ကြည်ကြသည့် ဆရာဒကာရင်းများဟု သိရလေသည်။

ဆရာတော် ဦးဇာဂရ၏ ဂုဏ်သတင်းရနံ့သင်းပျံ့ ကြိုင်လှိုင်နေသည့်အခါ တရား ဆွေးနွေးခြင်း စာပေဆွေးနွေးခြင်းတို့ဖြင့်အချိန်ကုန်ခဲ့စေသည်၊ ဆရာတော် ဦးဇာဂရအား ဂိုဏ်းနှင့် အခြား ပုဂ္ဂိုလ်ကျော်များ လေးစားအားထားလျက် သာသနာပြုပုဂ္ဂိုလ်ကျော်တပါး ကေန် တိုးတက် ကြီးပွားမည့်အခြေကိုလည်း နားလည်ထားကြသည်။

ဆရာတော် ဦးဇာဂရသည် အဆိုပါ ကျောင်းတိုက်တွင် စာပေပို့ချမှုနှင့် တရားဟော ပြတ်သားရှင်းလင်းမှု အတွက် အထူး ကျော်ကြားလာလေ

သည်၊ ထို့ကြောင့် အချို့ကဦးဇာဂရဟူ၍ရင်း စတုဘုမ္မိက ဦးဇာဂရဟူ၍ ရင်း ခေါ်ဆိုကြသည်၊ အထူးသဖြင့် နံ့ယော စတုဘုမ္မိက ကျောင်းတိုက်မှ ရွှေ့ပြောင်းလာသည်ဖြစ်ရကား နံ့ယော ဦးဇာဂရဟု ပို၍ထင်ရှားလေသည်။

ဦးဇာဂရသည် နံ့ယောရွာ ဘုရားကြီး စတုဘုမ္မိက ကျောင်းတိုက်တွင် တိုက်အုပ် စာချ တရားဟောဓမ္မကထိကအဖြစ် ထင်ရှားခဲ့သဖြင့် နံ့ယော ဦးဇာဂရဆိုလျှင် လူသိများလေသည်။

ဆရာတော်ဦးဇာဂရသည် သီတင်းသုံးခဲ့ရာ ဘာသနာပြုခဲ့ရာ ဖြစ်သော နံ့ယောရွာ၏အမည်ကိုတင်စား၍ 'နံ့ယောဆရာတော်' ဟူ၍ ထိုအချိန်ကစ၍ ခေါ်တွင် အသိအမှတ်ပြုခြင်းဖြစ်သည်။

နံ့ယောဆရာတော်မှာ စာပေပို့ချ တရားပြသခြင်းဖြင့် ရောင့်ရဲမှုမရှိသေး ရကား ရဟန်းရှင်လူတို့ အကျိုးများစေခြင်းငှာ ၁၂၉၀ ခုနှစ်က 'ဒွတ္တိံသာလောက ဒီပနီကျမ်းကြီး' ကို ပြုစုရေးသားခဲ့ရာ ၁၂၉၉ ခုနှစ် တန်ဆောင်မုန်းလအတွင်း ပြီးဆုံးအောင်မြင်ခြင်းသို့ ရောက်သည်၊ ထို့နောက် မင်္ဂလသုတ် နိဿယသစ်ခေါ် မင်္ဂလာကျင့်စဉ်ကျမ်း စတုဘုမ္မိကကျင့်စဉ်ကျမ်း စသည်များ နှင့် ထိုထိုဝိနိစ္ဆယ အဆုံးအဖြတ် စာတမ်းများကိုလည်း ရေးသား ပြုစုတော်မူခဲ့ကြောင်း သိရလေသည်။

ဒုတိယ ကမ္ဘာစစ် ဖြစ်ပွားချိန်

၁၃၀၃ ခုနှစ်လောက်က ဖြစ်သည်၊ အတိအကျဆိုသော် ၁၃၀၃ ခု နှတ်တော်လပြည့်ကျော် ၆ ရက် (၈-၁၂-၄၁) နေ့အချိန်ကား ဂျပန် အစိုးရတို့က အမေရိကန် ရေတပ်စခန်းချရာ ဟာဝိုင်အီကျွန်း ပုလဲဆိပ်ကမ်းကို ဗုံး စတင်ကြဲသည့်နေ့ဖြစ်သည်၊ ထိုနေ့မှစ၍ ဂျပန်က ဗြိတိန် နှင့် အမေရိကန် တို့ကို စစ်ကြေညာလိုက်လေသည်။

ထိုအချိန်ကစ၍ အာရှတိုက်တခုလုံး စစ်မီး ဟုန်းဟုန်းတောက်ခဲ့သည်၊ ထိုစစ်မီး၏အကျိုးဆက်ဖြင့် မြန်မာနိုင်ငံတွင် ၁၃၀၃ ခု ပြာသိုလဆန်း ၇ ရက် (၂၃-၁၂-၄၁) နေ့က ဒုတိယ ကမ္ဘာစစ်မီး ကူးစက်လောင်ကျွမ်း ခဲ့ပါလေပြီ။

၁၃၀၃ ခု တပေါင်းလဆန်း ၅ ရက် (၁၈-၂-၄၂) နေ့တွင် ဒုတိယကမ္ဘာစစ်ဒဏ်ကြောင့် မန္တလေး ရွှေနန်းတော်ကြီးမှာ မရှုမလှ မီးဘေး ခံလိုက်ရသည်၊ ဇာတိမာန် တက်ကြွစေနိုင်သော မြန်မာတို့ ရွှေမှန်ကင်းသည်

ပြာပုံအတိ ဖြစ်ကြရကုန်လေပြီ၊ ၁၃၀၄ - ခု ကဆုန်လပြည့်ကျော် ၂ - ရက် (၃၀ - ၄ - ၄၂) နေ့က ဗြိတိန်လူမျိုး (အင်္ဂလိပ်) တို့မှာ မန္တလေးရွှေမြို့တော်ကြီးကို လက်လွှတ်ကြရရှာပြီ၊ ထိုနေ့မှာပင် နာမည်ကျော် စစ်ကိုင်းတံတားကြီး၏ ဂုံးနှစ်ဂုံး ဖျက်ဆီးခဲ့၏။

မြန်မာနိုင်ငံ အထက်ပိုင်း ,အောက်ပိုင်း၌ ကမ္ဘာစစ်ဘေးဒဏ်နှင့်အလူးအလဲ ရင်ဆိုင်တိုးနေကြရသည့်အချိန်တွင် အခြံအရံများနှင့် အတူ ရန်ကုန်မှ နံ့ယောစတုဘုမ္မိကသတိပဋ္ဌာန်ကျောင်းတိုက်သို့ပြန်လည်ရွှေ့ပြောင်းလာသည်၊ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေသလို ခရမ်း , သုံးခွ , မင်းလှ , ကွမ်းခြံကုန်း , သထုံ , မအူပင် , ဟင်္သာတ စသော မြို့ရွာအသီးသီးသို့ ဒေသစာရီ လှည့်လည်လျက် သာသနာပြုလေသည်။

> ' ရှေ့ရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကြင်ကြင်၊ အမြင်မြင်တိုင်း၊ ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူ၏ '

ဆိုသော မဃဒေဝ စကားနှင့်အညီ ရဟန်း, ရှင် , လူအားလုံးတို့ ကိုးစားအားထားရာ ဆရာတဆူဖြစ်တော်မူသော နံ့ယော ဆရာတော်သည် ကာလဒေသမကောင်းသည့် အချိန်အခါ ကမ္ဘာစစ်ကြီးအတွင်း၌ သတ္တဝါတို့အားမေတ္တာရှေ့ရှုခြင်း , သနားကြင်နာသော ကရုဏာရှိခြင်းဖြင့် ဟုတ်မှန်တိုင်း မထိမ်မချန် မကွယ်မဝှက် တိကျမှန်ကန်စွာ မထောက်မညှာ ဟောပြောဆုံးမခဲ့သည်။

စစ်ကြီးပြီးဆုံး၍ တိုင်းပြည် သာယာ အေးချမ်းလာသည့်အခါ နံ့ယောဆရာတော်သည် တပည့်များနှင့်အတူ ၁၃၁၁ - ခုနှစ်တွင် ရန်ကုန်မြို့ သိတင်းသုံးရာဌာနသို့ ပြန်လည်၍ သာသနာပြုခြင်းများဖြင့် နိုင်ငံတော်အစိုးရကပါ အသိအမှတ်ပြုခြင်းခံရလေသည်၊ အစိုးရကလည်း ကြည်ညို အားထားလာလေသည်၊ ထို့ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ သာသနာရေးဝန်ကြီးဌာနမှ ၁၃၁၄ - ခုနှစ်မှစ၍ ပျံလွန်တော်မူသည်အထိ ဆရာတော် ချမ်းသာလွယ်ကူစွာ အလိုရှိရာသွားလာနိုင်ရန် ကုန်းလမ်း , ရေလမ်း အခမဲ့ ခရီးသွားလက်မှတ်များကို ဆက်ကပ်လှူဒါန်းလျက် နောက်ပါ တပည့်နှစ်ဦးနှင့်အတူစီးနင်းလိုက်ပါခွင့် ရရှိလေသည်။

ရေကန်အသင့် ကြာအသင့်

နံ့ယောဆရာတော်သည် ၁၃၁၁ - ခုနှစ်မှစ၍ ရန်ကုန်မြို့ ၅၃ - လမ်း မဟာသတိပဋ္ဌာန်ကျောင်းတိုက်ကို ဗဟိုပြုလျက် သာသနာ့လုပ်ငန်းကြီး တွင် ကျယ်စွာ ပြုတော်မူချိန်တွင် —

'ဘုန်းရှင် ကံရှင်၊ သမ္ဘာရှင်တို့၊ စံခွင် ချက်ခဗ္ဗ၊ အောင်နန်း မြေကြ၊ ပလေ ပဇာ၊ လူမည်ကာတို့၊ ငါသာ ဆိုင်သည်၊ ငါပိုင် သည်ဟု၊ ထိုင်မည်ကဲကဲ၊ အားအံခဲလည်း၊ မရဲဝံ့ ဝံ့၊ နောက်သို့ တွန့်၍၊ ကြောက်ရွံ့သည်မှာ၊ ဓမ္မတာတည့်'

ဆိုသည့်စကားအတိုင်း ဘုန်းကံရှင်တို့သာ ဘုန်းကံအလျောက် ပေါ်ပေါက် လာမြဲဖြစ်၍ ရေကန်အသင့် ကြာအသင့်ဆိုသကဲ့သို့ မန္တလေးတွင် စတုဘုမ္မိက သာသနာ တိုးတက်နေသည့် အခြေအနေ ကောင်းလျက် ရှိလေသည်။

ရွှေဘိုဇီးတောဆရာတော်၏ တပည့်တဦးဖြစ်သူ တရားပြသရေး အလွန် တော်သော ဆရာဦးရေအေး နှင့် ရဟန်းတော် ဦးပါရမီတို့သည် မန္တလေးနှင့် ပတ်ဝန်းကျင်မြို့နယ်များ၌ တရားပြသလျက်ရှိကြ၏။

ရဟန်းတော် ဦးပါရမီမှာ မေမြို့နယ်၌ သာသနာပြုလျက် ဦးရေအေး သည် မန္တလေးမြို့၌ပင် ဆက်လက်၍ သာသနာပြုနေလေသည်။

စတုဘုမ္မိကမဂ္ဂင် သာသနာ၀င် ပုဂ္ဂိုလ်များ ကောင်းစွာ သိကြပြီး ဖြစ် သော ပထမ ငှက်တွင်း ဆရာတော်၏ တပည့်ကြီး တဦးဖြစ်သူ ဦးစိုးဂေါင် သည် သူ၏ သားသမီး, မြေး, မြစ်တို့အား သာသနာ့ အမွေ ဖြစ်သော စတုဘုမ္မိက တရား အမွေ ဆက်လက်ပြန့်ပွားစေရန် ပေးအပ်ခဲ့သည်။

ဘုရားရှင်က ဓမ္မဒါယာဒ သုတ်တော်တွင်-

'ဓမ္မဒါယာဒါ ဘိက္ခဝေ ဘဝထ

'အိုချစ်သားတို့ — သင် ချစ်သားတို့သည် ငါဘုရား၏ တရား အမွေအနှစ် အမွေခံဖြစ်ကြကုန်လော့'ဟောကြားတော်မူခဲ့သည့် အတိုင်း အမွေဆက်ခံ ပေးရာ၌ သားသမီး မြေးများကလည်း မိမိတို့ဘိုး မိမိတို့အဘ၏ စကားကို ကောင်းမွန်စွာ ကျင့်သုံးလိုက်နာကြ၏၊ ဘိုးစိုးဂေါင်သည် ဗုဒ္ဓမြတ်စွာ ဘုရား သာသနာတော်မြတ်ကို ဓမ္မာနုဂ္ဂတ၊ ပစ္စယာနုဂ္ဂဟတို့ဖြင့် အစွမ်းကုန် ချီး မြှောက်လိုသည့် သဒ္ဓါတရား ရှင်သန်ကြီးထွားနေရန် သူ၏ သားသမီး မြေး

များအား ကြည်လင်သော သမ္မာဒိဋ္ဌိရင့်ကျက် လာအောင် အကြိမ်ကြိမ် အထပ်ထပ် သွန်သင်ဆုံးမခဲ့ပေ၏။

မျိုးစေ့မှန်၍ အပင်သန်သည့် ကျောင်းအမကြီး နဂါး ဒေါ်ဦးသည် စီးပွားဥစ္စာ အခြေအနေပေးလာသည့်အခါ စတုဘုမ္မိက သာသနာစည်ပင် တိုးပွားရေးကို ရှေးရှုလျက် အဘိုးဖြစ်သူ၏ ညွှန်ကြား ဆုံးမခဲ့သည်ကို ဦးလည်မသုံ နှာခံမှတ်သား ကျင့်ပွားရမှု ပစ္စယ်သတ္တိကလည်း အကျိုးဆက် ပေးနေသဖြင့် သာသနာပြုလိုစိတ်များ တဖွားဖွား တက်ကြွပေါ်ပေါက် လာတော့၏။

တချိန်က ရွှေဘိုဇီးတောရွာတွင် တည်ဆောက် ထားသော ကျောက် စာဂူများအတွက် ပန်းရံ နှင့် ကျောက်စာအလုပ်များကို လုပ်နေစဉ် ဘိုးစိုး ဂေါင်နှင့် ဇီးတောဆရာတော်တို့၏ တရားစကားကို နာကြား လာခဲ့သော ဦးရေအေးသည် ထိုအလုပ်များပြီးစီးလျှင် မန္တလေးသို့ ပြန်လာခဲ့လေ၏၊ မန္တလေးတွင် အသက်ဝမ်းမွေးကျောင်းအတွက် ဈေးချိုတွင် အထည်ဆိုင် ဖွင့်လျက်နေ၏၊ အထည်ဆိုင်ကို တဘက်မှတည်ထောင်ပြီး တဘက်ကမူ ဘိုးစိုးဂေါင်မျိုးစေ့ချလိုက်သော တရားများ ပြသနေလေ၏။

ယင်းသို့ နေ့စဉ်ကျောက်စာဂူ အလုပ်နှင့် ဆက်သွယ်သိကြွမ်းလာခဲ့သော ဒေါ်ဦးကို ထပ်၍ထပ်၍ တရားအမြင်စင်သည်ထက် စင်လာအောင် လမ်းပြ ပေးလေ၏၊ သို့နှင့် ဒေါ်ဦးသည် တရားဟော ဆရာ ဦးရေအေး ရောင်းချ သော အထည်ဆိုင်ကို အရှုံး နှင့်တကွ အပြီးအပြတ် ဒါယကာ ခံယူပြီး ဦးရေအေး၏ အရောင်းအဝယ် အလုပ်ကို ဆက်လက် မလုပ်ရန် မေတ္တာ ရပ်ခံခဲ့၏၊ ဦးရေအေးသည် ထိုအချိန်မှစ၍ ဒေါ်ဦး၏ အကူ အညီဖြင့် သာသနာပြု ပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်လာခဲ့လေ၏။

ပါရမီရှင် နှင့် သမ္မာရှင်

ပါရမီရှင် နဂါး ဒေါ်ဦးသည် သာသနာ ပြန့်ပွားရေးကို စိတ်ဝင်စား ခဲ့လေသည်၊ သာသနာ အဆင့်ဆင့် မြင့်သည်ထက် မြင့်ရန် ရည်ရွယ်လာ သည်၊ တိုး၍ တိုး၍ မြင့်တက်လာသော်လည်း သင့်လျော်သလို သာသနာ ရေး အားပေးနေရ၏၊ အခြေကျကျမရှိသေး၊ ဌာန အတည် အကျ လိုနေ သည်ကို မြင်နေသည်၊ ရိပ်သာတခု တည်ထောင်ပြီးလျှင် ဘုရားရှင်လက်ထက် အခါက အရိယာသာဝကကြီးများဖြစ်သော အနာထပိဏ်, သိရိသုမန, ဦးပုဏ္ဏ,

ဒေါ်ဝိသာခါတို့ ဘုံဗိမာန် ကျောင်းတိုက်ကြီးများ တည်ဆောက် သာသနာပြုကြသလို သာသနာပြုလိုသည်။

ယခုအချိန်အခါကား ဝိမုတ္တိယုဂခေတ်ဖြစ်၍ ' ဝိမုတ္တိယုဂခေတ် ကတိ ပြန်လျှင် ပရမတ်သံ ပေးပါလိမ့် ' ဆိုသည့်အတိုင်း ဝိမုတ္တိယုဂခေတ်ကောင်း ကြုံတွေ့နေချိန် မဟုတ်ပါလား။

သာသနာတော်ကို ခေတ်ကြီး ငါးခေတ်ဖြင့် ပိုင်းခြားလိုက်မူ-- ယခု သာသနာသည် ဝိမုတ္တိယုဂ ခေတ်အခါ ဖြစ်၏၊ ခေတ်ကြီး ငါးခေတ်မှာ ဝိမုတ္တိယုဂခေတ်၊ သမာဓိယုဂခေတ်၊ သီလယုဂခေတ်၊ သုတယုဂခေတ်၊ ဒါနယုဂခေတ် ဤခေတ်တခေတ်ကို နှစ်ပေါင်း ငါးရာစီသတ်မှတ်၍ ခေတ်ကြီးငါးခေတ်ပေါင်းလျှင် သာသနာ သက္ကရာဇ် ၂၅၀၀ -မှ ၃၀၀၀ - အထိ အပိုင်းအခြား ခေတ်မှာ ဝိမုတ္တိယုဂခေတ် ဖြစ်နေပေသည်။

ဝိမုတ္တိယုဂ ခေတ်နှင့် ကြုံတွေ့နေသော ဒေါ်ဦးသည် အဘိုးဖြစ်သူ၏ သာသနာ့ အမွေကို ဆက်လက်ထိန်းရန် ရိပ်သာတခုတည်ဆောက်ရေးအတွက် မြေနေရာကို ရွေးချယ်လေတော့၏၊ ရှေးဦးစွာ မန္တလေးမြို့ မဟာမြတ်မုနိ ဘုရားကြီး အနောက်ဘက် ခပ်လှမ်းလှမ်း နေရာ၌ ရိပ်သာတည်ရန်ရွေး ချယ်စီစဉ်ကြ၏၊ သို့သော် သွားလာရေးလည်း မကောင်း တိုင်းပြည် အေး ချမ်းသာယာသည့် အချိန်လည်း မဟုတ်သဖြင့် ရွေးချယ်ခြင်းမှ ရပ်ဆိုင်း ထားလေသည်၊ ဒေါ်ဦးသည် မန္တလေးမြို့ မြောက်ပြင် ဒါးဝယ်စုရပ်၌ မိခင်နှင့် ကလေးများ အသင်းသို့ သားဖွားဆေးရုံ ဆောက်လုပ်လှူဒါန်းခဲ့ရာ ထိုဆေးရုံနှင့် တဆက်တည်း နေရာ၌ ကမ္မဋ္ဌာန်း ရိပ်သာ တည်ထောင် ဆောက်လုပ်ကြရန် အတည်ပြုလေသည်။

ဒေါ်ဦးနှင့် တရားဆွေးနွေးဘက်များ၏ ဆန္ဒအရ ရိပ်သာကိုတော့ တည် ထောင်ပြီးလေပြီ၊ ထိုရိပ်သာကို ကြီးပွားရန် ရှေ့ဆောင် ညွှန်ပြနိုင်မည့် ဘက်စုံ ဆရာတော် အုပ်ချုပ်ကွပ်ကဲရန် လိုအပ်နေ၏၊ ထိုအခါ တရားဟော ဆရာ ဦးရေအေးက ညွှန်ကြားသဖြင့် ဒေါ်ဦးသည် မေမြို့နယ်ဘဝိုက်ဘွင် သာသနာပြုနေသော ဦးပါရမီကို ပင့်ဆောင်ခဲ့သည်၊ဦးပါရမီနှင့် ဦးရေအေး တို့ အကြံပြုချက်အရ ဇီးတောဆရာတော်ကို ပင့်ဆောင်ရန် ညွှန်ကြားကြ၏။

ကျောင်းအမကြီး ဒေါ်ဦး နှင့် မဟာသတိပဋ္ဌာန်းဂိုဏ်းဝင် အဘဇီ ဝဠမ္မကပရိသတ်တို့ကမူ ရန်ကုန်မြို့ ၅၃ - လမ်း မဟာသတိပဋ္ဌာန် ကျောင်း တိုက်ကို ဗဟိုပြုလျက် ဤဂိုဏ်းကြီးပွားရေးအတွက် ဆောင်ရွက်လျက်ရှိနေ

သော နံ့ယောဆရာတော် ဦးဇာဂရကို ပင့်ဆောင်ကြရန် ရွေးကြလေသည်၊ မန္တလေးမြို့ ကင်းဝန်မင်းကြီးတိုက် နာယကဆရာတော် ဦးသူရိယကလည်း နံ့ယောဆရာတော်ပင့်ရန် သတိရနေသည်၊ နောက်ဆုံး၌ ဇီးတောဆရာတော် နှင့် နံ့ယောဆရာတော် နှစ်ပါးလုံးကို ပင့်ကြရန် အတည်ပြုကြတော့၏။

ဤဆရာတော် နှစ်ပါးလုံးပင် မန္တလေးသို့ ကြွရောက်တော် မူကြပြီးလျှင် လက်ဆည်ကန်ရပ် နဂါးဒေါ်ဦးတိုက်တွင် ယာယီကျောင်းအဖြစ် သီတင်းသုံးတော်မူကြရန် လှူဒါန်းလျှောက်ထားကြသည်၊ ထိုအချိန်တွင် မန္တလေးမြို့မှ ပညာရှင် ရဟန်းရှင်လူတို့နှင့် ဆရာတော်များတွေ့ဆုံကြလျက် ဗုဒ္ဓ၏တွေးခေါ်ယူဆချက်များကို အချင်းချင်း မေးဖြေပြုလုပ် ဆွေးနွေးတော်မူကြ၏၊ ဇီးတောဆရာတော် ဖြေဆိုသည့်အချက်များမှာ ကျယ်ဝန်း၍ အသိခက်လှသည်၊ နံ့ယောဆရာတော် ဖြေဆိုသော အခါ ပေါ်လွင် ပြတ်သား ရှင်းလင်းရုံမက ခေတ်အားလျော်စွာ အံဝင်ခွင်ကျ ထိထိမိမိရှိလှ၏။

နံ့ယောဆရာတော် ဖြေရှင်းချက် ဟောပြောယူဆချက်များမှာ မှတ်သားစရာကောင်း၍ ကြည်လင်မှုကိုလည်းရှိကြ၏၊ အပေးအယူညီမျှ၏။

'မဝှမ်းမကော လူ့သဘောကို၊ လိုက်လျောညီထွေ၊ ကျင့်တတ်ခဲ့'သည့် သဘောရှိ၏၊ လေးနက်ခန့်ငြား၏၊ ထို့ကြောင့် ဤဂိုဏ်းကြီးဦးဆောင်နိုင်မည့် ပုဂ္ဂိုလ်ထူးတပါး ဟု သိမြင်ယုံကြည်လာကြ၏၊ အားကိုးအားထား ပြုလိုကြ၏၊ မကြာမီက ဆောက်လုပ်ပြီးစီးသော ဓမ္မာရုံ နှင့် ကျောင်းငယ်ကလေးများကို အပ်နှင်းလိုကြသော်လည်း အကြီးဆုံးဇီးတောဆရာတော်နှင့်ပူးတွဲ၍ အုပ်ချုပ်ကွပ်ကဲရန် လျှောက်ထားကြတော့သည်၊ နံ့ယောဆရာတော် နှင့် တွဲဘက် သီတင်းသုံးတော်မူရန် ဇီးတောဆရာတော်အား လျှောက်ထားရာ၌ ဇီးတောဆရာတော်က ငြင်းပယ်လေပြီ၊ အကြိမ်ကြိမ်ငြင်းပယ်သဖြင့် နံ့ယော ဆရာတော်အား ဤရိပ်သာကို ဆက်လက်စောင့်ရှောက်အုပ်ချုပ်ရန် လျှောက်ထားကြရာ ဆရာတော်ကလည်း 'ဤရိပ်သာ မစမီက တရားဟောခဲ့ဘူးရာ တရားဝါသနာပါသူ နည်းနေခြင်း စိတ်ဝင်စားခြင်း မရှိကြခြင်းကြောင့် နှစ်သက်အာရုံခြင်း မရှိကြကြောင်းကို အကြောင်းပြလျက် ငြင်းပယ်ခဲ့၏၊ ဂိုဏ်းသံဃာနှင့် ဂိုဏ်းဝင်ပုဂ္ဂိုလ်များ အကြိမ်ပေါင်းများစွာ လျှောက်ထားခြင်း ဂိုဏ်းပုဂ္ဂိုလ်များ အားကိုးရာမဲ့အသွင် ရှိနေခြင်းများကို သနားထောက်ထားလျက် မနေလျှင်မဖြစ်တော့ကြောင်း လျှောက်ထားမှသာ လက်ခံလေ၏။

သာသနာ အညာဆန်လေပြီ

'ယောကျ်ားတဆူ၊ ထိုသသူလျှင်၊ လူ့ဘွဲ့သော်လဲ၊ လွန်ရခဲ၏၊
နက်နဲသိမြော်၊ ကြီးပြင်းသော်လည်း၊ လေးဖော်မျိုးစစ်၊ မိုရာဖြစ်လိမ့်'

ဆိုသော ၉· ခန်းပျို့လာနှင့် အညီ သာသနာတော်၌ အလွန် ရခဲသော နံယောဆရာတော်သည် ပရိသတ်လေးမျိုးတို့ မှီခိုအားထားရာ ပေါ်ပေါက်၍ လာခဲ့လေပြီ၊ ဆရာတော်သည် ဤရိပ်သာကို လက်ခံတော် မူလိုက်သဖြင့် စတုဘုမ္မိက သာသနာ အညာသို့ ဆန်ခဲ့သည်ဟု ဆိုကြ၏၊ ဆရာတော်သည် နောက်ပါတပည့် ဦးရေဝတ တပါးသာ လိုက်၏၊ ပဋ္ဌင်းငယ်သာမဏေများ ခေါ်ရန်ဆန္ဒရှိသော်လည်း သာသနာ အညွန့်အညှောက်များ သူ့ကဏ္ဍနှင့်သူ ပေါ်ပေါက်စေလိုသည်။

၁၃၁၄ ခုနှစ် ဝါဆိုလဆန်း ၁၀ ရက်နေ့တွင် နံယောဆရာတော် ဤနဂါးရိပ်သာသို့ ကြွရောက်တော်မူရန် ကင်းဝန် မင်းကြီး ဆရာတော် ဦးသူရိယလည်း များစွာ ဆက်သွယ်အကျိုးပြုလေသည်။

ကျောင်းအမကြီး ဒေါ်ဦးသည် ပဋိပတ္တိ သာသနာပြုရာ စတုဘုမ္မိက စာသင်တိုက်ကြီးများကို သိန်းပေါင်း များစွာ အကုန် အကျ ခံလျက် သာသနာတော်အား စတုပစ္စယတို့ဖြင့် လှူဒါန်းခဲ့လေသည်၊ သာသနာတော်၌ ဓုရတရား နှစ်ပါးရှိရာ ဂန္ထဓုရစွမ်းဆောင်နိုင်ကြသူများအတွက် ပရိယတ္တိဌာန စတုဘုမ္မိက စာသင်တိုက်ကြီး၌ စာသိုက်ခွင့်ပြု၏၊ ဝိပဿနာဓုရ စွမ်းဆောင်နိုင်ကြသူတို့အတွက် ပဋိပတ္တိဌာန စတုဘုမ္မိက မဂ္ဂင်ရိပ်သာ၌ ဝိပဿနာအလုပ် ပွားများအားထုတ်စေ၏။

ဆရာတော်သည် မေမြို့ဉာဏ်တော်ရပ်၌ စတုဘုမ္မိက ရိပ်သာ ကမ္မဋ္ဌာန်းနည်းပြဌာနကိုပါ ပူးတွဲအုပ်ချုပ်လေ၏။

စတုဘုမ္မိက မဂ္ဂင် ရိပ်သာကြီးများ တည်ထောင် ဖွင့်လှစ်ပြီး နေ့စဉ် ယောဂီပုဂ္ဂိုလ်တို့ကို နံနက် ၄ နာရီမှ ၅ နာရီ, နေ့လည် ၁ နာရီမှ ၂ နာရီ ညနေ ၄ နာရီမှ ၅ နာရီ တနေ့ အချိန် သုံးကြိမ်ထားလျက် ဝိပဿနာ ကမ္မဋ္ဌာန်းများ ဆင်ခြင်အားထုတ်စေ၏။

စတုဘုမ္မိက မဂ္ဂင်ရိပ်သာ ဖွင့်ပွဲကြီး

၁၃၁၄ ခုနှစ် ဝါဆို လပြည့်ကျော် ၆ ရက်နေ့က ဖြစ်၏၊ ထိုနေ့တွင် မန္တလေးမြို့ လေးပြင်လေးရပ်ဆရာတော်ကြီးများလူပရိသတ်များ ဘိတ်ကြား

လျက် ကြီးကျယ်ခမ်းနားသော ဤရိပ်သာကို ဖွင့်လှစ်ကျင်းပကြသည်၊ ထိုအချိန်က ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရသာသနာရေး ဝန်ကြီးဦးဝင်း ကိုယ်တိုင်တက်ရောက် ဖွင့်လှစ်ပေးလိုက်ကြောင်း သိရသည်။

ရိပ်သာဖွင့်ပွဲနှင့် သာသနာဆိုင်ရာ သိမ်သမုတ်ပွဲလည်းပါသည်၊ သာသနာတော်၌ ထင်ရှားတော်မူကြသော ညောင်ရမ်း ဆရာတော်ကြီး, မစိုးရိမ်ဆရာတော်ကြီး အမှူးပြုသော ရွှေမန်းဆရာတော်, ဟံသာဝတီ ဆရာတော် ဆရာတော် ဦးနာရဒ, ဆရာတော် ဦးကြယ် စသည့် နာမည်ကျော် ဆရာတော်ကြီးများလည်း ကြွရောက် ချီးမြှောက်တော်မူကြ၏။

ထိုပွဲတွင် ကျေးဇူးရှင် မစိုးရိမ် ဆရာတော်ကြီးက—

‘ ဒွတ္တိံသ ကမ္မဋ္ဌာန်း တရားတွေဟာ နိဗ္ဗာန် ရောက်ကြောင်း မှန်တယ်၊ ဒို့တော့ သည်တရားတွေကို အနုလုံပဋိလုံဘဲ ရရှိတယ်၊ အခု သည်ရိပ်သာမှာရှိတဲ့ ဒကာ ဒကာမတွေကတော့ ပွားနည်း သမာပတ်တွေကိုပါ ဆင်ခြင် ပွားများနေကြတယ် ဆိုတော့ ဆရာတော်က များစွာ ဝမ်းမြောက်မိတယ် ’

စသည်ဖြင့် ဟောကြားတော်မူခဲ့ကြောင်း သိရ၏၊ ထို့နောက် သိမ်သမုတ်ပွဲ ပြုလုပ်ရာ၌ ရွှေမန်း ဆရာတော်ကလည်း—

‘ ဟေ့ —စတုဘုမ္မိကဆိုတာလဲ ငှက်တွေပါဘဲ၊ ရှေးအခါတုန်းကလို ငှက်မြီးတိုတွေတော့ မဟုတ်ဘူး၊ အခု ငှက်မြီးရှည်တွေ ဖြစ်ကုန်ပြီ၊ ဆရာတော် ဦးဇာဂရဟာ ခေတ်နှင့် လျော်ညီအောင် တရားပြနေပြီလို့ အခုကြွလာကြတဲ့ သံဃာတော်များ ကြားရ သိရအောင် ပြောရခြင်း ဖြစ်တယ်ဟေ့ —’

စသည်ဖြင့် မိန့်ကြားတော်မူခဲ့ဘူး၏။

နံ့ယောဆရာတော်သည် ‘ သီလသုံးရပ် ပေါင်းကူးစပ် အမြက်ခိသီလာ’ ဟူသော ဆောင်ပုဒ်အရ အာဒိကလျာဏ အဓိသီလကို နေ့စဉ် ပြက္ခက် (ကြေကွက်) ဖြင့် ရှင်းလင်း သိသာအောင် ပရိသတ်တို့အား ပြသခဲ့၏၊ နဂါးဒေါ်ဦး နှင့် ပရိသတ်များ တဖြည်းဖြည်း တိုးလာ၏။

တရားပြရာ၌ အစဆုံးပိုင်း ဖြစ်သော်လည်း တရားနာကြားသူ အားထုတ်သူများ ပို၍များလာ၏၊ ဒေါ်ဦးကလည်း နီးစပ်ရာ ပုဂ္ဂိုလ်များကို ကားဖြင့် ခေါ်ဆောင်လျက် တရားကို နာယူစေအားထုတ်စေ၏၊ ဤနှစ် ဝါကျွတ်

လျှင် နံ့ယောဆရာတော်သည် ကျောင်းကထိန် ပြီးသည့်အခါ အောက်ပြည် အောက်ရွာသို့ ကြွရောက်၍ သာသနာ ပြုပြန်၏၊ ထိုအခါ ကင်းဝန်မင်းကြီး တိုက်ဆရာတော် ဦးသူရိယ နှင့် ဦးပါရမီတို့အား လှဲအပ် ထား ခဲ့လေ၏၊ ထိုအခါ ဦးပါရမီသည် တရားရှုပွားရာ၌ ဦးစီးပြသလျက်ရှိ၏၊ ထိုအချိန်က ဦးရေအေးသည် ရှိနေရာ လွန်ကဲသော စေတနာဖြင့် တရားပြသယင်း 'တရားပြတာဟာ မိမိဘို့ကမှ ကျပ်ပြည့်ပြတယ်၊ သူများလို ငါးမူး သုံးမတ်မပြဘူး' ဟူ၍ လွဲမှား ထိပါးစေသော စကားသုံးစွဲ ပြောမိလေ၏။

ထို့နောက် ဤရိပ်သာတွင် ဆက်လက်နေထိုင်ခြင်း မပြုတော့ဘဲ ဆရာ ဦးရေအေးသည် ဦးပါရမီနှင့်အတူ မြင်းမူသို့ ရွှေ့ပြောင်းကြကြောင်း သိရလေသည်၊ ဦးရေအေး နှုတ်သရမ်းမှုကြောင့် ဤရိပ်သာ၌ ကြာရှည်စွာ မနေနိုင်တော့ဘဲ သာသနာပြု လမ်းစ ပြတ်သွားရကြောင်း ကြားဘူး၏။

မြင်းမူတွင် ပရိယတ္တိမဂ္ဂင်ရိပ်သာကို ၁၃၁၆ ခုနှစ် တန်ဆောင်မုန်းလက စတင်၍ ဖွင့်လှစ်ကြောင်း မှတ်တမ်းများရှိ၏၊ ရိပ်သာသို့ ဦးရေအေးအား တရားပြသစေလျက် ယခုလက်ရှိဆောင်ရွက်လျက်ရှိကြသော ကျောင်းအမ ဒေါ်ကျင်လှ ဒေါ်သိန်းညွန့်တို့ပါဝင်သော အသင်းသားပေါင်း ၁၀၀ ကျော်ခန့်ဖြင့် မ,တည် ဖွင့်လှစ်ခဲ့ကြ၏၊ ထိုနှစ်မှာပင် ဧက်ပိုင် ဦးဘိုးလွန် ဒေါ်ခင်စောမှုတို့က လက်ရှိရိပ်သာမြေနေရာကို လှူဒါန်းခဲ့ကြသည်။

မန္တလေး ဗဟိုဌာနချုပ် ထားပြီ

ဤလောကတွင် သတ္တဝါအားလုံးတို့သည် ဓာတ်တူချင်းချင်း နီးနှောကြ ပေါင်းသင်းကြ၏၊ ဓာတုသံယုတ်၌ ဘုရားရှင်က 'ဓာတုယော ဘိက္ခဝေ သတ္တာတိ' ဟူ၍ ဟောတော်မူထားလေသည်။

သဒ္ဓါတရားရှိသူ အချင်းချင်း, သဒ္ဓါတရား မရှိသူ အချင်းချင်း, စိတ်တူ ကိုယ်တူမဟုတ်သူ အချင်းချင်း, ပညာရှိသူ ပညာမဲ့သူ လုံ့လရှိသူ မရှိသူ ပျင်းသူ ပျင်းသူ မဟုတ်သူ အယူအဆ သဘောထားကိုက်ညီသူ ကိုက်ညီခြင်း မရှိသူ— ဤသို့ စသည်ဖြင့် အချင်းချင်း အပေါင်းအသင်း ပြုလုပ်ကြ နီးနှော ကြကုန်၏၊ ဓာတ်တို့သဘောသည် အတွင်းဓာတ်ခံ စိတ်ထားကို ဆိုရ၏၊ ထိုဓာတ်သည် အချင်းချင်း ကူးစက်ပြန့်ပွားတတ်သော သဘောလည်း ရှိ၏၊ တဦးနှင့်တဦး အချင်းချင်းနီးနှောမိကြရန် ဖန်တီးတတ်သော အခြေခံသည်း ဖြစ်၏၊ ၎င်းကို စင်စစ်အားဖြင့် 'အဇ္ဈာသယဓာတု' ဟူ၍ ခေါ်ဆိုနိုင်၏။

အရှင်သာရိပုတ္တရာသည်ပညာ ကြီးမားတော်မူသဖြင့် ၎င်း၏တပည့် အားလုံးတို့ ပညာကြီးကြ၏၊ အရှင် မောဂ္ဂလာန်သည် တန်ခိုးကြီးမားတော်မူသဖြင့် ၎င်း၏ တပည့်အားလုံးမှာလည်း တန်ခိုး ကြီးမား ကြ၏၊ ဓါတ်တူချင်း ပေါင်းစပ်သဖြင့် ကောင်းရာ၌၎င်း မကောင်းရာ၌၎င်း ပေါင်းစပ်နေထိုင်ကြ၏။

ဤ စတုဘုမ္မိက ဂိုဏ်းသည်လည်း အယူအဆတူသူများဖြစ်၍ ဂိုဏ်ဝင်ချင်း ပေါင်းစပ်ကြ၏၊ နံ့ယောဆရာတော်၏ထက်မြက်သောပညာ, ကြီးမားသော ဇွဲ, လုံ့လ, သန့်ရှင်း ဖြူစင်သော စေတနာ, ကျောင်းအမကြီး ဒေါ်ဦး၏ ရက်ရောလှသောသဒ္ဓါ, မန္တလေးမြို့နှင့် ပတ်ဝန်းကျင် ရဟန်း ရှင် လူတို့ သာသနာရေး အားပေးသည့် ရင့်သန်ခြင်းများ ပေါင်းဆုံ မိကြသောအခါ ဆရာတော်မှာ ရှေးယခင်ကထက် သာသနာ စည်ပင်ဖွံ့ဖြိုး စည်ကားရေး ပြန့်ပွားရေး၌ များစွာ အားရတော် မူသည်၊ သာသနာ လင်းရောင်ခြည် ထွန်းလင်းလာတော့မည်ကို များစွာမျှော်မှန်းတော်မူသည်။

ကျောင်းအမကြီး ဒေါ်ဦးကလည်း ပစ္စည်းအကုန်အကျ ခံပါမည်၊ ဤ သာသနာ ထွန်းလင်း စည်ကားလာမည် ဆိုပါလျှင် အနည်းဆုံး ၁၀ . နှစ်ထို့ ထက်ရာသက်ပန် ပြုစုပျိုးထောင်ပါမည်၊ ငွေအင်အား ကုန်ကျခံပါမည်’ဟု ၎င်း၌ရှိသော ပစ္စည်းအားလုံးကိုအပ်နှင်းလှူခဲ့၏၊မုတ္တာစာဂ လွှတ်လွှတ်စွန့်ကြဲ၏၊ ထို့ကြောင့်လည်း ဒေါ်ဦးမှာ ‘ပေး၍မကုန် လှူတုံမခန်း၊ ပေးမကုန် လှူမခန်း’ ဖြစ်သည့်အကျိုးပေး ထူးခြားနေသည် မဟုတ်ပါလား။

ဆရာတော်၏ မဆုတ်နစ်သော ဇွဲလုံ့လဖြင့် သာသနာပြုနေရာ ဒေါ်ဦး၏ ထူးကဲသော သဒ္ဓါတရားဖြင့် ကြိုးစား လှူဒါန်း ထောက်ပံ့ ခြင်းကြောင့် ဓာတ်တူစိတ်တူအားပြိုင်တူညီကြ၍ပရိသတ်တို့မှာ အရိယာနယ်ကူး အကျင့်ထူးဆည်းပူးပွားများကြရန် ပျားပန်းခတ်အလား တိုး၍စည်ကားလာ၏၊ တိုး၍ ပြန့်ကျယ်လာ၏၊ သို့ဖြစ်၍ ယခင်က အောက်ပိုင်းတွင် ဂိုဏ်း၏ ဦးစီး ဗဟိုဌာနချုပ်အဖြစ် ထားခဲ့သော်လည်း ဆရာတော်ကြီး၏ ကြိုးပမ်းမှုကြောင့် အထက်ပိုင်း၌ ကျယ်ပြန့်လာခြင်း, ဆရာတော်သီတင်းသုံးရာ အမြဲလိုဖြစ်ခြင်း’ ပညာရှင်တို့နေထိုင်ရာ မြို့တော်ဖြစ်ခြင်းတို့ ပေါင်းဆုံ ညီညွတ် နေရကား— ‘မန္တလေး နဂါးရိပ်သာ’ ဟု ခေါ်သည့် ဤ ‘စတုဘုမ္မိကမဂ္ဂင်ရိပ်သာ’ကို ဗဟိုဌာနချုပ် ပြုလုပ်သတ်မှတ်ကြ၏။

နံ့ယောဆရာတော်အားလည်း ၁၃၁၅ ခုနှစ်မှစ၍ စတုဘုမ္မိက မဟာ သတိပဋ္ဌာန် ငှက်တွင်းဂိုဏ်း တဂိုဏ်းလုံး၏ ကိုးစားအားထားရာ ဂိုဏ်းဦးစီး

နာယက 'ဂဏိဿရ-ဂဏာသာမိ' အဖြစ် တင်မြှောက်တော် မူကြကုန်၏၊ ဂိုဏ်းစည်းကမ်း နှင့် သာသနာတော် ကြီးပွား တိုးတက် လာရန် ဂိုဏ်း စည်းကမ်းချက် များကိုရင်း, ဂိုဏ်းလုပ်ငန်းစဉ် ကျင့်နည်းများကိုရင်း စီစဉ် ပြုလုပ်၍ အုပ်ချုပ်တော်မူခဲ့၏၊ မန္တလေးရိပ်သာကို အမှူးထား၍ ဂိုဏ်းဝင် ယောဂီများ နေ့စဉ်ကျင့်ပွားရန် သီလ,သမာဓိ, ပညာ သိက္ခာသုံးပါး အစဉ် ထားသိုလျက် သမာဓိပညာတွင်လည်း သမာဓိအတွက် ကာယဂတာပွားနည်း ငါးရပ် (ဆကောဋ္ဌာသ ကေန္တရိက ဒွန္တရိက အဂုံသ နဂဗာသိဝ) နည်းစုံ ပွားစေရခြင်း၊ ပညာပိုင်းတွင် တဏှာသတ်ပညာ, ရာဂသတ်ပညာ, ဒိဋ္ဌိသတ် ပညာ, အနုသယသတ်ပညာ, သဘာဝဆယ်ချက် လက္ခဏာသုံးနက်, မဂ်ဉာဏ်သက်ပညာ ဤသို့သော ပညာငါးပါးကိုလည်း ရွတ်ပွား ဆင်ခြင် ခြင်းများ။

ဤသို့ မန္တလေးနဂါးရိပ်သာကြီးကို အခြေခံအချက်အချာ ဗဟိုဋ္ဌာနကြီး အဖြစ် ထားရှိပြီးလျှင် ရိပ်သာခွဲများပါ နေထိုင် စားသောက် ဆင်ခြင် ကျင့်ပွား ကျင့်နည်းစုံများကို စနစ်တကျ စီစဉ်ထားလေသည်။

အစီအစဉ်ကောင်းမွန်ခြင်းကြောင့် နိုင်ငံခြား ဗုဒ္ဓဘာသာဝင် မစ်ရှင်များ ပြည်တွင်း ဗုဒ္ဓဘာသာဝင် သူတော်စဉ်များ ဤရိပ်သာကြီးသို့ လာရောက်ကြ သူတိုင်း တွေ့မြင်ရခြင်း၏ အခြေအနေတို့ကို လေ့လာအားရ၍မဆုံး ကြည်ညို လေးစား၍မဆုံး ရှိကြပြီမဟုတ်လော။

ပြင်ပြီ ပြောင်းပြီ အကောင်းရှာပြီ

အမှန်အားဖြင့် နံ့ယောဆရာတော်သည် ပထမ ငှက်တွင်း ဆရာတော်ကြီး တည်ထောင်ခဲ့သည့် မဟာသတိပဋ္ဌာန် ငှက်တွင်းဂိုဏ်းဝင် အဆက်အနွယ် ဖြစ်တော်မူ၏။

သို့ရာတွင် ရှေးက ငှက်တွင်းဂိုဏ်းဝင် အဆက်အနွယ် ဖြစ်တော်မူသော ပုဂ္ဂိုလ်အချို့တို့၏ အဖျားဆွတ် ပြောဆို တီထွင်ဟောကြားမှု များကြောင့် အတန်ငယ် ညှိုးနွမ်းခဲ့ရ၏။

နံ့ယော ဆရာတော်နှင့် ဂိုဏ်းဝင်ပုဂ္ဂိုလ်တို့သည် ဤအချက် ကို သဘော ချင်းတူညီစွာ သိရှိလာကြပြီး ဖြစ်သည့်အတိုင်း သတိပဋ္ဌာန် ငှက်တွင်းဂိုဏ်း အမည်မှ 'စတုဘုမ္မိကဂိုဏ်း' အမည်ကိုရင်း သတိပဋ္ဌာန် ရိပ်သာ အမည်မှလည်း 'စတုဘုမ္မိက မဂ္ဂင်ရိပ်သာ' အမည်ကိုရင်း အယူဝါဒ တူမျှ

သည်နှင့်တကွ အမည်နာမများ ပြောင်းကြလေပြီ၊ ခေတ်နှင့် လျော်ညီသော အယူလမ်းစဉ်, ကျင့်နည်းစုံဟောင်းမှလည်း အကောင်းကို ရှာကြပြီ။

ဤသို့ အမည်နာမနှင့် အယူ၀ါဒ အကျင့်များ ပြောင်းလွဲ တီထွင်ခြင်းကြောင့် ပုဂ္ဂိုလ်မရွေး လာရောက်၍ တရားအားထုတ်ကြ၏၊ တရားရှာကြ၏၊ တရားရှာ တရားပြုတော့မှ မြင်ကာမတ္တ - ကြားကာမတ္တ မဟုတ်၊ ရတနာသုံးပါး ကြည်ညိုသော ပသန္န သဒ္ဓါထက် ဂုဏ်တော်ကို ကြည်ညိုသော ဩကပ္ပန သဒ္ဓါမှတဆင့် ပိုမို၍တန်ဘိုးကြီးမား လိုလားရှာမှီး အပ်ပုံတွေ၊ ဂုဏ်တော်ကို ယုံကြည်ပူဇော်ခြင်းသို့ မြှင့်၍ တိုးပေးလိုက်ခြင်းဖြင့် ယောဂီ၏ ခန္ဓာအစဉ်ကို အရိယာ နယ်ဘက်သို့ ရွှေ့စေပုံတွေ—ဤအချက်များ အားရ မကျေနပ်ဖွယ်ရာ ဖြစ်ပေါ်လာကြ၏။

ဤသို့ လက်တွေ့ဉာဏ် ရင့်ကျက်မှုဖြင့် ယောဂီတို့ကိုယ်တိုင် သိလာသည်၊ ယောဂီတို့အရင်က သာမန်အားဖြင့် ရတနာသုံးပါးကိုကြည်ညိုတတ်ပုံ ပူဇော်တတ်ပုံများ ယခုပိုမို၍ သိမ်မွေ့ထက်သန်စွာ ကြည်ညိုပူဇော် လာနိုင်ပုံများ ကွဲပြားခြားနားသည်နှင့်အမျှ —

အပြင်မှာ နေရသည်ထက် နဂါးရိပ်သာ ယောဂီအဖြစ်နေရခြင်းက ပို၍ ကောင်းကြောင်း ဘ၀တန်ဘိုးကိုလည်း ယောဂီများကိုယ်တိုင် သိမြင်၍ နှစ်သက်၀မ်းမြောက်နေရကြောင်း ထင်ရှားလာသည်။

နံယောဆရာတော်သည် သရဏဂုဏ် နှင့် ဂုဏ်တော်ပိုင်းမှစ၍ ကျင့်စဉ် တလျှောက်လုံး မင်းတုံးမင်း ခေတ်မှ နံယော ဆရာတော်ခေတ် မတိုင်မီ နောက်ပိုင်း နှစ် ၆၀ - ခန့်လောက်အတွင်းက ပထမ ငှက်တွင်း ဆရာတော်၏ ဖွင့်ပြချက်များ အဆင့်ဆင့်ဆောင်ကြဉ်းကြရာ ရွှေ့လျောသည့်ချွတ်ယွင်းချက် များ တတ်တတ်ထင်တင် ရှုမြင်၍ အဘက်ဘက်နှင့် ကိုက်ညီအောင် သုတ်သင် ရှင်းလင်း သာသနာပြု နိုင်သော အရည်အချင်း ရှိသည့် တကဲ့ ပညာရှင် ဘုန်းသမ္ဘာရှင် ဆရာတော် အဖြစ် အသိအမှတ်ပြု ကြ၏၊ သာသနာတွင် တဖြည်းဖြည်း သိစရှိလာကြ၏၊ ဂိုဏ်းလည်း တိုးတက်လာ၏။

ထို့ကြောင့် ၁၃၂၆ - ခု နှစ်တွင် တော်လှန်ရေး အစိုးရ လက်ထက် သာသနာ သန့်ရှင်းရေးဂိုဏ်းပေါင်းစုံနှစ်ကျိပ်တပါး ဦးစီးအဖွဲ့၌ စတုဘုမ္မိက မဂ္ဂင်ဂိုဏ်း၏ ပဓာနတာ၀န်ခံအဖြစ် ပါ၀င်လျက် သာသနာတော် သန့်ရှင်းရေး အတွက် အလေးအနက် ဆောင်ရွက်တော်မူခဲ့၏။

နေပြည်တော် နှင့် ကာယဂတာသတိ

ကာယဂတာသတိ ရွတ်ပွားမှု လက်အခံဆုံး နေရာကို ပေါ်ပြရလျှင် မန္တလေးမြို့ ဖြစ်၏၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌လည်း ကာယဂတာ သတိကို နှုတ်ဖြင့်ရွတ်ပွားရမည်ဟု ပြဆိုထားရာ ရွတ်ပွားဆင်ခြင်သော ဝတ္ထုကြောင်းများမှာလည်း ထိုထို ပါဠိအဋ္ဌကထာကျမ်းဂန်တို့၌ ရှိလေသည်။

ကျမ်းတတ်ပုဂ္ဂိုလ်များ စုဝေးတည်ရှိရာ မန္တလေးမြို့တော်တွင် ရိပ်သာတည်ထောင်၍ ကာယဂတာသတိ ကို နှုတ်ဖြင့် ရွတ်ပွား ကျင့်ဆောင်ခြင်း မှန်ကြောင်း ထောက်ခံအားပေးရာ ရောက်သည့်အတွက် နံယောဆရာတော် အဘို့ လွန်စွာကံကောင်းသည်ဟု ဆိုနိုင်၏။

ပရိယတ္တိမကြွယ်ဝ ဗဟုသုတ မပြည့်ဝသော အရပ်ဒေသ မြို့ရွာသာဖြစ်မူ 'ဟုတ်မှ ဟုတ်ပါ့မလား၊ သူတို့က တမျိုးတွေဘဲ' စသည့် အနှောင့်အယှက် အတားအဆီးများ ကြုံတွေ့ကောင်း ကြုံတွေ့ရမည်၊ သာသနာပြုရေး အတွက် နှေးကွေးစေတတ်သော အပြုအမူများ ပေါ်လာနိုင်သည်၊ သို့သော် နှုတ်ပွားမှုကို လက်ခံရုံမျှနှင့် စောဒက လုံးဝမကင်းသေး၊ နံယောဆရာတော်သည် တက်လာသောစောဒကများကိုလည်း ကျေပ်လွန်အောင် ဖြေစွမ်းတော်မူ၏။

နမူနာတခုပြရလျှင် ကာယဂတာသတိဖြင့် တခုသောအာရုံ တည်ကြည်နေသည့် 'ကေဂ္ဂတာသမာဓိ ရမှရပါ့မလား၊ ရခဲ့သော် အားကောင်းသော သမာဓိဖြစ်ပါ့မလား' စသောယူဆချက်များအရ စောဒကရှင်တို့အားလည်း ကျေနပ်အောင် ဖြေရှင်းရ၏။

ထို့ပြင်လည်း ဝိသုဒ္ဓိမဂ်ကျမ်းလာ ထန်း ၃၂ ပင် မျောက်တကောင် ကူးရင်းကူးရင်း တပင်ပင်မှာ ထိုင်သလို ၃၂ ကောဋ္ဌာသ ပွားရင်း ပွားရင်း တခုသောကောဋ္ဌာသ၌ ကေဂ္ဂတာကျသည့် ဥမာများကိုပြ၍ရင်း၊ မဟာသတိပဋ္ဌာန် ပါဠိတော်အဖွင့် အဋ္ဌကထာ၏အလို ဒီဃဘာဏက ဆောင် မဟာသိဝထေရ်၏အလိုကာယဂတာသတိဖြင့်အပ္ပနာသမာဓိတည်နိုင်ကြောင်း ဖြေရှင်းပြ၍ရင်း —

ရဟန်းယောဂီတပါးသည် ကျောင်းမှာနေသည်ဆိုလျှင် အောက်အထပ်မှာ ဖြစ်စေ, အပေါ်ထပ်မှာဖြစ်စေ, အခန်းထဲမှာဖြစ်စေ အပြင်မှာဖြစ်စေ, မည်သည့်နေရာမျိုးမှာနေသည်ဖြစ်စေ ကျောင်းမှာပင်နေသည် ဟု ဆိုရမည်၊ ထို့ အတူ ကောဋ္ဌာသ ပွားရာ၌လည်း မည်သည့် ကောဋ္ဌာသမဆို ခန္ဓာအတွင်း

ကောဋ္ဌာသမှာပင်စိတ်ကရောက်တည်နေ၍အကုသိုလ် နီဝရဏ ဆိတ်ငြိမ်နေ၏၊ အကုသိုလ်နီဝရဏ ဆိတ်ငြိမ်နေလျှင် ပထမဈာနသမာဓိ, ဝိတက်ဝိစာရငြိမ်းလျှင် ဒုတိယဈာနသမာဓိ, ကောဋ္ဌာသမြင်ပြီး ပီတိကွာကျ စက်ဆုတ်သောအခါ တတိယဈာနသမာဓိ, ကောဋ္ဌာသမြင်၍ ချမ်းသာ ဆင်းရဲ ဝမ်းသာဝမ်းနည်း (နဲ) တွေ မပေါ်သောအခါ စတုတ္ထဈာနသမာဓိ ယင်း သမာဓိတရားများ တည်ရှိလာခြင်းများကို ဖော်ပြ၍ရှင်း သံသယရှင်း၍ ကွက်ကွက်ကွင်းကွင်း နားလည်လာကြ၏။

တချိန်က မတ္တရာနယ်မှ ယောဂီတဦး နဂါးရိပ်သာသို့လာရောက်၍ ကာယဂတာသတိ ပွားများခဲ့ဘူး၏၊ ထိုသူ ကံဟောင်းကုန်ချိန် နှင့် ကြုံလေရော့သလား မိမိရွာသို့အပြန် လမ်းတွင် ကားပေါ်မှလိမ့်ကျပြီး ကွယ်လွန်ရှာသည်၊ လမ်းနှင့်နီးကပ်သော တောင်တခုတွင် နတ်စိမ်းဖြစ်၍နေရာ ၎င်းပိုင်ဆိုင်သော တောင်နှင့် ပတ်ဝန်းကျင် တလျှောက်တွင် ကာယဂတာသတိ ရွတ်ဆိုပွားများသူတို့အား ဘေးရန်ကင်းငြိမ်းရန် အမြဲ မ ့စ စောင့်ရှောက်၍ အလိုမကျသူများကို ဆင်းရဲပေးနေကြောင်း ကြားရဘူး၏။

အချို့က ကာယဂတာသတိမှာ သမာဓိပိုင်းကဖြစ်၍ ပညာမပါဘူး ဟူ၍ အထင်မှား အမြင်မှား ရှိကြ၏၊ ပွားများနည်းမှန် သိကြသူများမှာမူ လက်ခံကြကြောင်းသိရ၏။

ပြကွက်မှ ဟောနည်းပြကွက်သို့

နံယောဆရာတော်သည် စေတုဘုမ္မိကမဂ္ဂင်ရိပ်သာကို စ၍သက်ခံချိန်မှ ပျံလွန်သည်တိုင်အောင် ဉာဏ်, ဝီရိယ အင်အားစိုက်ထုတ်၍ ဟောကြားပြသခဲ့၏၊ ကိုယ်ပိုင် အားထုတ်ပြသခဲ့ရုံမက အခြားယောဂီများကိုလည်း ကိုယ်တိုင်သိပွားကျင့်စဉ်များကို ကြိုးစားကျင့်ဆောင်စေ၏။

ရိပ်သာယောဂီများအတွက်သာ အချိန်စည်းကမ်းများ ကျင့်ပွားစေသည်မဟုတ်၊ ကိုယ်တိုင်လည်း အချိန်စည်းကမ်းများ စံနစ်တကျ ကျင့်သုံးတော်မူ၏။

ည ၁၂ - နာရီခွဲလျှင် အိပ်ရာမှထ၍ ဘုရားဝတ်ပြုခြင်း ကိုယ်တိုင်ကျင့်ပွားခြင်း ပြုလုပ်၍ နံနက် ၅ - နာရီ အများပွားများချိန်မှ အလုပ်က အနားယူလျက် သီတင်းသုံးရာ ကျောင်းဆောင်အောက်ထပ်တွင် စကြံနှင်လျှောက်တော်မူ၏၊ နံနက် ၈ - နာရီမှစ၍ ဟောနည်းပြကွက်များ ပြင်ဆင်လျက် အများနားလည်သဘောပေါက်ရေးရွှေရှုလျက် ၁၃၁၈ - ခုနှစ်မှ စတင်ကာ တရားသင်တန်းကြီး တိုးမြှင့်ဖွင့်လှစ်ခဲ့၏။

ပညာ နှင့် တင်သည့်အထွဋ်

နံ့ယောဆရာတော်သည် တဘက်မှ ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ ကြီးမှူးပြုလုပ်သောသာသနာ ၂၅၀၀ ပြည့် ဆဋ္ဌသံဂါယနာ တင်ပွဲကြီးကင်လည်း ပါဝင်ဆင်နွဲ၏၊ ထိုအချိန်က သုဓမ္မာ၊ ရွှေကျင်၊ ဒွါရဂိုဏ်း အသီးသီးတို့ ပါရှိခဲ့ရာ ဤစတုဘုမ္မိက ဂိုဏ်းသည်လည်း တရားဝင် ပါဝင်ဆောင်ရွက်ခဲ့သဖြင့် စတုဘုမ္မိကဂိုဏ်း အခိုင်အမာ ထင်ရှားပေါ်လွင်စေခဲ့၏။

ဆရာတော်၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် သာမက ကမ္ဘာအဝှမ်း ဤ စဘုဘုမ္မိကသာသနာ ပြန့်နှံ့တည်တန့်စေလိုသည်၊ ထေမဦးစွာ မြန်မာနိုင်ငံ အထက်၊ အောက် မြို့ရွာဒေသများတွင် ကျယ်ပြန့်လာစေလိုသည့် ဆန္ဒလည်းရှိ၍ ဂိုဏ်းအသီးသီးနှင့် ဆက်ဆံပြေပြစ်စွာ သာသနာပြုလိုပေ၏၊ ဆရာတော် လိုလားရုံနှင့်မပြီးသေးပါ၊ အစိုးရ နှင့် ပြည်သူလူတုတို့ လိုလားကြမှသာ ဖြစ်နိုင်၏၊ အစိုးရ နှင့် ပြည်သူတို့ လိုလားသည့်အပိုင်းသို့ ရောက်ရှိကြပြီ မဟုတ်ပါလား၊ နံ့ယောဆရာတော် လက်ထက်မှသာ အခြားဂိုဏ်းများ နှင့်လည်း ဆက်ဆံပြေပြစ်နေသည်၊ အစိုးရကလည်း ဂိုဏ်းသီးခြားအဖြစ် အသိအမှတ်ပြု၍ အစိုးရက ထိုက်ထိုက်တန်တန် မှတ်တမ်းတင်ခြင်း၊ ကျေညာခြင်းများ အထင်အရှားပြုလုပ်သည်ကို ခံယူနေရပေပြီ။

ဤမှတ်တမ်းအဖြစ် ဆောင်ရွက်နိုင်ခြင်းမှာလည်း ဆရာတော်၏ ဘုန်းကံသမ္ဘာ ထက်မြက် မြော်မြင်ဉာဏ်ပညာဖြင့် ဂိုဏ်းအမျိုးမျိုးနှင့် ဝင်ဆန့်အောင် လုပ်ဆောင်ခဲ့ခြင်းမှာ မေ့ပျောက်မရအောင် နှောင်းခေတ်လူတို့ သိကြရမည့် အောင်မြင်မှုမှတ်တိုင်ကြီး ဟု ဆိုနိုင်၏။

> 'ဘုရားအစစ် ပွင့်သည်ခေတ် လူဖြစ်ရတာ တော်လိုက်တာ၊ တရားအစစ် ဟောသည့်ခေတ် လူဖြစ်ရတာ တော်လိုက်တာ၊ သံဃာအစစ် ပေါ်သည့်ခေတ် လူဖြစ်ရတာ တော်လိုက်တာ၊ သာသနာ အစစ် တည်ရှိခေတ် လူဖြစ်ရတာ တော်လိုက်တာ'—

ဆိုသည့် ဆရာတော်ရေး လင်္ကာသံပေါက်များမှာ အလွန်တောက်ပြောင်လှပါပေသည်၊ အပိုအလိုမရှိ ထိမိလှပါပေသည်၊ အနှစ်သာရ ပြည့်ဝလှပါပေသည်၊ ဗုဒ္ဓသာသနာဝင်တို့ ဉာဏ်အမြင်ပွင့်လန်းအောင် **ဆွဲဆောင်နိုင်**လှပါပေသည်။

'ခန္ဓာပြိုကွဲ သေမှာဘဲ သေရဲအောင်သာ တရားရှာ' ဆိုသည့် သံပေါက်မျိုးသည် သံဝေဂဉာဏ်မျိုးစေ့ကိုမြင့်တင်ပေးသည်နှင့်တူပါ၏၊ နံယောဆရာတော်ခေတ်အဖြစ် လူများအမှတ်အသား ထားရအောင် ထူးချွန်လှ၏၊ ဉာဏ်ရည်မြူးရှင်လှ၏၊ ထိုပြင် ထူးခြားချက်မှာလည်း သီလ သမာဓိ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်ကြီးများအား ကြည်ညို လေးစားခြင်းပင်ဖြစ်၏၊ လေးပြင်လေးရပ်ရှိ ဂုဏ် သိက္ခာ အရွယ် ကြီးမားတော်မူကြသည့် မစိုးရိမ်စံကင်း ခေမာသိ စသော ဆရာတော်ကြီးများအား ၀ါ၀င်နှင့်၀ါလကင်းလွတ် သီတင်းကျွတ်ချိန်တိုင်းမှာပင် ကြည်ညိုရင်းစိတ်ဖြင့် ပစ္စည်းပဒေသာစုံလင်စွာ ကပ်လှူ၍ ပူဇော်ကန်တော့လေ့ရှိ၏။

ရန်ကုန်တွင် နေစဉ်က ဖော်ပြခဲ့သော အတိုင်း လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးအား အမြဲ လေးစားလျက် အချင်းချင်း ချစ်ကျွမ်း တဝင်ခင်မင်ပြီး နေခဲ့ရာ ထူးဆန်းသော စားသောက်ဖွယ်များဖြင့် လှူဒါန်းသည်ဟု သိရ၏။

'သူ့ကိုချီးမြှောက် ကိုယ့်ဂုဏ်ရောက်သည်' ဆိုသည့်အတိုင်း သူတပါးတို့အား ချီးမြှောက်လှူဒါန်းသင့်သည်ကို ချီးမြှောက်လှူဒါန်း၍ ကိုယ်တော်၌ အလိုလို ဂုဏ်ရောက်နေသည် မဟုတ်ပါလော........။

ပြတ်သားသော တရားကွက်များ

နံယော ဆရာတော်၏ တရားကွက်များမှာ စင်စစ် ဘုရားဟော ဒေသနာတော်များကို အမှီပြုလျက် အခြေအနေအား လျော်စွာ သိလွယ်မြင်လွယ် ထင်လွယ်အောင် ဖော်ပြထားသည်က များ၏။

ဗုဒ္ဓဘာသာတို့ သာသနာတော်အတွက် သဒ္ဓါပေါ်အောင် ဖော်ပြသော အချက်များ တရားကွက်တိုင်းလို ပါ၀င် နေသည်ဟု သိရ၏၊ တရားနာရသော သာမန်ဓမ္မသ၀နကုသိုလ်မျှမကသေးဘဲ တဒင်္ဂအနေဖြင့် မဂ္ဂင်ရှစ်ပါး ကျင့်ဆောင်ပွားရသည့် 'မဂ္ဂသစ္စာဘာဝေတဗ္ဗကို တဒင်္ဂဘာဂ မဂ်ကုသိုလ် ပွားစေသည့် အလုပ်ကျင့်ရင်း ပေါ်လွင်အောင် ပြသနိုင်သည်၊ ခေတ္တယောဂါ၀စရပုဂ္ဂိုလ်အဖြစ်လည်း မြှင့်တင်ပေးသည့် တရားထူး လက်ကိုင်မိမိ ရစေသည့် တရားကွက်များ ဖြစ်သည်၊ တရားနာသူတို့ အပေါ်၌ ထားရှိသော မေတ္တာ ကရုဏာလည်း ကြီးမားလှပါ၏၊

ဆရာတော်ကိုယ်တိုင် ရေးခဲ့သည့် အချို့သော လက်ရာများ အချို့သော ပါဠိတော်အနက်များတွင် လက်ရာ၏ ကာရန်ကိုပင် မငဲ့ မိမိဖေါ်ပြလိုသော အဓိပ္ပာယ်ကို အဓိကထားသလို ပါဠိအချို့ကို ပါဠိ၏ သဒ္ဒါ အနက် ပါရုံ လောက်နှင့် အဓိပ္ပာယ်နက် ဖေါ်ထုတ်ထားရကား ဆရာတော်၏ စာများ မှာ တမူထူးခြားလျက် တမျိုးအားဖြင့် မှတ်လွယ် ဆောင်လွယ် နိုင်သည်ကို တွေ့နေရ၏။

တရားပြကွက်များမှာ မူအားဖြင့် မဂ္ဂင်ရှစ်ပါး ပါရမီဆယ်ပါးတို့ကို ကျင့် ဆောင်ရန် အမျိုးစုံသော တရားဝတ္ထုကြောင်း သာကေများဖြင့် တန်းဆာ ဆင်ထား၏။

အသုံးအနှုန်းများမှာ ယဉ်ကျေးသိမ်မွေ့သော စကားလုံးပြောင်လှသော ပုဂ္ဂိုလ်ကြီး ဖြစ်ပါလျက် ယဉ်ကျေးသိမ်မွေ့သည့် အသုံး သုံးစွဲခြင်းမှာတွေ့ မရအောင်ဖြစ်၏၊ ကြမ်းသည့် အခဏ်းဖြစ်စေမူ သာမန်အမြွက်မျှသာ ဖေါ် ၍ ယဉ်ယဉ်ကလေး ဟောပြောပြသခဲ့သည်၊ တကြိမ် တခါ ဘူးမျှ ပရိသတ် အား ဣန္ဒြေ ပျက်စေမည့် အကွက် ဆိုးများဖြင့် တိုက်ရိုက် ဟောပြခြင်း အလေ့အထမရှိခဲ့ပေ၊ ပုံတိုပုံစများကိုကား လှိုင်လှိုင်ကြီး အသုံးပြုလေ့ရှိ၏၊ အသုံးပြုသည့်နေရာနှင့် အသုံးပြုထားသော ပုံတိုများမှာ အလွန်လိုက်ဘက် ၍ ထပ်မိဟပ်မိလှ၏၊ ဆရာတော်၏ ပုံတိုများမှာ ပရိသတ်၏ ဆောင်ပုဒ် ဖြစ်၍ ဖြစ်၍ သွားတော့၏။

တရားပြကွက်များတွင် အခြေအနေ အတွေ့အကြုံနှင့် ဉာဏ်ကို ပေါင်းစပ် ဖေါ်ထုတ်ကြောင်း ထင်ရှားသိသာ၏၊ ဆရာတော်သည် ပရိယတ္တိဘက်က လည်း မလို သာသနာတော် အဓွန့်ရှည်စွာ ပြုစုနိုင်ရေးအတွက် ပရိယတ္တိ လို အပ်ကြောင်း အကြိမ်ကြိမ် တရားဟောရင်း မိန့်ကြားခဲ့၏၊ မန္တလေးနှင့် ရန်ကုန်တွင် ဌာနချုပ်ထားလျက် ပရိယတ္တိစာသင်တိုက်ကြီးများတည်ထောင် လိုသောဆန္ဒပြင်းထန်လှ၏၊ မန္တလေးဌာနချုပ်တွင် ဆရာတော်ကလည်းဆန္ဒ ရှိ ကျောင်းအမကြီး ဒေါ်ဦးကလည်း နဂိုရ်မူလကပင် ပရိယတ္တိ စာသင် ကျောင်းတိုက်ကြီးတည်ထောင်လိုသည့် သဒ္ဓါတရား ပေါ်ပေါက်ပြီး ဖြစ်ရ ကား— သိန်းပေါင်း မြောက်မြားစွာ ဒ်ကုန်အကျခံ၍ ရိပ်သာ၏ အရှေ့ ဘက်၌ တဆက်တည်း ဆောက်လုပ်ရာ ၁၃၁၉ - ခုနှစ်ကစ ၁၃၂၀ - နှစ်တွင် ကောင်းစွာပြီးစီးခဲ့သည်။

အနာဂတ် သာသနာရေး အတွက် သာသနာ့ သူရဲကောင်း အာဇာနည် များကို ပရိယတ္တိ ဌာနမှ အရောင်တင် ဆက်လက် ပြုစုပေးရခြင်းဖြင့် အနာဂတ် သာသနာ မြော်တွေး စိတ်အေးစေရန် စီစဉ် တည်ထောင်ခြင်း ဖြစ်သည်။

မဟာစရိယ စာချဘွဲ့ရ စာချဘုန်းကြီးများ ဦးဆောင်စေလျက် စာသင် ရဟန်းငယ် ရှင်ငယ်များကို လက်ခံမွေးမြူပြီးလျှင် သက်နီး စသော ပစ္စည်း လေးပါးတို့ဖြင့် ပြုစုထောက်ပံ့၍ နေသည်။

ခေတ်မီ သာသနာပြုနည်း

မြန်မာနိုင်ငံသည် ပူအိုက်သော ရာသီဖြစ်၍၊ ပူအိုက်ရာ မြန်မာနိုင်ငံ၌ စာသင်ကျောင်းများတွင် သင်ကြားချိန် ၄၅ - မိနစ် ကန့်သတ်ထားသည်ကို တွေ့ရသည်၊ အပူပိုင်းရှိ ဒေသ များတွင် ကြာရှည်ကြီး အာရုံ စူးစိုက် မမှတ်သားရန် ကမ္ဘာ့ကျန်းမာရေး ဌာနများ၏ အမြင်ဖြင့် အချိန်ကန့်သတ် ထားခြင်းဖြစ်သည်၊ ဆရာတော်သည် ကျန်းမာရေးကို ရှေ့ရှုလျက် တရား ဟော တရားနာအချိန် တနေ့လျှင် တနာရီသာသတ်မှတ်ထားသည်၊ တနာရီ ပြကွက်အတွက် စောစောပိုင်းက ပြကွက်မှ တိုတိုကျဉ်းကျဉ်း လိုရင်းကို အသုံးပြု၏။

တရားသင်တန်းအတွက်မူ ပုဂ္ဂိုလ်အမျိုးမျိုးပါဝင်လာသဖြင့် ကျယ်ဝန်း စွာချဲ့ထွင်ပြလေသည်၊ ရှည်လျားသော သင်တန်းပြကွက်များနှင့်ပင် တနာရီ ပြကွက်ကို အလွယ်တကူ ဟောနိုင်ပြနိုင်စေလေသည်။

အမှန်အားဖြင့် တရားသင်တန်းပေးနေခြင်းမှာ တရားဟော ဓမ္မကထိက ပုဂ္ဂိုလ်များ ထွက်ပေါ်က် လာအောင် ရည်ရွယ်ခြင်း ဖြစ်၏၊ သာသနာပြု ဗိုလ်လောင်းသင်တန်းဟူ၍လည်း ကိုယ်တိုင် ကင်ပွန်းတပ် အမည်ပေးထား လေသည်၊ ရည်မှန်းသည့် အတိုင်းနှစ်စဉ် ဓမ္မကထိက သစ်များ ပေါ်ပေါက် ပါ၏၊ ရိပ်သာမှောရုံ၌ ဓမ္မကထိက အသစ်များ အစမ်းသဘော အနေဖြင့် ဥပုသ်ရက်မှတပါး ကြားရက်များ၌ လေ့ကျင့်စေသည်၊ ဓမ္မကထိကသစ်များ ကို 'ဩကာသ မှ၍ ဒွေခန္ဓာ ' အထိ ကျက်မှတ်စေရသည်၊ ဓမ္မကထိက များသည် စတုဘုမ္မိကကျင့်စဉ်တို့ကိုလည်း ယုံကြည်မှု တိုးစေလျက် ပရိသတ် နှင့် ရင်ဆိုင်ရာ၌ ရဲဝံ့ခြင်းအတွက် လေ့ကျင့် ဟောပြောစေရခြင်း ဖြစ်၏။

ဟောပြောပြသရာ၌ ဝိမုတ္တိယုဂခေတ်အား လျော်စွာ သမာဓိပိုင်းတွင် သမာဓိအခြေခံရင့်သန်မှုအတွက် ကိုယ်တိုင် သုတမယဉာဏ်, စိန္တာမယဉာဏ်, ဘာဝနာမယ ဉာဏ်များ အစဉ်အတိုင်း ကျင့်ဆောင်ဟောပြော ပြသသည့် လက္ခဏာလည်း ပေါ်လာနိုင်၏။

ကာယဂတာသတိကို အချိန်ရသည့်အခါ အသေးစိတ် နိုက်နိုက် ချက်ချတ် ကောဋ္ဌာသတခုစီပေါ်အောင် ဖော်ထုတ် ပြသခြင်းမှာ တပည့်များ အဘို တခဏအတွင်း မိမိခန္ဓာကိုယ်ကို နိစ္စ, သုခ, အတ္တ, သုဘ အစွဲများ သိသိသာသာ လျော့နည်းသွားအောင် ပြနိုင်စွမ်းလည်းရှိ၏။

ထိုသို့ပြတော်မူနိုင်ခြင်းမှာ ပထမ ငှက်တွင်းဆရာတော်၏ ကျမ်းစာများတွင်ပါပြီးဖြစ်သည် မဖြစ်သည်ကို ဤသမိုင်းပြုသူ အကုန်အစင် မသိခဲ့ပါ၊ မပါသေးလျှင် ဆရာတော်၏ ထိုးထွင်းဉာဏ် စူးရှထက်မြက်မှု ကြီးမားလှကြောင်း ထင်ရှားသည်။

သူ့နေရာအလိုက် သင့်လျော်သလို စီစဉ်ပြသနိုင်ခြင်းပင် ဉာဏ်အား မသေးလှကြောင်း သိနိုင်၏၊ ဆရာတော် ယခုလို အထွဋ်အထိပ်ရောက်နေခြင်းမှာ ယာယဂတာ သတိကို သမာဓိပညာ ရင့်သန်စေရန် သေချာစွာ ဟောပြောပြသနိုင်စွမ်းကား ဆရာတော်၏ ထူးခြားသော ဘဝ မဏ္ဍိုင်ဟု ဆိုနိုင်၏။

ဝိပဿနာဉာဏ်စဉ်များကို ပညာခဏ်း ပြသမှုအတွက် နက်နဲအောင် နှင့် ပေါ်ပေါက်အောင် တပ်တပ်အပ်အပ် ရှုကြည့်နိုင်ရန် လက်ာများဖြင့်လည်း စီစဉ်ထားပါသေး၏။

'ကာယဝေဒနာ စိတ္တဓမ္မေသု ကိဉ္စိဓမ္မံ အနာမသိတွာ ဘာဝနာနာမ နတ္ထိ' (သုတ်မဟာဝါ အဋ္ဌကထာ)။ ။ကာယဝေဒနာ စိတ္တ ဓမ္မေသု၊ ကာယဝေဒနာစိတ္တဓမ္မာနုပဿနာတို့တွင်။ ကိဉ္စိဓမ္မံ၊ တစုံတခုသော အနုပဿနာကို။ အနာမသိတွာ၊ မသုံးသပ်မူ၍။ ဘာဝနာနာမ၊ မဂ်ဖိုလ်နိဗ္ဗာန်သွားရာ ပွားများမှုမည်သည်။ နတ္ထိ၊မရှိ—ဆိုသောစကားကို ယုံကြည်ထက်သန်ဟန်တူ၏။

အကြောင်းမူ သောတာပန် တည်သော ပြကွက်ကိုပင်လျှင် ဉာဏ်စဉ်ဘက်၍ သောတာပန် တည်ပြတော်မူလေ့ရှိသည်၊ အထက်မဂ်များအတွက်ကား ဉာဏ်စဉ်ပါရှိသည်ချည်းသာ။

ဤသို့ပြုခြင်းမှာ ဝိပဿနာခေတ်တွင် တရားဟော တရားနာ အားလုံးအား ဝိပဿနာဉာဏ် ရင့်သန်အောင် ကျင့်သား ပေးရုံမျှ မကပေ၊ မိမိသာသနာပြုလုပ်ငန်း၏ ရည်ရွယ်ရင်းဖြစ်သော မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ ရနိုင်ကြရေးအတွက် အောင်မြင်သော မဂ်ဗီဇ မဂ်မျိုးစေ့များ ဖြစ်ထွန်းတည်ရှိအောင် အကျိုးရှိစေလေသည်၊ အသိဉာဏ်ရှိသူတို့အဘို့ ဆရာတော်၏ ကျေးဇူးဂုဏ်များ အလွန် ကြီးကျယ်နေကြောင်း ထင်ရှား ပေါ်လွင်ပေသည်။

လောကီ လောကုတ္တရာ နှစ်ဖြာသော သာသနာပြုနည်း အရှိန်အဝါ တလက်သက် ထိန်လင်းလာရာ မဟာသတိပဋ္ဌာန် အာဇီဝ ဟောင်းများ အလွန်အားတက်ကြပြီး ဌာနဟောင်းများကို ပိုစည်ကားအောင် ပြုစုလာကြ၏၊ ဌာနသစ်များလည်း တိုး၍တိုး၍ ပေါ်ပေါက်လာတော့၏။

စတုဘုမ္မိက ဌာနခွဲများ

စတုဘုမ္မိက ဌာနဟောင်း ဌာနသစ်များ ပေါ်ပေါက်ပြန့်ပွား တိုးတက်လာသည်နှင့်အမျှ သာသနာပြုစက် တရားကွက်များဖြင့် ပေါ်ထွက်လာကြသော သာသနာပြု ဓမ္မကထိကများအား သင့်လျော်ရာ ဌာနတို့သို့ ပို့လွှတ်ချီးမြှောက်နိုင်လေသည်၊ ရှမ်းပြည်တောင်ပိုင်းဒေသတွင် တောင်ကြီး အင်းလေး ရွှေညောင် စသော စတုဘုမ္မိက ရိပ်သာများ, ရှမ်းပြည်မြောက်ပိုင်း အချို့ ဒေသတွင် ဌာနခွဲများပေါ်နေပြီး ပေါ်နေဆဲ ရှိလေသည်။

ထို့ပြင် မေမြို့တွင် ဌာနခွဲ, မြစ်သားမြို့နယ် ကသဲကုန်း နှင့် ချင်းရွာတို့တွင် ဌာနခွဲများ တောင်ငူအလယ်ပိုင်းတွင်ရင်း တောကျွဲအင်းတွင်ရင်း ဌာနခွဲများတည်လေသည်။

ထိုမှတပါး ရွှေဘို, မြင်းမူ, လယ်ဝေးစသော မြို့နယ် ကျေးရွာတို့၌လည်း ဌာနခွဲများ ဖွင့်လှစ်ခဲ့သည်။

ဝင်းစတုဘုမ္မိက တရားပြ ဌာနများ ရွာတိုင်း ရပ်တိုင်း၌ မရှိပါခြားလည်း မြို့နယ်အလိုက် ခရိုင်အလိုက် တိုင်းအလိုက် အနည်းနှင့်အများဆိုသလို ရှိကြပါသည်၊ အောက်မြန်မာပြည်တွင် ဖျာပုံ ခရိုင်, မအူပင် ခရိုင်, ဟင်္သာတ ခရိုင်, သာယာဝတီခရိုင်နှင့် ပြည်ခရိုင်တို့မှာစတုဘုမ္မိကသာသနာပြုဌာနများ အလွန်တရာ အင်အားများသော ဒေသများ ဖြစ်ကြပါသည်။

ပြည်နယ်အလိုက် ဖော်ပြရမည်ဆိုလျှင် ရှမ်းပြည်မြောက်ပိုင်း နောင်ချို၊ ကျောက်မဲ, လားရှိုး ရှမ်းပြည်တောင်ပိုင်း ဟဲဟိုး, ရွှေညောင်, ညောင်ရွှေ, အင်းလေး ဒေသနှင့် တောင်ကြီး မြို့များမှာလည်း စတုဘုမ္မိက သာသနာ လွန်စွာ တိုးတက်ပြီးလျှင် နံ့ယောဆရာတော်၏တပည့် စတုဘုမ္မိက သာသနာပြု ဓမ္မကထိက ဆရာတော်များသည် ဆရာတော်၏ သာသနာပြုနည်းအတိုင်း ပင် ချဲ့ထွင်လျက် သာသနာပြုကြပါသည်။

စိတ်ရှည် ဇွဲသန်၊ သည်းညည်းခံ၊ ပြုရန်သာသနာ—

သာသနာရေး နယ်မရွေး စိတ်ကောင်းမွေးခါပြုကြပါ—ဟူသော လက်ဆောင်ပုဒ်သည်နံ့ယောဆရာတော်ဘုရားကြီး၏'သာသနာပြုရာ၌အမြဲလက်ကိုင် ထားသော ဆောင်ပုဒ်လက်ာများ ဖြစ်ကြပါသည်၊ ဌာနဟောင်းတို့ကိုလည်း ချဲ့လျက် စံနစ်သစ်အရ ဖွင့်လှစ်လျက် ရှိလေပြီ၊ သာသနာပြု ဓမ္မကထိက နှင့် ဂိုဏ်းဝင် သံဃာများအားလည်း ဆရာတော်၏ ဒါနပါရမီ အလျောက် အကျိုးပေးရာ၌လည်း ကြွလေရာ တိုင်းမှာပင် ပစ္စည်းများ စုပုံလျက်ရှိ၏။

ဆရာတော်သည် ဝိရိယစွမ်းအား ကြီးမားလှ၏၊ အထွဋ်အထိပ် ရောက် နေသော်လည်း ဝိရိယစွမ်းအား မချုံ့ပါ။

သာသနာတွင် စစ်ကိုင်း ရှင်ဥတ္တမ ကဲ့သို့သော ပုဂ္ဂိုလ် ပေါ်လာပြန်၏၊ ရှင်ဥတ္တမသည်သံဃာများအား နွားနို့, နွားပါ စသည်နှိုင်းလျက် မန္တလေးမြို့မှ ထုတ်သော ဗဟိုရ်စည် သတင်းစာ၌ ထည့်သွင်း ဖော်ပြလေသည်။

ထိုဂယက်ကြောင့် ဗဟိုရ်စည် သတင်းစာတိုက်ကို သံဃာအချို့က ဖျက် ဆီးပစ်ကြ၏၊ ဤအချက်နှင့်စပ်၍ အခွင့်ကောင်း ယူကာ သာသနာရေး မှုကွဲများဟု စွပ်စွဲခြင်းခံရသော ၄က်တွင်း စာပေများကိုလည်း အစိုးရက သိမ်းဆည်းပေးလိုက်သည်၊ သိမ်းပေးပါဟု တောင်းဆိုမှုများ ကြုံတွေ့လာ ပေသည်။

ထိုအခိုက် ဆရာတော်မှာ တုံလှုပ်ချောက်ချားခြင်း အလျဉ်းမရှိ လောကမံ မုန်တိုင်းဒဏ် ခံနေရင်းဖြင့် အားကိုးရာဖြစ်သော ကာယာတာ သဘိတရား ကိုသာ ကြိုးစားပွားများလျက် ဉာဏ်, ဝိရိယ မလစ်ချ၊ မိမိလုပ်ငန်းကျင့်စဉ် လမ်းများဖြင့်သာ မတုန်မလှုပ် သမာဓိရှိရှိ နေခဲ့၏။

'မဟာဗောဓိ ရက္ခိတ ဓမ္မစာရီ'အတိုင်း အရှိန်မပျက် သာသနာတာဝန် များ ဆက်လက်ဆောင်ရွက်လာခဲ့ရာ အခြေအနေမပျက် တည်ရှိနေနိုင်သည်၊

ကျောင်းအမကြီး ဒေါ်ဦးသည် မူလတာဝန်ယူ လျှောက်ထားခဲ့သည့် ၁၀ နှစ်ကျော်ကာလအကြာ ၁၃၂၆ - ခုနှစ်လောက်တွင် ဆုတောင်းပြည့်ဝနေပေပြီ၊ သို့ရာတွင် ထိုအချိန်မှာ ဒေါ်ဦးကဲ့သို့ အလှူရှင်များ ပေါ်ပေါက်လာကြပြီး တာဝန်ယူ လှူဒါန်းကြသူများလည်း ရှိလေသည်၊

ဆုပူလှူပ်ရှားပေးသော သံဃာတို့ကိုလည်း အစိုးရက ထိန်းသိမ်းထားလေပြီ၊ ဘာသာတခုနှင့်တခု ဘာသာရေးအယူအဆ အချင်းချင်း မတူညီစေကာမူ လွတ်လပ်စွာ ကိုးကွယ်ခွင့် နှင့် မတိုက်ခိုက်ကြရန်ကိုပါ အစိုးရက ထုတ်ပြန်လိုက်သည်၊ ထိုအခါ ဆူပူခြင်းရန်များ အလိုလို အေးငြိမ်းသွားကြရလေပြီ၊ စတုဘုမ္မိက သာသနာကို ဆဋ္ဌသံဂါယနာပွဲ၌ ဂိုဏ်းကြီးတခု အသိအမှတ်ပြု၍ ပေါ်လွင် ထင်ရှားစွာ တရားဝင် ကမ္ဘာသိ စွမ်းဆောင် ခဲ့သည်နှင့် အမျှ ပေါ်ပေါက်လာသော အန္တရာယ်တို့ကိုလည်း ကာကွယ်ခဲ့ပေ၏၊ အဖျက်အဆီး အနှောင့်အယှက် ဆူးငြောင့်ခလုပ်တို့ကို အကြမ်းနည်း အနုနည်းများဖြင့် ဖြိုဖျက်ခဲ့၏၊ တရားနှင့် ကျော်လွှန်နိုင်ခြင်းကား သမိုင်းတလျှောက်၌ တောက်ပြောင်သော မှတ်တိုင်ကြီးများ ဖြစ်၏။

ပူဇော ပူဇနေယျနဂုဏ်

ဆရာတော်၏ သီလ, သမာဓိ, ပညာဂုဏ်တို့ကို လေးစားကြည်ညိုကြသည့် အလျောက် နိုင်ငံရေးအစိုးရ လက်ထက်က အစိုးရ၏ ကြည်ညိုပူဇော်ခြင်းကိုရင်း တော်လှန်ရေးအစိုးရ လက်ထက်ကလည်း သာသနာရေးအတွက် ဂိုဏ်းပေါင်းစုံ သံဃာအစည်းအဝေးကြီး များ ကျင်းပသည့်အခါ အခြားဂိုဏ်းများနှင့် ရင်ဘောင်တန်းလျက် သာသနာပြုခဲ့၏။

ဆဋ္ဌသံဂါယနာ တင်ဖဉ်ကလည်း ပါဝင်ခဲ့၏၊ သာသနာ သန့်ရှင်းရေးအတွက် ကမ္ဘာအေး နှင့် မှော်ဘီတွင် အကြိမ်များစွာ ကျင်းပသော သံဃာအစည်းအဝေးများတွင်လည်း စတုဘုမ္မိကဂိုဏ်း၏ ဂုဏ်သိက္ခာ ထွန်းပြောင်တောက်ပအောင် ဆောင်ရွက် ဆွေးနွေးခဲ့၏။

အစိုးရ ပူဇော်ခြင်း အလေးအမြတ် ပြုခြင်းများမှာ ဆရာတော်၏ ဂုဏ်ကျေးဇူးများ သိ၍ဖြစ်၏၊ အစိုးရ သိရှိလာအောင် ရဟန်း ရှင် လူ ပြည်သူအများ အသိအမှတ်ပြုသောကြောင့် ဖြစ်သည်၊ ပြည်သူအများ သိအောင်လည်း မနေမနား သာသနာပြုရာ၌ တရားသဖြင့် ဦးစီးရှေ့ဆောင်နိုင်ခြင်း

ကွပ်ကဲအုပ်ချုပ် စီမံနိုင်ခြင်း သာသနာ စိတ်ဖြင့် သာသနာ ပြန့်ပွားရေး အထူး အားပေးခြင်း စသည့် အကြောင်းများကြောင့် ဖြစ်၏။

ဆရာတော်သည် ပရိသတ်နှင့် ကင်းသောအခါ ကျမ်းစာအုပ်နှင့် လွတ်နေသောအခါ စင်္ကြံကြွလျက်ရင်းလည်းလျှောင်းလျက်ရင်း နှုတ်က တတွတ်တွတ်နှင့် စိတ်မလွတ်ဘဲ အမြဲပွားရွတ်လျက် နေ၏၊ ထိုင်သော ဣရိယာပုထ်ကား ဆွမ်းစားချိန်, ပရိသတ်နှင့် ဟောပြောနေချိန်များတွင် အသုံးပြုလေ့ရှိ၏။

ကျိန်းစက်တော်မူချိန်ကား အလွန်ပင် နည်းပါးလှသည်၊ တနေ့တာအချိန်တွင် ည ၇ · နာရီခန့်မှ ၁၂ · နာရီခွဲလောက် အထိ ၅ · နာရီသာသာမျှ နေနား ကျိန်းစက်လေ့ရှိကြောင်း သိရ၏၊ အထူးသဖြင့် စာပေ အရေးအသားမှာကား များပြားလှပါသည်၊ ဝါတွင်းကာလတွင် နေ့စဉ် တရားပြကွက်များကို တနေ့ပြီးတနေ့ ထိုင်၍ တနေ့စာ စီစဉ်ရေးသား နေသည်။

ဆရာတော်၏ အလင်္ကာဉာဏ်ရည်မှာ အထူးတောက်ပြောင် ကျင်မြူ ပါသည်၊ တရားကွက်တိုင်း လိုလိုမှာပင် ကေပိုဒ်လင်္ကာခံ၍ ပြသသည်၊ လင်္ကာများ ရေးသားရာ၌လည်း အဆို အရွတ် သာယာ၍ လွယ်ကူလှ၏၊ အဓိပ္ပာယ်လည်း ပေါ်လွင်စေ၏၊ လင်္ကာများ၏ အရသာမှာ အသိဉာဏ် ရှင်းလင်းစေလှ၏၊ လင်္ကာတို့သည် အမှန်အားဖြင့် ဆရာတော်၏ ကိုယ်ပိုင်စာမူ စစ်စစ်များ, အာဘော်များဖြစ်သည်။

အချို့သော လင်္ကာများမှာ ပိုင်နိုင်လှသည်၊ တရားကွက်တခုလုံးကို ထိုလင်္ကာရလျှင် ခြုံမိငုံမိပြီးဖြစ်တော့သည်၊ ထိုကဲ့သို့သော လင်္ကာမျိုးမှာ တရားကွက်စီစဉ်မှ ထိုတရားကွက်ကို လင်္ကာနှင့်ရေး၍ တရားကွက်တွင် ဆင်၍ပြဟန် ရှိသည်။

ဥပမာတခု ထုတ်ပြရလျှင်—

'ခန္ဓာငါးဖြာ၊ သက္ကာယာ၌၊ ငါငါ စွဲငြိ၊ မှားဒိဋ္ဌိကြောင့်၊ ယူရှိ ဥစ္ဆေ၊ သဿတေနှင့်၊ ပြုလေသမျှ၊ သခါရတို့၊ သုံးဝကေန်၊ ရှိသည်မှန်၏၊ နှစ်တန်မူလာ၊ အဝိဇ္ဇာနှင့်၊ တဏှာနှစ်ပါး၊ စိုးအုပ်ထား၍ အများမိစ္ဆာ၊ ကျင့်တတ်ပါ၏။

သစ္စာရှုပြန်၊ သမုဒယံနှင့်၊ ဒုက္ခံဘိစီး၊ ဆယ့်ဆမီးတို့၊ လောင်ပြီး ရင်းလောင်၊ တေးဘုံထောင်မှ၊ လွတ်အောင်ကြိုးစား၊ မြတ်သူများ၌၊

နှစ်ပါး သစ္စာ၊ မနီး ပါ၍၊ သမ္မာပဋိပတ်၊ အကျင့်မြတ်ကြောင့် မပြတ်စရဏ၊ ဝိဇ္ဇာရ၏။

သုံးဝသိက္ခာ၊ ပြည့်စုံပါပြီး၊ တည်လာသမထ၊ ဝိပဿနာဉာဏ်တို့၊ ကေန်ရှိပေ၊ ငါးခန္ဓေ၌၊ မသေ့ဒိဋ္ဌိ၊ ဖြတ်ပယ်ရှိသည်၊ မြင်သိပညာ ကြီးစားတည်း။'

ဤလင်္ကာကား 'သက္ကာယဝယ်၊ ဒိဋ္ဌိတွယ်၊ ဖြတ်ပယ်လုပ်ငန်းရှာ' ဟူသော တရားကွက်၏လင်္ကာဖြစ်သည်၊ ဤလင်္ကာသည် ထိုတရားကွက်တခုလုံးသူ့အစဉ်နှင့်သူ နေရာတကျ စေ့စေ့စုံစုံ ငုံ၍ ခြုံ၍ကောက်ပုံမပါစေဘဲ ကားရန်ရှာ၍ ရေးသားဖွဲ့ထားခြင်း ဖြစ်သည်။

ထို့ပြင် ဆရာတော်၏ ပေါ်လွင် ထင်ရှားသော ဂုဏ်ရည် တခုမှာလည်း ဤသို့ဖြစ်၏၊ ပရိသတ်တို့အား ဟောပြောပြသရာ၌ ပရိသတ်တို့ကို သာသနာတော်၌ ကြည်ညိုစေ၍ မြင့်မြတ်သောမဂ်ဗီဇ တည်နားစေသည်၊ အဟော အပြော စိတ်ဝင်စားသည်။

ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် တို့အား ကောင်းမွန်ပိုင်နိုင်စွာ အလွယ်တကူ တတ်မြောက်အောင် ပြသနိုင်စွမ်းရှိသည်။

ဤစွမ်းအားတော်၏ ကျေးဇူးဂုဏ်များကြောင့်မဟုတ်ပါလော၊ ပင်ကိုယ်မူလကမဂ်လသုတ် နမက္ကာရ ပရိတ်ကြီးမျှလောက်ကိုပင် မပိုင့်တပိုင် အခြေခံ ယိုင်သော ပုဂ္ဂိုလ်များဖြစ်လင့်ကစား ဆရာတော်၏တရားသင်တန်းကို တက်ရောက်သင်ယူပြီး ဖြစ်က အကျော်အမော် ဓမ္မကထိကလောက်တော့ ကောင်းစွာ ဖြစ်နိုင်ကြ၏။

ဤမျှအထိ ပြပုံပြနည်း နည်းယူလောက်အောင် သင်ကြားပြသနိုင်သည်၊ ထို့ကြောင့် ဆရာတော်၏ တရားသင်တန်းများတွင် တက်ရောက်သင်ကြားကြသူများ တိုးတက်များပြားလှကြောင်း သိရ၏၊ သင်တန်းတက်ရောက်သင်ကြားသူများ တရားနာသူများ ငြီးငွေ့ပျင်းရိခြင်းမရှိအောင်လည်း ဆွဲဆောင်နိုင်သည့် သောလုံးများဖြင့် တဟားဟားရယ်ရန်လည်း မဟုတ်၊ ပျော်ရွှင်ဖွယ်ရာများ ထည့်စွက် ဟောပြောပြသလျက်ရှိသည်၊ သာသနာတော် တိုး၍ ကြည်ညိုစေရန် ခန္ဓာသံသရာက လွတ်လိုသော စိတ်များသာ အများအားဖြင့် ပေါ်ပေါက်စေသည်၊ မွေ့လျော်စေသည်။

သာသနာပြုလုပ်ငန်းများတွင် အရေးပါလျှင် ပါသလို မိးရှူးတန်ဆောင် ထွန်းညှိသည့်အလား စိစဉ်ဆောင်ရွက်လျက် သာမန်ကိစ္စများတွင်မူ လက်ကျ လုပ်ဆောင်နည်းရရှိပြီး သင့်လျော်သော တပည့်များကို ဆောင်ရွက်စေသည်။

ဆရာတော်၏ သာသနာပြုလုပ်ငန်း ဂုဏ်သတင်း စွမ်းရည်တို့ကား များလှ၏၊ ကြီးကျယ်လှ၏၊ ထူးခြားသောဂုဏ်များကို ဂိုဏ်းဝင်ပုဂ္ဂိုလ်များ ကြည်ညိုလေးစား၍မဆုံး ပူဇော်၍ မဆုံးနိုင်ကြသကဲ့သို့ အစိုးရနှင့် ပြည်သူလူထုကလည်း ကြည်ညိုလေးစားကြ၏၊ ပူဇော်ကိုးကွယ်ကြ၏။

သာသနာ့ လုပ်ငန်းများ ကျင့်ပွားရေးနှင့် ကျင့်ပွားစေရန် ဟောပြောပြသရေးများ စီမံဆောင်ရွက်ရေးများတွင် မနေမနား ယောကျ်ားတို့စွမ်းရည် ဉာဏ်ဝီရိယ မချဘဲ လုပ်ဆောင်ပွားများ အားထုတ်နေမြဲနေရာ ဆရာတော်၏ ခန္ဓာကိုယ်၌ ရောဂါဝေဒနာများ ဆိုက်ကပ်ရာ ဆိပ်ကမ်းသဖွယ် ဖြစ်လာလေပြီ၊ ရောဂါစွဲကပ်လာခြင်းမှာ ၁၃၂၇ ခုလောက်က တင်၏၊ ဆရာတော်က မိမိတာဝန်မှာ သာသနာပြန့်ပွားရေးအတွက် အသက်ခန္ဓာမငဲ့ညှာဘဲ သာသနာရေး အသက်ပေးနေမည်သာ ဟု မိန့်တော်မူ၏။

ဝေဒနာသည် အလိုသို့မလိုက်၊ အလိုသို့ မလိုက်သော ဝေဒနာ၏ အလိုကိုလည်း တမင်တကူးတက လိုက်နေရန်မလို၊ သင့်လျော်ရာ ရရှိသည့် ဆေးဝါးဓာတ် သုံးစွဲလို့ ရှိပါလျက် မသက်သာချင်လည်းနေ သက်သာချင်က သက်သာပစေ၊ ကိုယ့်အလုပ်က သာသနာ ပြန့်ပွားဘို့ရာ သာသနာပြုဘို့ရာ ဖြစ်၏။

ရောဂါစွဲကပ်စတွင် ဆရာတော်မှာ ရောဂါဝေဒနာမရှိသကဲ့သို့ ပကတိကျန်းမာစဉ်ကအတိုင်း တရားဟောသည်၊ ကျင့်စဉ်များပြသသည်၊ ပရိသတ်တို့အား ဥပုသ်နေ့တိုင်း အဆက်မပြတ် ဟောမြဲဟောလျက်- တရားပြမြဲပြလျက်။

ခရီးဝေးက သာသနာဂိုဏ်းဝင်များ၏ ပင့်လျှောက် ချက်များကိုလည်း လက်ခံတော်မူလျက်—

တိုး၍တိုး၍သာ လာသော ဝေဒနာ

ဆရာတော်အား စွဲကပ်နေသော ဝေဒနာကား ခေတ်ကာလ ဆေးပညာရှင်တို့အလိုအားဖြင့် မပျောက်နိုင်သော ရောဂါဆိုးကြီးပါပေ။

'အနာမသိ ဆေးမရှိ၊ အနာသိမှ ဆေးရှိသည်' ဆိုသည့် ရှေးဟောင်းစကားရှိခဲ့ပါ၏၊ ယခုခေတ် အခါကား အနာရောဂါသိမှ ပျောက်ကင်းသည့် ဆေးမရှိသောရောဂါ၊ ယခု ဆေးပညာကား ခေတ်နောက်ဆွဲနေဟန်ရှိ၏၊ ဆေးပညာသည် ရောဂါမှန်သမျှ ပျောက်ကင်း နိုင်ရမည် မဟုတ်လော။

ရောဂါသိ ဆေးရှိရမည်၊ ရောဂါသိ၍ ဆေးရှိပါသော်မှ သေခြင်းတရား လေးပါး နှင့် သေကျေပျက်စီးလျက် နေကြရ၏၊ယခုလိုရောဂါကရှေ့ ဆေးကနောက်ဟု စမ်းတဝါးဝါး ရှာ၍ ဖွေ၍ မရသေးသော်ကား အသေအကျေများမည့် ဆုတ်ကပ်၏ ဓမ္မတာ ကြောက်စရာလန့်စရာကြီး။

ခန္ဓာရလျှင် ခန္ဓာ ဖြစ်လျှင် ဆင်းရဲဒုက္ခ၊ အိုရမည် နာရမည် သေရမည်၊ အိုဘေး နာဘေး သေဘေး အိုနာသေရေး ဒုက္ခဘေးတို့မှ ကင်းဝေးရာ ခန္ဓာချုပ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာသို့ ရောက်အောင်ရအောင် မဂ္ဂသစ္စာပွားရမည်၊ သူတပါးပွားများအောင် ဟောပြောပြသရမည်၊ ဤသည် သာမိမိကိစ္စ မိမိကိစ္စကိုသာ တတ်အားသမျှ ကြိုးစားရမည်၊ ဤသို့စိတ်တွင်လည်း မှတ်, နှုတ်ကလည်းရွတ်, ဘတ်ပွားတော်မူလျက် မိမိသာသနာမိမိပင် ကြိုးစားပြုရမည်ဟု နှလုံးသွင်းလျက်ရှိ၏။

ဤအခြေအနေအတွင်း ရပ်ဝေးမှ ဒကာ ဒကာမများ သာသနာပြုရန် ပင့်လျှောက် ချက်ကိုလည်း လက်ခံကြွရောက်၍ သာသနာပြုမြဲ ပြုနေ၏၊ သို့သော် ဆရာတော်မှာ အားအင်ယုတ်လျော့လာပါသည်၊ ကြီးမားသော ဇွဲလုံ့လ ကြီးမားသော မေတ္တာ ကရုဏာကြောင့်သာ ကြွရောက် ဟောပြောခြင်း ဖြစ်ရကြောင်း ပစ္စာသမဏ တပည့်များ တဆင့် ပြောကြားချက် အရ သိရ၏။

ဆရာတော်ကမူ မိမိ ခန္ဓာကိုယ် ဆောင်၍နေသမျှ ဉာဏ်ဝီရိယ မချခဲ့၊ သတိပညာ ပွားများကာသာ နေ၏။

ထက်အောက် မြို့နယ် ကျေးရွာများမှ တပည့်များက ဆရာတော်၏ ရောဂါအတွက် ဆေးဝါး အမျိုးမျိုး ဆရာအမျိုးမျိုး ရှာဖွေလှူဒါန်းကြ၏၊ ပင့်ဆောင်လာကြ၏၊ သင့်လျော်ရာ အာဟာရဓာတ်စာများကို ယုတ်စွအဆုံး မြန်မာနိုင်ငံမှာ မရကြလျှင် နိုင်ငံခြားမှပင် မှာယူပို့ဆောင် လှူဒါန်းကြ၏၊ သို့သော် ရောဂါအခြေအနေကား လျော့ပါး သွားသည့် လက္ခဏာ မရှိ တန့်သလိုရှိလိုက် တိုး၍လာလိုက်နှင့်—။

အမြင်မှန်၍ အကျင့်တော် သန့်လှ၏

ဆရာတော် မလျှော့သော ဇွဲလုံ့လဖြင့် ပြုမြဲတိုင်းဖြစ်သော သာသနာ ဟောပြောမှု လုပ်ငန်းများကို အားခဲကြိုးပမ်းပြုစုလျက် ရှိ၏၊ မိမိကိုယ်တိုင် ပြုလုပ်သတ်မှတ်ထားသော တနင်္ဂနွေ တရားပွဲ တနင်္ဂနွေတရားဟော စည်းကမ်းကိုလည်း လိုက်နာကျင့်ဆောင်မြဲဖြစ်၏၊ တနင်္ဂနွေပြည့် မတတ်နိုင်သော်လည်း ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်သည့်တိုင်အောင် တနင်္ဂနွေနီးပါး အချိန်အထိ ဟောပြောပြသလျက်ရှိ၏။

ဘုရားရှင်က ဂိလာန သုတ္တန်၌—

'ချစ်သားတို့- သင်၏ ရောဂါ ဝေဒနာသည် ဆုတ်နစ်သည့် လက္ခဏာပေါ်ရဲ့လား၊ ဆုတ်နစ်သည့် အရိပ်အယောင်ရှိရဲ့လား' ဟု မေးတော်မူသည့်အခါ—

'ရှင်တော်မြတ်ကြီး ဘုရား - ဆုတ်နစ်သည့် အရိပ် မပေါ်ပါ၊ တိုး၍တိုး၍သာ လာပါသည်' ဟု လျှောက်လေသည်။

'သင်ချစ်သား- ရုပ်သည်မြဲသလား မမြဲဘူးလား၊ ဝေဒနာသည် မြဲသလား မမြဲဘူးလား၊ သညာသည် မြဲသလား မမြဲဘူးလား၊ သင်္ခါရသည် မြဲသလား မမြဲဘူးလား၊ ဝိညာဏသည် မြဲသလား မမြဲဘူးလား' ဟူ၍ မေးတော်မူပြန်၏၊ 'ထိုတရားတို့သည် အမြဲ မရှိကြပါဘုရား' ဟု လျှောက်ထားလျှင်'အမြဲမရှိသော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏတို့သည် ဆင်းရဲသလား ချမ်းသာသလား' ဟူ၍လည်း ထပ်မံ၍ မေးတော်မူသည်၊ 'ဆင်းရဲခြင်းသဘော ရှိကြပါသည် ဘုရား' ဟု လျှောက်ထားပြန်ရာ ထိုတရားများ အမြဲမရှိ ဆင်းရဲ ဖောက်ပြန်နေသော ရုပ် ဝေဒနာ သညာ သင်္ခါရဝိညာဏတို့ သည်ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ စသည့် တဏှာ မာန ဒိဋ္ဌိတို့နှင့် စွဲလမ်း ရှုမြင်သင့်သေးသလား—'

ဝိပဿနာပညာ မဂ်ပညာ ဖိုလ်ပညာများ အထွဋ်တပ်ပြီး ချမ်းသာ သုခ ဓာတ်ကို မြတ်စွာဘုရားကြီး ပြပေးတော်မူသည်ကို လေ့လာ သုံးသပ် ကြည့်ရှုမှတ်၍—

'ခန္ဓာ ဖြစ်ရင် ဆင်းရဲတယ်၊ ခန္ဓာချုပ်မှ ချမ်းသာတယ်၊ ဒါ့ကြောင့် ကိုယ့်ကိစ္စကိုသာ ကြိုးစားပြုရမယ်၊ ရောဂါ ဝေဒနာ

ဆိုတာ ပျောက်သည်ဖြစ်စေ မပျောက်သည်ဖြစ်စေ သည်ခန္ဓာကိုယ်
ကောင်ကြီး ခိုင်းလို့ ရသမျှတော့ ကိုယ့်ကိစ္စအတွက် ခိုင်းရမယ်'

စသည်ဖြင့် တရားပြရင်း မိန့်ကြားတော်မူတတ်သေး၏၊ ဆရာတော်သည် ၁၃၃၀ - ပြည့် ဝါခေါင်လအထိ တရားကိုလည်း ဟောကြား ပြသနိုင်၏၊ တရားကိုလည်းပွားများလျက်ရှိတော်မူနိုင်၏၊သာသနာ့ကိစ္စကိုလည်းရှေးကလို ဆောင်ရွက်တော်မူ၏။

၁၃၃၀ - ပြည့် ဝါခေါင်လတွင် တရား သင်တန်းများ ပြတော်မူရင်း အပြင်းဖျားပါလေသည်၊ ရောဂါကလည်း တဟုန်တိုးတိုး၍ လာလေသည်၊ တရားသင်တန်းကြီးကို အားခဲ၍ ပြသတော် မမူနိုင်လေတော့၊ တပည့်ကြီး များအား ဆက်လက်ပြသစေ၏၊ မိမိကိုယ်တိုင်စီစဉ်ခဲ့သည့် ပြကွက်များကိုလည်း ကွပ်ကဲရန် ညွှန်ကြားပြသစေ၏။

မိမိကိုယ်တိုင် ကျင့်ပွားနေမှု ဩဝါဒပေးမှု အပူဇော်ခံမှု မျှလောက်ကို ကားစွမ်းဆောင်နိုင်သေး၏ ဟူသော ဇွဲဖြင့် ကိုယ့်အင်အားကို ကိုယ်တိုင်စီစစ်ပြီးလျှင် တရားပွားများခြင်း ဩဝါဒ ပေးခြင်း အပူဇော်ခံခြင်း များကို ရွက်ဆောင်လျက်ရှိသည်။

သီတင်းဝါလကျွတ်တိုင်း လိုပင် အောက်ပိုင်း အောက်ပြည် သာသနာ ပြုလုပ်ငန်းများ ဆောင်ရွက်ရန် ရန်ကုန်မြို့ကို ဇဟိုထားလျက် အားခဲကြွ ရောက်တော်မူသေး၏။

ဆရာတော်ကား စိတ်ဓာတ်သာ ကြံ့ခိုင်တော်မူ၏၊ ရောဂါဝေဒနာမှာ တော့ အခြေဆိုးလျက် တိုး၍သာနေ၏၊ 'အာဇာနည် မြတ်တို့ အစဉ်အလာ ယောကျ်ားမြတ်တို့ဇွဲ သေခါမှလျော့ ဆိုသည့်အတိုင်း ခန္ဓာကိုယ် ခိုင်းရ သလောက်တော့ ခိုင်းလျက် ရှိနေပါ၏၊ ခိုင်းမရတော့မှ လက်လျှော့ထိုးထား လိုက်ကြ .. တဲ့ ....။

ဆရာတော်သည် တပည့်သံဃာတို့အား ညွှန်ကြား ဆုံးမ လေ့ရှိသော အချက်များမှာ 'ဝါဆိုသည့်အခါ ဝါကျွတ်သည့်အခါ သကြၤန်ကျသည့် အခါများ၌ မိမိတို့သီတင်းသုံးရာ ကျောင်းတိုက်တာတွင် အမြဲရှိနေကြရမည် ဖြစ်၏၊ ဆရာတော်လည်း မိမိသီတင်းသုံးနေရာ မန္တလေး စတုဘုမ္မိကရိပ်သာ မှာသာ အမြဲ သီတင်းသုံးလျက် ရှိ၏၊ တချိန်က ဆရာတော်သည် ရောဂါ ဒဏ်အလူးအလဲခံရင်းနှင့်ပင် သကြၤန်မကျမီ တင်ကြွ၍ ရန်ကုန်မြို့မှ ပြန်ကြွ

တော်မူလာပြီးလျှင် ဆောင်ရွက် နိုင်သည့် အင်အားဖြင့် တရား ပြသခြင်း ဩဝါဒပေးခြင်း အပူဇော်ခံခြင်းများ ပြုလုပ်ခဲ့ဘူးပါ၏။

ထိုအချိန်က ဆရာတော် အမိန့်ရှိခဲ့သည့် စကားကို အချို့ တပည့်များ မှတ်သားလိုက်ကြသည်၊ ဆရာတော်မှာလည်း အားအင်ကုန်ခမ်း နွမ်းနယ် လှသည့်အချိန် ဆဒ္ဒန်ဆင်ပြောင်ကြီး ဆယ်စီးအား ရှိတော်မူသော ဘုရား ရှင်သည် မဟာ၂ရိနိဗ္ဗာနသုတ်လာအရ ပရိနိဗ္ဗာန်ပြုရတော့မည် ဝမ်းသွေး လွန် ရောဂါ ဘိစီးနှိပ်စက်လေတော့ အင်မတန်မှ ပင်ပန်း နွမ်းနယ်တော်မူ ကြောင်း ညီတော် အရှင်အာနန္ဒာကို မိန့်ကြားတော်မူဘာ ဒါကြောင့်ဘဲ ကိုး....ဟူသော အားနည်းချက်ကိုလည်း တရားနှင့် ဆက် ဟောခဲ့ကြောင်း ဆိုကြလေသည်။

> 'တပည့်တို့- ငါ့ကိုကြည်ညိုရင် ဘုရား တရား သံဃာ ရတနာ သုံးပါးကိုကြည်ညိုကြရင် မဂ္ဂင်ရှစ်ပါးကျင့်ပွားရှ် ပူဇော်ကြ'ဟူ၍ အခိကကျလှသော ဤဩဝါဒကို သကြိန်ရက် တလျှောက်လုံး တပည့်အပေါင်းတို့အား ဆုံးမတော်မူသွားသည်ကိုလည်း သတိရဖွယ် ကောင်းလှ၏။

အချိန်ကား ရွေ့နေသလို ဆရာတော်၏ ရောဂါကလည်း တက်၍တက်၍ သာ နေပါ၏၊ သင့်လျော်သည့် အာဟာရပင်လျှင် မြန်မာ ဆေးနည်းနှင့် သင့်သော အစာက ဆရာဝန်ဆေးနည်းနှင့် မသင့်၊ ဆရာဝန်ဆေးနည်းနှင့် သင့်သော အစာ အာဟာရကလည်း ရှားပါးပါဘိ၊ နှစ်ပါးစုံ သင့်သော အစာအာဟာရကို ရပြန်ပါတော့ ဆရာတော် ဘုရား ခန္ဓာက မဘုဉ်းပေး နိုင်၊ ဤသို့နှင့် အလွန်အားအင်တွေ ကုန်ခမ်း ခန္ဓာကိုယ်ပင်ပန်းနွမ်းလျလျ နှင့် အချိန်များ ကုန်ဆုံးနေပါ၏။

တပည့်အပေါင်းတို့က တရားမဟောရန် စကားမပြောရန် အတန်တန် လျှောက်ထားလည်းမရ ငြိမ်သက်စွာအနားယူပြီး အေးအေး ဆေးဆေး ဆေးဝါးခတ်စာများ မှီဝဲနေရန် လျှောက်ထားသော်လည်းမရ။

ပါတိမောက္ခသံဝရ သီလတော်မြတ်ကို အသက်ထက် မြတ်နိုး ကျင့်သုံး သည် များမှာ နေမွန်းလွဲသည့် ညနေဘက်အခါ ဝိနည်းတော်နှင့် မအပ် စပ်သည့် ဘုဉ်းပေးရန်များ ကပ်လာတိုင်း ဘုဉ်းပေးတော်မမူ၊ အာဟာရနှင့် မစပ်သော ဆေးဝါးစစ်စစ်ကိုသာ ဘုဉ်းပေးတော်မူ၏၊ တစုံတခု အာဟာ

ရန် ပါလာလျှင် သောက်ခြင်း ဘုဉ်းပေးခြင်း အလျဉ်းမရှိ၊ ထိုအခါမှ ဆရာတော်သည် သူဟောနေကျ သီလဝိသုဒ္ဓိကို အသက်ထက်မြတ်နိုးခင်တွယ်ပါတကား ဟု ပို၍ ကြည်ညိုကြ၏၊ ပို၍ ချီးကျူးကြ၏၊ 'သာသနာ ပြုရင်းသေတာက မြတ်၏' ဟုဆရာတော် မိန့်ကြားချက်၊ သမာဓိပိုင်း ပညာပိုင်းအတွက်မှာ သက်သာလျှင်သက်သာ နေသာသလို တရားကို ခွဲပွားခြင်းချုံးပွားခြင်းများသာ ပြုနေသည်။

ဆရာတော်ကား ရေသာခိုနေလေ့ သက်သာခိုနေလေ့ နေထ မရှိ၊ ဆရာတော်၏ ဘဝတလျှောက်လုံးမှာ ဉာဏ်နှင့်ဝိရိယ မချွဲခဲ့ကြောင်း အထပ်ထပ်ရေးနေသည်မဟုတ်ပါလား၊ ယခုပင် တရားကိုလည်း ပွားနေသည်၊ ဩဝါဒကိုလည်း ပေးနေသည်၊ အပူဇော်ကိုလည်း ခံနေသည်၊ သယ်ဆောင်နိုင်သမျှခန္ဓာကိုယ် သယ်ဆောင်လျက် ကြွနိုင်သမျှကြွလျက်၊ ဆရာတော် တပါးတည်းတည်း ခန္ဓာကိုယ်သယ်ဆောင်၍မရ ကြွ၍မဖြစ် ကြွတော်မူ၍ မရသောအခါရဟန်းငယ်တပါးတွဲ၍ ခန္ဓာကိုယ်သယ်ဆောင်၍ ကြွတော်မူသည်။

ရဟန်းငယ်တပါးတည်း တွဲ၍ ခန္ဓာကိုယ်မသယ်ဆောင် မကြွနိုင်သောအခါ ဘေးနှစ်ဘက်မှ တဘက်တပါးစီ တပါးစီ ပူးတွဲစေပြီး ခန္ဓာကိုယ်သယ်ဆောင်၍ ကြွတော်မူပြီး တရားပြတော်မူရှာပါသေး၏။

နောက်ပိုင်းတော့ အခြေအနေက တနေ့ထက်တနေ့ ပို၍ပို၍ ဆိုးရွားလာသော်လည်း တရားပွားရေးမှာပင် ချုံး၍ပွားများတော်မူပါသေး၏။

ရုပ်နာမ်ဖြစ်ပျက် 'ဥပ္ပါဒ - ဖြစ်လေသမျှ၊ ဝယ - ပျက်ကြီး ပျက်ကြရ' တပည့်တို့အား ရှေးယခင်ကလို ပတ္တရာဖြန့်ပြီး မပွားနိုင်တော့ဘူး၊ ချုံးပြီးပွားရတော့သည့်အခြေ၊ အနည်းငယ် ရောဂါသက်သာလာသည့်အခါ–

ဥပ္ပါဒေါ ဘယံ

အနုပ္ပါဒေါ ခေမံ

ဥပ္ပါဒေါ ဒုက္ခံ

အနုပ္ပါဒေါ သုခံ–

ဟူ၍ ရွတ်ဆိုတော်မူရှာသေးပါ၏။

ဆရာတော်၏ ဘဝနိဂုံး

၁၃၃၁ - ခုနှစ် ဝါဆို လပြည့်နေ့။

ထိုနေ့က ရိပ်သာရှိ ယောဂီများအပြင် ရပ်ကွက်များမှ တရားနာပရိသတ်တို့လည်း လာကြသည်၊ ရပ်ဝေးမြို့နယ်များမှ တရားနာ ပရိသတ်တို့လည်း လာကြသည်၊ အထူးစည်ကားသည့် ဝါဆိုလပြည့်၊ ဆရာတော်သည် တပည့်များက ပူးတွဲပင့်ဆောင်လျက် တရားဟောရာမွေ့ရာသို့ ကြွလာပါသေးသည်၊ တရားလည်းဟော၍ သြဝါဒ အဆုံးအမလည်း ပေးတော်မူ၏၊ လူအများ၏ အပူဇော်ကိုလည်း ခံသည်။

ဝါဆိုလပြည့်နေ့ည ဝါဆိုချိန်တွင် သံဃာအများနှင့်ဆိုင်လျက် ကြိုးစား၍ ဝါဆိုတော်မူသည်၊ အဆုံးအမ သြဝါဒများကိုလည်း ပေးတော်မူသည်၊ ရောဂါသည် ဆရာတော်၏ရုပ်ပိုင်းခန္ဓာကိုယ်ကို နိုင်နင်းစွာ ချေမှုန်းဖျက်ဆီးနေသော်လည်း နာမ်ခန္ဓာတောင်ကား ရောဂါဝေဒနာကို ကျော်၍ကျော်၍ရင်း လွန်၍လွန်၍ရင်း ရှိနေပါ၏။

ရပ်ဝေးမှ တပည့်များ လာရောက်လျှင် သီတင်းသုံးရာ အခန်းပြင် ကုလားထိုင်ပေါ်သို့ ပို့စေ၍ ကုလားထိုင်နှင့် ထိုင်ကာ သြဝါဒ ကိုလည်း ပေးသည်၊ အပူဇော်အကန်တော့ကိုလည်းခံသည်၊ ရံဖန်ရံခါ ဝစ္စကုဋီသို့လည်း တပါးတွဲ နှစ်ပါးတွဲ ကြွတော်မူတတ်သည်၊ ယာဂုဘုဉ်းပေးချိန် ဆွမ်းဘုဉ်းပေးချိန်တွင် အပြင်ရှိစားပွဲသို့ တွဲထွက်၍ထိုင်လျက် သင့်လျော်သလိုဘုဉ်းပေးနိုင်သမျှ ဘုဉ်းပေးတော်မူ၏။

တပည့်ကြီး ငယ်တို့ကလည်း သင့်လျော်သလို ဆေးနှင့်ဓါတ်စာ ကမ္ဘာပေါ်မှာရှိလျှင် ရမည် ဟူသော ဇွဲလုံ့လဖြင့် လန်ဒန်မြို့မှပင် ပစ္စည်းများကို ရိပ်သာသို့အရောက် ပေးပို့လှူဒါန်းကြ၏၊ ဆရာတော်၏ဂုဏ်ကို ပူဇော်ကြ၏။

ဆရာတော်၏သတိကား မပြတ်ကြည်လင် သမာဓိဝင်စားလျက် ရှိသည်၊ တရားတော်ပွားခြင်းမှာ ရောဂါသက်သာနေသမျှ ကျင့်ကြံ ပွားများလျက် ရှိသည်။

သံဃဥပုသ်ပြုရန်ကိုပင် ကျောင်းနှင့်သိမ်သို့ မကြွနိုင်သောအခါ ကားဖြင့် ကြွတော်မူသည်အထိ သီလသိက္ခာတော်ကို မြတ်နိုးလှဘိ၏၊ ထိုဥပုသ်ပြုခြင်းကား—ဆရာတော်၏ဘဝခရီးတွင် နောက်ဆုံးဥပုသ်ပြုခြင်းဟု ဆိုရပါပြီ။

၁၃၃၁ - ခု တန်ဆောင်မုန်းလဆန်း ၆ - ရက်နေ့ညတွင် ဆရာတော်၏ ရောဂါအခြေအနေကိုကား စိတ်မချရတော့ပြီ၊ ရောဂါဝေဒနာ ခံစားတော်မူရင်း တရားတော်များကို စိတ်မှတ် မှတ်၍ ရှုပွားဆင်ခြင်ရှာ၏၊ ထိုနေ့ည ၁၁ - နာရီအချိန် ကျောင်းအမကြီးဒေါ်ဦး လာရောက်၍ ဖူးမြော်ကန်တော့လေသည်၊ အကြိမ်ကြိမ် ခန္ဓာကိုယ်ဖြင့် ဦးတိုက်၍ ပူဇော်ရှာလေသည်။

'ဗုဒ္ဓ - ပစ္စေကဗုဒ္ဓါ၊ ရဟန္တာနှင့် ခီဏာသဝ၊
ဝိသုဒ္ဓဖျား အရှင်များလည်း၊ တပါးမျှတိ မြဲမရှိ၊

ဆိုဘိအတိုင်း မလွန်ဆန်နိုင်သည့် ခန္ဓာဝန်ကြီးကိုချလျက် ဆရာတော်၏ ဘဝနိဂုံး အဆုံးသတ်တော် မူရလေပြီပါပကော။

+ + +

စတုတ္ထပိုင်

No. 18

ဂိုဏ်းသံဃာ စည်းကမ်းချက်များ

လောကတွင် ‘စည်းကမ်း (စည်းမျဉ်း) ကလနား ’ ဟူ၍ ဝေါဟာရ ရှိသည်၊ မိမိတို့နေရာခြံဝင်းကို စည်းမရှိလျှင် လုံခြုံမှု အဟန့်အတားကင်းသည်၊ ကမ်းမရှိသော တဘက်ဆည်ကန် (ရေကန်) သည် ရေရရှိမှုအတွက် ခက်ခဲလေ၏။

မျဉ်းမရှိသော အတိုင်းအတာအတွက် ယုတ်လျော့ခြင်း ကျော်လွန်ခြင်းကို ဖြစ်စေနိုင်၏၊ ကလနား မရှိသော အဝတ်အထည် သည်လည်း အရှည်ကြာမြင့်စွာ ခိုင်ခန့်ဖို့ရာ မလွယ်ကူပါပေ။

‘စည်းကမ်း (စည်းမျဉ်း) ကလနား ’ ဟူသော ဝေါဟာရ စကားဖြင့် လူ့အဖွဲ့အစည်းကြီးကို ဘောင်ခတ်ထားလေသည်၊ စည်းကမ်း (စည်းမျဉ်း) နှင့် တွဲစပ်လျက် ‘ဥပဒေ ’ ဟူသောစကား ပေါ်လာပေရာ ဥပဒေ ဟူသော စကားသည် ‘ဥပဒေသ ’ ပါဠိပုဒ်မှ သက်ဆင်းလာပေသည်။

ကပ်ဦး ကမ္ဘာ တည်ဆဲအခါမှ စတင်၍ ရှေးရှေးပဝေဏီ အစဉ်အစဉ် အားဖြင့် လူတို့သို့မဟုတ် ဂိုဏ်းအဖွဲ့အစည်းတို့ လိုက်နာကျင့်ဆောင်ကြရမည့် ညွှန်ကြားချက်များကို ‘ဥပဒေသ ’ ဟူ၍ ခေါ်ဆိုအပ်လေသည်။

ဘုရားရှင်သည် ကျယ်ဝန်း နက်ရှိုင်းလှသော ဝိနည်းဒေသနာ သိက္ခာပုဒ် များဖြင့် တပည့်သားသာဝက အဖွဲ့အစည်းတို့ကို ကျင့်ဆောင်လိုက်နာ ခံယူ ကြရန် အာဏာစက်ဒေသနာတော် သတ်မှတ်၍ ပညတ်တော်မူခဲ့ပေသည်။

‘အပညတ္တံ နပညာပေန္တိ၊ ပညတ္တံ နသမုစ္ဆိန္ဒန္တိ ’ စသော အပရိဟာနိယ ဓမ္မများသည် လူတို့၏ အရှင် ဘုရင်မင်းမြတ်တို့မှ အစပြု၍ သတ္တလောကရှိ လူသားတိုင်း အစဉ်အားဖြင့် ကျင့်ဆောင်လိုက်နာကြရမည့် ဓမ္မသတ်ကြီးများ ဖြစ်၏။

လောက လူသားတို့ အသိအမှတ် ပြု၍ လိုက်နာ ကျင့်ဆောင်ကြရမည့် ‘စည်းကမ်း (စည်းမျဉ်း)ဥပဒေများ ’ သည်လူ့အဖွဲ့အစည်းတို့ကို သေသပ်စွာ ဘောင်ခတ်၍ ထားရှိခဲ့ကြရပေပြီ။

အဖွဲ့အစည်းတို့သည် စည်းကမ်းဥပဒေ ဘောင်အတွင်း၌သာ လိုက်နာ ဆောင်ရွက်ရခြင်း စသော အကျိုးပြုချက်များ အကြွင်းမဲ့ သက်ဝင်လျက် ရှိလေရကား— နံ့ယောဆရာတော်ကြီး ဦးစီးသော စတုဘုမ္မိက သာသနာပြု

ကျောင်းနေ သံဃာတော်များ လိုက်နာ ဆောင်ရွက်ကြရန် စည်းကမ်းချက် ဥပဒေများ လိုအပ်နေပေသည်။

'သာသနာ ရှိ၊ အမှန် သိ၊ သတ္တိ ပြကြပါ' ဟူသော ဆောင်ပုဒ်အရ စတုဘုမ္မိက သာသနာပြုဂိုဏ်းဝင်သံဃာတော်များသည် သာသနာတော်ကြီး အရှည်သဖြင့် တိုးတက် ပြန့်ပွားစေခြင်းအလို့ငှာ စတုဘုမ္မိက ဂိုဏ်းဦးစီး ဆရာတော်ကြီးများက အောက်ပါအတိုင်း ဂိုဏ်းစည်းကမ်းချက်များသတ်မှတ် ထားရှိကြ၏။

ဤစည်းကမ်းချက်များကို နံယောဆရာတော် ဦးစီးသော ဂိုဏ်း၏ မဟာ နာယက ဆရာတော်များဖြစ်သော ပြည်မြို့ စတုဘုမ္မိက မဟာ သတိပဋ္ဌာန် ကျောင်းတိုက် ဦးမဉ္ဇူသာရဆရာတော် ဟင်္သာတမြို့ စတုဘုမ္မိကမဟာသတိ ပဋ္ဌာန်ကျောင်းတိုက် ဦးကောသလ္လ ဆရာတော်နှင့် ကွမ်းခြံကုန်းမြို့ ပါရမီစံ ကျောင်းတိုက် ဦးအာသဘ စာချဆရာတော်တို့ ဖြစ်၏။

ထို စည်းကမ်းချက်များကို စတုဘုမ္မိက မဟာ သတိပဋ္ဌာန် ငှက်တွင်း ဂိုဏ်းဝင် သာသနာပြုဆရာတော်များ နှင့် သံဃာတော်များ လိုက်နာကျင့်သုံး အားထုတ်ဆောင်ရွက်ကြရန် ဤသမိုင်းတွင် မူရင်းအတိုင်း ဖော်ပြရန်လိုအပ် လာသဖြင့် အောက်တွင် ဖော်ပြလိုက်ရပေလည်။

စည်းကမ်း ၁၅ - ချက်

(၁) ဝိနယေ ဠိတေ သာသနံ ဠိတံနာမ။
ဝိနယောနာမ သာသနဿ အာယုံ။—

ကျမ်းဂန် ရှိသည်အားလျော်စွာ ဝိနည်းငယ် လေးစောင်ရှိရာတွင် ဘိက္ခု ပါတိမောက်၌ (၂၂၇)သွယ် သိက္ခာပုဒ်များကို နှုတ်တက်ရအောင် လေ့လာ ရန်၊ သို့မဟုတ် မြန်မာပြန် စကားရပ်များကို မှတ်မိအောင် ကြိုးစား အားထုတ်ပြီး ကျန် သုံးဆောင်ဝယ် ဆိုင်ရာအခန်းများ၌ ရသင့်ရထိုက်သည် များကို အာဂုံဆောင်ကြရန်၊ မကျန်းမာသူများနှင့် မစွမ်းနိုင်သူရဟန်းများ အတွက် ဝိနည်းတော် မြန်မာပြန် ကျမ်းစာကို နေ့စဉ် အချိန်မှန် ဝတ်ထား မှတ်သားမိအောင် လေ့လာ ကြည့်ရှုကြရမည်၊ အပျင်းခြောက်ပါး, အရိ ရှစ်ပါးကို လက်မခံကြပါနှင့်။

(၂) စတုဘုမ္မိက သာသာနာပြု ဂိုဏ်းဝင် သံဃာတော်များသည်— ဂဏာဓိပတိ ဆရာတော်ကြီးနှင့် တကွ ဂဏ ပါမောက္ခ, ဂဏ နာယက, ဂဏိဿရ သံဃာထေရ်ကြီးများ ဩဝါဒကို လိုက်နာ ရိုသေခြင်းရှိ၍ တလ နှစ်ကြိမ် ဥပုသ်ပြုရာ၌ ဘိက္ခုပါတိမောက် ဒေသနာ အနည်းဆုံး ဥဒ္ဒေသ

လေးပါးပြု၍ သံဃာဥပုသ် ပြုကြရမည်၊ စွမ်းနိုင်၍ အကြောင်းညီညွတ်ပါက ဥဒ္ဒေသ အကုန် ဘိက္ခုပါတိမောက်ပြုကြရန်၊ သံဃာ မပြည့်စုံပါက ပါရိသုဒ္ဓိ အဓိဋ္ဌာန် စသည်ကို ပြုကြရမည်၊ ယုံကြည် လေးစားစွာ လိုက်နာ ကြရန် ဖြစ်သည်။

(၃) အပ္ပသန္နာနံ ပသာဒါယ။
ပသန္နာနံ ဘိယျောဘာဝါယ။—

စသော ဒေသနာတော်များ အရ မကြည်ညိုသေးသူများ သဒ္ဓါတရား ဖြစ်ပေါ်လာအောင် ကြည်ညိုပြီးသူများ သဒ္ဓါတရား တိုးပွားလာအောင် သေခိယ သိက္ခာပုဒ်တော်များနှင့်အညီ မြို့တွင်းရွာတွင်း သွားလာ နေထိုင်မှု စသည်များကိုသတိဉာဏ်ရှေ့ထားလျက် လေးစားယုံကြည်စွာလိုက်နာကြရန်။

(၄) စက္ခုနာ သံဝရော သာဓု၊
သာဓုသော တေန သံဝရော၊
ဃာနေန သံဝရော သာဓု၊
သာဓု ဇိဝှာယ သံဝရော။
ကာယေန သံဝရော သာဓု၊
သာဓု ဝါစာယ သံဝရော၊
မနသာ သံဝရော သာဓု၊
သာဓု သဗ္ဗတ္ထ သံဝရော။
သဗ္ဗတ္ထ သံဝရော ဘိက္ခု၊
သဗ္ဗဒုက္ခာ ပမုစ္စတိ။[၁]

---

၁ - အနက်။ ။စက္ခုနာ၊ ရူပါရုံမလျော်မှုတွေနှင့် အဖေါ်ပြုကာ နေလေ့ရှိသော မျက်စိဖြင့်။ သံဝရော၊ သံသရာ မြစ်မျော ဒလဟောမှ ကြောက်မက်ဖွယ်ရေး စိတ်၌ တွေးကာ စောင့်စည်းပါမူ။ သာဓု၊ မြတ်ဘုရားအကြိုက် တရားပိုက်လို့မှို့ အမတာဆိုက်အောင် ကောင်းမြတ်လှပါပေ၏။ သော တေန၊ သဒ္ဒါရုံ မလျော်မှုတွေနှင့် အဖေါ်ပြုကာ နေလေ့ရှိသော နားဖြင့်—
ဃာနေန၊ တဏှာငွေ့ကို နှေးစဉ်ရှူရှိုက်နှာခေါင်းမိုက်ဖြင့်။
ဇိဝှာယ၊ ချိုခါးဖန်စပ် ချဉ်မလပ်အောင် စားသောက်တတ်သော လျှာဖြင့်။
ကာယေန၊ ကိုယ်အမူအရာဖြင့်။
ဝါစာယ၊ နှုတ်အမူအရာဖြင့်။

ဓမ္မပဒဒေသနာတော်နှင့်အညီ ပျော်ပွဲရွှင်ပွဲအမျိုးမျိုး ဘိုင်စကုတ် မျက်လှည့် ဆင်ကပ် ရုပ်ရှင်အမျိုးမျိုး ပွဲလမ်းသဘင်အမျိုးမျိုး ဘောလုံးပွဲ လက်ဝှေ့ပွဲ ရေသဘင် ကုန်းသဘင်ပွဲ စသည်တို့ကို ကြည့်ရှု နားထောင် မှုများ အထူးရှောင်ကြဉ်ကြရမည်၊ ၀ ကြိမ်နှစ်ကြိမ် ဒဏ်ပေးဆုံးမ၍ သုံးကြိမ် ကျူးလွန်ခဲ့သော် ဌာနအတွင်းမှ ပယ်ထုတ်ကြရန် ဖြစ်တော့၏။

(၅) စတုဘုမ္မိက သာသနာပြုဂိုဏ်းဝင် သံဃာများသည် မိမိနေထိုင်စောင့်ရှောက်ရသော ကျောင်းတိုက် အာရာမ် စသည်များ၌သာ အမှုကိစ္စအဝဝ အသေးအကြီးရှိက ' ဒါနဥ္စဓမ္မစရိယာ(လ)တံမင်္ဂလမုတ္တမံ ' ဟူသော မင်္ဂလာလေးပါးနှင့် ညီအောင် ထိန်းသိမ်းဆောင်ရွက် ကြရမည်။

အကယ်၍ နာရေးကိစ္စများနှင့် ကြုံခဲ့သော် စတုဘုမ္မိကဂိုဏ်း စည်းကမ်းအတိုင်း အမြန်ဆုံး အတိုဆုံး အကျဉ်းရုံး၍ ကိစ္စပြီးလွယ်စေရမည်။

(၆) စတုဘုမ္မိက သာသနာပြု ဂိုဏ်းဝင် သံဃာတော်များသည် မိမိတို့ထံသို့ ဆည်းကပ် ကိုးကွယ်လာကြသော ဒါယကာ ဒါယိကာမများတို့ကို ' သဗ္ဗပါပဿအကရဏံ(လ)တော ဗုဒ္ဓါနသာသနံ ' ဟူသော ဒေသနာဂါထာအရ သာသနာတော်သုံးပါး လုပ်ငန်း ကျင့်ပွားစဉ်များကို ပြည့်စုံအောင် လေ့လာသင်ကြားစေပြီး ကျင့်ဆောင် ပွားကြရန်နှင့် တလလေးရက်ဥပုသ် မပျက်ကြရန် တိုက်တွန်း ဟောပြော ဆုံးမ နည်းပေးရမည်။

ဗေဒင်ဟောခြင်း, ဆေးကုခြင်း, အဂ္ဂိယတ်ထိုးခြင်း, ရေဒီယိုထားခြင်း, ဝိသုဒ္ဓိနတ်ဘုရားမှတပါး အခြားလောကီနတ်ဂိုဏ်း စသည်တို့ကို ကိုးကွယ်ရာ၌ မိစ္ဆာသဘောသက်၍ သရဏဂုံပျက်တတ်သောကြောင့် လေးနက်စွာမြစ်တား ပိတ်ပင် တားဆီးကြရမည်။

မနသာ၊ စိတ်အမူအရာဖြင့်။ (အကြွင်း အနက်တူ)

သဗ္ဗဿ၊အလုံးစုံသော ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူအရာ တို့၌။ သံဝရော၊ ဒုစရိုက် ဒုရာဇီဝများ မဖြစ်ပွားရအောင် စောင့်ရှောက်နိုင်ခြင်းသည်။ သာဓု၊ အပါယ်လေးရပ်နှင့် သေခန်းပြတ်သဖြင့် အလွန် ပင် ကောင်းမြတ်လှပါပေ၏။

သဗ္ဗတ္ထ၊ ဧကူအစ မနအဆုံး ၌ ၇–လုံးတို့၌။ သံဝရော၊ ဒုစရိုက် ဒုရာဇီဝ မဖြစ်ပွားရအောင် စောင့်ရှောက် နေထိုင်သော။ ဘိက္ခု၊ ရဟန်းသည်။ သဗ္ဗဒုက္ခာ ၊ခပ်သိမ်းဒုက္ခ ဆင်းရဲခြင်းဟူသမျှတို့မှ။ ပမုစ္စတိ၊ မုချ သေချ လွတ်မြောက်နိုင်ပါပေ၏။ ဝါ– လွတ်မြောက်ရလေတော့သတည်း။

(၇) စတုဘုမ္မိက သာသနာပြုဂိုဏ်းဝင် သံဃာတော်များသည် ကျောင်း, သိမ်, ဇရပ် စသည့် အဆောက်အဦများ ပေါပေါက်ခဲ့သော် ပုဂ္ဂိုလိကပိုင် မထားမရှိစေဘဲ ဂဏသံဃိကအဖြစ်သို့ရောက်အောင် လှူဒါန်းရန် တိုက်တွန်း ဟောပြော ဆောင်ရွက်ကြရမည်၊ စောင့်ရှောက်နေထိုင်ရာ၌ 'ငါသည် အခိုက်အတန့် သာသနာပြုနေသည်' ဟု နှလုံးသွင်းလျက် သံဃိကပစ္စည်းများကို မပျောက်စေဘဲ မိမိပိုင်ပစ္စည်း စောင့်ရှောက် ထိန်းသိမ်းသည်ထက် ရိုသေလေးနက်စွာ ထိန်းသိမ်းစောင့်ရှောက် နေထိုင်ကြရန် သတိဉာဏ်ရှေ့သွားပြီး ထိန်းသိမ်းကြရမည်။

(၈) စတုဘုမ္မိက သာသနာပြုဂိုဏ်း ဝင်သံဃာတော်များသည် မိမိ သာသနာပြုတာဝန်ကျ၍ မြို့ရွာနယ်ပယ်စသည်တို့၌ သီလပေးရာတွင် 'ဩကာသ က - ဒွေခန္ဓာ ပု - ဒိ - အာ' တိုင်အောင် သီတင်းနေ့တိုင်း ရှေ့ဆောင်ဆို့ရွက် သင်ကြားပေးပြီး ဤအခဏ်း၌ သရဏဂုံနှစ်မျိုး အစုံပါဝင်စေလျက် သာသနာခန်းကိစ္စများ၌ အချိန်အားလျော်စွာ သရဏဂုံနှစ်မျိုး စုံအောင်ပေးလေ့ရှိသော စတုဘုမ္မိက သာသနာပြုဂိုဏ်းစည်းကမ်းကို အထူး သတိထား ယုံကြည်လေးစားကြရမည်။

(၉) အပ္ပမာဒံ ပသံသန္တိ၊
ပုညကြိယာသု ပဏ္ဍိတာ၊
အပ္ပမတ္တော ဥဘော အတ္ထေ၊
အဓိဂ္ဂဏှာတိ ပဏ္ဍိတော။[၁]

(သဂါထာဝဂ္ဂ သံယုတ္တဒေသနာ)

၁။ အနက်။ ။ ပုညကြိယာသု၊ ဝဋ္ဋလည်ပုည ဝဋ္ဋလွတ်ပုည နှစ်ဌာနတို့တွင်။ အပ္ပမာဒံ၊ ဆယ်ပါးပါရမီ လွန်ယုံကြည်လျက် စုံညီအောင်ဖြေ့ (ဖြည့်) မင်ဖိုလ်ဥာဏ်တွေ့အောင် မမေ့မလျော့ခြင်းကို။ ပဏ္ဍိတာ၊ သစ္စာလေးဖြာ အကျယ်သိပါသော ပညာရှိတို့သည်။ ပသံသန္တိ၊ ဆင်းရဲကုန်ခမ်း ချမ်းသာလွှမ်းမည့် ကြောင့် ချီးမွမ်းထောမနာကြကုန်၏။ အပ္ပမတ္တော၊ ဆယ်ပါးပါရမီ လွန်ယုံကြည်၍ စုံညီအောင်ဖြေ့ (ဖြည့်) မမေ့မလျော့သော။ ပဏ္ဍိတော၊ ပညာရှိသည်။ ဥဘော အတ္ထေ၊ ပစ္စုပ္ပန်တမလွန် နှစ်တန်သော အကျိုးစီးပွားတို့ကို။ အဓိဂ္ဂဏှာတိ၊ သိမ်းကျုံး၍ ရယူနိုင်လေ၏။

ဤဒေသနာတော်နှင့်အညီ စတုဘုမ္မိက သာသနာပြုဂိုဏ်းဝင်သံဃာများသည် ကာမပုည, ရူပပုည, အရူပပုည, လောကုတ္တရာ ပါရမီပုည လေး မျိုးရှိရာတွင် ဒါနပါရမီ ဂိုဏ်းစဉ် လေးပါး သီလပါရမီ ဂိုဏ်းစဉ်လေးပါး နိက္ခမပါရမီဂိုဏ်းစဉ်လေးပါးတို့ကို ဆောင်ပုဒ်လင်္ကာနှင့်တကွ ကျနကုန်စင်အောင် သင်ပြဟောပြော၍ ဝိဝဋ္ဋနိဿိတ ပါရမီလမ်းစဉ်ကိုသာ ညွှန်ပြ တိုက်တွန်းဟောပြောပေးကြရမည်။

(၁၀) စတုဘုမ္မိက သာသနာပြုဂိုဏ်းဝင် သံဃာတော်များသည် မိမိဌာန၌ အထူးဖြစ်ပေါ်လာသော ရှင်ပြု, ရဟန်းခံ, ကထိန်ခင်း စသော ကိစ္စများဝယ် မြတ်စွာဘုရားဟောညွှန်ကြားသော —

ဟီနံ ဓမ္မံ န သေဝေယျ၊
ပမာဒေန န သံဝသေ။
မိစ္ဆာဒိဋ္ဌိံ န သေဝေယျ၊
န သိယာ လောကဝဍ္ဍနော။ [၁]

ဟူသော ဤဒေသနာတော်ကို အထူးထားပြီး ညဏ်ရွေ့သွားလျက် ဗျော, စည်, ဆိုင်းဝိုင်းအမျိုးမျိုး, ပွဲလမ်းသဘင်အမျိုးမျိုး, ခေတ်စက်ခေတ်ပြားစသဖြင့် တေးသီချင်းဖွင့်ခြင်း, တီးခြင်းများကို လုံးဝမပါစေဘဲ ဓမ္မဒါနအစစ်ဖြစ်အောင် သာသနာတော်သုံးပါးဆောင်ကျင့်ပွားစေပြီး တရားဟောပြောမှု ဓမ္မသဘင်ကိုသာ အဓိကထား၍ စီမံဆောင်ရွက်ပေးကြရမည်။

(၁၁) စတုဘုမ္မိက သာသနာပြုဂိုဏ်းဝင် သံဃာတော်များသည် အနာဂတေလဇ္ဇီရက္ခိဿန္တိ, အနာဂတေ လဇ္ဇီရက္ခိဿန္တိ, အနာဂတေ လဇ္ဇီရက္ခိဿန္တိ' ဟုသုံးကြိမ်ညွှန်ကြားသော အရှင်ဥပါလိ ရဟန္တာစကားကို သတိထားလျက်

၁။ အနက်။ ။ဟီနံ၊ ယုတ်ညံ့ခြင်းအကြောင်း၊ အပါယ်အောင်းတတ်၍ မကောင်းသည်သာဖြစ်သော။ ဓမ္မံ၊ ပုထုဇဉ်အကြိုက် ဒုစရိုက်ဖြစ်သော အမိုက်တရားကို။ နသေဝေယျ၊ တွေ့ကြုံတိုင်းဘဲ ရှောင်ကြဉ်လွှဲ၍ မှီဝဲခြင်းမပြုကောင်းပေ။ ပမာဒေန၊ တဏှာဟုန်ငွေ့ ကောင်းကျိုးတွေ့၍ အမေ့ကြီးမေ့သဖြင့်။ နသံဝသေ၊ ကာမဂုဏ်ဆွဲ အကျင့်လွဲအောင် မှီဝဲခြင်းမပြုကောင်းပေရာ။ မိစ္ဆာဒိဋ္ဌိံ၊ ငါ့ကိုယ်ငါဟာ ငါ့ခန္ဓာဟု မှားယွင်းမှုအတန်တန် လမ်းမမှန်သော မိစ္ဆာတရားကို။ နသေဝေယျ၊ အပါယ်ဆင်းရဲ ဆောင်ယူဆွဲမည်ကြောင့် မှီဝဲခြင်း မပြုကောင်းပေရာ။ လောကဝဍ္ဍနော၊ခန္ဓာဟူသမျှ ဆင်းရဲလှ၍ လောကကို ကျယ်ပွားစေခြင်းသည်။ နသိယာ၊ သစ္စာလေးဆင့်သဘောမြင့်၍ မဖြစ်သင့် မဖြစ်ပေရာ။

မိမိကိုယ်တိုင် လဇ္ဇီ သီလဝန္တဖြစ်အောင် ကြိုးစားနေထိုင်ပြီး အပိုအမိုကော သနတို့ဖြင့် ခြံရံရစ်ဝိုင်းနေသော မိစ္ဆာပဋိပဒါ တေဘုမ္မိက လမ်းစဉ်များကို အပြတ်အသတ် ယေကြဉ်ရှောင်ရှား စွန့်ပစ်ကြ၍ သမ္မာပဋိပဒါ စတုဘုမ္မိက လမ်းစဉ် ပါရမီမဂ္ဂင်အလုပ်များကိုသာ သမထ ဝိပဿနာ စုံအောင် လိုက်နာအားထုတ်ခြင်းရှိ၍ ဒကာ , ဒကာမတို့ကိုလည်း လေ့လာသင်ကြား ဟော ပြော ပို့ချကြရမည်။

(၁၂) စတုဘုမ္မိက သာသနာပြုဂိုဏ်းဝင် သံဃာတော်များသည် ဝိပဿနာ ကမ္မဋ္ဌာန်းကို ဟောပြောရာ၌ အဘိဓမ္မာနည်းလမ်းအရ သီလဝိသုဒ္ဓိကစ၍ သုဒ္ဓိ ၇ ပါး , မဂ္ဂင် ၈ ပါး , ဉာဏ်စဉ် ၂၁ ပါး စုံလင်အောင် အချိန်မှန်မှန် အစီဋ္ဌာန်ထား၍ ဟောပြောပြသ သင်ကြားပေးလျက် ရာဂစရိုက် လွှမ်းမိုးနေသော ယနေ့ခေတ်၌ ကာယဂတာသတိ ကမ္မဋ္ဌာန်းကိုသာ သမထပွားနည်း, ဝိပဿနာပွားနည်း, အစုံအတ်အောင် မိမိဌ္ဌရှိနေသော ကျောင်းသား, သာမဏေ, ဦးပဉ္စင်း နှင့် ဥပါသကာ ဥပါသိကာတို့ကို သင်ကြားပြသ ဟောပြောပေးကြရမည်၊ ဆရာတပါး ဂိုဏ်းတပါးကို ထိပါးပုတ်ခတ်မှု မရှိစေဘဲ ကံကြီး ကံငယ် ဆက်ဆံမှု၌ ခေတ်အားလျော်စွာ အဆင်ပြေလည်အောင် ဆက်ဆံခြင်းပြုကြရမည်။

(၁၃) စတုဘုမ္မိကသာသနာပြုဂိုဏ်းဝင်သံဃာများသည် ပထမ ကျေးဇူးရှင် ငှက်တွင်းဆရာတော်ဘုရားကြီးနှင့် ဒုတိယ ကွမ်းခြံကုန်း ဆရာတော်ဘုရားကြီးတို့ စတုဘုမ္မိက သာသနာတော်ကို မူလ စတင်ဖွင့်လှစ် တည်ထောင်ရာ ဟံသာဝတီခရိုင် ကွမ်းခြံကုန်းမြို့ အရှေ့ပိုင်းရပ်ကွက်ရှိ စတုဘုမ္မိက မဟာ သတိပဋ္ဌာန် ငှက်တွင်း ဆရာတော်ကြီး၏ ပါရမီ စံကျောင်းတိုက်ကြီးသို့ အောက်ပိုင်း နေရပ်နီး သံဃာများသည် ပြာသိုလဆန်း ၁၄ ရက်နေ့ အရောက် ၁၅ ရက်နေ့ လပြည့်နေ့၌ ဥပုသ် ပြုကြပြီးလျှင် နှစ်စဉ် သံဃာစုံစည်း ဝေးပွဲ တက်ရောက်ကြရန်၊ ရပ်ဝေးသံဃာများသည် ဆရာတော်ကြီးများ၏ ကျေးဇူးဂုဏ်ကို အာရုံပြုကြောင်း စာဖြင့် အကြောင်းကြားကြရန်တိုက်တွန်း နှိုးဆော်သည်။

အကြောင်းညီညွတ်၍ ကြွနိုင်ပါက အထူး ဝမ်းမြောက်သည်၊ မိမိတို့ ဌာန၌ တတ်အားသမျှ စုဝေးပြုလုပ်ခြင်းကိုလည်း ခွင့်ပြုသည်။

(၁၄) စတုဘုမ္မိကသာသနာပြုဂိုဏ်းဝင် သံဃာများသည် မိမိတို့စောင့် ရှောက်သော ဌာန၌ စတုဘုမ္မိက သာသနာဝင် လူဦးရေ ကျား , မ သုံးနှစ်

အထက်ကလေးများပါ အိမ်သားစု စာရင်းကောက်ပြီး ဝါဆိုလပြည့်ကျော် ၂ ရက် ၃ ရက်ဆက် နောက်မကျစေဘဲ ဝါဆိုသံဃာ, သာမဏေ, လူပုဂ္ဂိုလ်များပါ တွဲဘက်၍ ကျောင်းရှိ ဦးရေစာရင်းကို မန္တလေးမြို့ စတုဘုမ္မိက သာသနာပြု ဌာနချုပ်သို့ အရောက်ပေးပို့ကြရမည်၊ သာသနာဝင်ဥပုသ်သည် အတိုးအဆုတ် သာသနာကိစ္စများ စုံလင်အောင် ပို့ကြရန် အထူးတိုက်တွန်းလိုက်သည်၊ မေ့လျော့ပျက်ကွက်မှုမရှိအောင် အထူး သတိထားကြစေလို၏။

(၁၅) စတုဘုမ္မိက သာသနာပြု ဂိုဏ်းဝင် သံဃာများသည် စတုဘုမ္မိက မဟာ သတိပဋ္ဌာန် ဂိုဏ်း၏ ဩကာသမှ ဒွေခန္ဓာ တိုင်အောင် မူဟောင်းလမ်းမှန်ကို နှုတ်တက်ရစေ၍ အစိက သီလကြီးလေးပါး သန့်သန့်ဆောင်ပွားရှိဘို့ ဟောပြောတိုက်တွန်းကြပြီး ဝသောဖြင့် တဏှာ သတ်ပွားနည်း ရာဂသတ်ပွားနည်း ဒိဋ္ဌိသတ်ပွားနည်း အနုသယ သတ်ပွားနည်း သဘာဝဆယ်ချက် လက္ခဏာသုံးချက် မဂ်ဉာဏ် တက်ပွားနည်း များကို ကိုယ်တိုင်လည်းပွား တပည့်များကိုလည်း တနေ့နှစ်ကြိမ် သုံးကြိမ် ရွတ်ပွားဆင်ခြင်မှုကို အမိဋ္ဌာန်ထား၍ ကြိုးစားကြရန် လေ့လာစေရမည်၊ စွမ်းနိုင်သောပုဂ္ဂိုလ်များ ဖြစ်ခဲ့သော် ၁၆ ဆင့်ဉာဏ် သောတာပန် စခန်းသို့ အဆင်သင့်သလို ပွားများဆင်ခြင်ကြရန် အထူးတိုက်တွန်း ပေးကြရမည်။

+ + +

နံယော ဆရာတော်၏ ဩဝါဒများ

နံယောဆရာတော်သည် ဓမ္မာနုပတ္တိ ကျင့်စဉ်များနှင့် ဝိပဿနာ ပွားနည်း ဆင်ခြင် သုံးသပ်နည်းလမ်းများ စည်းကမ်းချက်များကို ညွှန်ကြားခဲ့လေရာ သမိုင်းဝင် လက်ာများ ဖြစ်၍ အောက်ပါအတိုင်း ထည့်သွင်းဖော်ပြလိုပါသည်။

နံယော၏ ဩဝါဒများ

၁ - စတုဘုမ္မိ၊ အမည်ရှိ၊ မုနိ သာသနာ။
၂ - ခေါင်းဆောင်ရှေ့သွား၊ ကြီးသူများ၊ တည်ထားခဲ့ကြပါ။
၃ - နောက်ပေါက် ငယ်သား၊ ကိုသူများ၊ ကြိုးစားပြုကြပါ။
၄ - သာသနာရေး၊ နယ်မရွေး၊ အားပေးရမည်သာ။
၅ - စိတ်ရှည်ဇွဲသန်၊ သည်းညည်းခံ၊ ပြုရန် သာသနာ။

၆ - ဗုဒ္ဓအစစ်၊ ပွင့်သည့်ခေတ်၊ လူဖြစ်ရတော်ပါ။
၇ - ဓမ္မအစစ်၊ ဟောသည့်ခေတ်၊ လူဖြစ်ရတော်ပါ။
၈ - သံဃာတော်စစ်၊ ပေါ်သည့်ခေတ်၊ လူဖြစ်ရတော်ပါ။
၉ - သာသနာစစ်၊ တည်ရှိခေတ်၊ လူဖြစ်ရတော်ပါ။
၁၀ - အရတော်ပါ၊ လေးဌာနာ၊ ဖွေရှာယူကြပါ။
၁၁ - ဖွေရှာယူမှ၊ ဝဋ်ဒုက္ခ၊ မုချလွတ်မည်သာ။
၁၂ - သာသနာရှိ၊ အမှန်သိ၊ သတိပြုကြပါ။
၁၃ - မဂ္ဂင်ပါရမီ၊ ခြင်္သေ့ဆီ၊ ယုံကြည်ဆောင်ပွားပါ။
၁၄ - ဆောင်ပွားသူမှ၊ စိတ်ကောင်းရ၊ ဗုဒ္ဓဘာသာပါ။
၁၅ - ဗုဒ္ဓဘာသာ၊ အပါယ်ရွာ၊ သောမျှလွတ်ကင်းပါ။

သစ္စာလေးပါး အကျယ်

၁၆ - သစ္စာလေးပါး၊ သဘောများ၊ ပိုင်းခြားသိမြင်ပါ။
၁၇ - ဝိပဿနာ၊ ဉာဏ်ရလာ၊ သစ္စာကျယ်သိပါ။
၁၈ - အကြောင်းအကျိုး၊ ကြောင်းအကျိုး၊ လေးမျိုး သိပါ။
၁၉ - သမုဒယအကြောင်း၊ ဒုက္ခပေါင်း၊ လုပ်ထောင်းနိုင်ကပ်ပါ။
၂၀ - မဂ္ဂအခကြောင်း၊ ပိုက်မှားပေါင်း၊ စုဆောင်းချုပ်ငြိမ်းပါ။
၂၁ - သစ္စာမကွဲ၊ သံသာထဲ၊ ရစ်ဝဲလည်ရပါ။
၂၂ - သစ္စာကွဲမှ၊ ဝဋ်ဒုက္ခ၊ မုချလွတ်မည်ပါ။
၂၃ - မရှိတာထက်၊ မသိခက်၊ မထွက်သံသရာ။
၂၄ - မရှိလျှင်ရှာ၊ မသိနာ၊ လွယ်ခါရမည်ပါ။
၂၅ - ခန္ဓာဖြစ်မှု၊ ကံအစု၊ သမုဒယသာ။
၂၆ - ခန္ဓာဟူက၊ ဆင်းရဲလှ၊ ဒုက္ခသစ္စာသာ။
၂၇ - သိက္ခာသုံးဝ၊ ပွားစီးက၊ မဂ္ဂသစ္စာသာ။
၂၈ - ကိလေသာသုံးဝ၊ ချုပ်ငြိမ်းရ၊ မှတ်ကြနိရောဓာ။
၂၉ - သစ္စာလေးအင်၊ မသိမြင်၊ ကျင့်စဉ်မမြဲပါ။
၃၀ - သစ္စာလေးအင်၊ သဘောမြင်၊ ကျင့်စဉ်မြဲသည်သာ။
၃၁ - အရှိသာနယ်ကူး၊ အကျင့်ထူး၊ ဆည်းပူးဆောင်ပွားပါ။

အဓိသီလ ဆောက်တည်ရန်

သစ္စာငါးချက် - လက်နက် စွဲကိုင်၊
ဒုစရိုက်ပေါ - မိုက်တော ခုတ်ချိုင်။
ဝိရတီထုံး - ကျင့်သုံး ပိုင်ပိုင်၊
ဒေါသကြမ်း - ကုန်ခန်း ဖျက်ဖြိုနိုင်။

အဓိစိတ္တ ပွားများရန်

ပရိညာငါး - ဆောင်ပွား ရှုသော်၊
တဏှာနေင်း - ပယ်ရှင်း ဖြတ်နော်။
ငါ သူ လူပြုတ် - နာမ်ရုပ်တွေ ပေါ်၊
လောကစေတ် - ခုတ်ဖြတ် သင့်ဆင့်ကျော်။

အဓိပညာ ဆင်ခြင်ယူရန်

ပညာငါးရပ် - ထပ်ထပ် ဆင်ခြင်၊
ဗိဋ္ဌိစားစား - မြင်မှား လွင့်စင်၊
သစ္စာကျူပ်သိ - သတိ ဉာဏ်ယှဉ်၊
မောဟယုတ် - တိုက်သုတ် ကုန်အောင်ပင်။

ကောင္ဒာသပွားရာ၌

၃၂ - မက်ရှုဖျက်ရှု၊ ထွက်အောင်ရှု၊ အရှုသုံးမျိုးသာ။
၃၃ - ငါ သူ လူဟု၊ ထင်မြင်မှု၊ မက်ရှုမှတ်လေပါ။
၃၄ - မတင့်တယ်ဟု၊ ဉာဏ်ဦစု၊ ဖျက်ရှုခေါ်ရပါ။
၃၅ - အ , ဒု , နတ်ဟု၊ တွေးထင်ပြု၊ ထွက်ရှုခေါ်သည်သာ။
၃၆ - မက်ရှုပယ်ရှား၊ ဖျက်ထွက်ပွား၊ မိုက်မှားကင်းမည်သာ။

ဒါနပါရမီ အကျိုးများ

အသက်ရှည်ခြင်း - အဆင်းလှစေ၊
ခြံရံပြည့်ပေါ - ကျော်စောသလေ၊
ချမ်းသာကြီးမား - အင်အားနှစ်ထွေ၊
ပါရမီ - ယုံဘိလှူဒါန်းနေ။ ။

၃၇ - သံသာနတ်ဝှမ်း၊ တဘက်ကမ်း၊ **တက်လှမ်းပါရမီ။**

ပါရမီ ၁၀ ပါး ကျင့်စဉ်

ဒါနခက်း ၄ ပါး

ဒါနပါရမီ - အားရှိသလောက် ပေးရမည်။
ဝီရိယပါရမီ - မဂ္ဂင်ရေနှင့် ဆေးရမည်။
မေတ္တာပါရမီ - ရာဂကင်းအောင် ကျွေးရမည်။
ပညာပါရမီ - အနိစ္စမြင်အောင် တွေးရမည်။

သီလခက်း ၄ ပါး

သီလပါရမီ - ဒုက္ခနှိပ်ယ်ကြဉ်ဆေးရမည်။
ခန္တီပါရမီ - သည်းခံခိုင်တည်း မွေးရမည်။
သစ္စာပါရမီ - နှုတ်မြွက်ဆောက်တည်ပေးရမည်။
ပညာပါရမီ - ဒုက္ခမြင်အောင် တွေးရမည်။

နိက္ခမခက်း ၄ ပါး

နိက္ခမပါရမီ - ကျွတ်လွတ်ထွက်မြောက် အေးရမည်။
အဓိဋ္ဌာန်ပါရမီ - ချိန်မှန် ဆောင်ပွားပေးရမည်။
ဥပေက္ခာ ပါရမီ - လျစ်လျူရှုမွေးရမည်။
ပညာပါရမီ - အနတ္တမြင်အောင် တွေးရမည်၊
အနတ္တ မြင်အောင်တွေး၊
လျစ်လျူကြံရှုမွေး။
ချိန်မှန်ဆောင်ပွားပေး၊
ကျွတ်လွတ် ထွက်မြောက်အေး။
နိဗ္ဗာန်ရောက်တဲ့ဘေး၊
စားသုံးကြပါလေး—။

ပီးငြိမ်း မီးဇာတ်သိမ်း

၃၈ · မရှိဘာသိ၊ မှား မငြို၊ ဒိဋ္ဌိကွာသည်သာ။
၃၉ · ရုပ်နာမ်သာရှိ၊ ပွားတိုင်းမိ၊ ဝိစိ ကွာသည်သာ။
၄၀ · မဂ္ဂင်အားထုတ်၊ ဒိဋ္ဌိ ပြုတ်၊ ပယ်ဖြုတ် ဒုက္ခံ သောတာပန်။
၄၁ · သောတာပန်တည်၊ လက်ဆုပ်ဖြည်၊ ယုံကြည်သာသနာ။
၄၂ · ဒုစရိုက်မျှ၊ မသိက၊ လူအ ခေါ်သည်သာ။

၄၃ · ရုပ်နာမ်ဓမ္မ၊ မသိက၊ လူန ခေါ်သည်သာ။
၄၄ · အ,ယင်လဲ အောက်ကျမယ်။
၄၅ · န,ယင်လဲ နောက်ကျမယ်။
၄၆ · အ အ အ န၊ ထိုနှစ်ဝ၊ ပယ်ကြနေ့စဉ်သာ။
၄၇ · စိတ်ပါဝင်စား၊ သဘိထား၊ တရား နာကြပါ။
၄၈ · သစ္စာလေးအင်၊ သဘောမြင်၊ လျှုချင်ကြသည်**သာ**။
၄၉ · အနိစ္စမြင်၊ ပေးလှူချင်၊ နေ့စဉ်လောဘခွာ။
၅၀ · ဒုက္ခကိုမြင်၊ ဒေါသနှင်၊ မဂ္ဂင်သီလရှာ။
၅၁ · အနတ္တမြင်၊ မောဟနှင်၊ ပွားချင်ကောင္ဍသာ။
၅၂ · သံဃာကိုးကွယ်၊ စည်းစိမ်ကြွယ်၊ အပါယ်မကျပါ။
၅၃ · ဒုစရိုက်အသွယ်သွယ်၊ အကုန်ပယ်၊ စင်ကြယ်ရမည်**သာ**။
၅၄ · ဒုစရိုက်ခပင်း၊ ဖြုတ်ပယ်ကင်း၊ သန့်ရှင်းရလေပါ။

မီးဘေးမိးငြိမ်း မီးဇာတ်သိမ်းကြရန်

၅၅ · အဝိဇ္ဇာ တဏှာ ကံ၊ စသည်ဖန်၊ ငါတန်ဖြစ်ပေါ်လာ။
၅၆ · ခန္ဓာပွားစီး၊ ဆယ့်တမီး၊ ထိန်ညီ လောင်နေပါ။
၅၇ · မီးမပွားအောင်၊ သတိဆောင်၊ ကွင်းရှောင် **နေ့ညသာ**။
၅၈ · အစဆုံးမီး၊ မပွားစီး၊ ကျန်မီးအေးငြိမ်းပါ။
၅၉ · ဒေါသမီးထ၊ ဓိသီလ၊ နေ့ည ကျင့်ဆောင်ပါ။
၆၀ · ရာဂမီး ကြွ၊ ဓိစိတ္တ၊ ပွားကြ နည်းစုံသာ။
၆၁ · မောဟမီးဖြာ၊ ဓိပညာ၊ သေ့လာကြိုးစားပါ။
၆၂ · အမှားကြာမေ့၊ အမှန်တွေ့၊ တနေ့လွန်သည်သာ။
၆၃ · ရာ ဒေါ မော ဟန်၊ မီးသုံးတန်၊ ငြိမ်းရန် အားထုတ်ပါ။
၆၄ · ရှစ်မီးအကျန်၊ အားမသန်၊ အမြန်ငြိမ်းပျောက်ပါ။
၆၅ · မီးဆယ့်တဟန်၊ ငြိမ်းရာမှန်၊ နိဗ္ဗာန်ပြည်ခေမာ။
၆၆ · သိက္ခာရေအေး၊ သွန်းလောင်းပေး၊ မီးဘေး **လွတ်မည်သာ**။
၆၇ · ပညာရှိမှန်၊ သဘောဉာဏ်၊ ဝေဘန်ယုံကြည်ပါ။
၆၈ · အရိယာဖြစ်လို၊ များပုဂ္ဂိုလ်၊ ကြည်ညို အားထုတ်ပါ။
၆၉ · သိက္ခာပွားဆောင်၊ မီးလွတ်အောင်၊ ကွင်းရှောင်**နေ့ညသာ**။
၇၀ – ပွား ချုပ် ပေါ် ငြိမ်း၊ ပူမကိန်း၊ **ဇာတ်သိမ်း သံသရာ**။

ဂိုဏ်း၏ ကျင့်ဝတ် ပဋိပတ်

ထို့ပြင် ဤစတုဘုမ္မိက သာသနာတော် ကြီးပွားတိုးတက်ခြင်း နှင့် ပြန့်ပြောသာယာခြင်းများကို အကျိုးပြုလျက် စည်းကမ်း ချက်များကိုလည်း အောက်ပါအတိုင်း သတ်မှတ်ထားပေသည်။

(၁) စတုဘုမ္မိက သာသနာတော်ကြီးကို ယုံကြည်လေးစားခြင်း၊
(၂) မိမိအကွယ် မတိုးတက်ဘဲ ပျက်ကွက် သွားမည်ကို ရှက်ခြင်း။
(၃) မိမိသန္တာန်၌သော်၎င်း တပည့်များ သန္တာန်၌သော် ၎င်း စတုဘုမ္မိက သာသနာတော် တိမ်းပါး ချုပ် ချောင်နစ်မြုပ်သွားမည်ကို ကြောက်လန့်ခြင်း။
(၄) မိမိသန္တာန်, သူတပါး သန္တာန်တို့၌ သမ္ပဓာန် လေးပါး အင်အားကောင်းကြီးများ ဆုတ်ယုတ်ကျ ဆင်းမသွားအောင် ကြိုးစားအားထုတ်ခြင်း။
(၅) သစ္စာလေးပါး ဉာဏ်ပွားများတိုင်အောင် သုတမယ ဉာဏ် ရှာကြံဆည်းပူးလေ့လာခြင်း။
(၆) စတုဘုမ္မိကသာသနာကို၊ သမထ ဝိပဿနာ လုပ်ငန်း တို့ဖြင့် ရိုသေလေးစားစွာ အားထုတ်ရခြင်း။

စတုဘုမ္မိက မဟာသတိပဋ္ဌာန် ကျင့်ဆောင်ရမည့် လမ်းစဉ်များ

မှတ်ချက်။ ။ဤစတုဘုမ္မိက မဟာသတိပဋ္ဌာန်ဂိုဏ်းဝင် မဂ္ဂင်ရိပ်သာများတွင် နေထိုင်ကြသော ယောဂီများအတွက် ကျင့် ဆောင်ရမည့် လမ်းစဉ်လုပ်ငန်းများကို ဤသမိုင်း၌ ထည့်သွင်းရန် လိုအပ်နေသဖြင့် မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။

ရတနာသုံးပါး ကန်တော့ရန်

ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယပဏာမ ဝစီပဏာမ မနော ပဏာမ တည်းဟူသော သုံးပါးသော ပဏာမတို့ဖြင့် ဘုရားရတနာ, တရား ရတနာ, သံဃာရတနာ ဤရတနာမြတ် သုံးပါးတို့အား ပထမ၊ ဒုတိယ၊

တတိယ၊ တကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် ဘုရားတပည့်တော် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ဆုတောင်းရန်

ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရပါသော ပါရမီမဂ်လောလောကုတ္တရာ စတုဘုမ္မိက ကုသိုလ်တော်ပွား အထူးတို့ကြောင့် အပါယ်လေးပါး, ကပ်သုံးပါး, ရပ်ဖြစ် ရှစ်ပါး, ဝဋ္ဋရစ် မိလက္ခု ပိလက္ခု မနောဝဂ် ဒုဗ္ဗဇ္ဇာနီ အပြစ်လေးပါး၊ ဝိပတ္တိတရား လေးပါး၊ ရန်သူမျိုး ငါးပါး၊ ဤအပဒါန်ငယ်ဆုတရား ခြောက်ပါးတို့မှရင်း။

ထိုခြောက်ပါးတို့၏ သဘောဖြစ်သော သုံးဆယ့်နှစ်ပါးသော ကံကြမ္မာ, နှစ်ဆယ့်ငါးပါးသောဘေး, တဆယ့်ခြောက်ပါးသော ဥပဒ္ဒဝေါ၊ ဆယ်ပါးသော ဗြဟ္မဒဏ်၊ ရှစ်တန်သော မဟာသတိပဋ္ဌာန် သမာပတ် အပြစ်ဆိုးသွမ်း ညစ်ညမ်းသော ရန်တတ်မျိုး တဆယ့်ငါးပါး၊ ကိုးဆယ့်ခြောက်ပါးသော ဆနဝုတိယောဇ တဏှာပါသတ္တာကျော့ကွင်း စွပ်မိခြင်း အဋ္ဌာဓိကသတဂရုဟိတ ကဲ့ရဲ့စွပ်စွဲခြင်းတရာ့ရှစ် နဝင်း ငြိုဟ်စီးငြိုဟ်နင်း အပေါင်းတို့မှ အခါခပ်သိမ်း ကင်းငြိမ်းရသည်ဖြစ်၍ သမ္ပဒါန်သယ်ဆု သုံးပါးဟု ဆိုအပ်သော မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို ဘုရားတပည့်တော် မျက်မှောက်ပြုရပါလို၏ အရှင်သူမြတ်ဘုရား။

[ပုတ်ချက်။ ။ရတနာ သုံးပါး ကန်တော့ရန် နှင့် ဆုတောင်း ပတ္တနာ ဩကာသ ကန်တော့ချိုးကား ပထမ ငှက်တွင်း ဆရာတော်ဘုရား လက်ထက်အခါမှ ယခုတိုင် စတုဘုမ္မိကဂိုဏ်းဝင်များ အစဉ်ကန်တော့ တောင်းဆိုကြသည့် ကန်တော့ချိုး ဖြစ်ကြောင်းသိရ၏။]

ဂရုမေ့သီလ တောင်းခံရန်

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စင်္ဂသမန္နာဂတံ အာဇီဝဋ္ဌမက ဂရုဓမ္မသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံဘန္တေ.... } အထက်ပါအတိုင်းဆိုရမည်။
တတိယမ္ပိ အဟံဘန္တေ.... }

အာမဘန္တေပါ အရှင်ဘုရား....။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
(၎င်းအတိုင်း သုံးကြိမ်ဆိုပါ)

သရဏဂုဏ် သီလဆောက်တည်ရန်

ဗုဒ္ဓံ သရဏံဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံသရဏံ....
တတိယမ္ပိ ဗုဒ္ဓံ သရဏံ....
} အထက်ပါအတိုင်း ဆိုရမည်။

[မှတ်ချက်။ ။နိဂ္ဂဟိတန္တ သရဏဂုမ် ပီပီပြင်ပြင် မရွတ်ဆို တတ်လျှင် အောက်ပါအတိုင်း မကာရန္တ သရဏဂုမ်ဖြင့်လည်း ရွတ်ဆို နိုင်သည်။]

ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ၊ ဓမ္မမ် သရဏမ် ဂစ္ဆာမိ၊ သမ်ဃမ် သရဏမ် ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ ....
တတိယမ္ပိ ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ ....
} ရွတ်ဆိုပါ။

[အထူးသတိပြု။ ။နိဂ္ဂဟိတန္တ— နိဂ္ဂဟိတ် အဆုံးရှိသော သရဏဂုမ်၌ သေးသေးဘင် ဗိန္ဒုဗျည်း ဖြစ်ရာ နှုတ်ခမ်းကို ပိတ်၍ ပုဒ်ဝါကျ ယတိမပြတ်စေဘဲ တစပ်တည်း နှာခေါင်း သို့ လေထွက်စေပြီး ပြင်းပြင်းထန်ထန် ရွတ်ဆို ဆောက်တည်ရသည်။

မ အက္ခရာအဆုံးရှိသော မကာရန္တသရဏဂုမ်၌ နှုတ်ခမ်းကို ဖွင့်၍ ပုဒ်အက္ခရာ သဒ္ဒါသံကို မစပ်စေဘဲ ဖြတ်ခါဖြတ်ခါ ရွတ်ဆိုဆောက် တည်ရသည်။]

အာမဘန္တေပါ အရှင်ဘုရား။

သုစရိတသီလ ဆောက်တည်ရန်

၁ · ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၂ · အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၃ - ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၄ - မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၅ - ပိသုဏာဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၆ - ဖရုသဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၇ - သမ္ဖပ္ပလာပဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၈ - အဘိဇ္ဈာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၉ - ဗျာပါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၁၀ - မိစ္ဆာဒိဋ္ဌိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၁၁ - မိစ္ဆာအာဇီဝါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၁၂ - သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
အာမဘဂန္ဓေပါ အရှင်ဘုရား။

[**မှတ်ချက်။** ။ ဤကာသမှ သုရာမေရယ တိုင်အောင် ကျင့်သုံးကြပါလျှင် သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ အမိသီလ မဂ္ဂင်သုံးပါး တည်နေသောကြောင့် အပါယ်လေးပါးမှ လွတ်မြောက်နိုင်ပေပြီ၊ တနည်း သောတာပန် သကဒါဂါမိစခန်းသို့ တက်လှမ်းနိုင်သော ပရိယတ်ကျင့်စဉ်လမ်း ဟူ၍လည်း ဆိုနိုင်သည်။]

သမာဓိဘာဝနာ ဆက်လက်ပွားရန်

အတ္ထိ ဣမသ္မိံ ကာယေ —
ကေသာ လောမာ နခါ ဒန္တာ တစော မံသံ နှာရု
အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ။ ဟဒယံ ယကနံ ကိလောမကံ
ပိဟကံ ပပ္ဖာသံ။ အန္တံ အန္တဂုဏံ ဥဒရိယံ
ကရီသံ မတ္ထလုင်္ဂံ။ ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ
သေဒေါ။ မေဒေါ အဿု ဝသာ ခေဠော သိင်္ဃာ
ဏိကာ လသိကာ မုတ္တံတိ။ ။

(အနုလောမ)

အပ္ပမ်ဏ္ဏမည်သို့ကာယေ—

မုတ္တံ လသိကာ သိဃာဏိကာ ခေဠော ဝသာ အဿု။
မေဒေါ သေဒေါ လောဟိတံ ပုဗ္ဗော သေမှ ပိတ္တံ။
မတ္ထလုင် ကရိသံ ဥဒရိယံ အန္တဂုဏံ အန္တံ
ဝက္ကံ အဋ္ဌိမိဉ္ဇံ အဋ္ဌိ နှာရု မံသံ။ တစော ဒန္တာ
နခါ လောမာ ကေသာ။

(ပဋိလောမ)

မြန်မာစကားဖြင့်—

ဤရူပကာယ ခန္ဓာကိုယ်၌—

ဆံပင်၊မွေးညှင်း၊ခြေသည်း၊ လက်သည်း သွား၊ အရေထူ၊အရေပါး၊ အသား၊အကြော၊ အရိုး၊ရိုးတွင်းချဉ်ဆီ၊ ဒညို၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊အဆုတ်၊အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊သလိပ်၊ပြည်၊သွေး၊ ချွေး၊အဆီခဲ၊ မျက်ရေ ဆီကြည်၊တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။ ။

(အနုလုံ ပွားနည်း)။

ဤရူပကာယ ခန္ဓာကိုယ်၌—

ကျင်ငယ်၊အစေး၊ နှပ်၊တံတွေး၊ဆီကြည်၊ မျက်ရေ၊ အဆီခဲ၊ချွေး၊သွေး ပြည်၊သလိပ်၊သည်းခြေ၊ဦးနှောက်၊အစာဟောင်း၊အစာသစ်၊အူသိမ်၊ အူမ၊ အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသည်း၊ နှလုံး၊ အညို၊ ရိုးတွင်း ချဉ်ဆီ၊ အရိုး၊ အကြော၊ အသား၊ အရေထူ၊ အရေပါး၊သွား၊ ခြေသည်းလက်သည်း၊ မွေးညှင်း၊ ဆံပင်။ ။

(ပဋိလုံ ပွားနည်း)

(၃)
ဥဒ္ဓ ပါဒတလာ အဓော ကေသမတ္ထကာ တစပရိယန္တံ ပူရံ နာနပ္ပကာရဿ အသုစိနော ပစ္စဝေက္ခယျ။ ဂဟဒွေနဝါ ပဗ္ဗမိဘာနပါ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ ။

[**မှတ်ချက်**။ ။ဤ သတိပဋ္ဌာန် ပါဠိတော်လာ အကျင့်များကို ပွား များ အားထုတ် ပါလျှင် သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ အစိစိတ္တမဂ္ဂင် သုံးပါး တည်နေသော

ကြောင့် လူနတ်ဆင်းရဲဘေးမှ လွတ်မြောက် နိုင်ပါသည်၊ တနည်း - အနာဂါမ် စခန်းသို့လည်း တက်လှမ်း နိုင်သော ပရိယတ်ကျင့်စဉ် လမ်းဟူ၍ ဆိုနိုင်ပါသည်။

ထို့ကြောင့် ဤ၌ ခန္ဓာ အာယတန ဓာတ် ပရမတ် ဉာဏ် အမြင် ရှင်းအောင် အထူးနှလုံးသွင်းကြရမည်။]

ဝိပဿနာ ဘာဝနာ ဆင်ခြင်ရန်

သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊
ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊
ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။
အနိစ္စာဝတ ဘော သင်္ခါရာ၊
ဥပ္ပါဒဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊
တေသံ ဝူပသမော သုခေါ။

ဤကား၊ – အနိစ္စသင်္ခတမြင်၍ နိစ္စအသင်္ခတ ဝင်ပုံတည်း။

သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊
ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊
ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။
ဒုက္ခာဝတ ဘော သင်္ခါရာ၊
ဥပါဒဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊
တေသံ ဝူပသမော သုခေါ။

ဤကား – ဒုက္ခသင်္ခတ မြင်၍ သုခ အသင်္ခတ ဝင်ပုံတည်း။

သဗ္ဗေဓမ္မာ အနတ္တာတိ၊
ယဒါ ပညာယ ပဿတိ၊
အထ နိဗ္ဗိန္ဒတိဒုက္ခေ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။

အနုတ္တာဝတ ဘော ယေ ဓမ္မာ၊
ဥပ္ပါဒဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊
တေသံ ဝူပသမော သုခေါ။

ဤကား အနုတ္တသင်္ခတမြင်၍ ပရမတ္ထ အသင်္ခတ ဝင်ပုံတည်း။

[မှတ်ချက်။ ။ဤသို့ ဆင်ခြင် သုံးသပ်ပါလျှင် သမ္မာသင်္ကပ္ပ, သမ္မာဒိဋ္ဌိ အဓိပညာမဂ္ဂင်နှစ်ပါး တည်နေသောကြောင့် ဗြဟ္မာဆင်းရဲဘေးမှ လွတ်မြောက်နိုင်ပေပြီ၊ တနည်း – အရဟတ္တဖိုလ် စခန်းသို့ တက်လှမ်းနိုင်သော ပရိယတ် ကျင့်စဉ်လမ်းဟူ၍ ဆိုနိုင် ပါသည်၊ ဤသို့လျှင် ဖြစ်ခြင်းအစ အပျက်အလယ် ဉာဏ်အမြင်စင်ကြယ်အောင် သုံးသပ်နိုင်မှသာ ဉာဏ်စဉ်စခန်း ဆုံးလမ်းတိုင်အောင် ပေါက်မြောက်လျက် သင်္ခါရ ခပင်းမှလည်း လွတ်ကင်း ကြမည်ဟု မှတ်သားပါလေ။]

(၃) ဘုရားဂုဏ်တော် ကိုးပါး

ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသ ဒမ္မသာရထိ သတ္ထာဒေဝ မနုဿာနံ ဗုဒ္ဓေါ ဘဂဝါ။

(၄) တရားဂုဏ်တော် ၆ · ပါး

သွာက္ခာတော ဘဂဝတာ ဓမ္မော သန္ဒိဋ္ဌိကော အကာလိကော ဧဟိပဿိကော ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

(၅) သံဃာဂုဏ်တော် ၉ · ပါး

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတောသာဝကသံဃော၊ သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ ဧသ ဘဂဝတော သာဝက သံဃော အာဟုနေယျော ပါဟုနေယျော ဒက္ခိနေယျော အဉ္ဇလီကရဏီယော အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

[မှတ်ချက်။ အကျင့်တရားတို့ကို ကျင့်သုံး ဆောက်တည်သော သူအား အဓိသီလ အဓိစိတ္တ အဓိပညာ အကြောင်းရင်းခံသဖြင့် ဘုရား, တရား, သံဃာဟူသော ရတနာ သုံးပါးတို့သည် အကျိုးတရားများ အဖြစ်ဖြင့် ထင်ရှားလေသည်။]

ဇာဂရိယာနုယောဂ ၆ - ပါး ဆင်ခြင်ပွားရန်

၁ - သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ ဗုဒ္ဓဂတာသတိ။

၂ - သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ ဓမ္မဂတာသတိ။

၃ - သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ သံဃဂတာသတိ။

၄ - သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ ကာယဂတာသတိ။

၅ - သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ အဟိံသာယ ရတောမနော။

၆ - သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ ဘာဝနာယ ရတောမနော။

(က) သိယာ ကုသလံ ဓမ္မံ ပဋိစ္စ၊ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတု ပစ္စယာ။

(ခ) ကုသလံ ဓမ္မံ ပဋိစ္စ၊ ကုသလော ဓမ္မော ဥပ္ပဇ္ဇာတိ ဟေတု ပစ္စယာ။

(ဂ) ကုသလံ ဧကံ ခန္ဓံ ပဋိစ္စ၊ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ။

ရတနာသုံးပါးကို ဓမ္မပူဇာဖြင့် ကန်တော့ရန်

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။
ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။
ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။

ဆုတောင်းရန်

(၁) အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇရာ မရဏမှာ ပရိမုစ္စိဿာမိ (သုံးကြိမ်ဆို)။

(၂) ဒါနမေတံ မဂ္ဂဿ ပရိဝါရံ ဟောတု၊ သီလမေတံ မဂ္ဂဿ ပရိဝါရံ ဟောတု၊ နိဗ္ဗာန ပစ္စယော ဟောတု။

(၃) ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု။ (သုံးကြိမ်ဆို)။

(၄) စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ပု-ဒိ-အာနှင့် ပြည့်စုံရလိုပါ၏ဘုရား။

အမျှဝေရန်

ဤသို့ပြုရ ပါရမီပုည ကုသိုလ်၏ အဘို့ဘာဂကို မိဘဆရာ ညာတကာ အား အမှူးထား၍ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ကျောင်းစောင့်နတ်၊ မြို့ရွာစောင့်နတ်၊ တောတောင်စောင့်နတ်၊ ရေမြေစောင့်နတ်၊ သာသနာတော် စောင့်နတ်၊ ဝိဇ္ဇာဇော်ဂျီ တပသီ အစရှိသော နတ်ပြဟ္မာ အပေါင်းတို့နှင့် တကွ အထက်ဘဝဂ် အောက်အဝီစိ သုံးဆယ့်တစ်ဘုံ၌ ရှိရှိသမျှ မကြွင်း ဥဿုံ အလုံးစုံကုန်သော သုခိတ ဒုက္ခိတ ဝေနေယျ အများတို့အား ရကြပါ စေ အမျှဝေသည်၊ သာကြည်ဖျဖျ သာဓု-သာဓု-သာဓု ခေါ်ဆိုနိုင်ကြပါစေ သတည်း။

ရှဝ်ပါးသီလ တောင်းခံနည်း

ဩကာသ-ပဏာမ အတိုင်း —

အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင် သမန္နာဂတံ အာဇီဝဋ္ဌမက ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(ဒုတိယမ္ပိ - တတိယမ္ပိ ဆက်လက်ဆိုရန်)

နမောတဿ - ပဏာမသုံးကြိမ်ဆို၊ သရဏဂုံ နှစ်သပ်ဆက်ဆိုပါ၊ သီလ သိက္ခာပုဒ်များ —

၁ - ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၂ - အဒိန္နာဒါနာ၊
၃ - အဗြဟ္မစရိယာ၊
၄ - မုသာဝါဒါ၊

ပိသုဏာဝါစာ၊
ဖရုသဝါစာ၊
သမ္ဖပ္ပလာပဝါစာ၊
အဘိဇ္ဈာ၊
ဗျာပါဒါ၊
မိစ္ဆာဒိဋ္ဌိ
မိစ္ဆာအာဇီဝါ

၅ - သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ
၆ - ဝိကာလဘောဇနာ
၇ - နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ
၈ - ဥစ္စာသယန မဟာသယနာ

[မှတ်ချက်။ ။သမာဓိခန်း, ပညာခန်းတို့မှာ ယခင်ပြခဲ့ပြီး ဒွေခန္ဓာ အထိ ပွားများရမည်။]

ဥဂ္ဂဟကောသလ္လဉာဏ် ၇ - ပါး

က - ဥဂ္ဂဟမှန်၊ ကောသလ္လ၊ သိရန် ၇ - ဖြာ၊
ခ - လိုရင်းအချုပ်၊ ခိပ္ပာယ်ထုတ်၊ ကိုယ့်နှုတ်ဆောင်စေရာ၊
၁ နေ့ညမခြား၊ နှုတ်ကပွား၊ မှတ်သားဝစသာ၊
၂ - သုံးဆယ့်နှစ်ခု၊ အာရုံပြု၊ ပွားမှုမနသာ၊
၃ - သုံးဆယ့်နှစ်ဖုံ၊ ဆင်းအာရုံ၊ ရှုဘုံဝဏ္ဏတာ၊
၄ သုံးဆယ့်နှစ်ခု၊ ပုံဟန်ရှု၊ ပွားမှုသဏ္ဌာနာ၊
၅ - ဝဲ ယာထက်အောက်၊ ထင်မြင်ရောက်၊ မှတ်လောက်ဒိသတာ၊
၆ သုံးဆယ့်နှစ်ခု၊ တည်ရာရှု၊ ပွားမှုသြကာသာ၊
၇ ကောဋ္ဌာနိမိတ်၊ ခွဲဝေစိတ်၊ ပရိစ္ဆေဒတာ၊
သင်ယူဘို့ရန်၊ လိမ္မာရန်၊ သိဉာဏ်ခုနစ်ဖြာ။

မနသိ ကောသလ္လဥာဏ် ၁၀ ပါး

က - နိဗ္ဗာန်လိုလား၊ ယောဂီများ၊ ကြိုးစားအားထုတ်ပါ။
ခ - လိုရင်းသိလွယ်၊ အဓိပ္ပာယ်၊ နှုတ်ဝယ်ဆောင်စေရာ။
၁ - သုံးဆယ့်နှစ်ခု၊ အစဉ်ရှု၊ အနုပုဗ္ဗသာ။
၂ - မမြန်လွန်းဘိ၊ ပွားတုံရှိ၊ နာတိသီဃသာ။
၃ - မနှေးလွန်းဘိ၊ အားထုတ်ကြည့်၊ နာတိသဏိတာ၊
၄ - ပျံ့လွင့်စိတ်တွေ၊ တားမြစ်လေ၊ ဝိက္ခေပတိဗာ၊
၅ - လွန်မြောက်ပညတ်၊ ထင်မြင်လတ်၊ ပဏ္ဏတ္တိက္ကမာ၊
၆ - မထင်လွတ်မှု၊ အထင်ရှု၊ အနုမုဉ္စနာ၊
၇ - ဝေါတြဘူနောက်၊ ဆက်ခါရောက်၊ ပေါ်ပေါက်အပ္ပနာ၊
၈ - စိတ်တည်စေဘိ၊ လုပ်ငန်းသိ၊ အဓိသုတ္တန္တာ၊
၉ - စိတ်ငြိမ်စေဘိ၊ လုပ်ငန်းရှိ၊ သီတိသုတ္တန္တာ၊
၁၀ - သစ္စာလေးအင်၊ သိကြောင်းလျှင်၊ ဗောဇင်သုတ္တန္တာ၊
နှလုံးသွင်းမှန်၊ လိမ္မာရန်၊ ဆယ်တန်သရုပ်ဖြာ၊
ယောဂီပုဂ္ဂိုလ်၊ သမုတ်ဆို၊ ဤလိုသိစေရာ။
၁ - သုံးဆယ့်နှစ်ဖြာ၊ စက္ခုမှာ၊ မြင်လာပရိကံ၊
၂ - သုံးဆယ့်နှစ်ဖြာ၊ မနောမှာ၊ ထင်လာဥဂ္ဂဟံ၊
၃ - နိမိတ်နှစ်ခု၊ အာရုံပြု၊ ပွားမှုပရိကံ၊
၄ - မတင့်တယ်အား၊ ထင်လာငြား၊ မှတ်သားအသုဘံ၊
၅ - ညိုရွှေနီဖြူ၊ ထင်မြင်မူ၊ မှတ်ယူဆင်းဝဏ္ဏ၊
၆ - အဌကလာပ် ထင်မြင်မှတ်၊ ခေါ်အပ်သုညတံ၊
၇ - အသုဝဏ္ဏ၊ သုညတ၊ ထင်ကပရိကံ။

အဓိပ္ပာယ် ရှင်းလင်းချက်

သုံးဆယ့်နှစ်ပါး စက္ခုဖြင့်သာမြင်က ပရိကမ္မနိမိတ်တို့၊ စိတ်မနောမှာ ထင်လာက ဥဂ္ဂဟနိမိတ်တည်း၊ ထိုနိမိတ်နှစ်ခုကို အာရုံပြု၍ ပွားများသောအလုပ်သည် ပရိကမ္မဘာဝနာဟု မှတ်ပါ။

ထိုဥဂ္ဂဟနိမိတ်ထက် ကသိုဏ်းဝန်း အပြစ်လွတ်၍ အဆင်းသဏ္ဌာန်ဖြစ်ရာတည်ရာ ဤငါးဖြာ မနောမှာထင်လာလျှင် အသုဘတည်း။

တနည်း— ညိုရွှေနီဖြူ အထိုက်အလျောက် ပေါ်ပေါက်၍ မနောမှာ ထင်ထားမှု ဝဏ္ဏ။

တနည်း— အဆင်း, အနံ့, အရသာ, ဩဇာ, ပထဝီ, အာပေါ်, ဝါယော, တေဇော ဤ ၈ - ဖြာ မနေ့ာမှာထင်လာမှု သုညတ။

အသုဘ, ဝဏ္ဏ, သုညတ ဤ ၃ ခုကို ပဋိဘာဂနိမိတ်တည်း။

ထိုပဋိဘာဂနိမိတ်ကို ယောဂီပုဂ္ဂိုလ်တို့၏ စိတ်အာရုံ တည်အောင် ပွားမှု ဥပစာရဘာဝနာဟူ၍ရင်း ဥပစာရသမာဓိဟူ၍ရင်း မှတ်ပါ။

ပဋိဘာဂနိမိတ်ကို အာရုံရယူ၍ အထိုက်အလျောက် ဈာန်အပ္ပနာမဂ်အပ္ပနာသို့ဆိုက်ရောက်မှု အပ္ပနာဘာဝနာ ဟူ၍ရင်း အပ္ပနာသမာဓိ ဟူ၍ရင်း မှတ်ပါ။

အဋ္ဌကလာပ် ၈ - ပါးတွင် ပထဝီဆိုသည်မှာ ခက်မာလျှင် ခက်မာပထဝီ နူးညံ့လျှင် နူးညံ့ပထဝီ။

အာပေါဆိုသည်မှာ —

ယိုစီးလျှင် ယိုစီးအာပေါ၊
ဖွဲ့စေးလျှင် ဖွဲ့စေးအာပေါ၊

တေဇောဆိုသည်မှာ —

ပူလျှင် ဥဏှ တေဇော၊
အေးလျှင် သီတ တေဇော၊

ဝါယောဆိုသည်မှာ—

ထောက်ကန်လျှင် ထောက်ကန်ဝါယော၊
လှုပ်ရှားလျှင် လှုပ်ရှားဝါယော၊

ဤအဋ္ဌကလာပ် ၈ - ပါးတို့အကြားကို အာကာသ မှတ်လေ။

နံ့ယောဆရာတော် တီထွင်ဟောကြားခဲ့သော

သတိပဋ္ဌာန် ပွားနည်းများ

၁ - ကာယဂတာသတိ၊ အမည်ရှိ၊ သတိပဋ္ဌာန်ပွားကြပါ

'ကာယဂတာသတိ၊ အမည်ရှိသည့်၊သတိပဋ္ဌာန်း၊လုပ်ငန်းမှန်ကို၊ ပွားရန် နည်းမြတ်၊ စွယ်စုံတတ်အောင်၊ မပြတ်လေ့လာ၊ သင်ယူကာဖြင့်၊ ကောင်းစွာ ဆောင်ပွား၊ ယောဂီများဌ်၊ မှတ်သားကောင်းကျိုး၊ ခုနစ်မျိုးတို့၊ ပွားတိုး ကေန်၊ သဘောမှန်ကို၊ ဇီနံမိန့်မှာ၊ဒေသနာဌ်၊ သေချာထင်ရှား၊ ရှိပြီး

သားမို့၊ ကြီးမားသဒ္ဓါ၊ ယုံကြည်စွာဖြင့်၊ လေ့လာထင်ရှား၊ ပွားနည်းများကို၊ ကြိုးစားနေ့ညဲ၊ ဆောင်ပွားကြသော်၊ ဗုဒ္ဓညွှန်ကြား၊ ခုနစ်ပါးသည်၊ ထင်ရှားကေန် တွေ့မည်တည်း။

(ဆောင်ပုဒ်လင်္ကာ)

ဧကောဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော၊ မဟတော သံဝေဂါယ သံဝတ္တတိ၊ မဟတော အတ္ထာယ သံဝတ္တတိ၊ မဟတော ယောဂက္ခေမာယ သံဝတ္တတိ၊ သတိသမ္ပဇညာယ သံဝတ္တတိ၊ ဉာဏ ဒဿန ပဋိလာဘာယ သံဝတ္တတိ၊ ဒိဋ္ဌဓမ္မသုခဝိဟာရာယ သံဝတ္တတိ၊ ဝိဇ္ဇာဝိမုတ္တိဖလသစ္ဆိကိရိယာ သံဝတ္တတိ၊ ကတမော ဧကဓမ္မော ကာယဂတာသတိ။

(အင်္ဂုတ္တရ ပါဠိတော် ပထမအုပ် စာမျက်နှာ ၃၅ မှ ၃၇)

အနက်— ဘိက္ခဝေ၊ မဂ္ဂင်ရှစ်လီ ဆောက်ပွားတည်သည့် အို— ယောဂီအပေါင်းသူတော်ကောင်းတို့။ ဧကော ဓမ္မော၊ ဂဏ်သဲစု ပွဲတိုင်းရှုသည့် တခုသောတရားမှန်ကို။ ဘာဝိတော၊ ပရိညာငါးရပ် ပွားနည်းမြတ်ဖြင့် အထပ်ထပ်ရှုပွားသည်ရှိသော်။ ဗဟုလီကတော၊ ပညာငါးတန် ဝိဇ္ဇာဉာဏ်ဖြင့် အတန်တန်လေ့လာခြင်း ပြုသည်ရှိသော်။ မဟတော၊ အမှားပယ်ဖြတ် အမှန်ကပ်၍ များမြတ်လှစွာ။ သံဝေဂါယ၊ ထိတ်လန့်ခြင်း အတန်တန် သံဝေဉာဏ်ကို မြန်မြန်ကြီးရစေခြင်း အကျိုးငှာ။ သံဝတ္တတိ၊ နှုတ်ကရွတ်ပွား စိတ်ဝင်စားပါက ထင်ရှားဖြစ်ပေါ်လာဘော့၏။

မဟတော၊ သူငါတွေ့ယ်ဖြတ် ရုပ်နာမ်ခာတ်သိ၍ များမြတ်လှစွာ။ အတ္ထာယ၊ လောကုတ်လောကီ ကျိုးနှစ်လီတို့ စုံညီစွာ ရစေခြင်းငှာ။ သံဝတ္တတိ၊ နည်းစုံ လေ့လာ ပွားများပါက ကောင်းစွာ ဖြစ်ပေါ်လာတော့၏။

- မဟတော၊ ပညတ်ကျော်ဖြတ် ပရမတ်မို့ အမြတ်ကြီး မြတ်လှစွာ။ ယောဂက္ခေမာယ၊ ယောဂလေးတန် ကုန်ရာမှန်သည့် နိဗ္ဗာန်ကို ရစေခြင်း အကျိုးငှာ။ သံဝတ္တတိ၊ နည်းစုံလေ့လာပွားများပါက ကောင်းစွာဖြစ်ပေါ်လာတော့၏။

သတိသမ္ဗောဇ္ဈင်္ဂံ၊ သတိနှင့်ဥာဏ် အားရှိသန်၍ နှစ်တန်သောအကျိုး ငှာ။ သံဝတ္တတိ၊ ပရိညာငါး ပညာအားဖြင့် ထင်ရှား ဖြစ်ပေါ်လာ တော့၏။

ဥာဏဒဿနပဋိလာဘာယ၊ ဝိပဿနာဥာဏ်စဉ် ပွားတိုင်း မြင်လျက် ကြည်လင်စွာ ရရှိစေခြင်း အကျိုးငှာ။ သံဝတ္တတိ၊ ပရိညာငါး ပညာအား ကြောင့် ထင်ရှား ဖြစ်ပေါ်လာတော့၏။

ဒိဋ္ဌဓမ္မသုခဝိဟာရာယ၊ မျက်မှောက် အဖြစ် ကိုယ်အသစ်၌ စင်စစ်ရှင် လန်း မပင်ပန်းဘဲ ချမ်းချမ်းသာသာကြီး နေရခြင်းအကျိုးငှာ။ သံဝတ္တတိ၊ ပရိညာငါး ပညာအားကြောင့် ထင်ရှား ဖြစ်ပေါ်လာတော့၏။

ဝိဇ္ဇာဝိမုတ္တိဖလသစ္ဆိကိရိယာယ၊ ဝိဇ္ဇာတည်သွင်း ကိလေကင်း၍ သန့်ရှင်း သော မဂ်ဖိုလ်အဆင့်ဆင့်သို့ တောက်လျှောက်ဝင်ခို မျက်မှောက်ပြုရခြင်း အကျိုးငှာ။ သံဝတ္တတိ၊ ပရိညာငါး ပညာအားကြောင့် ထင်ရှားဖြစ်ပေါ် လာတော့၏။

ဧကဓမ္မော၊ သယမ္ဘူမြတ်ဘုရား အဆူဆူပွားကြသည့် တခုသောတရား ဟူသည်။ ကတမော၊ မှားမိုက်ဖြတ်ပယ် မှန်မြင်လွယ်၍ အဘယ်တရား ဖြစ်သနည်း။ ကာယဂတာသတိ၊ ၃၂ - ခု ကိုယ်အစု၌ ကြည့်ရှုရောက်သည့် ရှုဖွယ်မိသော သတိတရား အစားစားပါပေတည်း။

ကာယဂတာသတိ ရှုပွားနည်း

ဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် ဘိက္ခု စသော ပရိသတ်တို့အား တရားတော်ကို ဟောကြားတော်မူသည်။

ထိုတရားနာရဟန်းပရိသတ်မှ အရှင်ရေဝတသည် မြတ်စွာဘုရား တရား တော်ကို ကြားနာရ၍ ယုံကြည်လေးစား ဥာဏ်ရွှေ့သွားလျက် ' ကာယ ဂတာသတိ ' ကမ္မဋ္ဌာန်းကို ဆောင်ပွားအားထုတ်တော်မူသည်။

အရှင် ရေဝတသည် မိမိကြိုးစား ပွားများသော ကမ္မဋ္ဌာန်းဖြင့် ရဟန် ကိစ္စ အောင်မြင်ပြီး၍ သမ္ဗုဒ္ဓနမထေရ် ကျောင်းသို့ သွားနေလေသည်။

ကျောင်းတွင်နေ၍ အမြဲတစေ တံမြက်စီးလှဲနေသော သမ္ဗုဒ္ဓနမထေရ်က အရှင်ရေဝတမထေရ်အား တံမြက်စီး လှဲရန် တိုက်တွန်း လေသည်၊ အရှင် ရေဝတက ' ငါ့ရှင်သမ္ဗုဒ္ဓနမထေရ်- ရေချိုးပြီးကာလာခဲ့ရမည်၊ အမှန်တရားကို

ပြမည်'ဟု ခေါ်လေ၏၊ သမ္မဇ္ဇနမထေရ်ကလည်း အရှင်ရေဝတအား ခစား လျက်နေသည်။

အရှင် ရေဝတက 'ငါ့ရှင်- သင်သည် တနေ့ပတ်လုံး တံမြက်စီးလှဲနေခြင်း ဖြင့်အချိန်မဖြုန်းလေနှင့်၊ ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို ရှုပွားရမည်'ဟု အမိန့်ရှိလေသည်။

သမ္မဇ္ဇနထေရ်

သမ္မဇ္ဇနမထေရ်လည်း အရှင်ရေဝတထေရ်၏ အဆုံးအမအတိုင်း ဒွတ္တိံသာ ကာရကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်လေ၏။

(၁) ရတ္တိဋ္ဌာနေ ဝါ ဒိဝါဋ္ဌာနေ ဝါ နိသန္နေန ဒွတ္တိံသာ ကာရံ သဇ္ဈာယိတွာ အတ္တဘာဝေ ခယဝယံ ပဋ္ဌပေတွာ သယနေ ဥဋ္ဌာယ သမဇ္ဇိကံ ဝဋ္ဋတိ။

(ဓမ္မပဒအဋ္ဌကထာ)

သမ္မဇ္ဇနမထေရ်သည် အရှင် ရေဝတမထေရ်၏ ဩဝါဒကို ကြားနာ တော်မူပြီးနောက် သတိသံဝေဂတရား ဖြစ်ပွားလျက် ညွှန်ကြားချက် အတိုင်း ယင်း၃၂ ပါး ဖြစ်ပျက်မှု ကမ္မဋ္ဌာန်းကို ကြိုးပမ်း အားထုတ်လေ သည်။

သမ္မဇ္ဇနသည် မကြာမြင့်မီ အာသဝေါကုန်ခမ်း၍ ရဟန္တာ အဖြစ်သို့ ရောက်လေသည်။

(၂) သော ထေရဿ ဩဝါဒေ ဌတွာ နစိရဿေဝ အရဟတ္တံ ပါပုဏိ။

(ဓမ္မပဒအဋ္ဌကထာ)

ထို့နောက် သမ္မဇ္ဇန အရှင်မြတ်သည် အရှင်ရေဝတမထေရ်အား အထူး ကျေးဇူးဆပ်သောအားဖြင့် သမာပတ်ဝင်စားလေရာ ရဟန်းသာမဏေများ ဖြစ်သော ပုထုဇဉ်ပုဂ္ဂိုလ်များက 'အရှင်သမ္မဇ္ဇနသည် တံမြက်စီး လှဲသော ပတ် ပျက်ကွက်နေပြီ' ဟု မေးကြလေ၏၊ ထိုအခါ အရှင်သမ္မဇ္ဇနက 'အို အရှင်တို့— တပည့်တော်မေ့လျော့စဉ်က တံမြက်စီးလှဲခြင်းကို အလုပ်ကောင်း မှတ်လို့လုပ်နေသည်၊ ယခု မမေ့မလျော့ အချိန်သင့်သလိုဘဲ တံမြက်စီးလှဲ သည်'ဟု ဖြေကြားလေ၏။

ဘုရားရှင်သည် ထိုအကြောင်းအရာများကို အောက်ပါအတိုင်း ဟောကြားတော်မူ၏။

ယော ပုဗ္ဗေ ပမဇ္ဇိတွာ၊ ပစ္ဆာ သော နပ္ပမဇ္ဇတိ။
သော ဣမံ လောကံ ပဘာသေတိ၊ အဗ္ဘာ မုတ္တောဝ စန္ဒိမာ။

(ဓမ္မပဒ ပါဠိတော်)

ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ပုဗ္ဗေ၊ ရှေးဦးကပင်။ ပမဇ္ဇိတွာ၊ မေ့လျော့၍။ ပစ္ဆာ၊ နောက်၌။ သောဘိက္ခု၊ ထိုရဟန်းသည်။ နပ္ပမဇ္ဇတိ၊ မမေ့မလျော့တော့ပေ။ အဗ္ဘာ၊ တိမ်တိုက်မှ။ မုတ္တော၊ လွတ်သော။ စန္ဒိမာ၊ လပြည့်ဝန်းကြီးသည်။ ဣမံလောကံ၊ ဤသြကာသလောကကို။ ပဘာသေတိ ဣဝ၊ ထွန်းလင်းတောက်ပစေဘိသကဲ့သို့။ သောဘိက္ခု၊ ထိုရဟန်းသည်။ ဣမံ လောကံ၊ ဤသင်္ခါရလောကကို။ ပဘာသေတိ၊ ဉာဏ်တန်ဆောင်ဖြင့် အမှောင်ပယ်ကင်း ထွန်းလင်းတောက်ပလေသတည်း။

ဆောင်ပုဒ် သံပေါက်လင်္ကာ

၁ - နည်းစုံပွားကြ၊ မဂ်ဗီဇ၊ တည်ကြရမည်သာ။
၂ - မဂ်ဗီဇနှား၊ နှောင်ဘုရား၊ ထင်ရှားတွေ့နိုင်ပါ။
၃ - အဓိသီလ၊ မဂ်ဗီဇ၊ နေ့ည စိုက်ပျိုးပါ။
၄ - မဂ်ဗီဇထောက်၊ ငရဲရောက်၊ လွတ်မြောက်လွယ်ကူပါ။
၅ - ပျင်းရိရှစ်ပါး၊ နည်းစုံပွား၊ ကြိုးစားကြလေပါ။
၆ - အဓိစိတ္တ၊ မဂ်ဗီဇ၊ နေ့ည စိုက်ပျိုးပါ။
၇ - အဓိပညာ၊ မဂ်ဗီဇာ၊ လေ့လာ စိုက်ပျိုးပါ။
၈ - ယုံကြည်လေးစား၊ ဉာဏ်ရှေ့သွား၊ ကြိုးစားနည်းစုံသာ။
၉ - ကာယဂတာသတိ၊ လမ်းစဉ်ငြိ၊ မည်ရှိပဋ္ဌာန်းသာ။

ယခင် အဋ္ဌကထာ၏ အနက်

(၁) ရတ္တိဋ္ဌာနေဝါ၊ ညဉ့်သန့်ရာအရပ်၌၎င်း။ ဒိဝါဋ္ဌာနေဝါ၊ နေ့သန့်ရာအရပ်၌၎င်း။ နိသိန္နေန၊ နေထိုင်လျက်။ ဒွတ္တိံသာကာရံ၊ ဆံပင်, မွေးညင်း, ခြေသည်းလက်သည်း, သွား, အရေထူ, အရေပါး စသော အားဖြင့် ၃၂ ပါးသောအခြင်းအရာရှိသော ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို။ သဇ္ဈာယိတွာ၊ နှုတ်ဖြင့် တတွတ်တွတ် ပွားရွတ်သရဇ္ဈာယ်သည်ဖြစ်၍။ အတ္တဘာဝေ၊

သုံးဆယ့်နှစ်ဝ ကောဋ္ဌာသဖြစ်သော။ အတ္တဘာဝေ၊ ကိုယ်အစုအဝေး၌။ ခယ ဝယံ၊ ကောဋ္ဌာသအားလုံးတို့၏ ကုန်ဆုံးပျက်စီးခြင်းကို။ ပဋ္ဌပေတွာ၊ ဝိပဿနာအစဉ် စိတ်၌ထင်လျက် တွေ့မြင်ခြင်း ဖြစ်စေလျက်။ သာယနေ၊ ညချမ်းချိန်ခါ၌။ ဥဋ္ဌာယ၊ ထ၍။ သမ္မဇ္ဇိတုံ၊ တံမြက်လှဲခြင်းငှာ။ ဝဋ္ဋတိ၊ သင့်မြတ်လှပေတော့၏။

(၂) သောထေရော၊ ထို သမ္မဇ္ဇနမထေရ်သည်။ ထေရဿ၊ အရှင်ရေဝတ မထေရ်မြတ်၏။ သြဝါဒေ၊ ဒွတ္တိံသကမ္မဋ္ဌာန်းကို ပွားများ စီးဖြန်းမှ ရဟန်း တရား အားထုတ်သည်မည်ကြောင်း အဆုံးအမကောင်း၌။ ဌတွာ၊ မယိုင် မလည် ခိုင်မြဲစွာတည်လျက်။ နစိရဿေဝ၊ ကာလအခွင့် မကြာမြင့်မီ ပင်လျှင်။ အရဟတ္တံ၊ တထောင့်ငါးရာ ကိလေကွာသည့် ရဟန္တာအဖြစ်သို့။ ပါပုဏိ၊ ပေါက်ရောက်ရလေတော့သတည်း။

ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်း ပုံစံ

ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊
မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ၊
ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖာသံ၊
အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မုတ္တလုင်္ဂံ၊
ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ၊
အဿု၊ ဝသာ၊ ခေဠော၊ သိင်္ဃာဏိကာ၊ လသိကာ၊ မုတ္တန္တိ။

၃၂ · ကောဋ္ဌာသ အနက်

ကေသာ၊ ဆံပင်။ လောမာ၊ အမွေး။ နခါ၊ ခြေသည်း လက်သည်း။ ဒန္တာ၊ သွား။ တစော၊ အရေထူ အရေပါး။ မံသံ၊ အသား။ နှာရု၊ အကြော။ အဋ္ဌိ၊ အရိုး။ အဋ္ဌိမိဉ္ဇံ၊ ရိုးတွင်းခြင်ဆီ။ ဝက္ကံ၊ အညို့။ ဟဒယံ၊ နှလုံး။ ယကနံ၊ အသည်း။ ကိလောမကံ၊ အမြှေး။ ပိဟကံ၊ အဖျင်း။ ပပ္ဖာသံ၊ အဆုတ်။ အန္တံ၊ အူမ။ အန္တဂုဏံ၊ အူသိမ်။ ဥဒရိယံ၊ အစာသစ်။ ကရီသံ၊ အစာဟောင်း။ မတ္တလုင်္ဂံ၊ ဦးနှောက်။ ပိတ္တံ၊ သည်းခြေ။ သေမှံ၊ သလိပ်။ ပုဗ္ဗော၊ ပြည်။ လောဟိတံ၊ သွေး။ သေဒေါ၊ ချွေး။ မေဒေါ၊ အဆီခဲ။ အဿု၊ မျက်ရည်။ ဝသာ၊ ဆီကြည်။ ခေဠော၊ တံထွေး။ သိင်္ဃာဏိကာ၊ နှပ်။ လသိကာ၊ အစေး။ မုတ္တံ၊ ကျင်ငယ်။ ဣတိ – ဤကား ၃၂ · ကောဋ္ဌာသတည်း။

No 21

၃၂ · ကောဠာသ အဓိပ္ပါယ်ဖွင့် အနက်

ဣမသ္မိံ ကာယေ၊ တွင်းပဝန်းကျင် မစင်ပြည့်မှမ်း အရေလွှမ်းထ ဤကာယ၌။ ကေသာ၊ အဆင်းမည်းဖြူ ချိန်တူသဏ္ဌာန် ချက်ဌာန်ဥပရိ ဦးမှာ ရှိသား ဒွ ပရိဋ္ဌော နှစ်ကုဋေငါးသန်း ဂဏန်းများဖြင့် ဆံပင်အစုတို့သည်။ အတ္ထိ— သံဝိဇ္ဇန္တိ၊ ရှိချေကုန်၏။

လောမာ၊ စဉ်းငယ်မည်းနက် ထန်းမြစ်သက်သို့ အောက်ထက်ကိုယ်ရေ အနှံ့နေသော ထွက်ရေကိုးသောင်း ကိုးထောင်ပေါင်းဟု အမွေးအစုတို့သည်။ အတ္ထိ၊ ရှိချေကုန်၏။

နခါ၊ ဖြူရောင်အဆင်း ငါးကြင်းကြေးနှယ် နှစ်ဆယ်သောလက်သည်း ခြေသည်းတို့သည်။အတ္ထိ—သံဝိဇ္ဇန္တိ၊ ရှိချေကုန်၏။

ဒန္တာ၊ အလယ်လေးစုံ ဗူးစေ့ပုံသို့ ပန်းငုံထို့ပြင် ယာဉ်မှာထောက်ခွ ဒွေးတြဖျားမြစ် လေးမြစ်လေးဖျား နှစ်ပါးစီပေါင်း နှစ်ချောင်းစွန်းကယ် သုံးဆယ်သောသွားအစုတို့သည်။ အတ္ထိ၊ ရှိချေကုန်၏။

တစော၊ ကိုယ်လုံးပတ်ခြုံ ကိုယ်ပုံတန်တူ အဆင်းဖြူသော အရေထူအစုသည်။ အတ္ထိ၊ ရှိချေ၏။

မံသံ၊ အဆင်းနီရင့် ကသစ်ပွင့်ဟန် သဏ္ဌာန် ထွေလာ ကိုးရာသော သားတစ်သည်။ အတ္ထိ၊ ရှိချေ၏။

နှာရူ၊ အဆင်းဖြူစွာ လည်ဂိဝါမှ ဝဲ-ယာရှေ့နောက် ရှေ့နောက် ခြေလက် ငါးစီသက်၍ ထွယ်ခက်ရစ်ရုံ ခတ္တာငုံလို ကိုယ်ကိုဆောင်ကွယ်၊ ခြောက်ဆယ်ကြောမ စသည်များစွာ ကွန်ရက်ဖြာသို့ ကိုးရာသောအကြော သည်။ အတ္ထိ၊ ရှိချေ၏။

အဋ္ဌိ၊ အဆင်းဖြူစွာ နှာနှလုံးဦး နဖူးတပါး မျက်နားမေးရိုး ညှပ်ရိုး ပခုံး လက်ရိုး ပေါင်ခါး ဒူး အား ခြေနောက် ရောက်သည် နှစ်ချက် ဖမျက်မြင်းခေါင်း မောင်းဖျားလေးမည် လည်ခုနစ်ရိုး ခေါင်းခွ ကိုးတည်း ရင်ရိုး စုဒွှသ် ဌာရသ်ကျောက်မှန် နံနစ်ဆယ့်လေး ခြောက်ဆယ့်လေးထွေ လက်ခြေရိုးနု သုံးရာသော အရိုးစုသည်။ အတ္ထိ၊ ရှိချေ၏။

အင်္ဂမိဋ္ဌံ၊ ဖြူရောင် အဆင်း ငါးဆစ်တင်း၌ မီးသင်းပျောင်းညံ့ ကြိမ်ညွန့်တူပြီ ခြင်ဆီအစုသည်။ အတ္ထိ၊ ရှိချေ၏။

ဝက္ကံ၊ ကသစ်စေ့နှယ် စဉ်းငယ်နီမျှ တန္တတည္ဘ နှစ်ဖြာသရက် လည်မှတက်သည့် အချက်နှစ်ခု ကြောဖွဲ့ပြုလျက် ဝတ္ထုပတ်လည် ရံ၍ တည်သော အညှိနှစ်ခုသည်။ အတ္ထိ၊ ရှိချေ၏။

ဟဒယံ၊ ဆင်းရွက်ပဒုံ ကျောပြင်ပုံတည့် ကြာငုံအောက်ရှု ဉာဏ်ရှိ သူ့ဝယ် စဉ်းငယ်ပွင့်တုံ စုပုံမန္ဒ အပသန့်ရှင်း တွင်းသပွတ်အူ နှစ်ဆူဇာတ်မှီ နီသည်ရာဂ ဒေါသမည်းငြား သားဆေးရည်မောဟ တက္ကပဲရည် ဝါသည် သဒ္ဓါ ပညာပြိုးပြက် ဇောတမြက်သွင် ဖြူစင်လွန်ကဲ လက်ဆွံ့ခွဲမျှ လောတိတသည် ပုန္နာဂဋ္ဌိ တွင်းမှာရှိလတ် သားမြတ်လယ်ဗွေ ရပ်မှာ နေသော၊ နှလုံးသားသည်။ အတ္ထိ၊ ရှိ၏။

ယကနံ၊ ကုမုဒြာ ကြာမျပ်ကျောက်နှယ် စဉ်းငယ်နီလျက် ကသစ်ရွက် သဏ္ဌာန် ဉာဏ်မဲ့ကြီး ကြီး တခုတည်းသာ ပညာရှိဝယ် နှလုံးငယ်လတ် ထနဗ္ဘန္တရေ ညာမှာနေသော အသည်းသည်။ အတ္ထိ၊ ရှိ၏။

ကိလောမကံ၊ ဆင်းဘွဲ့ဖြူသို့ နှလုံးညို့ကို ဖုံးဆို့ကန့်နေ အရေ အသား အကြားမှာတည် နှစ်မည်သော ပဋိစ္ဆန္န အမြှေးသည်။ အတ္ထိ၊ ရှိ၏။

ပိဟကံ၊ ကြောင်ပန်းပွင့်သွင် ညိုရောင်ထင်သော သတ္တဂုံလာ နွားလျှာပုံတူ ဝတ္ထုဝဲဘက် သရက်ရွက်ဝမ်းလျာ ဘေးသညာတွင်သော အဖျင်းအစုသည်။ အတ္ထိ၊ ရှိ၏။

ပပ္ဖာသံ၊ ယွန်းမည့်သဖန်း နီမြန်းဆင်းဟန် သဏ္ဌာန်စုပ်ပဲ့ မှုံ့ရှက် ကဲ့နှုန်း သည်းနှလုံးကို အုပ်ဖုံးတွဲရရဲ အစာနဲက ထန်သဲတေဇာ ပူလောင် လာ၍ ဩဇာမကပ် နွားဝါးဖတ်နှယ် သုံးဆယ်နှင့်နှစ် သားတစ်ဟူသော အဆုတ်အစုသည်။ အတ္ထိ၊ ရှိ၏။

အန္တံ၊ ယောကျာ်းဒွတ္တိ မိန်းမဋ္ဌဝိ အတောင်ရှည်သား ဖြူသည် အဆင်း ကတေအင်းသို့ သွေးကျင်းမှာခွေ ခေါင်းပြတ်မြွေလို လည်မျိုဝစ္စ ပဒေသဝယ် နှစ်ဆယ်တတွန့် လိပ်တွန့်ရစ်နေသော အူမခွေအစုသည်။ အတ္ထိ၊ ရှိ၏။

အန္တဂုဏ်၊ ကြာသိမ်မြစ်ဟန် ဆင်းသဏ္ဌာန်နေ အူမခွေကို နေရာတကျ မလျှောရအောင် ဖွဲ့နှောင်လျှိုထိုး ခြေသုတ်ကြိုးဝယ် ကြိုးငယ်အလား အူကြားမှာတည်သော အူသိမ်အူနုသည်။ အတ္ထိ၊ ရှိ၏။

ဥဒရိယံ၊ စားသည့်အစာ သွင်လျှာရူပ အူမထက်ဖျား ဆန်ထုပ်လားသို့ ပ,ကားသန့်ရှင်း တွင်း,ပိန္နဲခွံ ရွံဘွယ်ဘိခြင်း တစိတွင်းနှယ် သုံးဆယ်နှစ်မျိုး ပိုးတို့နေရာ အူထုံးမှာဝယ် လျှာရှည်တံထွေး သွားမြေးအာစေး ထိုထိုချေးကို သိမ်းထွေးပေါင်းစု ထောင်းထုဝါးချေ မျိုလေဆင်းသက် ခါတ်မီးချွတ်၍ ပရပ္ပွတ်အူ ကျိုက်ကျိုက်ဆူပွ အမြှုပ်ထကာ ပိုးစာလောင်မီး ကျင်ကြီးကျင်ငယ် တသွယ်သွေးသား ငါးပါးတွဲလျက် ခွေးစားခွက်ဝယ် ထွေးဟက်စွန့်လတ် ခွေးအန်ဖတ်အတူ အစာသစ်အစုသည်။ အတ္ထိ၊ ရှိ၏။

ကရိသံ၊ ယေဘုယျအား အစာလားတည့် အလျားရှစ်သစ် ဝါးကျည်ဆစ်သို့ ချက်မြစ်ကျောက်ကုန်း အူအဆုံး၌ သုံးစားသမျှ မွမွကြေညက် ဦးခေါင်းသက်၍ လျှောလျက်စုနေ ဖြော့တော့သော မြေညက်အတု အစာဟောင်းအစုသည်။အတ္ထိ၊ ရှိ၏။

မတ္ထလုင်္ဂ၊ ဦးခေါင်းထဲချောင် မှိုခဲလှောင်သို့ ဆင်းရောင်ဖြူစွာ ဦးချာလေးဆက် လေးပုံဝက်တည်း မွံညက်စိုင်အထု ဦးနှောက်အစုသည်။ အတ္ထိ၊ ရှိ၏။

ပိတ္တံ၊ ဆုတ်နှလုံးကြား အသဲနား၌ ထွားထွားကြီးကြီး သပွတ်သီးနှယ် အအိမ်ဝယ်တည်း မည်စည်ဆီကဲ့ အိမ်ဖွဲ့သည်းခြေ စိုလေရာရာ ရေမှာဆီဆမ်း ပမာလွှမ်းသား ညှိုးနွမ်းပျဉ်းပွင့် ကစော့ပွင့်တောင်ကြာ ပန်းဆင်းဝါတို့ အိမ်မှာမနေ နှစ်ပါးသော ဗဒ္ဓါ,ဗဒ္ဓ သည်းခြေသည်။ အတ္ထိ၊ ရှိ၏။

သလေမှ၊ ဝက်ချေးတနဲ ပြစ်ခဲ့ရှက်ရည် ပုံပမည်သို့ ဖြူသည် အဆင်းအခွက်ခင်းမျှ ခွဲတွင်းစာထက် စာနံ့သက်ကို ဆို့လျက် ဖုံးပိတ်သော သလိပ်အစုသည်။ အတ္ထိ ၊ရှိ၏။

ပုဗ္ဗော၊ ဆူးငြောင့်ခလုပ် အိုင်းမန်းထုတ်၍ သွေးပုပ်စုပျော် ရှက်ရော်အဆင်း သူသေယွှင်းမူ ထမင်းချိုးရောင် ပုပ်ဟောင်နံညှီသော ပြည်အစုသည်။ အတ္ထိ၊ ရှိ၏။

လောဟိတံ၊ ချိပ်ရည်ကြံစ်သင်း တောက်ခင်းမျှ ရင်တွင်းဆုတ်ညို့ နှလုံးတို့ထက် တစေက်စက်ကျ ယကနုအောက်နေ ဤလေးတွေကို စိုစေလျက် စုဝေးသော သွေးကျဲသော ချိပ်ရည် ပပည်ပိုက်ကျိုး ကိုယ်လုံး နှံ့ရောက် အကြောလျှောက်သောသွေး အားဖြင့် နှစ်ပါးသော သန္တီစိတ, သံသရဏ သွေးသည်။ အတ္တိ၊ ရှိ၏။

သေဒေါ၊ ခေတ်ဒီပရိ ပူမညို၍ နှမ်းဆီအဆင်း ဆံမွေးတွင်းမှ သက်ဆင်းယိုကျသောချွေးသည်။ အတ္တိ၊ ရှိ၏။

မေဒေါ၊ ထက်ခြင်းခွဲသည့် နနွင်းခဲအဘူ ဆူသောသူအား ရေသားကြား၌ ကြုံသူအားမှာ ဆူရာရာမှိုသော အဆီခဲအစုသည်။ အတ္တိ၊ ရှိ၏။

အဿု၊ မီးခိုးမြူဝင် ရယ်ရွှင်ငိုကြွေး စပ်ပူရေးကြောင့် ချွေးသို့ အဆင်း မျက်စိကွင်းမှ သက်ဆင်း ယိုကျသော မျက်ရည်သည်။ အတ္တိ၊ ရှိ၏။

ဝသာ၊ သဘောမတူ ရှိန်ပူလျှာဆင်း နှိပ်စက်ခြင်းကြောင့် အဆင်းအုံးဆီ ရေပေါ်ဆီသဏ္ဍာန် ပြန်ဟန်မသွေ လက်ခြေနှာစွန်း ပခုံးစွန်းမှို ခြင်ဆီအစုသည်။ အတ္တိ၊ရှိ၏။

ခေဠော၊ ချဉ်ငန်စပ်ခါး မြင်စားကြံမိ စိုးစိစက်ဆုပ် နှလုံးလှုပ်၍ ရေမြှုပ်မယှဉ်း ပါးမှဆင်းလျက် လျှာရင်းပြစ်ခွဲ လျှာဖျားကဲ့သည် လျှာ၌တည်သောတံထွေးသည်။ အတ္တိ၊ ရှိ၏။

သိင်္ဃာဏိကာ၊ ငိုယိုသောက်စား ခေတ် ချောက်ချား၍ ဘောက်ထားသိမ်းအုပ် ကြာရွက်ထုပ်မှ နို့မေးကျသို့ နုလှထန်းဆံ ဆင်းဟန်မဟုတ် သလိပ်ပုပ်အဖြစ် စင်စစ်ဖြစ်မြောက် ဦးကျောက်ရည်လျှဉ်း ဦးခေါင်းတွင်းမှ သက်ဆင်းအာစောက် အထက် ပေါက်ဖြင့် လျှောလျှောက်နှာပု တည်ယိုစုသော နှပ်အစုသည်။ အတ္တိ၊ ရှိ၏။

လသိကာ၊ မဟာလှေကား စေးလားသဖွယ် ရာရှစ်ဆယ်ဆက် အရိုးဆက်၌ ဆွတ်လျက်တည် ပြစ်ချွဲသော အစေးပုပ်သည်။ အတ္တိ၊ ရှိ၏။

မုတ္တံ၊ ပဲပြာရည်ဆင်း ဆီစတွင်း၌ သက်ဆင်း ကိုယ်မှ မရ ဝင်ပေါက်ထွက်ပေါက်သာထင် စိမ့်၍ဝင်သော ကျင်ငယ်အစုသည်။ အတ္တိ၊ရှိ၏။

၂ · သက္ကာယဝယ်၊ ဒိဋ္ဌိတွယ်၊ ဖြတ်ပယ်လုပ်ငန်းရှာ

'ခန္ဓာငါးဖြာ၊ သက္ကာယာ၌၊ ငါငါစွဲငြိ၊ မှားဒိဋ္ဌိကြောင့်၊ ယူရှိဥဇ္ဇ၊ သဿတေနှင့်၊ ပြုလေသမျှ၊ သခ်ါရတို့၊ သုံးဝဋကေန်၊ ဖြစ်သည့်မှန်၏၊ နှစ်တန်မူလာ၊ အဝိဇ္ဇာနှင့်၊ တဏှာ နှစ်ပါး၊ စိုးအုပ်ထား၍၊ ဒုမှားမိစ္ဆာ၊ ကျင့်တတ်ပါ၏၊ သစ္စာ့ရှုပြန်၊ သမုဒယ်နှင့်၊ ဒုက္ခ ံဖိစီးဆယ့်တမီးတို့၊ လောင်ပြီးရင်းလောင်၊ တောဘ်ထောင်မှ၊ လွတ်အောင်ကြိုးစား၊ မြတ်သူများ၌၊ နှစ်ပါးသစ္စာ၊ မနီးပါ၍၊ သမ္မာ ပဋိပတ်၊ အကျင့်မြတ်ကြောင့်၊ မပြတ်စရဏ၊ ဝိဇ္ဇာရ၍၊ သုံးဝသိက္ခာ၊ ပြည့်စုံပါပြီး၊ တည်လာသမထ၊ ဝိပဿနာဉာဏ်တို့၊ ကေန်ရှိပေ၊ ငါးခန္ဓေ၌၊ တည်နေဒိဋ္ဌိ၊ ဖြတ်ပယ်ရှိသည်၊ မြင်သိပညာ ကြိုးစားတည်း……..။

(ဆောင်ပုဒ်လင်္ကာ)

သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဒယှမာနောဝ မတ္ထကေ

သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။

(သဂါထာဝဂ္ဂသံယုတ်ပါဠိတော်)

အနက် — ဘိက္ခဝေ၊သက္ကာယ အပေါ်ဝယ် နှစ်ဆယ်သော ဒိဋ္ဌိတရားကင်းကွာလိုငြား အို ချစ်သားအပေါင်းတို့။ သတ္တိယာ၊အသွားနှစ်ဘက် ချွန်ထက်လှသော အောင်းလှံမ ခက်ရင်းခွကြီးဖြင့်။ ဩမဋ္ဌောဝိယ၊ ရင်ဝတည့်တည့် အသဲ နှလုံး ကြား၌ စူးစိုက်၍ နေသော သူကဲ့သို့ရင်း။မတ္ထကေ၊ ဦးခေါင်းထက်၌။ဒယှမာနောဝ၊ မီးကြိုးလောင်မီး ကျသောသူကဲ့သို့ရင်း။သက္ကာယဒိဋ္ဌိံ၊ သက္ကာယခေါ်ငြား အမြင်မှားအယူမှားသော နှစ်ဆယ်သော ဒိဋ္ဌိတရားကြီးတို့ကို။ပဟာနာယ၊ ပယ်စွန့်ပစ်ခြေခြင်းငှာ။ သတော၊ မဟာသတိပဋ္ဌာန်မဂ္ဂင်ရှစ်ပါး ကမ္မဋ္ဌာန်းတရားပွားများလျက် မမေ့မလျော့မပေါ့ပါဘဲ မြဲသောသတိရှိသည်ဖြစ်၍။ ဘိက္ခု၊ သံသရာ ဘေးကို တွေး၍ ကြောက်တတ်သော ရဟန်းမြတ်သည်။ ပရိဗ္ဗဇေ၊ ကာယာ နုပဿနာ သတိပဋ္ဌာန် တရားမပြတ်ပွားလျက် ကြိုးစား အားထုတ်ရာ သတည်း။

ဤဒေသနာအရ ခန္ဓာငါး၀ သက္ကာယ၌ ငါဒိဋ္ဌိတွယ်မိပုံ နှင့် သမထဝိပဿနာ ဉာဏ်ပညာဖြင့် သက္ကာယဒိဋ္ဌိခေါ်သော ခန္ဓာငါးပါး ရုပ်နာမ်တရား၌ အမြင်မှား အယူမှားပုံ ခွာပုံ စသော ဟောနည်း ပြကွက်ဇာတ်

လမ်းများ ပုဏ္ဏားတဦး လစဉ် တထောင်လှူခြင်း ပုဏ္ဏားတဦးက သတ္တဝါ ကောင်သတ်၍ ယဇ်ပူဇော်ခြင်း စသော ကြွေးထုတ်ဆောင်လေ...။

အဝိဇ္ဇာ တဏှာ ကံ

နယိဒံ အတ္တကတံ ဗိမ္ဗံ၊
နယိဒံ ပရကတံ အဃံ။
ဟေတုံ ပဋိစ္စ သမ္ဘူတံ၊
ဟေတုဘင်္ဂါ နိရုဇ္ဈတိ။

[သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်]

အနက် — ဣဒံဗိမ္ဗံ၊ ဖို့ မ ပုဂ္ဂိုလ် ထင်တိုင်းဆိုနေကြသော ဤခန္ဓာကိုယ်ကြီးကို။ နအတ္တကတံ၊ မိမိကြိုးစား ပြုလုပ်ထားသဖြင့် ထင်ရှားဖြစ်ပေါ်လာအပ်သည် မဟုတ်ပါပေ။ အဃံ၊ ဆင်းရဲခြင်း အစားစား ပင်ပန်းခြင်းတရားတို့၏ တည်နားစုဝေးရာဖြစ်သော။ ဣဒံဗိမ္ဗံ၊ သူလားငါလား အထင်မှားအောင် လှည့်စားတတ်ပါ ဤခန္ဓာကိုယ်ကြီးကို။ န ပရကတံ၊ ဗြဟ္မာသိကြားထာဝရဘုရားနှင့် တပါးသူတို့ ဖန်ဆင်း ပြုလုပ်ထားအပ်သည်လည်း မဟုတ်ပါပေ။ ဟေတုံ၊ အဝိဇ္ဇာ တဏှာ ကံ အာဟာရ စသော သဘာဝအကြောင်းကို။ ပဋိစ္စ၊ အမှီသဟဲ ဟောင်းသစ်လဲကာ အမြဲစွဲပြု၍။ သမ္ဘူတံ၊ တသံသရာအတွက် ဟောင်းသစ်ဆက်ပြီး ပေါ်ထွက် ဖြစ်ပွားနေတော့လေ၏။

ဣဒံဗိမ္ဗံ၊ ခန္ဓာငါးဝ ရုပ်နာမ်မျှသော ဤအတ္တဘောကြီးသည်။ ဟေတုဘင်္ဂါ၊ အဝိဇ္ဇာနှင့် တဏှာရှေ့သွား ကံတရားတို့ ပျက်ပြား ဆုတ်ယုတ်လေခြင်းကြောင့်။ နိရုဇ္ဈတိ၊ ခန္ဓာနာမ်ရုပ် သဘောပုတ်အောင် ငြိမ်းချုပ်ပျောက်ကွယ်ရလေတော့သတည်း။

ဤဒေသနာအရ အရှင် သာရိပုတ္တရာ မထေရ်သည် ဘုရား ထံမှောက်သို့ ပုဏ္ဏားနှစ်ယောက်အား ပို့ဆောင်ပြီးလျှင် သက္ကာယဒိဋ္ဌိ မခွာဘဲလျက် စွန့်လွှတ် လှူဒါန်းသော်လည်း တန်ဘိုးမရှိပုံ ပြသော ဂါထာဖြစ်သည်။

မာသေ မာသေ သဟဿေန၊
ယော ယာဇေထ သတံ သမံ။
ဧကဉ္စ ဘာဝိတတ္တာနံ၊
မုဟုတ္တမပိ ပူဇယေ။

သာယေဝ ပူဇနာ သေယျော၊
ယဉ္စေ ဝဿသတံ ဟုတံ။

အနက် — ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ မာသေ မာသေ၊ လတိုင်း လဘိုင်း (လစဉ်တိုင်း)။ သဟဿေန၊ တထောင်သော ဥစ္စာအသပြာကို စွန့်သဖြင့်။ သတံသမံ၊ အနှစ်တရာ ရှည်ကြာသမျှကာလပတ်လုံး။ ယာဇေထ၊ မိစ္ဆာဒိဋ္ဌိ အယူရှိသည့် တက္ကတွန်းတို့အား ပေးလှူ ပူဇော်ရာ၏။

ယောပုဂ္ဂလော၊ သာသနာသုံးအင် လုပ်ငန်းဝင်သည့် အကြင်ပုဂ္ဂိုလ်သည်ကား။ ဘာဝိတတ္တာနံ၊ သိက္ခာသုံးဖြာ ဝိပဿနာဖြင့် မျှားစွာပွားအပ်သော ရဟန်းတို့အား။ ဧကံ၊ တကြိမ်တခါလောက်သာ။ မုဟုတ္တမပိ၊ တခဏမျှ သော်လည်း။ ပူဇယေ၊ ပူဇော်လိုက်ရာ၏။

တေသံ၊ ထို ပူဇော်ကြကုန်သော ပုဂ္ဂိုလ်နှစ်ဦးတို့၏။ ပူဇနာသု၊ ပူဇော်ခြင်းတို့တွင်။ သာယေဝပူဇနာ၊ သိက္ခာသုံးပါး အစဉ်ထား၍ မျှားပွားအပ်သောစိတ် ရှိကြကုန်သော ရဟန်းတို့ကို တခဏမျှ ပူဇော်ခြင်းသည်သာလျှင်။ သေယျော၊ လူဖြစ်ကျိုးနပ် ပရမတ်မို့ အမြတ်ကြီး မြတ်လှပေ၏။

ဝဿသတံ၊ ကြာမြင့်ရှည်စွာ အနှစ်တရာပတ်လုံး။ ဟုတံ၊ မိစ္ဆာဒိဋ္ဌိ အယူရှိသည့် တက္ကတွန်းတို့အား ပူဇော်ခြင်းသည်။ ယဉ္စေနသေယျော၊ အလှူခံ ညံ့ဖျင်း ပေးလှူရခြင်းကြောင့် မမြတ်ခြင်းသာ ဖြစ်ရတော့၏။

သံပေါက်လင်္ကာ

၁ - အဝိဇ္ဇာတဏှာကံ၊ စသည်ဖန်၊ ငါးတန်ခန္ဓာ ဖြစ်ပေါ်လာ။
၂ - ခန္ဓာပွားစီး၊ ဆဲ့တမီး၊ ထိန်ငြီးလောင်နေပါ။
၃ - ခန္ဓာငါးဝ၊ သက္ကာယ၊ ငါက ဒိဋ္ဌိပါ။
၄ - သက္ကာယဝယ်၊ ဒိဋ္ဌိတွယ်၊ နှစ်ဆယ်မှတ်လေပါ။
၅ - ဥစ္ဆေဒငါး၊ တဆယ့်ငါး၊ မှတ်သားသဿတာ။
၆ - ဥစ္ဆေဒခို၊ အကုသိုလ်၊ ထိုထိုမကြောက်ပါ။
၇ - သဿတငြိ၊ ပုညာဘိ၊ ပြု၏အာနည္ဓာ။
၈ - အဝိဇ္ဇာချုပ်၊ တဏှာအုပ်၊ အလုပ်မိစ္ဆာ ပဋိပဒါ။
၉ - သက္ကာယဝယ်၊ ဒိဋ္ဌိတွယ်၊ ဖြတ်ပယ် မြန်မြန်သာ။
၁၀ - သမထဝိပဿ်၊ စွယ်စုံတတ်၊ ပွားအပ်အခါခါ။

၁၁ - အဓိသုံးပါး၊ သိက္ခာများ၊ တည်နားရောက်လာပါ။
၁၂ - စရဏပြည့်၊ ဝိဇ္ဇာရှိ၊ မြင်သိသမ္မာ ပဋိပဒါ။

ရှုပွားပုံမှာ —

ပလိဗောဓဋ္ဌော - ကြောင့်ကြ
သံယောဂဋ္ဌော - ခင်မင်တွယ်တာ
နိဒါနဋ္ဌော - သိမ်းဆည်းခြင်း
အာယူဟနဋ္ဌော - ရှာမှီးလေ့လာ
ဤကား — သမုဒယသစ္စံ ပဟာတဗ္ဗံ တည်း။

ဝိပရိဏာမဋ္ဌော - ဖရိုဖရဲ
သန္တာပဋ္ဌော - တောက်လောင်မှု
သင်္ခတဋ္ဌော - ပြုပြင်စီရင်
ပီဠနဋ္ဌော - နှိပ်စက်ညှင်းပန်း
ဤကား— ဒုက္ခသစ္စံ ပရိညေယျံ တည်း။

အဓိပတေယျဋ္ဌော - မပြိုမကွဲ
ဒဿနဋ္ဌော - သစ္စာလေးပါးမြင်
ဟေတွဋ္ဌော - တိတ်ကောင်းအကြောင်းကံ
နိယျာနဋ္ဌော - ထုတ်ဆောင်လမ်းပြ
ဤကား — မဂ္ဂသစ္စံ ဘာဝေတဗ္ဗံ တည်း။

အမတဋ္ဌော - အသေကင်း
အသင်္ခတဋ္ဌော - ပြုပြင်ကင်း
ဝိဝေကဋ္ဌော - ကိလေသာဆိတ်ခြင်း
နိဿရဏဋ္ဌော - ကျွတ်လွတ်ထွက်မြောက်မှု
ဤကား- နိရောဓသစ္စံ သစ္ဆိကာတဗ္ဗံ တည်း။

မိစ္ဆာ ပဋိပဒါ— အဝိဇ္ဇာ၊ တဏှာ၊ အာနဉ္ဇာဘိ၊ ပုညာဘိ၊ အပုညာဘိ၊ သဿတ၊ ဥစ္ဆေဒ။

သမ္မာပဋိပဒါ— စရဏ၊ ဝိဇ္ဇာ၊ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ၊ သမထဝိပဿနာ။

မီး ၁၁ ပါး— ဒေါမနဿ၊ ဥပါယာသ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဇာတိ၊ ဇရာ၊ မရဏ၊ ရာဂ၊ ဒေါသ၊ မောဟ။

ရူပက္ခန္ဓာ— ရုပ်၌ ငါ ရှိတယ်၊ ငါ၌ ရုပ်ရှိတယ်၊ ငါကို ရုပ်ဆိုတယ်၊ ရုပ်ကို ငါဆိုတယ်၊ အမြဲမရှိ၊ ဆင်းရဲ၏၊ အစိုးမရ၊ အနှစ်သာရ မရှိ။

ဝေဒနက္ခန္ဓာ— ခံစားမှု၌ ငါ ရှိတယ်၊ ငါ၌ ခံစားမှုရှိတယ်၊ ငါကို ခံစားမှုဆိုတယ်၊ ခံစားမှုကို ငါဆိုတယ်၊ အမြဲမရှိ ဆင်းရဲ၏၊ အစိုးမရ၊ အနှစ်သာရ မရှိ။

သညက္ခန္ဓာ— မှတ်သားမှု၌ ငါ ရှိတယ်၊ ငါ၌ မှတ်သားမှုရှိတယ်၊ ငါကို မှတ်သားမှုဆိုတယ်၊ မှတ်သားမှုကို ငါဆိုတယ်၊ အမြဲမရှိ၊ ဆင်းရဲ၏၊ အစိုးမရ၊ အနှစ်သာရ မရှိ။

သင်္ခါရက္ခန္ဓာ— ပြုပြင်မှု၌ ငါ ရှိတယ်၊ ငါ၌ ပြုပြင်မှု ရှိတယ်၊ ငါကို ပြုပြင်မှု ဆိုတယ်၊ ပြုပြင်မှုကို ငါဆိုတယ်၊ အမြဲမရှိ၊ ဆင်းရဲ၏၊ အစိုးမရ၊ အနှစ်သာရ မရှိ။

ဝိညာဏက္ခန္ဓာ— သိမှု၌ ငါရှိတယ်၊ ငါ၌ သိမှုရှိတယ်၊ ငါကို သိမှုဆိုတယ်၊ သိမှုကို ငါဆိုတယ်၊ အမြဲမရှိ၊ ဆင်းရဲ၏၊ အစိုးမရ၊ အနှစ်သာရ မရှိ။

\+ \+ \+

၃ - အကုသိုလ်ရပ်၊ ကြွေးကြီးဆပ်၊ ပယ်ဖြတ်မဂ်နှင့်သာ။
(အကုသိုလ်ရပ်၊ ကြွေးမြီပြတ်၊ ပြန်ဆပ်ကြလေရာ။)
'ဆောင်ပုဒ်လင်္ကာ'

'အဟောင်းအသစ်၊ အကုညစ်တို့၊ ကြွေးဖြစ်တည်နား၊ ရှိနေခြားမှု၊ စဉ်းစားပြီးကာ၊ မကြောက်ပါနှင့်၊ မြတ်စွာဘုရား၊ ဟောညွှန်ထားသည့်၊ တရားဝိဇ္ဇာ၊ ကာယဂတာကို၊ လေ့လာသင်ကြား၊ နည်းစုံပွားက၊ တည်နား ဟောင်းသစ်၊ အကုညစ်ကို၊ ဆပ်ပစ်နိုင်ပေ၊ ကြွေးများကြေ၍၊ ကိလေသာရပ်၊ ဆင့်ဆင့်ဖြတ်ပြီး၊ အမြတ်မဂ်ဖိုလ်၊ ဝင်ရောက်ခိုလှုံ၊ ကြည်ညိုဘွယ်ရာ၊ ရဟန္တာသည်၊ လျင်စွာဖြစ်ရန် ထင်ရှားတည်း။'

ကေသိ ဘိက္ခဝေ ဘာဝိတေ ဗဟုလိကတေ အနုပုဗ္ဗာစေဝ အကုသလာဓမ္မာ နုပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာစ အကုသလာဓမ္မာ ပရိဟာယန္တိ၊ ဘထ မသ္မိ တေဓမ္မေ ကာယဂတာသတိယာ။

(အင်္ဂုတ္တရနိကာယ ကာယဂတာသတိဝဂ်)

အနက်— ဘိက္ခဝေ၊ အဟောင်းအသစ် ကြွေးနှစ်ရစ်ကို ဖြတ်ပါလိုပြား အို· ချစ်သားတို့။ ကေသို၊ န၀ရဏအစု ပယ်ကြဉ်ပြုသည့် တခုသော ကမ္မဋ္ဌာန်းကို၊ ဘာဝိတော၊ ပရိညာငါးရပ် လုပ်ငန်းမြတ်ဖြင့် အထပ်ထပ်ရှုပွား သည်ရှိသော်။ ဗဟုလီကတော၊ ပညာငါးတန် လုပ်ငန်းမှန်ဖြင့် သန့်သန့်ပွားမှု အကြိမ်ကြိမ်ပြုသည်ရှိသော်။ —

အနုပ္ပန္နာစေဝ၊ အသစ်အသစ် အပါယ်နှစ်ဖို့ မဖြစ်သေးကုန်သည်သာလျှင် ရှိသော။ အကုသလာ၊ ဆင်းရဲအမျိုးမျိုး ပွားစီးတိုးအောင် အကျိုးယုတ် အောင် ပေးတတ်ကုန်သော။ ဓမ္မာ၊ ဒုစရိုက်အစားစား မကောင်းမှုတရားတို့ သည်။ နုပ္ပဇ္ဇန္တိ၊ မဖြစ်ပေါ်နိုင်ကြလေကုန်။

ဥပ္ပန္နာစ၊ မသိရှေ့သွား သဘောများကြောင့် ပြုကျင့်မိုက်မှား ဖြစ်ပွား ပြီးသည်လည်းရှိကုန်သော။ အကုသလာ ဓမ္မာ၊ မကောင်းကျိုးကို ပွားတိုး အောင်ပေးတတ်သော အကုသိုလ်တရားတို့သည်။ ပရိဟာယန္တိ။ ကောဋ္ဌာသ အလုပ် ကြိုးစားထုတ်က ဆုတ်ယုတ်နိုင်ကြလေကုန်၏။ ကေဓမ္မေ၊ တခု တည်းသော တရားဟူသည်။ ကတမသ္မိ၊ အဘယ်တရားပါနည်း။

ကာယဂတာ သတိယာ၊ ကောဋ္ဌာသအစဉ် သတိယှဉ်လျက် ဆင်ခြင် အောက်မေ့အပ်သော ကာယဂတာသတိ တရားပါပေတည်း။

မိလက္ခမုဆိုး

သီဟဠဒီပကျွန်း (ယခု သီရိလင်္ကာနိုင်ငံ) ၌ သာသနာတော် ထွန်း တောက်ပစဉ်က ‘မိလက္ခ’ မည်သောမုဆိုးသည် အဟောင်းအသစ် အကုသိုလ် အညစ်အကြေး ကြွေးတင်တည်နားလျက်ရှိကြောင်း သိလေသည်။

ထိုသို့ သိသောခဏ၌ တောရကျောင်းနေ ပုဂ္ဂိုလ်သူမြတ်ထံ ချဉ်းကပ် လျက် တရားတောင်းလေသည်။ တရားတောင်းရာ ယင်းပုဂ္ဂိုလ်အရှင်မြတ်က မိလက္ခမုဆိုးကြီးအား သရဏဂုံ သီလဆောက်တည်စေသည်၊ သီလဆောက် တည်စေပြီးနောက် ‘ကာယဂတာသတိ ကမ္မဋ္ဌာန်း’ အလုပ်ကိုလည်း အား ထုတ်စေလေသည်။

မိလက္ခမုဆိုးသည် ထို အရှင်မထေရ်မြတ်ထံတွင် လူဝတ်ကြောင်နှင့်နှစ်ရက် ခန့် အားထုတ်ပြီး အကျိုးထူးများရသဖြင့် သာမဏေအဖြစ် ဝတ်၍ အား ထုတ်ပြန်၏၊ မကြာမီ ရဟန်းဖြစ်၍ တဖန် ဆက်လက် နေထိုင်၍တရားကို ဆင် ခြင်အားထုတ်ရာ ကိလေသာဖျက်ဖြို အရဟတ္တဖိုလ်သို့ ရောက်သည်။

(ဇာတ်လမ်းအကျယ် ယင်းဝတ္ထုကြည့်ရန်)

No. 22

[မှတ်ချက်။ ။ ယခုခေတ် လူတို့ ကံကြီးငါးပါးမှ လွတ်မြောက်လျှင် ယင်း ကာယဂတာသတိ ကမ္မဋ္ဌာန်း အားထုတ်လေသော် ကိလေသာ ကုန်ခမ်း၍ ရဟန္တာ မဖြစ်ရသော်လည်း အကုသိုလ်ရပ် ကြေးမြိုပြတ်၍ အမြတ်တရား ထင်ရှားစွာ ရနိုင်ကြပါသည်။]

ကာယဂတာသတိ ကမ္မဋ္ဌာန်းပွား၍ အကုသိုလ် အသစ်, အဟောင်း ကင်း လွတ်နိုင်ကြောင်း ဖော်ပြသည့် ဇာတ်လမ်း များစွာရှိသည်၊ အဂ.သိုတ် ကြေးပြတ်ပြီး မဂ်ဖိုလ်ရကြောင်းကို အောက်ပါ ဂါထာအရ သိသာနိုင်၏။

မဂ္ဂဗီဇော အပါယေပိ၊
နိမ္မုဂ္ဂေါ သမယေ ဂတော။
ဥမ္မုဇ္ဇိတွာန ဗုဒ္ဓါနံ၊
မဂ္ဂံ လဘေယျ သန္တိကေ။

(စတုရာရက္ခကျမ်း)

အနက် — မဂ္ဂဗီဇော၊ မဂ်မျိုးစေ့ ရှိသောသူသည်။ အပါယေ၊ အပါယ်လေးသွယ် ငရဲနယ်၌။ နိမ္မုဂ္ဂေါပိ၊ အကုသိုလ်ယုတ် အလစ်သုတ် သဖြင့် နစ်မြုပ်၍ နေရငြားသော်လည်း။ သမယေဂတော၊ မဂ်ဖိုလ်ဗီဇ လှုံ့နှိုးဆွ သဖြင့် မဂ်ရဖိုလ်ရချိန် ရောက်သည်ရှိသော်—

ဥမ္မုဇ္ဇိတွာန၊ ပေါ်၍မချွတ် ကျွတ်လွတ်၍သာလျှင်။ ဝါ - လောကဗျူဟာ နတ်ဒေဝါတို့ ဆင်းကာနှောင့်မွှေ လွတ်မြောက်စေ၍ သာလျှင်။ ဗုဒ္ဓါနံ၊ ပွင့်တော်မူလတံ့သော အရိမေတ္တေယျ စသော ဘုရားရှင်တို့၏။ သန္တိကေ၊ ရှေ့ တော်ဝင်ရောက် ထံတော်မှောက်၌။ မဂ္ဂံ၊ မဂ်အဆင့်ဆင့် ဖိုလ်အဆင့်ဆင့်ကို။ လဘေယျ၊ တည်နား ရယူနိုင်လေ၏။

သံပေါက် လင်္ကာ

၁ - အကုသိုလ်မြွား၊ ပယ်လိုငြား၊ ဆောင်ပွား နည်းစုံသာ။
၂ - သုံးဆယ့်နှစ်ဝ၊ ရှုဖွယ်ပြ၊ ကာယ ခေါ်သည်သာ။
၃ - နည်းစုံလေ့လာ၊ ဆောင်ပွားရာ၊ ဂတာ ခေါ်ရပါ။
၄ - လစ်မှားမရှိ၊ ပွားတိုင်းသိ၊ သတိ ခေါ်သည်သာ။
၅ - အကုသိုလ်ရပ်၊ ကြေးမြိုဆပ်၊ ထပ်ထပ်ပွားပါ ဒွတ္တိသာ။
၆ - **အကုသိုလ်တသက်၊ မဂ်တချက်၊ တိုက်ဖျက်နိုင်ပါ အရိယာ။**

ပဟာနပရိညာ။	ဉာတပရိညာ။	တိရဏပရိညာ။
ကိလေသာပယ်စဉ်	ကာယဂတာသတိ	
လောဘ	ကေသာ လောမာ နခါ ဒန္တာ တစော၊	နာမ၊ အာဒိနဝ
ဒေါသ	မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ	ပစ္စယ၊ နိဗ္ဗိန္ဒာ
မောဟ	ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖါသံ	သမ္မုမုဉ္စိတု
မာန	အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ	ဥဒယ၊ ပဋိသင်္ခါ
ဒိဋ္ဌိ	ပိတ္တံ သလေမှံ ပုဗ္ဗော လော ဟိတံ သေဒေါ မေဒေါ	ဘင်္ဂ - သင်္ခါရု
ဝိစိကိစ္ဆာ	အဿု ဝသာ ခေဠော သိင်္ဃာ ဏိကာ လသိကာ မုတ္တန္တိ	ဘယ၊ အနုလောမ။

၄ · နည်းနည်းပါးပါး၊ အကုများ၊ ရှောင်ရှား ကြောက်ရွံ့ပါ။

(ဆောင်ပုဒ်လင်္ကာ)

'သေးသေးမွှားမွှား၊ ဒုက်များသည်၊ ကြီးပွားဖို့ရေး၊ အား မပေးဟု၊ မလေးမစား၊ မပြုမှားနှင့်၊ ထင်ရှားဥပမာ၊ ပြရပါသော်၊ မိုးရွာသည့်နောက်၊ ဟည်ထား ရောက်သည့်၊ အံ့လောက် ကြီးမား၊ အိုးကြီးများမှ၊ ဖွားဖွား ကျရောက်၊ မိုးရေပေါက်ကြောင့်၊ ပြည့်မောက်လျှံစွာ၊ ရှိ၍ လာသို၊ ယုတ်မာမှုများ၊ ဆင့်ဆင့် ပွားလျှင်၊ ကြီးမားပြည့်မောက်၊ ဆင်းရဲ ရောက်အောင်၊ ရှုံ့ကြောက်စရာ၊ ဆွဲ ဆောင်ပါသည်၊ ပယ်ခွာနှေ့ည ရှောင်ကြတည်း။

မာဝမညေထ ပါပဿ၊
န မန္ဒံ အာဂမိဿတိ။
ဥဒဗိန္ဒု နိပါတေန၊
ဥဒကုမ္ဘောပိ ပူရတိ။ ။
ဗာလော ပူရတိ ပါပဿ၊
ထောကံ ထောကံပိ အာစိနံ။ ။ (ဓမ္မပဒ)

အနက်— မန္ဒံ၊ အနည်းငယ်ပြုအပ်သော အကုသိုလ်ကံသည်။ နအာဂမိဿတိ၊ အကျိုးပေးသောအားဖြင့် မရောက်လာလတံ့။ ဣတိ၊ ဤသို့။ ပါပဿ၊ အကောင်းမှုကို။ မာ၀မညေထ၊ မထေမဲ့မြင် အမှတ်မထင်ရာ။ ဥဒဗိန္ဒုနိပါတေန၊ ရေ တပေါက် တပေါက် ကျခြင်းမျှဖြင့်။ ဥဒကုမ္ဘောပိ၊ ရေအိုးကြီးသည်လည်း။ ပူရတိယထာ၊ အစဉ်ပြည့်သကဲ့သို့။ တထာ၊ ထို့အတူ။ ဗာလော၊ မလိမ္မာသောသူသည်။ ထောကံ ထောကံပိ၊ အနည်းငယ် အနည်းငယ်မျှလည်းဖြစ်သော အကုသိုလ်ကို။ အာစိနံ - အာစိနန္တော၊ ပွားများစေမှု လုံ့လပြုသည်ရှိသော်။ ပါပဿ၊ မကောင်းမှုအား။ ပူရတိ၊ ပြည့်လာရ၏။

သုခံ ယာ၀ ဇရာသီလံ၊
သုခါ သဒ္ဓါ ပတိဋ္ဌိတာ။
သုခေါ ပညာယ ပဋိလာဘော၊
ပါပါနံ အကရဏံ သုခံ။ ။

(ဓမ္မပဒ)

အနက်—သီလံ၊ ဖြူစင်သော သီလအထူးသည်။ ယာ၀ဇရာ၊ ခန္ဓာယိုယွင်းပျက်ပြိုဆင်း၍ အိုမင်းသော ကာလတိုင်အောင်။ သုခံ၊ ချမ်းသာလှပါပေ၏။ သဒ္ဓါ၊ ရတနာသုံးဂုဏ် ကံလေးစုံကို ယုံကြည်အားထား သဒ္ဓါတရားသည်။ ပတိဋ္ဌိတာ၊ မြဲခိုင်တည်တန့်လာသည်ရှိသော်။ သုခါ၊ ချမ်းသာလှပါပေ၏။

ပညာယ၊ ပညာငါးတန် ၀ိဇ္ဇာဉာဏ်တို့ ရှင်သန် ကြီးပွားခြင်းတို့ကို။ ပဋိလာဘော၊ အချိန်ရှိသရွေ့ သတိမမေ့ဘဲ အလေ့ထူးရသည် ရှိသော်။ သုခေါ၊ ချမ်းသာလှပါပေ၏။ ပါပါနံ၊ အကုသိုလ်တရားတို့ကို။ အကရဏံ၊ ပရိညာသုံးပါး လုပ်ငန်းများဖြင့် ပယ်ရှားရှောင်ကွင်း မပြုဘဲနေခြင်းသည်။ သုခံ၊ ချမ်းသာလှပါပေ၏။

သုကရံ သာဓုနာ သာဓုံ၊
သာဓု ပါပေန ဒုက္ကရံ။
ပါပံ ပါပေန သုကရံ၊
ပါပမရိယေဟိ ဒုက္ကရံ။

(ဓမ္မပဒအဋ္ဌကထာ)

အနက်—သာဓုနာ၊ သူတော်ကောင်းသည်။ သာဓုံ၊ ကောင်းသော အမှုကို။ သုကရံ၊ ပြုလွယ်၏။ ပါပေန၊ ယုတ်မာသောသူသည်။ သာဓုံ၊ ကောင်းသော အမှုကို။ ဒုက္ကရံ၊ ပြုခြင်းငှာ ခဲယဉ်းလှပေ၏။ ပါပေန၊ ယုတ်မာသောသူသည်။ ပါပံ၊ မကောင်းသောအမှုကို။ သုကရံ၊ ပြုလွယ်၏။ အရိယေဟိ၊ မြတ်သော သူတော်ကောင်းတို့သည်။ ပါပံ၊ မကောင်းသောအမှုကို။ ဒုက္ကရံ၊ ပြုခြင်းငှာ ခဲယဉ်းလှပေ၏။

အိမ်ထောင်ရှင် နှစ်ဦး

ဤဒေသနာတော်များ အရ အခိပ္ပာယ်မှာ— သာဝတ္ထိ ပြည်တွင် သူဌေး သမီးတယောက် ရှိလေသည်၊ ရုပ်ဆင်းလည်း လှပသည်၊ အရွယ်ရောက်လျှင် သူဌေးသားတဦး ဂုဏ်ရည်တူနှင့် အိမ်ထောင်ပြုကြသည်။

အိမ်ထောင်ရှင် နှစ်ဦးတို့မှာ ကုသိုလ် ကောင်းမှုများ ပြုလုပ်ကြ၏၊ သို့သော် ကုသိုလ်ဒါန ရက်ရောစွာ ပြုကြသော်လည်း ကံသုံးပါး စင်ကြယ်အောင် သီလ ဆောက်တည် ကျင့်သုံးမှု အားနည်းသဖြင့် ကျန်းမာရေး ချို့တဲ့ရရှာသည်။

‘ သီလကံပျက် - နာနိုပ်စက်- အသက်တိုရသည် ’ ဟု ဆိုကြသည့် အတိုင်း ဗုဒ္ဓဒေသနာတော်နှင့် ကြည့်လျှင် ချမ်းသာလေးပါး မရှိသူ ဖြစ်ရလေသည်၊ (ချမ်းသာလေးပါးမှာ— သုခံယာဝ စသော ဂါထာ)၊ ဆိုလိုချက်— သူဌေး သမီးသည် ဒါနကံ လိုလေသေးမရှိ အဘက်ဘက်မှ ပြည့်စုံပါသော်လည်း သမာဓိပဓာနာ အလုပ်ကံ အားနည်းလေသည်၊ ထို့ကြောင့် ကိုယ်ဝန် ရင့်မာ၍ သားဖွားချိန်နီးမှ ရောဂါတိုးပြီး သေမင်းလက်သို့ အပ်လိုက်ရပေသည်။

သူဌေးသမီး အလောင်းကို မီးရှို့ကြရာ သားအိမ် မလောင် ရှိလေ၏၊ သားအိမ် မလောင်သဖြင့် မီးကျီးခဲများအုပ်၍ ထားခဲ့ရလေ၏၊ နံနက်လင်းသောအခါ သွားရောက် ကြည့်ရှုကြရာ လှပတင့်တယ် ရှုချင်ဘွယ်ရှိသော သူငယ်လေး ပြာပုံတွင်း၌ အသက်ရှင်နေသည်ကို တွေ့ကြရလေသည်။

ကျက်ရန်လင်္ကာ

‘နောက်ဆုံးဘဝ၊ နိဗ္ဗာန်ကြွမည့်၊ ဗုဒ္ဓသာဝကာ၊ အလောင်းလျှာ
ကား၊ သေရွာပြောင်းအောင်၊ မြင့်မိုရ်တောင်ဖြင့်၊ ယှူဆောင်
ဖိညှပ်၊ ကြိတ်ချေ သတ်လည်း၊ အမြတ် ပါရမီ၊ ရင့် စုံညီ၍၊ ခိုင်ပြီ

အသက် မကျေပျက်ဘဲ၊ ဖိုလ်မဂ် နိဗ္ဗာန်၊ ရဖို့ရန်ကို၊ ရည်သန်ကြိုးစား၊ ကုသိုလ်များကြောင့်၊ ဖြစ်ပွားအန္တရယ်၊ လွတ်ကြောင်းလွယ်သည်၊ စင်ကြယ်ချမ်းသာ တည်နားတည်း။

သူတော်ကောင်းလျက်

ယင်း သူငယ်လေးကို အဘ, ဆွေမျိုး, ဘိုးဘွားတို့က အိမ်ယူ၍ မွေးမြူထားကြသည်၊ နိမိတ်ဖတ် ဗေဒင်ဆရာတို့နှင့် နှီးနှောကြည့်ကြရာ 'ဤသူငယ်သည် လူ့ဘောင်၌ နေမည်ဆိုပါက ဆွေမျိုးအဆက်ဆက် အစားအနေခက်အောင် မွဲလတံ့၊ ရဟန်းပြုပါက ခီဏာသ၀ ရဟန္တာဖြစ်လာပြီး တပည့်အခြံအရံများစွာဖြင့် ဗုဒ္ဓသာသနာပြု ပုဂ္ဂိုလ်ထူး ဖြစ်မည်' ဟု ဆိုလေသည်။

ထို့ကြောင့် ဘိုးဘွား ဆွေမျိုးတို့က ဤသူငယ် အရွယ်ရောက်အောင် မွေးမြူနေကြ၏၊ သူငယ်၏ဘ၀ သံသရာ ဖြစ်စဉ်ကိုလည်း ပြောပြကြ၏၊ သူငယ်သည် ၇- နှစ်သားအရွယ် ရောက်သော် မဂ်ဖိုလ်မိဇ၏ လှုံ့နိုးဆွမှုကြောင့် သာမဏေ ပြုလိုကြောင်း ဘိုးဘွားတို့အား ခွင့်တောင်းလေသည်။

'သုကရံ သာဓုနာ သာဓုံ' စသော ဂါထာအတိုင်း သူတော်ကောင်းသည် ကောင်းသော အမှုကို ပြုလွယ်ခြင်း၊ စသည့် စကားအရ ဘိုးဘွားနှင့် ဆွေမျိုးများသည် ၎င်းသူငယ်အား အရှင်သာရိပုတ္တရာ မထေရ်ထံသို့ အပ်နှံ၍ ရှင်ပြုကြလေသည်၊ အရှင်သာရိပုတ္တရာသည် ဤသူငယ်အား 'သံကိစ္စ သာမဏေ' ဟု အမည်ပေးပြီးလျှင် ရှင်သာမဏေ ၀တ်လေ၏၊ သူငယ်၏ နောက်ကြောင်းကံ အရပ်ရပ်များ သိစေပြီး ဆံရိတ်ရန် စီမံစဉ်အခါက တစပဉ္စက ကမ္မဋ္ဌာန်းကိုလည်း စီးဖြန်းစေ၏။

'ထေရော တစပဉ္စက ကမ္မဋ္ဌာနံ ဒတွာ
ပဗ္ဗာဇေသိ၊ သော ခုရဂ္ဂေယေ၀
သဟ္မပဋိသမ္ဘိဒါဟိ အရဟတ္တံ ပါပုဏိ'

(ဓမ္မပဒအဋ္ဌကထာ)

နိစ္စံကာယဂတာသတိ (တစ ပဉ္စက)

' ကေသာ လောမာ နခါ ဒန္တာ တစော

အသက် ၇ - နှစ်မျှသာ ရှိသေးသော ကိုရင် သံကိစ္စသည် အရှင်သာရိပုတ္တရာအထံမှ နည်းပေးသော တစပဉ္စက ကမ္မဋ္ဌာန်း အားထုတ် မှုကြောင့်

ရဟန္တာဖြစ်လေတော့သည်၊ အရှင်သံကိစ္စသည် ရှေးရှေးဘဝကပင် ကာယ ဂတာသတိ ပွားများလာခဲ့ဘူးသော ပါရမီ ခေတ်ခံလည့်ရှိသည်။(ဖုင်းမှာ မျက်စေ့တဘက် ကန်း အမာရွာ်တ ု ရှိသည်။)

ဆောင်ပုဒ်သံပေါက်

၁ - နည်းစုံပွားက၊ မဂ်ဖိုဇ၊ နေ့ည တည်ရှိပါ။
၂ - စိတ်ပါဝင်စား၊ ဉာဏ်ရှေ့သွား၊ ရွတ်ပွားကြလေပါ။
၃ - ဘေးကပြောကြား၊ ဖျက်စကား၊ ယုံမှားမရှိရာ။
၄ - ကိုယ်တိုင်ကြိုးစား၊ ကိုယ်တရား၊ထင်ရှား ကိုယ်သိပါ၊
၅ - ကိုယ့်အသိဉာဏ်၊ ကိုယ့်ဘို့မှန်၊ ကောန်ကြိုးစားပါ။
၆ - မာရ်နတ်နယ်သား၊ ဖျက်စကား၊ ပြောကြားလာတတ်ပါ။
၇ - အဖျက်သမား၊ ထိုသူများ၊ ရှောင်ရှား ဝေးဝေးသာ။
၈ - မတွေ့အောင်သာ၊ ရှောင်ရှားပါ၊ ချမ်းသာစိတ်အေးမှာ။

၅ - နှုတ်ကရွတ်လျှင်၊ စိတ်ကမြင်၊ ဉာဏ်စဉ်ကူးဆက်ပါ။

(ဆောင်ပုဒ်လင်္ကာ)

နှုတ်ကရွတ်လျှင်၊ စိတ်ဦးထင်၍၊ ဉာဏ်စဉ်ဆယ့်ခြောက်၊ဆင့်ဆင့် ပေါက်တည့်၊ မဂ်ရောက်ဖိုလ်ဝင်၊ ဒိဋ္ဌိနှင်လျက်၊ရှစ်အင်္ဂဝိဒ်၊လွတ်ကင်း ဘိ၍၊ သတ်မြဲမြဲ၊ သောတာပန်ဟု၊ အောင်လံထူသွား၊ထေရ်နှစ်ပါး တို့၊ ထင်ရှားကျမ်းလာ၊ ရှိခဲ့ပါ၏၊ ခုခါခေတ်သား၊ ရှင်လူများတို့၊ နှုတ်ပွား ရွတ်မှု၊ အလေ့ပြုလော့ ။

ပွားရှုနှုတ်ဘက်၊ လွန်ကြေညက်မှု၊ ကူးဆက် လျှင်မြန်၊ စိတ်နှင့် ဉာဏ်တို့၊ သုံးတန်လက္ခဏာ၊ ထင်လွယ်ပါသည်၊ လေ့လာ နှုတ်ပွား ကြိုးစားတည်း။

ဝစသာ သဇ္ဈာယော ဟိ မနသာ သဇ္ဈာယဿ ပစ္စယော ဟောတိ၊ မနသာ သဇ္ဈာယော လက္ခဏ ပဋိဝေဓဿ ပစ္စယော ဟောတိ၊ လက္ခဏ ပဋိဝေဓော မဂ္ဂဖလပဋိဝေဓဿ ပစ္စယော ဟောတိ။

(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

အနက်— ဟိ၊ ဧကန်ကျိုးကို ဆိုအံ့။ ဝစသာ သဇ္ဈာယော၊ ကေသာ လောမာ နခါ ဒန္တာ တစော - ဆံပင် မွေးညှင်း ခြေသည်းလက်သည်း သွား အရေထူအရေပါး စသောအားဖြင့် ပွားစီးခြင်းသည်။ မနသာသဇ္ဈာယသာ၊ မနော်ဒွါရ၌ ကောဋ္ဌာသ အစဉ် အာရုံထင်ခြင်းသည်။ လက္ခဏ ပဋိဝေဓသော၊ အနိစ္စသဘော လက္ခဏာကို သိခြင်း၏။ပစ္စယော၊အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ လက္ခဏ ပဋိဝေဓော၊ အနိစ္စ အစရှိသော လက္ခဏာကို သိမြင်ခြင်း သည်။မဂ္ဂဖလပဋိဝေဓသော၊ မဂ်ဖိုလ် နိဗ္ဗာန်ကိုသိခြင်း၏။ပစ္စယော၊အကြောင်း သည်။ ဟောတိ၊ ဖြစ်၏။

သကလမ္ပိ ဟိ ဒွတ္တိံသာကာရံ ကထေတုံ ဝဋ္ဋတိယေဝ၊ သဗ္ဗံ ကထေတုံ အသက္ကောန္တေန ပန တစပဉ္စက ကမ္မဋ္ဌာနံ ကထေတဗ္ဗမေဝ။

အနက်— ဟိ၊ဆံရိတ်သောခဏ၌ ဒွတ္တိံသပွားရမည် ဟူသော စကားသည် မမှားကေန်မှန်၏။ သကလမ္ပိ၊ အလုံးစုံလည်းဖြစ်သော။ ဒွတ္တိံသာကာရံ၊ သုံး ဆယ့်နှစ်ပါး အခြင်းအရာအားဖြင့် ထင်ရှားသော ကမ္မဋ္ဌာန်းကို။ ကထေတုံ၊ ပွားများရွတ်ဆိုခြင်းငှာ။ ဝဋ္ဋတိယေဝ၊ သာသနာပွင့်လင်း ရှင်ပြုခြင်း၌ လွန် မင်းစွာသင့်မြတ်တော့သည်သာ လျှင်တည်း။

သဗ္ဗံ၊ အလုံးစုံသော သုံးဆယ့်နှစ်ဝ ကောဋ္ဌာသကမ္မဋ္ဌာန်းကို။ ကထေ တုံ၊ ပွားများရွတ်ဆိုခြင်းငှာ။ အသက္ကောန္တေန ပန၊ မစွမ်းနိုင်သော ပုဂ္ဂိုလ် သည်ကား။ တစပဉ္စကကမ္မဋ္ဌာနံ၊ကေသာလောမာ နခါ ဒန္တာ တစော အဆုံး ရှိသော တစပဉ္စက ကမ္မဋ္ဌာန်းကို။ ကထေတဗ္ဗမေဝ၊ ရှင်သာရိပုတ္တရာ စသော မထေရ်မြတ်တို့ ဧကထပ်ထပ်ပွားများစေသဖြင့် ရွတ်အပ် ပွားအပ် တော့သည်သာလျှင်တည်း။

ကေသာဒိသု ဧကေကကောဋ္ဌာသေသု ဘာဝေတွာ အရဟတ္တံ ပတ္တာနံ ဘိက္ခုနံပိ ဘိက္ခုနီနံပိ ဥပါသကာနံပိ ဥပါသိကာနံပိ ပရိစ္ဆေဒေါ နတ္ထိ။

အနက် — ကေသာဒိသု၊ ဆံပင်အစရှိကုန်သော။ ဧကေကကောဋ္ဌာ သေသု၊ တခုတခုသော ကောဋ္ဌာသတို့၌။ ဘာဝေတွာ၊ ပညတ်ကူးယ်ပျောက် ပရမတ်ပေါက်အောင် ပွားများခြင်းကြောင့်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ဝါ— ရဟန္တာအဖြစ်သို့။ ပတ္တာနံ၊ ရောက်ကုန်သော။ ဘိက္ခုနံပိ၊ ရဟန်း ယောကျ်ားတို့၏ရင်း။ ဘိက္ခုနီနံပိ၊ ရဟန်းမိန်းမတို့၏ရင်း။ ဥပသကာနံပိ၊

ဒါယကာယောကျ်ားတို့၏ရင်း။ ဥပါသိကာနံပိ၊ ဒါယကာမ မိန်းမတို့၏ရင်း။ ပရိစ္ဆေဒေါ၊ ရေတွက်ပိုင်းခြား အမှတ်အသားသည်။ နတ္ထိ၊ အလွန်များ၍ မရေမတွက်အားပေ။

အရှင်မဟာဒေ၀ထေရ်

၀တ္ထုဇာတ်ကျဉ်း— သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာနိုင်ငံ) မလယ၀ါသီ အရပ်ဟု ရှိလေသည်၊ ထိုအရပ်၌ အရှင်မဟာဒေ၀ မထေရ်ကြီး တပါးသည် သီတင်းသုံးပြီးလျှင် လာသမျှတပည့် ပရိသတ်တို့အား ကောဋ္ဌာသ ကမ္မဋ္ဌာန်း ဒွတ္တိံသလုပ်ငန်းတို့ကို စီးဖြန်းပုံ နည်းလမ်း အစုံအလင်ဖြင့် ဟောညွှန်ပြသ တော်မူ၏။

ထိုမထေရ်မြတ်အထံတို့ ပိဋကနိကာယ်နှစ်ရပ်ကို အာဂုမ်တတ်ကျွမ်း၍ နိကာယ်တဘက်ကမ်းသို့ တက်လှမ်းခဲ့ပြီး မထေရ်နှစ်ပါး ကြွရောက်လာကြ၏။ ထိုနှစ်ပါးတို့က မဟာဒေ၀ မထေရ်ကြီးအထံ ကမ္မဋ္ဌာန်း တောင်းကြလေရာ မထေရ်မြတ်က ယင်းနိကာယ်ဆောင် ပုဂ္ဂိုလ်တို့အား စိတ်ကိုအပ်စေ၍ ကောဋ္ဌာသကမ္မဋ္ဌာန်းကို နှုတ်ထက်ပွားရန်— ၀စသာ သဇ္ဈာယော စသည် လာသည့်အတိုင်းပေးအပ်လိုက်၏။

အရှင်နှစ်ပါးတို့အား ကာယဂတာသတိ လုပ်ငန်းဖြစ်သော 'သကလမ္ပိ' စသော စကားအရ အားထုတ်ရန် ၃၂-ကောဋ္ဌာသ ခရားပွင့်အခြင်းအရာကိုပြဆိုပွားများစေလေ၏၊

ဤသို့ မထေရ်မြတ်အထံသို့ လခွဲတကြိမ် ဆည်းကပ်လာတိုင်း ' ရုပ်ပျက် ရုပ်လဲ ' ရုပ်ကြေကွဲပုံ များကို မေးရာ မဖြေစွမ်းနိုင်၊ ထပ်မံ ကြိုးစားအား ထုတ်ကြရာ သောတာပန်အဖြစ်သို့ ရောက်ရှိကြလေသည်။

ဆောင်ပုဒ်သံပေါက်

၁ - ကာယဂတာသတိ၊ အမည်ရှိ၊ မြင်သိ ဒွတ္တိံသာ။
၂ - သုံးဆယ့်နှစ်၀၊ ဒွတ္တိံသ၊ မြင်ကြ ကောဋ္ဌာသာ။
၃ - ကောဋ္ဌာသများ၊ နည်းစုံထား၊ ရွတ်ပွားဆင်ခြင်ပါ၊
၄ - နှုတ်ကပွားလျှင်၊ စိတ်၌မြင်၊ ဉာဏ်စဉ် ပေါက်ရောက်လာ။

\+ + +

၆ - ကရဏီကျေ၊ သံဃာတွေ၊ ပယ်ချေမိုက်မှား မဂ်ဥာဏ်ပွား။
(ဆောင်ပုဒ်လင်္ကာ)

'ကရဏီယံ၊ ဆယ့်ငါးတန်ကို၊ ဇိနိုဟောထုတ်၊ မေတ္တာသုတ်၌၊ အလုပ်ပြုပါ၊ သုံးဂါထာဝယ်၊ လေ့လာဉာဏ်ကျယ်၊ ဆောင်ပွားလွယ်မှ၊ စင်ကြယ်သန့်ရှင်း၊ ဘေးရန်ကင်းလျက်၊ ကပ်ချဉ်းလူနတ်၊ ကြည်ညိုအပ်၍၊ လေးရပ်ပစ္စည်း၊ အသီးသီးဖြင့်၊ လှူပြီးရင်းလှူ၊ သဒ္ဓါပြုု၍၊ ခံယူသုံးစား၊ မကုန်ငြားအောင်၊ ပေါများပြည့်စုံ၊ ဖြတ်ဘူးတုံ၏။

တွေ့ကြုံခုခါ၊ သာသနာ၌၊ မေတ္တာသုတ်ဝယ်၊ ဆဲ့ငါးသွယ်ဟု၊ ကျင့်ဖွယ်စရဏ၊ ဝိဇ္ဇာကျအောင်၊ ဗုဒ္ဓဟောကြား၊ ရှိသည်များကို၊ မနားမနေ၊ ဆောင်ပွားချေက၊ စိတ်စေကြည်သာ၊ မိုက်မှားကွာမည်၊ ချမ်းသာမဂ်ဖိုလ် ရကြောင်းတည်း။'

\+ \+ \+

ရဟန်းတော်များ

ဝတ္ထုအကျဉ်း - သာဝတ္ထိပြည်သား ရဟန်း ငါးရာတို့သည် ဘုရားရှင်အထံမှ ကောဌာသလုပ်ငန်း ပွား နည်းစုံ ကြိုးစားသင်ယူကြသည်။

သင်ယူပြီးနောက် မဟာဝါသရွာ၏ အနီး တခုသော တောအုပ်ကြီးအနီးမှာပင် နေထိုင်ကြ၏၊ နေထိုင်၍ တရားအားထုတ်ကြရာ 'ကရဏီယ' မကျေညက်ဘဲ တောအုပ်ကြီး၌ နေမိရလေကား— ဘုတ်တစ္ဆေများက ချောက်လှန့်ကြလေ၏၊ ထိုအခါ ဘုရားရှင်အထံသို့ ပြန်လည်ရောက်ရှိလာကြလေ၏။

ဘုရားရှင်က မေတ္တာသုတ်တော်ကို ကျက်မှတ်၍ နှုတ်တက်ပွားကြစေရန် မိန့်ကြားတော်မူ၏၊ ယင်းရဟန်း ငါးရာတို့သည် ဘုရားရှင်၏ အဆုံး အမအတိုင်း တောအုပ်သို့ ပြန်ကြွကြပြီးလျှင် မေတ္တာပွားနည်းများ နှုတ်တက်ရွတ်ကြရာ နတ်များကြည်ညိုလာလေသည်၊ တစ္ဆေ ချောက်ခြင်း မရှိရကား စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြင့် ကာယဂတာသတိအလုပ်ကို အားထုတ်ကြလေ၏၊ ဘုရားရှင်လည်း ယူဇနာ တရာ ဝေးကွာသော အရပ်မှ အောက်ပါဒေသနာတော်ကို ဟောကြားတော်မူသည်။

'ကုမ္ဘူပမံ ကာယမိမံ ဝိဒိတွာ၊
နဂရူပမံ စိတ္တမိဒံ ဌပေတွာ၊
ယောဓေထ မာရံ ပညာဝုဓေန၊
ဇိတဉ္စ ရက္ခေ အနိဝေသနော သိယာ။

အနက်— ဘိက္ခဝေ၊ သံသရာဘေး လွတ်ရန်တွေး၍ အရေး ကြီးစွာ တရားရှာငြား အိုယောဂီများတို့။ ဣမံကာယံ၊ ခြေမှခေါင်းဆုံး တကိုယ်လုံးကို သိမ်းကြုံးခေါ်ကြ ဤကိုယ်ကာယကို။ ကုမ္ဘူပမံ၊ ကြေကွဲပြိုပျက် မှုန့်မှုန့်ညက် သည့် အိုးခွက်နှင့်သာ ပမာတူ၏ဟု။ ဝိဒိတွာ၊ ပွားနည်း ဝေဖန် သဘောဉာဏ် ဖြင့် အတန်တန်သိမြင်ကြ၍။ ဣဒံစိတ္တံ၊ ဝိပဿနာရှုမှတ်၍ကြည့်တတ်မြင်တတ် သော ဤစိတ်ဓါတ်ကောင်းကို။ နဂရူပမံ၊ လုံခြုံမှုအသီးသီး ရှိလေးပြီး သောမြို့ပြကြီးနှင့် ပမာတူစွာ။ ပညာဝုဓေန၊ ပညာငါးရပ် ဝိဇ္ဇာဓာတ်ဟု မြတ်လှသော လက်နက်ကောင်းကြီးဖြင့်။ မာရံ၊ ကိလေသာခပင်း ဖွဲ့စည်း ခြင်းရှိသော မာရ်နတ်မင်း၏ တပ်သားကို။ ယောဓေထ၊ တွေ့ရာမှာဆိုင် စစ်ရေးပြိုင်လျက် အနိုင်တိုက်ခိုက်ကြရာ၏။ ဇိတဉ္စ၊ နေ့ညကြိုးစားသော အောင်မြင်သည့် တရားထူး တရားမြတ်ကိုလည်း။ ရက္ခေ၊ စင်ကြယ်ဖို့ရာ ပျင်း ရိခွါလျက် ထပ်ခါထပ်ခါ စောင့်ရှောက်ကြရာ၏။ အနိဝေသနော၊ သမာပတ် ဝင်ကာ မြတ်နိုးစွာဖြင့် သာယာတပ်ငြိခြင်း မရှိသည်။ သိယာ၊ သတိထူးထား တဏှာမပွားအောင် ထင်ရှားဖြစ်လေရာသတည်း။

ရဟန်းငါးရာတို့သည်လည်း ပဉ္စသမ္ဘိဒါလေးပါးနှင့် ပြည့်စုံလျက် ရဟန္တာ ချည်း ဖြစ်ကြကုန်၏။

၁ - ကရဏီယ မကျေ၊ တောကျောင်းနေ၊ တစ္ဆေ ချောက်တတ်သည်။
၂ - ကရဏီယကျေလျှင်၊ တောကိုဝင်၊ များဖြင်နတ်များကြည်ညိုသည်။
၃ - ကရဏီယမပိုင်၊ ကျောင်းနေထိုင်၊ ဆွဲကိုင်ဂါဟတ် ကိုက်တတ်သည်။
၄ - ကရဏီယ၊ ဆောင်ပွားက၊ ဗုဒ္ဓသာသနာပြုနိုင်သည်။
၅ - ကရဏီယံ၊ ဆဲ့ငါးတန်၊ သိရန်လေ့လာသည်။

ဆောင်ပုဒ်လင်္ကာ

'ဝိမုတ္တိယုဂ၊ ခေတ်ကောင်းကျ၍၊ဗုဒ္ဓသာသနာ၊ပြုလိုပါမူ၊သံဃာ တော်များ၊ ဘုရားသားတို့၊ ဆဲ့ငါးတန်တန်၊ ကရဏီယံကို၊ သိရန် ကြိုးစား၊ ဉာဏ်ရှေ့သွားလျက်၊ ဆောင်ပွားလေ့လာ၊ ဆင်ခြင်

ကာဖြင့်၊ မြို့ရွာနယ်ပယ်၊ ပြန့်နှံ့ကျယ်အောင်၊ ဆက်သွယ်စေ၍ပေ၊ မေတ္တာခေတ်ကြောင့်၊ လေးရပ်ပစ္စယာ၊ လာဘ်မရှာဘဲ၊ သဒ္ဓါမြတ်နေ၊ ခိုင်မြဲစေလျက်၊ စိတ်ရှေ (ရှည်) ဇွဲသန်၊ သည်းညည်းခံ၍၊ ပွားရန်သာသနာ၊ ပြုကြရာသည်၊ ခုခါခေတ်ကောင်း ကြုံဆဲတည်း။'

ရှစ်လုံးဖွဲ့ကဗျာ

(၁) အာဂုမ် ရထား - ဘုရား ဒေသနာ၊
ပညာဉာဏ်စွမ်း - ကြိုးပမ်း စေရာ။
အသိဉာဏ်တိုး - တန်ဘိုး များစွာ၊
ကိလေရပ် - ပယ်သတ် ဆင့်ဆင့်ကွာ၊
(ခေတ်အလိုက် - သိမ်းပိုက် ဆောင်ပွားပါ။)

(၂) ဘုရား စကား - တရား ဂါထာ၊
ကျင့်ဝတ် လုပ်ငန်း - စုံစမ်း ဖွေရှာ။
သာသနာပြု - ဘိက္ခုများစွာ၊
ကြံစည်တွေး - စစ်ဆေး ဉာဏ်ပညာ၊
(ကိုယ်တိုင်ပွား - တရားတည်စေပါ။)

(၃) အစုံသာရှိ - ကုန်သိ ခဲပါ၊
အသိဉာဏ်တွဲ - ထူးကဲ ဖွေရှာ၊
သာသနာသုံး - ကျင့်ထုံး လိမ္မာ၊
ကရဏီ - ကျမ်းရှိ ညီညွတ်ရာ၊
(စ,လယ်,ဆုံး - ကျင့်သုံးယူကြပါ။)

ကရဏီယ သရုပ် ၁၅ - ပါး

၁ · သက္ကောစ— မဂ္ဂင်ရှစ်တန်၊ တရား မှန်ကို၊ ကြိမ်ဖန်ကြိုးကုတ်၊ နောက်မဆုတ်ဘဲ၊ အားထုတ်ခြင်း ရှိသည်လည်း။ အဿ၊ဖြစ်ရာ၏။

၂ · ဥဇုစ— ကိုယ်နှုတ်စိတ်တွင်၊ သိက္ခာတင်၍၊ ဖြူစင်ဖြောင့်မတ်၊ ကောင်းမြတ်သော အကျင့် ရှိသည်လည်း။ အဿ၊ဖြစ်ရာ၏။

၃ · သုဟုဇ္ဇုစ— စိတ်ဓာတ်ကြည်လင်၊ ကောင်းကျိုး ၀င်အောင်၊ ပြုပြင်ခြင်း ရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏။

၄ · သု၀စောစ— ကောင်းကျိုးကိုမြော်၊ မြတ်သူတော်တို့၊ သင့်လျော်သြ၀ါ၊ အဖြာဖြာကို၊ ကောင်းစွာလိုက်နာ လွယ်သည်လည်း။ အဿ ဖြစ်ရာ၏။

၅ · မုဒုစ— ကိုယ်နှုတ်စိတ်ဓာတ်၊ ကံသုံးရပ်၌၊ သပ်ယပ်ခိုင်ခန့်၊ တရားနှံ့၍၊ နူးညံ့သိမ်မွေ့ခြင်း ရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏။

၆ · အနတိမာနီစ—သူ့ထက်ထူးချွန်၊ အများရှုံအောင်၊ အလွန်မာန် ထောင်လွှားခြင်းမရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏။

၇ · သန္တုဿကောစ— ယထာလာဘ၊ ယထာ သရုပ၊ ယထာ ဗလ၊ သုံးဌာနဖြင့်၊ လေးပစ္စည်း၊ မှီ၀ဲနည်းတွင်၊ ရောင့် ရည်း (ရဲ) လွယ်သည်လည်း။ အဿ၊ ဖြစ်ရာ၏။

၈ - သုဘရောစ— သဒ္ဓါ၍ပေး၊ ပစ္စည်းလေးဖြင့်၊ မွေးမြူလွယ် သည်လည်း။ အဿ၊ ဖြစ်ရာ၏၊

၉ · အပ္ပကိစ္စောစ — ၀ုဒ္ဓနှစ်ပါး၊ လွန်ကြိုးစား၍ အခြားကိစ္စ မရှိ သည်လည်း။ အဿ၊ ဖြစ်ရာ၏။

၁၀ · သလ္လဟုကဝုတ္တိစ — အတောင်သာလျှင်၊ ဆောင်ရာ ၀န်ထား၊ ငှက်အလားသို့၊ ပေါ့ပါးသော ပရိက္ခရာ၀န် ရှိ သည်လည်း။ အဿ၊ ဖြစ်ရာ၏။

(တနည်း)

သလ္လဟုကဝုတ္တိစ – သင်္ဘော ရထား၊ လှည်း လှေ ကားနှင့်၊ တင်သွားမကုန်၊ အလုံးစုံတို့၊ စုပုံသိမ်း၊ တိုက်ဆိုင်ကြီးလို၊ ပစ္စည်းလေးပါး၊ ပိုမထားဘဲ၊ ပေါ့ပါးသော ပရိက္ခရာ၀န် ရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏။

၁၁ - သန္တိန္ဒြိယောစ—အာရုံခြောက်ထွေ၊ တွေ့ကြုံလေက၊ အခြေမပျက်၊ နေမခက်အောင်၊ ငြိမ်သက်သော ဣန္ဒြေရှိသည်လည်း။ အသျှ၊ဖြစ်ရာ၏။

၁၂ - နိပကောစ— ကိလေသာရန်မက်၊ ချိုးပယ်ဖျက်ဖို့၊ ရင့်ကျက်သော ပညာဉာဏ် ရှိသည်လည်း။ အသျှ၊ ဖြစ်ရာ၏။

၁၃ - အပ္ပဂဗ္ဘောစ— ကိုယ်နှုတ်စိတ်ဟု၊ ကံသုံးခု၌၊ အမှုသော့သွမ်း အလွန်ဟော့ရမ်းခြင်း မရှိသည်လည်း။ အသျှ၊ ဖြစ်ရာ၏။

၁၄ - ကုလေသု — ပစ္စည်း လေးဖြာ၊ ပေးလှူလာသည့်၊ ဒကာ ဒကာမတို့၌။ အနနုဂိဒ္ဓေါစ၊ နောက်ထပ်လိုချင်၊ လောဘဝင်၍၊ ခင်မင်တပ်မက်ခြင်း မရှိသည်လည်း။ အသျှ၊ ဖြစ်ရာ၏။

၁၅ - ကိဉ္စိ — စိုးစဉ်းမတ္တမျှသော။ ခုဒ္ဒံ၊မကြီးမကျယ်၊ အနည်းငယ်သော၊ အကုသိုလ်မှုတရားစုကို။နစအာစရေ၊ ရှက်ကြောက် ကင်းကွာ၊ မလိုမ္မာ၍၊ တကြိမ်တခါမျှ မပြုကျင့်ကောင်းပေရာ။

\+ \+ \+

၇ - လောဘမီးပွား၊ သတိထား၊ ဆောင်ပွားနည်းစုံသာ။
(ဆောင်ပုဒ်လင်္ကာ)

'အာရုံတွေ့က၊ လိုချင်ကြသည့်၊ လောဘတဏှာ၊ အဝိဇ္ဇာကား ယုတ်မာစိတ်အောင်း၊ ကောင်းမကောင်းနှင့်၊ အကြောင်းအကျိုး၊ အမျိုးမျိုးကို၊ ပယ်ချိုးခြေဖြတ်၊ မသိတတ်ဘဲ၊ အမြတ်ကိုပင်၊ အယုတ်ထင်လျက်၊ ဆဲခြင်တိုင်းထွာ၊ ဉာဏ်မပါ၍၊ မိစ္ဆာလမ်းမှား၊ မိုက်တရားကို၊ ကိုးစားယုံကြည်၊ ရှိခဲ့ပြီကြောင့်။

အော်မြည်ညီးတွား၊ လောဘပွားက၊ လေးပါးပယ်ရှာ၊ ရောက်တတ်ပါ၏၊ ဆရာကောင်းထံ၊ နည်းလမ်းမှန်ကို၊ နာခံလေ့လာ၊ ဆီးတားပါမူ၊ တဏှာညစ်ကြေး၊ ဆင့်ဆင့်ဝေးမည်၊ ငြိမ်းအေး ချမ်းသာ ရကြောင်းတည်း။'

တောင်သူလယ်သမား

ဘုရားရှင်သည် ဇေတဝန် ကျောင်းတော်တွင် သီတင်း သုံးတော်မူစဉ် လောဘ တဏှာအတွက် အစားအနေခက် အပူမီးတက်နေသော တောင်သူ လယ်သမား ပုဏ္ဏားတဦးအား ကယ်တင်လိုသဖြင့် အပူသည်ပုဏ္ဏား နေအိမ်သို့ ကိုယ်တိုင်ကြွတော်မူ၏၊ ပုဏ္ဏားသည် ဘုရားရှင်အား ဝမ်းမြောက်စွာ နေရာ ပေး၏၊ မနီးမဝေး အရပ်ကနေပြီး ဝတ်ပြုလေ၏၊ ဘုရားရှင်က 'အို ပုဏ္ဏား— သင်သည် လောဘတဏှာအတွက် အပူမီးတက်၍ မသက်မသာ ဖြစ်နေသည် မဟုတ်တုံလော'ဟု မေးတော်မူ၏။

ပုဏ္ဏားက— 'အရှင်ဘုရား သိတော်မူမြင်တော်မူသည့်အတိုင်း မှန်ပါသည်၊ အပူအေးကြောင်း နည်းလမ်းကောင်းတရား နာကြား ပါရစေဘုရား'ဟု တောင်းပန်လျှောက်ထား၏၊ ထိုအခါ ဘုရားရှင်က—

(၁) လောဘော အတ္ထံ န ဇာနာတိ၊
လောဘော ဓမ္မံ န ပဿတိ၊
အန္ဓတမံ တဒါ ဟောတိ၊
ယံ လောဘော သဟတေ နရံ။ ။

(၂) တဏှာယ ဇာယတေ သောကော၊
တဏှာယ ဇာယတေ ဘယံ၊
တဏှာယ ဝိပ္ပမုတ္တဿ၊
နတ္ထိသောကော ကုတောဘယံ။ —

ဟူ၍ ဟောကြားတော်မူ၏၊ ထိုအခါပုဏ္ဏားက 'မြတ်စွာဘုရား - တပည့်တော် သည် ကဆုန်, နယုန်လမှအစပြု၍ လယ်မြေကို ပြုပြင်ခြင်း ထွန်ယက်စိုက်ပျိုး ခြင်းများ ပြုလုပ်နေပါသည်။

တန်ဆောင်မုန်း လပြည့်ကျော် နတ်တော်လဆန်း ရောက်ကာမှ အခါမဲ့ ရွာသော မိုးရေလွှမ်းမိုးသဖြင့် စပါး တနှံတခက်မျှမကျန် အကုန် ပျက်စီး ခဲ့ရပါသည်၊ ထို့ကြောင့် လောဘတဏှာ အပူမီး တောက်လောင်နေပါ၍ အထူး ပင်ပန်းပါသည်၊ လောဘဘဏှာမှ လွတ်မြောက်ကြောင်း လုပ်ငန်း ကောင်းများကို ပြတော်မူပါဘုရား' ဟု ထပ်မံ လျှောက်ထားလေသည်။

ဘုရားရှင်သည် ယင်းပုဏ္ဏားကို သနားရကား—တရားလုပ်ငန်းစဉ် ပြတော် မူရ၏၊ ပုဏ္ဏားမှာလည်း တခုစီဖြုတ် အဋ္ဌဒိဋ္ဌိပြုတ်၍ နာမ် , ရုပ် မြင်လာ၏၊

လောဘတဏှာလည်း အားနည်းသွားလေ၏၊ အပူမီးသက်သာ၍ ဉာဏ် ၁၆ ဆင့်မှ သောတာပန်အဆင့်သို့ ရောက်သွားလေ၏၊ ယုံမှားခြင်း ရှစ်ပါးလည်း ကင်းလွတ်လေ၏၊ ပြဟ္မဏဖြစ်ကြောင်း အကျင့်ကောင်း၌လည်း တည်နားလေတော့၏။

(၃) ယဿ ကာယေန ဝါစါယ၊
မနသာ နတ္ထိ ဒုက္ကတံ။
သံဝုတံ တီဟိ ဌာနေဟိ၊
တမဟံ ဗြူမိ ဗြဟ္မဏံ။

ပြဟ္မဏ အမည်ထူး ခံယူရာ၌—

ကာယကံ	ဝစီကံ	မနောကံ
ပါဏာ	မုသာ	အဘိဇ္ဈာ
အဒိန္န	ပိသု	ဗျာပါ
ကာမေသု	ဖရု	မိစ္ဆာဒိဋ္ဌိ
သုရာ	သမ္ဖပ္ပ	မိစ္ဆာအာဇီဝ—

တို့ကို ကျင့်သုံးရှောင်ရာ၏။

(၄) ယေန လောဘေန လုဒ္ဓါသေ၊
သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။
ယံ လောဘံ သမ္မဒညာယ၊
ပဇဟန္တိ ဝိပဿိနော။

ပုဏ္ဏားသည် ပုထုဇဉ်နယ် အတွင်းက မလွတ်ကင်းမီက လေးကမ်မ် မုန်တိုင်း ကိုင်လှုပ်တိုင်းပင်ခံရ၏၊ အရိယာနယ်ကူး၍ အကျင့်ထူးများ ရသောအခါ လောဘတဏှာ သက်သာလျက် မင်္ဂချမ်းသာ ဖိုလ်ချမ်းသာဖြင့် ပျော်မွေ့လေသည်။

၁ - ကာယကံနား၊ ဒု-ကံများ၊ ကြဉ်ပွားနေရ ပြဟ္မဏ။
၂ - ဝစီကံနား၊ ဒု-ကံများ၊ ကြဉ်ပွားနေရ ပြဟ္မဏ။
၃ - မနောကံနား၊ ဒု-ကံများ၊ ကြဉ်ပွားနေရ ပြဟ္မဏ။
၄ - ပြဟ္မဏမှန်၊ ပါယ်လေးတန်၊ ကေန် လွှက်မြောက်ရာ။
၅ - သောတာပန်တည်၊ လက်ဆုပ်ဖြည်၊ ယုံကြည်သာသနာ။

(ဆောင်ပုဒ်သံပေါက်)

ယခင် ဂါထာများ အနက်

(၁) လောဘော၊ ကာမဂုဏ်မှု အာရုံစု၌ လုယူစွဲကုတ် လောဘယုတ်သည်။ အတ္ထံ၊ ရောက်မည့်ဆိုးညစ် ကျိုးအပြစ်ကို။ နဇာနာတိ၊ မစစ်မဖွေ မသိပါချေ။ လောဘော၊ ကာမဂုဏ်မှန်း အာရုံတမ်း၍ စွဲလန်း ကိုင်ဆုပ် လောဘယုတ်သည်။ ဓမ္မံ၊ ကျွတ်ဖို့ကေန် တရားမှန်ကို။ နပဿတိ၊ တိတိထင်ထင် မသိမြင်ပါချေ။

ယဒါ၊ အခွင့်ပေါ်လာ အကြင်အခါ၌။ ယံ နရံ၊ ကာမခင်မင် ရာဂဝင်၍ မြူးရွှင်လူးကာ အကြင်သတ္တဝါကို။ လောဘော၊ ကြောင်းကျိုးဆို့ပိတ် လောဘစိတ်သည်။ သဟတေ၊ ကြိတ်ဖျက်နှောက်မွှေ နှိပ်စက်လေ၏။ တဒါ၊ လောဘဆွဲ၍ အမြဲပူဆာ ထိုအခါ၌။ သောနရော၊ လောဘပူမိ ကိုယ်မချိ၍ သတိကင်းကွာ ထိုသတ္တဝါသည်။ အန္ဓတမံ၊ ပညာမဝင် မဆင်ခြင်ဘဲ အထင်စိတ်လိုက် အလွန်မိုက်သည်။ ဟောတိ၊ ဖြစ်ရလေ၏။

(၂) တဏှာယ၊ ခင်မင်တွယ်တာ လွန်သာယာသည့် တဏှာသတ္တိကြောင့်။ သောကော၊ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းသည်။ ဇာယတေ၊ ဖြစ်ရလေ၏။

တဏှာယ၊ ပစ္စည်းဥစ္စာလွန်သာယာသည့် တဏှာလောဘကြောင့်။ ဘယံ၊ ကြောက်လန့်ဘွယ်သော ဘေးရန်သည်။ ဇာယတေ၊ အမြဲမသွေ ဖြစ်ရလေ၏။ တဏှာယ၊ ဒုစရိုက် တဏှာ ဒိဋ္ဌိပါသည့် သံကိလေသ တဏှာမှ။ ဝိပ္ပမုတ္တဿ၊ သတိပဋ္ဌာန်တရား ထပ်ထပ်ပွား၍ ကင်းလွတ်သော ပုဂ္ဂိုလ်အား၊ သောကော၊ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းသည်။ နတ္ထိ၊ သဘာဝအရှိ ရှာဖွေကြည့်လည်း မရှိရိုးအမှန်ပါပေတည်း။ ဘယံ၊ နှိပ်စက်ကြိတ်ချေ ဆင်းရဲမွှေသည့် အထွေထွေသော ဘေးရန်သည်။ ကုတောအတ္ထိ၊ အဘယ်နည်းနှင့်မျှ ရှိရမည်နည်း။

(၃) ယဿ၊ ကျား,မ မဆို အကြင်ပုဂ္ဂိုလ်အား။ ကာယေန၊ ကာယကံ ကာယဒွါရဖြင့်ငှင်း။ ဝါစာယ၊ ဝစီကံ ဝစီဒွါရဖြင့်ငှင်း။ မနသာ၊ မနောကံ မနောဒွါရဖြင့်ငှင်း။ ဒုက္ကတံ၊ ဒုစရိုက်အစု မကောင်းမှုကို အားပြုမိုက်မှားခြင်းသည်။ နတ္ထိ၊ အကဲခတ်ကြည့် ကေန်မရှိပါပေ။

တီဟိဌာနေဟိ၊ ကိုယ်နှုတ်စိတ်ထား ကံသုံးပါးတည်းဟူသော ဌာနများတို့ဖြင့်။ သံဝုတံ၊ ဒုစရိုက် အဖြာဖြာ မဝင်လာအောင် ကောင်းစွာစောင့်စည်းလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ တံ–ပုဂ္ဂလံ၊ ဒုစရိုက်ဆိုလျှင် နှုတ်မြွက်

ကြဉ်၍ ဖြူစင်သော ထိုပုဂ္ဂိုလ် မျိုးကို။ အဟံ၊ ငါဘုရားသည်။ ဗြဟ္မဏံ၊ မကောင်းမှုအဝဝ ကြဉ်ပယ်ကြသည့် ဗြဟ္မဏအစစ် ဟူ၍။ ဗြူမိ၊ ဟောကြားတော်မူခဲ့ပါပေ၏။

(၄) ယေနလောဘေန၊ အကြင် လောဘဖြင့်။ လုဒ္ဒါသေ၊ လွန်စွာ နှိပ်စက် ဖျက်ဆီး အပ်ကုန်သော။ သတ္တာ၊ လောဘမီးပွား သတ္တဝါအများ တို့သည်။ ဒုဂ္ဂတိံ၊ မကောင်းသူတို့၏ လားရာ ပြိတ္တာဘုံဘဝသို့။ ဂစ္ဆန္တိ၊ လောဘတရား ဆောင်ယူသွား၍ လားရောက်ကြရကုန်၏။

တံလောဘံ၊ ထိုလောဘကို။ သမ္မာ၊ ကောင်းစွာ။ အညာယ၊ လောဘ ဝရားကား ပြိတ္တာဘုံသို့ လားရောက်ရခြင်းကိုသိ၍။ ဝိပဿိနော၊ လောဘ တရား သမာဓိကွန္ဓဖြင့် ထားရမည်ဟု ပိုင်းခြား ထင်ထင် သိမြင်ကြသော ရဟန်းရှင်လူတို့သည်။ ပဇဟန္တိ၊ သမာဓိကွန္ဓ ပွားများ ကြသဖြင့် ရဲဝံ့စွာ ပယ်စွန့်နိုင်ကြရကုန်တော့သတည်း။

၈ - အကုသိုလ်ကြဉ်၊ ကုသိုလ်စင်၊ စိတ်လျှင် ကြည်ဖြူထား။
ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ဓွန့်ကြာတည်စေသား။

'ဗုဒ္ဓမြတ်စွာ၊ သာသနာစစ်၊ ပေါ်လာ ဖြစ်အောင်၊ အားသစ် ကြိုးစား၊ဟောညွှန်ကြားတို့၊ မနားမနေ၊စုံစမ်းဖွေလော့၊စိန္တေဇီနာ၊ သာသနာကား၊ယုတ်မာမှုမိုက်၊ ဒုစရိုက်ကို၊ ပယ်လိုက်လုံးစုံ၊သီလခြုံ လျက်၊အာရုံတွေ့ရာ၊ ခင်မင်ပါသည့်၊ တဏှာအားသန်၊ဆူပွက်ရန်ကို၊ တွန်းလှန်ကြိုးစား၊ ပွားနည်း ငါးဖြင့် ပယ်ရှား ပြီးလျှင်၊ ဒိဋ္ဌိနှင်ဘို့၊ ငါးအင်ပညာ၊ဆောင်ပွားပါက၊ သိက္ခာသုံးအင်၊ ပြည့်စုံလင်၍၊မြတ် ရှင်သာသနာ၊ ထွန်းလင်းဖြာသည်။ ။သောတာ မဂ်ဖိုလ် အောင် ပန်းတည်း ။'

[ဆောင်ပုဒ်လင်္ကာ]

ဂါထာခေါင်းစဉ်

သဗ္ဗပါပဿ အကရဏံ၊
ကုသလဿုပသမ္ပဒါ။
သစိတ္တ ပရိယောဒပနံ၊
တေံ ဗုဒ္ဓါနသာသနံ။ (ဓမ္မပဒ)

ယင်းဒေသနာအရ၊ သာသနာပြုကျင့်စဉ်များ —

(၁) သဗ္ဗပါပဿ အကရဏံ—တော် ဗုဒ္ဓါနုသာသနံ

သမ္မာကမ္မန္တမဂ္ဂင်	သမ္မာဝါစာမဂ္ဂင်	သမ္မာအာဇီဝမဂ္ဂင်
ပါဏာတိပါတာ	မုသာဝါဒါ	အဘိဇ္ဈာ
အဒိန္နာဒါနာ	ပိသုဏာဝါစာ	ဗျာပါဒါ
ကာမေသုမိစ္ဆာစာရာ	ဖရုသဝါစာ	မိစ္ဆာဒိဋ္ဌိယာ
သုရာမေရယ မဇ္ဇ	သမ္ဖပ္ပလာပဝါစာ	မိစ္ဆာအာဇီဝါ
ပမာဒဋ္ဌာနာဝေရမဏိ	ဝေရမဏိ	ဝေရမဏိ

(၂) ကုသလဿုပသမ္ပဒါ— တော် ဗုဒ္ဓါနုသာသနံ။

သမ္မာဝါယာမမဂ္ဂင်	သမ္မာသတိမဂ္ဂင်	သမ္မာသမာဓိမဂ္ဂင်
အနုပ္ပန္နာနံပါပကာနံ ပဟာနာယဝါယာမော	ကာယာနုပဿနာ သတိပဋ္ဌာန်	ပဌမဈာနသမာဓိ —
ဥပ္ပန္နာနံပါပကာနံ ပဟာနာယဝါယာမော	ဝေဒနာနုပဿနာ သတိပဋ္ဌာန်	ဒုတိယဈာနသမာဓိ —
အနုပ္ပန္နာနံကုသလာနံ ဥပ္ပါဒါယဝါယာမော	စိတ္တာနုပဿနာ သတိပဋ္ဌာန်	တတိယဈာနသမာဓိ —
ဥပ္ပန္နာနံကုသလာနံ ဥပ္ပါဒါယဝါယာမော	ဓမ္မာနုပဿနာ သတိပဋ္ဌာန်	စတုတ္ထဈာနသမာဓိ —

(၃) သစိတ္တပရိယောဒါပနံ— တော်ဗုဒ္ဓါနုသာသနံ

သမ္မာဒိဋ္ဌိမဂ္ဂင်	သမ္မာသင်္ကပ္ပမဂ္ဂင်
ဒုက္ခေဉာဏံ	ဝတ္ထုကာမ နိက္ခမ သင်္ကပ္ပ
ဒုက္ခသမုဒယေဉာဏံ	ကိလေသကာမ နိက္ခမ သင်္ကပ္ပ
ဒုက္ခနိရောဓေဉာဏံ	အဗျာပါဒ သင်္ကပ္ပ
ဒုက္ခနိရောဓဂါမိနီ	အဝိဟိံသ သင်္ကပ္ပ
ပဋိပဒါဉာဏံ	

(၁) သီလက္ခန္ဓမဂ္ဂင်သုံးပါး တည်နားရန်မှာ—

သစ္စာငါးချက် နှင့် ဒုစရိုက်တို့ကို ရှောင်ကြဉ်ပြီးလျှင် သုစရိုက် တည်နားရအောင် ကြိုးစားရမည်။

သစ္စာ ငါးချက်

(၁) ဝစီသစ္စာ - နှုတ်မြွက်ဆောက်တည်ပါ။
(၂) ဝိရတီသစ္စာ - အပြစ်ရှောင်ကြဉ်ပါ။
(၃) တခ်ဏိကသစ္စာ - တခဏမျှဖြင့် အရိယာနယ်သို့ သက် ဆင်းစေပါ။
(၄) ပဋိဿဝသစ္စာ - သိက္ခာပုဒ် အစားစား ဆောက်တည် နား၍ အချိန်မှန်အခိဋ္ဌာန်မြဲစေပါ။
(၅) ဘူမဋ္ဌသစ္စာ - မြေကြီးထုကဲ့သို့ ခိုင်မြဲ တိုးတက်စေပါ။

အထက်ပါအတိုင်း ကြိုးစား အားထုတ်လျှင် လောဘ ဒေါသ မောဟ အဟိရိက အနောတ္တပ္ပ တရားများ လျော့နည်းသွားပါလိမ့်မည်။

(၂) သမာဓိက္ခန္ဓမဂ္ဂင်သုံးပါး တည်နားရန်မှာ—

သုံးဆဲ့နှစ်ပါးသော ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို ပွားနည်းငါးရပ် ဖြင့် ပွားများအားထုတ်ရမည်။

ပွားနည်း ငါးရပ်

(၁) ဆဧကောဋ္ဌာသ ဉာတပရိညာ- ပုတီး ၆ - လုံး အာနာ ပါန၆ - ချက်။
(၂) ဧကန္တရိက ဉာဘပရိညာ- ပုတီး ၁၇ - လုံး အာနာပါန ၁၇ - ချက်။
(၃) ဒွန္တရိက ဉာတပရိညာ- ပုတီး ၁၆ - လုံး အာနာပါန ၁၆ - ချက်။
(၄) အကိုသ ဉာတပရိညာ- ပုတီး ၂၇ - လုံး အာနာပါန ၂၇ - ချက်။

(၅) နဂဗာသိဝဉာတပရိညာ - ပုတီး ၄၂ - လုံး အာနာပါန ၄၂ -ချက်။
ကာမတဏှာ၊ ပိယတဏှာ၊ ပေမတဏှာ၊ ရတိတဏှာ၊ ဘောဂတဏှာ—ဤတဏှာ ၅ - ချက် လျော့နည်းသွားမည်။

(၃) သစိတ္တပရိယောဒါပနံ- တော်ဗုဒ္ဓါနုသာသနံအရ၊ပညာမဂ္ဂင်နှစ်ပါး တည်နားရန် ပညာငါးပါးဖြင့် ရှုဆင်ခြင်ရမည်။

(၁) တဏှာသတ်ပညာ—၃၂ - ကောဋ္ဌာသကိုပွားနည်း ၅ - ရပ်ဖြင့် ပွားများခြင်း။

(၂) ရာဂသတ်ပညာ— ၃၂- ကောဋ္ဌာသကိုပဋိကူလ ထင်မြင်အောင် ပွားများခြင်း။

(၃) ဒိဋ္ဌိသတ်ပညာ — ၃၂- ကောဋ္ဌာသကို ဓာတုမနသကာရဖြင့် ပွားများခြင်း။

(၄) အနုသယသတ်ပညာ— ၃၂ - ကောဋ္ဌာသ နှင့် နာမ် ခန္ဓာလေးပါးတို့ကို လက္ခဏာရေး ၃ - ပါးဖြင့် ရှုဆင်ပွားများခြင်း။

(၅) သဘာဝဆယ်ချက်၊ လက္ခဏာသုံးချက်၊ မဂ်ဉာဏ်တက်ပညာ— ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝိညာဏ (ကာယ ၅ -ပါး) ကိုသဘာဝ (၁၀) ချက်လက္ခဏာ ယာဉ် ၃-ပါးနှင့် ပွားများ ဆင်ခြင်ရခြင်း။

ဤပညာ ၅ - ချက် ပွားများဆင်ခြင်လျှင် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ အကြိယဒိဋ္ဌိတို့ လျော့နည်း သွားပါလိမ့်မည်။

(၁) သဗ္ဗပါပဿ အကရဏံ —တော် ဗုဒ္ဓါနုသာသနံ။

အနက် — ဘိက္ခဝေ၊ အစကောင်းရာ သာသနာကို ရှာကြံလိုငြား အိုယောဂီများတို့။ သဗ္ဗ၊ ကိုယ် နှုတ် စိတ် သုံး မိုက်မဖုံးဘို့ အလုံးစုံသော။ ပါပဿ၊ ယုတ်မာမှု ဒုစရိုက် အမိုက်အစားစားကို။ အကရဏံ၊ သစ္စာငါးခု ပွာ အောင်စု၍ မပြု မပြော မကြံဘဲနေခြင်းသည်။ သာဓု၊ လွန်ကြူးမှုအရပ် ရပ်ကင်းစင်ပြတ်၍ ကောင်းမြတ်လှပေ၏။ တော်၊ ဝိရတီသုံး ကျင့်စဉ်ထုံး ကြောင့် နှလုံးအေးစွာ စိတ်ချမ်းသာသော ဤအကျင့်သည်။ ဗုဒ္ဓါနံ၊

ဘုရားရှင်ကြီးတို့၏။ ဝါ — အဆူဆူ ပွင့်တော်မူကြသော ဘုရားရှင်အသီးသီး တို့၏။ သာသနံ၊ အစကောင်းအောင် ထုတ်ဆောင်ညွှန်ပြ အဆုံးအမ ဖြစ် သော သာသနာတော် အစစ်ပါပေတည်း။

(၂) ကုသလဿုပသမ္ပဒါ — တော် ဗုဒ္ဓါနသာသနံ။

ဘိက္ခဝေ၊ အလယ်ကောင်းဘို့ရာ သာသနာကိုဖွေရှာကြငြား အို · ယောဂီ များတို့။ ကုသလဿ၊ တဏှာအရပ်ရပ် ပယ်နှင်ဖြတ်နိုင်၍ အမြတ်ခေါ်ပြု မဂ်ဉာဏ်စုသည့် ‘ စတုဘုမ္မိက ’ ကုသိုလ်ထူးကို။ ဥပသမ္ပဒါ၊ ပရိညာငါးအင် လုပ်ငန်းဝင်၍ မဂ္ဂင်သုံးပါး စုံလင်နားအောင် ကြိုးစား၍ နေခြင်းသည်။ သာဓု၊ ဆူပွက်မှုအရပ်ရပ် ကင်းစင် ပြတ်သဖြင့် ကောင်းမြတ်လှပါ ပေ၏။ တော်၊ ခင်မင်သာယာ လွန်တွယ်တာသည့် တဏှာခပင်း ဆင့်ဆင့်ရှင်း သော ဤအကျင့်တရား ပွားနည်းများသည်။ ဗုဒ္ဓါနံ၊ အဆူဆူ ပွင့်တော်မူ ကြသော ဘုရားရှင်တို့၏။ သာသနံ၊ အလယ်ကောင်းအောင် ထုတ်ဆောင် ညွှန်ပြ အဆုံးအမဖြစ်သော သာသနာတော် အစစ်ပါပေတည်း။

(၃) သစိတ္တပရိယောဒါပနံ — တော် ဗုဒ္ဓါနသာသနံ။

ဘိက္ခဝေ၊ အဆုံးတိုင်ကောင်းဘို့ရာ လုပ်ငန်းမှန်ရှာငြား အို - ယောဂီ များတို့။ သစိတ္တံ၊ တဏှာဒိဋ္ဌိ ၂ မိုက်မှားငြိနေသော မိမိစိတ်မိုက်ကို။ ပရိယောဒါပနံ၊ ပညာငါးရပ် လုပ်ငန်းမြတ်ဖြင့် အထပ်ထပ်အခါခါပင် ဒိဋ္ဌိ တွေ ကင်းစင်အောင် သုတ်သင်ရှင်းလင်းနေခြင်းသည်။ သာဓု၊ ဒိဋ္ဌိအရပ်ရပ် အဆင့်ဆင့်ပြတ်သဖြင့် ကောင်းမြတ်လှပါပေ၏။ တော်၊ သစ္စာလေးအင် ကျယ် ပွားမြင်၍ မဂ္ဂင်နှစ်ပါး တည်ရှိနားသော ဤအကျင့်တရားသည်။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ ဝါ — ဂင်္ဂါသဲဆူ သယမ္ဘူ ဟု ဆူဆူပွင့်သွား ရှင်တော် မြတ်ဘုရားတို့၏။ သာသနံ၊ ပဋိဝေဓပေါက်အောင် ထုတ်ဆောင်ညွှန်ပြ အဆုံးအမဖြစ်သော သာသနာတော် အစစ်ကြီးပါပေတည်း။

တံငါသည်တဦး

ဝတ္ထုအကျဉ်း — ဘုရားသခင်သည် နောက်ပါ သံဃာများနှင့် ဆွမ်းခံ၍ အပြန်တွင် သာဝတ္ထိပြည် မြောက်ပိုင်း၌ နေသော အရိယာမည်သော ယောကျ်ားတဦး ငါးများနေသည်ကို တွေ့မြင်တော်မူသည်ဖြစ်၍ အောက်ပါ ဂါထာကို ဟောကြားတော်မူ၏။

န တေန အရိယော ဟောတိ၊
တေန ပါဏာနိ ဟိံသတိ။
အဟိံသာ သဗ္ဗပါဏာနံ၊
အရိယောတိ ပဝုစ္စတိ။

(ဓမ္မပဒ)

အနက် — ယေန၊ စားချင် သောက်ချင် စီးပွားယှဉ်၍ အကြင်သို့သော အကြောင်းကြောင့်။ ပါဏာနိ၊ သတ္တဝါတို့ကို။ ဟိံသတိ၊ ညှဉ်းဆဲနှိပ်စက်၏။ တေန၊ ထို ညှဉ်းဆဲခြင်း အကြောင်းကြောင့်။ အရိယော၊ အရိယာမည်သည်။ န ဟောတိ၊ မဖြစ်။ သဗ္ဗပါဏာနံ၊ အလုံးစုံသော သတ္တဝါတို့ကို။ အဟိံသာ၊ မညှဉ်းဆဲ မနှိပ်စက်ခြင်းကြောင့်။ အရိယောတိ၊ အရိယာဟူ၍။ ပဝုစ္စတိ၊ သဘာဝဓာတ် ပုံသေမှတ်ဖို့ ဆိုအပ်လေတော့သတည်း။

ဒုစရိုက်မလုပ်၊ အတ္တပြုတ်၊ နာမ်ရုပ်သိပြန် သောတာပန်။
(လင်္ကာသံပေါက်)

အရိယာ မည်သော တံငါသမားသည် ဘုရားရှင်နှင့်တွေ့၍ ငါးများခြင်း ဒုစရိုက်တွေကို မလုပ်တော့ဘဲ အတ္တစွဲဒိဋ္ဌိပြုတ် နာမ်ရုပ်ကိုသိ၍ သောတာပန် တည်လေသည်။

ဆောင်ပုဒ်လင်္ကာ

'သာသနာသုံးအင်၊ တည်ရှိ ယှဉ်အောင်၊ မဂ္ဂင်ဆောင်ပွား၊ လူ မြတ်များ၌၊ နှစ်ပါးအားစွမ်း၊ ဉာဏ်ဆုံးခန်းနှင့်၊ လုပ်ငန်းအစဉ်၊ ပြည့်စုံလင်မှ၊ လိုအင်ဆန္ဒ၊ မဂ်ဖိုလ်ရလိမ့်၊ 'သစ္စ ဉာဏ၊ ကိစ္စဉာဏ၊ ကတဉာဏ' ဤသုံးဝကို၊ ဗုဒ္ဓမြတ်စွာ၊ ဓမ္မစကြာ၌၊ သေချာပြတ် သား၊ ဟောညွှန်ကြား၏။

နှစ်ပါးကြိုးပမ်း၊ အားအစွမ်းက၊ နုကြမ်းကိလေ၊ အကုန် ချေ လျက်၊ မသေရာမှန်၊ ပြည်နိဗ္ဗာန်သို့၊ ကေန်ပို့တတ်၊ အစွမ်းမှတ် လော့၊ နှစ်ရပ် မဂ္ဂင်၊ပြည့်စုံလင်မှ၊ သုံးအင် သာသနာ၊ တည်ရှိပါမည်။ သဒ္ဒါ ရှေ့သွားရန်ပင်တည်း။'

ဉာဏ် - ၃ပါး

သစ္စဉာဏ် — မဂ္ဂင်ရှစ်ပါးကို အမှန်သိခြင်း။
ကိစ္စဉာဏ် — မဂ္ဂင်ရှစ်ပါးကို အားထုတ်သိခြင်း။
ကတဉာဏ် — မဂ္ဂင်ရှစ်ပါးကို အောင်မြင်သိခြင်း။

အား ၂ - ပါး

(၁) ကိလေသာကို သတ်ခြင်း။
(၂) နိဗ္ဗာန်သို့ ပို့ဆောင်ခြင်း (ကပ်ခြင်း)။

\+ \+ \+

မဟာသမုဒ္ဒရာနှင့်တူသော

ကာယဂတာသတိ

(၁၀) မဟာသမုဒ္ဒရာ၊ တူလေစွာ၊ ကာယဂတာသတိ။

(ဆောင်ပုဒ်လင်္ကာ)

'မြစ်ကြီး မြစ်ငယ်၊ အသွယ်သွယ်နှင့်၊ ချောင်းငယ် ချောင်းကြီး၊ အသီးသီးမှ၊ စုန်စီးဆင်းလာ၊ ရေများစွာတို့၊ မဟာသမုဒ်၊ ဝင်ရောက်ချုပ်သို့၊ ဖော်ထုတ် ပမာ၊ ထင်ရှားစွာဖြင့်၊ ကောဋ္ဌာသစု၊ နည်းစုံရှုက၊ သိမှုရင့်သန်၊ ဝိဇ္ဇာဉာဏ်ကို၊ ခြံရံသင်းပင်း၊ လုံးအရင်းနှင့်၊ အတွင်းဝင်ကာ၊ တည်ရောက်လာလိမ့်၊ မြတ်စွာဘုရား၊ ဟောညွှန်ကြား၍၊ ထင်ရှားပြဆို၊ အင်္ဂုတ္တိုရ်၌၊ ကြည်ညိုစရာ၊ တွေ့ရှိပါ၏၊ သမ္မာဉာဏ်ယှဉ်၊ သူတော်စင်တို့၊ ကြည်လင် တက်ကြွ၊ စိတ်ကောင်းရမည်၊ ကာယဂတာသတိပွားရန်တည်း။

(၁) ယဿ ကဿစိ ဘိက္ခဝေ မဟာသမုဒ္ဒေါ စေတသာ ဖုဋ္ဌော အန္တောဂတာ တဿ ကုန္နဒိယော ယာကာစိ သမုဒ္ဒင်္ဂမာ ဝေမေဝ ဘိက္ခဝေ ယဿ ကဿစိ ကာယဂတာသတိ ဘာဝိတာ ဗဟုလိကတာ အန္တောဂတာ တဿ ကုသလာ ဓမ္မာ ယေကေစိ ဝိဇ္ဇာဘာဂိယာတိ။

ရဟန်း ၆ ဝ ရှုပွားသောတရား

ဝတ္ထုအကျဉ်း — ဤဒေသနာတော်ကို ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဟောကြားလေသည်၊ သာဝတ္ထိ မြို့သားများဖြစ်သော ခြောက်ကျိပ်သော ရဟန်းတို့သည် ရဟန်းပြုကြပြီးလျှင် ကာယဂတာသတိ မည်သော ကောဋ္ဌာသကမ္မဋ္ဌာန်း ဒွတ္တိံသာကာရ လုပ်ငန်း နည်းမျိုးစုံ သင်ယူကြ၏။

အာဟာရမျှတရန် မာတိကာရွာကြီးကိုမှီခိုနေကြသည်၊ မာတိကာ မာတာ မည်သော ဒကာမကြီးသည် ၎င်းခြောက်ကျိပ်သော ရဟန်းတို့အား လိုအပ်ရာများနှင့် ကျောင်းသင်္ခမ်းအဖြစ် နေရန် ရွာသူရွာသားတို့ကို အသင်းဖွဲ့၍ ဆောင်ရွက်ရာ မကြာမီပင် ရိပ်သာ ကျောင်းတိုက် တည်ဆောက် ပြီးလေသည်။

ရဟန်းခြောက်ကျိပ်တို့၏ ခေါင်းဆောင်ရဟန်းက အတူနေ ရဟန်းတို့အား သတိပေးဆိုးမသည်မှာ—

(၂) ကောသဇ္ဇံ ဘယတော ဒိသွာ
ဝီရိယာရမ္ဘဉ္စ ခေမတော။
အာရဒ္ဓ ဝီရိယာ ဟောထ၊
ဧသာ ဗုဒ္ဓါနုသာသနီ။ ။

ဟူ၍ဖြစ်သည်။

'ရဟန်းတို့ ဆွမ်းခံချိန် ဆွမ်းစားချိန်သာ စုစည်းနေကြရမည်၊ ကျန်သော အချိန် တပါးတည်း နေ၍ ကာယဂတာသတိ ပွားရမည်၊ ကျောက်စည်တီးမှသာ စုဝေးလာကြ' ဟု ကတိထားကြလေသည်။

မာတိကာမာတာ မည်သော ကျောင်းအမကြီး မွန်းလွဲချိန် ကျောင်းသို့ ရောက်လာ၏၊ ရဟန်းများလည်း ကျောင်းအမကြီးလာ၍ စုဝေးကြ၏၊ ကျောင်းအမကြီးကလည်း ဤ ၆ ကျိပ်သော ရဟန်းတို့ သမဏ ဓမ္မဖြင့် မွေ့လျော်ကြောင်းသိ၍ ကြည်ညိုပွားလေ၏၊ တရားကိုလည်း တောင်းခံလေ၏၊ ထိုအခါ ခေါင်းဆောင်ရဟန်းက သရဏဂုဏ်သီလ နှင့် ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို ပွားနည်းနှင့်တကွ ပေးလိုက်လေ၏။

ဒွတ္တိံသာကာရံ အာရဒ္ဓံ

ကေသာ လောမာ နခါ ဒန္တာ တစော
မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ၀က္ကံ
ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖာသံ
အန္တံ အန္တဂုဏံ ဥပဒရိယံ ကရီသံ မတ္ထလုင်္ဂံ
ပိတ္တံ သလေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ
အဿု ၀သာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တန္တိ။

(၃) သာ တဘော ပဋ္ဌာယ ဒွတ္တိံသာကာရေ သဇ္ဈာယံ ကတွာ အတ္တနိ ခယ၀ယံ ပဋ္ဌပေတွာ တေဟိဘိက္ခူဟိ ပုရေ တရမေ၀ တယော မဂ္ဂေ တီဏိစ ဖလာနိ ပါပုဏိ၊ မဂ္ဂေ နေ၀စဿ စတဿော ပဋိသမ္ဘိဒါ လောကိယ ပရိညာယစ အာဂမိံသု။ (ဓမ္မပဒအဋ္ဌကထာ)

ဤဒေသနာနှင့် အညီ ကျောင်းအမကြီး တရားအားထုတ်ရာ ရဟန္တာ ဖြစ်လေ၏၊ ကျောင်းအမကြီးသည် သမာပတ်မှထ၍ ရဟန်းများကို တရား ရပြီးဟုတ်၊မဟုတ် စုံစမ်းလေ၏၊ ရဟန်းတို့မှာ ပုထုဇဉ်အနွယ်မှမလွယ်သေးဟု သိလေ၏၊ ရဟန်းတို့တရားအားထုတ်နိုင်ရန်လျောက်ပတ်သော အာဟာရများ ကိုဆက်ကပ်လုပ်ကျွေးနေ၏၊ ရဟန်းတို့လည်း တရားအားထုတ်ကြရာ ရဟန္တာ ချည်း ဖြစ်ကြ၏။

(၄) တေသံ သပ္ပါယာဟာရံ လဘန္တာနံ စိတ္တံ ဧကဂ္ဂံ အဟောသိ၊ တေ ဧကဂ္ဂေန စိတ္တေန ၀ိပဿနံ ၀ဍ္ဎေတွာ သဟ ပဋိသမ္ဘိဒါဟိ အရဟတ္တံ ပတွာ စိန္တယိံသု၊အဟောမဟာဥပါသိကာ ပတိဋ္ဌာ ဇာတာ သစေ မယံ သပ္ပါယာဟာရံ နလဘိမှ၊န နော မဂ္ဂဖလ ပဋိဝေဓော အဘ၀ိဿ။

ယခင်ဂါထာများ အနက်

(၁) ဘိက္ခ၀ေ၊ မင်္ဂကြဏ်ရှာတတ် ရဟန်းမြတ်တို့။ ယဿကဿစိ၊ အမှတ်မရှိသောသူသည်။ မဟာသမုဒ္ဒေါ၊ မဟာသမုဒ္ဒရာကြီးကို။ စေတသာ၊ စိတ်ဖြင့်။ ဖုဋ္ဌော၊မြင်အပ် သိအပ်သည်။ ဟောတိ၊ဖြစ်ငြားအံ့။ ယာကာစိ၊ အ လုံးစုံကုန်သော။ ကုန္နဒိယော၊ မြစ်ကြီး ငါးသွယ် မြစ်ငယ်ငါးရာ တို့သည်။ တဿ၊ ထို မဟာသမုဒ္ဒရာသို့။ အန္တောဂတာ၊ အတွင်းသို့ ၀င်ကုန်သည်။

သမုဒ္ဒင်္ဂမာ၊ မဟာသမုဒ္ဒရာသို့ ရောက်ကုန်သည်။ ဟောန္တိယထာ၊ ကြံထွေး စင်စစ် ကေန်ဖြစ်ကုန်သကဲ့သို့။ ဝေမေဝ၊ ဤဥပမာ အတူသာလျှင်။ ယဿ ကဿစိ၊ အမှတ်မရှိသော ပုဂ္ဂိုလ်သည်။ ကာယဂတာသတိ၊ ဆံပင်အစရှိသော ကောဋ္ဌာသအစု၌ အောက်မေ့ တတ်သော အသိတရားကို။ ဘာဝိတာ၊ နေ့ညမရွေး ပွားများ စေတတ်၏။ ဗဟုလိကတာ၊ ကြိမ်ဖန်များစွာ ပွားစေ အပ်၏။ဝိဇ္ဇာဘာဂိယာ၊ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါးတို့ ပွါးစီးအပ်သော။ ဝါ— ဝိဇ္ဇာ အဘို့အစု ဖြစ်ကုန်သော။ ယေကေစိ၊ ခပ်သိမ်းကုန်သော။ကုသလာ၊ အပြစ်မရှိ ကောင်းသောအကျိုးပေးကုန်သော။ ဓမ္မာ၊အမြတ်တရားတို့သည်၊ တဿ၊ ထိုဒွတ္တိံသ ကာယဂတာကို ပွားများ စီးဖြန်းသော ပုဂ္ဂိုလ်၏။ ဘာဝနာယ၊ ဘာဝနာ၌။ အန္တောဂတာ၊ အတွင်းသို့ ဝင်ရောက်ကုန်၏။ ဝါ— ကာယဂတာဘာဝနာရှိရာသို့ တရိရိ တငြိမ့်ငြိမ့် လိမ့်ကာ လိမ့်ကာဝင် ရောက်လာကုန်သည်။ဟောန္တိ၊ ဟုတ်ဟုတ်ငြားငြား တကယ်ပွားက ထင်ရှား ဖြစ်ပေါ်လာကုန်၏။

(၂) သဇ္ဇာ၊ အကျင့်ဖွေးဖြူ မဂ်ဉာဏ် ယူလိုသော အို သူတော်ကောင်း တို့။ ကောသဇ္ဇံ၊ အပျင်း ခြောက်ပါး အရိရှစ်ပါး လက်ခံထား၍ တရား မသုံး အချိန်ဖြုန်းလျက် အရှုံးကြီးရှုံးအောင် နေထိုင်ခြင်းကို။ ဘယတော၊ အပါယ်လေးနယ်ရောက်ကြောင်းလွယ်၍ ကြောက်လန့်ဖွယ် ကောင်းလှသော ဘေးကြီးအနေအားဖြင့်။ ဒိသွာ၊ ဉာဏ်ဖြင့်ဆင်ခြင် ပျင်းရိဝင်သည်ကို သိမြင် နိုင်တော့သည်ဖြစ်၍။ ဝိရိယဥ္စာပိ၊ မဂ္ဂင်အလုပ် နောက်မဆုတ်ဘဲ အားထုတ် ခြင်း ဝိရိယ တရားတော်ကြီးကိုလည်း။ ခေမတော၊ မီးဆဲ့ ငြိမ်းရာ မှန်သည့် နိဗ္ဗာန်ပြည်နယ် ရောက်ကြောင်း လွယ်သော အနေ အားဖြင့်။ ဒိသွာ၊ နိဗ္ဗိန္ဒဉာဏ် အမြင်သန်လျက် ဝေဖန်သိနိုင်သည် ဖြစ်၍။—

တုမှေ၊ အရိယာနည်းတူ အကျင့်ဖြူသည့် သင်သူတော်ကောင်းတို့သည်။ အာရဒ္ဓဝိရိယာ၊ ထွက်မြောက်ရည်သန် အဓိဋ္ဌာန်ဖြင့် ကံမဂ္ဂင်အလုပ် ကြိုးစား အားထုတ်ခြင်းရှိကြကုန်သည်။ ဟောထ၊ သတိတမန် ပညာဉာဏ်ဖြင့် သန် သန်ကြီး ဖြစ်လိုက်ကြပါကုန်လော့။

သော၊ အပျင်းအရိကိုပယ်ရှား မဂ္ဂင်ကိုပွားကြဟု မှတ်သားဘို့ အရေး သတိပေးသော ဤစကားတော်သည်။ ဗုဒ္ဓါနံ၊ သမ္မာသမ္ဗုဒ္ဓ ယူ သယမ္ဘူဟု ဆူဆူပွင့်ငြား ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့၏။ အနုသာသနီ၊ သူတော် ကောင်းအားလုံး လိုက်နာကျင့်သုံးဘို့ အဆုံးအမပေးခြင်းပါပေတည်း။

(၃) သာ၊ ပစ္စည်းလေးဖြာ လှူဒါန်းကာဖြင့် သာသနာ တရားကို စည်ကားအောင်ဆောင်ရွက်နေသော ထိုမာတိကာမာတာ ကျောင်းအမကြီး သည်။ တတောပဋ္ဌာယ၊ ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်း ထေရ်ရဟန်းများက စီးဖြန်းနည်း အဖြာဖြာ သင်ကြားပြသလိုက်သော ထိုအခါမှစ၍။ ဒွတ္တိံသာကာရေ၊ ဆံပင်မွေးညှင်းအစရှိသော ကောဋ္ဌာသကာယ၌။ သဇ္ဈာယံ၊ နှုတ်ဖြင့် တတွတ်တွတ် စိတ်မလွတ်ဘဲ ပွားရွတ် စီးဖြန်းခြင်းကို။ ကတွာ၊ အနုလုံ ပဋိလုံ အစုံစုံပြု၍။ အတ္တနိ။ ကောဋ္ဌာသအစိ ငါမရှိသည့် မိမိကိုယ်၌။ ခယ ၀ယံ၊ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက် ဉာဏ်ဖြင့်သက်၍ ပေါ်ထွက် ထင်လင်း သူငါကင်းလျက် ကုန်ခြင်း ပျက်ခြင်းကို။ ပဋ္ဌပေတွာ၊ အသိ ဉာဏ်ရင့် ကိလေ လွင့်အောင် အသင့် အားဖြင့် နှလုံးသွင်းခြင်းကို ဖြစ်စေ လျက်။ တေဟိဘိက္ခူဟိ၊ ဆရာအမှတ် ကိုးကွယ်အပ်သည့် အမြတ်ထင်ရှား ထိုရဟန်းများမှ။ ပုရေတရမေဝ၊ ရှေးဦးစွာ သာလျှင်။ ဝါ—အသိဉာဏ်စူး လုံ့လထူး၍ ရှေးဦးစွာ သာလျှင်။ တယောမဂ္ဂေစ၊ သောတာ ပတ္တိမဂ် သကဒါဂါမိမဂ် အနာဂါမိမဂ် ဟု ဆိုအပ်သော သုံးပါးသော မဂ်တို့ကို ၎င်း။ တီဏိဖလာနိစ၊ သောတာပတ္တိဖိုလ် သကဒါဂါမိဖိုလ် အနာဂါမိဖိုလ် ဟု ဆိုအပ်သော ဖိုလ်သုံးပါးတို့ကို၎င်း။ ပါပုဏိ၊ အသိဉာဏ်စူး လုံ့လထူး၍ ရှေးဦးစွာ ဆိုက်ရောက်ရလေပြီ။

အဿ၊ ထိုပုဂ္ဂိုလ်အား။ မဂ္ဂေနေ၀စ၊ မဂ်ကြောင့်သာလျှင်။ စတဿော ပဋိသမ္ဘိဒါ၊ပဋိသမ္ဘိဒါလေးပါးသို့၎င်း။ လောကိယ အဘိညာယစ၊ လောကီ အဘိဉာဉ်သို့၎င်း။ အာဂမိံသု၊ ဆိုက်ရောက်ကြလေပြီ။

(၄) သပ္ပါယာဟာရံ၊လျောက်ပတ်သောခဲဘွယ်ဘောဇဉ်ကို။လဘန္တာနံ၊ ရကြ ကုန်သော။ တေသံ၊ ထိုရဟန်းတို့၏။ စိတ္တံ၊ နိဝရဏ ကင်းစင်၍ ကြည်လင်သော စိတ်သည်။ ကေဂ္ဂံ၊ ကောဋ္ဌာသ အစု ပွားများမှု၌ တခု တည်းသာတည်၍ ကြည်နေသည်။ အဟောသိ၊ ထင်ရှားမသွေဖြစ်ရလေ၏။ တေ၊ ထိုခြောက်ကျိပ်သောရဟန်းတို့သည်။ ကေဂ္ဂေ နစိတ္တေန၊ကောဋ္ဌာသအစု ပွားများမှု၌ တခုတည်းသာ ပြေးဝင်သော စိတ်ဖြင့်။ ဝိပဿနံ၊ တဆဲ့သုံး တန် ဝိပဿနာဉာဏ်ကို။ ၀ဍ္ဎေတွာ၊ မဂ်ဉာဏ်လေးပါး ဖိုလ်ဉာဏ်လေးပါး ကို အစဉ်ပွားစေ၍။ နစိရဿေဝ၊ မကြာမြင့်မီပင်လျှင်။ သဟပဋိသမ္ဘိဒါ ဟိ၊ ပဋိသမ္ဘိဒါ လေးပါးတို့နှင့် တကွ။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပတွာ၊ ရောက်ကြ၍။ စိန္တယိံသု၊ ကြံစည်ကြကုန်ပြီ။

မဟာဥပါသိကာ၊ ငါတို့အရှင် မဂ်ဖိုလ်မြင်သည့် ကျောင်းအမကြီးမာတိကာ မာတာသည်။ အဟော၊ အံ့ဩဖွယ်ကြီးဖြစ်ပါပေ၏။ အမှာကံ၊ ငါတို့၏။ သတ္တာ၊ တည်ရာမှိုရာကိုးကွယ်ရာသည်။ ဇာတာ၊ ဖြစ်ခဲ့ပါပေ၏။ မယံ၊ ငါတို့သည်။ သပ္ပါယာဟာရံ၊ လျောက်ပတ်သော ဆွမ်းအာဟာရကို။ သစေ နလဘိမှ၊ အကယ်၍ မရကုန်သည့် ဖြစ်ငြားအံ့။ နော၊ ငါတို့၏။ မဂ္ဂဖလပဋိဝေဓော၊ မဂ်ဖိုလ်ကို ထိုးသွင်း၍ သိမြင်ခြင်းသည်။ နအဘဝိဿ၊ မဖြစ်ပေါ် နိုင်ရာ။

ယောဂီရှစ်ပါး - ဟောနည်းတရား

၁ - ယောဂီ ရှစ်ခန်း၊ ကျင့်စဉ်လမ်း၊ ကြိုးပမ်းနေ့စဉ်ရှာ။
၂ - အစမ်းခန့်လေး၊ အမြဲလေး၊ ပေါင်းရေးရှစ်မျိုးလာ။

လောဘအယုတ် အနုဗောဓအစမ်းခန့်

ဗြဟ္မဏ၊ သမဏ၊ ဘိက္ခု၊ ဥဂ္ဂဏယောဂီများ
ဒေါသအယုတ်— ၎င်းလေးပါး
မောဟအယုတ်—
ပဋိဝေဓ၊ အမြဲတန်း—
သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ။

ဆောင်ပုဒ်သံပေါက်

၁ - ဒုစရိုက်ပေါ်က၊ ကြဉ်ပွားကြ၊ ဗြဟ္မဏ ယောဂီသာ။
၂ - ပရိညာငါး၀၊ ပွားစီးက၊ သမဏ ယောဂီသာ။
၃ - ပညာငါးခု၊ ထပ်ကပ်ရှု၊ ဘိက္ခု ယောဂီသာ။
၄ - ဆဲ့ခြောက်ဆင့်မျှ၊ ဥဂ္ဂဏ်စဉ်ရ၊ ဥဂ္ဂဏ ယောဂီသာ။
၅ - သိက္ခာသုံး၀၊ သင်ယူကြ၊ သုတမယဉာဏ်။
၆ - သင်ကြားလေ့လာ၊ ကြံတွေးပါ၊ စိန္တာမယဉာဏ်။
၇ - နည်းရှိသမျှ၊ ပွားစီးက၊ ဘာဝနာမယဉာဏ်။
၈ - သုတ - စိန္တာ၊ ဘာဝနာ၊ ပညာသုံးပါးဉာဏ်။

ဗြဟ္မဏယောဂီ

ယဿ ကာယေန ဝါစာယ၊
မနသာ နတ္ထိ ဒုက္ကဋံ။
သံဝုတံ တီဟိ ဌာနေဟိ၊
တမဟံ ဗြူမိ ‘ဗြဟ္မဏံ’ **(ဓမ္မပဒပါဠိ)**

အနက် — ယဿ၊ ကျား, မ မဆို အကြင်ပုဂ္ဂိုလ်အား။ ကာယေန၊ ကာယကံ ကာယဒွါရဖြင့်၎င်း။ ၀ါစာယ၊ ၀စီကံ ၀စီဒွါရဖြင့်၎င်း။ မနသာ၊ မနောကံ မနောဒွါရဖြင့်၎င်း။ ဒုက္ကဋံ၊ ဒုစရိုက်စု မကောင်းမှုကို အားပြုမိုက်မှားခြင်းသည်။ နတ္ထိ၊ အကဲခတ်ကြည့် ကေန်မရှိပါပေ။

တီဟိဌာနေဟိ၊ ကိုယ် နှုတ် စိတ်ထား ကံသုံးပါး တည်းဟူသော ဌာနတို့ဖြင့်။ သံဝုတံ၊ ဒုစရိုက် အဖြာဖြာ မ၀င်လာအောင် ကောင်းစွာစောင့်စည်းလေ့ရှိသည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါပေ၏။ တံပုဂ္ဂလံ၊ ဒုစရိုက်ဆိုလျှင် နှုတ်မြွက်ကြဉ်၍ ဖြူစင်သော ထိုပုဂ္ဂိုလ်ထူးကို။ အဟံ၊ သုံးဘုံကိုးစား ငါဘုရားသည်။ ဗြာဟ္မဏံ၊ မကောင်းမှုအ၀ဝ ပယ်ကြဉ်ချသည့် ဗြာဟ္မဏယောဂီအစစ်ဟူ၍။ ဗြူမိ၊ သိဉာဏ်ကျယ်ပွား ကျင့်ဆောင်ထားဖို့ရာ ဟောကြားတော်မူလိုက်ပါပေသတည်း။

သမဏယောဂီ

ယောစ သမေတိ ပါပါနိ၊
အဏုံထူလာနိ သဗ္ဗသော။
သမိတတ္တာဟိ ပါပါနိ၊
သမဏောတိ ပဝုစ္စတိ။

(ဓမ္မပဒ)

အနက် — ယောစ၊ ကောဋ္ဌာသအစဉ် ပွားနည်းစုံဝင်သည့် အကြင်ပုဂ္ဂိုလ်သည်ကား။ သဗ္ဗသော၊ နီ၀ရဏ မကိန်း အခါခပ်သိမ်း။ အဏုံထူလာနိ၊ အငယ်စား အလတ်စား အကြီးစား ဟု မှတ်သား ပြောဆိုလေ့ရှိကြသော။ ပါပါနိ၊ နီ၀ရဏငါးဖြာ အယုတ်တမာတို့ကို။ သမေတိ၊ တည်ကြည်မှုရင့် ရှာန်လေးဆင့်ဖြင့် ပယ်လွှင့်ငြိမ်းစေတော့၏။ ပါပါနိ၊ နီ၀ရဏငါးပါး ပိတ်ပင်တားဆီးသော အမှားအယုတ်တို့ကို။ သမိတတ္တာဟိ — သမိတတ္တာဝေ၊ ပွားနည်းငါးပါး ကာယဂတာသတိတရားဖြင့် ပယ်ရှား ငြိမ်းအေးစေသည် အဖြစ်ကြောင့်သာလျှင်။ သောပုဂ္ဂလော၊ ကောဋ္ဌာသအလုပ် ဉာဏ်တပရိညာ ချုပ်သော ထိုပုဂ္ဂိုလ်ကို။ သမဏောတိ၊ ငါးပါးသော နီ၀ရဏ မတိုးမကြွသဖြင့် သမဏယောဂီအစစ်ဟူ၍။ ပဝုစ္စတိ၊ ပညာရှိအများ သဘောသွားကို ဟောကြားအပ်လေတော့သတည်း။

ဘိက္ခုယောဂီ

သဗ္ဗသော နာမရူပသ္မိံ၊
ယဿ နတ္ထိ မမာယိတံ။
အသတာစ နသောစတိ၊
သ ဝေ ဘိက္ခူတိ ဝုစ္စတိ။

(ဓမ္မပဒ)

အနက် — ယဿ၊ အကြင်ပုဂ္ဂိုလ်၏။ သဗ္ဗသော နာမရူပသ္မိံ၊ ရုပ်ခေါက် လေးပါး နာမ်ခေါက်လေးပါး သဘာဝများ၌။ မမာယိတံ၊ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ ဟု တွယ်တာမြတ်နိုးခြင်းသည်။ နတ္ထိ၊ နည်းစုံပွားကြည့် သဘော မိ၍ မရှိမတွေ့တော့ပါပေ။ အသတာစ၊ ချုပ်ခြင်းပျက်ခြင်း သဘောရင်း ကြောင့် အလျဉ်းပင် မရှိပါသော်လည်း။ နသောစတိ၊ ရုပ်နာမ် ညှိုးမှိန်၍ သဘောရှိန်ကြောင့် စိုးရိမ်ခြင်းလည်း မရှိတော့ပါပေ။ သ — သော ပုဂ္ဂလော၊ ကောင်းသောအလုပ် ကြိုးစားအားထုတ်သော ထိုပုဂ္ဂိုလ်မြတ်ကို။ ဝေ၊ စင်စစ် ကေန် အမှန်အားဖြင့်။ ဘိက္ခူတိ၊ ကိလေသာစု ညှိုးအောင်ပြုသော ဘိက္ခု ယောဂီမြတ်ဟူ၍။ ဝုစ္စတိ၊ သဘာဝခေါက် ပုံသေမှတ်ဘို့ ဆိုအပ် ဟောအပ် လေတော့သတည်း။

ဉာဏယောဂီ

ယေသဉ္စ သုသမာရဒ္ဓါ၊
နိစ္စံ ကာယဂတာ သတိ။
အကိစ္စံ တေ န သေဝန္တိ၊
ကိစ္စေ သာတစ္စ ကာရိနော။
သတာနံ သမ္ပဇာနာနံ၊
အတ္ထံ ဂစ္ဆန္တိ အာသဝါ။

(ဓမ္မပဒ)

အနက် — ယေသဉ္စ၊ အကြင်ရဟန်းတို့သည်ကား။ နိစ္စံ၊ အမြဲ။ ကာယ ဂတာ၊ ကိုယ်၌အဖန်ဖန်တလဲလဲရှုသည်၏ အစွမ်းဖြစ်သော။ သတိ၊ အကြိမ် ကြိမ်သိ မလစ်သောသတိကို။ သုသမာရဒ္ဓါ၊ ပွားနည်းစုံလေ့လာ ဒိဋ္ဌိကွာ

အောင် ကောင်းစွာ အားထုတ်နေအပ်၏။ တေဘိက္ခု၊ ထိုကာယဂတာသတိ တရား အားထုတ်ကုန်သော ရဟန်းတို့သည်။ အကိစ္စံ၊ ရဟန်းတို့ကိစ္စမဟုတ်သော ဗာဟိရကိစ္စကို။ နသေဝန္တိ၊ မမှီဝဲအပ်ကုန်။ ကိစ္စေ၊ ရဟန်းတို့ အားထုတ်အပ်သောကိစ္စ၌။ သာတစ္စကာရိနော၊ သုံးဆဲ့နှစ်ဝ ကောဋ္ဌာသ အစုတို့ကို မပြတ်မလတ်ရှုလေ့ရှိကြကုန်၏။ သတာနံ၊ ပရိညာ ငါးရပ် သမာပတ်ဖြင့် အထပ်ထပ် သတိရှိကြကုန်သော။ သမ္ပဇာနာနံ၊ ပညာ ငါးတန် ဝိဇ္ဇာဉာဏ်ဖြင့် သန်သန်ကြီး သိလေ့ရှိကုန်သော။ တေသံ၊ ယောဂီခေါ်အပ် ထိုသူမြတ်တို့အား။ အာသဝါ၊ အာသဝေါတရား လေးပါးတို့သည်။ အတ္တံ၊ ချုပ်ငြိမ်းကွယ်ပျောက်ခြင်းသို့။ ဂစ္ဆန္တိ၊ ထင်ရှားမသွေ ရောက်ကြလေကုန်သတည်း။

သမိုင်းနိဂုမ်း

ဇနိတ္တော ဘဝိတ္တော မေ၊
လယ်တျာရာမော အယံဝရော။
နန္ဒနော သန္တစိတ္တေဟိ၊
မနော သန္တာပ သန္တကော။ ။ (၁)

သန္တစိတ္တေဟိ၊ ငြိမ်သက်တည်ကြည်သောစိတ်တို့သည်။ နန္တနော၊ အေးချမ်းစေလျက် နှစ်သက် မြတ်နိုးအပ်ရာလည်း ဖြစ်ထသော။ မနောသန္တာပ သန္တကော၊ စိတ်နှလုံးတို့အား ပူလောင်ပြင်းစေနိုင်သော အပူဓာတ်တို့ကို ပယ်ဖြတ်ငြိမ်းစဲ သက်သာမှုရစေအောင်လည်း ပြုထသော။ ဝရော၊ တောင့်တအပ်သည်ဖြစ်၍ မြတ်လည်း မြတ်ပေထသော။ —

အယံလယ်တျာရာမော— လယ်တီအာရာမော၊ ပထမ ဒုတိယ အစရှိသော ကျေးဇူးတော်အရှင် ဖြစ်တော်မူကြသော လယ်တီ ဆရာတော် ဘုရားကြီးတို့ ပျော်မွေ့စံမွေ့ထိုင်တော်မူရာ ဤ ' မဟာလယ်တီ ကျောင်းတိုက် ' ကြီးသည်ကား။—

မေ၊ လယ်တီဂိုဏ်းတွင် သမိုင်းဝင်၍ ဂုဏ်အင်သိမ်းချုပ် အကျွန်ုပ်၏။ ဇနိတ္တော၊ သာကီယဇာတ် ရဟန်းမြတ်တို့ ဆိုက်ကပ် ဖြစ်ပွားရာပေတည်း။ မေ၊ အကျွန်ုပ်၏။ ဘဝိတ္တော၊ ဘုရားသာသနာ ပညာရင်ငွေဖြင့် တရွေ့ရွေ့ကြီးပွားရာပေတည်း။

ပတ္တောသို့ ဝိညုတံ သဒ္ဒ—
နယမို့ ဂုဋ္ဌ ဂမ္ဘီရေ။
အနုရူပံ ပညဝ ါသို့၊
တေသံ လက်ာရ တေဇသာ။ ။ (၂)

တေသံ၊ ထို ကျေးဇူးတော်သခင် ဖြစ်တော်မူကြသော ပထမ ဒုတိယ လယ်တီ ဆရာတော်ဘုရားကြီးများ နှင့် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး, လယ်တီကောဝိဒ- ပုပ္ပါး ဦးကျော်ရင်တို့၏။ တေဇသာ၊ အရှိန်အဝါ တည်းဟူသော အစွမ်းသတ္တိ တန်ခိုးတေဇော် အာနုဘော်များကြောင့်။—

ဂုဋ္ဌဂမ္ဘီရေ၊ လျှို့ဝှက်ခက်ခဲ အလွန်နက်နဲသော အထုံးအဖွဲ့ ရှိသော။ သဒ္ဒနယမှို၊ သဒ္ဒါနည်းထုံး ဗျာကရဏ်း၌။ ဝိညုတံ၊ အထိုက်အလျောက် ကျွမ်းကျင်တတ်မြောက်ရသည်၏ အဖြစ်သို့။ အသ္မိ၊ ဖြစ်ခဲ့ရပါပေပြီ။ အလင်္ကာရနယမှို၊ တောဒည်းလင်္ကာ ကဝိတို့ဖွယ်ရာ ကဗျာစသောနည်းဟူသမျှ၌။ အနုရူပံ၊ ကဝိဂုဏ်မြောက် သင့်တော်သလောက်။ ပညဝါ၊ ပညာရှိသည်။ အသ္မိ၊ ဖြစ်ခဲ့ရပါပေပြီ။

အင်္ဂေ ဒလာနိ ဟုတွာန၊
ပရဇာ အက္ခရာ မဓူ။
အတ္ထာယံ အနောတတ္တမှို၊
ပဒုမာဝတ္ထုနန္တရေ။ ။ (၃)

အယံ၊ ဤ 'စတုဘုမ္မိကမဂ္ဂင် သာသနာဝင်သမိုင်း' သည်။ အနန္တရေ၊ ဗုဒ္ဓမြတ်စွာ သာသနာ၏ ရောင်ဝါကင်းပ အခြားမဲ့ကာလ၌။ အင်္ဂေ၊ စာမျက်နှာပေါင်း ၂၄၀ ကျော်တို့သည်။ ဒလာနိဟုတွာန၊ ရှုဖွယ်ထပ်ထပ် ပွင့်ချပ်ငုံလွှာတို့ ဖြစ်ကြကုန်လျက်။—

အက္ခရာ၊ စာလုံး အက္ခရာတို့သည်။ ရဇာနိ ဟုတွာန၊ ကြူမွှေး လှိုင်ထုံ ပန်းဝတ်မှုံတို့ ဖြစ်ကြကုန်လျက်။ အတ္ထာ၊ အနက် အဓိပ္ပါယ်တို့သည်။ မဓူ ဟုတွာန၊ ချိုမြိန်သော ပန်းဝတ်ရည်တို့ ဖြစ်ကြကုန်လျက်။—

အနောတတ္တမှို၊ သဘာဝအားဖြင့် တင့်တယ်သော အနောတတ် ပန်းအိုင်ကြီး အလယ်၌။ ပဒုမာဝ၊ ကားကား စွင့်စွင့် ကြွားကြွား တင့်သော ပဒုမ္မာ ကြာပန်းပွင့်တို့သည်။ အတ္ထု၊ အဆန်းတကြယ် ရှုချင်ဖွယ် ဖြစ်ပါစေကုန်သား။ ။

တမဟံ အာဒိယိတွာန၊
မေတ္တေယျဿ အနာဂတော။
ပူဇေတွာ ဗျာဒိတံ ပုပ္ဖံ၊
ဝိလဒ္ဓေ ဥတ္တမံ ဝရံ။ ။ (၄)

အဟံ၊ အကျွန်ုပ်သည်။ တံ၊ 'စတုဘုမ္မိက မဂ္ဂင် သာသနာဝင်သမိုင်း' တည်းဟူသော ထို ပဒုမ္မာ ကြာပန်းခိုင်ကြီးကို။ အာဒိယိတွာန၊ လက်ဆုပ်ပိုင်ပိုင် ကိုယ်တိုင်ဆွတ်ခူးလျက်။—

အနာဂတေ၊ နောင်ခါကာလ၌။ **မေတ္တေယျဿ**၊ အလောင်းတော် **အရိမေတ္တေယျ** အား။ **ပူဇေတွာ**၊ ဆက်သကော်ရော် ပြုစုပူဇော်လျက်။—

ဥတ္တမံ ဝရံ၊ အမြက်ဆုံးသော ပညာတေဒဂ်ဆု တည်းဟူသော။ ဗျာဒိတံ ပုပ္ဖံ ၊ ဗျာဒိတ်ဆင်မြန်း ပဒုမ္မာ ကြာပန်းကို။ ဝိလန္ဓေ၊ ပန်ဆင်ရသည့်ကိုယ် ဖြစ်ရပါလိုသား။ ။

ဣမာနညာနိ အာနိယျ—
နုယာတာနိ မမံ သဒါ။
အန္တိမေ ကောသုမံ ပတွာ၊
သမ္ဗုဒ္ဓံ ပူဇယန္တု မေ။ ။ (၅)

ဣမာနိ၊ **'စတုဘုမ္မိက မဂ္ဂင် သာသနာ၀င် သမိုင်း'** ကျမ်းစာအုပ်ကို အားထုတ်ပြုစုရသော ဤကောင်းမှု ကုသိုလ်တို့သည်။ အညာနိ၊ နေ့စဉ် ပြုနေသော အခြားကောင်းမှု ကုသိုလ်များကို။ အာနိယျ၊ ဖျားယောင်း သွေးဆောင် ခေါ်ယူကြကုန်လျက်။—

မမံ၊ 'သာသနဓဇ သိရိပဝရ ဓမ္မာစရိယ' 'စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာစရိယ' 'ပါဠိ ပထမကျော်' ဘွဲ့တော်ထိန်းချုပ် အကျွန်ုပ်သန္တာန်သို့။ သဒါ၊ အခါခပ်သိမ်း။ အနုယာတာနိ၊ အရိပ်သဖွယ် တွယ်ကပ်ခါ အစဉ် လိုက်ပါကြကုန်လျက်။—

အန္တိမေ၊ ရုပ်နာမ် ခန္ဓာ ချုပ်ငြိမ်း၍ ဇာတ်သိမ်းရာ အဆုံးစွန်ဘ၀၌။ မေ၊ လယ်ဘီဂိုဏ်းတွင် သမိုင်း၀င်၍ ဂုဏ်အင်ထိန်းချုပ် အကျွန်ုပ်၏။ ကောသုမံ၊ ကောင်းမှုကုသိုလ်အဖြစ်မှ ရွှေ့ပြောင်းကာ ပန်းပေါင်းစုံအဖြစ်သို့။ ပတွာ၊ ရောက်ရှိကြကုန်လျက်။ ၀ါ— ရောက်ရှိကြကုန်ပြီးလျှင်။ သမ္ဗုဒ္ဓံ၊ ပွင့်တော်မူမည့် **'အရိမေတ္တေယျ'** ဘုရားရှင်ကို။ ပူဇယန္တု၊ နဘံတခွင် ထက်ကောင်း ကင်မှ ပေါ်လွင်ထူးကဲ အောင်ဆုပွဲတွင် ဖြန့်ကြဲ ပူဇော် နိုင်ကြပါစေကုန် သော၀်။ ။

ပုညေနေတေန မေ သဗ္ဗေ၊
သံသာရ မိတ္တ ဉာတိယော။
လဘန္တု သုသုခံ သီဃံ၊
သန္တိံ သန္တာပသန္တကံ။ ။ (၆)

ဧတေနပုညေန၊ ဤ သမိုင်း စာအုပ်ကို အားထုတ် ပြုစုရသော ကောင်းမှုကြောင့်။ မေ၊ အကျွန်ုပ်၏။ သဗ္ဗေ၊ ခပ်သိမ်းဉဿုံ အလုံးစုံ ကုန်သော။ သံသာရမိတ္တဉာတိယော၊ ဘဝသံသရာ ခရီးတာ၌ ဆွေညာခပင်း သားချင်းစုပေါင်း သူတော်ကောင်းတို့သည်။ သန္တာပ သန္တကာံ၊ တွင်း,ပြင် နှစ်ဝသော့ာကဘေးဒဏ် ရန်မာန်ခပ်သိမ်း ငြိမ်းကြီး ငြိမ်းရာ မှန်သော။ သန္တိံ၊ သန္တိသုခ အမတ အောင်ချာ နိဗ္ဗာန်ချမ်းသာကို။ သုသုခံ၊ အလွယ်တကူ။ သီဃံ၊ လျင်မြန်စွာ။ လဘန္တု၊ လက်ဝယ်ပိုင်ပိုင် ရရှိ နိုင်ကြပါစေကုန်သောဝ်။ ။

\+ \+ \+

ကျမ်းပြီးမှတ်တမ်း

၁ · ဂဠုန်ပျော်မွေ့၊ ခြသေ့် - နှစ်စီး၊ ဆင်ကြီး ဝေါဟာ၊ နှစ်ကောဇာ၊ ကြုံလာခဲ့လေပြီ။

၂ · ပန်းလဲဝါနု၊ ပွဲယာဂု၊ ရတု ကုန်ရာသီ။

၃ · တင့်စန်းထွန်းပ၊ ဆန်းဒသ၊ မာဃ ပြည့်ဝန်းညီ။

၄ · စည်းလုံးညီမှု၊ ပြည်ထောင်စု၊ ဂုဏ်ပြု ကျားနေ့မှီ။

၅ · သာသနာ့ဝန်၊ များတာဝန်ကို၊ အားသွန်အင်စိုက်၊ ချိန်အားခိုက်တွင်၊ ပျော်ပိုက်စာပေ၊ မွေ့လျော်နေ၊ မြို့တော် ဇေယျာပြည်။

၆ · လယ်တီဂိုဏ်းတွင်၊ သမိုင်းဝင်၊ နွယ်စဉ် ဆက်လေသည်။

၇ · ဓမ္မာစရိယ၊ ဘွဲ့ရ အကျော်၊ ထုတ်ဖော် ပြုစု၊ စာယဉ်နုဖြင့်၊ 'စတုဘုမ္မိက မဂ္ဂင် - သာသနာဝင်သမိုင်း' တုမနှိုင်း၊ ခြားပိုင်း မော်ကွန်းချီ။

၈ · ဤစာပြုရ၊ မြတ်ပုညကြောင့်၊ ဘဝနောင်ခါ၊ ဖြစ်လေရာ၊ ပညာ ပါရမီ။

ဤတွင် ပြီးပြည့်စုံပြီ။

ထုတ်ဝေသူ၏

ပြင်ဆင်ချက်

စာမျက်နှာ	ကြောင်းရေ	ရှိရင်း	ပြင်ချက်
၁၅၆	၈	ခေတ်မီသာသနာပြုနည်း	ခေတ်မှီသာသနာပြုနည်း
၁၅၇	၁၅	ယာယဂတာသတိ	ကာယဂတာသတိ
၁၅၈	၂၀	အလယ်ပိုင်းတွင်ရင်း	အလယ်ပိုင်းတွင်ရင်း
၁၆၀	၁၇	နိုပင်ရေး	နိုင်ငံရေး
၁၆၃	၁၉	ပြစ်၏	ဖြစ်၏
၁၈၈	၂၂	သေမှ့	သလေမှ့
၁၈၈	၂၃	သေဒေါ။ မေဒေါ	သေဒေါ မေဒေါ။
၁၈၉	၃	သေမှ့	သလေမှ့
၁၉၃	၆	နိဗ္ဗာန ပစ္စယော	နိဗ္ဗာနဿ ပစ္စယော
၂၀၁	၁၅	ပိဟကံ	ပိလိဟကံ
၂၀၁	၂၃	ပိဟကံ	ပိလိဟကံ
၂၀၃	၁၇	ပိဟကံ	ပိလိဟကံ
၂၀၅	၈	မေဒါ	မေဒေါ
၂၁၃	၇	ပိဟကံ	ပိလိဟကံ
၂၂၆	၂၀	လောကဓမ်	လောကဓာမ်
၂၂၈	၁၀	ထားရမည်	တားရမည်
၂၃၀	၂၅	အင်္ကုသ	အင်္ဂုသ
၂၃၁	၁၂	ဏောဋ္ဌာသိ	ကောဋ္ဌာသ
၂၃၆	၄	ပိဟကံ	ပိလိဟကံ
၂၃၆	၅	ဥပဒရိယံ	ဥဒရိယံ
၂၃၆	၁၅	မလွယ်သေး	မလွတ်သေး
၂၃၈	၁၄	သသဒါဂါမိမဂ်	သဂဒါဂါမိမဂ်
၂၃၈	၁၅	သကဒါဂါမိဖိုလ်	သဂဒါဂါမိဖိုလ်

ဆက်လက် ထုတ်ဝေမည့်
ဂန္ထဝင်မြောက်စာအုပ်များ

—

လယ်တီဂန္ထဝင်ကျော်များသမိုင်း

* နေမင်းကြီးတဆူနှင့် တူတော်မူသည့် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ကွယ်လွန်တော်မူသည်မှာ - ယခုအခါ ၅၃ - နှစ်ကျော် ကြာမြင့် ခဲ့လေပါပြီ....။

* သို့သော်....

  နေမင်းကြီးတဆူနှင့် တူတော်မူသည့် ကျေးဇူးရှင် လယ်တီ ဆရာတော်ကြီး၏ အဆက်အနွယ် - လယ်တီ ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ၏ ဂုဏ်ရည်တည်းဟူသော နေရောင်ခြည်များကား မပျောက်မကွယ် ကွန့်မြူးစံပယ်လျက် ပင် ရှိနေကြပါသေးသည်....။

* ဤသမိုင်းစာအုပ်သည် - စာပေသုတေသီ နှင့် - သမိုင်းသုတေသီများ သာလေ့လာဖတ်ရှုရန် မဟုတ်ပဲ ဘာသာရေး ပုဂ္ဂိုလ်တိုင်းပါ မလွတ်တမ်းဖတ်ရှုထိုက်သော သမိုင်းတဆူ ဖြစ်ပါသည်....။

* ပထမနှိပ်ခြင်း မရှိတော့ပါသဖြင့် လိုအပ်သော အချက်အလက်များကို - ဖြည့်စွက်တိုးချဲ့ ပြင်ဆင်ကာ - ဒုတိယအကြိမ် ပြန်လည်ရိုက်နှိပ် ထုတ်ဝေရန် - ပြုစု စီစဉ်လျက် ရှိနေပါသည်....။

—

ဝိနည်းဥပဒေကျင့်ထုံးကျမ်း

* စောဒက - တရားလို နှင့် စုဒိတက တရားခံများ။

* ရင်ဆိုင်နေသည့် မှုခင်း အတွက် ချီတုံချတုံ ဖြစ်နေကြသော ပုဂ္ဂိုလ်များ။

* ရှေ့နေရှေ့ရပ်နှင့် ပြည်သူ့ကောင်စီဝင် အဆင့်ဆင့်များ။

ပါဠိ အဋ္ဌကထာ ဋီကာ ဂဏ္ဌိ ဝိနိစ္ဆယ စသော ထေရဝါဒကျမ်းလာ စကားရပ်တို့မှ - ကောက်ချက် ချမှတ် - စုစည်းပြီးလျှင် အလွယ်ကူဆုံး ရှင်းလင်း ပြုစုထားသဖြင့် လက်စွဲ အသုံးပြုထိုက်သော ဂန္ထဝင်မြောက် ကျမ်းဖြစ်ပါသည်။

ထွက်တော့မည် - မြော်ပါ။